# သောတာပန်နှင့် ယထာဘူတ

ဒဂုန် ဦးစန်းငွေ

ပန်းချီ တင်ထွန်းဝကျော်

ဘာသာရေးစာမူ ကြိုတင်ခွင့်ပြုချက်အမှတ် (၄၄၄)
မျက်နှာဖုံး ကြိုတင်ခွင့်ပြုချက် အမှတ် (၂၂၁)
ခွင့်ပြုချက်အရ ထုတ်ဝေသည်။

ဒဂုန်ဦးဝန်းငွေ

(စာရေးသူ၏မူပိုင်)

ပြည်လုံးကျွတ်ဖြန့်ချိရာဌာန

စပယ်ဦး

စပယ်ဦးစာပေဖြန့်ချိရေး
အမှတ် ၂၃၅/၂၃၇၊ ဘားလမ်း၊ ရန်ကုန်မြို့။
(ဖုန်း-၇၆၃၇၀)

၁၇၅၁၉

ဒဂုန် - ဦးစန်းငွေ

# သောတာပန်နှင့်ယထာဘူတ

ပထမအကြိမ်၊ ၁၉၈၅-ခုနှစ်၊ မေလ
အုပ်ရေ (၂၀၀၀)

---

ဘလောက်
လွှင်

---

မျက်နှာဖုံးပန်းချီ
တင်ထွန်းကျော်

---

စာအုပ်ချုပ်
ခမောင်မြင့် စာအုပ်ချုပ်လုပ်ငန်း

---

မျက်နှာဖုံး
စပယ်ဦး (မောင်နေဝင်း)

---

ပုံနှိပ်သူ
ဒေါ်သန်းသန်း (၀၂၆၀၇) စပယ်ဦးပုံနှိပ်တိုက်
အမှတ် ၂၃၅/၂၃၇၊ ဘားလမ်း
ရန်ကုန်မြို့။

---

ထုတ်ဝေသူ
ဦးအောင်ဆွေ (၀၁၂၀၆) ရေသောက်မြစ်စာပေ
တိုက်အမှတ် (၂၁၇)၊ အခန်း (၈)၊ ရန်ကင်း၊
ရန်ကုန်မြို့။

# သောတာပန် မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | လူနှင့် ဘဝပြဿနာ | ၅ |
| ၃။ | လူနှင့် သောတာပန် | ၇ |
| ၄။ | ဘုံစဉ်စံ သောတာပန် | ၈ |
| ၅။ | သောတာပန်ဖြစ်ထိုက်သော အရည်အချင်း | ၁၁ |
| ၆။ | သောတာပန်ဖြစ်လိုသော် တရားသားကျကျ နားကို အသုံးချ | ၁၃ |
| ၇။ | လူနှင့် သက္ကာယဒိဋ္ဌိ | ၁၅ |
| ၈။ | သက္ကာယနှင့် အတ္တ | ၁၆ |
| ၉။ | မျက်စိ၊ နား၊ လျှာ၊ ကိုယ်၊ မနောဟာ ငါလား | ၁၈ |
| ၁၀။ | ဤလူသားနှင့် ငါ ၃ ငါ | ၂၁ |
| ၁၁။ | သွားနေတာ ထင်ရှားပါလျက် ငါမသွားလျှင် ဘယ်သူ သွားသလဲ | ၂၃ |
| ၁၂။ | ဒိဋ္ဌိကွာသော်လည်း သောတာပန်မှာ တဏှာနှင့် တင်းကျမ်း | ၂၅ |
| ၁၃။ | (၃၁) ဘုံထိုက်တန်သော သက္ကာယ ပတ္တမြားလုံးကြီး ၂၀ | ၂၆ |

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁၄။ | ရုပ် ၂၀ ပါး၌ စိဉ္စယ်သားသော ပတ္တမြားလုံးကြီးများ | ၂၉ |
| ၁၅။ | သက္ကာယထောင်တွင်းမှ ပုထုဇဉ်အကျဉ်းသား၏အမြင် | ၃၂ |
| ၁၆။ | စေ့စေ့တွေး ရေးရေးပေါ် လွတ်ခအောင်ပြေးဘေးကင်း၏ | ၃၄ |
| ၁၇။ | ရုပ်ကိုရှုဆ၊ သက္ကာယကွာ၊ သောတာပန်ဖြစ်လမ်းစဉ် | ၄၂ |
| | (က) ဆရာသိ | |
| | (ခ) စာသိ | |
| | (ဂ) နှလုံးသိ | |
| ၁၈။ | အတိုက်ခံတ် အခံခံတ်များမှ သောတာပန်သို့ | ၄၀ |
| | (က) အခံခံတ် ၆ ပါး | |
| | (ခ) အတိုက်ခံတ် ၆ ပါး | |
| | (ဂ) အသိခံတ် ၆ ပါး | |
| ၁၉။ | နှာမှာ ဒိဋ္ဌိစိုက်၊ ရုပ်မှာ တဏှာစိုက်၊ | ၅၅ |
| | (က) နှာမှာ ဒိဋ္ဌိစိုက်ပုံ | |
| | (ခ) ရုပ်မှာ တဏှာစိုက်ပုံ | |
| ၂၀။ | သက္ကာယ မသေသပျ တဏှာကို ထတ်၍မရ | ၅၀ |
| ၂၁။ | အကောင်ထဲမှာ၊ ငါကိုရှာ၊ သောတာပန်နှင့်တွေ့ | ၆၂ |
| | (က) မြေခံတ်ထဲမှာ ငါရှာခန်း | |
| | (ခ) ရေခံတ်ထဲမှာ ငါရှာခန်း | |
| | (ဂ) မီးခံတ်ထဲမှာ ငါရှာခန်း | |
| | (ဃ) လေခံတ်ထဲမှာ ငါရှာခန်း | |
| ၂၂။ | သောတာပန်ဖြစ်ကြောင်း အင်္ဂါ ၄ ပါး | ၆၀ |
| ၂၃။ | လယ်တီဆရာတော်ဘုရားကြီး၏ သောတာပန္နကထာများ | ၇၀ |
| | (က) သောတာပန်မည်ပုံ | |
| | (ခ) သောတာပန်တို့၏ သဘာဝ | |
| | (ဂ) သောတာပန်ဖြစ်ရန် ခဲယဉ်းပုံ | |
| | (ဃ) သောတာပန်ဖြစ်လေရာ သာသနာအမြဲပါပုံ | |
| | (င) သောတာပန်သွားလေရာ နိဗ္ဗာန် အမြဲပါပုံ | |
| | (စ) ရဟန်းအဖြစ်ထက်၊ လူသောတာပန်အဖြစ် ကျော်သူကများ | |
| | (ဆ) သောတာပန်တို့ ခံစံကြရသော နိဗ္ဗာန်အနက် ၄ ချက် | |
| | (ဇ) နတ်ပြည် ၆ ထပ်မှာ သောတာပန် တင်းကျမ်း | |
| | (ဈ) စူဠသောတာပန် | |
| | (ည) သောတာပန်တို့ ဆိုက်ရောက်ရာ ပထမနိဗ္ဗာန်သုံ (၁) ဝဋ် ၃ ပါး၊ (၂) နိဗ္ဗာန်နှင့် သောတာပန် | |
| ၂၄။ | သောတာပန်ဖြစ်ရခြင်း အကျိုး | ၉၀ |

## မာတိကာ


အကြောင်းအရာ — စာမျက်နှာ

၂၅။ သောတာပန် အမျိုးအစားနှင့် ယင်းတို့၏ ဘ၀အပိုင်းအခြား ၉၂
(က) ဧကဗီဇ သောတာပန်
(ခ) ကောလံကောလ သောတာပန်
(ဂ) သတ္တက္ခတ္တုပရမ သောတာပန်
၂၆။ အတွေ့မခံ၊ အမြင်မခံ၊ အနံ့မခံ၊
သောတာပန်တို့ ပယ်ပြီး တရားများ ၉၅
(က) အာသဝေါ ၄ ပါးမှ
(ခ) ဩဃ ၄ ပါးမှ
(ဂ) ယောဂ ၄ ပါးမှ
(ဃ) ဂန္ထ ၄ ပါးမှ
(င) ဥပါဒါန် ၄ ပါးမှ
(စ) နီဝရဏ ၆ ပါးမှ
(ဆ) အနုသယ ၇ ပါးမှ
(ဇ) သံယောဇဉ် ၁၀ ပါးမှ
(ဈ) ဝိပ္ပလ္လာသ ဖောက်ပြန်ခြင်း ၃ မျိုး
၂၇။ သောတာပန် ၃၊ သို့မဟုတ် ၇ မှ သောတာပန် ၂၄ သို့ ၁၀၆
၂၈။ ကိုယ့်ကိုယ်ကို ကိုယ်ဝေဖန်၊ သောတာပန်အခြေခံ ၁၁၁
၂၉။ သမ္မသနဉာဏ် ၁၁၁
(က) တကိုယ်လုံးရှုထောင့်
(ခ) အတိတ်ရှုထောင့်
(ဂ) အစိတ် အစိတ် ရှုထောင့်
၃၀။ မြဟ္မာဖြစ်၍ တဝင်းဝင်း၊ ဝက်စားကျင်းမှာ တရှုပ်ရှုပ် ၁၁ဂ
၃၁။ ဝေဘူဆရာတော်၏ သောတာပန် တရားတော် ၁၂၁
(က) ထမင်းစားတာထက်လွယ်
(ခ) သက်သာလွယ်ကူ အရယူ
(ဂ) ခုလုပ်၊ ခုချက်ချင်း ချမ်းသာ
(ဃ) အတူတူမှာ ဟိုဟာရွေး၊ သည်ဟာရွေး
(င) ဘယ်ရေကိုသောက်သောက်၊ မွတ်သိပ်ပျောက်
(စ) အားလုံးတွေဟာ တခုတည်း
(ဆ) အတွင်းအပြင် လိုက်မသွားနှင့်
၃၂။ သောတာပန် ထွက်ပေါက် မရအောင် ကာဆီးထားသော
တံတိုင်းကြီးလေးထပ် ၁၃၃
(က) ပထမတံတိုင်းကြီး သမူဟဃန ပညတ်
(ခ) ဒုတိယတံတိုင်းကြီး သန္တတိဃန ပညတ်
(ဂ) တတိယတံတိုင်းကြီး သဏ္ဌာနဃန ပညတ်
(ဃ) စတုတ္ထတံတိုင်းကြီး သုဘဃန ပညတ်

## မာတိကာ


အကြောင်းအရာ စာမျက်နှာ

၃၃။ ပဏ္ဍုသာတိရဟန်းအား ဗုဒ္ဓဟောကြားတော်မူသော ဓာတ် ၆ ပါး ဝေဖန်သုံးသပ်ချက် တရားတော် ၁၄၁

(က) အိုးထိန်းသည်အိမ်သို့ ရောက်သွားခြင်း
(ခ) ဘုရားနှင့်တွေ့သော်လည်း ဘုရားမှန်းမသိခြင်း
(ဂ) ဘုရားက သင့်ဆရာ ဘယ်သူလဲ မေးခြင်း
(ဃ) ငါ့တရားကို နာလိုသလောဟု ဗုဒ္ဓကမေးခြင်း
(င) ပဏ္ဍုသာတိကို ဗုဒ္ဓ တရားဟောတော်မူခြင်း

(၁) ပထဝီ မြေဓာတ်
(၂) အာပေါ ရေဓာတ်
(၃) ဝါယော လေဓာတ်
(၄) တေဇော မီးဓာတ်
(၅) အာကာသ ဟာလာဟင်းလင်းဓာတ်
(၆) ဝိညာဏ အသိဓာတ်
(၇) ဘုရားမှန်းသိ၍ ကန်တော့ပြီး ပဥ္စင်းပြုပေးရန် တောင်းပန်ခြင်း
(၈) ပဏ္ဍုသာတိရဟန်းကြီး နွားဖွေ့၍ ကွယ်လွန်ခြင်း
(၉) ရဟန်းတို့က ပဏ္ဍုသာတိ၏ လားရာဂတိကို မေးလျှောက်ခြင်း

၃၄။ နိဂုံး ၁၆၃
၃၅။ နိဂုံးသံပေါက်ကဗျာ ၁၆၅

# ယထာဘူတ မာတိကာ


| | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁၆၇ |
| ၂။ | ပဏာမ | ၁၇၁ |
| | **အပိုင်း ၁** | |
| ၃။ | အမှာစကားချပ် | ၁၇၃ |
| | ဓမ္မပီယရှုဖွယ် | ၁၇၅ |
| ၄။ | သားမှန်း သမီးမှန်း မှတ်မိတာ—သတိလား လင်မှန်း မယားမှန်း သိတာ—ပညာလား | ၁၇၅ |
| ၅။ | ယထာဘူတဉာဏ် | ၁၇၆ |
| ၆။ | အပွင့်ပြီးမှ အသီး | ၁၇၈ |
| ၇။ | အကန်း အကန်းချင်း၊ အရူး အရူးချင်း | ၁၈၀ |
| ၈။ | တောင်ကားတရား ဘုရားက ဘောင်ပေါ်ကလူ | ၁၈၁ |
| ၉။ | ယထာဘူတဉာဏ်ကို ရှုသော် | ၁၈၂ |
| ၁၀။ | ငါးထွေခန္ဓာ ရေလဲ ဆိုသည်မှာ | ၁၈၃ |
| ၁၁။ | သံသရာ ရေပြင်နစ်အောင် နှစ်လေသည့် တရားခံ | ၁၈၄ |
| ၁၂။ | ပုထုဇဉ် လောက၏ အသွင်အပြင် | ၁၈၆ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁၃။ ဘယ်မှာလဲ ယောကျ်ား၊ ဘယ်မှာလဲ မိန်းမ | ၁၉၈ |
| ၁၄။ မှန်ကြေးမုံ ဘာအသုံးကျသနည်း ရာဟုလာ | ၂၀၀ |

## အပိုင်း ၂

| | |
|---|---|
| ၁၅။ အကြည့်မှန်မှ အမှန်ကို မြင်မည် | ၂၀၃ |
| ၁၆။ လူ့အတွက် သိစရာ နှစ်ချက် | ၂၀၄ |
| ၁၇။ အရှိသဘောကို မရှိသဘောက အနိုင်ယူပုံ သာဓကများ | ၂၀၅ |
| ၁၈။ မြေသည် အိုးလား၊ အိုးသည် မြေလား | ၂၀၆ |
| ၁၉။ ပရမတ်ကို မမြင်အောင် ဆီးတားထားသော တံတိုင်းကြီး လေးထပ် | ၂၀၉ |
| ၂၀။ သမူဟဃန ပညတ် | ၂၀၉ |
| ၂၁။ သန္တတိဃန ပညတ် | ၂၁၁ |
| ၂၂။ သဏ္ဌာနဃန ပညတ် | ၂၁၁ |
| ၂၃။ သုဘာဃန ပညတ် | ၂၁၂ |

## အပိုင်း ၃

| | |
|---|---|
| ၂၄။ အသိမှန်မှ အလုပ်မှန်မည် | ၂၁၅ |
| ၂၅။ အန္ဓပုထုဇဉ် (သူကန်း) | ၂၁၆ |
| ၂၆။ မြင်လျက်နှင့် ကန်းနေသူ | ၂၁၇ |
| ၂၇။ ဘုရားကို တွေ့လျက် မမြင်သော ဝက္ကလိ ရဟန်း | ၂၁၈ |
| ၂၈။ ပဉ္စဝဂ္ဂီ ရဟန်းတို့လည်း တခါက ဘုရားကို မမြင်ခဲ့ကြ | ၂၂၀ |
| ၂၉။ ပရမတ်မျက်စိ ရှိနိုင်သောခေတ် | ၂၂၁ |
| ၃၀။ အသိ နှင့် မသိ | ၂၂၃ |

## အပိုင်း ၄

| | |
|---|---|
| ဘုတ်ကို မြင်မှ ရုပ်ကို မြင်နိုင်မည် | ၂၂၆ |
| ၃၁။ ဓာတ်ကြီးလေးပါးတို့၏ အချင်းချင်းမတူသော စွမ်းအား သတ္တိများ | ၂၂၈ |
| ၃၂။ အရိပ်ပမာ မြေဓာတ်လွှာ | ၂၂၉ |
| ၃၃။ ရေဓာတ်၏ ဖွဲ့စည်းမှုစွမ်းအား | ၂၃၀ |
| ၃၄။ လေဓာတ်၏ လှုပ်ရှားမှုစွမ်းအား | ၂၃၂ |
| ၃၅။ လောကဓာတ် ဇာတ်ခုံပေါ်ဝယ် ထူးထွေတည့်အံ့ရာသော မျက်လှည့်ပြနေသော မျက်လှည့်ဆရာကြီး မဟာဘုတ် | ၂၃၄ |

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|


၃၆။ ဘုတ်ကြီးအောက်က ဘုတ်ကလေး ၁၄–ကောင် ၂၃၆
၃၇။ စိတ်ခြောက်မျိုး ၂၃၈
၃၈။ စိတ်အာရုံ ခြောက်မျိုး ၂၃၉
၃၉။ စိတ်လည်း တန်းစီရ၏ ၂၄၀


## အပိုင်း ၅

### ခန္ဓာဗေဒ


၄၀။ ခန္ဓာတုံးမှ သံသရာ ဆုံးမှည် ၂၄၂
၄၁။ မျက်စိကို ရှေးက ခေတ်ခွဲပုံ ၂၄၃
၄၂။ နှလုံးသားကို ရှေးက ခေတ်ခွဲပုံ ၂၄၄
၄၃။ နှလုံးသားဆောင်ပုဒ်လက်ာ ၂၄၅
၄၄။ လူမှာ ဆံပင်ဘယ်နှစ်ချောင်း၊ မွေးညှင်းဘယ်နှပ်ပင်ရှိသနည်း ၂၄၆
၄၅။ အရိုးသုံးရာကို ဥပမာနှင့်တကွ ပြဆိုချက် ၂၄၈
၄၆။ ရုပ်ဆောင်နေသော အပုပ်ကောင် ၂၅၁


## အပိုင်း ၆


၄၇။ ဘဝအစ၌ ဘာကိုအလျင်ဆုံး တွေ့ရပုံ ၂၅၂
၄၈။ ဘဝင်မြင့် ဆေးသုံးလုံးနှင့် လူသား ၂၅၃
၄၉။ တဏှာ ၂၅၃
၅၀။ မာန ၂၅၄
၅၁။ ဒိဋ္ဌိ ၂၅၄
၅၂။ ပုဏ္ဏကဆေးနှင့် လူသား ၂၅၅
၅၃။ ရုပ်သည် အတ္တလား၊ ရုပ်တခြား နာမ်တခြားလား၊ နာမ်သည် ရုပ်ကောင်ကြီးထဲမှာ အောင်းနေသလား ၂၅၆
၅၄။ ရုပ် အတ္တဝါဒ ၂၅၆
၅၅။ နာမ် အတ္တဝါဒ ၂၅၇
၅၆။ ရုပ်နာမ်အတ္တဝါဒ ၂၅၇
၅၇။ ဇီဝ အတ္တဝါဒ ၂၅၇
၅၈။ ဝိညာဏ်အတ္တဝါဒ ၂၅၇
၅၉။ ဝေဒနာ-သညာ-သင်္ခါရ အတ္တဝါဒ ၂၅၈
၆၀။ ပရမတ်မျက်စိမရှိသော အန္ဓပုထုဇဉ်တို့၏ အတ္တအမိပ္ပာယ် ၂၅၈
၆၁။ အတ္တဒိဋ္ဌိ၏ ကြီးမားသော ပင်မအားနှင့် ယင်း၏အကိုင်းအခက် ဒိဋ္ဌိများ ၂၅၉

## မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၆၂။ | သဿတ ဒိဋ္ဌိ | ၂၆၀ |
| ၆၃။ | ဥစ္ဆေဒ ဒိဋ္ဌိ | ၂၆၀ |
| ၆၄။ | အတ္တဒိဋ္ဌိနှင့် ခိုင်းနှိုင်းစရာ ဥပမာများ | ၂၆၀ |
| ၆၅။ | ဘာလဲဟဲ့ အတ္တဒိဋ္ဌိ | ၂၆၁ |
| ၆၆။ | အတ္တဒိဋ္ဌိကို ဖျက်ဆီးပစ်ရန် လက်နက်ကြီး ကိုးမျိုး | ၂၆၂ |
| ၆၇။ | နာမရူပ ပရိစ္ဆေဒဉာဏ် | ၂၆၂ |
| ၆၈။ | ပစ္စယ ပရိဂ္ဂဟဉာဏ် | ၂၆၂ |
| ၆၉။ | အနိစ္စဉာဏ် | ၂၆၃ |
| ၇၀။ | ဒုက္ခဉာဏ် | ၂၆၃ |
| ၇၁။ | အနတ္တဉာဏ် | ၂၆၃ |
| ၇၂။ | နိဗ္ဗိန္ဒဉာဏ် | ၂၆၄ |
| ၇၃။ | မဂ်ဉာဏ် | ၂၆၅ |
| ၇၄။ | ဖိုလ်ဉာဏ် | ၂၆၅ |
| ၇၅။ | ပစ္စဝေက္ခဏာဉာဏ် | ၂၆၅ |
| ၇၆။ | ဉာဏ်ငါးပါးကို ခရီးသွားယောက်ျားအား ဖြစ်ရပ်နှင့် ပုံဟပ်၍ ကြည့်ပုံ | ၂၆၆ |
| ၇၇။ | ရုပ်လှည်းနှင့် နာမ်လှည်းသမား၊ ဝါယောဓာတ်နွား | ၂၆၈ |
| ၇၈။ | ရုပ်နှင့်နာမ်တို့၏ မူလသဘော | ၂၆၉ |
| ၇၉။ | ဒိဋ္ဌိမှုန် နှင့်ပတ်သက်၍ အရှင်သာရိပုတ္တရာ၏ ယမက စစ်တမ်း | ၂၇၀ |

### အပိုင်း ၇

| | | |
|---|---|---|
| ၈၀။ | ဝိပဿနာနှင့် ကမ္မဋ္ဌာန်း | ၂၈၁ |
| ၈၁။ | ရုပ်ရှင်နှင့် ဝိပဿနာ | ၂၈၂ |
| ၈၂။ | ဖလင်ထဲက အရုပ်ပေါင်း နှစ်သိန်းကျော် | ၂၈၃ |
| ၈၃။ | ဘောလေးဆယ်နှင့် ဝိပဿနာ | ၂၈၄ |
| ၈၄။ | ဘောလေးဆယ်ကိုခွဲခြင်း၊ အတွင်းမှာ ဘာကိုတွေ့ခဲ့သနည်း | ၂၉၀ |
| ၈၅။ | အရှိကိုခွဲခြသော် အသိဖြင့် မိအောင်ဖမ်း | ၂၉၁ |
| ၈၆။ | စရိုက်နှင့် ပုဂ္ဂိုလ်ခြောက်မျိုး | ၂၉၃ |
| ၈၇။ | ရာဂစရိုက် အားကြီးသူ | ၂၉၃ |
| ၈၈။ | ဒေါသစရိုက် အားကြီးသူ | ၂၉၄ |
| ၈၉။ | မောဟစရိုက်အား ကြီးသူ | ၂၉၄ |
| ၉၀။ | သဒ္ဓါစရိုက်အား ကြီးသူ | ၂၉၅ |
| ၉၁။ | ဗုဒ္ဓိစရိုက်အားကြီးသူ၊ | ၂၉၅ |
| ၉၂။ | ဝိတက်စရိုက်အားကြီးသူ | ၂၉၅ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၉၃။ | သဒ္ဓါစရိုက်နှင့်-သဒ္ဓါကမ္မဋ္ဌာန်း | ၂၉၅ |
| ၉၄။ | စာဂါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းလိုသော် | ၂၉၈ |
| ၉၅။ | ဈာန်ဆိုသည်မှာ | ၃၀၀ |
| ၉၆။ | ဈာန်ဖြစ်အောင် ထောက်ကူ ကျွားကန်ပေးသော ဒေါက်တိုင်ကြီး ငါးခု | ၃၀၂ |
| ၉၇။ | ဝိတက် | ။ |
| ၉၈။ | ဝိစာရ၊ | ။ |
| ၉၉။ | ပီတိ၊ | ။ |
| ၁၀၀။ | သုခ၊ | ။ |
| ၁၀၁။ | ဧကဂ္ဂတာ၊ | ။ |
| ၁၀၂။ | နိဂုံး | ၃၀၄ |

## သောတာပန် နိဒါန်း

ရပ်ကြည့်၍ အမြတ်မရှိ၊
ထိုးကြည့်မှ အကျိုးရှိ၊
ရွှေထိုးလျှင် ရွှေရ၊ ငွေထိုးလျှင် ငွေရ၊

ဤစကားများသည် ကစားလောကမှ လာသော ကစားဝိုင်းစကား ဖြစ်၏။ သူ့နေရာနှင့်သူ အကျိုးသက်ရောက်မှု၊ လက်တွေ့အကျိုး ခံစားရမှု ရှိ၍သော ဥဒါန်းကျူး ခြင်း ဖြစ်ပေလိမ့်မည်။

ယင်းစကားများကို ကောင်းသောကလျာ၊ ကောင်းသော အပိုင်း ဘက်သို့ ဆွဲ၍ "တင်စားမှု စကား" ပြု၍ အသုံးချ ကြည့်မိ၏။ ကစားဝိုင်း ကစားမှုများကို ဘေးချိတ်ထားလိုက်ပြီး ကောင်းသော အလုပ် တခုခု အတွက် ယင်းစကားများကို ခုတုံးလုပ် ဆောင်ပုဒ်ပြုလျက် ချိတက်လျှင် အောင်မြင်နိုင်ရန် အလားအလာ ရှိနိုင်သည်ကို တွေ့ရ၏။

ထင်ရှားစေအံ့။ ယင်းစကားကို အသီးသီး အဓိပ္ပာယ်ဖွင့်သော်....

(၁) ရပ်ကြည့် အမြတ်မရှိ ဆိုသည်ကား-ဘာမှမလုပ်ပဲ နေချေက ဘာမှမဖြစ်ဟု ဆိုလိုသည်။

(၂) ထိုးကြည့်မှ အကျိုးရှိမည် ဆိုသည်ကား- အလုပ်တခုခုကို ဇွဲရှိရှိနှင့် လုပ်ကိုင်ကြည့်ပါက လက်ငင်း အကျိုး ရှိလာမည်ဟု ဆိုလိုသည်။

(၃) ရွှေထိုးလျှင် ရွှေရ၊ ငွေထိုးလျှင် ငွေရ ဆိုသည်ကား- မိမိ စိတ်ပါသောအလုပ် အလိုရှိသော အလုပ်ကို မဆုတ်မနစ် အားထုတ်ကြည့်ပါ။ အချည်းနှီး မဖြစ်နိုင်။ ဝီရိယ၏ အကျိုးကို လက်တွေ့ ခံစားရလိမ့်မည်ဟု ဆိုလိုသည်။

ထိုကြောင့် "အမှိုက်က ရွှေဖြစ်" ဆိုသည့် စကားကဲ့သို့ ကစားဝိုင်းသဲက စကားပင် ဖြစ်စေဦးတော့။ အသုံးချတတ်လျှင် တန်ဖိုးဖြတ်မရအောင် အဖိုးတန်စကား ဖြစ်လာနိုင်ပေသည်။

အများအားဖြင့် လူတို့သည် ပါးစပ်အားကိုးလေ့ ရှိကြ၏။ ပါးစပ်အားကိုးသဖြင့် "ဆုကို" နင်းကန်တောင်းလေ့ ရှိကြ၏။ "လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရပါလို၏" ဟူ၍ လည်းကောင်း၊ နိဗ္ဗာန်မင်္ဂ ဖိုလ်ကို ရက်တိုတိုနှင့် ရပါလို၏။ ဤဘဝမှာပင် နိဗ္ဗာန်သို့ ကေန်ထုတ် ချောက် မျက်မှောက်ပြုရပါလို၏ ဟူ၍ လည်းကောင်း ဤသို့ စသည်ဖြင့် ပါးစပ်အားအား ရှိကိုင်း ဆုတွေကိုသာ နင်းကန်တောင်းနေကြကုန်သော် ငြားလည်း ဆုတောင် ပြည့်ရာ ပြည့်ကြောင်းအလုပ်ကိုကား လုပ်လေ့မရှိကြ။ ရေလောင်း၍ မပြည့်သောအိုးသည် အဘယ်မှာလျှင် ပြည့်ချိမ့်မည်နည်း။ ရေမပြည့်ကောင်းသာ ဟူ၍ အိုးကို အပြစ်ဆိုကြမည်လော။

တဖန် ဆန့်ကျင်ဘက်အားဖြင့် ဆိုပြန်သော် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ အသူရကာယ် အပါယ်လေးပါးသို့ လားရပါစေသားဟူ၍ လည်းကောင်း၊ ငရဲကြီးရှစ်ထပ်တွင် ချိုးကပ်၍ လွတ်ရက်မရှိ ခံရပါစေသား။ ခွေး၊ ဝက်၊ ကြက်၊ ဘဲ တိရစ္ဆာန်ဘဝတွေမှာလည်း ဘဝမျိုးပုံထည်လဲနှင့် ဖြစ်ရပါစေသားဟူ၍ လည်းကောင်း ဤဆုမျိုးကိုကား မည်သူမျှတောင်းသံမကြား။ သို့သော် ဆုမတောင်းပဲလျက်လည်း ထိုထို အပါယ်ဘဝမျိုးကိုကား ရကြလေ၏။ အကြောင်းသော်ကား အပါယ်လမ်းသွား အလုပ်များကို နေ့မအား၊ ညမအား ကြိုးစားမှင်းစား လုပ်ကြသာကြောင့် ဖြစ်သတည်း။

ဆိုလိုသည်မှာ လိုချင်ခြင်း၊ ဖြစ်ချင်ခြင်းသည် ကိစ္စတခု ပြီးမြောက်ခြင်းအတွက် လိုရင်းမဟုတ်။ လုပ်ဖြစ်ခြင်းသာ လိုရင်းဖြစ်လေသည်။

စိတ်ဖြင့် အကောင်အထည် ဖော်၍ ပေါ်မည်မဟုတ်။ အလုပ်ဖြင့် အကောင်အထည် ဖော်မှသာ ပေါ်နိုင်မည် ဖြစ်၏။

ဥပမာ- ကြက်မကြီး တကောင်သည် ဥဆယ်လုံး ဥထား၏။ မြန်မြန် ပေါက်စေလိုသောကြောင့် ဝပ်ကျင်းဘေးမှ ရစ်၍ ပေါက်ပါစေ၊ ပေါက် ပါစေဟု ဆုတောင်း၏။ ပေါက်ချိန်တန်သောအခါ မပေါက်သည့်အပြင် ကြက်ဥအားလုံး ပုပ်ကုန်လေ၏။ အဘယ့်ကြောင့်ပါနည်း။

သူ့အလုပ်ကို သူမလုပ်သောကြောင့် ဖြစ်၏။ သူ့အလုပ်ကား ဝပ်ကျင်း၌ ဝပ်၍ဝပ်၍ မိခင်၏ အပူငွေ့ဓာတ် ပေးရမည် ဖြစ်၏။ ဤအလုပ်ကို မလုပ်လေဘဲ ပါးစပ်အားကိုးဖြင့် ဆုအမျိုးမျိုး တောင်းနေမိသည့်အတွက် သားသမီး ကြက်ကလေးတွေ့ဆုံးရှုံးရမှုမျိုးနှင့် ရင်ကျိုးမတတ် ကြုံရလေ၏။

ယနေ့ခေတ်တွင် ပဋိပတ္တိသာသနာ ထွန်းကားလာသည်မှာ များစွာ ဝမ်းမြောက်ဖွယ်၊ အားတက်ဖွယ်၊ ကြည်ညိုဖွယ် ကောင်းလှ၏။ သောတာပန်မှအစ အရဟတ္တဖိုလ် ဆိုက်သည်အထိ အာသီသ ထားကြသည်မှာ ကောင်းသောအလုပ်၊ မှန်မြတ်သောအလုပ် ဖြစ်ပေ၏။ သို့သော် အလုပ်မပါလေပဲ ပါးစပ်အားကိုးနှင့်သာ ဆိုချေက ကြက်မကြီး ကြက်ဥတွေ ပုပ်ကုန်သည့် ကိန်းမျိုးနှင့် တိုးမိနေမည်ကိုကား အထူး သတိချပ်သင့်လှ၏။

ယခု "သောတာပန်" ကျမ်းကို ပြုစုရာ၌ သောတာပန်အကြောင်း ပါရှိသည့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာစသော ကျမ်းများကို တတ်နိုင်သမျှ အချိန်ယူ၍ လေ့လာကြည့်ရှုပြီးမှ ပြုစုခြင်းဖြစ်ရာ သောတာပန်ဖြစ်ဖြစ်သွားသူများသည် အများအားဖြင့် (ယုတ်စွအဆုံး) ကကြီးခခွေးလောက်မျှကိုပင် မတတ်သူက ပို၍များနေ၏။

"သူတို့ ဘာအလုပ်လုပ်၍ သောတာပန် ဖြစ်သနည်း"ဟု မေးဖွယ်ရှိ၏။ မေးထိုက်၏။ အဖြေကား- နားကြောင့်။ သူတို့မှာ နားပါကြသည်။ နားရှိကြသည်။ ဗုဒ္ဓဘုရားကြီးမ် တရားဟောလိုက်လျှင် "ကကြီးခခွေး မတတ်ငြားသော်လည်း" တရား၏ အနှစ်သာရကို သူတို့က နားပါးပါးနှင့် ခံယူကြရာမှ အချို့မှာ တရားပွဲမပြီးခင်၊ အချို့မှာ တရားပွဲ ပြီ လျှင်ပြီးချင်း သောတာပန်ကြီးတွေ မရေမတွက်နိုင်အောင် ဖြစ်ကုန်ကြောင်းကို ကျမ်းဂန်ကြီးတို့မှာ အခိုင်အမာ ပြဆိုထားချက်များကို တွေ့ရပေ၏။

အချုပ်ကား ကလျာဏနွယ်ဝင် သူတော်စင် သောတာပန် လောင်းလျာတို့ အားတက်ဖွယ် "စတုသစ္စ ဒီပနီကျမ်း" နိဂုံးမချုပ်မီကလေးတွင် ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး၏ တိုက်တွန်းချက်ကို လက်ဆင့်ကမ်းလိုပါကြောင်း။

# သောတာပန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## လူနှင့် ဘဝပြဿနာ

နတ်ဖြစ်ရန် မလွယ်၊ သိကြားဖြစ်ဖို့ ခဲယဉ်းသည်၊ ဗြဟ္မာဖြစ်ဖို့ရာက သာ၍ ခက်သည်ဟူ၍ ဗုဒ္ဓ ဟောကြားတော်မမူ။ မနုဿတ္တဘာဝေါ ဒုလ္လဘော လူ့အဖြစ်၊ လူ၏ဘဝကို အလွန်ရခဲ၏ ဟူ၍သာ ဗုဒ္ဓ ဟောကြားသွားတော်မူ၏။

ဤသည်ကို ထောက်ခြင်းအားဖြင့် လူ၏အဖြစ်၊ လူ၏ဘဝသည် နတ်၊ သိကြား၊ ဗြဟ္မာတို့ထက် သာလွန် မွန်မြတ်ကြောင်း ထင်ရှား၏။ ရှေးဘုန်းရှေးကံ ကဲလွန်၍ ပါရမီ ထူးချွန်သူများသာ ရနိုင်သော ဘဝမျိုးဟု ဆိုလိုသည်။[၁]

ယင်းသို့ အလွန် ရအပ်ခဲလှစွာသော ဘဝကို အရတော်စွာ ရလာခဲ့ကြသဖြင့်လည်း သူသူငါငါ "လူ"ဟူ၍ ဖြစ်လာကြပြီး အလွန်ရခဲလှပါသည် ဆိုသော လူ့ဘုံခန်းဝါသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ဆိုက်ရောက်လာကြရပြီဖြစ်၏။ လူ့သန်းခေါင်စာရင်းသို့ သွတ်သွင်းခြင်း ခံကြရပြီဖြစ်၏။ အဖိုးတန်သော၊ မြတ်သော၊ ဘုရားအဆူဆူတို့ ချီးမွမ်းအပ်သော လူ့ဘဝကို ရရှိနေကြပြီး ဖြစ်ပါ၏။

---

၁။ ဝိနည်း ဒေသနာပါဠိတော်၌ နတ် သိကြား ဗြဟ္မာများကို တိရစ္ဆာန် စာရင်း သွင်း၍ ဟောတော်မူ၏။

"အဘယ့်ကြောင့် လူ ဖြစ်လာသနည်း"
"လူ့ဘဝသို့ ဘယ့်အတွက် ရောက်ရှိလာသနည်း"
ဤသို့ တစုံတယောက်သောသူက မေးခွန်း ထုတ်ခဲ့သော် မည်သို့ ဖြေမည်နည်း။

ပတ်ဝန်းကျင်သည် ယင်းမေးခွန်း၏ အဖြေ ဖြစ်နိုင်၏။ လူ့ဘဝသို့ ရောက်ရှိလာသူများကို အကဲခတ်ရာ၏။ လေ့လာရာ၏။ လူဖြစ်လာသူတို့ အထဲတွင် ဘာဆိုဘာမျှ မလုပ်သူ၊ မလှုပ်မယှက် ငြိမ်သက်နေသူ ဟူ၍ ရှိပါ သလော။ ထိုကဲ့သို့သော အလုပ်မလုပ်သူများကို တွေ့ဖူး၊ မြင်ဖူးပါသလော။

လူသည် လူမှန်း သူမှန်း သိဘတ်သည့် အချိန်မှစ၍ (အို၊ နာ၊ ကျိုး၊ ကန်း သူများမှတပါး) ကြီးလျှင် ကြီးလျောက်၊ ငယ်လျှင် ငယ်လိုက် မိမိနှင့် ထိုက်တန်သောအလုပ်ကို တလှုပ်ရှားရှားနှင့် မနား မနေ၊ အမြဲတစေ လုပ်နေသူ ဖြစ်၏။ အလုပ် မလုပ်သူ၊ ဘာမျှ လှုပ်ရှားခြင်းမပြုပဲ ငြိမ်နေသူဟူ၍ မရှိ။

ထို့ကြောင့် လူသည် အလုပ်သမားစစ်စစ် ဖြစ်၏။ ကိုယ်နှင့် တန်ရာ တန်ရာ အလုပ်ကို လုပ်ဖို့အတွက် လူဖြစ်လာသူ ဖြစ်၏။

မှန်၏။ လူသည် အငြိမ်နေလေ့မရှိ၊ ငြိမ်၍ နေတတ်သူ မဟုတ်။ လောကီအဘို့ဖြစ်စေ၊ လောကုတ္တရာအတွက် ဖြစ်စေ၊ လူမှန်လျှင် အလုပ် တခုခုကို လုပ်လေတော့သည်။ ယုဘ်စွအဆုံး စီးပွားရေး၊ ပညာရေး စသော အကျိုးရှိ အလုပ်များကို မလုပ်သည့်တိုင်အောင် ပျော်ကာ ပါးကာ၊ လည်ပတ်ကာနှင့် အချိန်ကုန်စေခြင်းသည်လည်း အချည်းနှီးသော အလုပ်ကို လုပ်နေသည်မည်၏။

လူဖြစ်လျက် အလုပ်မလုပ်ပဲ နေခဲ့သော် ထိုသူသည် လူ မဟုတ်ပြီ။ လူ ဟူသော အမည်နာမကိုပင် မခံထိုက်တော့ပြီ။ ဗလီ ဗဒ္ဒ၀ါဝဇီရတိ-မြက်ကို စား၍ ကြီးထွားနေသော နွားနှင့်တူ၏ ဟု ပညာရှိတို့ ဆိုကုန်၏။

သို့ဖြစ်လေရာ အလွန်တန်ဖိုး ရှိလှစွာသော လူ၏အဖြစ်၊ လူ၏ဘဝကို ရှေးကုသိုလ်ပုညကြောင့် အရတော်စွာ ရလာကြသည့် အခိုက်တွင်-

လောကီကြောင်းအရ "ကျောပူမှ ဝမ်းအေးသည်" ဆိုသကဲ့သို့ လည်းကောင်း၊ လက်လှုပ်မှ ပါးစပ်လှုပ်သည် ဆိုသကဲ့သို့ လည်းကောင်း လူ့ဘုံခန်းဝါတွင် လူ့အလျောက် တင့်တောင့်တင့်တယ်၊ သာတောင့် သာယာ နေနိုင်၊ ထိုင်နိုင်၊ စေရန်အလို့ငှာ အလုပ်တခုခုကို ကြိုးကြိုးကုတ်ကုတ် လုပ်ကြရကုန်၏။ ဤသို့ လုပ်ပါမှလည်း လူပီသသည်၊ လူစော်နံသည်။ လူ ဖြစ်ရကျိုးနပ်သည်ဟူ၍ ဆိုရသတည်း။ ရှိပါစေတော့-

# လူနှင့် သောတာပန်

ဤ၌ ဆိုလိုသည်ကား လောကီအလုပ် မဟုတ်၊ လောကုတ္တရာ အလုပ် ဖြစ်၏၊ လောကုတ္တရာ ကြောင်း အရ လုပ်ငန်းကား နိဗ္ဗာန်တွင် ဆုံး၏။ နိဗ္ဗာန်သည် လမ်းဆုံးဖြစ်၏။ နိဗ္ဗာန်ကား ဘေးခပ်သိမ်း၊ ရန်ခပ်သိမ်း၊ အန္တရာယ်ခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာဖြစ်၏။ ကိုယ်၏ ဆင်းရဲခြင်းမျိုး၊ စိတ်၏ ဆင်းရဲခြင်းမျိုး အားလုံး ကင်း၏။ သန္တိသုခ၊ ချမ်းသာစင်စစ် ဖြစ်၏။

ထို့ကြောင့် ဆင်းရဲခြင်း ကင်းလိုသူတို့သည် နိဗ္ဗာန်ကို လိုချင်ကြ၊ တောင့်တကြကုန်၏။ နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်း၊ နိဗ္ဗာန်ကို ရရာ ရကြောင်း တရား ဤသို့ နိဗ္ဗာန် ရရာ၊ ရကြောင်း အားထုတ်ကြရာ၌--

(၁) သောတာပန်အဆင့်၊
(၂) သကဒါဂါမ်အဆင့်၊
(၃) အနာဂါမ်အဆင့်၊
(၄) အရဟတ္တဖိုလ်အဆင့်၊

ဟူ၍ ဤသို့ အဆင့်အသီးသီးရှိလေသည့်အနက်တွင် သောတာပန် အဆင့်မှာ အောက်ဆုံးအဆင့် ဖြစ်လေသည်။ အထက်အထက်သော အဆင့်များကို ထားဘိဦး၊ အောက်ဆုံး အဆင့် ဖြစ်သော သောတာပန် အဆင့်မှာပင် အဘယ်မျှ ချမ်းသာလေသနည်း။

ဤ၌ သောတာပန်ဟူသည် အဘယ်နည်း။ အဘယ်သို့ သောတာပန် ခေါ်သနည်းဟု မေးဖွယ်ရှိ၏။ မေးထိုက်၏။

သောတာပန်သည် သောတ အာပန္နမှဆင်းသက်လာသော ပါဠိသက် စကား ဖြစ်၏။ သောတ–ရေအလျဉ်၊ အာပန္န–ရောက်ရှိခြင်း၊ အနက်ထွက်၏။ အဓိပ္ပာယ်မှာ ရေစီးကြောင်းကြီးထဲကို ရောက်ရှိသွားခြင်း။ ယင်း ရေစီးကြောင်းကြီးထဲသို့ ရောက်ရှိသွားသူကို သောတာပန်ဟု ဆိုသည်။

ထိုရေစီးကြောင်းကား ပကတိသော ရေစီးကြောင်းမဟုတ်၊ နိဗ္ဗာန် ရေစီးကြောင်းဟု ဆိုခြင်းဖြစ်သည်။ ထို့ကြောင့်–

> သောတာပန်ဆိုသည်မှာ နိဗ္ဗာန်သို့ သွားရာ ရေစီးကြောင်း၊ နိဗ္ဗာန်သွားရာ နိဗ္ဗာန်လမ်းမကြီးပေါ်သို့ ရောက်ရှိသွားပြီဖြစ်သူ၊ ထိုသို့ နိဗ္ဗာန်ရေစီးကြောင်းကြီးထဲသို့ ရောက်ရှိသွားပြီ ဖြစ်သဖြင့် အပါယ်လေးပါး တံခါးပိတ်၍ နိဗ္ဗာန် ရောက်ဖို့အတွက် စိတ်ချရသူ ဖြစ်သတည်း။

တနည်းအားဖြင့် သောတာသဒ္ဒါသည် နားဟူသောအနက်ကိုလည်း ဟော၏။ မြန်မာမှုအရဆိုသော် နား၏အလုပ်ကား အသိကို ခံယူခြင်း၊ အသံကို နားထောင်ခြင်းဖြစ်၏။ လူတို့ ဆိုပြောသမျှ စကားကို လည်းကောင်း၊ ဥတုကြောင့်ဖြစ်သော လေတိုက်သံ၊ မိုးချုန်းသံများကို လည်းကောင်း ခံယူနားထောင်ခြင်းသည် နား၏ အလုပ်ဖြစ်သည်။ အသံ ဟူသမျှကို နားကခံယူ၏။ နားထောင်၏။

ဤသောတာပန် ဟူသော စကားမှ သောတသည် အဘယ်သို့သော အသံမျိုးကို ခံယူ၍အဘယ်သို့သော အသံမျိုးကို နားထောင်လေသနည်း။

ယင်း မေးခွန်း၏ အဖြေကား ပညတ်နှင့် ပရမတ်ကို ခွဲခြားလျက် ကွဲကွဲ ပြားပြား ဟောအပ်သော ဘုရားစကား၊ တရားသံကို အသားကျကျ ခံယူသည်။ နားထောင်သည်။ တရားသားကို အသားကျကျ ခံယူသော နားဟု ဆိုလိုသည်။ ထိုကဲ့သို့သော နားမျိုးရှိသူကို "တရားပေါက်သူ" သောတာပန်ဟု ဆိုသတည်း။

## ဘုံစဉ်စံ သောတာပန်

သောတာပန်သည် အပါယ်တံခါးပိတ်၍ နိဗ္ဗာန်အတွက် စိတ်ချရသော ဘဝဖြစ်၏။ ထို့ကြောင့် လူတို့သည် သောတာပန် ဖြစ်လိုကုန်၏။ သောတာပန် ဖြစ်ချင်ကြ၏။

သို့သော် လူနှင့် သောတာပန်ကြား၌ ပြဿနာတခုက ခိုးလိုးခုလု ကြီး ခံနေရ၏။ တစ်ဆို့ကြီးဖြစ်နေ၏။ ယင်းပြဿနာက အခြားမဟုတ်၊ ကာမသုခ-ကာမဂုဏ်ချမ်းသာ ဖြစ်သတည်း။

မှန်၏။ လူသည် ဝါသနာကို စွန့်နိုင်ခဲသူဖြစ်၏။ ဘဝများစွာသံသရာ တလျှောက်လုံး လူသည် ကာမညွန်အိုင်ကြီးထဲတွင် ကျွဲလူးသကဲ့သို့ လူးလာခဲ့သော ဝါသနာအထုံပါလာလေသူ ဖြစ်ရကား ရုတ်တရက် ကာမကို အာလယ မဖြတ်နိုင်ချေ။ နိဗ္ဗာန်ကိုလည်း လိုချင်သည်။ ကာမဂုဏ်ကိုလည်း ခံစားချင်သည်။ ကာမကို မခွဲနိုင်၊ မခွာရက်အောင်ဖြစ်နေသည်။ "အကယ်၍များ ကာမဂုဏ် ခံစားယင်း ရောက်မည့်နိဗ္ဗာန်၊ ရမည့်နိဗ္ဗာန်များ ရှိပါက ရောက်ချင်၊ ရချင်စမ်းပါဘိတော့သည်" ဟူ၍ တောင့်တလေ၏။ ဤသို့ ကာမဂုဏ်ခံစားယင်း နိဗ္ဗာန်ရလိုသူများ ငင်ဇင်ဧကန် အမှန်ပင် ရှိခဲ့လေသတည်း။

မှန်၏။ ဗုဒ္ဓသက်တက်တော်က ဥဂ္ဂသေန သဌေးဟူ၍ ရှိသည်၊ သားမယားကိုလည်း အလွန်ချစ်သူ၊ စည်းစိမ်လည်း အလွန်ယင်မှုသူဖြစ်

လျက် သွသည် နိဗ္ဗာန်ကိုလည်း လိုချင်၏။ မယားကို ချစ်ယင်း စည်းစိမ်ယစ်ယင်းနှင့် နိဗ္ဗာန်ရနိုင်သော နည်းလမ်းများ ရှိ–မရှိ သိလိုသောကြောင့် အခါတပါးတွင် ဗုဒ္ဓထံ ချဉ်းကပ်၍ ထိုအကြောင်းကို မေးလျှောက်ကြည့်လေ၏။

"ရွှေ ဘုန်းတော်သခင် အရှင်သူမြတ်ဘုရား၊ တပည့်တော် လျှောက်ထားပါရစေ၊ ခွင့်ပြုတော်မူပါ။

"တပည့်တော်၏ ဇနီးသည် တပည့်တော်ကို လွန်စွာမြတ်နိုးရှာပါသည်။ တပည့်တော်ကလည်း သူ့ကို လွန်စွာမြတ်နိုးပါသည်။ ထင်ရှားအောင် လျှောက်ထားရမည်ဆိုပါလျှင် နားနှင့်မနာ ဖဝါးနှင့် နာတော်မူပါ ဘုရား။

"အရှင်ဘုရား၊ တပည့်တော်၏ ဇနီးသည် အရပ်တပါးသို့ တပည့်တော် ခရီးထွက်သွားသောအခါများတွင် သူ့ခမျာ မစားနိုင်၊ မသောက်နိုင်၊ မအိပ်နိုင်ရှာပဲ တပည့်တော်ပြန်လာမည့်လမ်းကိုသာ မျှော်တလင့်လင့်နှင့် စောင့်ကြိုနေပါသည်။ တပည့်တော်ကလည်း ဇနီးကိုစွဲလမ်းမှုကြောင့် အိမ်က ထွက်သည့်နေ့မှစ၍ ပြန်ရောက်မည့် ရက်ကိုသာ လက်ချိုးကာချိုးကာ ရေတွက်မိပါသည်။

"အမှန်အတိုင်း လျှောက်ရလျှင် တပည့်တော် အပါယ်လားမှာ ကြောက်ပါသည်။ နိဗ္ဗာန်ကို ရလိုရောက်လိုပါသည်။ သို့သော် တပည့်တော်မှာ ခက်နေတာက ဇနီးကို မခွဲနိုင်ပါ၊ ခြွေရံသင်းပင်းများနှင့်တကွ ရွှေ၊ ငွေ စသော ဥစ္စာများကိုလည်း တပည့်တော် မစွန့်နိုင်ပါ၊ ဟောထွက်၍ ရဟန်းလည်း မပြုနိုင်ပါ၊ လောကီစည်းစိမ်များကို ခံစားယင်း နှင့်ပင် တပည့်တော် နိဗ္ဗာန်ရောက်လိုပါသည်။ ဖြစ်နိုင်သော နည်းလမ်းများရှိပါသလား ဘုရား၊ ဖြစ်နိုင်လျှင် ထိုနည်းလမ်းကို အမိန့် ရှိတော်မူပါဘုရား" ဟူ၍ လျှောက်ထားဖူး လေသည်။

ထိုအခါ ဗုဒ္ဓမြတ်ဘုရားသည် ဥဂ္ဂသေန သဋ္ဌေးအား ကာမဂုဏ်တန်းလန်းနှင့် လူ့ဘောင်၌ နေလိုသူများအတွက် ထိုသူတို့နှင့်လျောက်ပတ်သော လူ့အဖြစ်၊ လူ့ဘဝနှင့်ပင် ဇနီးတွဲလဲ၊ သားသမီးတွဲလဲ၊ ရွှေ၊ ငွေတွဲလဲနှင့် နိဗ္ဗာန်ဝင်နိုင်သော သောတာပန်လမ်းစဉ်ကို ညွှန်ပြဟောကြားတော်မူ၏။

သောတာပန်အဖြစ်သို့ ရောက်သော် အပါယ်တံခါး ပိတ်လေပြီဖြစ်၏။ မည်သည့်အခါမှ အပါယ်သို့မလားနိုင်တော့ချေ။ နိဗ္ဗာန်အတွက်

စိတ်ချရသော ဘဝဖြစ်၏။ နိဗ္ဗာန်မရောက်မီအတွင်း ခုနစ်ဘဝ တိုင်တိုင် မြတ်သော အမျိုး၌ချည်းဖြစ်၍ ဘုံစဉ်အတိုင်း စံစားသွားပြီးမှ နိဗ္ဗာန်ဝင်၏။

ဥက္ကသေနသဌေးကဲ့သို့ လောကီစည်းစိမ်ကို ဘုံစဉ်စံပြီးမှ နိဗ္ဗာန် ရောက်လိုသူများနှင့် သောတာပန်အဖြစ်သည် အထူးသင့်လျော်လှ၏။

ကိလေသာသည် ၁၅၀၀ ရှိ၏။ သောတာပန်ပုဂ္ဂိုလ်သည် ယင်း ကိလေသာ ၁၅၀၀ ထဲမှ 'ဒိဋ္ဌိ' တလုံးကိုသာ ပယ်ရသေးသည်။ ၁၄၉၉ မျိုးသော ကိလေသာများ သောတာပန်၏ သန္တာန်၌ ကျန်လေသေး၏။ လောဘကျန်၊ ဒေါသကျန်၊ မောဟကျန်၊ မာနကျန် အများကြီးကျန် သေး၏။

ထို့ကြောင့် သောတာပန်သည် လောဘတန်းလန်း၊ ဒေါသတန်း လန်းနှင့် ရှိနေသေးသောကြောင့် လောဘ ကြီးသည့်အခါကြီး၊ ဒေါသ ထွက်သည့်အခါထွက်၍ လောကီအာရုံ၊ ကာမဂုဏ်ဓလေ့ဖြင့် မွေ့မွေ့ လျော်လျော်၊ ပျော်တပြုံးပြုံးနှင့် မော်မဆုံးအောင်ပင် ရှိနေသေးသော ဘဝဖြစ်လေသည်။

ထင်ရှားသော သာဓကများမှာ ဝိသာခါ ကျောင်းအမကြီးသည် ၇-နှစ်သမီး အရွယ်ကပင်သောတာပန်အရိယာဖြစ်သော်လည်းသားတကျိပ်၊ သမီးတကျိပ် မြေးမြစ်တွေက တရုံးရုံးနှင့် အသက် ၁၂၀ တိုင်အောင် ကြီးကျယ်လှစွာသော လူ့စည်းစိမ်၊ လူ့ချမ်းသာကို ခံစားစံစား သွားပြီး လျှင် ယခုလည်း နိမ္မာနရတိနတ်ဘုံတွင် သုနိမ္မိတမည်သော နတ်မင်းကြီး၏ နတ်မိဖုရားကြီးဖြစ်၍ ကြီးကျယ်သော နတ်စည်းစိမ်၊ နတ်ချမ်းသာကို ခံစား၊ စံစားလျက်ပင် ရှိလေသည်။

သိကြားမင်းသည်လည်းသက္ကပဉှာသုတ် ဒေသနာတော်ကို ကြားနာ ရပြီးသည့်အဆုံး၌ သောတာပန် အရိယာပုဂ္ဂိုလ်ကြီး ဖြစ်သွား၏။ သို့ပါ လျက်လည်း လောဘအမျှင် တန်းလန်းနှင့် ရှိနေသေးသောကြောင့် သုံးကုဋေ ခြောက်သန်းမျှသော ဒေဝစ္ဆရာ နတ်ကညာများ၊ နတ်မိဖုရား များ ခြံရံလျက်ပင် ရှိလေသည်။ ဝိသာခါ၊ သိကြားမင်းတို့နှင့် အလား တူသော အခြား အခြားဘုံစဉ်စံ သောတာပန်တို့လည်း များစွာရှိကုန်၏။ အထက်အဆိုပါ ဝိသာခါ၊ သိကြားမင်း စသော အရိယာပုဂ္ဂိုလ်တို့သည် လူ့စည်းစိမ်၊ နတ်စည်းစိမ်များကို ခံစားယင်း သောတာပန်အဖြစ်ဖြင့် နိဗ္ဗာန်ဝင်လိုသူများအတွက် အားတက်ဖွယ်ရာ သာဓကများ ဖြစ်ကုန် သတည်း။

# သောတာပန် ဖြစ်ထိုက်သော အရည်အချင်း

ဗုဒ္ဓဟူသည် လူမှ ဖြစ်တော်မူ၏။ ထို့အတူရဟန္တာတို့သည် လည်းကောင်း၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ တို့သည် လည်းကောင်း လူမှဖြစ်ကုန်သည်ချည်း ဖြစ်၏။ ဗုဒ္ဓမျိုး၊ ရဟန္တာမျိုး၊ သောတာပန်မျိုး၊ သကဒါဂါမ်မျိုး အနာဂါမ်မျိုးဟူ၍ သီးခြားမရှိ၊ လူထဲကလူချည်း ဖြစ်ကုန်၏။

ထို့ကြောင့်ဗုဒ္ဓအဖြစ်ကိုထား၍ဤသာသနာတော်အတွင်းသောတာပန်၊ သကဒါဂါမ်၊အနာဂါမ်ရဟန္တာများဖြစ်ရန်အလားအလာ ရှိသည်ပင် ဖြစ်၏။ အတိတ်ဘဝများက မိမိတို့ ဆည်းပူးလာခဲ့ကြသည့် ပါရမီများကို မည်သူမျှ မမြင်နိုင်။ မည်သူမဆို ပါရမီ ရင့်ခိုက်နှင့် ကြုံကြိုက်လျှင် အရိယာဘုံသို့ ဆိုက်ရောက်နိုင်၏။

သောတာပန်အဖြစ်သည် ချစ်သူ့မျက်နှာလေးကို တငံမ့်ငံမ့်ကြည့် ယင်း ဘုံဗဲ့ဉ်စံလိုသူများနှင့် အထူးသင့်လျော်၏။ သောတာပန် မဖြစ်နိုင်သူဟူ၍ မရှိ။

ယာဒိသံ ဝပ္ပတေ ဗီဇံ တာဒိသံ ဟရတေ–ဖလံ။

ယာဒိသံ-အကြင်သို့သဘောရှိသော၊ ဗီဇံ–သရက် ပိန္နဲသောမျိုးစေ့ကို၊ ဝပ္ပတေ-စိုက်ပျိုး ၏။ တာဒိသံ-ထိုသို့သော သဘော ရှိသော၊ ဖလံ–သရက်သီးပိန္နဲသီးစသောအသီးကို၊ ဟရတေ–ဆောင်၏ဟူ၍ဟောတော်မူအပ်သော ဒေသနာတော်အတိုင်းပင် သောတာပန် ဖြစ်ထိုက်သော အင်္ဂါရပ်၊ အရည်အချင်းနှင့် ပြည့်စုံမည်ဆိုပါက မည်သူမဆို သောတာပန် ဖြစ်နိုင်၏။ သောတာပန် ဖြစ်ထိုက်သော အင်္ဂါကိုကား သုတ်ပါထေယျပါဠိတော်၌ ဤသို့ ဗုဒ္ဓ ဟောကြားထားတော် မူခဲ့သတည်း။

စတ္တာရိ သောတာပတ္တိ ယင်္ဂါနိ၊
ကတမေ စတ္တာရော၊ သပ္ပုရိသသံသေဝေါ၊
သဒ္ဓမ္မဿဝနံ၊ ယောနိသော
မနသိကာရော၊ ဓမ္မာနုဓမ္မပဋိပတ္တိ။ [1] ။

အဓိပ္ပာယ်ကား-

(၁) သပ္ပုရိသသံသေဝ– ရုပ်နာမ်ခန္ဓာ၊ ဓာတ်သစ္စာတို့၌ ကျွမ်းကျင်လိမ္မာသော သူတော်ကောင်းနှင့် ပေါင်းဖော်ရခြင်း တပါး။

---

၁။ ဒီဃနိကာယ်၊ သုတ်ပါထေယျပါဠိ၊ သင်္ဂီတိသုတ်။ ၁၉၈။ (ဆဋ္ဌ)

(၂) သဒ္ဓမ္မဿဝန်- ရုပ်နာမ်ခန္ဓာ၊ ဓာတ်သစ္စာတို့နှင့် စပ်သော တရားစကားကို ကြားနာခြင်း၊ မှတ်သားခြင်း၊ သင်ကြားခြင်းတပါး။

(၃) ယောနိသောမနသိကာရ— ရုပ်ဓာတ်၊ နာမ်ဓာတ်၊ ခန္ဓာဓာတ်၊ ပရမတ်တရားတို့ကို ထင်းကနဲ လင်းကနဲ ဉာဏ်မျက်စိထဲတွင် ထင်လာ၊ မြင်လာအောင် အသင့်အတင့် နှလုံးသွင်းခြင်း တပါး။

(၄) ဓမ္မာနုဓမ္မပဋိပတ္တိ- မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ရခြင်း၏ အကြောင်းဖြစ်သော သက္ကာယဒိဋ္ဌိကို ပယ်ရှားရခြင်း တပါး။

ဤအင်္ဂါလေးရပ်နှင့်ညီလျှင် သောတာပန် ဖြစ်ပြီဟု ဗုဒ္ဓဟောတော်မူ၏။ ဗုဒ္ဓချပေးထားခဲ့သော သောတာပန်လမ်းစဉ်အရ သောတာပန် ဖြစ်လိုသူသည် ရှေးဦးစွာ ဆရာကောင်းကို ရှာရသည်။ လောကီအလုပ်၌ ဖြစ်စေ၊ လောကုတ္တရာအလုပ်၌ ဖြစ်စေ၊ ဦးဆောင်ညွှန်ကြားပြသသူဆရာသည် လွန်စွာအရေး ကြီးလှ၏။

ရှေ့ဆောင်နွားလား အဖြောင့်သွားက နောက်နွားတစိုက် အဖြောင့်လိုက်၏။

ရှေ့ဆောင်နွားလား အကောက်သွားက နောက်နွားတစိုက် အကောက် လိုက်၏။

ထိုစကားအတိုင်း ဆရာက မှန်ရာကို ညွှန်ပြလျှင် သောတာပန် နိုင်လိမ့်မည်၊ ဆရာက အမှားကို ညွှန်ပြလျှင်ကား သောတာမပန်နိုင်ပဲ ဖြစ်နေမည်။

ထို့ကြောင့် ဗုဒ္ဓသည် ကောင်းသောဆရာ၊ ဖြောင့်မတ်သော ဆရာကိုရှာအပ်ကြောင်းကို 'ယထာဘူတံ ဉာဏာယသတ္ထာပရိယေသိတဗ္ဗော' ဟူ၍ ၄၄-ကြိမ်တိုင်တိုင် သတိပေးတိုက်တွန်း သွားတော်မူသတည်း။

ယထာဘူတံ- ဟုတ်မှန်ရာကို၊ ဝါ- ဟုတ်မှန်သောအတိုင်း၊ ဉာဏာယ—ဇာနနတ္ထာယ—သိခြင်းအကျိုးငှာ၊ သတ္ထာ ဆရာကို၊ ပရိယေသိတဗ္ဗော ရှာမှီးအပ်၏။ ဝါ-ရှာမှီ၍ ဆည်းကပ်ရာ၏။

ဤကား ဗုဒ္ဓ၏ ညွှန်ကြားချက် ဖြစ်၏။ ဤ၌ ဆရာဆိုသည်ကား 'သည်ဟာက ပညတ်၊ သည်ဟာကိုတော့ ပရမတ်လို့ခေါ်တယ်'။ ဤသို့ ပညတ်နှင့် ပရမတ်ကို ခွဲခွဲခြားခြား ကွဲပြားအောင် ပြောပြတတ်သော

ဆရာကို ဆိုလိုသည်။ အဘယ်ကြောင့်ဆိုသော် ပညတ်နှင့်ပရမတ်ကို ခွဲခွဲခြားခြား နားလည်ပါမှ သက္ကာယဒိဋ္ဌိ အတ္တစွဲပျောက်မည်။ သက္ကာယဒိဋ္ဌိကွာ၍ အတ္တစွဲပျောက်မှ သောတာပန်ဘဝသို့ ရောက်နိုင်မည် ဖြစ်သောကြောင့်တည်း။

## သောတာပန် ဖြစ်လိုသော် တရားသားကျကျ နားကိုအသုံးချ

ဤ၌ သဒ္ဓမ္မဿဝနံ ဟူသော ဒုတိယအချက်နှင့် သက်ဆိုင်လာ၏။ သူတော်ကောင်းတို့ ဟောပြောသော တရားကို ကြားနာမှတ်သား ဆိုရာ၌ ကြားနာခြင်း၊ တရားနာခြင်း အလုပ်မှာ နားနှင့်သာ သက်ဆိုင်၏။ နား၏အလုပ်ဖြစ်၏။ မြန်မာမှု၌ နား၊ မျက်စိ ဟူသောစကားရှိ၏။ ပါဠိဘာသာအားဖြင့် နားကို သောတဟု ဆို၏။ ထို့ကြောင့် သောတကို နားဟု ဘာသာပြန်ကြ၏။

သောတာပန်–ဟူသောစကား၌ သောတ သဒ္ဒါသည် နားဟူသော အနက်ကိုလည်း ဟောသည်ဖြစ်ရာ နား၏ အလုပ်ကား အသံကို ခံယူခြင်း၊ အသံကို ဖမ်းယူနားထောင်ခြင်း ဖြစ်၏။ အသံဟူသမျှကို နားဖြင့် ခံယူကြောင်း အထက်၌ ဆိုခဲ့ပြီး ဖြစ်၏။ ပရမတ်တရားကို အသားကျကျ ခံယူနိုင်သော နားဟု ဆိုလိုသည်။ ထိုကဲ့သို့သောနားမျိုး ရှိလျှင် တရားပေါက်သူ၊ ဝါ–သောတာပန်ဖြစ်ရန် မဝေးတော့ပြီ။

လောကီအလုပ်ကိုဖြစ်စေ၊ လောကုတ္တရာအလုပ်ကိုဖြစ်စေ၊ မိမိ အလိုရှိအပ်သော အကျိုး၊ ကိစ္စ ပြီးမြောက်ရန်အတွက် အလုပ်လုပ်ကြရာ၌ ဆင်းဆင်းရဲရဲ၊ အားပါးတထုတ် လုပ်ယူရသော အလုပ်မျိုးလည်း ရှိ၏။ သက်တောင့်သက်သာနှင့် ပြီးစီးသော အလုပ်မျိုးလည်း ရှိ၏။

ဤတွင် သောတာပန် အလုပ်ခွင်သမိုင်းစဉ်ကိုကြည့်လျှင် အံ့လောက်သွယ်သ၏။ အများအားဖြင့် သက်တောင့်သက်သာနှင့် သောတာပန် ဖြစ်ဖြစ်သွားကြသည်ကများ၏။ သောတာပန် ဖြစ်ဖို့အတွက် အရိုးကြေကြေ အရေခန်းခန်း ကမ္မဋ္ဌာန်း အားထုတ်ယူရသော သောတာပန်မှာ မရှိသလောက်ပင် ရှား၏။

သောတာပန် ဖြစ်လိုက်လျှင် တဦးတယောက်တည်း ခြောက်ကပ်ကပ် ဖြစ်သည်ထက် အပေါင်းအပါများနှင့် တပျော်တပါးကြီး အုပ်လိုက်၊ သင်းလိုက်၊ အဖွဲ့လိုက် ဖြစ်ကြသည်က များကြောင်းကို တွေ့ရ၏။ ဗုဒ္ဓသည် သာဝတ္ထိ၊ ဗာရာဏသီ၊ ရာဇဂြိုဟ် စသော နေရာအသီးသီးတို့၌ ရှိသတ်

အသီးသီးတို့အား တရားဟောတော် မူလေရာ ဒေသနာတော်၏ အဆုံး၌ အားလုံးသော်လည်းကောင်း၊ အချို့အဝက်သော်လည်းကောင်း သောတာပန်၊ သကဒါဂါမ် စသည် တည်ကုန်လေ၏ဟု ဆို၏။

ဤသို့ သောတာပန် တည်ကြခြင်းမှာ ရှေးကဆည်းပူးခဲ့သော ပါရမီ အခံရှိခြင်း၊ တရားစစ် တရားမှန်ကို ကြားနာရခြင်းကြောင့် ဖြစ်၏။ နားပါးသောကြောင့်ဟု ဆိုနိုင်၏။ တရားစကားကို ကြားနာရကာမျှဖြင့် တရားတော်၏ အနှစ်သာရကို သိလွယ်၊ ထင်လွယ်၊ မြင်လွယ်၊ သဘောပေါက်လွယ်သည်ကို 'နားပါသည်၊ နားပါးသူ'ဟု ဆိုလိုသည်။ ယင်းသာဓကကို ဒ မြွက်မျှပြရသော်...

ဘုရားသခင်သည် ဟေမဝတသုတ်ဒေသနာကို ဟောတော် မူပေ၏။ တရားတော်၏ အဆုံး၌ ထိုနတ်စစ်သူကြီး နှစ်ဦး (ဟေမဝတနှင့် သာတာဂိရိ)တို့သည် သောတာပန် တည်လေကုန်၏။ ကြွင်းကုန်သော နတ် ဘီးလူးတို့သည်လည်း သရဏဂုံ၊ ပဉ္စသီ တည်ကြကုန်သတည်း။[၁]

ဤဟေမဝတနှင့် သာတာဂိရိ နတ်မင်းကြီးတို့သည် ငါတို့ သောတာ ပန် ဖြစ်ချင်စမ်းပါဘိဟူ၍ မည်သည့်ကမ္မဋ္ဌာန်းကိုမျှ စီးဖြန်း၊ အားထုတ်ရ ခြင်း မရှိ၊ နားပါးသောကြောင့် တရားတော်ကို ကြားနာရကာမျှနှင့် သောတာပန် တည်ကြခြင်းဖြစ်၏။

ထိုမှတပါး နားပါးသူ အမျိုးသမီးတဦး ရှိ၏။ ကာဠီဟု အမည် တွင်၏။ သာသနာတွင် ရှေးဦးသောတာပန်ဖြစ်၏။

နတ်မင်းကြီး နှစ်ပါးထက် စော၍ သောတာပန်ဖြစ်နှင့်သူ ဖြစ်၏။ နတ်မင်းကြီး နှစ်ပါးတို့ ဆိုပြောနေကြသော ဘုရားသခင်၏ ဂုဏ်ကျေးဇူး စကားကိုကြား၍ သောတာပန်ဖြစ်သူ ဖြစ်၏။

နတ်စစ်သူကြီးတို့၏ အသီးသီးပြောဆိုကြသော ဘုရားကျေးဇူးတော် စကားကို ကာဠီအမည်ရှိသော အမျိုးသမီးတယောက်သည် ပြာသာဒ်သို့ တက်၍ လေသွန်တံခါးကိုဖွင့်လျက် ကိုယ်ဝန်၏ ဝင်ပန်းခြင်းကို ဖျောက် ခြင်းငှာ ရပ်နေသောအခိုက်တွင် နားစိုက်မိ၍ အစ၊ အလယ်၊ အဆုံးတိုင် အောင်ကြားလျှင် "ဘုရားတို့သဘောသည် ဤသို့သော ဂုဏ်အထူးနှင့် ပြည့်စုံပေသည်တကား"ဟု ဘုရားဂုဏ်လျှင် အာရုံရှိသော ပီတိကို ဖြစ်စေ လျက် ထိုပီတိဖြင့် နီဝရဏဘေးကိုခွာ၍ ဝိပဿနာစီး ဖြန်းလျှင် ထိုပြာသာဒ် ထက်၌ ရပ်လျက်သာပင် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

---

၁။ ဝိနည်းပ္ပကာသနီကျမ်း၊ ဟေမဝတနှင့် သာတာဂိရိနတ်မင်းကြီး နှစ်ဦးတို့၏ အကြောင်းကို ပြဆိုသောအခန်းမှ-

သောတာပန်သည် ဤနည်းနှင်နှင် တရားသားကို နားပါးပါးဖြင့် ခံယူ၊ နာကြားခြင်းအားဖြင့် သက်တောင့်သက်သာ တရားပေါက်၍ အရိယာဘုံသို့ ရောက်ရှိသူဖြစ်၏။ သောတာပန်ဖြစ်လျှင် နိဗ္ဗာန်လက်မှတ်ရပြီး ဖြစ်၏။ ဝိသာခါတို့ကဲ့သို့ ဘုံစဉ်စံပြီးနောက် နိဗ္ဗာန်သို့မုချရောက်ရတော့မည် ဖြစ်သတည်း။

## လူနှင့် သက္ကာယဒိဋ္ဌိ

လူကို တထောင့်ငါးရာ ကိလေသာ ကြိုးမျှင်တို့ဖြင့် ဆိုင်းထား၏။ ချည်နှောင်ရစ်သိုင်းထား၏။ လှောင်ချိုင့်ထဲက ငှက်ငယ်အလား လူသည် ထောင့်ငါးရာ ကိလေသာပိုက်ကွန်တွင်း၌ မိခြင်းခံနေရသော သားကောင် ဖြစ်၏။

သက္ကာယဒိဋ္ဌိသည် တထောင့်ငါးရာ ကိလေသာကြိုးမျှင်များအနက် နှောင်ကြိုးတမျှင်အဖြစ် ပါဝင်၏။ သောတာပန်သည် ထို သက္ကာယဒိဋ္ဌိ တည်းဟူသော နှောင်ကြိုးကို ထောင်းကနဲ ဖြတ်ပြီးသူ ဖြစ်လေသည်။ ထို သက္ကာယဒိဋ္ဌိကား အဘယ်ကို ဆိုလိုလေသနည်း။

သန္တော သံဝိဇ္ဇမာနော ကာယော သက္ကာယော။

မိစ္ဆာဝသေန ဒိဋ္ဌိ- သက္ကာယဒိဋ္ဌိ။

သက္ကာယဒိဋ္ဌိ အကြောင်းကို ဤသို့ ဝိဂ္ဂဟ်ကျင်း၍ ဖွင့်ကုန်၏။ ယင်း၏ အတ္ထ မြန်မာပြန် နိဿယသော်ကား—

သန္တော- သံဝိဇ္ဇမာနော- ပရမတ္ထအားဖြင့် ထင်ရှားရှိသော။ ကာယော-ရုပ်နာမ် ခန္ဓာ အာယတန ပဋိစ္စသမုပ္ပါဒ် ဓာတ်အစုတည်း။ သက္ကာယော-ပရမတ္ထအားဖြင့် ထင်ရှားရှိသော ဓာတ်အစု။

မိစ္ဆာဝသေန-ထို ရုပ်နာမ်ခန္ဓာ၊ အာယတန၊ ပဋိစ္စသမုပ္ပါဒ်၊ ဓာတ်အစုကိုပင် ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမဟူ၍ မှားယွင်းသည်၏ အစွမ်းအားဖြင့်။ ဒိဋ္ဌိ-ထင်မြင်စွဲလမ်းခြင်းတည်း။ သက္ကာယဒိဋ္ဌိ-ပရမတ္ထ အားဖြင့် ထင်ရှားရှိသော ရုပ်နာမ် ခန္ဓာ၊ အာယတန၊ ပဋိစ္စသမုပ္ပါဒ်၊ ဓာတ်အစုကို ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမဟူ၍ မှားယွင်းစွာ ထင်မြင်စွဲလမ်းခြင်း၊ မှတ်ယူခြင်း။

အဓိပ္ပာယ်မှာ-အမြင်ခံ၊ အထင်ခံ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိနေသည်ကား၊ ပေါ်ပေါ်လွင်လွင် မြင်တွေ့နေရသည့်ရုပ်ကောင်၊ နာမ်ကောင်၊ ခန္ဓာကောင်ကို သက္ကာယကောင် ဟု ခေါ်သည်။ ရှိသည့် သက္ကာယကို သက္ကာယဟု မထင်လေပဲ ငါ၊ ငါ့သား၊ ငါ့မယား၊ ယောကျ်ား၊ မိန်းမ

အနေဖြင့် "သည်ဟာ ငါ၊ ဟောသည်ဟာက ငါ့မယား၊ သည်ဟာက ငါ့သား" ဟူ၍ အထင်မှား၊ အမြင်မှား၊ အမှတ်မှားခြင်းကို ဒိဋ္ဌိဟု ဆိုသည်။

သက္ကာယနှင့်ဒိဋ္ဌိ နှစ်ရပ်ပေါင်းစပ်မိသောအခါ ထွက်လာသော အနက်ကား- ပြောင်းပြန် ဖြစ်နေ၏။ သက္ကာယအနက် ပျောက်သွား၏။ သက္ကာယပုဒ်ထွက် အနက်ရင်းဖြစ်သော ရုပ်ကောင်၊ နာမ်ကောင်၊ ခန္ဓာကောင်၊ ငွေစ္စသမုပ္ပါဒ်ကောင်၊ ဓာတ်ကောင်ကို အရှိအတိုင်းမထင်၊ မမြင် လေပဲ ထိုရုပ်ကောင်၊ နာမ်ကောင်၊ ဓာတ်ကောင်၊ ပရမတ်ကောင်ကို ငါဟု ထင်လာသည်။ ငါ့သား၊ ငါ့မယား၊ ငါ့လင်ဟု ထင်လာသည်။ ယောကျ်ားပဲ၊ မိန်းမပဲဟူ၍ စိတ်ထဲ၌ စွဲမှတ်ယုံကြည်ခြင်း ဖြစ်လာသည်။

ပရမတ်မျက်စိဖြင့်ကြည့်လျှင် ရုပ်ကောင်၊ နာမ်ကောင်၊ ဓာတ်ကောင်၊ ပရမတ်ကောင်သာရှိ၏၊ သူကောင်၊ ငါကောင်၊ သားကောင်၊ မယားကောင်၊ သမီးကောင်၊ လူကောင်၊ နတ်ကောင်၊ ဗြဟ္မာကောင် ဟူ၍ မရှိ။ ဤသို့ မရှိပါပဲလျက် အရှိဟု ထင်နေကြ၏။ သက္ကာယဒိဋ္ဌိ- အတ္တစွဲ စွဲနေကြ၏။

## သက္ကာယနှင့် အတ္တ

အတ္တဆိုတာ ဘာလဲ။

သက္ကာယစွဲနှင့် အတ္တစွဲသည် စကားလုံးကွဲသော်လည်း အဓိပ္ပာယ်တူ၏။ အတ္တအကြောင်း ကောင်းကောင်း သဘောပေါက်လျှင် သက္ကာယ၏ အချက်အလက်များ အနက်ထင်ပြီး ဖြစ်၏။ ထို့ကြောင့် အတ္တဒိဋ္ဌိ၏ သွင်ပြင်ကို အထင်းသားမြင်အောင် ရှုကြပါစို့။

ဤ၌ အတ္တကိုပေါ်အောင် သရုပ်ဖော်ဖို့ အရေးကြီး၏။ အတ္တ ပျောက်မှ အနတ္တပေါ်မည်။ အနတ္တပေါ်မှ သက္ကာယဒိဋ္ဌိ ကွာ၍ သောတာပန်ဘဝ ရောက်မည် ဖြစ်သတည်း။

သို့ဖြစ်လေရာ ဤတွင် အနတ္တမြင်ကွင်းကို ထင်းကနဲ၊ လင်းကနဲ မြင်အောင် ပြဖို့ဆိုသောက်စွ၍ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ဟောပြောချက်မှာ သက်တောင့်သက်သာနှင့် သဘောပေါက်လွယ်၏။ လယ်တီဆရာတော်ဘုရားသည် ဝိပဿနာအလုပ်ကို ကိုယ်တိုင်လည်း အား ထုတ်တော်မူ၏။ အတ္တစကား အတ္တဒိဋ္ဌိနှင့် ပတ်သက်သော စကားများကို လည်း အခါခါးလျှော်စွာ ဟောကြားတော်မူ၏။ ဤ၌ သက္ကာယဒိဋ္ဌိ၊

အတ္တဒိဋ္ဌိ အချက်နှင့် ပတ်သက်၍ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား ကြီး ဟောကြားအပ်သော အနတ္တတရားတော်ကို ကြားနာကြရလျှင် ပို၍ဒ ကျိုး ရှိသည် ထင်ပါသည်။ သို့ကြောင့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား ကြီးက အနတ္တအချက်ကို ကွက်ကနဲ၊ ထင်းကနဲ၊ လင်းကနဲ မြင်အောင် ဟောကြားတော်မူသည်ကား-

အတ္တ- ဟူသောစကား၏ အနက်များကို ရှေးဦးစွာ သိထိုက်၏။ အတ္တဆိုသည်ကား- သတ္တဝါ အနှစ်အသားဟု ဆိုလိုသည်။

အနှစ်အသား ဆိုသည်ကား မြေအိုးဟူသော စကား၌ မြေသည် အိုး၏ အနှစ်အသား ဖြစ်၏။ အို၏ အနှစ်အသားဆိုသည်ကား အိုးဟူသော စကားသည် သဏ္ဌာနပညတ်၏ အမည်တည်း။ မြေ၏ အမည်မဟုတ်။ သဏ္ဌာနပညတ်၏ အမည်တည်း။ မြေ၏ အမည်မဟုတ်၊ သဏ္ဌာန ပညတ်သည်လည်း ပရမတ္ထ တရား ကဲ့သို့ ခေတ်နှစ်ခေတ်သာ ရှိသည်မဟုတ်၊ မြေသာလျှင် ပရမတ္ထ ဖြစ်၍ ခေတ်နှစ်ခေတ်သာ ရှိ၏။

လောက၌ "အိုးဟူ၍ ရှိ၏လော"ဟု ဆိုခဲ့သော် ပရမတ်နှင့် ပညတ်ခြားနားမှုကို မသိသော သူတို့က "အိုးဟူ၍ ရှိ၏"ဟု ပြောကြားကုန်လတ္တံ့။ "အိုးဟူ၍ ရှိ၏"ဟုဆိုလျှင် "ထိုအိုးကို ပြစမ်းပါ"ဟု မေးရာ၏။ ထိုအခါ အနီး၌ရှိသော အိုးကို လက်ညှိုးထိုး၍ "ဤသည်ကား အိုးမဟုတ်လော"ဟု ပြကုန်လတ္တံ့။

ထိုသို့ ပြခြင်းသည် အိုးမဟုတ်သောမြေကို "အိုး"ဟု စွပ်စွဲခြင်းဖြစ်၏။ အစွပ်စွဲ မှား၏။ မှားပုံကား- မြေဟူသည် ပညတ်မျိုး ဖြစ်၍ အနှစ်အသားမရှိ၊ ကောင်းကင်ကဲ့သို့ အချည်းနှီးတည်း။

မြေကို အိုးဟူ၍ စွပ်စွဲခြင်းသည် မြေကို အိုး၏ အတ္တပြုခြင်း ဖြစ်၏။ အနှစ်အသားရှိသော မြေကို အနှစ်အသားမရှိသော အိုး၏ အထည်ခံ၊ အမာခံ၊ အနှစ်အသား ပြုခြင်းဖြစ်၏။ ကိုအခါ မရှိသောအိုးသည် ရှိသောအိုး ဖြစ်လေ၏။ မြေသည် အိုး၏အတ္တ ဖြစ်လေ၏။ အတ္တဖြစ်ခဲ့သော "မြေသည်ပင် အိုး၊ အိုးသည်ပင်လျှင် မြေ ဟူ၍ မြေနှင့်အိုး တခုတည်း ဖြစ်လေ၏။ ဤသို့ဖြစ်သည်ကို စွပ်စွဲ မှားခြင်း (ဒိဋ္ဌိ) ဆိုသတည်း။

ပရမတ်နှင့် ပညတ်ခွဲပုံ။ ။မြေအိုးဟူသော စကား၌ မြေကားတခြား၊ အိုးကားတခြား။ မြေသည် ပရမတ်၊အတ္တမျိုးတည်း။

ထို့ကြောင့် မြေသည် အိုးမဟုတ် အိုးသည် မြေမဟုတ်။ မြေကို အိုးဟုဆိုလျှင် မှား၏၊ အိုးကို မြေဟုဆိုလျှင် မှား၏။ မြေသည် အိုး၏အတ္တ မဟုတ်ပြီ။ အနတ္တဖြစ်လေ၏။ အိုးသည်လည်း သဏ္ဌာန ပညတ်မျှဖြစ်၍ ကောင်းကင်ပညတ်ကဲ့သို့ အချည်းနှီးသာ ထင်ရှားသတည်း။

ထို့ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားသည် တခြား၊ ပုဂ္ဂိုလ်သတ္တဝါသည် တခြား၊ ခန္ဓာငါးပါး ရုပ်နာမ် တရားသည် ပရမတ်မျိုး၊ ပုဂ္ဂိုလ်သတ္တဝါကား သဏ္ဌာနပညတ် သန္တတိပညတ် မျိုးတည်း။

ထို့ကြောင့်-

- ရုပ်တရား၊ နာမ်တရားသည် ပုဂ္ဂိုလ်သတ္တဝါမဟုတ်။
- ပုဂ္ဂိုလ်သတ္တဝါသည် ရုပ်တရား၊ နာမ်တရားမဟုတ်။
- ရုပ်တရား၊ နာမ်တရားကို ပုဂ္ဂိုလ်၊ သတ္တဝါဟု ဆိုလျှင် မှား၏။
- ပုဂ္ဂိုလ်သတ္တဝါကို ရုပ်တရား၊ နာမ်တရားဟုဆိုလျှင် မှား၏။

ဤသို့ မြင်နိုင်မှုကား ရုပ်တရား၊ နာမ်တရားသည် ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တမဟုတ်ပြီ။ အနတ္တ ဖြစ်လေ၏။ ပုဂ္ဂိုလ် သတ္တဝါသည်လည်း သဏ္ဌာနပညတ်၊ သန္တတိပညတ်မျှ ဖြစ်၍ အချည်းနှီး ထင်ရှားလေ၏။[၁]

ဤကား အတ္တနှင့် အနတ္တတို့ကို ဥပမာ၊ ဥပမေယျနှင့် မြန်မာဆန်ဆန် လယ်တီဆရာတော်ဘုရား၏ ရှင်းပြချက် ဖြစ်၏။ အတ္တစင်ကို ခွဲထုတ်လိုက်လျှင် အနတ္တ အလိုလို ကွယ်သေ၏။

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနောဟာ ၆ ါလား

မျက်စိဟူ၍ ရှိ၏။ နားဟူ၍ ရှိ၏။ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူ၍ ရှိ၏။ မျက်စိ၊ နား၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော ဤခြောက်ပါးတို့သည် အတွင်းသို့ ရိက္ခာများသွင်းရာ တံခါးပေါက်များနှင့် တူသောကြောင့် ဒွါရ မည်ကုန်၏။

---

၁။ လယ်တီ-ဝိပဿနာဒီပနီ၊ ၅၂-၅၃ (ဒီပနီပေါင်းချုပ် ဆင့်မှု)

(၁) မျက်စိတံခါး (စက္ခုဒွါရ)
(၂) နားတံခါး (သောတဒွါရ)
(၃) နှာခေါင်းတံခါး (ဃာနဒွါရ)
(၄) လျှာတံခါး (ဇိဝှါဒွါရ)
(၅) ကိုယ်တံခါး (ကာယဒွါရ)
(၆) စိတ်တံခါး (မနောဒွါရ)

လူတိုင်းလူတိုင်းမှာ ဤတံခါး ခြောက်ပေါက် ရှိ၏။ အပြင်အပ အာရုံတို့သည် ထိုတံခါး ခြောက်ပေါက်တို့မှ အတွင်းသို့ ဝင်လာကုန်၏။ ဝင်လာသမျှသော ထိုထိုအာရုံတို့သည် ဝင်ရသာထင်ပြီး ထွက်ရမထင်ကုန်။

ယင်းတံခါးခြောက်ပေါက်တို့အနက် မျက်စိတံခါးမှ အဆင်းသဏ္ဌာန် ရူပါရုံ အမျိုးမျိုးတို့ ထိုးဝင်ကုန်၏။ လှလှ၊ ချောချော၊ ရှုမောစရာ အာရုံတို့လည်း ဝင်ကုန်၏။ အရုပ်ဆိုး၊ အကျည်းတန် အာရုံတို့လည်း ဝင်ကုန်၏။ ရူပါရုံမှန်သမျှ အခြားတံခါးပေါက်မှ လမ်းမှား၍ ဝင်လေ့မရှိ၊ လမ်းမှားသည်ဟူ၍မရှိ။ ကောင်းသော ရူပါရုံဖြစ်စေ၊ မကောင်းသော ရူပါရုံဖြစ်စေ၊ ရူပါရုံမှန်သမျှ မျက်စိတံခါးပေါက်ကသာ တသုတ်ပြီးတသုတ် တဖွုတ်ဖွုတ်ဝင်ကုန်၏။

ထို့အတူ နားတံခါးပေါက်မှ သဒ္ဒါရုံခေါ်သော ပြောသံ၊ ဆိုသံ၊ ငိုသံ၊ ရယ်သံ၊ ခြိမ်းခြောက်သံ၊ ကြုံးဝါးသံ၊ ဆဲသံ၊ သီချင်းသံ၊ လေတိုက်သံ၊ မိုးချုန်းသံတို့ ဝင်ကုန်၏။ ထိုထို အသံဟူသမျှတို့သည် လမ်းမှားသည်ဟူ၍ မရှိ။ နားတံခါးပေါက်မှ တည့်တည့်ကြီး ဝင်ကုန်လေ၏။

ထို့အတူ ကောင်းသောအနံ့ဖြစ်စေ၊ ဆိုးသောအနံ့ဖြစ်စေ၊ အမွှေးနံ့ဖြစ်စေ၊ အပုပ်နံ့ဖြစ်စေ ရနံ့ဟူသမျှတို့သည် နှာခေါင်းတံခါးပေါက်မှ ဝင်ကုန်၏။ ချိုချဉ်စပ်ခါး စသောရသာရုံမျိုးစုံတို့ကား လျှာတံခါးပေါက်မှ ဝင်ကုန်၏။ အိစက်ညက်ညော၊ မာကျောကျောနှင့် ပူပူနွေးနွေး၊ အေးအေးမြမြ ဟူသော အတွေ့အာရုံတို့သည် ကိုယ်တံခါးပေါက်မှ ဝင်ကုန်၏။ အကြံအစည်၊ စိတ်ကူးစိတ်သန်း အတွေး အာရုံဟူသမျှတို့ကား စိတ်အာရုံမှ ဝင်ကုန်၏။

သူသူငါငါ၊ ကျား၊ မ မရွေး သတ္တဝါတိုင်း သတ္တဝါတိုင်း ဤအတိုင်းချည်းဖြင်၏။ မိမိမျက်စိလည်လမ်းမှား၍ တံခါးပေါက်လွဲ၍ ဝင်သော အာရုံဟူ၍မရှိ။ အာရုံခြောက်ပါးတို့သည် သူ့တံခါးနှင့် သူတည့်မတ်၊ ဖြောင့်တန်းစွာ အမှားအယွင်းမရှိ ဝင်ကုန်၏။

ဤတွင် ပုထုဇဉ်လူသားက ကြားဝင် မေးစရာလေ၏။ လှည်းကျီးကို ဝင်၍ထမ်းလေ၏။ မေးစရာပုံ၊ လှည်းကျီးကို ဝင်၍ထမ်းပုံကား ဤသို့ ဖြစ်သတည်း။

သူ့ဘာသာသူဖြစ်တည်နေသော တံခါးခြေးက်ပေါ်က ကိုပုထုဇဉ်လူသားက 'ငါ' ဟု အတ္တစွဲလျက် ငါ့မျက်စိ၊ ငါ့နား၊ ငါ့နှာခေါင်း၊ ငါ့လျှာ၊ ငါ့ကိုယ်၊ ငါ့စိတ် ဟူ၍ ပြောင်ပြောင်တင်းတင်း ကြီး အတင့်ရဲစွာ စွပ်စွဲလေ၏။

သို့ကြောင့် ချောချောလှလှ ကိုဝဏ္ဏ၊ မယ်ရူပတို့ကိုပဲဖြစ်ဖြစ်၊ အကျည်းတန်သော ကိုရုပ်ဆိုး၊ မယ်ရုပ်ဆိုးတို့ကိုပဲ ဖြစ်ဖြစ်၊ မျက်စိတံခါးပေါက်မှ တသုတ်ပြီး တသုတ်၊ တဖြုတ်ဖြုတ်ဝင်လာသမျှကို ငါမြင်သည်။ ငါမြင်သည် ဟူ၍ မျက်စိဥပြင်းထန်စွာ အတ္တစွဲ စွဲလေ၏။

ယင်းအချက်နှင့် ပတ်သက်၍ အခါတပါးတွင် ဗုဒ္ဓမြတ်ဘုရားသည် မာဂဏ္ဍိယအမည်ရှိသော ပရိဗိုဇ်အား ဟောကြားတော်မူဖူးပေသည်။

ဟောတော်မူပုံမှာ—

> စက္ခုခေါ မာဂဏ္ဍိယ ရူပါရာမံ
> ရူပရတံ၊ ရူပသမ္မုဒိတံ။[၁]

မာဂဏ္ဍိယ-မာဂဏ္ဍီအမည်သော ပရိဗိုဇ်ရဟန်း၊ စက္ခု-မျက်စိသည်၊ ခေါ-စင်စစ်၊ ရူပါရာမံ-အဆင်းအမျိုးမျိုးလျှင်မွေ့လျော်ရာရှိ၏။ ရူပရတံ-အဆင်းအမျိုးမျိုး၌ မွေ့လျော်တတ်၊ ခုံမင်နှစ်သက်၊ မခွာရက်အောင် စွဲမက်နေ၏။ ရူပသမ္မုဒိတံ-အဆင်း အမျိုးမျိုး၌ ပျော်မြူးတတ်၏။

ဤသို့လျှင် ပုထုဇဉ်သည် ငါမဟုတ်သော ငါနှင့် မည်သို့မျှ ပတ်သက်ခြင်း အလျှင်းမရှိသော မျက်စိကို 'ငါ့မျက်စိ' ဟု အတ္တပြုလျက် 'ငါမြင်သည်၊ ငါမြင်သည်' ဟူ၍ မှားယွင်းစွာ စွဲမှတ်၍ ကြွေးကြော်လေ၏။ ထို့အတူ နား၊ နှာခေါင်း စသည်တို့ကို 'ငါ့နား၊ ငါ့နှာခေါင်း' ဟူ၍ အတ္တပြုလေ၏။

> အသံကြားလျှင် ငါကြားသည်၊ ငါကြားသည်ဟူ၍ လည်းကောင်း၊
> အနံ့ရလျှင် ငါနံသည်၊ ငါနံသည် ဟူ၍ လည်းကောင်း၊
> အရသာတွေ့လျှင် ငါစားသည်၊ ငါစားသည် ဟူ၍လည်းကောင်း၊
> ကိုယ်၌ ပူအေး၊ ညောင်းညာ၊ ကိုက်ခဲ၊ ထုံကျဉ်ခြင်း ဖြစ်လျှင် ငါအေး၊ ငါပူ၊ ငါညောင်း၊ ငါကျင် ဟူ၍လည်းကောင်း၊

---

၁. ဝဂ္ဂပဏ္ဏာသ ပါဠိတော်၊ မာဂဏ္ဍိယသုတ်- ၁၇၃။

တခုခုအကြံရလျှင် ငါတွေးသည်၊ ငါစဉ်းစားသည် ဟူ၍ လည်း ကောင်း ပြောင်ပြောင် တင်းတင်းကြီး အတ္တစွဲ စွဲ၍ဆိုလေ၏။

ထို့ကြောင့် ငါ၊ ငါဟူသော အတ္တသည် ပုထုဇဉ်၏ သန္တာန်၌မူလီနှင့် စုပ်ထားသည်ထက်ပင်မြဲနေ၏။ ငါသွား၊ ငါစား၊ ငါချစ်၊ ငါမုန်း စသည် စသည်ဖြင့် ပုထုဇဉ်ကို ငါတလုံးက ဦးဆောင်နေချေ၏။

စင်စစ်အားဖြင့် ဆိုခဲ့ပြီးသော မျက်စိတံခါး၊ နားတံခါး စသော တံခါး ခြောက်ပေါက်တို့သည် ငါနှင့် တခြားစီဖြစ်ကုန်၏။ မျက်စိတံခါးပေါက်က တခြား၊ ငါကတခြား၊ မျက်စိတံခါးပေါက်သည် ပရမတ်မျိုး၊ ငါကား ပညတ်မျိုးဖြစ်၏။ လယ်တီဆရာတော်ဘုရား ပြဆိုသော ဥပမာအတိုင်းပင် မြေအိုးဆိုရာ၌ မြေသည် အိုးမဟုတ်၊ အိုးသည် မြေမဟုတ်။ မြေကို အိုးဆို လျှင် မှား၏။အိုးကိုမြေဆိုလျှင်မှား၏။ဆိုသကဲ့သို့ဤ၌လည်း မျက်စိတခြား၊ ငါတခြားဖြစ်ပါလျက် မျက်စိကို ငါဆိုလျှင် မှားသည်။ ငါကို မျက်စိဆို လျှင် မှားသတည်း။ ထို့အတူ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနောကို ငါဆိုလျှင် မှားသတည်း။ ငါကို နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနောဆိုလျှင် မှားသတည်း။

မျက်စိထဲမှာ ငါကို ရှာ၍ မတွေ့၊ ငါထဲမှာ မျက်စိမရှိ၊ ထို့အတူ နားထဲမှာ၊ နှာခေါင်းထဲမှာ၊ လျှာထဲမှာ၊ ကိုယ်ထဲမှာ ငါ မရှိ၊ ငါထဲမှာ လည်း နားမရှိ၊ နှာခေါင်းမရှိ။ ငါတခြား၊ မျက်စိတခြား၊ နားတခြား၊ ငါတခြား။ ငါကား ပညတ်မျိုး၊ မျက်စိသည်ကား ပရမတ်မျိုး ဖြစ်သည်၊

သတ္တုချလိုက်သော် အနှစ်သာရအားဖြင့် ပရမတ်မျိုးသည် သာ အတ္တ။ ငါ၊ သူတပါး၊ ယောကျာ်း၊ မိန်းမ စသည်တို့ကား ဘာတခုကိုမျှ မည်မည် ရရ ချပြစရာ မရှိသောကြောင့် အနတ္တဖြစ်၏။

အတ္တကို မိမိစိတ်ထဲက ကြေကြေညက်ညက်၊ အနှစ်အသား ကျကျ ပျောက်အောင် ဖျောက်လျှင် အနတ္တပေါက်လေ၏။ အနတ္တပေါက်သည် နှင့် တပြိုင်နက် မိမိသန္တာန်၌ ပွေးဝဲစွဲသလို စွဲတည်နေသော သက္ကာယဒိဋ္ဌိ ကွာသည်ကိုပင် သောတာပန်ဟု ဆိုသည်မဟုတ်ပါလော။

## ဤလူသားနှင့် ငါ ၃ ငါ

သို့သော် အငိုလွယ်လျက် အရှိက်ခက်၏။ ဆိုသကဲ့သို့ အပြောလွယ် လျက်လက်တွေ့ကျကျ အလုပ်လုပ်ကြည့်သောအခါတွင် မလွယ်လှ။ အတ္တ ပျောက်၍ အနတ္တပေါက်အောင် သက္ကာယကို ခွာလေသောအခါလူသား၏ ခံတပ်ကြီးသဖွယ် ငါ ၃ ငါက ရှေ့က ကန့်လန့်ကြီး ခံလာသည်။

(၁) အတ္တ – ငါ

(၂) အဟံ – ငါ

(၃) မမ – ငါ

အဘယ်မျှ အစွမ်းကောင်းသည်ဆိုသော်ငြားလည်း ပုထုဇဉ်လူသားသည် ဤ ငါ ၃-ငါကို ကျော်လွှားနိုင်ရန်အတွက် အခက်အခဲနှင့် ရင်ဆိုင်ရလေ၏။

ယင်း ငါ ၃-ငါအနက် အတ္တငါကား ဒိဋ္ဌိငါ ဖြစ်၏။ ငါငါဟူ၍ တငါငါ စွဲလမ်းနေမှုကို အတ္တငါ၊ ဒိဋ္ဌိငါဟု ဆိုသည်။ ငါ သွားသည်၊ ငါ လာသည်၊ ငါ ပြောသည်၊ ငါဆိုသည်၊ ငါနေသည်၊ ငါထိုင်သည်၊ ငါ ချစ်သည်၊ ငါမုန်းသည်ဟူ၍ အတ္တစွဲ၊ ငါစွဲ စွဲနေခြင်းမျိုး ဖြစ်လေသည်။ ''ဟောသည်ဟာ ငါ ဟူ၍ ထောက်ပြစရာ မည်မည်ရရ ဘာမျှ ရှိပါပဲလျက် အခြောက်တိုက် ဘဝင်မြင့်၍ တငါငါ စွဲလမ်းနေမှုမျိုးကို ဒိဋ္ဌိငါဟုဆိုသည်။

အဟံ ငါကား မာနငါ ဖြစ်သည်။ ငါဆိုမှငါ၊ ထောင်လွှားချင်သောငါ ဝင့်ဝါချင်သောငါ၊ ဆောင့်ကြွားကြွားငါ၊ ငါလိုလူ ဇမ္ဗူမှာ ရှိရိုးလားဟူ၍ ရင်ဘကော့ကော့၊ လက်မ ထောင်ထောင်၊ ခြေဖျားတထောက်ထောက်နှင့် မောက်မာသော ငါသည် အဟံငါဖြစ်လေသည်၊ ထို အဟံ ငါဖြင့် အခြားသူများအား အထင်သေးလေ၏။ မိမိနှင့် အဖက်မတန်၊ ဖုတ်လေသည့် ငါးပိ၊ ရှိသည်ဟူ၍ပင် မအောက်မေ့ ဖြစ်ပေ၏။ ငါနှင့်ငါသာ နိုင်းစရာဟု ပတ်ဝန်းကျင်ကို အထင်သေးသော ငါ ဖြစ်၏။

မမ ငါကား တဏှာငါတည်း။ ကိုယ့်ဗိုက်အောက် ကိုယ်ယက်သော လိပ်မျိုး ငါတည်း။ သက်ရှိ၊ သက်မဲ့ အားလုံးကို သိမ်ပိုက်ထားသော ရင်ခွင်ပိုက်ငါ ဖြစ်၏။ သည်ဟာ ငါ့လင်၊ ငါ့သား၊ ငါ့မယား။ ဟောသည်ဟာက ငါ့ရွှေ၊ ငါ့ငွေ၊ ငါ့တိုက်၊ ငါ့အိမ်၊ ငါ့ဝင်း၊ ငါ့ခြံ၊ ငါ့မော်တော်ကားဟူ၍ ဇနီးမယား၊ သမီးသားနှင့် စီးပွားဥစ္စာတို့အပေါ်၌ လောဘရမ္မက် လျှမ်းလျှမ်းတက်သော ငါသည် တဏှာငါ ဖြစ်လေသည်။ ငါ့ဟာ၊ ငါ့ဥစ္စာ ဟူ၍ စွဲလမ်းမှုမျိုး ဖြစ်သည်။

ဥပမာအားဖြင့် ဤ ငါ ၃-ငါကား ဒုံးပျံကြီးနှင့် တူ၏။ ပုထုဇဉ် လူသားအား ဒုံးပျံစီးသူနှင့် အလားတူ၏။ ပုထုဇဉ်လူသားသည် ငါတည်း ဟူသော ဒုံးပျံကြီးကိုစီးလျက် မရပ်မနား သံသရာကို ပတ်၍ ပြေးနေ၏။ သံသရာပတ် လမ်းကြောင်းကြီးပေါ်ဝယ် ငါတည်းဟူသော ဒုံးပျံကြီးကို စီးလျက် သူနိုင်၊ ငါနိုင် အပြေးပြိုင်နေကြသည်နှင့် တူ၏။ ငါစွဲ၊ အတ္တစွဲ ကျွတ်အောင် မချွတ်နိုင်ကြပဲ လိပ်ခဲတည်းလည်းကြီးဖြစ်နေကြကုန်သတည်း။

# သွားနေတာ ထင်ရှားပါလျက် ငါမသွားလျှင်

## ဘယ်သူသွားသလဲ။

ငါ တခြား၊ သွားခြင်း တခြား၊ ငါတခြား၊ လာခြင်း တခြား ဖြစ်ပါလျက်ကို ငါသွားသည်၊ ငါလာသည်ဟူ၍ မဆိုအပ်၊ မဆိုသင့်၊ မဆိုထိုက်၊ အထင်မှား၊ အမြင်မှား၊ အမှတ်မှား၍ အမှားမှား အယွင်းယွင်း ဆိုခြင်းသာဖြစ်သည် ဟူ၍ တိတိကျကျ ဆိုထား၏။

ယင်းသို့ ပြောချက်နှင့် ပတ်သက်၍ စာဒက တက်ပါရစေ။ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ မည်သူမည်ဝါမဆို သတ္တဝါ မှန်သမျှတို့ကား ခန္ဓာငါးပါးနှင့်ပင် တလှုပ်ရှားရှား သွားလာ နေကြသည်မှာ ကိုယ်တွေ့မျက်မြင် အထင်အရှားပင် ဖြစ်နေ၏။ သို့ပါလျက် ငါမသွား၊ ငါမလာ၊ ငါမပြော၊ ငါမဆို၊ ငါမချစ်၊ ငါမမုန်း ဟူ၍ အဘယ်ကြောင့် ဆိုနိုင်သနည်း။ ဤကား စာဒကတက် မေ မြန်းချက်ဖြစ်၏။

ယင်းမေးခွန်းမှာ လွန်စွာ လေးနက်လှ၏။ ပညတ်နှင့် ပရမတ်ကို အဖွဲ့အခွဲ့ကြည်း ကွဲပြားအောင် ခွဲထုတ်သော မေးခွန်းဖြစ်၏။ အဖြေကို ဤစာရေးသူ အနေဖြင့် ဖြေဆိုခြင်းထက် ယင်းပြဿနာနှင့်ပတ်သက်၍ ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရား ကြီး၏ အဆုံးအဖြတ်ကို ခံယူတော်မူကြပါဟု တိုက်တွန်းယင်း ဘာဝနာ ဒီပနီကျမ်းလာ ဆရာတော်ဘုရား၏ မြွက်ကြား ချက်ကို အရှိအတိုင်း ဖော်ပြလိုက်ပါသည်။

(မေး) သတ္တဝါ အများတို့သည် မိမိတို့ ခန္ဓာငါးပါးနှင့်သွားခြင်း၊ ရပ်ခြင်း အစရှိသော အမှုတို့ကို အလိုရှိတိုင်းပြု၍ နေကြသည်ကား ကိုယ်တွေ့ မျက်မြင် အထင်အရှားဖြစ်၏။

ထိုသို့ဖြစ်ပါလျက် ခန္ဓာငါးပါးသည် ပုဂ္ဂိုလ်သွားလိုလျှင်သွား၏။ ရပ်လိုလျှင် ရပ်၏။ အစရှိသော အလိုလိုက်မှု မရှိဟု အဘယ့်ကြောင့် ဆိုပါ သနည်းဟု စာဒက တက်ရန်ရှိ၏။

(ဖြေ) တခုသော ခက်မာမှုသည် မချုပ်မပျက်မူ၍ "ပုဂ္ဂိုလ် သွား လိုလျှင် သွား၏၊ ရပ်လိုလျှင် ရပ်၏ အစရှိသော အလိုလိုက်မှု မရှိသည်ကို ဆိုလိုသတည်း။

လောက၌ ခန္ဓာငါးပါးနှင့်ပင် သွားခြင်း၊ ရပ်ခြင်း စသောအမှုတို့ကို အလိုရှိတိုင်းပြု၍ နေကြသည်မှာကား ခက်မာမှု အသစ်သစ်ကို အဆက် အဆက် စီစဉ်၍ မြစ်ရေအလျဉ်ကဲ့သို့ အစဉ်သန္တတိ၏ အမှုသာတည်း။

စိတ်၌ ပုဂ္ဂိုလ် အဟုတ်ရှိ၍နေသော သူမှာသာလျှင် ပုဂ္ဂိုလ်၏ သွားခြင်း၊ ပုဂ္ဂိုလ်၏ ရပ်ခြင်း စသည် ရှိနေ၏။ ပုဂ္ဂိုလ်ဟူ၍ အဟုတ်မရှိ၊ ခက်မာမှု စသည်သာ ရှိသောသူမှာ ပုဂ္ဂိုလ်၏ သွားခြင်း၊ ပုဂ္ဂိုလ်၏ ရပ်ခြင်းသည်ပင် မရှိ။ ထိုခက်မာမှု စသည်သာလျှင် အလုပ်အယှက်မခံ၊ ပျက်ဆုံး၍ နေကြသော တရားကိုယ်ဖြစ်၍ လောကမျက်မြင်ဖြစ်သော သွားမှု၊ ရပ်မှုကို ပြု၍ နေနိုင်သော တရားဟူ၍ တစုံတခုမျှ မရှိ၊ သန္တတိမျှသာ ရှိသတည်း။

ထိုသို့ သန္တတိအားဖြင့် အလိုလိုက်မှု မရှိသည်မှာလည်း "ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ပကတိသဘော မဟုတ်" မြစ်ရေကို အလိုရှိရာသို့ ဆန်တက်၍ ပါလေအောင် ပြုပြင်မှုကဲ့သို့ လက်ပူးလက်ကြပ်ပြုပြင်၍ ယူရသော အာဂန္တုကမျှသာတည်း။

ဤသို့ မိန့်တော်မူပြီးနောက် မျက်စိထဲတွင် ကွင်းကနဲ၊ ထင်းကနဲ မြင်လာအောင် ဆရာတော်က ဥပမာခင်း၍ ပြတော်မူပြန်သည်မှာ-

ထိုစကား မှန်၏။ မွေးဖွားစ အခါကပင် မပြုမပြင်ပဲ ပေါက်လွှတ်ထားခဲ့သော် နှစ်ရက် သုံးရက်အတွင်းမှာ သုသာန်သို့ ထုတ်၍ စွန့်ပစ်ရအံ့သည်ကား မုချမလွဲတည်း။ ထိုအခါမှ နောက်၌ နာရီစဉ် များစွာ၊ နေ့စဉ်များစွာ၊ လစဉ်၊ နှစ်စဉ်များစွာ တည်ရှိ၍ လာကြသည်ကား အစာအာဟာရဘောက်ပံ့မှု အလရှိသော ပြုပြင်မှုတို့၏ အစွမ်းသက်သက်သာတည်း။

ဟုတ်သည် မဟုတ်သည်ကို ဉာဏ်၌ ထင်ရှားစေလိုသော ထိုပြုပြင်မှုတို့ကို အကုန် နုတ်ပယ်၍ကြည့်။ ကိုယ်တွင်း၌ အာဟာရ အလျှင်းပြတ်သည်နှင့် တပြိုင်နက် ဗိုင်းဗိုင်းလဲ၍ သေဆုံးသည်ကို ဉာဏ်၌ မြင်လိမ့်မည်။ သွားလာလှုပ်ရှားမှု စသည်ကို မွေးဖွားစ ကလေးနှင့် ဥပမာခင်း၍ ရှင်းပြသွားပုံမှာ ထင်ရှားပေါ်လွင်လှ၏။ မွေးစကလေးကို ကောက်ယူပြုစုခြင်း မရှိပဲ စွန့်ပစ်ထားချေက ထိုကလေး သေသွားလိမ့်မည်။ မသေပဲအသက်ရှင်၍ နေခြင်းမှာ မွေးဖွားပြီးသည့် အချိန်မှစ၍ ထိုကလေးကို အညစ်အကြေး သန့်စင်အောင် ရေချိုးခြင်း အနှီးဖြင့် နွေးအောင် ထွေးပိုက်ခြင်းစသော ပြုပြင်စောင့်ရှောက်မှုအဆင့်ဆင့်တို့ကြောင့်သာအသက် ရှင်နေခြင်း ဖြစ်သည်။ ထိုအတိုင်း ဟုတ်မဟုတ်၊ မှန်မမှန် သိလိုက နို့မတိုက်ပဲ အငတ်ထားကြည့်။ မကြာမီ ထိုကလေး အသက်ထွက်သွားသည်ကို တွေ့ရအံ့ဟု မိန့်တော်မူခြင်း ဖြစ်၏။

ဥပမာ ဥပမေယျဟပ်လိုက်သော် သူသူငါငါ သတ္တဝါများကို ကလေးနှင့် နှိုင်း၍ဆိုသည်။ မြစ်ရေအလျဉ်ကဲ့သို့ တသွင်သွင် အဆက်မပြတ်ဆက်တိုက်ဖြစ်နေသော သွားမှု၊ လာမှု၊ ရပ်မှု စသည်တို့ကို ကလေးမသေအောင် ပြုပြင်စောင့်ရှောက်မှု အဆင့်ဆင့်နှင့် နှိုင်းယှဉ်၍ပြသည်။

မြစ်ရေပြင်ကြီးကို အမြဲစီးနေသည်ဟု ထင်ရခြင်းမှာ စီးပြီးယင်း စီးယင်း ဝါ- အောက်သို့ စီးသွားသော ရေဟောင်းနေရာတွင် အထက်က ရေသစ်များ တသွင်သွင် စီးဝင်လာခြင်းတို့ကြောင့် အဆက်မပြတ် ရေချင်း စပ်နေ၍မိသည်ကိုအမြဲစီးသည်ဟုထင်နေခြင်းသာဖြစ်၏။ စင်စစ်အားဖြင့်စီး ပြီးပျက်၊စီးပြီးပျက်လေ၏။ အမြဲတည်နေသောရေဟူ၍မရှိ၊ စီးနေသော ရေ အလျဉ်ချင်း ဆက်မိသောကြောင့် သည်ရေ သည်ရေတွေပဲ အမြဲစီးနေ သည်ဟုထင်ရခြင်းသာ ဖြစ်၏။

ထို့အတူ သွားရာ၊ လာရာတို့၌လည်း လှမ်းသော ခြေတို့သည် တလှမ်းပြီးတလှမ်း ချုပ်ကုန်လေ၏။ ရှေ့ခြေလှမ်း နှင့် နောက်ခြေလှမ်း ခြေလှမ်းချင်း ဆက်မိသောကြောင့်သာ တလှုပ်ရှားရှား သွားနေသည်ဟု ထင်ရ၏။ ခြေလှမ်းဟောင်းများ ချုပ်ဆုံးသွားသော နေရာတွင် ခြေလှမ်း သစ်များ အဆက်မပြတ် တလှုပ်ရှားရှား ဝင်ရောက်လာသည်ကိုပင် သွားနေ သည်ဟု ထင်ရသတည်း။

ဤသည်ကို ထောက်ခြင်းအားဖြင့် သွားသည်မှာ ငါမဟုတ်၊ ငါ မသွား၊ ငါ၌ သွားတတ်သော သတ္တိလည်းမရှိ။ ထိုငါကား ပညတ်။ ပါးစပ် ပေါက်မှထွက်သော လေသာတည်း။ အသံသာတည်း။ ပါးစပ်ထဲက ထွက် သွားပြီးသည့်နောက် အသံလည်း ပျောက်၊ ငါလည်း ပျောက်လေ၏။ ထိုငါ၊ ဤငါကား အဘယ်မှာလျှင် သွားနိုင်စွမ်း၊ လာနိုင်စွမ်း၊ ရပ်နိုင်စွမ်း ရှိပါမည်နည်း။

## ဒိဋ္ဌိငါကွာသော်လည်း သောတာပန်မှာ တဏှာနှင့် တင်းကျမ်း

ဒိဋ္ဌိငါ၊ မာနငါ၊ တဏှာငါ ဤငါ ၃-ငါအနက် သောတာပန် သည် ဒိဋ္ဌိငါ တလုံးကို အဆုံးတိုင် ပယ်ပြီးသော်လည်း မာနငါနှင့် တဏှာငါ၊ ဤငါ ၂-လုံး ကျန်ပေသေး၏။ မာနငါသည်လည်း တဏှာ ငါတင်းကျမ်းနှင့် ရှိနေသေး၏။

ထို့ကြောင့် သောတာပန်သည် မာနငါ၊ တဏှာငါတို့၏ အရှိန် အဝါကြောင့် ဘဝင်မြင့်စရာရှိလျှင် ပုထုဇဉ်များကဲ့သို့ပင် မိုးမြင်၊ လေ မမြင် ဘဝင်မြင့်လေဦးအံ့။ မာနတလူလူ၊ ငါတကောကောဟူ၍ တံခွန်ထူလေ ဦးအံ့။ ရင်တကော့ကော့၊ လက်မတထောင်ထောင် ခြေဖျားတထောက် ထောက်နှင့် မောက်မောက်ကြွလျှင် မှောက်ဂုဏ် ကိုးလေဦးအံ့။

ထိုမှတပါး တဏှာငါကလည်း သူ့ အခွင့်အရေး ရှိသလောက် သောတာပန်ကို အမောက် ထောင်ပြပေဦးမည်။ ပုထုဇဉ်များ ကဲ့သို့ပင် ငါ့လင်၊ ငါ့သား၊ ငါ့မယား၊ ငါ့စီးပွားဟူ၍ လောဘအကျိုး ကမ်းနှုယ် ပြုပေဦးမည်။

သို့သော် မာနကို အကြောင်းပြု၍ ဖြစ်စေ၊ တဏှာကို အကြောင်း ပြု၍ဖြစ်စေ၊ အပါယ် လေးပါးသို့ လားစေနိုင်လောက်အောင်သော ဒုစရိုက်မှုမျိုးကိုကား ပါဏာပေတံ အသက်ထက်ဆုံး ရှောင်ကြဉ်၏။ အထက်၌ ဆိုခဲ့ပြီးသောအတိုင်း သောတာပန်ဘဝနှင့် ပျော်ပျော်ရွှင်ရွှင် ဘုံစဉ်စံ သွားမည် ဖြစ်သတည်း။

## ၃၁ ဘုံထိုက်တန်သော သက္ကာယ ပတ္တမြားလုံးကြီး ၂၀

ဖြောင့်ငါးရာ ကိလေသာတို့အနက် သက္ကာယဒိဋ္ဌိဘလုံး ကွာတာ မျှဖြင့် သောတာပန် ဖြစ်၏။

သို့သော် ထိုသက္ကာယ ဒိဋ္ဌိကား တလုံးတည်း ဖြစ်သော်ငြားလည်း လွန်စွာ အားကောင်းလှ၏။ ဒိဋ္ဌိ ကို ဖြိုးလတိုင်း ခါချဉ်းကောင် မာန်ကြီးလို့ တောင်ကြီးကိုတဲ့ ဖြိုမည့်ကြံ ခါးကမှသန် ဆိုသကဲ့သို့ နောက်သို့ ပက်လက် လန်၍ ကျကြသည်က များ၏။

ပတ္တမြား ဆန်ကျိုး၊ အဖိုးပြည်တန်ဟု ဆိုရိုးစကားရှိ၏။ သက္ကာယ သည် ဆန်ကျိုးပတ္တမြားမျိုး မဟုတ်။ လုံးဝန်း၍ အရည်လဲ့နေသော ပြည် တန် ပတ္တမြားကြီး ဖြစ်၏။ တဖန် ပတ္တမြားမှန်လျှင် ညွှန်မှာနစ်စေတော့ဟု ဆိုပြန်၏။ ညွှန်အိုင် ဗွက်ထဲဘှင် မည်မျှပင် နစ်မြုပ်နေစေကာမူ အရောင် မညစ်ဟု ပတ္တမြား၏ ရောင်ပုဒ်ကို ထုတ်ဖော်၍ ပြဆိုခြင်း ဖြစ်၏။

တွင်းထွက်ပတ္တမြား မှန်လျှင် လူတိုင်း လိုချင်ကြ၏။ တပ်မက်ကြ၏။ လောဘရမက် လျှမ်းလျှမ်းတက်ကြ၏။ မလိုချင်သူ၊ မတပ်မက်သူဟူ၍ မရှိ။

သက္ကာယဒိဋ္ဌိသည် သံသရာတွင်းထွက် ပတ္တမြားကြီးတည်း။ ပုထုဇဉ် တိုင်းသည် ထိုသက္ကာယဒိဋ္ဌိကို မက်ကြ၏၊ ထို့ကြောင့် နှားကုပ်လက်ကိုင် မလွှတ်နိုင်ကြပဲ သူသူငါငါ ထိုသက္ကာယ ပတ္တမြားကြီးကို ဆုပ်ကိုင်ထားကြ လေရကား သူရောင်ပါ ပတ္တမြားသဌေးကြီးချည်း ဖြစ်ကုန်၏။

ထိုသက္ကာယ ပတ္တမြားလုံးကြီးသည် လွန်စွာတန်ခိုး ကြီး၏။ ၎င်းကို ဆောင်ထားသောသူတိုင်း မြေကိုလျှိုး၍ အဝီစိသို့လည်း တိုးလျှိုပေါက် ရောက်နိုင်၏။ မိုးကိုပျံလျက် လူ့ပြည်နှင့် နတ်ရပ်ကို ထုတ်ချင်းခတ် ကူး သန်းနိုင်၏။ အမြင့်ဆုံးဖြစ်သော အကနိဋ္ဌဗြဟ္မာ့ဘုံကြီးကိုပင် ကျွမ်းထိုး မှောက်ခုံပြုကာ ထင်သလို ခြယ်လှယ်နိုင်၏။ တိရစ္ဆာန်ဘုံလိုသည်မှာကား

ရေအိုးနှင့် ရေမှုတ်အလားတည်း။ သက္ကာယတန်ခိုးကြောင့် ဘဝမျိုးစုံတွင် အကောင်မျိုးစုံဖြစ်၍ ကျင်လည်နိုင်၏။ လူတွင်လည်း လူအမျိုးမျိုး၊ နတ်တွင်လည်း နတ်အမျိုးမျိုး၊ ဗြဟ္မာတွင်လည်း ဗြဟ္မာအမျိုးမျိုးဖြစ်ပြီး ချစ်ရခင်ရ၊ ကြင်နာရ၊ တွယ်တာမြတ်နိုးရသည်မှာလည်း သူ့ကြောင့်ပင်။ အချင်းချင်း မုန်းရ၊ တီးရ၊ ရွံရှာရ၊ စက်ဆုပ်ရ၊ တယောက်မျက်နှာကို တယောက် မကြည့်နိုင်လောက်အောင်အမုန်းကြီးမုန်းကြရသည်။ ဤသည်မှာလည်း သူ့ကြောင့်ပင်။ ကမ္ဘာကျော် သန်းကြွယ်သဌေးကြီးများ၊ ကမ္ဘာကျော် ဒမြဗိုလ်ကြီးများ၊ ကမ္ဘာကျော် လူသတ်ကောင်ကြီးများ ဖြစ်ကြသည်မှာလည်း သူ့ကြောင့်ပင်တည်း။ ထို့ကြောင့် သက္ကာယကို ၃၁-ဘုံ ထိုက်တန်သော ပတ္တမြားလုံးကြီးဟု ဆိုအပ်သည်။

လူတိုင်းလူတိုင်းသည် ခန္ဓာငါးပါး အစုအဝေးချည်းသာ ဖြစ်၏။ ခန္ဓာငါးရပ် စပ်ထားသည့် စပ်တုံးကြီးကို လူဟု သမုတ်ထားကြ၏။ ထို့ကြောင့် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ဟု ဆိုအပ်သော ခန္ဓာငါးပါးတို့သည် လူ့အဖွဲ့အစည်းအတွက် သူမပါလျှင် မပြီးသော အသုံးဝင်ပစ္စည်းများ ဖြစ်ကုန်၏။

သက္ကာယဒိဋ္ဌိသည် ခန္ဓာတပါးတပါး၌ ၄ မျိုးစီ ကပ်၍ပါလာ၏။ ရုပ်(ရူပက္ခန္ဓာ)ထဲမှာ သက္ကာယ ၄ လုံး၊ ဝေဒနာ (ဝေဒနာက္ခန္ဓာ)ထဲမှာ သက္ကာယ ၄ လုံး၊ သညာ (သညာက္ခန္ဓာ)ထဲမှာ သက္ကာယ ၄ လုံး၊ သင်္ခါရ (သင်္ခါရက္ခန္ဓာ)ထဲမှာ သက္ကာယ ၄ လုံး၊ ဝိညာဉ် (ဝိညာဏက္ခန္ဓာ) ထဲမှာ သက္ကာယ ၄လုံး။ ဤသို့အားဖြင့် ခန္ဓာငါးပါး၌ သက္ကာယတွေများ အလုံးပေါင်း (၂၀)ရှိသတည်း။

(ရုပ်) (၁) ရုပ်သည် — ငါ။
(၂) ငါသည် — ရုပ်။
(၃) ရုပ်ထဲမှာ — ငါရှိသည်။
(၄) ငါထဲမှာ — ရုပ်ရှိသည်။

ဤကား ရုပ်၌စွဲသော သက္ကာယ ၄ ချက် ဖြစ်၏။ ဝမ်းနှင့်လေ မကွဲသကဲ့သို့ ရုပ်နှင့်ငါ မကွဲပဲ ရုပ်သည်ပင်လျှင်ငါ၊ ငါသည်ပင်လျှင် ရုပ်ဟူ၍ ရုပ်နှင့်ငါကို တန်းတူထားကာ အချက် ၄ ချက်ဖြင့် ရုပ်ကို ငါဟု ထင်မှား၊ မြင်မှား၊ မှတ်မှား၊ ယုံမှားလေ၏။

ဥပမာ နတ်ပွဲတခု ရှိလေ၏။ နတ်ကတော်ကို နတ်ဝင်၍ ပူးလေသတတ်။ ပူးနောင်ချုပ်ချိမ်းဟု ဆိုင်းက တီးပေးလိုက်သောအခါ နတ်ကတော်သည် ဒယိမ်းဒယိုင် ကလေ၏။ ဤတွင် ပွဲကြည့်နေသူများ 'နတ်ကနေသည်'ဟု ထင်ကြ၏။ စင်စစ် ကနေသူမှာ နတ်မဟုတ်၊ နတ်

ကတော်သာ ဖြစ်လေသည်။ သို့သော် နတ်ကတော်၏ ကိုယ်ထဲမှာ နတ်ရှိနေသည်၊ နတ်ဝင်နေသည်ဟု ထင်ရ၏။ ထင်ကြ၏။ မမြင်ရသောနတ် မထင်မရှိသော နတ်ကို အမြင်အထင် အရှိလုပ်၍ 'နတ်ကသည်'ဟုစွဲမှတ်၊ ယုံကြည် ကုန်လေသတည်း။

ထို့အတူပင် ရုပ်သည် ငါ၊ ငါသည်ရုပ်၊ ရုပ်ထဲမှာ ငါရှိ၏။ ငါထဲမှာ ရုပ်ရှိ၏ဟူ၍ စွဲမှတ်ယုံကြည်ခြင်းမှာလည်း, မမြင်ရသောငါ၊ မထင်မရှိသောငါကို ရုပ်ထဲသွင်း၍ ငါသွားသည်၊ ငါလာသည်၊ ငါပြောသည်၊ ငါဆိုသည်၊ ငါမြင်သည်၊ ဤသို့ စသည်ဖြင့် ထင်မှား၊ မြင်မှား၊ မှတ်မှား၊ ယုံမှားခြင်း ဖြစ်ကြကုန်သတည်း။

ထို့ကြောင့် ဗုဒ္ဓသည် ရူပက္ခန္ဓာ-ရုပ်၌ သက္ကာယ ၄ ချက်စွဲထင်ကြောင်းကို—

(၁) ရူပံ အတ္တတော သမနုပဿတိ။
(၂) ရူပဝန္တံ ဝါ အတ္တာနံ၊
(၃) အတ္တနိ ဝါ ရူပံ၊
(၄) ရူပသ္မိံ ဝါ အတ္တာနံ၊

ဟူ၍ဓမ္မသင်္ဂဏီပါဠိတော်ကြီး၌ ဟောတော်မူ၏၊ အနက်ကား -ရူပံ-ရုပ်ကို၊ အတ္တတော-ကိုယ်ဟူ၍၊ သမနုပဿတိ-စွဲမြဲထင်မြင်၏။ အတ္တာနံ ဝါ—ကိုယ်ကိုမူလည်း၊ ရူပဝန္တံ-ရုပ်ရှိ၏ ဟူ၍၊ သမနုပဿတိ-စွဲမြဲထင်မြင်၏။ အတ္တနိ ဝါ-ကိုယ်၌မူလည်း၊ ရူပံ-ရုပ်ကို၊ သမနုပဿတိ-စွဲမြဲထင်မြင်၏။ ရူပသ္မိံ ဝါ—ရုပ်၌မူလည်း အတ္တာနံ-ကိုယ်ကို သမနုပဿတိ-စွဲမြဲထင်မြင်၏။

(ဝေဒနာ) (၁) ဝေဒနာသည် — ငါ။
(၂) ငါသည် — ဝေဒနာ။
(၃) ဝေဒနာထဲမှာ — ငါရှိ၏။
(၄) ငါထဲမှာ — ဝေဒနာရှိ၏။

ဤသို့လျှင် ဝေဒနာ၌လည်း သက္ကာယ ၄ ချက် စွဲမြဲထင်လေ၏။ ထင်ရှားရှိနေသည်မှာ ဝေဒနာ။ ငါကား ထင်ရှားလည်း မရှိ၊ အရိပ်အရောင်မျှလည်း မရှိ။ သို့မရှိပါပဲလျက် မရှိသောငါကို ရှိသော ဝေဒနာတင်စား၍ ငါနာသည်၊ ငါရောင်သည် ငါကိုက်ခဲသည်၊ ငါထုံကျဉ်သည် ဟူ၍ ယုံမှတ်စွဲလမ်းလေ၏။

(သညာ) (၁) သညာသည် — ငါ။
(၂) ငါသည် — သညာ။
(၃) သညာထဲမှာ — ငါရှိ၏။
(၄) ငါထဲမှာ — သညာရှိ၏။

ဤသို့ သက္ကာယ ၄ ချက်စွဲမြဲထင်မြင်လေ၏။ ဤအစွဲများကြောင့် သံသရာထဲမှ မထွက်နိုင်ကြပဲ ဖြစ်နေ၏။

(သင်္ခါရ) (၁) သင်္ခါရသည် — ငါ။
(၂) ငါသည် — သင်္ခါရ။
(၃) သင်္ခါရထဲမှာ — ငါရှိ၏။
(၄) ငါထဲမှာ — သင်္ခါရရှိ၏။

မည်သည့်အရာမျှ အရှည်စွဲ၍ တည်မြဲသည် မရှိ။ ဝယဓမ္မ-ပျက်ခြင်း သဘောအရတသွက်သွက်ပျက်လေ၏။ အဟောင်းကိုစွန့်ပစ်၍ အသစ်အသစ်တွေ ဖြစ်ပေါ်လာသည်ကို သင်္ခါရဟုခေါ်၏။ သင်္ခါရ၌လည်း သက္ကာယ ၄ ချက်အတ္တစွဲ စွဲလေ၏။ မရှိသောငါကို အရှိသင်္ခါရ၌ တင်စား၍ငါစီမံသည်။ ငါပြုပြင်သည်ဟူ၍ ငါစွဲ စွဲသတည်း။

(ဝိညာဏ်) (၁) ဝိညာဏ်သည် - ငါ။
(၂) ငါသည် - ဝိညာဏ်။
(၃) ဝိညာဏ်ထဲမှာ - ငါရှိသည်။
(၄) ငါထဲမှာ - ဝိညာဏ်ရှိ၏။

ဤသို့လျှင် မရှိငါကို အရှိဝိညာဏ်၌ တင်စား၍ ငါသိသည်။ ငါနားလည်သည် ဟူ၍ သက္ကာယ ၄ချက် ငါစွဲ စွဲသတည်း။

လောက၌ အထက်လမ်းဆရာ၊ အောက်လမ်းဆရာ ဟူ၍ ဆရာတွေ အမျိုးမျိုးရှိ၏။ သူတို့သည် သက်ဆိုင်ရာပညာတွင် ကျွမ်းကျင်သော ဆရာများဖြစ်ကြ၏။ ထိုဆရာ ဤဆရာကြီးတို့သည် အဘယ်မျှ အစွမ်းလှငြား သော်လည်း စုန်းစွဲ၊ နတ်စွဲ၊ တစ္ဆေစွဲ၊ သရဲစွဲ၊ ဖုတ်စွဲ၊ ပြိတ္တာစွဲများကိုသာ အစွဲ ကျွတ်အောင် ချွတ်နိုင်ကြပေမည်။ အတ္တစွဲကျွတ်အောင်ကား မချွတ် နိုင်ကြကုန်။

## ရုပ် ၂၀ ပါး၌ ခြယ်စီထားသော

## ပတ္တမြားလုံးကြီးများ

ကြောင်ရုပ်ပင်ဖြစ်စေ၊ ကြွက်သေတာသာ လိုရင်းဖြစ်၏။ ထို့အတူ သောတာပန်ဖြစ်မှု ကိစ္စ၌ သက္ကာယဒိဋ္ဌိ ကွာ၍ အတ္တစွဲ ပျောက်မှု သည် အဓိကဖြစ်၏။ အတ္တပျောက်လျှင် အနတ္တပေါက်မည်။ အနတ္တပေါက်လျှင် သောတာပန်ဘဝ ရောက်ပြီဖြစ်၏။

ထို့ကြောင့် သက္ကာယမပျောက်၍ အတ္တစွဲပျောက်နည်း နိဿရည်းကို ခန္ဓာငါးပါးနှင့် ဇယားချ၍ရှင်းပြခဲ့၏။ ခန္ဓာငါးပါးသည် ချင်ဖွယ်၊ ခင်ဖွယ်၊ မြတ်နိုးဖွယ်မရှိ၊ စက်ဆုပ်ဖွယ်အတိသာဖြစ်ချေ၏။ ဟူ၍ ဉာဏ်၌လိုက်လိုက် လှဲလှဲ စွဲတည်ခြင်းအားဖြင့် သောတာပန် ဖြစ်နိုင်ကြောင်းကို ပြဆိုခဲ့ပြီးပေပြီ။

သို့သော် သက္ကာယကား လွန်စွာ အားကောင်းလှ၏။ လက်ကမြဲ၊ ခြေကမြဲဆိုသကဲ့သို့ အကယ်၍ ခန္ဓာငါးပါးကို ရှုပွားခြင်းအားဖြင့် အကျွတ်တရား မရနိုင်သေးခဲ့သော် တဆေးမကောင်း တဆေးပြောင်း ဆိုသကဲ့သို့ သောတာပန်ဘဝသို့ ရောက်ရာ ရောက်ကြောင်း အခြားနည်းလမ်းကောင်းများကို ပြောင်း၍ ရှုရာ၏။

ဗုဒ္ဓသည် သက္ကာယ ကွာမှုအတွက် ရှုပွားဆင်ခြင်နိုင်ရန် နည်းအမျိုးမျိုး ချပေးခဲ့သည်ဖြစ်ရာ ယခုတဖန် ရုပ် ၂၈ ပါးကို အခြေခံ၍ ရှုပွားကြည့်ကြပါဦးစို့။

ခန္ဓာငါးပါး၏ အစုအဝေးသာဖြစ်သော ဤခန္ဓာကိုယ် ကောင်ကို ငါငါဟူ၍ တငါငါ စွဲလမ်းနေကြ၏။ ထိုငါကို ရုပ် ၂၈ ပါးထဲ၌ ရှာ၍ တွေ့၊ မတွေ့ကိုလေ့လာရာ၏။ ရုပ် ၂၈ ပါးထဲ၌ ငါကို မရှာမီ ရှေးဦးစွာ ရုပ် ၂၈ ပါးကို သရုပ်ခွဲ၍ ခွဲတမ်းချလိုက်သော်--

| | | |
|---|---|---|
| (၁) | မဟာဘုတ် | ၄ ပါး |
| (၂) | ဟဒယဝတ္ထုရုပ် | ၆ ပါး |
| (၃) | ဂေါစရရုပ် | ၅ ပါး |
| (၄) | ဘာဝရုပ် | ၂ ပါး |
| (၅) | ဇီဝိတရုပ် | ၁ ပါး |
| (၆) | အာဟာရရုပ် | ၁ ပါး |
| (၇) | ပရိစ္ဆေဒရုပ် | ၁ ပါး |
| (၈) | ဝိညတ်ရုပ် | ၂ ပါး |
| (၉) | ဝိကာရရုပ် | ၃ ပါး |
| (၁၀) | လက္ခဏာရုပ် | ၄ ပါး |

မှတ်ချက်။ ။ပြဆိုခဲ့ပြီးသောရုပ်များတွင် ဖောဋ္ဌဗ္ဗဆိုသည်ကား ပထဝီ၊ တေဇော၊ ဝါယော ဟူသော မဟာဘုတ် ၃ ပါးကိုပင် ခေါ်သည်။ ထို့ကြောင့်ဖောဋ္ဌဗ္ဗအတွက်နှင့် ရုပ်အရေအတွက်ဆိုရ၊ ရုပ် ၂၈ ခုဖြစ်၏။ (လယ်တီ- ပဋ္ဌိစ္စသမုပ္ပါဒ်ဒီပနီ)

၁။ မဟာဘုတ်။ ။ပ-အာ-ဝါ-တေ၊ မြေ-ရေ-လေ-မီး၊ ဤဓာတ်ကြီး ၄ ပါးကို မဟာဘုတ်ဟု ခေါ်သည်။

ရှင်းဦးအံ့။ စကြဝဠာအဆက်ဆက် စကြဝဠာလည်း အနန္တ၊ သတ္တဝါလည်း အနန္တဖြစ်၏။ မြေကြီး၊ မြင့်မိုရ်တောင်၊ သတ္တရဘန်၊ လေးတန်သော သမုဒ္ဒရာ၊ နေ၊ လ၊ နက္ခတ်တာရာ၊ နတ်ပြည်ခြောက်ထပ်၊ အက္ကနိဋ္ဌ ဗြဟ္မာ့ဘုံလည်းရှိ၏။ ဤအလုံးစုံကို အကုန်သတ္တု ချလိုက်သော် ရုပ်အားဖြင့် ၂၈ ခုသာ အမှန်ရ၏။

ရုပ်၌လည်း သက္ကာယဒိဋ္ဌိ၊ အတ္တစွဲ ၄ မျိုးစွဲကြောင်းကို ဓမ္မသင်္ဂဏီပါဠိတော်၌ ဗုဒ္ဓဟောတော်မူသောကြောင့် ယင်းရုပ် ၂၈ ပါးကို တည်၊ သက္ကာယ ၄ ခုဖြင့် မြှောက်သော် ရုပ်၌ သက္ကာယဒိဋ္ဌိပေါင်း ၁၁၂ ဖြစ်၏။ သက္ကာယဒိဋ္ဌိတည်းဟူသော ပတ္တမြားကြီး ၁၁၂ လုံးတို့ဖြင့် ဤရုပ်ကြီးကို တန်ဆာဆင်ထား၏။

ထို့ကြောင့် ဥပမာ- အိမ်ကိုသက္ကာယဒိဋ္ဌိ အတ္တစွဲ ၄ ခုစွဲစွဲရာ၌—

(၁) အမာခံသစ်ဝါး - ရုပ်သည် အိမ်

(၂) အိမ်သည် - ရုပ်။

(၃) ရုပ်ထဲ၌ - အိမ်ရှိ၏။

(၄) အိမ်ထဲမှာ - ရုပ်ရှိ၏။

ရုပ်ဓာတ် ရုပ်သားဖြစ်သော အမာခံသစ်၊ ဝါးကို အထင်းသားမြင်မြင်နေရပါလျက် အတ္တစွဲကြောင့် သစ်၊ ဝါးကိုပင် အိမ်ဟု ထင်လေ၏။ စင်စစ်အားဖြင့် အိမ်ဟူ၍ ထင်ရှားရှိသည်မဟုတ်။ ထင်ရှာ ရှိနေသည်ကား သစ်၊ဝါးဖြစ်၏။ မရှိကို အရှိဟု ထင်မှတ်စွဲလမ်း၏။ထို့ကြောင့် ရုပ် ၂၈၌ သက္ကာယအတ္တစွဲ ၁၁၂ ဖြစ်သတည်း။

သက္ကာယဒိဋ္ဌိသည် သောတာပန်၏ ဆူးငြောင့်ခလုတ် ဖြစ်၏။ သက္ကာယ ဆူး၊ သက္ကာယငြောင့် စူးလျှင် အနုတ်ရခက်၏။ သက္ကာယ ခလုတ် တိုက်မိလျှင် အရှိုက်ထိတတ်၏။ သက္ကာယကို အကြောင်း ပြု၍ စိုးရိမ်ရ၏၊ ပူဆွေးရ၏၊ ငိုကြွေးရ၏။ အတွင်းမီး၊ အပြင်မီး၊ ဒုက္ခမီးတို့သည် တညီညီး တပြောင်ပြောင်နှင့် လောင်၍မဆုံး တဟုန်းဟုန်း တောက်လောင်လေသတည်း။

ထို့ကြောင့် မရှိကို မရှိမှန်းသာသိ၊ မဟုတ်ကို မဟုတ်မှန်းသာ သိ၊ ဉာဏ်ဖြင့် အကြွင်းမဲ့သိမြင်မှသာ သက္ကာယကို ကွာအောင် ခွာနိုင်သူကား အာဇာနည်၊ သောတာပန် ယောကျ်ာ မြတ်ဖြစ်မည်မှာ မလွဲတည်း။

# သက္ကာယထောင်တွင်းမှ ပုထုဇဉ်အကျဉ်းသား၏ အမြင်

တနည်းအားဖြင့်ဆိုသော် ခန္ဓာငါးပါးသည် နိုင်ငံကြီး တနိုင်ငံနှင့် တူ၏၊ ခန္ဓာပူရ နိုင်ငံကြီးဖြစ်၏။ ပုထုဇဉ်လူသားတို့ကား ထိုခန္ဓာပူရနိုင်ငံအတွင်း၌ မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားများနှင့် အလားတူကုန်၏။

သက္ကာယဒိဋ္ဌိသည် ထိုခန္ဓာပူရ နိုင်ငံသားများအတွက် မပြေးနိုင်အောင် ကာရံထားသော အချုပ်ထောင်ကြီးနှင့် အလားတူ၏။ အာရုံငါးပါးကိုကား ထိုအချုပ်ထောင်ကြီး၏ နံရံ၊ အုတ်တံတိုင်း၊ သံမဏိတံတိုင်းကြီးများနှင့် အလားတူကုန်၏။

ထောင်တွင်း၌ အကျဉ်းခံနေကြကုန်သော အကျဉ်းသားတို့သည် လွတ်ရာလွတ်ကြောင်းဖြင့် ထောင်ကိုဖောက်၍ ထွက်ပြေးရန် ကြံစည်လေ၏။

ထောင်နံရံကြီးကို မော့ကြည့်လေ၏။ အထပ်ထပ် ကာရံထားအပ်သော အာရုံငါးပါး သံမဏိတံတိုင်းကြီးများကို မြင်လေသောအခါ ခါချဉ်ကောင် မာန်ကြီးလို့ ထောင်ကြီးကိုတဲ့ ဖြိုမည့်ကြံ၊ ခါးကမသန် ကိန်းဆိုက်ကာ မျက်ဖြူဆိုက်သွားလေ၏။

မှန်၏၊ ပုထုဇဉ် သက္ကာယ အကျဉ်းသားတဦးသည် စမ်းကြည့်၏။ ခါးဘောင်းကို မြှောင်သောက်အောင် ကျိုက်ပြီးလျှင် ''ငါဟဲ့ ယောကျာ်း၊ မတထောင်တကောင်ဖွား၊ ကျားဆိုမှကျား'' ဟူ၍ ကြုံးဝါးကာ သက္ကာယထောင်ကြီးကို ခုန်ကြည့်လေသည်။ ထိုအခါ မယားက သူ့ရှေ့သို့ ဇွေ့ကနဲ ရောက်လာ၏။ သားမျက်နှာက တသီး၊ သမီးမျက်နှာက တဖြာ၊ ငါ့ဥစ္စာ၊ ငါ့ဟာ၊ ငါ့ပစ္စည်း ဆိုသည်က တဖုံ၊ အာရုံမျိုးစုံတို့ကလည်း ဝိုင်းအုံလျက် ထင်လာကုန်လေ၏။

ဩော်....ငါ့မှာ မယား ရှိပါသေးကလား၊ သား၊ သမီးနှင့် ပစ္စည်းတွေ၊ ရွှေတွေ၊ ငွေတွေ၊ တိုက်တွေတာတွေ ရှိပါသေးကလား။ ငါမရှိလျှင် ငါ့ဇနီးနှင့် ငါ့သား၊ သမီးတွေ မျက်နှာငယ်ရှာမည်။ ငါ့ပစ္စည်းတွေ ဆုံးပါးကုန်တော့မည်။ ငါ့ပစ္စည်းများကား လွယ်လွယ်နှင့် ရသော ပစ္စည်းများ မဟုတ်။ သွေးနှင့် ချွေးနှင့် အသက်နှင့် ရင်းနှီး၍ ရှာထားရသော ပစ္စည်းများ ဖြစ်၏။ လောကီအာရုံ ခံမှင်စရာတွေ အနင့်သား ရှိပါလျက်နှင့် သည်ဟာတွေကို မျက်နှာလွှဲ ခဲပစ် စွန့်ပစ်ထားခဲ့သော် အိုင်ငွေ့တွေလို့မှမလူးတဲ့ ကျွဲရူးကြီး ဖြစ်နေမည်။ ဟယ်....တတ်နိုင်ပါဘူး၊ ပိုနေမြဲ ကျားနေမြဲ၊ ငါ့သား၊ ငါ့မယားနှင့် ဥမကွဲသိုက်မပျက်နေတာပဲ ကောင်းပါတယ်''

ဤသို့ ဤနှယ် မဖွယ်ရာသော အဖျက်အာရုံ ကာမဂုဏ်များနှင့် အတွေ့တွင် ပုထုဇဉ် သက္ကာယ အကျဉ်းသားသည် ဖွတ်မေ့၊ ပဒတ်မေ့ မေ့သွားလေ၏။ ငါဟဲ့ ယောကျာ်းဟု လွှားကနဲ ခုန်ငြားသော်လည်း ငါ့သား၊ ငါ့မယား၊ ငါ့ရွှေ၊ ငါ့ငွေ၊ ငါ့အိမ်၊ ငါ့တိုက် တည်းဟူသော သက္ကာယ စွဲခကြောင့် ဦးခေါင်းကို နံရံနှင့်ရိုက်ပြီး ငိုက်ကနဲ ကျွမ်းစိုက်၍ ကျလေ၏။

ထို့နောက် သက္ကာယ ထောင်တွင်းမှ ပုထုဇဉ် အကျဉ်းသားသည် သက္ကာယ ထောင်ကြီးကို ဖောက်ရန် ဆက်လက်ကြိုးစားပြန်လေ၏။ ထိုအခါ နဝံပီယံ ချိုသာသောအသံ(သဒ္ဒါရုံ)များက လည်းကောင်း၊ ထုံတလှိုင်လှိုင်၊ ကြိုင်တလူလူ၊ သင်းသင်းကြူရနံ့ (ဂန္ဓာရုံ)များက လည်းကောင်း၊ ချို၊ ချဉ်၊ စပ်၊ ဖန်၊ ခါး၊ အငန်(ရသာရုံ)များက လည်းကောင်း၊ ညက်သော အိစက် စွဲမက်စရာ ထိတွေ့မှု၊ (ဖောဋ္ဌဗ္ဗာရုံ)များက လည်းကောင်း၊ မုန်း၊ ချစ်၊ သနား၊ တွေပြားအာရုံ(ဓမ္မာရုံ)များကလည်းကောင်း ခြေထောက်ကို ဆွဲထားသဖြင့် တွဲလဲဖြစ်နေ၏။

ဤသို့ တွဲလဲကြီး ဖြစ်နေစဉ် ပုထုဇဉ်အကျဉ်းသားသည် စဉ်းစား၏။ ထောင်ပြင်ဘက် ရောက်သွားရန် ဒီလိုသာယာတဲ့ အသံကလေးတွေကို ငါ ကြားရတော့မည် မဟုတ်။ သင်းသင်းပျံ့ပျံ့ မွှေးရနံ့ကလေးတွေကို ငါနမ်းရတော့မည် မဟုတ်။ ပြီးတော့ မြို မြို မြက်မြက် ခံတွင်းတွေ့စရာ အရသာကလေးတွေကိုလဲ ငါစားရတော့မည် မဟုတ်။ ကတ္တီပါ၊ ပိုး၊ ဖဲ အစရှိတဲ့ နူးညံ့တဲ့ အတွေ့၊ အသားချင်းထိ၊ ယားကျိကျိ အတွေ့ထူးကလေးနဲ့လဲ ငါ ယစ်မူးရတော့မှာ မဟုတ်ဘူး။ စိတ်ကူးစိတ်သန်းနဲ့ မှန်းမျှော်ပြီး တွေးရတောရတဲ့ အရသာကလေးတွေကိုလဲ ငါခံစားရတော့မှာ မဟုတ်ဘူး။ ဒီလို ချစ်စရာ၊ ခင်စရာ၊ မြတ်နိုးစရာ ကောင်းလှတဲ့ ချောချောလှလှကလေးတွေ ဆိုတာမျိုးက ဒီသက္ကာယ ထောင်ကြီးထဲမှာသာ ရှိတာ။ ဒီဟာ ဒီဟာကလေး တွေနဲ့ တချစ်ခင်ခင် ပျော်ရွှင်နေတာပဲ ကောင်းပါတယ်လေ။ နိဗ္ဗာန်ဆိုတာ ကြားရုံသာ ကြားဖူးတာ၊ ရောက်ဖူးတာလဲ မဟုတ်။ ပြောသံကြားနဲ့ လွှမ်း နေရတာ ဘော်ဒေတ်ကြာ ချောင်းကိုငစ်၍ မြစ်ကိုရှာ၊ ရေသာ များ၍ ငါးမတွေ့ဆိုတာမျိုးလို ဖောက်ပြီးထွက်ပြေးလို့ နိဗ္ဗာန်ကို ထုတ်ချင်းပေါက် ရောက်သွားယင် တော်ပါရဲ့။ အေးလေ....သေချာတဲ့ အလုပ်ကို လုပ်တာပဲ ကောင်းပါတယ်။ ဒီချစ်စရာကလေးတွေနဲ့ နေရတာဟာ ပျော်စရာ ကောင်း တာ လက်တွေ့ပဲ။

ပုထုဇဉ် အကျဉ်းသားသည် ဤသို့ အတွေးပေါက်ပြီး သက္ကာယ ထောင်ကြီးကိုဖောက်ဖို့ကို မဆိုထားဘိ၊ ထောင်၏ လောင်းရိပ်အောက်မှပင် ပျောက်ကွယ်သွားရမည်ကိုပင် တစိုးရိမ်ရိမ် ဖြစ်နေလေတော့သတည်း။

## စေ့စေ့တွေး ရေးရေးပေါ် လွတ်အောင်ပြေး

## ဘေးကင်း၏။

ခွေးသေကောင်ပုပ်တခု ရှိလေ၏။
"သည်ဟာ ခွေးကောင်ပုပ်"
အပုပ်ကောင်မှန်းလည်း သိ၏။
"ဟာ- နံလိုက်တာ"

နံမှန်းလည်း သိ၏။ ထိုအခါ အပုပ်နံ့ မခံနိုင်၍ နှာခေါင်းပိတ်ပြီး ခွေးသေကောင်နှင့် ဝေးရာသို့ ရှောင်ကွင်းသွား၏။

ဤခန္ဓာကို ခွေးသေကောင်ပုပ်လေးက် မထင်သမျှ၊ သဘော မပေါက်သမျှ၊ ငါငါဟူ၍ တငါငါနှင့် သာယာနေဦးမည် သာတည်း။ မခွာနိုင်၊ မခွဲရက်၊ တပ်မက်နေဦးမည်သာတည်း။ ထို့ကြောင့် အပုပ်ကောင်ကို အပုပ်ကောင်မှန်း သိအောင်၊ ထင်အောင်၊ မြင်အောင်၊ အပုပ်နံ့မှန်း သိအောင်၊ ထင်အောင်၊ မြင်အောင် စေ့စေ့တွေးရာသည်။ စေ့စေ့တွေးသော် အမှန်တရားကို ဖုံးထား၍မရ။ တရေးရေး ပေါ်လာမည်။ ထိုအခါ အဘယ်သူသည် အကောင်ပုပ်ကြီးကို ဖက်၍ အိပ်စက်ချင်မည်နည်း။ အဘယ်သူသည် အပုပ်နံ့ ခံချင်ရှာမည်နည်း။

ကဲ – ကောင်းပေ့ဆိုသော နတ်ဘုံ၊ ချမ်းသာပေ့၊ နေချင့်ဖွယ်ကောင်းပေ့ဆိုသော ဗြဟ္မာဘုံကြီးများကို ကြည့်ဦးစို့။

လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံဟူ၍ သုဂတိဘုံကြီးတွေရှိ၏။ ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံဟူ၍ ဒုဂ္ဂတိအပါယ်ဘုံကြီးတွေရှိ၏။ သုဂတိဘုံကြီးများသည် ကုသိုလ်ရှင် သုစရိုက်သမားများ၏ ကွန်းခိုရာဖြစ်၍ ဒုဂ္ဂတိဘုံများကား ဒုစရိုက်ကောင်များ၏ အကျဉ်းထောင်ကြီး ဖြစ်၏။

အပါယ်ဒုက္ခခေါ်သော အပါယ်ဆင်းရဲတွင်း ကြီးသည် ရှိ၏။ ထိုတွင်းကြီးကား လွန်စွာနက်၏။ လွန်စွာလည်းကျယ်၏။ ဗုံကြဲချလိုက်သောအခါ မြေပေါ်ကျသည်နှင့် တပြိုင်နက် အစိတ်စိတ်အမြွှာမြွှာ ဖွာရရကျဲ၍ လွင့်စဉ်ကုန်သော အစအနများကဲ့သို့ အပါယ်ဘုံသည် ဒုစရိုက်ကောင်များ ဖရိုဖရဲ၊ ကစဥ့်ကလျား၊ ဦးစောက်ပြောင်းပြန် ကျခံရာဌာနကြီး ဖြစ်လေသည်။ ယင်းအပါယ်ဒုက္ခအကြောင်း သိသူတို့သည် လွန်စွာကြောက်ကုန် လန့်ကုန်၏။ မသိသူတို့မှာ မသိသည့်အတွက် ဆင်းရဲတွင်းကြီး သာ၍ နက်ပြန်၏။

**အပါယ်လမ်းစ။** ။အပါယ်၏ ရေသောက်မြစ်ကား ဒုစရိုက်မှု ဖြစ်၏။ ဒုစရိုက်မှုများကြောင့် အပါယ်လားကြရကုန်၏။ ထို ဒုစရိုက်မှုများ၏ လမ်းစ၊ ဒုစရိုက်မှုများ၏ ရေသောက်မြစ်ကား အဘယ်နည်းဟု စိစစ်လိုက်သော် သက္ကာယဒိဋ္ဌိ၌ အခြေစိုက်သည်ကို တွေ့ရ၏။ သက္ကာယဒိဋ္ဌိ ထက်သန်လျှင် ထက်သန်သည့်အလျောက် ထို ဒုစရိုက်မှုတို့သည် လျှမ်းလျှမ်းတောက် ထက်သန်ကုန်၏။ သက္ကာယဒိဋ္ဌိ ညှိုးနွမ်းလျှင်လည်း ညှိုးနွမ်းသည့်အလျောက်ပင် ထို ဒုစရိုက်မှုတို့လည်း သွေ့ခြောက်ကုန်လေ၏။ သက္ကာယ ငြိမ်းလျှင်လည်း ထိုဒုစရိုက်မှုကို လက်စသိမ်း၍ ငြိမ်းကုန်သေ၏။

သက္ကာယဒိဋ္ဌိ ရှင်သန်အားအောင်းမှု၊ အားနည်းမှု၊ ချုပ်ငြိမ်းမှုနှင့် ပတ်သက်၍ ထင်ရှားအောင် မျက်ဝါးထင်ထင် မြင်လာအောင် ဤဥပမာကို ရှုရာ၏။ မီးထွန်းထားသော တိုက်ခန်းကြီးတခုရှိ၏။ မီးရောင်ဖြင့် တခန်းလုံး ထိန်နေ၏။

သက္ကာယဒိဋ္ဌိသည် မီးတောက်ကြီးနှင့် တူ၏။ ဒုစရိုက်မှုများသည် မီးတောက်မှထွက်သော မီးရောင်များနှင့် အလားတူ၏။ မီးတောက် အားကောင်းလျှင် အားကောင်းသည့်အလျောက် မီးရောင်တို့လည်း အားကောင်းကုန်၏။ တောက်ပလင်းထိန်ကုန်၏။ မီးတောက်မှိန်လျှင် မှိန်သည်နှင့်အမျှ မီးရောင်တို့လည်း မှိန်ကုန်၏။ မီးတောက်သေ၍ ငြိမ်းလျှင် မီးရောင်တို့လည်း ငြိမ်းကုန်လေ၏။ သက္ကာယဒိဋ္ဌိသည်လည်း ဤဥပမာ အတိုင်းပင် ဖြစ်၏။

လူမှာလည်း လူ့အလျောက်၊ လူသက္ကာယ ရှိ၏။ နတ်မှာလည်း နတ်သက္ကာယ၊ ဗြဟ္မာမှာလည်း ဗြဟ္မာသက္ကာယရှိ၏။ လူဖြစ်ဖြစ်၊ နတ်ဖြစ်ဖြစ် ဗြဟ္မာဖြစ်ဖြစ်၊ အားလုံးသည် သက္ကာယ တန်းလန်းနှင့်ချည်း ဖြစ်၏။ သူတို့သည် အပါယ်ဆင်းရဲ အကြောင်းကို မသိမဟုတ်၊ သိကုန်၏။ သို့ပါလျက်လည်း အပါယ်သို့ တဖုတ်ဖုတ် ကျရောက်နေခြင်းမှာ အရင်းစစ်သော် သက္ကာယကြောင့် ဖြစ်၏။ သက္ကာယသည် အပါယ်သို့ ကျအောင်ချလိုက်သည့် လက်သည်ဖြစ်၏။ တရားခံဖြစ်၏။ သက္ကာယဒိဋ္ဌိက မြှောက်ပင့်ပေးသောကြောင့် ဒုစရိုက်မှုများကို အသိခေါက်ရက်နှင့် ပြုကြရကုန်၏။ အပါယ်ဆင်းရဲ အကြောင်းကို ပိတ်ပိတ်သား နားမလည်သူတို့ကိုကား အဘယ်မှာလျှင် ဆိုဖွယ်ရာ ရှိချေဘော့အံ့နည်း။ ဒုစရိုက်မှုများကို အားသွန်ခွန်စိုက် တုံးတိုက်တိုက်၊ ကမ်းတိုက်တိုက် ပြုလိုက်ကြမည်သာ ဖြစ်သတည်း။ ဤသို့ သက္ကာယက မြှောက်ပင့်ပေးတိုင်း ပြုလေသည့်အတွက် ဆိုဖြူင်မှ ဆိုဖြူသီးများကို လှုပ်ချသည့်ပမာ အပါယ်သို့ တဖုတ်ဖုတ် ကျကုန်လေသတည်း။

အပါယ်ကြောက်သူတို့သည် အပါယ်သွားတံခါးကြီးကို ဒါနပြု၍ ပိတ်ကြကုန်၏၊ သီလမှုဖြင့် ဆို့ကြကုန်၏။ ဘာဝနာမှုဖြင့် ဟန့်တားကြကုန်၏။ ထိုအခါ ဒါနကုသိုလ်၏ တန်ခိုး၊ သီလကုသိုလ်၏ အရှိန်အဝါ၊ ဘာဝနာကုသိုလ်၏ စွမ်းအားအလျောက် သုဂတိဘုံသို့ ရောက်ကာ လူဖြစ်လို့ ဖြစ်၊ နတ်ဖြစ်လို့ ဖြစ်၊ ဗြဟ္မာဖြစ်လို့ ဖြစ် အမျိုးမျိုး ဖြစ်ကုန်လေ၏။

သို့သော် သူတို့ သူတို့၏ ကာယ်ပင်းတွင် သက္ကာယ ကြိုးကွင်းကြီး စွပ်လျက်သား ပါလာသောကြောင့်သက္ကာယ၏ အမိန့်အာဏာကို မလွန်သာသဖြင့် ရောက်လေရာရာ ဘဝမှာ ဒုစရိုက်အမှုသစ်တွေ ဖြစ်ဖြစ် လာပြန်လေ၏။ ရှေးကပြုခဲ့သော ကုသိုလ်အဟုန် အကျိုးပေးကုန်လေသောအခါ ထိုသို့ ဖြစ်ရာဘုံဘဝမှ ရွေ့လျောရမည်သာ ဖြစ်၏။

ထိုသို့ တဘဝမှစုတေ၍ ရွေ့လျောသည်နှင့် တပြိုင်နက် ထိုလူ၊ ထိုနတ်၊ ထိုဗြဟ္မာသည် သက္ကာယ၏ ကောင်းမှုကြောင့် ဖြစ်ရသော ဒုစရိုက် အကျိုးကြောင့် ဖြစ်ရသော ဒုစရိုက်မှု အကျိုးကြောင့် အပါယ်သို့ စောက်ထိုးမိုးမျှော် ကျရောက်ရလေ၏။ အပါယ်ဘုံတွင် အပါယ်သား ကြီးတွေတဖန် ဖြစ်ရပြန်လေ၏။ ဘဝပေါင်း တရာနှင့်လည်း လွတ်ခွင့် မရ၊ ဘဝပေါင်းတထောင်နှင့်လည်း လွတ်ခွင့်မရ။ အဋ္ဌကထာကျမ်းများ၌ ပြဆိုထားကုန်၏။

ဤသို့လျှင် သက္ကာယ အမျှင်တန်းလန်းနှင့် ရှိနေသမျှ ကာလပတ်လုံး သူသူ၊ ငါငါ ပုထုဇဉ်သတ္တဝါမှန်သမျှသည် လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ဗြဟ္မာဖြစ်လိုက်၊ အပါယ်လားလိုက်နှင့် ဘဝသံသရာ ချာချာလည်လေသတည်း။

ဤအချက် ထင်ရှားအောင် ဥပမာဆောင်ရသော်ဝါးပင်၊ ပေပင်၊ ငှက်ပျောပင်တို့သည် သီးချိန်တန်လျှင်သီးကုန်၏။သီး သီးလာသော ထိုထိုအသီးများက ဝါးပင်၊ ပေပင်၊ ငှက်ပျောပင်များကို ပြန်၍ သတ်လေကုန်၏။

အသီး သီးသည်နှင့် တပြိုင်နက် သေလမ်းကြီး စင်းနေ၏။ သေမင်းရထားကြီးကို စီးရန် လက်မှတ်ပေးလိုက်သည်နှင့်တူ၏။ မသေပဲ နေချင်၍ မရတော့ပြီတည်း။

ထို့နည်းၺင်းပင် လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာဟူ၍ ခန္ဓာအသစ်အသစ်တွေ ထည်လဲနှင့် ဖြစ်ဖြစ် လာကုန်၏။ ဖြစ်ဖြစ်လာသော ခန္ဓာများက မိမိတို့၏ တည်ရာဖြစ်သော လူကောင်၊ နတ်ကောင်၊ ဗြဟ္မာကောင်တွေကို တသတ်တည်း သတ်ပစ်လေ၏။ ဖြစ်လာသမျှ သေဖို့ချည်းသာ ဖြစ်ကုန်၏။

ထို့ကြောင့် အသစ်သစ် ဖြစ်လာသော ခန္ဓာတို့ကား လူသတ်ကောင် သူသတ်သမား။ လူ၊ နတ်၊ ဗြဟ္မာတို့ကား အသတ်ခံရသူများ ဖြစ်ကုန်၏။ ဆိုးမှု၊ ကောင်းမှုဟု ဆိုအပ်သော ဝိပရိဏာမဓမ္မ အချက်တို့ကား အလွန် အသွားထက်လှသည့် လူသတ်လက်နက်၊ နတ်သတ်လက်နက်၊ ဗြဟ္မာသတ် လက်နက်များသာ ဖြစ်ကုန်၏။ ထိုအကြောင်းကို မာရသုတ်၌ ဗုဒ္ဓဟော တော်မူသည်မှာ....

ရာဓ၊ ချစ်သားရဟန်း ရာဓ--

(၁) ရူပံ- ရူပက္ခန္ဓာသည်၊ မာရော-သူသတ် ယောကျ်ားကြီး တယောက်တည်း။

(၂) ဝေဒနာ- ဝေဒနက္ခန္ဓာသည်၊ မာရော- သူသတ် ယောကျ်ားကြီး တယောက်တည်း။

(၃) သညာ- သညက္ခန္ဓာသည်၊ မာရော- သူသတ် ယောကျ်ားကြီး တယောက်တည်း။

(၄) သင်္ခါရာ-- သင်္ခါရက္ခန္ဓာတို့သည်၊ မာရော- သူသတ် ယောကျ်ားကြီး တယောက်တည်း။

(၅) ဝိညာဏံ- ဝိညာဏက္ခန္ဓာသည်၊ မာရော- သူသတ် ယောကျ်ားကြီး တယောက်တည်း။

ဤဒေသနာတော်ကို ထောက်ခြင်း အားဖြင့် ဖြစ်လာသမျှသော လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ၊ တိရစ္ဆာန်ကောင်တွေ တသေတည်းသေကြရ ကုန်၏။ ထိုသို့သေကြရခြင်းမှာလည်း ရိုးရိုးသားသား သေကြရသည်မဟုတ်။ ဝါးပင်ကို ဝါးသီးက သတ်သကဲ့သို့ လည်းကောင်း၊ မိမိကိုပြန်၍ သတ်သတ် ပစ်သောကြောင့် သေကြရခြင်းဖြစ်ကြောင်း ကောင်းစွာထင်ရှား၏။

ဤလောက၌ မြဲသော အရာဟူ၍ ဘာမျှမရှိ။ ဖြစ်လျှင် ပျက်၏။ အဖြစ်ရှိသလျှင် အပျက်ရှိမြဲ ဖြစ်၏။ ဘာမျှ မဖြစ်တော့လျှင် ဘာမျှ ပျက် ဖွယ်မရှိတော့။

သိပ္ပံခေတ်၌ လူသတ် လက်နက်ဆန်းတွေ တသွက်သွက် ထွက်လာ၏။ လူကို ထိုလက်နက်ဆန်းတို့ဖြင့် သတ်ငြားသော်လည်း သေချင်မှ သေမည်။ ဂျပန်ပြည်၌ အဏုမြူဗုံး ချစဉ်က မသေပဲ လွတ်မြောက်လာသူများ ရှိသည် မဟုတ်ပါလော။ ခန္ဓာက သတ်လျှင်ကား မည်သူမျှ မခံနိုင်။ လူလည်း မခံနိုင်။ နတ်လည်း မခံနိုင်။ ဗြဟ္မာလည်း မခံနိုင်။ စင်းစင်း သေကြရသည်

---

၁။ ခန္ဓသံယုတ် ပါဠိတော်၊ [မာရသုတ်။ ၁၅၉

ချည်း ဖြစ်ကုန်၏။ ခန္ဓာသတ်၍ မသေသူဟူ၍ တယောက်မျှမရှိ။ ဗုဒ္ဓမြတ်ဘုရားသော်မှပင် ခန္ဓာက သတ်ပစ်သဖြင့် သက်တော် ရှစ်ဆယ်အရတွင် ပရိနိဗ္ဗာန် ကြွတော်မူခဲ့ရှာသည်။

တွေးပါ။ ဤခန္ဓာကြီး ရှိနေတာ ကောင်းသလား၊ ဆိုးသလား။ ကောင်းကျိုးပေးသလား၊ ဆိုးကျိုးပေးသလား ဆိုသည်ကို တရေးရေး ပေါ်လာအောင် တစေ့စေ့တွေးပါ၊ စဉ်းစားပါ။ တွေးတောစဉ်းစားယင်း ဤဥပမာကိုလည်း သတိပြုပါလေ။

လူသတ်မှု ကျူးလွန်ထားသူ တယောက်ကို အပြစ် ထင်ရှားသဖြင့် မသေမချင်း သတ်စေဟု ရုံးတော်က အမိန့်ချလိုက်လေသတတ်။ ထိုသူသည် မုချ အသတ်ခံရတော့မည် ဖြစ်၏။ အသတ်ခံရမှာ သေချာ၏။

ဤဘွင် သတ္တဝါတို့၏ သဘောမှာ သဗ္ဗေဘာယန္တိ မစ္စုနော။ သဗ္ဗေ- ခပ်သိမ်းကုန်သော သူတို့သည်၊ မစ္စုနော- သေရခြင်းမှ၊ ဘာယန္တိ- ဆတ်ဆတ်တုန်အောင် ကြောက်ကုန်၏ ဆိုသောအတိုင်း သေစားသေစေ ဟူ၍ ကြိုးမိန့်ချခြင်း ခံရသူအဖို့ မည်သို့ နေရှာမည်နည်း။ မည်မျှ ကြောက်ရှာမည်နည်း။ သေရမည့်ရက်၊ သေရမည့်အချိန်၊ အသတ်ခံရမည့် အခါကို မသိရလျှင် အကောင်းသား။ မည်သို့မျှ ဆိုပြောခြင်း မပြုလေပဲ သတ်ခြင်း ခံရက သေသော်မှ သေရစေ၊ ထိုသူသည် ဤမျှ ကြောက်လန့်မည် မဟုတ်။ အသတ်ခံရတော့မည်ကို သိ၍ကြောက်ခြင်း ဖြစ်၏။

ဤသူကို ပုံမှီး၍ မကြောက်သင့်ပါလော။ သူသူငါငါ ခန္ဓာဟူ၍ ရှိသသူချည်း ဖြစ်၏။ ထိုခန္ဓာကို ဗုဒ္ဓက ရူပံမာရော- ရူပက္ခန္ဓာသည် သူသတ်ကောင်ကြီး တယောက်ဟု ဟောတော်မူထားသည် မဟုတ်ပါလော။ ကြိုးမိန့်ကျသူမှာ သတ်မည့်သူ၊ ဒေါက်ဖြုတ်မည့်သူ မည်သူတယောက်သာ ရှိ၏။ မိမိမှာမူ သတ်မည့် လူသတ်ကောင်ကြီး ငါးယောက်က ဝေးစာဝင့်ဝင့် ရှိနေ၏။

ဝါးပင်ကို ဝါးသီးက သတ်သကဲ့သို့ မိမိ ရုပ်ခန္ဓာကလည်း မိမိကို သတ်ရန် တကဲကဲ။ ဝေဒနက္ခန္ဓာကလည်း မိမိကို သတ်ရန် တကဲကဲ။ သညာ၊ သင်္ခါရ၊ ဝိညာဏ- ဤ သူသတ် သ မား ကြီး သုံးယောက် တို့ကလည်း မိမိကိုသတ်ရန် ဝေးတဝင့်ဝင့်ရှိနေ၏။ သို့ပါလျက် ဤသူသတ်ကောင်ကြီး ငါးယောက်ကို အဘယ့်ကြောင့် မကြောက်သနည်း။

ဤ လူသတ်ကောင်ကြီး ငါးယောက်ကို အသည် ချမ်းအောင် ဖိမ့်ဖိမ့် တုန်အောင် မကြောက်သမျှ သက္ကာယဒိဋ္ဌိ ပျောက်လေမည် မဟုတ်။ သက္ကာ

ဒိဋ္ဌိ မပျောက်သမျှ သောတာပန်ဖြစ်ဖို့ ဝေးသေး၏။ သက္ကာယဒိဋ္ဌိပျောက်လျှင်ကား မြောက်ကနဲ သောတာပန်အဖြစ်သို့ ရောက်လေ၏။

ယင်းအကြောင်းနှင့် ပတ်သက်၍ လယ်တီဆရာတော်ဘုရားကြီးသည် လူအများ သိလွယ်၊ ထင်လွယ်၊ မြင်လွယ်၊ နားလည်လွယ်၊ သဘောပေါက်လွယ်အောင် ပဋိစ္စသမုပ္ပါဒ်ဒီပနီ[၁]၌ ဤသို့ ခပ်ရှင်းရှင်း မြွက်ကြားသွားတော်မူ၏။

စိတ်နှလုံးထဲမှာ သက္ကာယဒိဋ္ဌိ အပြီး ပါရှိနေသမျှကာလပတ်လုံး ပဉ္စာနန္တရိယ ကံကြီး ငါးပါးလည်း အပြီးပါရှိ၍ နေလေတော့သည်။ ဒုစရိုက် ဆယ်ပါးအပြီးပါရှိ၍ နေလေတော့သည်။ ဘယ်မကောင်းမှုမျိုး၊ ဘယ်အမိုက်အမဲမျိုး၊ ဘယ်အမှောက်အမှားမျိုး ငါ၌ မဖြစ်လတ္တံ့ ဟု တစုံတခုမျှ မရှိ။

လူ့ပြည်မှာ လူဖြစ်သော်လည်း ရင်ထဲမှာ အပါယ် လေးဘုံ အပြီးပါ၏။ နတ်ပြည်ခြောက်ထပ်မှာ နတ်မင်းကြီး၊ သိကြားမင်းကြီး ဖြစ်သော်လည်း ရင်ထဲမှာ အပါယ် လေးဘုံအပြီး ပါ၏။ ဗြဟ္မာပြည်မှာ ဗြဟ္မာမင်းကြီး ဖြစ်သော်လည်း ရင်ထဲမှာ အပါယ် လေးဘုံ အပြီးပါ၏။

ထောင်ဒဏ်မှု။ ။ အပြစ်သင့်ကြသော လူ နှစ်ယောက် ရှိသတည်း။ တယောက်သူမှာ ထောင်သို့ ကျလေ၏။ တယောက်မှာကား ထောင်ကျနေ့ရက် မပေးသေး။ (ယင်း ၂ ယောက်အနက်) ထောင်သို့ ကျလေသူမှာ ထောင်မှလွတ်ခွင့်သို့ တရက်ထက် တရက် နီး၍ သွား၏။ ထောင်သို့ မကျသေးသူမှာ ထောင်ကျခွင့်သို့ တရက်နှင့် တရက် နီး၍ သွား၏။

ဤအတူ အပါယ်သို့ ကျရောက်နေသူတို့မှာ အပါယ်မှ လွတ်ခွင့်သို့ တရက်ထက် တရက် နီး၍သွားကုန်၏။ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်၌ နေကုန်သော သူတို့မှာ အပါယ်ကျခွင့်သို့ တနေ့ထက် တနေ့ နီး၍သွားကုန်၏။

ထို့ကြောင့်—

ဧတဿ အာနန္ဒ ပဋိစ္စသမုပ္ပါဒဿ အညာတာ
အပ္ပဋိဝေဓာ တန္တာကုလကဇာတာ၊
မုဉ္ဇပဗ္ဗဇဘူတာ သကုဏဂုဏ္ဍိကဇာတာ၊
အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံ နာတိဝတ္တန္တိ။

---

၁။ ပဋိစ္စသမုပ္ပါဒ်ဒီပနီ၊ စာမျက်နှာ ၁၁၆ (ဂန္ထမာလာ)

အာနန္ဒ-အာနန္ဒာ၊တေဿပဠိစ္စသမုပ္ပါဒဿ-ထိုပဋိစ္စ-သမုပ္ပါဒ်သဘောကို၊ အညာဏာ- မသိခြင်းကြောင့်၊အပ္ပဋိဝေဓာ-သဘောမပေါက်ခြင်းကြောင့်၊ ဣမာသတ္တာ– ဤ ပုထုဇဉ်သတ္တဝါတို့သည်၊ တန္တာကုလက– ဇာတာ-မသင်နိုင်၊ မရှင်းနိုင်သော ယက်ကန်း ထွေးအူပေါက်သကဲ့သို့ ထွေးရှုပ်၍ နေကြကုန်၏။ မုဉ္စပဗ္ဗဇဘူတာ–ဖြူဆံမြက်တော၊ ပြိန်းမြက်တောကဲ့သို့ ထူထပ် ရှုပ်ထွေး၍နေကြကုန်၏။ သကုဏကုလ္လိကဇာတာ စာပေါင်းသိုက်ကဲ့သို့ ထွေးယှက်၍နေကြကုန်၏။ အပါယံ- ချမ်းသာကင်းရာဖြစ်သော၊ ဒုဂ္ဂတိံ–မကောင်းသဖြင့်လားရာဖြစ်သော၊ဝိနိပါတံ-အလိုဆန္ဒကင်း၍ကျရာဖြစ်သော၊ သံသာရံ-သံသရာကို၊ နာတိဝတ္တန္တိ=မလွန်နိုင်ကြကုန်။ (ရှင်းချက်)

တန္တာကုလကဇာတာ– ဟူသော ပုဒ်၏ အဓိပ္ပာယ်မှာ–တယောက် တယောက်သော လူ၊ နတ်ဗြဟ္မာ သတ္တဝါတို့၏ နှလုံးထဲမှာ ၂၅၆ ပါးသော သက္ကာယဒိဋ္ဌိနှင့်တကွ ပြဆိုခဲ့ပြီးသောအပြစ်ဒေါသမျိုးတွေ အသင်္ချေ ရှုပ်ထွေး၍ နေကြသည်ဟု ဆိုလိုသည်။ မုဉ္စပဗ္ဗဇဘူတာပုဒ်- သကုဏကုလ္လိကပုဒ်တို့၏ အဓိပ္ပာယ်တို့ကို ထိုနည်းအတိုင်းသိလေ။

ဝိနိပါတံ သံသာရံ- ပုဒ်၏ အဓိပ္ပာယ်ကား ထိုသို့ နှလုံးအတွင်း ရှုပ်ထွေး၍နေကြကုန်သော လူ၊နတ်၊ဗြဟ္မာ ပုထုဇဉ်သတ္တဝါတို့သည် ‘ဘယ်ဘုံသို့ ငါသွားမည်’ ဟုမှန်းတန်း၍ သွားနိုင်ကြသည်မဟုတ်။ စုတေသည့်နောက် ရောက်လိုရာ ရောက်၊ ကျလိုရာကျ၊ ကမ္မဿကာ-ကံချရာဟု ပေါက်လွှတ်ဓမ္မတာ ထားကြရကုန်၏။

တပေါင်း၊ တန်ခူးအခါ လေမုန်တိုင်းတိုက်၍ ကြွေကျကုန်သော သစ်ရွက်တို့သည် အညာက ကျွတ်လျှင် ကျစရာ၊ နေစရာကို ရွေးချယ်၍ ‘ဘယ်နေရာမှာ ငါကျမည်’ ဟု မှန်းတန်း၍ ကျနိုင်ကြသည်မဟုတ်၊ ရောက်မိရောက်ရာ ရောက်၍ ကျမိကျရာ ကျလေကုန်သကဲ့သို့ ထို့အတူ သက္ကာယဒိဋ္ဌိ တန်းလန်းရှိနေသူတို့သည် အထက်ဘုံဖြစ်သော ‘ဘဝဂ်ဘုံ’ ကပင်သော်လည်း နေ့စေ့၍ စုတေလေသောအခါ ရောက်ချင်ရာရောက် ပေါက်ချင်ရာပေါက်နှင့် ပေါက်လွှတ်ကျကုန်သည်သာတည်း။

သက္ကာယဒိဋ္ဌိ ရှိကြသော သတ္တဝါတို့မှာကား ယနေ့ နတ်မင်းကြီး သိကြားမင်းကြီး၊ မနက်ဖြန်ခါ ခွေး၊ ဝက်၊ ခြ၊ ပုရွက်၊သန်း၊ ကြမ်းပိုး။ ယနေ့ သီလဝန္တကြီး၊ မနက်ဖြန်ခါ ဒမြ၊ သူခိုး၊လူဆိုး၊

တံငါ။ ယခုနေ့ ဈာန်အဘိညာဉ်ရ သမာဓိ ဝန်ကြီး၊ မနက်ဖြန်ခါ ပွဲသဘင်အလယ်မှာ လူပြက်ကြီး။ ယနေ့အခါ ကျမ်းတတ် ဂန်တတ် ပညာရှိကြီး၊ မနက်ဖြန်ခါအရူး၊ အသွမ်း၊ ဥမ္မတ္တက၊ လူအ၊ လူနုမ်းကြီးဖြစ်နိုင်သော သဘောရှိကြကုန်၏။

ဤသို့လျှင် သက္ကာယဒိဋ္ဌိ ရှိကြသူတို့၏ အပြစ်ဒေါသ အနန္တကိုလည်းကောင်း၊ သက္ကာယဒိဋ္ဌိမီး ငြိမ်းကြကုန်ပြီးသော သူတို့၏ အကျိုးအာနိသံသ အနန္တကိုလည်းကောင်း ကောင်းစွာ သိကြသဖြင့် သက္ကာယဒိဋ္ဌိတည်းဟူသော ပါပဓမ္မကြီး၏ ကြောက်ဖွယ်၊ လန့်ဖွယ်၊ ရွံဖွယ်၊ စက်ဆုပ်ဖွယ်သော သဘောသည် အလွန်ထင်ရှားကြကုန်ရာ၏။

ရင်တွင်းနှလုံးမှာ ငါငါဟူသောသက္ကာယဒိဋ္ဌိမီး ဝ ထိန်ထိန် တညီးညီး တောက်ထ၍နေကြသော မိမိတို့ကိုယ်အဖြစ်၏ ပြဆုံးပြီးသော လေမုန်တိုင်းမှာ လွင့်ပါသော မြက်မှိုက်၊ သင်ရွက်မှိုက် မြစ်ရေအလျဉ်မှာ မျောပါသော မြက်မှိုက်၊ သစ်ရွက်တို့၏ အလားကဲ့သို့ သံသရာအလား၊ ဘဝအလား ကြောက်ပါးလိလိ ရှိ၍နေကြသော သဘောသည်လည်း ထင်ရှားကြကုန်ရာ၏။

ဘုရား သာသနာတော်နှင့် ကြုံကြိုက်သော ဘဝ၌သာလျှင် ငါငါဟူ၍ စွဲလမ်းမှုကို "သက္ကာယဒိဋ္ဌိ ငရဲမီးတောက်"ဟု သိနိုင်ရာသည်။ ဘုရားသာသနာပသို့ ရောက်၍သွားလျှင် မဟာကမ္ဘာ အသင်္ချေပင်ကြာသော်လည်း "သက္ကာယဒိဋ္ဌိ ဟူ၍ သိပေါက် သိလမ်းမရှိ" မှောင်အတိ ဖုံးလွှမ်းလေတော့သည်။

ဤသည်တို့ကား သက္ကာယဒိဋ္ဌိနှင့် ပတ်သတ်၍ မှတ်သားစရာ မြွက်ကြားသွားသော လယ်တီဆရာတော်ဘုရားကြီး၏ မိန့်ခွန်းတော် ဖြစ်သတည်း။

ထို သက္ကာယဒိဋ္ဌိသည် မျိုးစေ့နှင့် အလားတူ၏။ တူပုံကား ထန်းပင်၊ အုန်းပင်များအပါအဝင် ကောက်ပဲသီးနှံ စသော အပင်တို့သည် ရှိကုန်၏။ ထိုအပင်တို့သည် မျိုးစေ့မှ ပေါက်ပွားဖြစ်ထွန်းလာကုန်၏။ မျိုးစေ့ရှိလျှင် နေရာမရွေး အပင်ပေါက်နိုင်၏။ သဲကန္တာရ၊ ကျောက်ဖျာကြီးများပေါ်မှ တပါး မျိုးစေ့ကျလျှင် အပင်ပေါက်သော နေရာဟူ၍ မရှိဟု မဆိုရာ၊ မဆိုနိုင်။ မျိုးစေ့မရှိ၍ မျိုးပြတ်သွားလျှင်ကား ဘာပင်မျှ ပေါက်တော့သည် မဟုတ်၊ အပေါက်ငြိမ်း၏။ မျိုးစေ့မပြတ်လျှင် အပေါက်မငြိမ်းသေး။

ထို့အတူ သက္ကာယဒိဋ္ဌိသည် မျိုးစေ့နှင့် အလားတူ၏။ ပုထုဇဉ်တို့၏ နှလုံးသားကား မြေကြီး နှင့် အလားတူ၏။ ပုထုဇဉ်တို့၏ နှလုံးသားမြေပြင်

ပေါ်၌ သက္ကာယဈိုးစေ့ ကျရောက်လျှင် ဒိဋ္ဌိအပင်တွေ ဖြိုးဖြိုးမောက်မောက် ဟိုကပေါက် သည်ကပေါက် ပေါက်လာကုန်လေ၏။ ဒိဋ္ဌိအပင်တွေ ဖြိုးဖြိုးဝေဝေအောင် ပေါက်လာသောအခါ အမှန်ကို အမှန်အတိုင်း မမြင်၊ အဟုတ်ကို အဟုတ်အတိုင်း မထင်တော့ကုန်။ အပါယ်ထဲတွင် ထည်လဲနှင့် ခံကြရမည်သာ ဖြစ်၏၊ ဗုဒ္ဓသာသနာနှင့် ကြုံခိုက်တွင် ယုတ်စွအဆုံး သောတာပန်ဘုံ ဆိုက်ရုံကလေးလောက်တော့ဖြင့် ရယူ၍ ထားထိုက်ကြ၏။

## ရုပ်ကိုရှုဆ သက္ကာယဏွာ သောတာပန်ဖြစ် လမ်းစဉ်

မှန်ကြေးမုံပြင်ကဲ့သို့ ပကတိအားဖြင့် ကြည်လင်နေသော စိတ်အစဉ်ကို အမည်းစက် စွန်းထင်းညစ်ထပ်သွားအောင် ပြုတတ်သောတရား၊ အသည်းနှလုံး၌ မီးဟုန်းဟုန်းတောက်ပြီး တကိုယ်လုံးပူလောင်၍ အပူကောင်ကြီးဖြစ်အောင် မီးမြှိုက်တတ်သော တရားကို ကိလေသာ ဟု ဆိုပေသည်။

ထိုကိလေသာကား အရေအတွက်အားဖြင့် ၁၅၀၀ ရှိသတည်း။ ယင်း ၁၅၀၀ ကိလေသာအားလုံး ခန်းလျှင် ရဟန္တာဖြစ်၏။ သောတာပန်မှာ ကိလေသာ အားလုံးကို ပယ်နိုင်သေးသူ မဟုတ်။ ကိလေသာ ၁၅၀၀ အနက်မှ ၁၄၉၉ မျိုးသော ကိလေသာများကို ချန်လှပ်၍ ဒိဋ္ဌိတလုံးကိုသာ ပယ်သတ်နိုင်သေးသည်။ ဤဒိဋ္ဌိတလုံးကို အသေသတ်နိုင်လျှင် ကိစ္စပြတ်၏။ အရိယာဇာတ် သောတာပန် ဖြစ်လေ၏။

သောတာပန် ဖြစ်မှု၌ စာတတ်ခြင်း၊ မတတ်ခြင်းနှင့် မဆိုင်။ သောတာပန်သည် စာတတ်သူအတွက် မဟုတ်၊ အသိပေါက်သူအတွက်ဖြစ်၏။ စာတတ်လျက် သောတာမဖြန်သူတွေ အများကြီးရှိ၏။ တရားကို များများကြီး သိမှ၊ များများကြီးတတ်မှ မဟုတ်၊ တရားသဘောကို အချက်မိမိတ ွေ့က်လောက်မျှသိလျှင် သောတာ တ္တိအဖြစ်သို့ ရောက်နိုင်၏။ သိမှုသည်သာ အချုပ်အခြာဖြစ်၏။ အသိထက်လျှင် လက်ကနဲ လင်းနိုင်သတည်း။

သိမှုဆိုရာ၌....

(၁) ဆရာသိ
(၂) စာသိ
(၃) နှလုံးသိ

အသိ ၃-မျိုး ရှိသည့်အနက် "သည်ဟာက ပရမတ်၊ သည်ဟာကို ပညတ်ဟု မှတ်" ဤသို့ ဆရာက မှတ်ခိုင်း၊ သိခိုင်း၍ သိသောအသိမျိုးသည်

ဆရာသိ မည်၏။ အသည်းထဲ မစွဲလျှင် ကြက်တူရွေး စကားသင်နည်းမျိုးသာ ဖြစ်၏။ ဤသို့ ဆရာသိ သိကာမျှဖြင့် သောတာမပန်နိုင်သေး။

သမထ စာအုပ်တွေ ဖတ်၊ ဝိပဿနာ စာအုပ်တွေ ဖတ်၍ တတ်သော အသိသည် စာသိ မည်၏။ အသည်း နှလုံးခိုက် စူးစူးစိုက်စိုက် မရှိ။ "သည်ဟာက သည်လိုကိုး" ဟူ၍ သိကာမျှဖြစ်လျှင် အရာမထင်နိုင်သေး။ သောတာပန်နှင့် ဝေးသေး၏။

ဆရာက ညွှန်ပြသည့်အတိုင်း စာအုပ်များက မျက်စိဖွင့်သည့်အတိုင်း သဘောပေါက်စွာ တရားစစ်ကို တစ်တစ်ခွခွ၊ တိတိကျကျ၊ ထိထိရောက်ရောက် အသိပေါက်သော အသိမျိုးသည် နှလုံးသိ မည်၏။ ထိုအသိကသာ သောတာပန် ဖြစ်စေနိုင်၏။ သောတာပန်အဖြစ်သို့ ရောက်အောင် တွန်းပို့နိုင်သော အသိမျိုး ဖြစ်လေ၏။

ထို့ကြောင့် တရားရှာ ကိုယ်မှာ တွေ့၏။ တခြားသွား၍ ရှာနေစရာမလို။ နှလုံးအသိဖြင့် တရားသားကို မိအောင်ဖမ်းယူရာ၏။ တရားသားကို သိမှ တကယ်သိ သိမှလည်း တကယ်အကျိုးရှိမည် ဖြစ်သတည်း။

ခန္ဓာငါးပါး အကြောင်းကို အထက်၌လည်း တတွတ်တွတ် ရွတ်ပြခဲ့ပြီး သူ၏ သဘောရင်းကို အတော်အတန် ရှင်းပြခဲ့ပြီးဖြစ်၏။ သို့ရာတွင် ဤ၌လည်း ခန္ဓာကိုယ်ပင် အခြေတည်၍ ဆိုရပေဦးမည်။

အဘယ်ကြောင့်ဆိုသော် လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေသည် ခန္ဓာကြောင့် ခက်နေ၏။ ခန္ဓာကို ပျက်အောင် ဖျက်နိုင်လျှင် တက်လမ်းပွင့်သွားမည် ဖြစ်၏။ ထို့ကြောင့် အပ်ကြောင်းထပ်ခြင်းသည် ပဓာန မဟုတ်။ ခန္ဓာကို အပျက်သဘောဖြင့် နှစ်နှစ်ကာကာ သိမြင်ခြင်း၊ ခန္ဓာ၌ တွယ်တာတပ်မက်မှု၊ စွဲလမ်းမှု ကင်းခြင်းသာလျှင် လိုရင်းဖြစ်သည့် အလျောက် အခေါက်ခေါက်အခါခါ ဆိုနိုင်လေ၊ အကျိုး ရှိလေပင်ဖြစ်မည်။ ဓာတ်မီးခြစ်ကို ခြစ်သကဲ့သို့ မှတ်နိုင်၏။ တချက်ခြစ်ရုံနှင့် မီးမပွင့်လျှင် ရပ်၍ မထား၊ နှစ်ချက်၊ သုံးချက် စသည် ဆက်ကာဆက်ကာ ခြစ်သော် မီးပွင့်၍ လိုအပ်သော ကိစ္စ ပြီးသကဲ့သို့တည်း။

ရုပ်ကိုရှု၍ "ဤခန္ဓာကြီးဟာ မက်မောစရာ၊ တွယ်တာစရာ၊ ခုံမင်စရာ ဆို၍ ဘာမျှမရှိပါတကား" ဟူ၍ နှလုံးသိ သိအောင် တနည်းတဖုံ ရှုထောင့်တနေရာမှ ကြည့်ကြကုန်ဦးစို့။

> "ရုပ်ဆိုတာ ဖောက်ပြန်တတ်တဲ့ သဘော၊ ဖောက်ပြန်ဆိုတာက သူ့နဂိုအတိုင်း တည်တံ့လေ့မရှိပဲ ရွေ့ရွေ့သွားတတ်တဲ့ သဘော အဲဒါကြောင့် သူ့ကို ရုပ်လို့ခေါ်တာ"

ဤသို့ ဆရာတွေကလည်း ဟောပြောကြ၏။ စာအုပ်တွေကလည်း အခိုင်အမာ ဆိုကုန်၏။ ဤသို့ ဟောကြ၊ ပြောကြတိုင်း၊ ရေးကြ၊ သားကြတိုင်းကို ယုံသင့်-မယုံသင့် ကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်ချိန်ကြရန် အခါတပါးတွင် ဗုဒ္ဓမြတ်ဘုရားသည် ကာလာမ မင်းတို့အား သတိပေးတော်မူဖူးပေသည်။

အချင်း ကာလာမ မင်းတို့၊ ဤကား ငါ့ဆရာ၏ ဩဝါဒ ဟူ၍လည်း အခိုင်အမာ မယူကုန်လင့်၊ လက်မခံလင့်ဦး။ ဤကား ကျမ်းဂန်ထွက် စကားဟူ၍လည်း အမှန်ဟု မယူဆကြကုန်လင့်ဦး။ ဆရာက ပြောသည့်အတိုင်း ဟုတ်မဟုတ်ကို လည်းကောင်း၊ ကျမ်းဂန်က ဆိုသောအတိုင်း မှန်မမှန်ကို လည်းကောင်း ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်ချိန်ဆပြီး မှ ယုံသင့်ရာကို ယုံကုန်ရာ၏။ လက်ခံသင့်ရာကို လက်ခံကုန်ရာ၏။

ဤသို့ ဗုဒ္ဓ၏သတိပေးတော်မူချက်ကို အခြေခံလျက် ရုပ်ဟာ ဆရာက ပြောဟောသည့်အတိုင်း၊ ကျမ်းဂန်တွေက ဆိုသည့်အတိုင်း အကယ်ပင် ဖောက်ပြန်သလော။ ဘယ်ပုံဘယ်နည်း ဖောက်ပြန်သနည်း ဟူ၍ ရုပ်၏ ဖောက်ပြန်ပုံ အခြင်းအရာများကို ဉာဏ်မျက်စိထဲတွင် ထင်းကနဲ၊ လင်းကနဲ ဝင်းလက်လာအောင်၊ သဘော ပေါက်လာအောင် ဖောက်ပြန် ချက်ကို လက်တွေ့စူးစမ်းကြည့်ရာ၏။

ရုပ္ပတီတိရူပံ။ ။ရုပ္ပတိ-ဖောက်ပြန်တတ်၏၊ဣတိတသ္မာ-ထို့ကြောင့်၊ ရူပံ-ရုပ်မည်၏။

မူလအရှိ ပကတိအတိုင်း တည်နေခြင်းမရှိပဲ ပုံပန်းသဏ္ဌာန်မှ စ၍ အခြေအနေ တမျိုးမှတမျိုးသို့ ပြောင်းလဲရွေ့လျားသွားမှုကို ဖောက်ပြန်ဟု ဆို၏။

ရုပ်သည် မည်သို့ ဖောက်ပြန်လေသနည်း။

ဥပမာ—စပါးဟူ၍ ရှိသည်။ ထိုစပါးသည် ရုပ်ဖြစ်၏။ ထိုစပါးကို စက်ထဲထည့်၍ ကြိတ်လျှင်၊ မောင်းထဲထည့်၍ ထောင်းလျှင် ဆန်ဖြစ်လာ၏။ စပါးမှ ဆန်အဖြစ်သို့ပြောင်းလဲလာခြင်းသည် ရုပ်၏သဘောအရ ဖောက်ပြန်ခြင်းပင်တည်း။

တဖန် ထိုဆန်သည် ဆန်အတိုင်း မနေလေပဲ ဆန်မှ ဆန်မှုန့်ဖြစ်၍ ဖောက်ပြန်သွားပြန်၏။ ဆန်မှ ထမင်းဖြစ်၍ ဖောက်ပြန်သွားပြန်၏။ တဖန် ထမင်းပူမှ ထမင်းကြမ်းဖြစ်၍ ဖောက်ပြန်သွားပြန်၏။ ဤကား ရုပ်စပါးတခု၏ ဖောက်ပြန်မှု အမျိုးမျိုးတို့ ဖြစ်၏။

လူတို့ သွားလာခြင်း ဣရိယာပုထ် တခုဌ်ပင် ဖောက်ပြန်မှုတွေ အဘယ်မျှ များပြားပုံကို ရှုပါလေဦး။ ဥပမာ-ဈေးကိုသွားသည် ဆိုပါတော့၊ ခြေကို တလှမ်းပြီးတလှမ်း လှမ်းကာ လှမ်းကာ ရွေ့လျားသည်ကို သွားသည်ဟု ခေါ်၏။ ခြေတလှမ်းတလှမ်း၌ လှမ်းတိုင်း လှမ်းတိုင်းမှာပင် အစ၊ အလယ်၊ အဆုံးသုံးပါးရှိ၏။ ခြေလှမ်း၏ ဖြစ်ပေါ်မှုသည်အစ၊ ခြေလှမ်း၏ ကြာညောင်းမှုသည် အလယ်၊ ခြေလှမ်း၏ သေဆုံးမှုသည် အဆုံးဖြစ်၏။

ထင်ရှားစေဦးအံ့။ ပထမခြေလှမ်းကို လှုံ့ဆော်သော စိတ်သည် ပထမခြေလှမ်းရုပ် ဆုံးရာ၌ ချုပ်ဆုံး၏။ ဒုတိယခြေလှမ်းကို လှုံဆော်သော စိတ်မျိုး ဖြစ်ပေါ်၏။ ဒုတိယခြေလှမ်း၏ ဆိုင်ရာရုပ်လည်း တမျိုး ဖြစ်ပေါ်ပြန်၏။ ရုပ်၏ ဖောက်ပြန်မှု သဘောပင်တည်း။

ဒုတိယခြေလှမ်း ရှင်ဆုံးရာ၌ ထိုစိတ်လည်း ချုပ်ဆုံး၏။ ဤနည်းအတူ အလှမ်းတရာ သွားခဲ့လျှင် စိတ်အကြိမ်ပေါင်းတရာ၊ ရုပ်အကြိမ်ပေါင်းတရာ ချုပ်ဆုံး၏။ အလှမ်းတထောင် ဆုံးခဲ့လျှင် စိတ်အကြိမ်ပေါင်းတထောင်၊ ရုပ်အကြိမ်ပေါင်းတထောင် ချုပ်ဆုံး၏။ ရုပ်၏ဖောက်ပြန်မှု သဘောပင်တည်း။

ရှေ့ရှေ့ခြေလှမ်း၏ ဆိုင်ရာဖြစ်သော စိတ်စု၊ ရှေ့ရှေ့ခြေလှမ်းခေါ်သော ရုပ်စုသည် နောက်နောက် ခြေလှမ်းသို့ မရောက်နိုင်။ သူ့ခြေလှမ်းနှင့်သူ အသီးသီးချုပ်ဆုံးလေ၏။

ခြေလှမ်းတလှမ်းကို လှမ်းတိုင်းလှမ်းတိုင်း တကိုယ်လုံး ပါ၏။ အမျိုးမျိုးသော လှုပ်ရှားမှု အသစ်အသစ်တို့သည် ဖြစ်ပေါ်ကုန်၏။ စိတ်အသစ်အသစ်တို့ကြောင့် ဖြစ်ပေါ်သော ရုပ် အသစ်သစ်တို့ပေတည်း။ ရုပ်၏ ဖောက်ပြန်မှု သဘောပင် မြင်အောင်ရှုလေ။

တနေ့တနေ့အဖို့မှာ ဦးခေါင်း၊ ခြေလက်စသော ထိုထိုကိုယ်အင်္ဂါကြီးငယ်တို့ အထွေထွေ အလာလာ လှုပ်ရှားမှု၊ ထွက်သက်ရှူမှု၊ ဝင်သက်ရှိုက်မှု၊ မျက်တောင်ခတ်မှု၊ ပါးစပ်လှုပ်မှု အစရှိသော အမျိုးမျိုးသော ကိုယ်အင်္ဂါ လှုပ်ရှားမှုတို့မှာလည်း သူ့လှုပ်မှုနှင့် သူ့စိတ်အသီးသီး ဖြစ်သည်ချည်းပင်။ ဤကား ကာယကံရုပ် အမျိုးမျိုး ဖြစ်ပေါ်ဖောက်ပြန်ပုံတည်း။

ရုပ်ကို စိတ်က ဦးဆောင်၏။ သွားလိုသောဆန္ဒသည် စိတ်ဖြစ်၏။ စိတ်၏လှုံ့ဆော်ချက်အရ ရုပ်က သွားရ၏။ ထိုစိတ်သည် ပုဂ္ဂိုလ်မဟုတ်၊

သတ္တဝါမဟုတ်၊ သူ မှုတ်၊ ငါ မဟုတ်၊ မိန်းမ မဟုတ်၊ ယောကျ်ား မဟုတ်၊ လူ မဟုတ်၊ နတ် မဟုတ်၊ ဗြဟ္မာမဟုတ်။ စိတ်သည် စိတ်သာ တည်း။ ဓာတ်တမျိုးသာ ဖြစ်၏။

ထိုစိတ်၏ လှုံ့ဆော်ချက်မှ ထွက်ပေါ်လာရသော တလှုပ်ရှားရှား သွားလာမှုသည်လည်း ပုဂ္ဂိုလ် သတ္တဝါ၊ အတ္တ၊ ဇီဝ၊ မိန်းမ၊ ယောကျ်ား၊ သူ မဟုတ်၊ ငါ မဟုတ်။ ထိုဘလှုပ်ရှားရှား သွားလာမှုကို ပြုတတ်သော သူဟူ၍ မရှိ။ သွားတတ်သူဟူ၍ မရှိ။ လာတတ်သူ ဟူ၍ မရှိ၊ ထိုင်တတ်သူ၊ ရပ်တတ်သူ၊ အိပ်ဘတ်သူဟူ၍ မရှိ၊ ပြောတတ်သူ၊ ဆိုတတ်သူဟူ၍ မရှိ။ စိတ်တည်းဟူသော အကြောင်းတရား၏ အာနုဘော်ကြောင့် သွားရပ်၊ လာရပ်၊ ထိုင်ရပ်၊ အိပ်ရပ်၊ ပြောရပ်၊ ဆိုရပ်ဘို့၏ ဖြစ်ပေါ်ခြင်းမျှသာ တည်း ဟူ၍ ရှင်းလင်းစွာ မြင်သော ဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ် မည်၏။

စိတ်သည် ဆန္ဒသာ ဖြစ်၏။ ပုဂ္ဂိုလ်သတ္တဝါမဟုတ်။ သွားလာခြင်း သည် စိတ်ဆန္ဒအရ လှုပ်ရှမှုသာ ဖြစ်၏၊ ပုဂ္ဂိုလ် သတ္တဝါမဟုတ်။ ထိုင်၊ လျောင်း၊ ရပ်၊ သွား၊ စား၊ သောက်၊ ဆို၊ ပြောမှုတို့သည် စိတ်၏ လှုံ့ဆော်ချက် အရ ထွက်ပေါ်လာရသော အမူအရာများသာဖြစ်၏။ ဤအချက်ကို အလေး အနက် ပိုင်ပိုင်နိုင်နိုင်သဘောပေါက်လျှင် ငါ့ကိုယ်၊ ငါ့နွှာ၊ ငါ့ရုပ်ဟူသော ရုပ်ဒွံ စွဲလမ်းမှု ပျောက်လေ၏။ ရုပ်ပျောက်သွားလျှင် ရုပ်ဒွံ သာယာမှု၊ တွယ်တာမှု၊ နှုံမင်မှုတို့သည်လည်း ရုပ်နောက်သို့ တပြိုင်တည်း ပါသွားကုန် လေ၏။ ထိုအခါ အဘယ်သူသည် ထိုရုပ်ဒွံ စွဲလမ်းမှု ရှိပါတော့မည်နည်း။

ထိုမှတပါး ရုပ်၏ ဖောက်ပြန်မှုများကို ဤ အခြင်းအရာများကို ကြည့်ခြင်းအားဖြင့်လည်း ထင်ရှား၏။ ရုပ်သည် ဖောက်ပြန်ဘတ်၏။ ဖောက်ပြန်တတ်သော သဘောသည် ရုပ်မှာရှိ၏။ ဤသည်ကို ခိုင်မြဲစွာ မှတ် ထားပြီးနောက် ဆောင်းရာသီသို့ ရောက်လာပြီ ဆိုပါတော့။ ထိုအခါ ရာသီဥတု၏ ဒဏ်ကြောင့် ရုပ်သည် အေးလာ၏။ နွေရာသီသို့ ရောက်သော အခါကျလျှင်လည်း ရာသီဥတု၏ ဒဏ်ကြောင့်ပင် ရုပ်သည် ပူနွေးလာပြန် ကာ အိုက်ငပ်စပ်ကြီး ဖြစ်လာပြန်၏။ အေးသည်မှာလည်း ဤရုပ်၊ ပူသည် မှာလည်း ဤရုပ်ပင် ဖြစ်၏။ အခြားရုပ်တခုက လာ၍ အအေးဒဏ်၊ အပူ ဒဏ်ကို ခံလာသည် မဟုတ်။

အကယ်၍သာ ဤရုပ်သည် ဖောက်ပြန်ခြင်း မရှိခဲ့သော် မည်သည့် ဥတုဒဏ်ကို ခံရသည်ပင်ဖြစ်စေ၊ အေးလိုက်၊ ပူလိုက်၊ မဖြစ်သိုက်ချေ။ အေးမှု၊ ပူမှုဖြစ်ရန် အကြောင်းမရှိ။ ယခုသော်တမူ ရုပ်သည် ရာသီဥတု

ဒဏ်ကိုမခံနိုင်ရှာချေ။ ရာသီဥတုပူလျှင် ရုပ်လည်းပူလာလေ၏။ ရာသီဥတုက အေးလျှင် ရုပ်လည်း အေးလေ၏။

ဤသို့ ဖြစ်ရခြင်းမှာ အဘယ့်ကြောင့်နည်း။ အဖြေက ရှင်းလှ၏။ ရုပ်၌ တည်တံ့သောသဘောမရှိ။ ကြံ့ခိုင်သောသဘောမရှိ။ နှဲ့လျှင်နှဲ့တတ်၏။ ဆွဲလျှင် ပါတတ်၏။ ဖောက်ပြန်တတ်၏။ ဖောက်ပြန်ခြင်းသဘော ဖြစ်၏။ ထို့ကြောင့် ရုပ်သည် အေးသည့်အခါတွင် အေးရုပ် ပေါ်သတည်း။ ပူသော ရာသီတွင် ပူရုပ် ပေါ်သတည်း။

ဤမျှသာမကသေး ရုပ်သည် ငတ်ပြတ်ခြင်း ဒဏ်ကိုလည်း ခံနိုင်စွမ်း မရှိ။ ထမင်းဆာသောအခါ၊ ရေငတ်သောအခါများတွင် ရုပ်သည် ရွှင်ရွှင်လန်းလန်းမရှိ၊ ညှိုးတိညှိုးနွမ်း၊ မချမ်းမသာအသွင်မျိုး ပေါ်နေ၏။ ဝမ်းဝ ဗိုက်ကားနှင့် နင့်လောက်အောင် စားရသောအခါများ၌ကား ရုပ်သည် ကြည်ကြည်လင်လင်နှင့် ရွှင်သောအမူအရာကို ပြနေ၏။

ထို့ကြောင့် ရုပ်သည် ဖောက်ပြန်၏။ အမာခံသဘော၊ ကြံ့ကြံ့ ခံနိုင်သော သဘောမရှိ။ ဆွဲရာပါတတ်၏။ အပူကဆွဲလျှင် အပူရုပ်ပေါ်ပြီး အပူနောက်ပါ၏။ အပူရုပ် ဖြစ်လာ၏။ ထို့အတူ အအေးကဆွဲလျှင် အအေးနောက်ပါပြီး အေးရုပ်ကြီး ဖြစ်လာ၏။ ချမ်းသာနှင့်တွေ့လျှင် ချမ်း သာနောက်ပါပြီး ရွှင်ရုပ်ကြီး ဖြစ်လာ၏။ ဆင်းရဲနှင့်တွေ့လျှင် ဆင်းရဲ နောက်ပါပြီး မရွှင်ရုပ်ကြီးထင်လာ၏။ ထို့ကြောင့် ဖောက်ပြန်ရေးသမား ဟူသော အမည်မှာ ရုပ်နှင့်အပူ ဆီလျော်သောအမည် အံဝင်ခွင်ကျလှ သော အမည်နာမ ဖြစ်လေသည်။

ထိုမှတပါး ရုပ်၏ဖောက်ပြန်ပုံများကို ရှုပါလေဦး။ ရုပ်ကိုရှက် ကြောပြတ် အရှက်မရှိတဲ့ အကောင်ဟု ဆိုက မှားအံ့မထင်။ အဘယ်ကြောင့် ဆိုသော် ပရိသတ် တူသပ်လှသည့် လူသူလေးပါး အလယ်၌ပင် ဖြစ်စေဦး တော့။ စိတ်ထိခိုက်စရာ တခုခုနှင့် ကြုံကြိုက်လျှင် အရှက်မရှိ၊ ရှိုက်ကြီး တငင် ချုံးပွဲချ၍ ငိုပါလေ၏။ စိတ်နှလုံး ကြည်နူး၍ အူမြူးဖွယ်နှင့် ကြုံကြိုက် ပြန်လျှင်လည်း အရှက်ကင်းမဲ့စွာ တဝါးဝါးနှင့် ဟားတိုက်၍ ရယ်ပါ လေ၏။ ရုပ်၏ ဖြစ်ပုံမှာ အဘယ်မျှ ဂုဏ်သိက္ခာ ထိခိုက်စေလေသနည်း။ သူသာ တည်တည်တံ့တံ့ ဖြစ်ခဲ့သော် ဤသို့သော ရှက်ဖွယ်မျိုးနှင့် တိုးမိ ရဖွယ်မရှိ။ ယခုသော်ဟူ ရုပ်၏ ဖောက်ပြန်ချက်ကြောင့် လူသူလေးပါး ပရိသတ်အလယ်မှာ မျက်နှာမပြရဲအောင် အရှက်ကွဲရလေပြီကော။

ခြုံ၍ကြည့်လျှင် ရုပ်သည် လွန်စွာ စက်ဆုပ်ဖွယ် ကောင်း၏။ ရုပ်၌ ခင်တွယ်စရာ မြတ်နိုးစရာဟူ၍ တကွက်မျှ ရှာ၍မတွေ့။ ဆိုပါတော့ အရိုက်ခံရသည်မှာလည်း ရုပ်ကြောင့်။ ရုပ်မရှိလျှင် အဘယ်သူ ရိုက်မည်နည်း။ သူတပါး၏ ဆဲဆိုခြင်း၊ ကဲ့ရဲ့ခြင်း ခံရသည်မှာလည်း ရုပ်ကြောင့်။ ရုပ်မရှိလျှင် အဘယ်ကို ဆဲမည်နည်း၊ အဘယ်ကို ကဲ့ရဲ့မည်နည်း။ မတော်တဆ ကားတိုက်ခြင်း ခံရသည်မှာလည်း ရုပ်ကြောင့်။ ရုပ်မရှိလျှင် ကားက အဘယ်ကို တိုက်မည်နည်း။ ဖျားခြင်း၊ နာခြင်း၊ ညောင်းညာခြင်း၊ ကိုက်ခဲခြင်း၊ ထုံခြင်း၊ ကျင်ခြင်း ဖြစ်ရသည်များမှာလည်း ရုပ်ကြောင့်။ ရုပ်မရှိလျှင် အဘယ်ကို ဖျားနာမည်နည်း၊ အဘယ်ကို ညောင်းညာ ကိုက်ခဲမည်နည်း။

သတ္တုချသော် ဤရုပ်ကြောင့်သာ ငါ အရှက်ကွဲရသည်၊ ငါ အဆဲခံရသည်၊ ငါ အရိုက်ခံရသည်။ ငါ ကားတိုက်ခံရသည်၊ ငါ ဖျားနာရ၊ ညောင်းညာရ၊ ကိုက်ခဲရ၊ ထုံရ၊ ကျင်ရသည်ဟူ၍ အူထဲ အသည်းထဲက သဘောပေါက်ခဲ့သော် အဘယ်သူသည် ရုပ်၌ စွဲလမ်းမှု ရှိချင်ပါတော့မည်နည်း။ ရုပ်၌ တွယ်တာမှု အာလယ ဖြတ်လိုက်သည်နှင့် တပြိုင်နက် ငါစွဲ၊ အတ္တစွဲ၊ သက္ကာယဒိဋ္ဌိသည် နောက်သို့ လှည့်ကြည့်ခွင့် မရတော့ပဲ တချိုးတည်း လစ်လေ၏။ မိမိကိုယ်မှာ သက္ကာယဒိဋ္ဌိကွာသော် မျှော်လင့်သည် ဖြစ်စေ၊ မမျှော်လင့်သည် ဖြစ်စေ၊ သောတာပန် အဆင့်၊ အရိယာဘုံသို့ ရောက်သွားလေပြီဘည်း။ ဤကား ရုပ်ကို ရှုဆ၍ သက္ကာယကွာသော သောတာပန်ဖြစ် လမ်းစဉ်ဖြင့်၏။

## အတိုက်ခေတ် အခံခေတ်မှ သောတာပန်သို့

ရန်ကုန်မှ မန္တလေးသို့ လူ ၄-ယောက် ခရီးသွားကြရာ၌ တယောက်က သင်္ဘောဖြင့်၊ တယောက်က မော်တော်ကားဖြင့်၊ တယောက်က မီးရထားဖြင့်၊ တယောက်က လေယာဉ်ပျံဖြင့် သွားကြလေသတတ်။ အလျင်ရောက်နှင့် နောက်ရောက်သာ ကွာသည်။ ၄-ယောက်စလုံးပင် မန္တလေးသို့ ချောမောစွာ ရောက်သွားကြ၏။

ဤကား ဥပမာဖြစ်၏။ ဥပမေယျကား သောတာပန်တည်း။ မန္တလေးသွား ခရီးသည် လေးဦးနှင့် သောတာပန်သွား ခရီးသည်များကို တင်စား၍ဆိုခြင်းဖြစ်၏။ မန္တလေးသို့သွားရန် လမ်းအသွယ်သွယ်ရှိသကဲ့သို့ သောတာပန်ဖြစ် နည်းလမ်းများလည်း အသွယ်သွယ်ပင် ရှိသည်ဟု ဆိုလိုသည်။

**သောတာပန်သို့** ခေတ်လမ်း၊ ခေတ်ရထားကြီးစီး၍ သွားကြည့်ကြပါဦးစို့။ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ လူကောင်၊ နတ်ကောင်၊ ဗြဟ္မာကောင်တို့သည် ခေတ်နှင့် ကင်းသူဟူ၍ တယောက်မျှ မရှိကုန်။ လူမှာလည်း ခေတ်နှင့်၊ နတ်မှာလည်းခေတ်နှင့် ဗြဟ္မာမှာလည်း ခေတ်နှင့်အားလုံး ခေတ်ကောင်ချည်း ဖြစ်ကုန်၏။

မှန်၏။ လူကောင်၊ နတ်ကောင်၊ ဗြဟ္မာကောင်၊ ငါကောင်၊ သူကောင်တိုင်း၌ ခေတ် (၁၈)မျိုးစီ အသီးသီး ရှိကြ၏။ ယင်းခေတ်ဖြင့် သံသရာကြီးကို ပတ်နေကြ၏။ ခေတ် ၁၈-မျိုး ဟူသည်ကား—

အခံခေတ် ၆ ပါး။

အတိုက်ခေတ် ၆ ပါး။

အပေါ်ခေတ် ၆ ပါး။

ဤသို့အားဖြင့် ၁၈-ပါး ဖြစ်သတည်း။ ယင်းခေတ် ၁၈-ပါးကို ခွဲတမ်းချလိုက်သော်—

အခံခေတ် ၆ ပါး- (၁) မျက်စိအကြည်ခေတ်။
(၂) နှာခေါင်းအကြည်ခေတ်။
(၃) လျှာအကြည်ခေတ်။
(၄) ကိုယ်အကြည်ခေတ်။
(၅) နားအကြည်ခေတ်။
(၆) မနောအကြည်ခေတ်။

ဤကား အခံခေတ် ၆ ပါးတည်း။

အတိုက်ခေတ် ၆ပါး- (၁) အဆင်းခေတ်။
(၂) အသံခေတ်။
(၃) အနံ့ခေတ်။
(၄) အရသာခေတ်။
(၅) အတွေ့အထိခေတ်။
(၆) စိတ်ကူးခေတ်။

ဤကား အတိုက်ခေတ် ၆ ပါးတည်း။

ဤ အခံခေတ် ၆ ပါးနှင့် အတိုက်ခေတ် ၆ ပါးကို ပေါင်းသော် ခေတ်ပေါင်း ၁၂ ခေတ်။ ယင်း ၁၂ ခေတ်ကို ရုပ်ခေတ်ဟု ခေါ်၏။

ရုပ်ခေတ် ၁၂ မျိုးတည်း။

အခံခေတ် ၆ မျိုးကို ခေတ်မ၊ အတိုက်ခေတ် ၆ မျိုးကို ခေတ်ဖိုဟူ၍လည်း ဆိုနိုင်၏။ ဖို+မ တို့၏ သဘောထား အဖိုနှင့်အမ၊ သံဝါသမှုဖြင့် ဆက်ဆံမိလေသောအခါ သား သမီး ဖွားလေ၏။ ဤကား ဖို မ ဆက်ဆံမှု ဓမ္မတာတည်း။

အခံခေတ်နှင့် အတိုက်ခေတ်တို့သည် အဖို-အမ ဖြစ်သောကြောင့် ဆက်ဆံကြ၏။ သံဝါသမှု ပြုကြ၏။ ဤသို့ အချင်းချင်း ဆက်ဆံမှုဖြင့် သံဝါသ ပြုကြရာ၌ စည်းကမ်းရှိကြ၏။ သစ္စာကြီးကြ၏။ တစ်-တစ်ချင်း၊ နှစ်-နှစ်ချင်း သံဝါသ ပြုကြ၏။ တစ်က နှစ်ကိုသော်လည်းကောင်း၊ ငါးက နှစ်ကိုသော်လည်းကောင်း၊ သုံးက ခြောက်ကိုသော်လည်းကောင်း ဖောက်ဖောက် ပြားပြား ကျူးလွန်ခြင်း မရှိ၊ ပြစ်မှားခြင်း မရှိ။ ဥပမာ-အဆင်းတည်းဟူသော အတိုက်ခေတ်၊ အဖိုနှင့် အခံခေတ်၊ မျက်စိ ခေတ်မနှင့်သာ ဆက်ဆံ၏။ ခေတ်ဖိုဖြစ်သော အဆင်းသည် ခေတ်မဖြစ်သော နားနှင့် မည်သည့်အခါမျှ မှောက်မှောက်မှားမှား ဖောက်ပြားလေ့ မရှိ။ ကျူးလွန်လေ့မရှိဟု ဆိုလိုသည်။

စက္ခု ရူပေန သံဝါသာ၊

ရာဂ ပုတ္တံ ဝိဇာယတိ။

စက္ခု-မျက်စိတည်းဟူသော အခံခေတ် ခေတ်မသည်၊

ရူပေန-အဆင်းတည်းဟူသော အတိုက်ခေတ် ခေတ်ဖိုနှင့်၊

သံဝါသာ-ပေါင်းဖော်ဆက်ဆံမှုကြောင့်၊

ရာဂပုတ္တံ-ရာဂတည်းဟူသော သားကို၊

ဝိဇာယတိ-ဖွားမြင်လေ၏။

မျက်စိနှင့် ရူပါရုံ တွေ့ဆုံကြုံကြိုက် တိုက်ခိုက် မိုဝ်မိလေသောအခါ ဓမ္မတာ သဘောအရ သား သမီး မွေးဖွား၏။

ဤ၌ ဖိုခေတ်နှင့် မခေတ် တိုက်ခိုက်မိလေသောအခါ ဆက်ဆံပေါင်းသင်း မိုဝ်ခြင်းပြုလေသောအခါ မည်သို့ သားကို ဖွားလေသနည်း။

## အသိစိတ် ၆ ပါး

(၁) အခံစိတ်(စိတ်မ)မျက်စိနှင့် အတိုက်စိတ် (စိတ်ဖို) တိုက်ခိုက်မိသောအခါ တခုခုကို မြင်၏။ မြင်လျှင် ဘာဟူ၍ သိသော မြင်သိစိတ်ကလေး။

(၂) အခံစိတ် (စိတ်မ)နားနှင့် အတိုက်စိတ်(စိတ်ဖို)အသံ တိုက်ခိုက်မိသောအခါ တခုခုကို ကြား၏။ ကြားလျှင် ဘာဟူ၍သိသော ကြားသိမှု စိတ်ကလေး။

(၃) အခံစိတ်(စိတ်မ)နှာခေါင်းနှင့် အတိုက်စိတ်(စိတ်ဖို) အနံ့ တိုက်ခိုက်မိသောအခါ တခုခုကို နံ၏။ နံလျှင် ဘာ ဟူ၍ သိသော နံသိမှု စိတ်ကလေး။

(၄) အခံစိတ် စိတ်မ-လျှာနှင့် အတိုက်စိတ် စိတ်ဖို-အရသာ တိုက်ခိုက်မိသောအခါ တခုခုကို တွေ့၏။ တွေ့လျှင် ဘာ ဟူ၍ သိသော လျက်သိမှု စိတ်ကလေး။

(၅) အခံစိတ် စိတ်မ-ကိုယ်နှင့် အတိုက်စိတ် စိတ်ဖို-ထိတွေ့ တိုက်ခိုက်မိသောအခါ တခုခုကို ခံစားရ၏။ ခံစားရလျှင် ဘာဟူ၍ သိသော ထိတွေ့သိ စိတ်ကလေး။

(၆) အခံစိတ် စိတ်မ-မနောနှင့် အတိုက်စိတ် စိတ်ဖို-စိတ်ကူး တိုက်ခိုက်မိသောအခါ တခုခု ပေါ်၏။ ပေါ်လျှင် ဘာဟူ၍ သိသော တွေးသိစိတ်ကလေး။

ဤသိမှုကလေး၊ ထိုသိမှုကလေးသည် အခံစိတ်၊ အတိုက်စိတ် (စိတ်မ–စိတ်ဖို)တို့မှ ဖွားသောသား ဖြစ်၏။ ယင်းသိမှုစိတ်ကလေးကို အသိစိတ် ၆ ပါးဟု ဆိုသည်။ ယင်းအသိစိတ် ၆ ပါးကို နာမ်ဟု ခေါ်၏။

မည်သည့် လူကောင်၊ နတ်ကောင်၊ ဗြဟ္မာကောင်၊ သူကောင်၊ ငါကောင်မှာပင်ဖြစ်စေ ပြဆိုခဲ့ပြီးသော အခံစိတ် ၆ ပါး၊ အတိုက်စိတ် ၆ပါး၊အသိစိတ် ၆ ပါး၊ ပေါင်းစိတ် ၁၈ ပါးမှ တပါး အခြား ဘာမျှ မရှိပြီ။ထို့ကြောင့် သူကောင်၊ ငါကောင်၊ လူကောင်၊ နတ်ကောင်၊ ဗြဟ္မာ ကောင်တွေကို စိတ်ကောင်ဟု ဆိုခဲ့သတည်း။

ယင်းဓာတ် ၁၈ ပါးကို လိုရင်းချုပ်လိုက်သော် ရုပ်နှင့် နာမ်သာ ကျန်၏၊ အတိုက်အခံဓာတ် ၁၂ ပါးကား ရုပ်၊ အပေါ်ဓာတ် ၆ ပါးကား နာမ်ဖြစ်၏။ မည်သည့်အကောင်မှာပဲဖြစ်ဖြစ် ရုပ်နာမ်မှ တပါး ဘာမျှမရှိ။

ကို့ကြောင့် ရှေးနိုဿယများ၌....

အဟံ-နှစ်ဖြာနာမ်ရုပ်၊ အကောင်ပုပ်ကို ငါဟုသမုတ်၊

အကျွန်ုပ်သည် ဟူ၍လည်းကောင်း၊

အဟံ-ရုပ်နာမ်နှစ်ဖြာ ဟုတ်မှန်ရာကို ငါဟုမှည့်ခေါ် တပည့်တော်

သည် ဟူ၍လည်းကောင်း ဘာသာပြန်ဆိုကြကုန်သတည်း။

သောတာပန်ဖြစ်လိုသော် သက္ကာယဒိဋ္ဌိကို ပယ်ရ၏။ သက္ကာယဒိဋ္ဌိကို မည်သို့ ပယ်မည်နည်း။ မည်သည့် အရာဖြင့် ပယ်မည်နည်း။

သက္ကာယကို ပယ်ရာ၌ ရုပ် မဟုတ်သောကြောင့် ဆူးကော်သလို ကုပ်နှင့် ကော်ပစ်၍လည်း မရချေ။ လက်ပံသားကို ဓားနှင့် ချိုင်သလို ခုတ် ချိုင်၍ ရစကောင်းသော အရာမျိုးလည်း မဟုတ်ချေ။ ငရုတ်သီး ထောင်း သကဲ့သို့ ထောင်း၍ ရစကောင်းသော အရာမျိုးလည်း မဟုတ်ချေ။

အခံဓာတ် ၆ ပါး၌ မျက်စိ ပါ၏။ ထိုမျက်စိကလည်း သက္ကာယကို မပယ်နိုင်။ ထို့အတူ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနော တို့ကလည်း မပယ် နိုင်ကုန်။ တဖန် အတိုက်ဓာတ် ၆ ပါးထဲက ရူပါရုံဆိုသော ရုပ်အဆင်း များကလည်း သက္ကာယကို မပယ်နိုင်။ အသံ၊ အရသာတို့ကလည်း မပယ်နိုင်။ အခံဓာတ် ၆ ပါး၊ အတိုက်ဓာတ် ၆ ပါးတို့က အသီးအသီးသော်လည်း ကောင်း၊ အင်တိုက်အားတိုက်နှင့် စုပြုံ၍သော်လည်းကောင်း သက္ကာယကို မပယ်နိုင်။ ပယ်ရအောင်ကလည်း သူတို့၏ အရာပင် မဟုတ်။

သက္ကာယဒိဋ္ဌိကို ပယ်နိုင်သည်ကား ဉာဏ်၊ ပညာ၊ သိမှုဖြစ်၏။ သိမှ ပယ်နိုင်၏။ ထိုသိမှုကား နာမ်ဓာတ်ဖြစ်၏။

သက္ကာယဒိဋ္ဌိကား ရုပ်သတ်၍ မသေ၊ နာမ်သတ်မှ သေ၏။ ရုပ် ချေ၍မကျေ၊ နာမ်ချေမှ ကျေ၏။ ရုပ်ဖျက်၍ မပျက်၊ နာမ်ဖျက်မှ ပျက် ၏။ ရုပ်ဖြိုရ်၍ မပြို၊ နာမ်ဖြိုမှ ပြို၏။ ရုပ်လှဲ၍မလဲ၊ နာမ်လှဲမှလဲ၏။

ထို့ကြောင့် သောတာပန်ဖြစ်လိုသော် သဘောပေါက်အောင် သိမှု၊ ထိရောက်အောင် နာမ်ဓာတ်ကို နာနာရှုပေးရာသတည်း။

# ရှုပွားနည်း

အခံခေတ် ၆ ပါးနှင့် အတိုက်ခေတ် ၆ ပါးတို့သည် တစ်-တစ်ချင်း၊ နှစ်—နှစ်ချင်း၊ ထိပ်ချင်းတိုက် တိုက်ကြသည်ဟု ဆိုခဲ့၏။

ယင်းတို့အနက် စက္ခုအခံခေတ်၊ ခေတ်မ-တစ်နှင့် အဆင်းရူပါရုံ အတိုက်ခေတ် ခေတ်ဖို-တစ်တို့ တိုက်ခိုက်ကြရာ၌ ရှုပွားပုံ တခုကို သာဓကပြု၍ ကြည့်ကြပါစို့။

စက္ခုံစ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ၊
စက္ခု ဝိညာဏံ၊ (ပဋ္ဌာန်းပါဠိတော်)

စက္ခုံစ-မျက်စိဟုဆိုအပ်သော စက္ခုအကြည်ခေတ်ကိုလည်း၊ ပဋိစ္စ-အစွဲပြု၍၊ ရူပေစ-အဆင်းသဏ္ဌာန်ဟု ဆိုအပ်သော ရူပါရုံတို့ကိုလည်း၊ ပဋိစ္စ-အစွဲပြု၍၊ စက္ခုဝိညာဏံ-မြင်သိ စိတ်သည်၊ ဥပ္ပဇ္ဇတိ-အသစ်အသစ်ဖြစ်ပေါ်၏။

အခံခေတ် ၆ ပါးတွင် စက္ခုခေတ်၏ သတ္တိကား-ကြည်လင်၏။ ကြည်လင်ခြင်းသည် စက္ခုခေတ်၏ သတ္တိဖြစ်၏။ စက္ခုခေတ်သည် မိမိ၌ရှိသော၊ ဝါ—မိမိတဦးတည်းပိုင်ဖြစ်သော ထိုကြည်လင်ခြင်း သတ္တိဖြင့် မြင်ခြင်းအလုပ် လုပ်နေ၏။ အခြားအလုပ်ကို သူမလုပ်။

ပမာအားဖြင့်စက္ခုခေတ်ကို ကြည်လင်သောရေအိုင်ကြီးကဲ့သို့မှတ်နိုင်၏။ ကြည်လင်သော ရေအိုင်ကြီးတခု ရှိလေသတတ်။ ထိုရေအိုင်ကြီးထဲ၌ရှိ ငါးများတလူပ်ရှားရှားနှင့် သွားလာနေကြ၏။ ၎င်းသို့သွားလာနေကြသည်ကို အထင်းသား မြင်နေရ၏။ အဘယ့်ကြောင့် မြင်ရသနည်းဆိုသော် ရေကြည်သောကြောင့် ဖြစ်၏။ရေအိုင်ကမ်းနဖူး၌ရှိသော သစ်ပင်ကြီးငယ်တို့သည် ထိုရေအိုင်ထဲ၌ အထင်းသား စွဲထင်ကြခြင်းမှာလည်း ရေကြည်သောကြောင့်ပင် ဖြစ်၏။ အခံခေတ်သားကြည်လျှင် ပတ်ဝန်းကျင်မှ အရိပ်များ စွဲထင်လာကုန်၏။ စက္ခုခေတ်၌ စွဲထင်လာကုန်သတည်း။

ထိုခေတ် ထင်ရှားသော ဥပမာကား ကြေးမုံခေါ်သော ကိုယ်လုံးပေါ် မှန်ကြီးတချပ်ထောင်ထား၏။ မှန်၏ သဘောသတ္တိကား ကြည်၏။ ကြည်ခြင်းသည် မှန်၏သတ္တိဖြစ်၏။ ထိုမှန်၏ရှေ့၌ရှိသော အဆင်းသဏ္ဌာန်မျိုးစုံရူပါရုံတို့သည် ထိုမှန်ကြီးထဲ၌ စွဲထင်လာကုန်ခြင်းမှာ ကြည်သောကြောင့်ဖြစ်၏။ အခံမှန်သား ကြည်လျှင် ကြည်သလောက် ရူပါရုံများ ပြတ်ပြတ်သားသား စွဲထင်လာကုန်၏။ အခံမှန်သား မှုန်လျှင်လည်း မှုန်သည့်အားလျော်စွာ ရူပါရုံများ မှုန်ဝါးဝါး စွဲထင်လာကုန်၏။

လူတယောက်သည် ထိုကိုယ်လုံးပေါ် မှန်ကြီးနှင့် ယှဉ်ရပ်လျက် ရှေ့ဘူရှူကို ကြည့်လျှင် မှန်သားထဲ၌ စွဲထင်နေသော ရူပါရုံအားလုံးသည် မျက်စိအကြည်ဓာတ်၌ စွဲသင်လာကုန်၏၊ စက္ခု ဓာတ်သား ကြည်သော ကြောင့် စွဲသင်လာခြင်းဖြစ်၏။ ထိုသို့ စက္ခုဓာတ်နှင့် ရူပါရုံ အဆင်းဓာတ်ကို တဖျပ်ဖျပ် တိုက်ခိုက်ချက်ကြောင့်သာ ထွက်ပေါ်လာသည် ဖြစ်သော ကြောင့် ရူပါရုံများကို မြင်လေသောအခါ စက္ခု၌ စက္ခုဝိညာဏ်ခေါ်သော မြင်သိစိတ် ဖြစ်ပေါ်လာ၏။ ထိုမြင်သိစိတ်သည် ရူပါရုံများက လုပ်၍ပေး သော မြင်သိစိတ် ဖြစ်လေ၏။

ဤ၌ စွဲထင်သည်ချင်းတူလျက် ကွာဟချက်ကား....

— မှန်သားသည် ရူပါရုံအဆင်းပုံသဏ္ဌာန်များကို မိမိ၏ အကြည် ဓာတ်တွင် ထင်ရုံသာ စွဲထင်စေနိုင်၏။ ဤအလုပ်ကိုသာ သူ လုပ်နိုင်၏။ ဝိညာဏ်ခေါ်သော အသိစိတ် သူ့မှာ မဖြစ်လေ။

— စက္ခုဓာတ်သည်ကား ရူပါရုံ အဆင်းပုံသဏ္ဌာန်များကို မိမိ၏ အကြည် ဓာတ်တွင် စွဲထင် စေရုံသာမက ဘာကို မြင်သည် ဟူ၍လည်း မြင်ရသော ရူပါရုံများ အပေါ်၌ မြင်သိစိတ် ဖြစ်ပေသည်။

မြင်သိစိတ်၌ - မြင်ခြင်းအားဖြင့် မြင်ခြင်းက တခြား၊ သိခြင်းက တခြား၊ ခွဲခြား၍ မှတ်ရာ၏။

သည်ဟာ လူ၊ သည်ဟာ နွား၊ သည်ဟာ အိမ်၊ သည်ဟာ ကျောင်း ဟူ၍ မြင်မှု ဖြစ်ပေါ်အောင် မည်သူ လုပ်သနည်း။ မည်သူက လုပ်သော ကြောင့် မြင်မှု ပေါ်လာသနည်း။

အဖြေမှာ ရှင်းလှ၏။ လူ မရှိပါပဲလျက် လူကို မြင်နိုင်မည်လော။ လူရှိစေကာမူလည်း စက္ခုဓာတ် မျက်စိမရှိလျှင် မြင်နိုင်မည်လော။ ရူပါရုံနှင့် မျက်စိကို အကြောင်းပြု၍သာ မြင်မှု ပေါ်လာရ၏။ ထို့ကြောင့် မြင်မှု ဖြစ်ပေါ်အောင် မည်သူလုပ်သနည်းဟူသော မေးခွန်း၏ အဖြေမှာ ရူပါရုံ နှင့် မျက်စိဟူလေ၏။ ရူပါရုံနှင့် မျက်စိက လုပ်သောကြောင့် သည်ဟာ လူ၊ သည်ဟာ နွား၊ သည်ဟာ မိန်းမ၊ သည်ဟာ ယောကျ်ား ဟူ၍ မြင်မှု ဖြစ်ပေါ်သတည်း။

မြင်မှု ဖြစ်ပေါ်အောင် ပြုလုပ်သူ လက်သည် တရားခံမှာ ရူပါရုံ ဖြစ်သည်။ မျက်လုံးဖြစ်သည်။ ငါ မဟုတ်။ ရူပါရုံနှင့် မျက်လုံးက လုပ်သော ကြောင့်သာ မြင်မှု ပေါ်လာသည်။ ငါ လုပ်သောကြောင့် မဟုတ်၊

ပေါ်လာသောမြင်မှုကို သည်ဟာ လူ၊ သည်ဟာနွားဟူ၍ ခွဲခွဲခြားခြား သိအောင် မည်သူက လုပ်သနည်း။ ဝိညာဏ် ခေါ်သော သိမှု၊ အသိစိတ်က လုပ်၏။ ငါ လုပ်သည် မဟုတ်။ ဝိညာဏ် ခေါ် အသိစိတ်က လုပ်၏။ ငါ လုပ်သည် မဟုတ်။ ဝိညာဏ်ခေါ် အသိစိတ်က လုပ်သောကြောင့်သာ လူပဲ နွားပဲ ခွဲခွဲခြားခြား သိရခြင်း ဖြစ်သည်။

ငါလုပ်သောကြောင့်၊ ငါ၏ အစွမ်းအစကြောင့် မဟုတ်။

သတ္တုချလိုက်သော် ငါလုပ်သောအရာ ဘာမျှမရှိ၊ ငါမြင်သော အရာ ဘာမျှမရှိ၊ ငါသိသောအရာ ဘာမျှ-ရှိ။ မျက်စိ၊ ရူပါရုံ၊ မြင်သိ စိတ်တို့က သူ့ကိစ္စ သူ့တာဝန်ကို ဆောင်ရွက်နေခြင်းမျှသာဖြစ်သည်။ ငါ နှင့် မည်သို့မျှမဆိုင်။ မြင်တတ်သောစက္ခုဓာတ် မျက်လုံးသည် ငါမဟုတ်။ မြင်စရာရူပါရုံသည်လည်း ငါမဟုတ်။ မြင်သိစိတ်သည်လည်း ငါမဟုတ်။ သို့ပါလျက်ကို ငါမြင်သည်၊ ငါမြင်သည်၊ ငါသိသည်ဟူ၍ ကိုယ့်ကိုယ်ကို ဖိုးမြင်ကြီး၊ ဖိုးသိကြီးထင်လာခဲ့သည်မှာ ဒိဋ္ဌိကြောင့်ဖြစ်သတည်း။

ဤသို့အင်ဓာတ်နှင့် အတိုက်ဓာတ်တို့ တိုက်ခိုက်မိရာမှ ဖြစ်ပေါ်လာ သော မြင်သိမှုကို သေသေချာချာ၊ ကွဲကွဲပြားပြား၊ ခြားခြားနားနား၊ သဘောပေါက်အောင် ရှုနိုင်ကလည်း သက္ကာယဒိဋ္ဌိသည် ကိုယ်မှ ကွာ လေ၏။ နားနှင့် အသံတိုက်ခိုက်မိရာ၊ နှာခေါင်းနှင့် အနံ့ တိုက်ခိုက်မိရာ တို့၌လည်း-

ကြားအောင်လုပ်သူမှာ ငါမဟုတ်။ ငါလုပ်သောကြောင့် ကြား သည်မဟုတ်။ နံအောင်လုပ်သူမှာ ငါမဟုတ်။ ငါလုပ်သောကြောင့် နံသည် မဟုတ်ဟူ၍ ပရမတ်ခိုက်အောင် စူးစူးစိုက်စိုက် သဘော ပေါက်လျှင် သက္ကာယဒိဋ္ဌိ ပျောက်ပျောက်တော့၏။ သက္ကာယဒိဋ္ဌိ ပျောက်လေသော တာပန်သည် ပြေး၍ မလွတ်တော့ပြီတည်း။

## နမ်မှာ ဒိဋ္ဌိစိုက် ရုပ်မှာ တဏှာစိုက်

ပရိသတ်များစွာတို့အား တရားဟောတော်မူရာ၌ သောတာပတ္တိမဂ်၊ အောက်မဂ်တပါးရရန် အလားအလာ မြင်တော်မူပါလျှင် ဗုဒ္ဓမြတ်ဘုရား သည် ဓာတ် ၁၈ ပါးကို ဟောတော်မူ၏။ ယင်းတွင်လည်း နာမ်ဓာတ်၊ အသိဓာတ် ၆ ပါးကိုမူ၍ ဟောတော်မူ၏။

ယင်းနာမ်ခါတ် ၆ ပါး၌ အသက်မရှိ၊ ငါမရှိ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ဟူ၍ မရှိကြောင်းကို စည်နှင့် လက်ခတ် ဥပမာဖြင့် ဟောတော်မူ၏။ နာမ်ခါတ်သည် စည်နှင့် လက်ခတ်ထိခိုက်မိသောအခါ ထွက်လာသော အသံနှင့်တူ၏။ ဟုဆိုလိုသည်။

ယင်းအကြောင်းနှင့်ပတ်သက်၍ အဋ္ဌကထာဆရာကြီးများ မေး၊ ဖြေကြသည်မှာ အလွန်မှတ်သားဖွယ်၊ စိတ်ဝင်စားဖွယ်ကောင်းလှ၏။

(မေး) ဗုဒ္ဓမြတ်ဘုရားသည် ဓာတ် ၁၈ ပါးကို ဘယ်အတွက် ဟောတော်မူ ပါသနည်း ငါ့အရှင်။

(ဖြေ) များစွာသော သတ္တဝါတို့သည် အခံခါတ်နှင့် အတိုက်ခါတ်တို့ ဆိုင်ပြိုင်တိုက်ခတ်မိသော အခါများတွင် ဝိညာဏ်ခေါ်သော စိတ်ခါတ်သိမှုကလေး ပေါ်လာ၏။ ယင်း ပေါ်လာသော စိတ် ခါတ်ကလေးကိုပင် ငါဟု မှတ်ထင်သိမ်းပိုက်၍ ငါမြင်သည်။ ငါကြားသည်ဟု အယူမှားခြင်း၊ ယင်းသိမှုစိတ်ခါတ်ကလေးကိုပင် အသက်-ဇီဝ၊ အတ္တ၊ ပုဂ္ဂလ၊နိစ္စဓူဝ-အမြဲဟု သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ အယူမှားကို ပယ်ဖျောက်၍ သောတာပန်ပေါက်အောင် ဟောပါသည်ဟု ဖြေ၏။

ဝိဇာနနသဘာဝေ ဝိညာဏေ

ဇီဝသညိနံ သညာ သမူဟနနတ္တံ

အဋ္ဌာရသေဝ ဝုတ္တာ။

ဝိဇာနနသဘာဝေ- ထိုထိုအာရုံ အဖုံဖုံတို့ကို သိခြင်းသဘော ရှိသော၊ ဝိညာဏေ- ပရမတ်ဟူသော ဝိညာဏ်သိစိတ်ကလေး၌၊ ဇီဝသညိနံ- ငါ၊ ငါ့အသက်ဝိညာဉ်ရှိ၏။ ဟု ထင်မှတ်ကာ အယူသည်းနေကုန်သော ပုထုဇဉ်တို့အား ဝါ၊ ပုထုဇဉ်တို့၏၊ (သညာ-သမူဟနနတ္တံ-၌ သညာမှာ စပ်) သညာသမူဟနနတ္တံ- မှားယွင်းဖောက်ပြန်နေသောအယူကို နုတ်ပယ် တော်မူခြင်းငှာ၊ အဋ္ဌာရသေဝ- အခံခါတ်၊ အတိုက်ခါတ်၊ အသိခါတ် တည်းဟူသော ခါတ် ၁၈ ပါးတို့ကိုသာလျှင် ဝုတ္တာ- ဟောတော်မူအပ် ကုန်ပြီ။

ဤဖြေဆိုချက်ကို ထောက်ခြင်းအားဖြင့် နာမ်ခါတ်မှာ ဒိဋ္ဌိစူးစိုက်ကြောင်း ထင်ရှား၏။ ဤသည်ကို အစွဲပြု၍ပင် မြန်မာမှု၌ နာမ်မှာ ဒိဋ္ဌိ စိုက်၊ ရုပ်မှာ တဏှာစိုက်ဟု ဆောင်ပုဒ်ဖြစ်လာသတည်း။

## နာမ်မှာ ဒိဋ္ဌိစိုက်ပုံ

တို့များတော့ သေလျှင်လည်း အရေးမကြီး၊ သေပျော်ပြီ၊ အသေဖြောင့်ပြီ။ ကုသိုလ်ကောင်းမှု၊ ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ကန်တွေလည်းပြုပြီးပြီ။ ကထိန်ခင်း၊ ရှင်ပြု၊ ရဟန်းခံဆိုတာတွေလည်း မပြုဘူးတာငါ့မှာ မရှိဟု ဆိုပြောစကား၌ ငါဟူသော ဒိဋ္ဌိသည် နာမ်မှာစိုက်သလား စဉ်းစားကြည့်။ နာမ်မှာ အမြဲမရှိ။ နာမ်ကားအမြဲရှိ၏။ တဘဝမှာ တခါသေ၊ ခန္ဓာဟောင်းကို မြေမှာမြှုပ်ထားခဲ့ပြီး ခန္ဓာသစ် ထည်လဲနှင့် လူဖြစ်လဲ ဒီနာမ်၊ နတ်ဖြစ်လဲ့ ဒီနာမ်၊ ပြိတ္တာဖြစ်လဲ ဒီနာမ်ဟု မှတ်ထင်ခြင်းကား နာမ်မှာ ဒိဋ္ဌိစိုက်မှုပေတည်း။

## ရုပ်မှာ တဏှာစိုက်ပုံ

(၁) လှတာမျက်နှာ၊ ယဉ်တကိုယ်လုံး၊ ရှုမဆုံးအောင် လှသော ချောချောလှလှကိုမှ ကြိုက်တတ်သော အဆင်းကြိုက် တဏှာ။

(၂) အပြောကောင်း၊ အဟောကောင်း၊ အဆိုကောင်း၊ နဝံပီယံ၊ ချိုသာသောအသံများကို ကြိုက်တတ်သော အသံကြိုက် တဏှာ။

(၃) ထုံတလှိုင်လှိုင်၊ ကြိုင်တပျံ့ပျံ့၊ မွှေးသော အနံ့များကိုမှ ကြိုက်တတ်သော အနံ့တဏှာ။

(၄) မြိုးမြိုးမြက်မြက် အရသာကိုမှ မက်မောတတ်၊ ခံတွင်းတွေ့ တတ်သော အရသာကြိုက် တဏှာ။

(၅) ညက်သောအိစက်၊ နူးနူးညံ့ညံ့အတွေ့မျိုး၊ အထိမျိုးကိုမှ စွဲမက်တတ်သော အတွေ့အထိကြိုက် တဏှာ။

(၆) ထွေထွေ ရာရာ စိတ်ကူးပြီး ကြည်နူးမှုကိုမှ ကြိုက်တတ်သော စိတ်ကူးကြိုက် တဏှာ။

ဤတဏှာ ၆ ပါးသည် ရုပ်ကိုမှီ၍ ဖြစ်၏။ ရုပ်ပေါ်မှာနေ၏။ ရုပ်မှာ စွဲ၏၊ ရုပ်မှာစိုက်၏၊ သူ့ရဲ့၊ ငါ့ရဲ့ ဘာရဲ့ ဘည်းရဲ့နှင့်ကြွေးသောရဲ့ လမ်းချက် တဏှာ၊ ဥပါဒါန်မျိုးကား အဆင်းရုပ်၊ အသံရုပ်၊ အနံ့ရုပ်၊ အရသာရုပ်၊

ထိတွေ့ရုပ်၊ စိတ်ကူးလေသောအခါ ဤရုပ်များ၌ စူးစူးစိုက်စိုက် တဏှာ ငြိသည်။ ဤရုပ်များနှင့်ကြုံလေသော် တဏှာသည် မြုံနေသောအနံ့ကြီး ထလာသကဲ့သို့ ခေါင်းထောင်၍ ထထလာပြီး ဟိုရုပ်ကိုကပ်၊ သည်ရုပ်ကို ကပ်နှင့် ကပ်မိကပ်ရာကို ခွာမရအောင် တင်းကျပ်စွာကင်ထားလေသည်။

ထို့ကြောင့် သောတာပန်အဖြစ်သို့ ရောက်ရှိသွားစေဦးတော့၊ တဏှာနှင့်တန်းလန်း ရှိနေသေးသောကြောင့် အခွင့်ကြုံလျှင် တဏှာသည် အညွန့်တလူလူနှင့် ခေါင်းပြူတစ်ပြူတစ် ဖြစ်လာ၏။ ထိုတဏှာ ခေါင်းပါးသွားစေရန်အတွက်၊ အမြစ်ပြတ်သွားစေရန်အတွက် ရုပ်ကိုဖိ၍ ရှုရမည်။ ရာဂစိတ်များ ထကြွသောင်းကျန်းလာလျှင် မိမိကိုယ်ကို စက်ဆုပ်ဖွယ် ထင်လာအောင် အသုဘကမ္မဋ္ဌာန်းကို နာနာစီးဖြန်းပေးရသတည်း။

## သက္ကာယ မသေသမျှ တဏှာကို သတ်၍မရ

အတ္တစွဲ၊ သက္ကာယစွဲ အစွဲရှိသူတိုင်း၌ အမြစ်ကြီးနှစ်ခုရှိ၏။ ထိုအမြစ်ကြီး ၂-ခုကား “အဝိဇ္ဇာ၊ တဏှာမူလေန ဒွေမူလာနိ” ဟူပေ၏။ အဝိဇ္ဇာတည်းဟူသော အမြစ်ကြီးတခု၊ တဏှာဟူသော အမြစ်ကြီးတခု၊

သူသူငါငါ အတ္တစွဲရှိသူတိုင်း၌ အဝိဇ္ဇာမြစ်၊ တဏှာမြစ်ဟူသော ဤအမြစ်ကြီး ၂-ခုကား သံသရာရှည်စေသော၊ ဝါ-သံသရာကို မရှည်လျှင် ရှည်အောင် မီးမွှေးပေးနေသော အမြစ်ကြီး ၂-မြစ် ဖြစ်လေ၏။

တဏှာ အမြစ်ပြတ်အောင် သတ်လိုသော် သက္ကာယဒိဋ္ဌိကို အလျင်သေအောင် သတ်ရ၏။ သက္ကာယသေပြီးသည့်တိုင်အောင် တဏှာကား မသေနိုင်သေး။ အသက်ပြင်းလှ၏။ တဏှာသက်ပြင်းဖြင့်၏။ ဤရွေ့ ဤမျှ အသက်ပြင်းလှသော တဏှာ၏ သရုပ်ပေါ်အောင် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားက ဤသို့ ထုတ်ဖော်၍ ပြတော်မူ၏။[၁]

> သောက၌ ပကတိသော မြေစိုင်ခဲ၊ ကျောက်ခဲ၊ သလဲစသည်တို့၌ ငြိတွယ်သော တဏှာကြောင့် သံသရာဝဋ်မှ မကျွတ်နိုင်၊ မလွတ်နိုင်ဟူ၍ မရှိ။
>
> ရွှေ၊ ငွေ၊ ပုလဲ ပတ္တမြား စသော ရတနာမျိုးတို့၌ ငြိတွယ်သော တဏှာကြောင့် သံသရာဝဋ်မှ မကျွတ်နိုင်၊ မလွတ်နိုင် ရှိနေကြ၏။ အသုံးမကျသော သစ်ပင်၊ သစ်တုံး စသည်တို့၌ ငြိတွယ်တတ်သောတဏှာကြောင့် သံသရာဒုက္ခမှ မကျွတ်နိုင်၊ မလွတ်နိုင်

---

၁။ လယ်တီ၊ ဘာဝနာဒီပနီ၊ ၁၈၅ (ဆဌမမူ)

ဟူ၍ မရှိ။ ယောကျ်ား၊ မိန်းမအချင်းချင်း ငြိတွယ်သော တဏှာကြောင့်သာ သံသရာဝဋ်ဒုက္ခမှ မကျွတ်နိုင်၊ မလွတ်နိုင် ရှိနေကြ၏။

အပါယ်ဘုံ၊ အပါယ်ဘဝ စသည်တို့၌ ငြိတွယ်သော တဏှာကြောင့် သံသရာဒုက္ခမှ မထွက်နိုင်၊ မလွတ်နိုင်သည်ဟူ၍မရှိ။ လူ့ဘုံ၊ လူ့ဘဝ၊ နတ်ဘုံ၊ နတ်ဘဝ၊ ဗြဟ္မာဘုံ၊ ဗြဟ္မာဘဝ စသည်တို့၌ ငြိတွယ်သော တဏှာကြောင့်သာ သံသရာဒုက္ခမှ မကျွတ်နိုင်၊ မလွတ်နိုင် ရှိနေကြ၏။

အပါယ်ဘုံ၊ အပါယ်ဘဝ စသည်တို့၌ ငြိတွယ်သော တဏှာကြောင့် သံသရာဒုက္ခမှ ကျွတ်နိုင်၊ လွတ်နိုင်သည်ဟူ၍ မရှိ။ လူကို လူ့ဘဝ၊ နတ်ကို နတ်ဘဝ၊ ဗြဟ္မာကို ဗြဟ္မာစသည်တို့၌ ငြိတွယ်သော တဏှာကြောင့်သာ သံသရာဒုက္ခမှ မကျွတ်နိုင် မလွတ်နိုင် ရှိနေကြ၏။

အပါယ်ဆင်းရဲတို့၌ ငြိတွယ်သော တဏှာကြောင့် သံသရာဒုက္ခမှ မကျွတ်နိုင်၊ မလွတ်နိုင်ဟူ၍ မရှိ။ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတို့၌ ငြိတွယ်သော တဏှာကြောင့်သာ သံသရာဒုက္ခမှ မကျွတ်နိုင်၊ မလွတ်နိုင် ရှိနေကြ၏။

လောကဥ္စ အသုံးမကျသော မြေစိုင်ခဲ၊ ရွှံ့ခဲတို့၌ ငြိတွယ်သော တဏှာကြောင့် သံသရာဒုက္ခမှ၊ အပါယ်ဒုက္ခမှ မကျွတ်နိုင်၊ မလွတ်နိုင်ဟူ၍ မရှိ။ မိမိတို့၏ စက္ခု၌ ငြိတွယ်သော တဏှာ၊ သောတ၌ ငြိတွယ်သော တဏှာ၊ ဃာန၌၊ ဇိဝှါ၌၊ ကာယ၌၊ မနော၌ ငြိတွယ်နေသော တဏှာကြောင့်သာ သံသရာဒုက္ခမှ မကျွတ်နိုင်၊ မလွတ်နိုင် ရှိနေကြရလေသတည်း ဟူ၍လည်းကောင်း ဓာတုသစ္စဒီပနီကျမ်း[၁]၌လည်း—

(၁) အဆင်းသဏ္ဌာန် အရှိသော ကာမဝတ္ထုတို့၌ မွေ့လျော်သော တဏှာသည် ကာမတဏှာ မည်၏။

(၂) မိမိ၏ အဇ္ဈတ္တသန္တာန်၌ ဖြစ်သောစျာန်၊ သမာပတ်တို့၌ မွေ့လျော်သော တဏှာသည် ဘဝတဏှာ မည်၏။

(၃) ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်၍ အတ္တ၏ ပြတ်ခြင်းဟူသော မှောက်မှားသော အယူ၌ သာယာသော တဏှာသည် ဝိဘဝတဏှာ မည်၏။

---

၁။ လယ်တီ၊ ဓာတုသစ္စဒီပနီကျမ်း၊ ဒီပနီပေါင်းချုပ်-(၂၃၈ ဆမ့)

သာယာလှသော တကျော့သည် ဝိဘဝတကျော့ မည်၏။ ဤသို့ တကျော့ သုံးပါးနှင့် ၎င်းတို့၏ သတ္တိစွမ်းပကားကို ခွဲခွဲခြားခြား မြွက်ကြားတော်မူပြီးနောက် ကာမတကျော့၏ အဖြစ်သနစ်ကို–

> ဤကာမဘကျော့သည် ကာမဘုံသားတို့ကို သား၊ မယား အာရုံစည်းစိမ်ဥစ္စာ ရှာကြံသိမ်းပိုက်မှုဟူသော အနမတဂ္ဂ ကြီးကျယ်လှစွာသော ဒုက္ခပင်လယ်ကြီး၌ အမြဲနှစ်၍ သတ်၏။
>
> တောင်ပေါ်ကျ ရေသည် လမ်းစဉ်တလျှောက် ရှိနေသော သစ်ကိုင်းခြောက်၊ သစ်ရွက်ခြောက်၊ မြက်ခြောက်တို့ကို တဟုန်တည်း မျှောယူ၍ သမုဒ္ဒရာသို့ ချလေသကဲ့သို့ ထိုဆာလောင်မွတ်သိပ်သော တကျော့ကြီးသည် သူတော်ကောင်း တရားနှင့် ကင်းကွာသော တကျော့ကာမဘုံသူ နတ်လူမြားမြောင် အခြောက်ကောင်တွေကို အပါယ်လေးပါးသို့ အတင်းမျှောယူ ပစ်ချလေသည်။

ဟူ၍လည်းကောင်း၊ ထိုမှတပါး ဆရာတော်သည် ဘဝတကျော့အတွက်ကိုလည်း အမှတ်တရပင် မြွက်ကြားထားခဲ့ပေ၏။

> မြောက်ကျွန်းသူတို့၏ ဇောတိပါသာဏ ကျောက်ပေါ်၌ ချက်အပ်သော ထမင်းသည် အလွန်ကောင်းမြတ်သော အမျိုးမျိုးသော အရသာနှင့် ပြည့်စုံ၏။ ငါတို့ကျွန်း၌ဖြစ်သော ထောပတ်၊ ဆီဦး၊ ဝက်သား၊ ကြက်သား စသည်တို့နှင့် ဖက်တွဲဖွယ် ကိစ္စမရှိ။ ဖက်တွဲခဲ့လျှင် လိုရင်းအရသာ ပျက်၍ကုန်၏။ ဖက်တွဲမိမည်ကိုပင် ကြောက်ရ၏။
>
> ထို့အတူ ကာမစ္ဆန္ဒ၊ ဗျာပါဒ အစရှိသော နီဝရဏ အပူအပေါင်းတို့မှ ကင်းရှင်းသော ဈာန်၊ သမာပတ်စိတ်ကို ရကြကုန်၏။ ထိုစိတ်ကား ပကတိအားဖြင့် အလွန်ကောင်းမြတ်သော အရသာရှိသော ပီတိသုခရသနှင့် ပြည့်စုံ၏။ ထိုပုဂ္ဂိုလ်တို့သည် ထိုဈာန်စိတ်ကို ဝင်စားကာ ချမ်းသာခြင်းစိတ်ကို ခံစား၊ စံစားကြကုန်၏။ ပြင်ပအာရုံတို့သည် ကြီးစွာသော အန္တရာယ် ဖြစ်ကုန်၏။
>
> ထိုဈာန်စိတ်၊ ဈာန်ဇောတို့ကို လည်းကောင်း၊ ထိုအကျိုးဖြစ်သော ဗြဟ္မာဘဝကိုလည်းကောင်း သာယာသောတကျော့သည် ဘဝတကျော့ မည်၏။

ဟူ၍လည်းကောင်း ဘဝတကျော့၏ သမိုင်းကို ပိုင်းပိုင်းခြားခြား ထင်ရှားအောင် ပြတော်မူ၏။

တဏှာသတ်မှုကား သကဒါဂါမ်၊ အနာဂါမ် ပုဂ္ဂိုလ်တို့နှင့်သာ ဆိုင်၏။ သို့ပါလျက် တဏှာသည် သက္ကာယနှင့် ကွင်းဆက် ဆက်စပ်နေ၍ ဤ၌ တဏှာသတ်မှုကြီးအထိ ပြဆိုလိုက်ရခြင်းဖြစ်၏။

ထိုအကြောင်းကို ဒသင်္ဂုတ္တရပါဠိတော်၌ ဗုဒ္ဓမြတ်ဘုရားဟောတော်မူသည်မှာ—

> တယောမေ ဘိက္ခဝေ ဓမ္မေ အပ္ပဟာယ အဘဗ္ဗော ရာဂံ ပဟာတုံ၊ ဒေါသံ ပဟာတုံ၊ မောဟံ ပဟာတုံ။ ကတမေ တယော၊ သက္ကာယဒိဋ္ဌိံ အပ္ပဟာယ၊ သီလဗ္ဗတ ပရာမာသံ အပ္ပဟာယ၊ ဣမေခေါ ဘိက္ခဝေ အပ္ပဟာယ၊ အဘဗ္ဗော ရာဂံ ပဟာတုံ၊ ဒေါသံ ပဟာတုံ၊ မောဟံ ပဟာတုံ။

ဘိက္ခဝေ- မင်ပေါက်၊ ဖိုလ်ဝင် ဖြစ်ချင်ရှယ်မှန်း အိုချစ်သားရဟန်းတို့၊ တယော- သုံးမျိုးသုံးစားကုန်သော၊ ဣမေဓမ္မေ- ဤဆိုလတ္တံ့သော တရားတို့ကို၊ အပ္ပဟာယ— ရှေးဦးစွာ မပယ်ခွာလေပဲ၊ ရာဂံ— ရာဂတဏှာကို၊ ပဟာတုံ— ပယ်ခြင်းငှာ၊ ဒေါသံ— အမျက်ဒေါသတဏှာကို၊ ပဟာတုံ- ပယ်ခြင်းငှာ၊ မောဟံ— မောဟတဏှာကို၊ ပဟာတုံ— ပယ်ခြင်းငှာ၊ အဘဗ္ဗော— မထိုက်ပြီ၊ ကတမေတယော— အဘယ်သုံးပါးတို့နည်းဟူမူကား၊ သက္ကာယဒိဋ္ဌိံ- သက္ကာယဒိဋ္ဌိကို၊ ဝိစိကိစ္ဆံ— ဝိစိကိစ္ဆာကို၊ သီလဗ္ဗတပရာမာသံ— သီလဗ္ဗတပရာမာသကို၊ အပ္ပဟာယ- ရှေးဦးစွာ မပယ်ခွာလေပဲ၊ ရာဂံ— တဏှာရာဂကို၊ ဒေါသံ— တဏှာဒေါသကို၊ မောဟံ— မောဟတဏှာကို၊ ပဟာတုံ- ပယ်ခြင်းငှာ၊ အဘဗ္ဗော- မထိုက်ပြီ၊ ဣမေတယော- ဤသုံးပါးတို့ဖြစ်ကုန်၏။

သက္ကာယဒိဋ္ဌိကို ကွာအောင် ခွာပြီးမှ ဝါ၊ သက္ကာယဒိဋ္ဌိကို ဝေးအောင် သတ်ပြီးမှ ရာဂတဏှာကို သတ်နိုင်၏။ ဒေါသတဏှာ၊ မောဟတဏှာကို သတ်နိုင်၏။ သက္ကာယဒိဋ္ဌိကောင်ကြီးကို ပြိုအောင် မဖြိုနိုင်သေးသမျှ၊ သက္ကာယအကောင်ကြီးကို သေအောင်မသတ်နိုင်သေးသမျှ သက္ကာယအဆောက်အအုံ ဗိမာန်ကြီးကိုပျက်အောင် မဖျက်နိုင်သမျှ ရာဂတဏှာ၊ ဒေါသတဏှာ၊ မောဟတဏှာကို သတ်၍မရ။ ငါဟဲ့ ယောကျ်ားဟု ကြုံးဝါးကာ သတ်တုံငြားသော်လည်း ဆင်းရဲခြင်းသာလျှင် အဖတ်တင်၏။ ရာဂတဏှာ၊ ဒေါသတဏှာ၊ မောဟတဏှာကား မည်သည့်အခါမျှ သေလေမည် မဟုတ်ချေ။

ထို့ကြောင့် တရားကို ကျင့်ဖို့ထက် သဘောပေါက်အောင် သိဖို့က ခက်၏။ ထိုင်နေယင်းဖြစ်စေ၊ အိပ်နေယင်းဖြစ်စေ၊ သွားနေယင်းဖြစ်စေ၊ စားနေယင် ဖြစ်နေ တရားသားကျကျ "ဤကိုယ်၊ ဤကာယ၊ ဤခန္ဓာ ကောင်ကြီးဟာ မက်မောစရာ၊ တွယ်တာစရာ မရှိပါကလား" ဟူ၍ စူးစူး စိုက်စိုက် အသည်းနှလုံးခိုက်အောင် သဘောပေါက်ခဲ့သော် အဘယ်သူသည် သောတာပန်လျှင် ခံနိုင်ပါမည်နည်း။

## အကောင်ထဲမှာ ငါကိုရှာ သောတာပန်နှင့်တွေ

ဤကျမ်းသည် သောတာပန်ကျမ်း ဖြစ်၏။ ထို့ကြောင့် သောတာ ပန် ဖြစ်ရာဖြစ်ကြောင်း အလားအလာများကို ရှုထောင့် အမျိုးမျိုး မှ ကြည့်၍ ဖော်ထုတ်ပြသနေခြင်း ဖြစ်သည်။ ယခုလည်း သောတာပန်စခန်းသို့ လက်တကမ်းမှ လျှောက်ကြည့်ကြပါကုန်ဦးစို့။

အကောင်ဟူသည် သတ္တဝါ ဖြစ်သည်။ သတ္တဝါကို အကောင်ဟု သမုတ်ရာက လူကောင်၊ နတ်ကောင်၊ ပြိတ္တာကောင်၊ တိရစ္ဆာန်ကောင်တွေ ဖြစ်လာကုန်၏။ ပုထုဇဉ်တို့သည် ထိုအကောင်၊ ဤအကောင်ကို ငါ–ငါဟု သမုတ်နေကုန်၏။ ဤသို့ သမုတ်နေကြသည့်အတိုင်း အကောင်ထဲမှာ ငါရှိ၊ မရှိကို ကြည့်ကြကုန်စို့၊ ရှာကြကုန်စို့။

"ဤခန္ဓာ၊ ဤအကောင်ကြီးကား အဘယ်သို့သော အကောင်ကြီး ဖြစ်လေသနည်း"

ဤခန္ဓာ၊ ဤအကောင်ကြီးကား ဓာတ်လေးပါး၏ အစုအဝေးသာ ဖြစ်၏။ ပထဝီ-မြေဓာတ်၊ အာပေါ-ရေဓာတ်၊ ဝါယော-လေဓာတ်၊ တေဇော-မီးဓာတ်၊ ဤဓာတ်လေးလုံး စက်ခေါင်းတပ်ထားသော ယန္တရား ရုပ်ကြီး ဖြစ်၏။

ပျောက်သောသူကို ရှာလျှင် တွေ့၏။ မဟာဘုတ် ဓာတ်ကြီး ၄ပါး၏ အစုအဝေးဖြစ်သော ထိုအကောင် ယန္တရားစက်ရုပ်ကြီးမှာ ငါပျောက်နေ သည်ဆိုပါတော့၊ အဲဒီ ငါကို ရှာကြည့်ကြရအောင်။ ရှာရာ၌ အပိုင်း ၄-ပါးအနက် ကဏ္ဍ ၄-ခုခွဲကာ တသန့်စီ တသန့်စီ ရှာကြရအောင်။

(၁) မြေဓာတ်ထဲမှာ ငါရှာခန်း။ ။ဓာတ် ၄-ပါးအနက် ပထဝီ ဓာတ်ကို မြေဓာတ်ခေါ်၏။ ယင်းမြေဓာတ်၏ သတ္တိကား မာ၏၊ ခက်မာ သော သဘောရှိ၏။ ယင်းမြေဓာတ်သည် အမျိုးအားဖြင့် ၂၀ ရှိသတည်း။

(၁) ဆံပင်ဓာတ်
(၂) မွေးညင်းဓာတ်
(၃) ခြေသည်းဓာတ်၊ လက်သည်းဓာတ်
(၄) သွားဓာတ်
(၅) အရေဓာတ်
(၆) အသားဓာတ်
(၇) အကြောဓာတ်
(၈) အရိုးဓာတ်
(၉) ရိုးတွင်းခြင်ဆီဓာတ်
(၁၀) အညှို့ဓာတ်
(၁၁) နှလုံးဓာတ်
(၁၂) အသည်းဓာတ်
(၁၃) အမြှေးဓာတ်
(၁၄) အဖျဉ်းဓာတ်
(၁၅) အဆုတ်ဓာတ်
(၁၆) အူမဓာတ်
(၁၇) အူသိမ်ဓာတ်
(၁၈) အစာသင်ဓာတ်
(၁၉) အစာဟောင်းဓာတ်
(၂၀) ဦးနှောက်ဓာတ်

ဤဓာတ် ၂၀ သည် ပထဝီခေါ်သော မြေဓာတ်များဖြစ်၏။

ယင်းတွင် ဆံပင်၊ မွေးညင်း၊ ခြေသည်းလက်သည်း၊ သွား၊ အကြောနှင့် အရိုးတို့မှာ အမာဓာတ်ဖြစ်၍ အရေအသား စသော ကြွင်းသမျှ ဓာတ်များကား နူးညံ့ဓာတ်များ ဖြစ်ကြ၏။ ထို့ကြောင့် ယင်းတို့ကို ခက်မာဓာတ်၊ နူးညံ့ဓာတ်ဟူ၍ ၂-မျိုး ခွဲခြား၍ မှတ်ရ၏။

ဤဓာတ် ၂၀ ထဲမှာ ငါဆိုသော ငါကို ရှာကြည့်ပါ။ ခေါင်းမွေးထဲက စ၍ရှာပါ။ ဆံပင်မွေးဟာ ငါလား။ လက်သည်းတွေဟာ ငါလား။ ငါ ဖြစ်ခဲ့သော် ခေါင်းမွေးတချောင်း ကျွတ်သွားလျှင် ငါပါ ပါမသွားပေဘူးလား။ လက်သည်းတွေ ဖြတ်ပစ်လျှင် ငါ ပါမသွား ပေဘူးလား။ ဆံပင်ထဲမှာ ငါ ရှိသလား။ ငါ တွေ့သလား။ မတွေ့ရ။ ဆံပင်သည် ဆံပင်သာ ဖြစ်သည်။ ငါမဟုတ်။ ဆံပင်ထဲမှာ ငါမရှိ။ ပျောက်သောသူ

ရှာလျှင်တွေ့ ဆိုသကဲ့သို့ အကယ်တန်တုံ ဆံပင်ထဲမှာသာ ငါ ရှိခဲ့သော် တွေ့ရမည်။ မတွေ့သည်မှာ မရှိ၍ ဖြစ်သည်။ စိတ်ကျေနပ်သည်အထိ အထပ်ထပ် အခါခါ ဆံပင်ထဲမှာ ငါကို ရှာပါလေဦး။

ပထဝီ မြေဓာတ် ၂၀ ထဲမှာ ငါဆိုသော ငါကို သန်းရှာသလို ရှာဖွေသော်လည်း ဘယ်နေရာမှာမှ မတွေ့။ အသားထဲမှာလဲ မတွေ့။ အရိုးထဲမှာ၊ အကြောထဲမှာလဲ မတွေ့။ အူထဲ၊ အသည်းထဲ၊ ဦးနှောက်ထဲမှာလဲ မတွေ့။ မတွေ့ရသည်မှာ ရှင်း၏။ မရှိသောကြောင့် မတွေ့ခြင်း ဖြစ်၏။

ငါ မရှိပဲလျက်၊ ငါ မဟုတ်ပါလျက် ဆံပင်၊ မွေးညင်းတွေကိုပင်လျှင် ငါ၊ အသားတွေ၊ အကြောအရိုးတွေကိုပင် ငါ၊ အူသိမ်၊ အူမ၊ မငင်ဘင်ပုပ် ချေးတွေကိုပင် ငါဟု ထင်မှတ်စွဲလမ်းနေခြင်းမှာ အခြေအမြစ် မရှိကြောင်း ထင်ရှား၏။

ဣမသ္မိံ သရီရေ ကေသာနာမ
ပါဋိယေက္ကော ကောဋ္ဌာသော၊ အစေတနော
အဗျာကတော၊ သုညော၊ နိဿတ္တော၊
ထဒ္ဓေါ၊ ပထဝီဓာတု။

ဣမသ္မိံ သရီရေ- ဤခန္ဓာကိုယ်ကောင်၌၊ ကေသာနာမ- ဆံပင်တို့မည်သည်၊ ပါဋိယေက္ကော- သီးခြား ဖြစ်သော၊ ကောဋ္ဌာသော-အစုတစုသာတည်း။ အစေတနော- ဆံပင်မှာ စိတ်မရှိ။ အဗျာကတော- ဆံပင်ကို ပုဂ္ဂိုလ်၊ သတ္တဝါဟု မဆိုအပ်၊ သုညော- ပုဂ္ဂိုလ် သတ္တဝါမှ ဆိတ်၏။ နိဿတ္တော- သတ္တဝါ အသက် မဟုတ်၊ ထဒ္ဓေါ- ခက်မာ၏။ ပထဝီဓာတု- မြေဓာတ် အစုသာ ဖြစ်သည်။

(၂) ရေဓာတ်ထဲမှာ ငါကိုရှာခန်း။ ။ တဖန် ရေဓာတ်ထဲမှာ ငါကို ရှာကြည့်ကြပါစို့။ အာပေါဓာတ်ကို ရေဓာတ်ဟု ခေါ်၏။ ယင်း၏ သတ္တိကား ဖွဲ့စေတတ်၏။ ဖွဲ့စေခြင်းလက္ခဏာ ရှိ၏။ ယင်းရေဓာတ်သည် အမျိုးအစားအားဖြင့် ၁၂-မျိုး ရှိသတည်း။

(၁) သည်းခြေဓာတ်
(၂) သလိပ်ဓာတ်
(၃) ပြည်ဓာတ်

(၄) သွေးဓာတ်
(၅) ချွေးဓာတ်
(၆) အဆီခဲဓာတ်
(၇) မျက်ရည်ဓာတ်
(၈) ဆီကြည်ဓာတ်
(၉) တံတွေးဓာတ်
(၁၀) နှပ်ဓာတ်
(၁၁) အစေးဓာတ်
(၁၂) ကျင်ငယ်ဓာတ်

ဤကား အာပေါ- ရေဓာတ် ၁၂ ဖြစ်၏။ ရေသည် ယိုစီးတတ်၏။ ခန်းခြောက်တတ်၏။ တိုးပွားအောင် ပြုတတ်၏။ ရေကို သောက်အပ်၏။ သောက်အပ်သော ပစ္စည်းမျိုးဖြစ်၏။ ဤ ၁၂ မျိုးသော ရေဓာတ်ထဲမှာ ငါဆိုသော ငါကို ရှာကြည့်ပါ။ ထိုငါသည် မည်သည့်ချောင်တွင် ပုန်းနေသနည်း။ သလိပ်၊ သည်းခြေထဲ ဝင်၍ ပုန်းနေလေသလော။ သွေးထဲ၊ ချွေးထဲ၊ ပြည်ထဲ ဝင်၍ ပုန်းနေလေသလော။

ရှာသည်၊ ရှာသည်။ ရေဓာတ် ၁၂ မျိုးထဲမှာ ငါကို နှံ့အောင် ရှာသည်။ ဘယ်မှာမှ မတွေ့။ မတွေ့သည်မှာ ရှင်း၏။ မရှိသောကြောင့် မတွေ့ခြင်း ဖြစ်၏။ သို့ပါလျက် သွေးပုပ်၊ ပြည်ပုပ်၊ သလိပ်ပုပ်၊ နှပ်ပုပ်တွေကို ငါငါဟူ၍ တငါငါ စွဲလမ်းနေကြ၏။ ချစ်နေကြ၏။ တွယ်တာနေကြ၏။ အပြင်ထွက်လာသော ပြည်ပုပ်၊ သွေးပုပ်၊ တံတွေးပုပ်၊ နှပ်ပုပ်တွေကိုတော့ ရွံရှာမုန်း သိကြသည်။ သူကောင်၊ ငါကောင်ထဲက သွေးပုပ်၊ ပြည်ပုပ်၊ တံတွေးပုပ်၊ နှပ်ပုပ်တွေကိုကား မျိုထားတော့မလောက် ယုယုယယ ပိုက်ထွေးထားကြကုန်၏။ သွေးပုပ်၊ ပြည်ပုပ်၊ နှပ်ပုပ်တွေကိုပင် 'ငါ' ဟူ၍ အချစ်ကြီး ချစ်နေကြကုန်၏။ စင်စစ်အားဖြင့်ကား—

ပိတ္တံနာမ—ပါဠိယေက္ကော ကောဋ္ဌာသော ဆိုသောအတိုင်း....

သည်းခြေ၊ သလိပ်မည်သည် သီးခြားအစုတစုသာဖြစ်၏။
စိတ်မရှိ၊ ပုဂ္ဂိုလ်သတ္တဝါဟု မဆိုအပ်၊ ရေဓာတ်အစုသာ ဖြစ်၏။

(၃) မီးဓာတ်ထဲမှာ ငါကိုရှာခန်း။ ။ကဲ—မြေဓာတ်၊ ရေဓာတ်ထဲမှာ ငါကိုမတွေ့လျှင် ရှိစေတော့။ မီးဓာတ်ထဲမှာ ရှာကြဦးစို့။ တေဇောဓာတ်ကိုမီးဓာတ်ဟုခေါ်၏။ ယင်း၏သတ္တိကားကြေကျက်စေတတ်၏။ ကြေ

စေ၊ ကျက်နပ်စေတတ်သော သဘောလက္ခဏာရှိ၏။ ယင်းမီးဓာတ်ကား အမျိုးအစားအားဖြင့် ၄ မျိုး ရှိသတည်း။

(၁) ရက်ဆက် သို့မဟုတ် ရက်ချန် ဖျားနာတတ်သော သန္တပ္ပန တေဇောဓာတ်တမျိုး။

(၂) အရွယ်ကိုရင့်စေ၊ အိုစေတတ်သော ဇီရဏ တေဇောဓာတ်တမျိုး။

(၃) စားသောက်အပ်သော အစာအာဟာရတို့ကို ကျက်စေကြေစေတတ်သော ပါစက တေဇောတမျိုး။

(၄) ပေါက်နာ၊ ကျောက်နာ စသည်တို့ကို ဖြစ်စေတတ်သော ဒါဟ တေဇောဓာတ်တမျိုး။

ဤကား ပူခြင်း၊ အေးခြင်း၊ သဘောလက္ခဏာ ရှိသော တေဇောဓာတ် ၄ မျိုးဖြစ်၏။ ယင်းတေဇော မီးဓာတ် ၄ ပါးထဲမှာ ငါဆိုသော ငါကိုရှာကြည့်ပါ။ ထိုငါသည် အပူလိုဏ်ခေါင်းကြီးထဲမှာ ပုန်းအောင်းနေသလော။ အအေးဂူရိပ်ထဲတွင် အိပ်ပျော်နေသလော။ အပူထဲမှာလဲ တေဇောကိုရှာ၍မတွေ့၊ အအေးထဲမှာလဲ ရှာ၍မတွေ့။ ထမင်းထဲ၊ ဟင်းထဲ၊ ပြည်တရွှဲရွှဲနှင့် အနာကြီးတွေထဲမှာလဲ ငါကိုရှာ၍မတွေ့။ မတွေ့သည်မှာ အဘယ်ကြောင့်နည်း။

အဖြေမှာ ငါဟူ၍ မရှိသောကြောင့် ဖြစ်သတည်း။

သန္တပ္ပန တေဇော နာမ ပုဂ္ဂိုလော ကောဋ္ဌာသော ဆိုသောအတိုင်း သန္တပ္ပန = တေဇောမည်သည် ကိုယ်၌သီးခြား အစုတရ၊ ယင်းမှာ စိတ်မရှိ၊ ပုဂ္ဂိုလ်၊ သတ္တဝါဟူ၍ မဆိုအပ်၊ တေဇောဓာတ်မျှသာ ဖြစ်၏။

(၄) လေဓာတ်ထဲမှာ ငါကိုရှာခန်း။ ။ကဲ-- လေဓာတ်ထဲမှာ ရှာကြည့်ကြဦးစို့။ ဝါယောဓာတ်ကို လေဓာတ်ဟုခေါ်၏။ ယင်း၏သတ္တိမှာ ထောက်ကန်လှုပ်ရှားတတ်၏။ ထောက်ကန်လှုပ်ရှားခြင်းသဘော လက္ခဏာရှိ၏။ ယင်းလေဓာတ်မှာ အမျိုးအစားအားဖြင့် ၆ မျိုး ရှိသတည်း။

(၁) အထက်သို့ ဆန်သောလေ၊
(၂) အောက်သို့ စုန်သောလေ၊
(၃) ဝမ်းတွင်း၌ တည်သောလေ၊
(၄) ကောဋ္ဌာသအဝ၌ တည်သောလေ၊

(၅) အင်္ဂါကြီးငယ်သို့ လျှောက်သောလေ၊
(၆) ထွက်သက် ဝင်သက်လေ၊

ဤ ၆ မျိုးတည်း။ ယင်းလေဓာတ် ၆ မျိုးထဲမှာ ငါကိုရှာပါ။

'ဘယ်နေရာမှာ ငါရှိသလဲ။ ငါပုန်းနေသလဲ' တွေ့အောင်ရှာကြည့်။ ဘယ်မှာမှ ငါကို မတွေ့ရ။ မတွေ့သည်မှာ မရှိသောကြောင့် ဖြစ်သတည်း။

ဆိုခဲ့ပြီးသော မြေဓာတ်–ပထဝီ ၂၀၊ အာပေါ-ရေဓာတ် ၁၂၊ တေဇော–မီးဓာတ် ၄ ပါး၊ ဝါယော–လေဓာတ် ၆ တို့၌ သိတတ်သော သဘောမရှိ။ 'ခက်မာ၊ ဖွဲ့စေး၊ ပူ၊ အေး၊ ထောက်ကန်' ဟူသော သဘာဝ လက္ခဏာ ၄ ချက်သာရှိ၏။ ပုဂ္ဂိုလ်၊ သတ္တဝါသဘောမရှိ။

ထိုမှတပါး ယင်းဓာတ် ၄ ပါးတို့ကို အမှီပြု၍ ဖြစ်လာသော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကာယ၊ ဘာဝဟဒယ ရုပ်တို့သည်လည်း အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ အာရုံတို့သည်လည်း သိတတ်သော သဘောမရှိ၊ ရုပ်မည်၏။

ထို့ပြင် အဆင်းကိုမြင်လျှင် သိတတ်သော စက္ခုဝိညာဏ်မြင်သိစိတ်၊ အသံကိုသိတတ်သော သောတဝိညာဏ်ကြားသိစိတ်၊ အနံ့ကိုသိတတ်သော ဃာနဝိညာဏ် နံသိစိတ်၊ သရသာကို သိတတ်သော ဇိဝှာဝိညာဏ် လျက်သိ စိတ်၊ အတွေ့အထိကို သိတတ်သော ကာယဝိညာဏ် တွေ့သိစိတ်၊ ဓမ္မာရုံကို သိတတ်သော မနောဝိညာဏ် ကြံသိစိတ်တို့သည် အာရုံကို သိတတ်သော ကြောင့် နာမည်၏။

ထို့ကြောင့် ငါငါဟူ၍ တငါငါ စွဲလမ်းနေသော ဤရုပ်ကောင် ကြီးကို ငါဟုတ်၊ မဟုတ် စေ့စေ့တွေးလျှင် တရေးရေး ပေါ်လာလတ္တံ့။ တရေးရေးမှ လင်းလင်းထင်းထင်းကြီး ပေါ်ထင်လာလတ္တံ့။

(ရုပ်) (က) ရူပံ နေတံ မမ။ ဧတံရူပံ=ဆံပင်၊ မွေးညင်း၊ မျက်စိ၊ နား၊ နှာ စသော ဤရုပ်ကောင်သည်၊ မမ–ငါ၏၊ နသန္တကံ– ဥစ္စာမဟုတ်။

(ခ) နေသောဟမသ္မိ၊ ဧသော-ဆံပင်၊ မွေးညင်း၊ မျက်စိ၊ နား၊ နှာစသော ဤ ရုပ်ကောင်သည် နဟမသ္မိ-ငါမဟုတ်။

(ဂ) နမေသောအတ္တာ၊သော-ဤရုပ်သည်၊မေ-ငါ၏၊နဇတ္တာ- အစိုးတရ ဖန်တီးနိုင်သော အတ္တမဟုတ်၊ ငါ့အလိုသို့မပါ။

ဤသို့ အမှန်ကို အမှန်အတိုင်း မြင်လျှင် ဤရုပ်၌ ခင်တွယ်လိုစိတ် ရှိနိုင်ပါဦးမည်လား။ ဝေဒနာ၌လည်းကောင်း၊ သညာ၌လည်းကောင်း၊

သင်္ခါရ၌လည်းကောင်း၊ ဝိညာဏ်၌လည်းကောင်း ခင်လို၊ တွယ်လိုစိတ် ရှိနိုင်ပါဦးမည်လား။

ဤသို့ ခန္ဓာငါးပါး၌ အပြစ်မြင်လာသောအခါ–

ဧဝံပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ။ ၁

ဘိက္ခဝေ–သူစွဲ၊ ငါစွဲ၊ အတ္တစွဲ စွဲနေကြကုန်သော အို...ချစ်သားတို့၊ ဧဝံ–ဤသို့၊ ပဿံ ပဿန္တော–ခန္ဓာငါးပါး၌ အနိစ္စ၊ ဒုက္ခအားဖြင့် မြင်သော၊သုတဝါ–သုတရှိသော၊အရိယသာဝကော–မြတ်သောသာဝကသည်၊ ရူပသ္မိံပိ–ရုပ်၌လည်း၊ နိဗ္ဗိန္ဒတိ–ငြီးငွေ့လာ၏။ ဝေဒနာယပိ–ဝေဒနာ၌လည်း၊ နိဗ္ဗိန္ဒတိ–ငြီးငွေ့လာ၏။ သညာယပိ–သညာ၌လည်း၊ နိဗ္ဗိန္ဒတိ–ငြီးငွေ့လာ၏။ သင်္ခါရေသုပိ–သင်္ခါရတို့၌ ၁ည်း၊ နိဗ္ဗိန္ဒတိ–ငြီးငွေ့လာ၏။ ဧဝံ–ဤသို့၊နိဗ္ဗိန္ဒံ နိဗ္ဗိန္ဒန္တော–ငြီးငွေ့သော၊ အရိယ သာဝကော- အရိယသာဝကသည်၊ ဝိရဇ္ဇတိ-ခန္ဓာသင်္ခါရတို့၌ တပ်ခြင်းကင်း၏။ ဝိရာဂံ- ဝိရာဇန္တော-တပ်ခြင်း ကင်းလေသည် ရှိသော်၊ ဝိမုစ္စတိ-ခန္ဓာအာရုံ၌ ခင်တွယ်သော တဏှာမှ လွတ်၏။ ဝိမုတ္တသ္မိံ-လွတ်ပြီး။ သည်၌၊ ဝိမုတ္တမိတိ-လွတ်ပြီဟူ၍၊ ဉာဏံ-သိသော ပစ္စဝေက္ခဏာဉာဏ်သည်၊ ဟောတိ-ဖြစ်၏။

ဤ၌ ဝိရဇ္ဇတိ ပုဒ်အရ ခန္ဓာသင်္ခါရတို့၌ တွယ်တာလိုစိတ်၊ ခင်မင်စိတ် မရှိတော့ခြင်းသည် သက္ကာယဒိဋ္ဌိ ပျောက်သွားခြင်းပင်တည်း။ သက္ကာယ–ပျောက်လေသော်– သောတာပန်ဘဝ ရောက်လေပြီတည်း။

၃၂- ကောဋ္ဌာသကို ဖွဲ့စည်းထားသော လူကောင်၊ နတ်ကောင်၊ ဗြဟ္မာကောင်တွေထဲမှာ ငါကို ရှာလေသောအခါ ဘယ်သူပဲရှာရှာ။ ဘယ်လိုပဲရှာရှာ။ ငါကို တွေ့မည်မဟုတ်။ ငါကို မတွေ့သည့်အဆုံးတွင် စိတ်နှလုံးတုံးတုံးချရလေမည်ကား "ငါ မဟုတ်၊ ငါ့ဥစ္စာမဟုတ်၊ ငါ့အလိုသို့ မပါပါဘကား" ဟူ၍ ဖြစ်၏။ ထိုအခါ သက္ကာယကွာ၍ တွေ့လာ၊ မြင်လာ၊ ထင်လာသည်ကား သောတာပန် ဟူပေ၏။

## သောတာပန်ဖြစ်ကြောင်း အင်္ဂါ ၄– ပါး

သောတာပန် ဖြစ်ထိုက်သော အရည်အချင်းကို အထက်၌ ဆိုခဲ့ပြီးဖြစ်၏။ သက္ကာယဒိဋ္ဌိကွာလျှင် သောတာပန်ဖြစ်ပြီဟူ၍လည်း ဆိုခဲ့ပြီ ဖြစ်၏။

---

၁။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ၅၆၊ ဝိနည်းမဟာဝါ ပါဠိတော် ၂၀။

သို့ပါလျက်လည်း သောတာပန်ဖြစ်ကြောင်း အင်္ဂါ ၄-ရပ်ကို အမှတ်တရ ဤတွင် ထပ်၍ ပြဆိုပါဦးအံ့။

ဘုရားကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း၊ သံဃာတော်ကိုလည်းကောင်း၊ လှိုက်လှိုက်လှဲလှဲ၊ အူထဲအသည်းထဲက ကြည်ညိုခြင်းအားဖြင့် သောတာပန် တည်ကုန်သော လူ၊ နတ်၊ ဗြဟ္မာတို့သည် များစွာ ရှိကြကုန်၏။ ဆိုလိုသည်မှာ ရတနာသုံးပါးကို ယုံကြည်စွာ ဆည်းကပ်မြတ်နိုး ကိုးကွယ်လျှင်လည်း သောတာပန် ဖြစ်နိုင်ပါသတည်း။

(၁) အရဟံ-သမ္မာသမ္ဗုဒ္ဓ-အစရှိသော ဘုရားဂုဏ်တော်၌ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်းတပါး။
(၂) သွာက္ခာတ-အစရှိသော တရားဂုဏ်တော်၌ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်းတပါး။
(၃) လောကုတ္တရာ သမာဓိ၏ ပဒဋ္ဌာန်ဖြစ်သော သီလဝိသုဒ္ဓိဂုဏ်နှင့် ပြည့်စုံခြင်းတပါး။
(၄) သုပ္ပဋိပန္န– အစရှိသော သံဃာဂုဏ်တော်၌ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်းတပါး။

ဤကား သောတာပန်အဖြစ်သို့ ကေန်မုချ ယခုဘဝမှာပင် ရောက်နိုင်သော အင်္ဂါ ၄-ရပ် ဖြစ်သည်ဟု ဆိုပေသည်။

ဗုဒ္ဓေ အဝေစ္စပသာဒေန သမန္နာဂတော- ဟူ၍ လာရှိသော ပါဠိတော်၌ အဝေစ္စပသာဒ ပုဒ်၏ အဓိပ္ပာယ်မှာ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းဟု ဆိုလိုသည်။ ဘုရားဂုဏ်တော်၌ ဥပစာရ သမာဓိကို ရသောသူ၏ သဒ္ဓါပေတည်း။

ဥပစာရသမာဓိ– ဆိုသည်ကား ဣတိပိသော ဘဂဝါ အရဟံ စသည်ဖြင့် ဘုရားဂုဏ်တော်ကို ကြည်ညိုနေဆဲအခါ၌ "ချောန်သမာပတ်ကို ဝင်စားသကဲ့သို့" ဘုရားဂုဏ်တော်၌ စိတ်တည်ငြိမ်၍ နေသော သမာဓိတည်း။ ထိုသမာဓိကို မြင်လျှင် သဒ္ဓါ၏ အစိုးရမှု အထူးကို သိအပ်၏။ ထိုပုဂ္ဂိုလ်သည် ဘုရားဂုဏ်တော်ကိုကြည်ညိုမှု၌ မိမိစိတ်ကို အစိုးရလေ၏။ တရားဂုဏ်၊ သံဃာဂုဏ်တို့၌လည်း ဤနည်းအတိုင်းပင်တည်း။

လောကုတ္တရာ သမာဓိ၏ ပဒဋ္ဌာန်ဖြစ်သော သီလဝိသုဒ္ဓိဆိုသည်ကား– ယခုဘဝမှာပင် လောကုတ္တရာ သမာဓိသို့ တက်နိုင်ရန် အခြေခံအနေနှင့် စောင့်ထိန်းအပ်သော အာဇီဝဋ္ဌမက- နိစ္စသီလကို ဆိုသည်။ ထိုသီလသည်

အကျိုးအပေါက် အပြောက်အကျားတို့မှ ကင်းရှင်းသည် ရှိသော်လည်းကောင်း၊ တဏှာ၊ မာန၊ ဒိဋ္ဌိ စသော ကိလေသာတို့ကြောင့် ညှိုးနွမ်းခြင်းမှ ကင်းရှင်းသည် ရှိသော်လည်းကောင်း၊ သီလအရာ၌ သဒ္ဓါ၏ အစိုးရမှု အတူးကို သိအပ်၏။

နိစ္စသီလ မလုံခြုံမှုကို ကျိုးပေါက်ပြောက်ကျားဟု ဆိုသည်။ လုံခြုံပြန်လျှင်လည်း ထိုသီလကို တံခွန်ပြုလျက် လောကနှင့် လုံးထွေးရစ်ပတ်ထွေးယှက်၍နေမှုကို ညှိုးနွမ်းခြင်းဟု ဆိုသည်။ နွားကောင်း မကောင်းကို ချောင်းအတက်မှ သိရသည်ဆိုသကဲ့သို့ ရတနာသုံးပါးကို ကြည်ညိုလှပါသည်ဆိုသော ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့သည် သဒ္ဓါအရာ၌ စိတ်ရှူး၊ စိတ်နွမ်း ပျောက် မပျောက်။ စိတ်ကို အစိုးရသူ ဟုတ် မဟုတ်ကို ဤလေးဌာနသို့ ရောက်မှ သိရသည် ဟူပေ၏။

ရတနာသုံးပါး၏ ဂုဏ်ကို လိုက်လိုက်လဲ့လဲ့ သက်ဝင်ယုံကြည်ခြင်းအားဖြင့် သောတာပန် ဖြစ်သွားသူတို့ကား မရေတွက် နိုင်အောင်ပင် များပြားကြောင်း ကျမ်းဂန်တို့၌ ထင်ရှားစွာ ပြဆိုပေကုန်၏။

## လယ်တီဆရာတော်ဘုရား၏ သောတာပန္နကထာများ

သောတာပန် အကြောင်းကို ဗုဒ္ဓ မြတ်ဘုရားသည် လည်းကောင်း၊ အဋ္ဌကထာ ဆရာတို့သည်လည်းကောင်း နေရာအားလျော်စွာ ဟောပြောချက်၊ ဖွင့်ဆိုချက်တို့သည် များစွာ ရှိကုန်သော်လည်း သိမ်မွေ့၊ နက်နဲလှ၍ ဉာဏ်နုသူတို့အနေဖြင့် အဓိပ္ပာယ် ထိရောက်အောင် သဘောပေါက်အောင် မယူနိုင်ကြကုန်။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် ဒေသစာရီ ကြွချီတော်မူ၍ နေရာအနှံ့အပြား၊ မြို့ရွာအနှံ့အပြားတို့၌ တရားဟောတော်မူရာတွင်လည်းကောင်း၊ ဒီပနီကျမ်းပေါင်း များစွာတို့ကို ပြုစုတော်မူရာတွင်လည်းကောင်း၊ သောတာပန်နှင့် စပ်လျဉ်း၍ပတ်သက်ရာ ပတ်သက်ကြောင်းကိုအခါအားလျော်စွာ ဟောကြားမှု၊ ရေးစီရင်မှုများကိုပြုသွားတော်မူ၏။ ဆရာတော်၏ ဟောပြောချက်၊ ရေးသားချက်များသည် ကြားနာရသူတို့အား သဘောပေါက်လွယ်စေ၏။ အသိဂုဏ်ရှင်းနှင့် သောတာပန်အလင်းသို့ ရောက်အောင် ပို့ဆောင်တော်မူ၏။

ဤနေရာတွင် လယ်တီဆရာတော်၏ သောတာပန္နကထာကို ကြားနာကြရလျှင် ပို၍အကျိုးရှိမည်ဟု ယုံကြည်သဖြင့် ဆရာတော် ပြုစုခဲ့သော ဒီပနီကျမ်းဟောင်း များစွာတို့၏ အနက်မှ သောတာပန်နှင့် ပတ်သက်သည့် အချက်အလက်များကို ရွေးချယ်ပြီး အဆီစစ်၍ အနှစ်ကို ဖော်ပြလိုက်ပါသည်။

(က) သောတာပန်မည်ပုံ

ဗောဓိပက္ခိယဒီပနီ ၃၂၇ (ဆင့်မူ၊ ဒီပနီပေါင်းချုပ်)၌ အများနားလည်အောင် သောတာပန်တရား ဟောကြားသွားတော်မူသည်မှာ—

အဘယ်ကြောင့် သောတာပန်ခေါ်သည် ဟူမူကား ဟိမဝန္တာမှ စီးလာကြကုန်သော မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ ရေအလျဉ်တို့သည် နောက်သို့ ပြန်နစ်ခြင်း မရှိကုန်မူ၍ မဟာသမုဒ္ဒရာသို့ အရောက်စီးသွားကြကုန်သောကြောင့် သောတမည်ကုန်၏။

ထို့အတူ ထိုအရိယာတို့သည်လည်း ပုထုဇဉ်အဖြစ်သို့ တဖန် ပြန်ရောက်ခြင်း မရှိ ဖြကုန်မူ၍ အနုပါဒိသေသ နိဗ္ဗာန်သို့သာ တဖြောင့်တည်း ဆန်တက်၍ သွားကြကုန်၏။ ပုထုဇဉ်တို့သည် ဘဝဂ်ဘုံမှသော်လည်း အဝီစိသို့တိုင်အောင် အောက် အောက်ဘုံသို့ တဖန် ပြန်ရောက်ကြသကဲ့သို့ ထိုအရိယာတို့သည် မိမိတို့ဖြစ်ရာဘုံမှ အောက် အောက်ဘုံသို့ တဖန် ပြန်ရောက်ခြင်း မရှိကြကုန်ပြီ။ အထက် အထက်ဘုံသို့ ဆန်တက်ဖို့ရာ တပေါက်တလမ်းသာ ရှိကြကုန်၏။

ပုထုဇဉ်တို့သည် ရူပ၊ အရူပ ဗြဟ္မာ တိဟိတ်ကြီး ဖြစ်ကြကုန်ပြီးမှ ခွေး၊ ဝက်၊ ကြက်၊ ငှက် စသော ဒုဂ္ဂတိအဟိတ်တိုင်အောင် အောက် အောက်သို့ တဖန် ပြန်ရောက်ကြသကဲ့သို့ ထိုအရိယာတို့သည် ပုထုဇဉ်အဖြစ်သို့ တဖန် ပြန်ရောက်ခြင်း မရှိကြကုန်ပြီ။ အထက် အထက် အရိယာပုဂ္ဂိုလ်အဖြစ်သို့ ဆန်တက်ဖို့ အပေါက်တပေါက်သာ ရှိကြကုန်၏။

ဤသို့ ဘုံအားဖြင့် လည်းကောင်း၊ ဘဝအားဖြင့် လည်းကောင်း ယုတ်နိမ့်ရာအဖို့သို့ တဖန် ပြန်ရောက်ခြင်း မရှိကြကုန်မူ၍ တဘုံထက်တဘုံ၊ တဘဝထက်တဘဝ မြင့်ရာအဖို့သို့ မြတ်ရာအဖို့သို့ ဆန်တက်မှုတပေါက် တလမ်းသာ ရှိကုန်သည်ဖြစ်၍ အနုပါဒိသေသ နိဗ္ဗာန်သို့ ကူးကြကုန်လတ္တံ့။ ဤသို့ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် တဖြောင့်တည်း၊ တတန်းတည်း ဆန်တက်သွားမှုကို "ဓမ္မသောတ"ခေါ်သည်။

(၁) သမ္မာဒိဋ္ဌိ သောတ။
(၂) သမ္မာသင်္ကပ္ပ သောတ။
(၃) သမ္မာဝါစာ သောတ။
(၄) သမ္မာကမ္မန္တ သောတ။
(၅) သမ္မာအာဇီဝ သောတ။
(၆) သမ္မာဝါယာမ သောတ။
(၇) သမ္မာသတိ သောတ။
(၈) သမ္မာသမာဓိ သောတ။

(၁) သမ္မာဒိဋ္ဌိ သောတ။ ။ထိုတွင် သမ္မာဒိဋ္ဌိသောတဆိုသည်ကား သက္ကာယဒိဋ္ဌိ အနုသယနိုင်ငံကြီး ပျက်စီးကုန်ဆုံးသောအခါ၌ ထို သက္ကာယဒိဋ္ဌိနိုင်ငံကြီ အရာမှာ သစ္စာ ၄-ပါးကို အသင်းမြင်နိုင်သော ''သမ္မာဒိဋ္ဌိ နိုင်ငံကြီး''ဖြစ်၍ တည်လေ၏။ တညဉ့်လုံး မှောင်အမိုက်တို့၏ တည်ရာ၌ နေထွက်၍ ပသောအခါ နေရောင်အသင်းဖြစ်၍ တည်သကဲ့သို့တည်း။

ထို သမ္မာဒိဋ္ဌိ အသင် နိုင်ငံကြီ သည် အနုပါဒိသေသ နိဗ္ဗာန်စံရာ ဘဝတိုင်အောင် ဘဝများစွာ ကမ္ဘာအဆက်ဆက် တည်လေတော့သည်။ တဘဝဆက်တဘဝ ထွန်းလင်းစည်ကားရှိသာ သွားတော့သည်။

လောက၌ အမိဝမ်းမှ ဖွားစဉ်အခါ အန္တရာယ်ကပ်ငြိ၍ မျက်စိနှစ်လုံး ကိမ်သလ္လာထူထပ်စွာဖုံး၍ အလင်းကိုမျှ မမြင်ဘူးရသောသူမှာ ဝိဇ္ဇာမယ ဆေးကောင်း ၊ မျက်ဦးကောင်းနှင့်တွေ့၍ တိမ်သလ္လာ အကုန်ကွာပျောက်သည်နှင့် တပြိုင်နက် စက္ခုအမြင်နှင့် ပြည့်စုံသော သူကောင်းပကတိဖြစ်၏။ အသက်ထက်ဆုံး မြေ၊ မိုး ၊ ကောင်းကင်၊ နေ၊ လ၊ နက္ခတ်၊ အရပ်ဆယ်မျက်နှာ အလင်းပွင့်၏၊ ဘယ်အခါမဆို ကြည့်လိုမြင်လိုသောအခါ မြင်နိုင်၏။

ဤ ဥပမာကဲ့သို့ ထိုသောတာပန် အရိယာတို့သည် ဖြစ်လေရာရာ ဘဝအဆက်ဆက်တို့၌ လက္ခဏာရေး ၃ ပါး၊ သစ္စာ ၄ ပါး တရားတို့သည် အလင်းပွင့်ကုန်၏။ ကြည့်လို၊ မြင်လို၊ ဆင်ခြင်လိုသောအခါ ကောင်းကင်၊ နေ၊ လ၊ နက္ခတ်တို့ကို လင်းလင်းထင်ထင် မြင်နိုင်ကြကုန်၏ ဟူလိုသည်။ ဤကား သမ္မာဒိဋ္ဌိသောတ တည်ဆောက်ပုံတည်း။

ဆရာတော်သည် မဂ္ဂင်ရှစ်ပါးကို ဓမ္မသောတမည်ပုံ အစဉ်အတိုင်း တခုချင်းလင်းအောင် ရှင်းပြတော်မူပြီးလျှင် အဆုံး၌ သောတာပန်ဝိဂ္ဂိုဟ်နှင့် နိဂုံးချုပ်တော်မူ၏။

သောတံ အာဒိတော ပဇ္ဇိံသု ပါပုဏိံသု တိ သောတပန္နာ။

ယေ- အကြင်သူတို့သည်၊ သောတံ- အရိယာသောတသို့၊ (အရိယာရေစီးကြောင်းကြီးထဲသို့) အာဒိတော-အစစွာ၊ ပဇ္ဇိံသုပါ ပုဏိံသု-ရောက်ကြကုန်ပြီ၊ ဣတိ- ထို့ကြောင့်၊ တေ-ထိုသူတို့သည်၊ သောတပန္နာ = သောတာပန် မည်ကုန်၏။

ထို့နောက် ဆရာတော်ဘုရားသည် ယင်းပေဒိပကြွယ်ဒီပနီကျမ်း ၃၃၀ ၌ သောတာပန်တို့ဘဝကို အောက်ပါအတိုင်းဆက်၍ပြတော်မူပြန်၏။

(ခ) သောတာပန်တို့၏ သဘာဝ

ထိုသူတို့သည် အရိယာသောတနယ်တွင်းသို့ ရောက်ကုန်သည်နှင့် တပြိုင်နက် ပုထုဇဉ်ဘုံကို လွန်မြောက်ကုန်၏။ လောကီဘုံသူ၊ လောကီဘုံ သား မဟုတ်ကြကုန်ပြီ။ လောကုတ္တရာဘုံသူ၊ လောကုတ္တရာဘုံသား ဖြစ်ကြ ကုန်လေ၏။ ဝဋ္ဋဒုက္ခဘုံသူ၊ ဝဋ္ဋဒုက္ခဘုံသားများ မဟုတ်ကြကုန်ပြီ။ နိဗ္ဗာန် ဘုံသူ၊ နိဗ္ဗာန်ဘုံသား ဖြစ်ကြကုန်လေ၏။ ဘဝအဆက်ဆက်၊ ကမ္ဘာ အဆက်ဆက် ပထမနိဗ္ဗာန်နယ်တွင်းမှ မထွက်ကြရကုန်ပြီ။ သက္ကာယဒိဋ္ဌိ အနုသယနိုင်ငံကြီးသို့ တဖန် ပြန်ရောက်မှု၊ ပုထုဇဉ်အဖြစ်သို့ တဖန် ပြန် ရောက်မှု မရှိကြကုန်ပြီဟု ဆိုလိုသည်။

သဥပါဒိသေသ ပထမနိဗ္ဗာန်ကြီး ၌ အမြဲတည်ကြကုန်၍ ဇလိုရှိရာ ကောင်းမြတ်ရာ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတို့ကို ဘဝ များစွာ၊ ကမ္ဘာအဆက်ဆက် ခံစား၊ စံစား၍ သွားကြရကုန်၏ဟူ၍ ရေး သားတော်မူပြီးနောက် "အကျယ်ကို သိလိုမူ ဝါတ္တိစီရင်သော စတုသစ္စ ဒီပနီကျမ်း၊ ပရမတ္ထသံခိပ်ကျမ်းတို့မှာ ကြည့်လေ" ဟူ၍ ညွှန်းသွားတော် မူ၏။

ဝိပဿနာဒီပနီကျမ်း ၆၁ (ဆဋ္ဌမူ၊ ဒီပနီပေါင်းချုပ်နိဂုံး) ၌ကား ဇရာအားထုတ်နေကြသော ယောဂီပုဂ္ဂိုလ်တို့အား အားပေးစကား မြွက် ကြားသွားတော်မူ၏။ မလျှော့သောဇွဲလုံ့လဖြင့် အားထုတ်သင့်ကြောင်း၊ သောတာပန်ပုဂ္ဂိုလ်မှာ မိမိကိုယ်ကို သောတာပန် ဖြစ်မဖြစ်ကို သိရန်ခဲယဉ်း ကြောင်း၊ သောတာပန်ဖြစ်လျှင် ဖြစ်နေမည်ဖြစ်ကြောင်း မြွက်ကြား၍ အောက်ပါအတိုင်း အားပေးသွားတော်မူ၏။

စည်းစိမ်ချမ်းသာ ကြီးကျယ်စွာသော သမ္မာဒိဋ္ဌိ လူမျိုးတို့၌သာ ဖြစ်ကြရကုန်လတ္တံ့။ ထိုအခါ လူ၌ဖြစ်သော ကြီးကျယ်လှစွာသော လောကီစည်းစိမ်ချမ်းသာကို ခံစား၊ စံစားကြရကုန်၏။ မိမိ မိမိတို့၏ စိတ်သန္တာန်၌ အတ္တဒိဋ္ဌိ၏ ကင်းငြိမ်းခြင်းသည် သဥပါဒိသေသ နိဗ္ဗာန်ချမ်းသာ ကြီးပေတည်း။

အပါယ်၌ ကျရောက်၍ နေကြကုန်သော ခွေး၊ ဝက်၊ ကြက်၊ ငှက် အစရှိသော အပါယ်ဘုံသားတို့ကိုလည်းကောင်း၊ သက္ကာယဒိဋ္ဌိ တန်းလန်းနှင့် အပါယ်နွတ်ခမ်းမှာ လူလူ လူလူ နေကြကုန်သော သတ္တဝါ အပေါင်းတို့ ကိုလည်းကောင်း တွေ့မြင်ကြရကုန်လတ္တံ့။ တွေ့မြင်တိုင်း တွေ့မြင်တိုင်း "ငါတို့မှာ ဤကဲ့သို့သော အဖြစ်မှ လွတ်ငြိမ်းကြပြီ" ဟု အလွန် နှစ်သက် ဝမ်းမြောက်ခြင်း မစဲ မစဲ ဖြစ်ကြရကုန် လတ္တံ့။ သဥပါဒိသေသ နိဗ္ဗာန် ချမ်းသာကြီးသို့ ခံစား၊ စံစားကြရကုန်လတ္တံ့။

အမျိုးမျိုးသော မိစ္ဆာဒိဋ္ဌိ လူမျိုးတို့ကို တွေ့မြင်လေသော အခါ၌လည်းကောင်း၊အမျိုးမျိုးသော ဒုစရိုက်လူမျိုးတို့ကို တွေ့ကြုံသော အခါ၌လည်းကောင်း။ ကပ် ၃ ပါးသင့်၍ နေသော လူမျိုးတို့ကို တွေ့ကြုံသော အခါတို့၌လည်းကောင်း၊ ရန်သူမျိုး ငါးပါး နှိပ်စက်၍နေသော သူတို့ကို တွေ့ကြုံသောအခါ၌လည်းကောင်း၊ ဝိပတ္တိတရား ၄ ပါးနှိပ်စက်နေသော သူတို့ကို တွေ့ကြုံသော အခါလည်းကောင်း၊ ထိုနည်းတူ မိမိ မိမိတို့၏ စိတ်သန္တာန်မှာ အမြဲပါ၍နေသော သဥပါဒိသေသ နိဗ္ဗာန် ချမ်းသာကြီးကို အမှတ်ရ၍ အလွန်နှစ်သက် ဝမ်းမြောက်မှုဟူသော ခံစား၊ စံစားခြင်းကို ခံစား၊ စံစားကြရကုန်လတ္တံ့။

ဤနည်းကို အာရုံပြု၍ နတ်ပြည် ၆ ထပ်မှာ နတ်၊ သိကြားဖြစ်ကြကုန်သော ဘဝတို့၌လည်း လောကီ၊ လောကုတ္တရာ ချမ်းသာကြီး ၂ ပါးကို အလှည့်အလည်အားဖြင့် ခံစား၊ စံစား၍ သွားကြကုန်လတ္တံ့။ ပဌမစျာန် ၃ ဘုံ၊ ဒုတိယစျာန် ၃ ဘုံ အစရှိသော ဗြဟ္မာတို့မှာ ဗြဟ္မာဖြစ်ကြသော ဘဝတို့၌လည်း လောကီ၊ လောကုတ္တရာ ချမ်းသာကြီး ၂ ပါးကို အလှည့်အလည်အားဖြင့် ခံစား၊ စံစား၍ သွားကြရကုန်လတ္တံ့။ ဘဝများစွာ၊ ကမ္ဘာများစွာ ကြာမြင့်သဖြင့် လူ့ ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတို့ကို ခံစားစံစား၍ငြီးငွေ့ကြသောအခါ၌လောကီချမ်းသာကိုစွန့်လွှတ်၍အနုပါဒိသေသနိဗ္ဗာန်တည်း ဟူသောလောကုတ္တရာချမ်းသာသို့ ရောက်ကြကုန်လတ္တံ့။

## (စ) ရဟန်းအဖြစ်ထက် လူ့သောတာပန်အဖြစ်နှင့်ကျွတ်သူများပုံ

ထိုမှတပါး ယင်းအနုတ္တဒီပနီ ၇၇ ၌ ရဟန်းအဖြစ်နှင့် ကျွတ်တမ်းဝင် ပုဂ္ဂိုလ်များထက် လူသောတာပန် အဖြစ်နှင့် ကျွတ်တမ်း ဝင်ကြသူက များပုံကို ဤသို့ ဆက်၍ မြွက်တော်မူ၏။

"ထိုမှတပါး ငါတို့ဘုရား လက်ထက်တော်၌ ရဟန်းအဖြစ်နှင့်ကျွတ်ကြသူတို့ကား အနည်းငယ် မျှသာတည်း။ လူ့ အဖြစ်မှာ သောတာပန် အဖြစ်နှင့် ကျွတ်ကြသူတို့ကား သာဝတ္ထိပြည်မှာပင် ကုဋေများစွာရှိလေ၏။ ရာဇဂြိုဟ်ပြည်မှာပင် ကုဋေများစွာ ရှိလေ၏။ ထို့အတူ ကပိလဝတ်ပြည်၊ ဝေသာလီပြည် အစရှိသည်တို့၌လည်း ကုဋေများစွာ သန်းပေါင်းများစွာ ရှိကြ၏။ မဇ္ဈိမတိုက် တပြင်လုံးသည် အရိယာဖြင့် ပြည့်သကဲ့သို့ ရှိကြ၏။ ထိုသူတို့ ယခုအခါ၌ စတုမဟာရာဇ်ပြည်မှာ အပြည့်ရှိကြ၏။ တာဝတိံသာနတ်ပြည်မှာ အပြည့်ရှိကြ၏။ ယာမာ စသည်တို့မှာလည်း များစွာရှိနေကြကုန်၏။

"နတ်အဖြစ်နှင့် ကျွတ်ကြကုန်သော နတ်အရိယာတို့နှင့် ဇာတ်ပေါင်းမိကြလေ၏။ ထိုအရိယာတို့နှင့် အတူတကွ ဇာတ်ပေါင်းကြ၍ နတ်ချမ်းသာအဆင့်ဆင့်၊ ဗြဟ္မာချမ်းသာ အဆင့်ဆင့် ခံစား၊ ခံစား၍ အကနိဋ္ဌတိုင်အောင် သွားကြကုန်လတ္တံ့။ ထိုသူတို့၏ စိတ်သန္တာန်မှာလည်း ပရိနိဗ္ဗာန်စံကြသော ဘဝတိုင်အောင် ငါတို့မြတ်စွာဘုရား သာသနာတော်ကြီး အစဉ်ပြဲစွာ ပါလေတော့သည်။ ထိုသူတို့မှာ သာသနာကွယ်သည် ဟူ၍မရှိတော့ပြီ။ သာသနာပသော ဘဝဟူ၍ မရှိကြပြီ။ ဤသို့ဖြစ်ခြင်းသည် အနုတ္တလက္ခဏာကို ကောင်းစွာထင်မြင်ရခြင်း၏ အကျိုးအာနိသံသပေတည်း။

"ထိုမှတပါး မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည့်နောက်အနှစ် ၃၀၀ ခန့်အတွင်း မဇ္ဈိမတိုက်အပြင်မှ အကျွတ်ရကြသော သောတာပန်ပေါင်း အကုဋေမက သီဟိုဠ်သို့ သာသနာရောက်သည့်နောက် သီဟိုဠ်ကျွန်းမှ ကျွတ်ကြသော သောတာပန်ပေါင်း အကုဋေမကတို့သည်လည်း ယခုအခါ စတုမဟာရာဇ်နတ်ဘုံမှာ အပြည့်ရှိနေကြကုန်၏။ တာဝတိံသာနတ်ဘုံမှာ အပြည့်ရှိနေကြကုန်၏။ ထိုသူတို့သည် နတ်ဇာတိနှင့် ကျွတ်ကြသော အရိယာဘုရားလက်ထက်တော်မှာ မဇ္ဈိမတိုက်အပြင်မှ ကျွတ်ကြသောအရိယာတို့နှင့် ဇာတ်ပေါင်းကြ၍ ပြဆိုခဲ့ပြီးသောအတိုင်း အကနိဋ္ဌဘုံကျအောင် ခံစား၊ ခံစား၍ သွားကြကုန်လတ္တံ့။ ထိုသူတို့၏ စိတ်သန္တာန်မှာလည်း ပရိနိဗ္ဗာန်စံရာဘဝတိုင်အောင် ငါတို့မြတ်စွာဘုရား သာသနာတော် အမြဲတည်လေ

တော့သည်။ ဤသို့ဖြစ်ခြင်းသည် အနတ္တလက္ခဏာ ထင်မြင်ခြင်း၏ အကျိုးအာနိသံသပေတည်း။

''ယခုသည်း နတ်ပြည် ၆ ထပ်တို့၌ သုဓမ္မာဇရပ် အသီးသီးရှိကြကုန်၏။ တလတလလျှင် ရှစ်ကြိမ်ရှစ်ကြိမ် တရားနာ အစည်းအဝေးပြုမြဲထုံးစံတည်း။ ရံခါသိကြားမင်းကြီးတို့တရားဟောကြကုန်၏။ ရံခါတရားကျမ်းဂန်တတ်ကျွမ်းသော ဓမ္မကထိက နတ်သားတို့ တရားဟောကုန်၏။ ရံခါပြဟ္မာပြည်မှ ပြဟ္မာမင်းတို့လာ၍ တရားဟောကုန်၏။ ရှေးအဖို့၌ အကျွတ်မရကြကုန်သေးသော နတ်တို့သည် ထိုတရားနာရာ သုဓမ္မာ အစည်းအဝေးမှာ အကျွတ်ရကြကုန်၏။ ထိုမှ အလွတ်ဖြစ်ကုန်သော နေရာဌာနတို့၌လည်း အဘူခန အဖော်အပေါင်း ဖြစ်ကြကုန်သော အရိယာနတ်တို့၏ ဟောပြောမှုကိုနာခံ၍ အကျွတ်ရကြကုန်၏။

''ယခုအခါ နတ်ပြည်၊ ပြဟ္မာ့ပြည်တို့မှာ ကျွတ်ပွဲလွတ်ပွဲ မစဲမဆိတ်ရှိနေတုန်း အခါပေဘည်း။ ယခုမှ ကျွတ်လွတ်ကြကုန်သော နတ် ပြဟ္မာတို့သည်း ရှေးကျွတ်ကြကုန်သော အရိယာတို့နှင့် ဇာတ်ပေါင်းမိကြကုန်၏။ စိတ်နှလုံး၌ မြတ်စွာဘုရား သာသနာတော်ကြီး အမြဲကည်ခွင့်ကို ရကြလေကုန်၏။ စတုမဟာရာဇ်နတ်ပြည်မှာ အနှစ်ကိုးသန်းတိုင်တိုင် မဂ်တံခါး၊ ဖိုလ်တံခါး၊ နိဗ္ဗာန်တံခါး ဟင်းလင်းပွင့်လျက်ရှိ၏။ တာဝတိံသာနတ်ပြည်မှာ အနှစ်သုံးကုဋေ-၆သန်းတိုင်တိုင် မဂ်တံခါး၊ ဖိုလ်တံခါး၊ နိဗ္ဗာန်တံခါး ဟင်းလင်းပွင့်လျက်ရှိ၏။ အထက် အထက် နတ်ပြည်၊ ပြဟ္မာ့ပြည်တို့၌လည်း ဤနည်းတူသိလေ။

''သာသနာ ငါးထောင်ဆိုသည်မှာ လူ့ပြည်ကိုရည်၍ ဆိုသတည်း။ လူ့ပြည်၌ အနှစ် ၅၀၀၀ မျှသာ အရိယာ ဖြစ်နိုင်သောခေတ် ရှိသည်။ အနှစ် ၅၀၀၀ မှ နောက်၌ အရိယာ ဖြစ်နိုင်သောခေတ် မရှိပြီ ဆိုလိုသည်။ ယခုအခါ၌ကား သာသနာတော် ၂၀၀၀ ကျော်လွန်၍ သွားပြီ။ ၂၀၀၀ မျှသာ ကျန်ရှိတော့သည်''ဟူ၍ တိတိကျကျ၊ ပြတ်ပြတ်သားသား မြွက်ကြားသွားတော်မူ၏။

(ဆ) သောတာပန်ပုဂ္ဂိုလ်တို့ ခံစံကြရသောနိဗ္ဗာန်၏ အနက်လေးချက်

လယ်တီဆရာတော်ဘုရား ပြုစုသွားသော ဒီပနီကျမ်းပေါင်းများစွာ ရှိ၏။ ယင်းတို့အနက် 'စတုသစ္စဒီပနီကျမ်း' သည် နာမည်ကျော် ကျမ်းတကျမ်း ဖြစ်၏။ ဆရာတော်သည် သောတာပန်နှင့် ပတ်သက်၍ ယင်းကျမ်း၌လည်း အမှတ်တရ မြွက်ကြားသွားတော်မူ၏။ မြွက်ကြားသွား

တော်မူရာ၌ ယောဂီပုဂ္ဂိုလ်တို့သန္တာန်၌ သံသယကင်းသွားအောင် 'ကထေ တုကမျှတာပုစ္ဆာ' မေး၊ ဖြေပြု၍ မြွက်ကြားသွားတော်မူလေသည်။

မှန်၏။ တစုံတယောက်သောသူက 'သောတာပန်ပုဂ္ဂိုလ်သည် ၁၅၀၀ သော ကိလေသာကို အကုန် မပယ်ရသေး။ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း ဒုက္ခမှမကင်းသေး။ ထို့ကြောင့် နိဗ္ဗာန်သို့ရောက်သည့် နိဗ္ဗာန်သွားရာလမ်းမကြီးပေါ်သို့ ရောက်နေပြီဟု မဆိုထိုက်'ဟု စောဒကတက်ခဲ့သော် မည်သို့ ဖြေကြားရမည်ဟု လယ်တီဆရာတော်ဘုရားက ဤသို့ ညွှန်ကြားတော်မူ၏။

(က) နိဿရဏဋ္ဌ။ ။ဒိဋ္ဌိ ဝိစိကိစ္ဆာအမှူးရှိသော အလွန်မည်းညစ်လှစွာသော ကိလေသာဝဋ်မှ အပြီးကျွတ်လွတ်မှု၊ ဒုစရိုက်ဆယ်ပါး၊ ဒုရာဇီဝတရားဟူသော အကုသလကမ္မဝဋ်မှ အပြီးကျွတ်လွတ်မှု၊ အပါယ်ဘဝဟူသောဝိပါကဝဋ်မှ အပြီးကျွတ်လွတ်မှုသည် သောတာပန်ပုဂ္ဂိုလ်တို့ ခံစံကြရသောနိဿရဏဋ္ဌမည်၏။

ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် လူမင်း၊ နတ်မင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းဖြစ်၍ ပင်နေကြကုန်သော်လည်း ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဒုစရိုက်၊ ဒုရာဇီဝ၊ အပါယ်ဘဝတို့မှ အပြီးကျွတ်လွတ်မှု၊ အပြီးလွတ်ငြိမ်းမှုဟူသော နိဿရဏဋ္ဌကို မရကြကုန်။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတွေတန်းလန်း ဒုစရိုက်၊ ဒုရာဇီဝတွေတန်းလန်း အပါယ်သို့ကျရောက်မှုတွေတန်းလန်းနှင့်သာ နေကြရကုန်သည်။

(ခ)ပဝိဝေကဋ္ဌ။ ။သောတာပန်ပုဂ္ဂိုလ်သည် ဘဝများစွာ ကမ္ဘာများစွာ ကြာမြင့်သော်လည်း မိမိတို့၏ စိတ်သန္တာန်၌ မိစ္ဆာဒိဋ္ဌိတရားတို့၏ နှောင့်ယှက်မှု ဒုစရိုက်၊ ဒုရာဇီဝတရားတို့၏ နှောင့်ယှက်မှု၊ အပါယ်ဒုက္ခတို့၏ နှောင့်ယှက်မှုမှ အချင်းခပ်သိမ်း ကင်းငြိမ်းကြကုန်၏။

ဤသို့ သံသရာ၌ အလွန်ဘေးရယုတ်မာ ဆိုးရွားလှသော ပါပဓမ္မ၊ အပါယဒုက္ခတို့၏ အနှောင့်အယှက်၊ အဖျက်အဆီးမှ ဆိတ်ကင်းမှုသည် သောတာပန်ပုဂ္ဂိုလ်တို့ ခံစားကြရသော ပဝိဝေကဋ္ဌမည်၏။

ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် လူမင်း၊ နတ်မင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းဖြစ်၍ပင် နေကြကုန်သော်လည်း သမ္မာဒိဋ္ဌိနှင့် ကြည်တည့်ချည်တခါ၊ နောက်တည့်ချည်တလှည့်၊ သုစရိုက်မှုနှင့် ကြည်တည့်ချည်တခါ၊ ဒုစရိုက်မှုနှင့် နောက်တည့်ချည်တလှည့်၊ သုဂတိချမ်းသာနှင့် ကြည်တည့်ချည်တခါ၊ အပါယဒုက္ခသို့ရောက်၍ အနောက်ကြီးနောက် တည့်ချည်တလှည့် ဤသို့သော နှောင့်ယှက်မှုတို့မှ မလွတ်ကင်းကြလေကုန်။

(ဂ) အသစ်တဌ။ ။သောတာပန်ပုဂ္ဂိုလ်တို့ ဆိုက်ရောက် ရ ရှိ တည်နေရာဖြစ်သော ဒိဋ္ဌိဝိစိကိစ္ဆာ၊ ဒုစရိုက်၊ ဒုရာဇီဝ၊ အပါယဒုက္ခတို့၏ အပြီးလွတ်ငြိမ်းမှုဟူသော သဉပါဒိသေသနိဗ္ဗာန်သည် ဘဝကမ္ဘာ၊ အသင်္ချေ ကြာသော်လည်း ပျက်ကွက်ခြင်း ရှိတော့သည် မဟုတ်၊ အနမတဂ္ဂသံသရာ နှင့်တကွ နိစ္စ ထာဝရဖြစ်၍ တည်လေ၏။

ထိုသို့ ပျက်ကွက်ခြင်းမရှိ၊ နိစ္စ ထာဝရတည်ရှိသော တရားဖြစ်ပေ သောကြောင့် အသစ်တဖန် ထူထောင်ပြုပြင်မှုဟူ၍ မရှိပြီ။ ထိုသို့ နိဗ္ဗာန် ဆွေးမြည့်၊ ပျက်စီးပြန်၍ မိမိသန္တာန်၌ ထိုနိဗ္ဗာန်ကို တဖန်ဖြစ်ပေါ်လာရန် ဒါနပြုမှု ဒုက္ခတွင်းသို့ ဆင်းရပြန်သည်ဟုမရှိပြီ။ ရဟန်း ပြုလုပ်ခြင်း ဒုက္ခတွင်းသို့ ဆင်းရပြန်သည်ဟု မရှိပြီဆိုလိုသည်။

ဤသို့ အဖန်ဖန်ပြုပြင်ရခြင်းဟူသော သံသရာဒုက္ခတို့မှ လွတ်ငြိမ်းမှု သည် သောတာပန် ပုဂ္ဂိုလ်တို့ ခံစံကြရသော အသစ်တဌ မည်၏။ သောတာပန် ပုဂ္ဂိုလ်တို့အား ကြွင်းကျန်သော ကိလေသာတို့၏ ချုပ်ငြိမ်းဖို့ အတွက်နှင့်သာ ဒါန၊ သီလ၊ ဉပေါသထ၊ ဘာဝနာမှုကို ပြုဖွယ်ကိစ္စရှိလေ တော့သည်။ ချုပ်ငြိမ်းလေပြီးသော သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဒုစရိုက် ဆယ်ပါးတို့၏ ငြိမ်းဖို့အတွက်နှင့် ပြုဖွယ်ကိစ္စမရှိပြီ။

(ဃ) အမတဌ။ ။ထိုသက္ကာယဒိဋ္ဌိ၊ဝိစိကိစ္ဆာ၊ ဒုစရိုက်၊ ဒုရာဇီဝ အပါယ်ဒုက္ခတို့၏ အပြီးလွတ်ငြိမ်းမှုဟူသော သဉပါဒိသေသ နိဗ္ဗာန်သည် အနမတဂ္ဂ သံသရာမှာ ဘယ်အခါမှ ဆွေးမြည့်ပျက်ဆုံးသည်ဟူ၍ မရှိပြီ။ ထိုဝိသာခါ၊ အနာထပိဏ် အစရှိသော ဘုံစဉ်စံ သောတာပန် ပုဂ္ဂိုလ်တို့ အား တဘဝလျှင် တခါ၊ ခန္ဓာငါးပါး ပျက်ဆုံးမှုကားရှိကြ၏။ မိမိတို့ ရရှိပြီးသော နိဗ္ဗာန်ကား ခန္ဓာပျက်ဆုံးသော်လည်း ပျက်ဆုံးခြင်း မရှိပြီ။ ခန္ဓာ-တဘဝတခု ပျက်ဆုံး၍ ခန္ဓာ- တဘဝတခုသို့ ရောက်ကြပြန်လျှင် ထိုနိဗ္ဗာန်တွင်း၌သာ ရောက်ကြပြန်၏၊ ပုထုဇဉ်ခန္ဓာသို့ပြန်၍ ရောက်ကြကုန် သည်ဟု မရှိပြီ။ ခန္ဓာတို့ကား မတခေတ်မျိုးဖြစ်၍ တဘဝတခါ ပျက်ဆုံး ကြကုန်သည်။

ထိုနိဗ္ဗာန်သည်ကား အမတဓာတ်မျိုး ဖြစ်၍ တဘဝတခါ ပျက်ဆုံး ကြကုန်သည်။ ထိုနိဗ္ဗာန်သည်ကား အမတဓာတ်မျိုး၊ ခန္ဓာပျက်သော်လည်း တခါတရံမျှ ပျက်ဆုံးသည်ဟူ၍လည်း မရှိပြီ။ အနုပါဒိသေသ နိဗ္ဗာန်နှင့် တဆက်တည်း ဆက်မိလေတော့သည်။ ထိုသောတာပန် ပုဂ္ဂိုလ်တို့အား ထိုငြိမ်းမှုကုန်ဆုံး၍ သွားမည်ကို ကြောင့်ကြဖွယ်မရှိပြီ။

ဤသို့ သောတာပတ္တိမဂ်သို့ ရောက်သည့်နေ့မှစ၍ အနုပါဒိသေသ နိဗ္ဗာန်သို့ ဆိုက်ရောက်သည်တိုင်အောင် ဘဝများစွာ၊ ကမ္ဘာများစွာကြာ ချင်တိုင်း ကြာငြားသော်လည်း တခါတရံမျှပျက်ကွက်ခြင်းမရှိမူ၍ ထိုဘုံစဉ်စံ သောတာပန်ပုဂ္ဂိုလ် အနန္တတို့၏ ကိုးကွယ်ရာ၊ လဲလျောင်းရာ၊ ပုန်း အောင်းရာ အနေနှင့် အမြဲစောင့်ရှောက်ကာ ပါရှိ၍ နေသော အမှုသည် ထိုသောတာပန်ပုဂ္ဂိုလ်တို့ ခံစံကြရသော အမတဌပေတည်း။ ဤကား သောတာပန်ပုဂ္ဂိုလ်တို့ ခံစံကြရသော သဥပါဒိသေသ နိဗ္ဗာန်ဖြစ်၏။ အနက် ၄ ချက်ကို ပြဆိုသောစကားရပ်တည်း။

(၈) နတ်ပြည်ခြောက်ထပ်မှာ သောတာပန်အပြည့်

သောမနဿ ဩပေက္ခာ ဒီပနီကျမ်း၌မူ "သောတာပန်ဖြစ်အောင် အားထုတ်ကြ၊ ကြိုးစားကြဟု တိုက်ရိုက်တိုက်တွန်းခြင်း ပြုတော်မမူလေပဲ သောတာပန် ဖြစ်ချင်စိတ် ပေါက်လာအောင်၊ အားကျလာအောင် ဆရာ တော်ဘုရားက ဤသို့ လှုံ့ဆော်သွားသည်ကို တွေ့ရသည်။

"ယခုအခါ၌ မိဂဒါဝုန်တောတွင် ဓမ္မစကြာတရားကို ဟောတော် မူသော အခါမှစ၍ သာသနာတော် အနှစ်တထောင် အတွင်း၌ စတုမဟာ ရာဇ်၊ တာဝတိံသာစသော နတ်ပြည်တို့မှလည်းကောင်း၊ သာဝတ္ထိရာဇဂြိုလ် အစရှိသော မဇ္ဈိမဒေသ တမြေပြင်လုံးတို့မှ လည်းကောင်း၊ မဟာဇေတ္တ၊ သုဝဏ္ဏဘူမိ အစရှိသော ထိုထို ပစ္စန္တဒေသ တပြင်လုံးတို့မှ လည်းကောင်း၊ ဇမ္ဗူဒိပ်၊ သီဟိုဠ်မြေပြိုလူမျှ ကျွတ်လွတ်ကုန်သော အသင်္ချေယျ အနန္တ ပထမ နိဗ္ဗာန်ဘုံစဉ်စံ အရိယာတို့သည်ကား ယခုအခါ စတုမဟာရာဇ်အဝင် မြေပြင်ရှိ ဘုမ္မစိုးနတ်တို့မှစ၍ စတုမဟာရာဇ် နတ်ပြည်မှာပင် အသင်္ချေယျ အနန္တ ရှိကြကုန်၏၊ တာဝတိံသာစသော အထက် နတ်ပြည်တို့မှာလည်း ထို့အတူ အသင်္ချေယျ အနန္တ ရှိကြကုန်၏။

ယခုအခါ၌ နတ်ပြည် ၆-ထပ်လုံးသည် အရိယာတို့နှင့် ပြည့်လျက် နေ၏။ အရိယာဘုံတွေ ဖြစ်၍နေ၏။ ဗိမ္ဗိသာရမင်း၊ အနာထပိဏ်သဌေး အစရှိသော မြတ်စွာဘုရား၏ သာဝကကြီးတွေ၊ သိကြားမင်းကြီးတွေ၊ စတုမဟာရာဇ် နတ်မင်းကြီး၊ နေနတ်မင်း၊ လနတ်မင်း အစရှိသော သား တော်ကြီးတွေ အသင်္ချေအနန္တ ရှိကုန်၏။ ဝိသာခါ၊ သုပ္ပိယာစသော မြတ်စွာ ဘုရား သမီးတော်ကြီးတွေ၊ လာဇာနတ်သမီး၊ သူရိယဝစ္ဆသာ နတ်သမီး အစရှိသော မြတ်စွာဘုရား၏ သမီးတော်ကြီးတွေ ယခုအခါ နတ်ပြည် ၆- ထပ်မှာ အသင်္ချေအနန္တ ရှိကြကုန်၏။

ယခုအခါ၌ လူဖြစ်သောသူသည် အထက်ကောင်းကင်သို့ လက်အုပ်ချီ၍ ရှိခိုးသော် အရိယာနတ်တို့ ဗိမာန်ကို လွတ်အောင်ပင် မချီနိုင်ရာ။ ယေဘုယျအားဖြင့် အထက်ကောင်းကင် တရိုး၌ ဘုန်းတန်ခိုးကြီးကြကုန်သော နတ်မင်းကြီး၊ နတ်မိဖုရားကြီး၊ နတ်သမီး၊ နတ်သားတို့သည် မြတ်စွာဘုရား၏ သားတော်ကြီး၊ သမီးတော်ကြီး တို့ချည်းသာ ဖြစ်ကြကုန်၏။ နတ်ပြည် (၆)ထပ်မှ မြတ်စွာဘုရား၏ သားတော်မြတ် အပေါင်းတို့သည် ဤလူ့ပြည်၌ ဥပသကာ ယောကျ်ားတို့ကို မျှော်လင့်လျက် ရှိကြကုန်၏။ သမီးတော်မြတ် အပေါင်းတို့သည်လည်း ဤလူ့ပြည်၌ ဥပသိကာမတို့ကို မျှော်လင့်လျက် ရှိကြကုန်၏။ တလလျှင် ၄-ကြိမ် ဇမ္ဗူဒီပါသို့ စာရင်းယူရန် လာကြောင်းကို စတုမ္မဟာအင်္ဂုတ္တိုရ် ပါဠိတော်၌ ဟောတော်မူ၏။

ပဋိ ၁၀၀ သာသနာတော် မြတ်ကြီးသည် ယခုအခါ နတ်ပြည်မှာ လှိုင်လှိုင် ထွန်းတုန်း ထွန်းဆဲ ပေတည်း။ စတုမဟာရာဇ် နတ်ပြည်မှာ သာသနာတော်အသက်၊ နတ်တို့ရက်နှင့် အရက်ငါးဆယ်ခန့်သာ ရှိသေးသည်။ နောင် လူတို့ အရေအတွက် အနှစ် ကိုးသန်းတိုင်အောင် မဂ်တံခါး၊ ဖိုလ်တံခါး၊ နိဗ္ဗာန်တံခါး ဟင်းလင်းပွင့်လမ်း ရှိ၏။

တာဝတိံသာ နတ်ပြည်မှာ သာသနာတော်အသက် နတ်တို့ရက်နှင့် ၂၅-ရက်ခန့်သာ ရှိ သေးသည်။ နောင် လူတို့ အရေအတွက် အနှစ်ပေါင်း သုံးကုဋေ့ခြောက်သန်း တိုင်အောင် မဂ်တံခါး၊ ဖိုလ်တံခါး နိဗ္ဗာန်တံခါး ဟင်းလင်း ပွင့်လမ်း ရှိ၏။ ဤနည်းတူ ၄-ဆ၊ ၄-ဆတက်၍ အထက်အထက် နတ်ပြည်တို့မှာလည်း သာသနာတော် အသက် တိုးတက် ရှည်လျားသွားမှုကို သိလေ။

## (၈၂) စူဠသောတာပန်

ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးသည် ဤသို့ အားရ လောက်အောင်၊ သွားရည်များယိုလာအောင် နတ်ပြည် (၆)ထပ်မှ အရပ်ရပ်သော သောတာပန် နတ်သမီး၊ နတ်သားများ အကြောင်းကို ဟောပြောတော်မူပြီးမှ "စူဠသောတာပန်" ဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းတော်မူသည်ကား—

ယခုအခါ၌ လူ ပြည်မှာ ဘာဝနာမနသိကာရ၌ စူဠသောတာပန် အနေလောက် ပေါက်ရောက်အောင် အားထုတ်ကြပြီး သေလွန်သည်နောက် နတ်ပြည် (၆)ထပ်တွင် ဖြစ်လေရာနတ်ပြည်မှာ မဟာသောတာပန်

အဖြစ်သို့ ရောက်ကြ၍ ဘုရားသားတော်ရင်းကြီး၊ သမီးတော်ရင်းကြီး တို့နှင့် ဘုံစဉ်စံ အရိယာအဖြစ်ဖြင့် ဇာတ်ပေါင်းနိုင်ကြကုန်၏။ ယောကျ်ား ဖြစ်သူ ရှင်လူအပေါင်းတို့သည် ဗိမ္ဗိသာရမင်း၊ အနာထပိဏ်သဌေး အစရှိ ကုန်သော သူတို့နှင့် ဇာတ်ပေါင်းနိုင်ကြကုန်၏။ ဒါယိယာမ ဖြစ်သူတို့သည် ဝိသာခါ၊ သုပ္ပိယာ အစရှိသော သူတို့နှင့် ဇာတ်ပေါင်းနိုင်ကြကုန်၏။ ဝဋ် ဆိုးကြီး ၃-ပါး၊ဘေးဆိုးကြီး ၂-ပါးတို့မှ ကျွတ်လွတ်၍ နတ်ပြည်မှာ ရှိနှင့်ကြသော အရိယာအနန္တတို့နှင့် တလုံးတစိတ်တည်း ပေါင်းမိကြ၍ သံသရာ၌ ဘေးမဲ့ချမ်းသာ ဘုံစဉ်စံအရိယာ အဖြစ်သို့ ရောက်နိုင်ကြကုန်၏။

ယခုအခါ ဤလူ့ပြည်မှာ ဘာဝနာမန သီကာရ၌ စူဠသောတာပန် အနေလောက် ပေါက်ရောက်အောင် အားထုတ်မှုဆိုရာ၌ စူဠသောတာပန် ဆိုသည်ကား- သောတာပန်ငယ်၊ သောတာပန်နုကို ဆိုသည်။ ဤသာသနာ တော်၌ပင်လျှင် ယခုဘဝ၌ သော်လည်းကောင်း၊ နတ်ပြည်သို့ ရောက်လေ၍ နောက်ဘဝ၌ သော်လည်းကောင်း ပရမတ္ထအရိယာ မဟာသောတာပန် ဘုံစဉ်စံအဖြစ်သို့ မချွတ်မလွဲ၊ အမြဲကေန်၊ အမှန်ရောက်တော့မည့်သူ ဟူလို သည်။ အဘယ်မျှလောက် အားထုတ်ကြကုန်မှ စူဠသောတာပန်အဖြစ်သို့ ရောက်နိုင်ကြကုန်သနည်း ဟူမူကား— ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိနိဒ္ဒေသ၌-

ဣမိနာ ပန ဉာဏေန သမန္နာဂတော
ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော
လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာ
ပနောနာမ ဟောတိ။ ။ဟူ၍ လာ၏။

အဓိပ္ပာယ်မှာ။ ။ဤကင်္ခါဝိတရဏဉာဏ်နှင့်ပြည့်စုံသော ဝိပဿနာ ပညာရှိ ပုဂ္ဂိုလ်သည် ဘုရားသာသနာတော်၌ ရအပ်သော သက်သာရာ ရှိသည်ဖြစ်၍၊ ရအပ်သော ထောက်တည်ရာ ရှိသည်ဖြစ်၍ မြဲသော ဂတိ ရှိသော စူဠသောသာပန်ဖြစ်၏ ဟူလိုသည်။ (ပါဠိလျှောက်အဓိပ္ပာယ်)

(ည) သောတာပန်တို့ရောက်ရာ ပထမ နိဗ္ဗာန်ဘုံ

သောတာပန် အကြောင်းကို ရှုထောင့် အမျိုးမျိုးမှ ထင်းကနဲ၊ လင်းကနဲ မမြင်မချင်း၊ မသိမချင်း လှည့်ကာပတ်ကာ ဟောပြောတော်မူ နေသည်ကို ထောက်ခြင်းအားဖြင့် ဆရာတော်ဘုရား၏ သန္တာန်တော်၌ တပည့်တို့အား သောတာပန် ဖြစ်စေလိုသောဆန္ဒ အဘယ်မျှ ပြင်းပြလှ

ကြောင်း ထင်ရှားပေသည်။ ယခုလည်း သောတာပန်ကို သဥပါဒိသေသ နိဗ္ဗာန်ရှုထောင့်မှ ရှုကြလေဦးဟု အရှုခိုင်းပြန်၏။ သူ ပြုစုသွားတော်မူသည့် "သောမနဿုပေက္ခာဒီပနီ"ကို လက်ဆင့်ကမ်း၍ ညွှန်ပြတော်မူ၏။

သဥပါဒိသေသ ပထမနိဗ္ဗာန် ဆိုသည်ကား အဘယ်နည်းဟူသော အမေး၌-

သဥပါဒိသေသ နိဗ္ဗာန်သည်--

- သောတာပတ္တိမဂ် ခဏ၌ ရောက်ရသော နိဗ္ဗာန်၊
- သကဒါဂါမိမဂ် ခဏ၌ ရောက်ရသော နိဗ္ဗာန်၊
- အနာဂါမိမဂ် ခဏ၌ ရောက်ရသော နိဗ္ဗာန်၊
- အရဟတ္တမဂ် ခဏ၌ ရောက်ရသော နိဗ္ဗာန်

ဟူ၍ ရောက်ကြသူတို့၏ အခိုက်အတန့်အားဖြင့် ၄-ပါးရှိ၏။

ထို ၄-ပါးသည် သဥပါဒိသေသချည်းဖြစ်၍ ကျမ်းဂန်တို့၌ သဥပါဒိသေသ နိဗ္ဗာန်တခုသာ ဆိုကြကုန်၏။ ထို ၄-ပါးတွင် သောတာပန်တို့ ရောက်ကြ၊ ရကြ၊ ခံစံကြရသော နိဗ္ဗာန်သည် ပထမနိဗ္ဗာန် မည်၏။

အင်္ဂုတ္တိုရ် ပါဠိတော်၌မူကား ဘင်္ဂဉာဏ်မှစ၍ ဗလဝ ဝိပဿနာ အခိုက်သို့ ရောက်၍နေသော ဝိပဿနာ ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်ကိုလည်း သဥပါဒိသေသပုဂ္ဂိုလ်ဟု ဟောတော်မူ၏။

တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ
သောတာပန္နောဟောတိ၊ အဝိနိပါတဓမ္မော
နိယတော၊ သမ္ဗောဓိပရာယဏော။

တိဏ္ဏံသံယောဇနာနံ- သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ- ပရာမာသ ဟူသော သုံးပါးသော သံယောဇဉ်တို့၏၊ ပရိက္ခယာ- ကုန်ခြင်းကြောင့်၊ သောတာပန္နော- မြင့်မြတ်ရာသို့သာ တဖြောင့်တည်း ဆန်တက်သော သီလ၊ သမာဓိ၊ ပညာ ဟူသော မဂ္ဂသောတ၊ မြင့်မြတ်သော ဘုံစဉ်စံ ပဋိသန္ဓေအစဉ် ဟူသော ဘဝသောတသို့ အစစ္စာ ဆိုက်ရောက်သော သောတာပန်သည်၊ ဟောတိ-ဖြစ်၏။ အဝိနိပါတဓမ္မော- အဝိနိပါတ ဘေးဆိုးကြီးမှ အပြီး ကင်းလွတ်ပြီ။ နိယတော- ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် မပျက်ကွက်ပဲ အစဉ်မြဲသော သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံ၏။ သမ္ဗောဓိပရာယဏော- အထက်မဂ်၊ အထက်ဖိုလ်လျှင် လိုခါ ရကြောင်း မတိမ်းစောင်းနိုင်သော လဲလျောင်းရာရှိ၏။ (အနက်)

(၁) ဝဋ်သုံးပါး။ ။သံသရာဘေး အပေါင်းတို့တွင် အဆိုးရွားဆုံး၊ အညစ်ပတ်ဆုံး၊ အကြမ်းတမ်းဆုံး၊ အယုတ်မာဆုံး ဘေးကြီးစုကား သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ- ဟူသော ကိလေသာ ဝဋ်ဆိုးကြီးတပါး၊ ဒုစရိုက် ၁၀-ပါးဟူသော ကမ္မဝဋ်ဆိုးကြီးတပါး၊ အပါယ်ကျမှုဟူသော ဝိပါက ဝဋ်ဆိုးကြီးတပါး၊ ဤဝဋ်ဆိုးကြီး သုံးပါးသည် သံသရာ၌ အဆိုးရွားဆုံး၊ အညစ်ပတ်ဆုံး၊ အကြမ်းတမ်းဆုံး၊ အယုတ်မာဆုံး ဖြစ်၏။ ကြွင်းသော ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် တို့ကား မထောင်းတာ ရှိ၏။

ကြွင်းသောဝဋ် ဆိုသည်ကား ကာမသုဂတိ (၇)ဘုံ၌ ကျင်လည်ရန် ကာမတဏှာ၊ ကာမကုသိုလ်၊ ကာမသုဂတိဘဝဟူ၍ ကာမဝဋ် သုံးပါး၊ ရူပ ၁၆-ဘုံ၌ ကျင်လည်ရန် ရူပတဏှာ၊ ရူပကုသိုလ်၊ ရူပဘဝ ဟူ၍ ရူပဝဋ် ၃ ပါး၊ အရူပဘုံ၌ ကျင်လည်ရန် အရူပတဏှာ၊ အရူပကုသိုလ်၊ အရူပဘဝဟူ၍ အရူပဝဋ် သုံးပါ၊ ဤဝဋ်စုကို ကြွင်းသောဝဋ် ဆိုသည်။

သောတာပတ္တိမဂ်ဉာဏ်၌ ဝဋ်ကြီး သုံးပါး နောင် အကြွင်းမရှိ၊ ကုန်ငြိမ်း၏။ ကာမသုဂတိ (၇)ဘုံ၌လည်း အဟိတ်ဘဝ၊ ဒွိဟိတ်ဘဝ ကုန်ငြိမ်း၏။ စည်းစိမ်ချမ်းသာ အလိမ္မာဘုန်းတန်ခိုး ယုတ်ညံ့သောလူမျိုး၊ နတ်မျိုးအဖြစ်မှ ကုန်ငြိမ်း၏ ဟူလိုသည်။ ဗြဟ္မာ ညံ့မှာလည်း ဗြဟ္မာယုတ်၊ ဗြဟ္မာဘုံဖြစ်မှု ကုန်ငြိမ်း၏။ သောတာပတ္တိမဂ် ဉာဏ်၌ ဤ အလုံးစုံသော ကုန်ငြိမ်းမှုသည် သဥပါဒိသေသ ပထမ နိဗ္ဗာန်ကြီးပေတည်း။

အဘယ့်ကြောင့် သဥပါဒိသေသနိဗ္ဗာန် ခေါ်သနည်းဟူမူကား ရှေ့သို့ ဘုံစဉ်စံစား၍ သွားရန် တဏှာကြွင်းနှင့်တကွ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝတွေ များစွာ ကြွင်းကျန်လျက် ရှိသေးသောကြောင့် သဥပါဒိသေသ ခေါ်သတည်း။ ဝဋ်ဆိုးကြီး သုံးပါး ငြိမ်းမှုကြောင့် သဥပါဒိသေသ ခေါ်သည် ဟူလို။

(၂) သောတာပန်နှင့် နိဗ္ဗာန်။ ။ဘုံစဉ်စံ သောတာပန် တို့သည် ထို နိဗ္ဗာန်ဘုံဌာနသို့ အဘယ်သို့ ရောက်ကြကုန်သနည်း ဟူသော အမေး၌ ဘုံဌာနဆိုသည်ကား အဝတ္ထာဘုံပေတည်း။ အသင့်ထူး၊ အရာထူး၊ ဌာနန္တရထူးပေတည်း။ ပုထုဇဉ်အဖြစ်ကား တဌာနတည်း၊ ပုထုဇဉ်ဘူမိ ခေါ်၏။ လောကီယဘူမိလည်း ခေါ်၏။ ထို ဝဋ်ဆိုးကြီး သုံးပါး ကုန်ငြိမ်းသော အရိယာ၏ အဖြစ်ကား အရာထူးတပါး ဌာနန္တရ ထူးတပါးတည်း။ အရိယာဘူမိ ခေါ်၏။ လောကုတ္တရာဘူမိလည်း ခေါ်၏။

ဤသို့လျှင် သောတာပတ္တိမဂ်သို့ ရောက်သောအခါမှစ၍ နောက်အနာဂတ်သံသရာ တခွင်လုံး ထိုဝဋ်ဆိုးကြီး ၃ ပါး ကင်းရှင်းမှု နယ်ကြီးသည် အခွင့်ထူး၊ ရာထူး၊ ဌာနန္တရခေတ်အထူး၊ နယ်အထူးဖြစ်၍ နိဗ္ဗာန်ဘုံဌာန ဆိုသတည်း။ သောတာပတ္တိမဂ်သို့မရောက်မီ အနမတဂ္ဂ အတိတ်သံသရာကာလ၌ ဝဋ်ဆိုးကြီး ၃ ပါးရှိနေသော ပုထုဇဉ်အဖြစ်နှင့်သာ လာခဲ့ရ၏။ သောတာပတ္တိမဂ်သို့ ရောက်သည်နှင့် တပြိုင်နက် ထိုအဖြစ်မှ ကျွတ်လွတ်၍ ထို ဝဋ်ဆိုးကြီး ၃ ပါး ကင်းငြိမ်းခြင်းဟူသော အခွင့်ထူး၊ အရာထူး၊ ဌာနန္တရရာထူးသို့ ရောက်သည်ကို သဉပါဒိသေသနိဗ္ဗာန်သို့ ရောက်သည်ဟု ဆိုသတည်း။

ထို ဝဋ်ဆိုးကြီး ၃ ပါး၏ ကင်းငြိမ်းမှုသည်လည်း အမြဲနိစ္စ ထာဝရ တည်နေတော့သည်ဖြစ်၍ အနုပါဒိသေသ နိဗ္ဗာန်နှင့် တပြင်တည်း၊ တခုတည်း၊ တဆက်တည်းသာတည်း။ နှစ်ခုဆိုရန် အပိုင်းအခြားမရှိ။ ထို ဘုံစဉ်စံ သောဘာပန်တို့သည်လည်း သောတာပတ္တိမဂ်သို့ ဆိုက်သည်နှင့် တပြိုင်နက် လောကီဘုံသူ၊ လောကီဘုံသားအဖြစ်မှ ကျွတ်လွတ်၍ နိဗ္ဗာန်ဘုံသူ၊ နိဗ္ဗာန်ဘုံသားအဖြစ်သို့ ရောက်ကြလေကုန်၏။ အရိယာဘုံသူ၊ အရိယာဘုံသားအဖြစ်သို့ ရောက်ကြလေကုန်၏။

ထိုဘဝမှစ၍ အဆုံးဘဝ၌ အနုပါဒိသေသ နိဗ္ဗာန်သို့ ဆိုက်ရောက်သည့်တိုင်အောင် ဘဝ အဆက်ဆက် ကမ္ဘာအဆက်ဆက် ထိုပထမနိဗ္ဗာန်ဟူသော ဌာနန္တရ၌ တည်ကြကုန်၏။ ဉပါဒိကြွင်းဟု ဆိုအပ်သော လူ့ဘဝ၊ လူ့ချမ်းသာ၊ နတ်ဘဝ၊ နတ်ချမ်းသာ၊ ဗြဟ္မာဘဝ၊ ဗြဟ္မာချမ်းသာတို့ကို အစဉ်ခံစား၊ စံစား၍ သွားကြရကုန်၏။ ထို့ကြောင့် တိဏ္ဏံသံယောဇနာနံ ပရိက္ခယ သောတာပန္နော ဟောတိ ဟူ၍ ဟောတော်မူ၏။

(၃) ဝိနိပါတဘေးကြီး။ ။အဝိနိပါတဓမ္မော– ဝိနိပါတဘေးကြီးမှ အပြီးကင်းလွတ်ပြီ ဟူသော စကား၌ ဝိနိပါတဘေးဆိုးကြီးသည်ကား ပုထုဇဉ်သတ္တဝါတို့သည် မိမိတို့၏ ရင်တွင်းနှလုံးတွင်း၌ မြင့်မိုရ်တောင်ကြီးကဲ့သို့ အလွန်ဝန်လေးလှစွာသော ဝဋ်ဆိုးကြီး ၃ ပါး ရှိနေသည့်အတွက် သေကြသောအခါ၌ ဘယ်ဘုံမှာ ငါဖြစ်မည်ဟု မိမိတို့ဖြစ်လိုရာ ဘုံ၌ ဖြစ်နိုင်ကြကုန်သည်မဟုတ်၊ ကံပြစ်ချရာဟု ကံတခု၊ ကြမ္မာတခု ပေါက်လွှတ်ထားကြရကုန်၏။

(ပမာအားဖြင့်) ထန်းပင်ပေါ်၌ ရှိနေကုန်သော ထန်းသီးခိုင်တွေကို ခုတ်ချိုင်သောအခါ အခိုင်အညှာ ပြတ်သည်နှင့် တပြိုင်နက် ထန်း

သီးခိုင်တို့သည် 'ဘယ်နေရာကို ငါကျမည်' ဟု ရွေးချယ်၍ ကျနိုင်ကြသည် မဟုတ်။ ပေါက်လွတ်တရကြမ်း၊ ပရမ်းပတာ ကျကုန်လေသကဲ့သို့၊ ထို့ အတူ လူ့ပြည်မှ သေလျှင်လည်း ပေါက်လွတ်ကျရကုန်၏။ နတ်ပြည် ၆ ထပ်တို့မှ သေလျှင်လည်း ပေါက်လွတ်ကျရလေကုန်၏။ ဗြဟ္မာ့ပြည်မှ သေလျှင်လည်း ပေါက်လွတ်ကျကြရကုန်၏။ ကံပစ်ချရာ ရောက်ကြရကုန်၏။

ဤသို့ သေသည်၏ နောက်၌ ပေါက်လွတ်လျောက်လျား ပစ်၍ ထားကြရသော အမှု၊ ဣမ္မသကာ ကျချင်ရာ ပေါက်လွတ်ကျရောက်ကြရ သော ဓမ္မတာမှုကြီးကို ဝိနိပါတဘေးကြီး ဆိုသတည်း။

ဤသံသရာ၌ ပညာရှိကြီးတို့သည် အလွန် စက်ဆုပ် ကြ ရသော သံသရာဘေးကြီးပေတည်း။ ပညာနည်းသူတို့သည်သာလျှင် "အများဓမ္မတာ ပေ" ဟုကျေအေးကြကုန်၏။ သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်ကြ၍ ဝဋ် ဆိုးကြီး ၃ ပါး ကျွတ်လွတ်ကြသောအခါမှ ယို ဝိနိပါတဘေးကြီး ငြိမ်း ကင်းလွတ်ကြလေကုန်၏။ သေကြရသည့်နောက်၌ ရောက်လိုရာဘဝသို့ရောက် နိုင်ကြကုန်၏။ အလိုဆန္ဒ အထူးမရှိပဲ လွတ်၍ထားပြန်လျှင် ယခုဘဝထက် ကောင်းမြတ်သော ဘဝသို့ တက်လမ်း၊ ဆန်လမ်း အလင်းသာ ရှိကုန်၏။ ရောက်လိုရာဘဝသို့ ရောက်နိုင်ကြကုန်၏။ ဟုဆိုရာ၌ ဈာန်ရ၊ ဈာန်မရ စသည်တို့နှင့် လျော်စွာသိလေ။ ထို့ကြောင့် အဝိနိပါတဓမ္မဟူ၍ ဟော တော်မူပေသတည်း။

(၄) နိယတဝ။ ။နိယတော-ဘဝအဆက်ဆက်၊ ကမ္ဘာအဆက် ဆက် မပျက်ကွက်ပဲ အစဉ်မြဲသောသီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံ၏။ ဟူ ရာ၌ ပုထုဇဉ်တို့၌ရှိကြကုန်သော သီလ၊ သမာဓိ၊ ပညာမည်သည် "ဒေဟုန် နှင့်တကွ ပြေးလေသောမြင်း၏ ကျောက်ကုန်း၌ ပေါက်လွတ်ထားအပ် သော အုန်းသီးနှင့်တူ၏" ဘဝပြောင်းမှုနှင့် တချက်လှုပ်လျှင် အကုန်ကျ ၏။ ဘဝတွင်းမှာပင် ခုတင်ခုကျ၏။ သောတာပန်တို့၌ တည်ရှိသော နိစ္စသီလမျိုး၊ ကုသိုလ်ဓမ္မတို့၌ တည်ကြည်နိုင်သော သမာဓိမျိုး၊ သစ္စာ ၄ ပါးကို မြင်သော ဉာဏ်ပညာမျိုးသည် သံကြိုး၊ သံလွန်တို့ဖြင့် ကောင်း စွာဖွဲ့အပ်သော မြင်းတန်ဆာနှင့်တူ၏။ ဘဝကမ္ဘာ သံသရာ၌ အစဉ်မြဲ၏။

သီလသမာဓိတို့သည်သာ အစဉ်မြဲသည်မဟုတ်ကုန်။ ယိုဘုံစဉ်စံ သော တာပန် တို့ ကိုးကွယ်ရာဘုရားလည်းအစဉ်မြဲ၏။ တရားလည်းအစဉ်မြဲ၏။ သံဃာလည်းအစဉ်မြဲ၏။ သာသနာလည်းအစဉ်မြဲ၏။ ဘဝများစွာ ကမ္ဘာ အဆက်ဆက် ကျင်လည်၍ သွားကြကုန်သော်လည်း သဗ္ဗညု ဘုရားသခင်

တို့၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့သည် ထိုသူတို့မှာ တဘဝထက် တဘဝ ထင်သင်းထင်ရှား၍ သွားကုန်၏။ တရားဂုဏ်၊ သံဃာဂုဏ်၊ သာသနာဂုဏ် တို့သည်လည်း ထို့အတူ ထင်ရှား၍ သွားကုန်၏။ ထိုသူတို့မှာ သာသနာ ပသောဘဝ၊ သာသနာပသော ကမ္ဘာဟူ၍ မရှိကြတော့ပြီ။

ပုထုဇဉ်တို့မည်သည် ရံခါရံခါ ရှေ့ဘဝဟူ၍ မသိ၊ နောက်ဘဝဟူ၍ မသိ၊ မောဟထူးဖြစ်၍ ကိုးကွယ်ရာမရှိပဲ ဖြစ်ချင်တတ်တိုင်း ရိုင်းစိုင်းမိုက် မဲ၍ နေကြသော ဘဝတွေလည်း များစွာရှိကုန်၏။ ရံခါရံခါကိုးကွယ်ရာ မဟုတ်သော အယုတ်ဘမာကြီးတွေကို “ဘုရား” ပြုလုပ်၍ တဘဝ တမျိုး ကိုးကွယ်ရာပေါင်း သောင်သောင်းမက ပြောင်းလဲ၍ နေကြသော ဘဝ တွေလည်းများစွာရှိကုန်၏။

ဤသံသရာ၌ ပညာရှိကြီးတို့သည် ဘုရားမဟုတ်၊ ဘာမဟုတ်သော အယုတ်တမာကြီးတွေကို ဘုရားပြုလုပ်၍ တဘဝတမျိုး ကိုးကွယ်ရာ မှောက် မှားမှုကြီးကိုလည်း အလွန်နာကျည်းကြကုန်၏။ အဘယ်ကြောင့်နည်းဆို သော်ကိုးကွယ်ရာ မှောက်မှားလျှင် ထိုဘဝမှာ ရစရာမရှိ၊ အကုန်လုံးမှောက် မှားလေတော့သည်။ ဂေါသီလ၊ ဂေါဝတ အစရှိသဖြင့် တရားမဟုတ်၊ ဘာ မဟုတ်သော အယုတ်ဘမာ အကျင့်တွေကို အထွတ်အမြတ်တရားပြုလုပ်၍ တဘဝတမျိုး ကိုးကွယ်ရာပေါင်း ထောင်သောင်းမက ပြောင်းလဲ၍ နေကြ သော ဘဝတွေလည်း များစွာရှိကုန်၏။

ဤကဲ့သို့ မဟုတ်သော လောကုတ္တရာဘုံသူ၊ လောကုတ္တရာ ဘုံသား ဖြစ်ကုန်သော ထိုဘုံစဉ်စံ သောတာပန်တို့မှာ ဘဝများစွာ ကမ္ဘာအဆက် ဆက်တို့၌ ဘုရား၊ တရား၊ သံဃာ ကိုးကွယ်ရာ မပြောင်းရွေ့ကြကုန်ပြီ ဟူလို သည်။ ထို့ကြောင့် နိယတော ဟူ၍ ဟောတော်မူပေ၏။

(၅) သမ္ဗောဓိပရာယဏော။ ။သမ္ဗောဓိပရာယဏော အထက်မဂ်၊ အထက်ဖိုလ်လျှင် ထိုခါရကြောင်း မတိမ်းစောင်းနိုင်သော လဲလျောင်းရာ ရှိ၏ဟူရာ၌ မိမိတို့အဘွက် အထက်မဂ်၊ အထက်ဖိုလ်၊ အထက်နိဗ္ဗာန်ဟူ သောအကြောင်းကြောင့် နောက်ဘုရား၊ နောက်သာသနာ မျှော်ဖွယ်ရာ မရှိကြပြီဟူလို။ အဘယ့်ကြောင့်နည်းဆိုသော် ထိုသူတို့မှာ သောတအမည် ရှိသော ဗောဓိပက္ခိယတရား ၃၇ ပါးတို့သည် အနုပါဒိသေသ နိဗ္ဗာန်သို့ ကျအောင် တဘဝထက် တဘဝ၊ တကမ္ဘာထက် တကမ္ဘာ တိုးပွားစည်ကား ၍သာ သွားကြလေကုန်၏။

ငါတို့ မြတ်စွာဘုရား သာသနာတော်ကြီး သုံးရပ်တို့သည် ထိုသူတို့ သန္တာန်မှာ တဘဝဆက်ဘဘဝ ထွန်းလင်းစည်ကား၍ သွားကြရကုန်၏။

ထို့ကြောင့် ဤဘုရားသာသနာတော် ကွယ်သည့်နောက် အနမတဂ္ဂသံသရာမှာ ဘုရားပွင့်မှု မရှိပြီ။ သို့သော်လည်း ထိုသူတို့ ပူဖွယ် မရှိကြကုန်ပြီ။ ထို့ကြောင့် သဗ္ဗာဝိပါယဉာဏ ဟူ၍ ဟောတော်မူသည်။

ဤမျှသော စကားရပ်တို့ဖြင့် ငါတို့မြတ်စွာဘုရား သာသနာ၌ အကျွတ်တရားရကြသူ အပေါင်းတို့တွင် အညံ့ဆုံး၊ အများဆုံးဖြစ်သော ဘုံစဉ်စံ သောတာပန်ပုဂ္ဂိုလ်တို့၏ သောတာပတ္တိမဂ်သို့ ဆိုက်သည်နှင့် တပြိုင်နက် သဥပါဒိသေသ ပထမ နိဗ္ဗာန်သို့ ရောက်ကြောင်း၊ နိဗ္ဗာန်ကိုရကြောင်း အမျိုးမျိုးအားဖြင့် လောကီဘုံသူ၊ လောကီဘုံသားအဖြစ်မှ ကျွတ်လွတ်၍ လောကုတ္တရာဘုံသူ၊ လောကုတ္တရာဘုံသား အရိယာဘုံသူ၊ အရိယာဘုံသား၊ နိဗ္ဗာန်ဘုံသူ၊ နိဗ္ဗာန်ဘုံသားအဖြစ်သို့ အမှန်ရောက်ကြောင်း အကနိဋ္ဌဘုံသို့ ကျအောင် ဘဝများစွာ ကမ္ဘာအဆက်ဆက် သဥပါဒိသေသ နိဗ္ဗာန်၌တည်၍ ဝဋ်ဆိုးကြီး ၃ ပါး ငြိမ်းခြင်းတည်းဟူသော သန္တိသုခ နိဗ္ဗာနသုခနှင့်တကွ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ တည်းဟူသော လောကုတ္တရာချမ်းသာနှစ်ပါးကို အစဉ်ခံစား၊ စံစား၍ သွားကြရကြောင်းကို အကျဉ်းအားဖြင့် ထင်ရှားစွာ ပြဆိုလိုက်သည်။ အကနိဋ္ဌဘုံသို့ကျအောင်ဟူသော စကား၌ အထက်မဂ်၊ အထက်ဖိုလ်သို့ရောက်ကြသည့်အခါ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ သဥပါဒိသေသ နိဗ္ဗာန် ၃ ပါး ပါခြင်းကို ဆိုလိုက်သည်။

(ဤစကားရပ်ကိုလည်း-လောက၌နိဗ္ဗာန်စာအုပ်မလည်မပေါက် တွေများလှ၍ပညာရှိတို့ ရိပ်မိရုံမျှ ပြလိုက်သည်။ အကျယ်ကို မူကား ငါတို့ ပြုစီရင်သော အနုတ္တဒီပနီ စာအုပ်ငယ်၊ စတုသစ္စာဒီပနီ စာအုပ်ငယ်၊ သင်္ဂြိုဟ် ၉ ပိုင်းလုံးကို အကျဉ်းချုံး၍ သံပေါက်လင်္ကာဖြင့် စီရင်သော ပရမတ္ထသံခိပ် စာအုပ်ငယ်များ၌ ကြည့်၍ယူလေ)

လယ်တီ ဆရာတော်ဘုရားသည် သောတာပန် စကားရပ်များ၏ အဆုံးတွင် အထက်ပါ မှတ်ချက်ဖြင့် နိဂုံးချုပ်တော်မူ၏။

ဤအမှာစကားရပ်ဖြင့် ဆရာတော်၏ စေတနာ၊ မေတ္တာ၊ ဆန္ဒတော် ပေါ်လွင်၏။ တပည့်တို့အား တရားမှန်၊ အကျင့်မှန်ဖြင့်သောတာပန်ဘုံသို့ ရောက်အောင် ပို့ဆောင်တော်မူကြောင်းကို ထင်ရှားပေသည်။ ဆရာတော်သည် သောတာပန်တရားကို အခြားစာအုပ်များတွင်လည်း ဆိုတော်မူ၏။ ဆရာတော်၏ သောတာပန္နကထာကို ဤစာအုပ်တွင်ကား ဤမျှသာ။

## သောတာပန် ဖြစ်ရခြင်း အကျိုး

"အရှင်ဘုရား ဆတ္တာသည်ပင်လျှင် မိမိတတ်ထားသော ပညာဖြင့် တအိုး၊ တအိမ်ထောင်ကို ထိန်းနိုင်ပါ၏။ အတတ် ပညာရပ်၏ အကျိုးကို လက်ငင်း ခံစားရပါ၏။ အရှင်ဘုရား၏ သာသနာ၌ ဝင်ရောက်၍ ရဟန်း ပြုခြင်း၏ လက်ငင်း ခံစားရသောအကျိုး ရှိပါသလော။ ရှိလျှင် ထိုအကျိုး ကား အဘယ်ပါနည်း"

ဤပြဿနာကား- တိမ်ယောင်နှင့် နက်လှ၏။ သာသနာ့ မဏ္ဍိုင် ကြီးကို ကိုင်လှုပ်လိုက်သော ပြဿနာဖြစ်၏။ ထိုပြဿနာကို မေးလျှောက် လေသူ ပြဿနာရှင်ကား နေလိုလလို လင်းသော ဘုရင်မင်းကြီးတဆူဖြစ်၏။ အမည်မှာ အဇာတသတ် ဖြစ်၍ မေးလျှောက်ခြင်း ခံရသူကား ဗုဒ္ဓမြတ်ဘုရား ဖြစ်သတည်း။ ထိုပြဿနာမှာ သုတ္တန္တပိဋကတ်၊ သုတ်သီလက္ခန် ပါဠိတော် သာမညဖလသုတ်၌ လာ၏။ အဇာတသတ်မင်းသည် ဘုရားသခင်ထံတော်သို့ ကိုယ်တိုင်လာရောက် ချဉ်းကပ်ရန် မဝံ့သဖြင့် ဇီဝက၏ အကူအညီကို ယူ၍ ဗုဒ္ဓထံ ချဉ်းကပ်မိလေသောအခါ အထက်ပါရဟန်း ဖြစ်ရခြင်း၏ လက်ငင်း ခံစားရသော ပြဿနာကို ဗုဒ္ဓမြတ်ဘုရားအား မေးလျှောက်လေသည်။ ထိုအခါ အဇာတသတ်မင်းအား-

"မင်းမြတ် သင်၏ မေးခွန်းကို မဖြေမီ သင့်အား ငါမေးဦးအံ့။ ထီးတော်မိုး၊ ဖိနပ်ထိုးမှစ၍ သင် စေခိုင်းနေသော ကျွန်တယောက် သင့်မှာ ရှိလေရာ၏။ ထိုကျွန်သည် ယနေ့ သင်္ကန်းကိုဝတ်၍ နက်ဖြန်တွင် သင့်ထံသို့ လာလေသောအခါ သင်သည် ထိုရဟန်းအား ခိုင်းနေကျအတိုင်း "ငါ့အား ထီးတော်မိုး၊ ဖိနပ်ထိုးလော့"ဟု သင် ခိုင်းမည်လော"

"ဤသို့ မခိုင်းအပ်ပါဘုရား၊ မခိုင်းသည့် အပြင် ထိုရဟန်းအား ရှိခိုးဦးတင်လျက် "ကြွတော်မူပါ ဘုရား"ဟူ၍ နေရာထိုင်ခင်းဖြင့် ပင့်ဖိတ် ရပါဦးမည် ဘုရား"

ဤသို့ အဇာတသတ်မင်းက ဖြေလေသောအခါ "မင်းမြတ်ဤသည် ပင်လျှင် ရဟန်းပြုရခြင်း၏ လက်ငင်း ခံစားရသော အကျိုးပင်တည်း။ တသက်လုံး ကျွန်ပြု၍ မိမိခိုင်းလာသူ တယောက်ကို မိမိက ပြန်၍ ရှိခိုးရ ခြင်းမှာ ရဟန်းပြုခြင်း၏ လက်ငင်းအကျိုး မဟုတ်ပါလော"ဟူ၍ ဗုဒ္ဓက မိန့်တော်မူလျှင်-

အဇာတသတ်မင်းသည် "မှန်ပါသည် ဘုရား"ဟူ၍ ဝန်ခံ၏။

ထို့အတူဤ၌လည်း အဇာတသတ်မင်း မေးသကဲ့သို့ပင်မေးလိုက်၏။ သောတာပန်ဖြစ်လျှင် အဘယ်အကျိုး ရှိသနည်း။ သောတာပန်ဖြစ်ခြင်း၏ လက်ငင်းအကျိုးကား အဘယ်နည်းဟူ၍ မေးအပ်မေးသင့်၊ မေးထိုက်၏။

ထိုမေးခွန်းကို ဝိသုဒ္ဓိမဂ်ကျမ်း[၁]၌ "အပိစခေါ အနုမတ္တ သံသာရ မုဒ္ဒ သောသေတိ" အစရှိသည်ဖြင့်အဋ္ဌကထာဆရာအရှင်မဟာဗုဒ္ဓဃောသက ဖြေ၍ ပြတော်မူ၏။ အရှင်မဟာဗုဒ္ဓဃောသ၏ အဖြေအာဘော် ဒီပိပွာယ် သော်ကား—

အဆုံး၊ အစ မထင် ကျယ်ချင်တိုင်း ကျယ်လှသော ဤသံသရာပြင် ကြီးသည် လေးစင်းသော သမုဒ္ဒရာကြီးနှင့် အလားတူ၏။ သံသရာတွင်း၌ ဘဝအသစ်ချ တပေပေနှင့် ခံနေရသော ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်းတည်းဟူသော ဆင်းရဲမျိုးစုံ အဖုံဖုံတို့ကား သမုဒ္ဒရာရေများနှင့် အလားတူကုန်၏။ သောတာပန်ပုဂ္ဂိုလ်ကား နေဆယ်စင်းအားထက် အဆ မတန် အပူရှိန် ကြီးမားပြင်းထန်လှစွာသော နေမင်းကြီးနှင့် အလားတူ၏။

ဆယ်လုံးကုန်သော နေမင်းကြီးတို့သည် မိမိတို့၏ အပူရှိန်စွမ်းပကား ဖြင့် လေးစင်းသော သမုဒ္ဒရာတွင်းရှိ ရေများကို ခြောက်ခန်းစေကုန်ဘိ သကဲ့သို့ အတူ သောတာပန် ပုဂ္ဂိုလ်သည် မိမိ သိမြင်ထားသော အမှန် တရား၏ စွမ်းပကားဖြင့် သံသရာဝဋ်ဆင်းရဲအပေါင်းကို ခြောက်သွေ့ယောင်း သွားစေ၏။ သဗ္ဗ အပါယဒွါရာနိ-ရှိသမျှ အပါယ်တံခါးပေါက် အားလုံး တို့ကို၊ ပိဒတိ- အဝင်အထွက် မရှိစေရအောင် ဆို့ပိတ်ပစ်လိုက်၏။ အပါယ် တံခါးများ ပိတ်သွားပြီဖြစ်၍ စိတ်ချလက်ချ ပူပင်ကြောင့်ကြရခြင်း မရှိ။ ပကတိ ချမ်းသာစွာနေရခြင်း အကျိုးကို လက်တွေ့ခံစားလာရ၏။

သတ္တန္န အရိယဓနာနံ သမ္မုခိဘာဝံ ကရောတိ- သဒ္ဓါ၊ သတိ၊ ဟိရိ၊ ဩတ္တပ္ပ၊ ဗာဟုသစ္စ၊ ဝိရိယ၊ ပညာ တည်းဟူသော သူတော်ကောင်း ဥစ္စာ ခုနစ်ပြားကို မျက်မှောက်ပြုရခြင်း အကျိုးရှိလာ၏။ အဋ္ဌင်္ဂိတံ မိစ္ဆာမဂ္ဂ ပဇဟတိ- မိစ္ဆာဒိဋ္ဌိမဂ္ဂင်၊ မိစ္ဆာသင်္ကပ္ပမဂ္ဂင်၊ မိစ္ဆာကမ္မန္တမဂ္ဂင်၊ မိစ္ဆာ အာဇီဝမဂ္ဂင်၊ မိစ္ဆာဝါယာမမဂ္ဂင်၊ မိစ္ဆာသတိမဂ္ဂင်၊ မိစ္ဆာသမာဓိမဂ္ဂင် တည်းဟူသော လမ်းမှားလမ်းဆိုးကြီးရှစ်မျိုးကို ယတိပြတ်ဖြတ်တောက်၍ စွန့်ပစ်လိုက်တော့၏။ သဗ္ဗဝေရ ဘယာနိဝူပသမေတိ၊ ဘေးခပ်သိမ်း၊ ရန်ခပ်သိမ်း၊ အန္တရာယ်ခပ်သိမ်းတို့ကို ငြိမ်အောင် ငြိမ်းပစ်လိုက်တော့၏။ သမ္မာသမ္ဗုဒ္ဓဿ ဩရသပုတ္တဘာဝံ- ဥပနေတိ- တခါတည်း သကျပုတ္တ၊

---

၁။ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ။ ၃-၃၀၄။

သာကိယနွယ်မြစ် သားတော်စစ်အဖြစ် ရောက်အောင် တွန်းပို့လိုက်သဖြင့် ဘုရား သားတော်ကြီး ဖြစ်လာ၏။

သောတာပန် ဖြစ်ရခြင်းအတွက် လက်ငင်းခံစားရသော ဤအကျိုး၊ ထိုအကျိုးများမှတပါး ဂဏန်းသား၍ ဖော်ပြခြင်းငှာ မစွမ်းနိုင်အောင်သော အခြားအကျိုးများစွာတို့ကိုလည်း လက်ငင်း ခံစားရလေသတည်း။

သဗ္ဗာပါယ ဒွါရာနိ ပိဒဟာတိ- ဆိုသဖြင့် သောတာပန်ပုဂ္ဂိုလ်သည် သောတာပန်ဖြစ်ပြီသည့် အချိန်မှစ၍ ပါဏာတိပါတ စသော အပါယ်လားကြောင်း မကောင်းမှု၊ ဒုစရိုက်မှုများကို မပြုဝံ့တော့ပြီ ဖြစ်သည့် အချိန်မှစ၍ အယူမှား၊ အမှတ်မှား၊ အတွေးမှား၊ အကြံမှား၊ အပြောမှား၊ အဆိုမှား၊ အပြုမှား၊ အလုပ်မှား၊ အသက်မွေးမှား၊ အားထုတ်မှား၊ သတိမှား၊ သမာဓိမှား အမှားဟူသမျှ ခဝါချပစ်၍ သြရသပုတ္တ- ဗုဒ္ဓမြတ်ဘုရား၏ သားတော်စစ်ကြီး ဖြစ်လာ၏။

လောကဝဇ္ဇ ခေါ်သော ပြစ်မှုဟူသမျှတို့ကား ကံသုံးပါးတို့ဖြင့် လုပ်မှားကိုင်မှား၊ ပြောမှားဆိုမှားမှုများကြောင့်သာ ဖြစ်ရခြင်း ဖြစ်လေရာ သောတာပန် ပုဂ္ဂိုလ်များမှာ ထိုသို့သော ပြုမှားပြောဆိုခြင်းမျိုး မရှိတော့သဖြင့် အပြစ်ခပ်သိမ်း ငြိမ်းကာ ချမ်းသာစွာ နေရခြင်း ဟူသော အကျိုးကို လက်တွေ့ ခံစားရလေ၏။ ဤကား သောတာပန် ဖြစ်ရကျိုး အမြွက်စကားတည်း။

## သောတာပန် အမျိုးအစားနှင့် ယင်းတို့၏ဘဝ အပိုင်းအခြား

သက္ကာယဒိဋ္ဌိ ကွာလျှင် သောတာပန်၊ ရတနာသုံးပါးကို လှိုက်လှဲစွာ သက်ဝင်ယုံကြည်၍ သောတာပန်၊ ပညတ်နှင့် ပရမတ် ယင်းနှစ်ရပ် ပြတ်ပြတ်သားသား ခွဲခွဲခြားခြား သိမြင်၍ အတ္တပျောက်ပြီး အနတ္တပေါက်လျှင် သောတာပန် ဖြစ်ပြီဟု ဆိုခဲ့ပြီးဖြစ်၏။

လူအမျိုးမျိုး၊ နတ်အမျိုးမျိုး၊ ဘုရားရှိခိုး အမျိုးမျိုး ဆိုသကဲ့သို့ ထိုသောတာပန်သည်လည်း သုံးမျိုးသုံးစားပြား၏။

(က) ဧကဗီဇ သောတာပန်။

(ခ) ကောလံကောလ သောတာပန်။

(ဂ) သတ္တက္ခတ္တုပရမ သောတာပန်။

(က) ကေဗိဇသောတာပန်။ ။ယင်းသောတာပန် သုံးမျိုးအနက် ယခုဘဝ၌ သောတာပန်ဖြစ်ပြီး ယခုဘဝမှာပင် နိဗ္ဗာန်ဝင်သော သောတာပန်ကို ကေဗိဇ သောတာပန်ဟု ဆိုသည်။

အချို့ကမူ သောတာပန်အဖြစ်နှင့် လူ့စည်းစိမ်းချမ်းသာကို တဘဝ သဘ်သတ် ကျပ်ပြည့်တင်းပြည့်ခံစားစံစားခဲ့ပြီး နောက်ဘဝကျမှ နိဗ္ဗာန်ဝင်သော သောတာပန်ကို ကေဗိဇ သောတာပန်ဟု အယူရှိကြ၏။ နိဗ္ဗာန်ဝင်သော နောက်ဘဝကို အရေအတွက်ထဲ မသွင်းပဲ သောတာပန်ကို တဘဝ သန့်သန့် ယူ၏။

(ခ) ကောလံ ကောလ သောတာပန်။ ။ နှစ်ဘဝနှင့် ဖြစ်စေ၊ သို့မဟုတ် ၃၊ ၄၊ ၅၊ ၆ ဘဝနှင့် ဖြစ်စေ၊ နိဗ္ဗာန်ဝင်သော သောတာပန်ကို ကောလံကောလ သောတာပန် ခေါ်၏။ ဤ၌လည်း အချို့က ယခင်နည်းအတိုင်း ယူကြ၏။ ဇနီးမယား၊ သမီးသားနှင့် စီးပွားရစ်နှောင် လူတို့ဘောင်တွင် သောတာပန် အဖြစ်နှင့် လူ့စည်းစိမ်ကို နှစ်ဘဝ သန့်သန့်၊ သုံးဘဝ သန့်သန့်၊ လေးဘဝ သန့်သန့်၊ ငါးဘဝ သန့်သန့်၊ ခြောက်ဘဝ သန့်သန့် ခံစား စံစားပြီးမှ နိဗ္ဗာန်ဝင်သော သောတာပန်ဟု ဆိုသည်။

ပမာအားဖြင့် ထိုသောတာပန်သည် မိမိ သွားလိုရာသို့ အချိန်မရွေး သွားနိုင်သည့် ရထားလက်မှတ်ကို ရရှိထားပြီးသူနှင့် တူ၏။ ထိုသူသည် ယနေ့ ငါမသွားလို၊ အလုပ်ကိစ္စတွေ တိုလီတန်းလန်းနှင့် ရှိနေသေးသည်။ နက်ဖြန်ခါကျမှ သို့မဟုတ် ဘယ်သောအခါကျမှ ငါ သွားမည် ဟူ၍ လည်းကောင်း၊ ယခုလတော့ ငါအေးအေးဆေးဆေး နေဦးမည်၊ အခါလွန်မှပဲ ငါသွားတော့မည် ဟူ၍လည်းကောင်း၊ မိမိသွားလိုသော နေ့ရက် အချိန်တွင် သွားနိုင်ခြင်းလက်မှတ် ရရှိထားပြီး ဖြစ်သောကြောင့်ဖြစ်၏။

ထို့အတူပင် သောတာပန် ပုဂ္ဂိုလ်သည် သောတာပန်ဖြစ်သည့် အချိန်မှစ၍ နိဗ္ဗာန်လက်မှတ် ရရှိထားပြီး ဖြစ်သောကြောင့် သောတာပန်ဘဝ အပိုင်းအခြား ခုနစ်ဘဝအတွင်း၌ နိဗ္ဗာန်ဝင်လိုသော ဘဝမှာပင် အချိန်မရွေး ဝင်နိုင်သည်။

(ဂ) သတ္တက္ခတ္တုပရမ သောတာပန်။ ။သောတာပန် ဖြစ်သည့် ဘဝမှစ၍ ခုနစ်ဘဝမြောက်၌ နိဗ္ဗာန်ဝင်သော သောတာပန်သည် သတ္တက္ခတ္တုပရမ သောတာပန် မည်၏။ အချို့က သောတာပန် အဖြစ်နှင့် (၇) ဘဝ သန့်သန့်နေပြီးမှ နိဗ္ဗာန်ဝင်သည်ဟု အယူရှိကြ၏။

သို့သော် ဤ၌ စဉ်းစားစရာ ဖြစ်လာ၏။ သောတာပန်ဘဝ အပိုင်းအခြားမှာ (၇)ဘဝသာ ဖြစ်လေသည်။ ကေဗိဇ သောတာပန်မှာ တဘဝ သန့်သန့် သောတာပန်အဖြစ်နှင့် နေပြီးမှ နှစ်ဘဝမြောက်တွင် နိဗ္ဗာန်ဝင်

သည်။ ဆိုလိုရင်းမှာ သောတာပန် ဘဝကြွင်းများ ရှိနေသေးသဖြင့် သင့်တင့်စေဦးတော့။ ကောလံကောလ သောတာပန်မှာလည်း ထိုနည်းရင်းပင်ဖြစ်၏။ သောတာပန် ပိုင်နက်တွင်း၌ ရှိနေသေးသဖြင့် တဘဝသန့်သန့်၊ နှစ်ဘဝသန့်သန့် စသည်ယူနိုင်သည်။

သတ္တက္ခတ္တုပရမ သောတာပန်၏ သက်တမ်းကာလ ဘဝအပိုင်းအခြားမှာ—

သတ္တက္ခတ္တုံ ပရမံယဿာတိသတ္တက္ခတ္တုပရမော။ ယဿ—အပြင်သောတာပန်အား၊ ဝါ- သောတာပန်၏၊ သတ္တက္ခတ္တုံ- ခုနစ်ကြိမ်၊ ပရမံ- ပဋိသန္ဓေနေရန်အလွန်ဆုံးပမာဏသည်၊ အတ္ထိ— ရှိ၏။ ဣတိ—ထို့ကြောင့်၊ သော- ထိုသောတာပန်သည်၊ သတ္တက္ခတ္တုပရမော—သတ္တက္ခတ္တုပရမမည်၏ဟူ၍ ဤသို့ "၇—ဘဝ မျှသာ"ဟု အတည့်အလင်း ဆိုထားပေသည်။ သောတာပန်အဖြစ်နှင့် "၇—ဘဝသန့်သန့်" နေပြီးမှ နိဗ္ဗာန်ဝင်သည်ဟု ယူခဲ့သော် ရှစ်ဘဝမြောက်တွင်မှ နိဗ္ဗာန်ဝင်ရာ ရောက်သည်။
ဤသို့ယူရန် မသင့်။

အဋ္ဌမ မာဒိယန္တိ ဟူသော ပရိတ်ကြီး ပါဠိတော်ကိုထောက်လျှင် (၇)ဘဝသော်သာ၏။ အဋ္ဌမံ- ရှစ်ခုမြောက်ဖြစ်သောဘဝကို နအာဒိယန္တိ— သောတာပန်တို့ မယူကုန်။

ထိုမှတပါး— "ဥဏှဝိဘင်း ပါဠိတော်" ၌လည်း အဋ္ဌာနမေတံ ဘိက္ခဝေ၊ အနဝကာသော ယံဒိဋ္ဌိသမ္ပန္နော အဋ္ဌမံနိဗ္ဗတေယျဟူ၍ ဗုဒ္ဓကိုယ်တော်တိုင် ဟောတော်မူ၏။ အဓိပ္ပာယ်မှာ သက္ကာယဒိဋ္ဌိကွာ၍ သမ္မာဒိဋ္ဌိအယူနှင့် ပြည့်စုံသော သောတာပန်သည် ရှစ်ဘဝမြောက် ဖြစ်ရန် အကြောင်းမရှိပြီ ဟု ဆိုလိုသည်။

၇—ဘဝနှင့် သောတာပန် ဇာတ်တယုံးကို နိဂုံးချုပ်၍ နိဗ္ဗာန်ဝင်မှ ကျမ်းဂန် အဆိုအမိန့်များနှင့် ညီမည် ဖြစ်သတည်း။

သောတာပန် သုံးမျိုးအနက် မည်သည့်သောတာပန်ဖြစ်စေ၊ နိဗ္ဗာန်ဝင်လိုသောဘဝ၌ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရားကို ပွားများအားထုတ်ရာ၏။ အားထုတ်သောအခါ—

ပုဂ္ဂိုလ်၏ ပါရမီအနု၊ အရင့်ကို လိုက်၍ နိဗ္ဗာန်ကို နှေးနှေးရောက်ခြင်း၊ မြန်မြန်ရောက်ခြင်း ခြားနားသွား၏။ နိဗ္ဗာန်သို့ကား ရောက်သည်ချည် တည်း။ မရောက်သူဟူ၍ မရှိပြီ။

သောတာပန်ဖြစ်ခဲ့လျှင် သားတွဲလဲ၊ သမီးတွဲလဲ၊ ဇနီးတွဲလဲ၊ ရွှေတွဲလဲ၊ ငွေတွဲလဲ၊ တိုက်တာနေအိမ်၊ အဆောက်အအုံ၊ ဝင်းခြံတွဲလဲနှင့် သံယောဇဉ် အမြင်တန်းလန်း ရှိသေးသော်လည်း ကံငါးပါးလုံ၏။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း စသည်ကို ရှောင်ကြဉ်၏။ မိစ္ဆာဒိဋ္ဌိဖြင့် အသက်မွေးခြင်းမရှိ။ ကုသိုလ်ကောင်းမှုများ ပြုလေသော အခါ၌လည်း ဇာတိကို ခံမင်စွဲလမ်းသောအားဖြင့် လူချမ်းသာ၊ နတ်ချမ်းသာကို ခံစား၊ စံစားရပါလို၏။ ဟူ၍ ဆုမတောင်း၊ ဤဘုရားမှတပါး ကိုးကွယ်ရန် အခြားဆရာကို ရှာခြင်းမပြုတော့ပြီ။ ဤသည်တို့ကား သောတာပန် ဖြစ်ရခြင်း၏ အကျိုးတို့ပေတည်း။

ဝိသာခါ၊ သုပ္ပိယာ၊ အနာထပိဏ်၊ ဗိမ္ဗိသာရ စသော ဘုရားသခင်၏ သားတော်ကြီး၊ သမီးတော်ကြီးတို့သည် ယခုအခါ သောတာပန် သုံးမျိုးအနက် ကောလံကောလ သောတာပန်အဖြစ်ဖြင့် အထက်အထက်ဖြစ်သော နတ်ဘုံများတွင် နတ်တို့၏ စည်းစိမ်ကို ဗိမ်ရှိမှုနှင့် ခံစား၊ စံစားလျက်ရှိလေကြကုန်သည်ဖြစ်ရာ သူတို့သည် လူ့ဘုံမှ သောတာပန်သစ်များကို လက်ဂမ်း၍ ကြိုလင့်နေကြပေလိမ့်မည်။

## အတွေ့မခံ၊ အမြင်မခံ၊ အနံ့မခံ-သောတာပန်တို့ပယ်ပြီး တရားများ

လူတယောက် သွားနေ၏။ ထိုလူကို နေရောင်ကထိုးသောကြောင့် မြေပြင်တွင် လူအရိပ် ထင်၏။ ခွေးသွားလျှင် ခွေးအရိပ် ထင်၏။ နွားသွားလျှင် နွားအရိပ် ထင်၏။

ထို့အတူ သောတာပန်တို့ သွားလေရာတွင်လည်း အရိပ်သည် ထင်သတည်း။ ထိုအရိပ်ကား လူရိပ် မဟုတ်၊ ဉာဏ်ရိပ်ဖြစ်၏။ ရုပ်နာမ်တရားတို့ကို သဘာဝကျကျ သုံးသပ်တတ်သည့် ဉာဏ်ရိပ် ဖြစ်လေသည်။ ထိုဉာဏ်က အမှောင်ကို ခွင်း၍ အလင်းသို့ ပို့ဆောင်ပေးချက်အရ သောတာပန်တို့ ဖြစ်ရာဘဝတွင် အမှားပြုမိသည်ဟူ၍ မရှိပြီ။

(က) သာသဝေါ ၄ ပါးမှ

သောတာပန်ဖြစ်လျှင် ပုထုဇဉ်ဘဝက လက်ခံလာခဲ့သော တရားများအနက် အချို့အချို့ကို လက်မခံနိုင်တော့ပဲ ပယ်ပစ်လေ၏။ ဒုစရိုက် ၁၀ ပါးအနက်မှ ကာယဒုစရိုက် ၃ ပါး၊ မုသာဝါဒနှင့် သက္ကာယဒိဋ္ဌိ

ဤ ၅ ပါးတို့သည် အသုံးပြုသူ မရှိတော့သဖြင့် အသိုအသလျောက်ချုပ်ကုန်ရလေ၏။

(၁) ကာမ၌ ယစ်မူးစေတတ်သော တရားတပါး (ကာမာသဝ)

(၂) ဘဝ၌ ယစ်မူးစေတတ်သော တရားတပါး (ဘဝါသဝ)

(၃) အယူ၌ ယစ်မူးစေတတ်သော တရားတပါး (ဒိဋ္ဌာသဝ)

(၄) အဝိဇ္ဇာ၌ ယစ်မူးစေတတ်သော တရားတပါး (အဝိဇ္ဇာသဝ)

ဤတရား ၄ ပါးသည် ယိုစီးတတ်၊ ထိုင်းမှိုင်းတတ်၊ မူးယစ်စေတတ်သောကြောင့် အာသဝမည်၏။ အာသဝေါတရား ၄ ပါးဟု ခေါ်သည်။ ၄ ပါးဖြစ်သော်လည်း တရားကိုယ်အားဖြင့် အရကောက်လိုက်သော် တက်မက်ခြင်း-တဏှာ၊ အယူမှားခြင်း-ဒိဋ္ဌိ၊ မသိခြင်း-အဝိဇ္ဇာ၊ ဤ သုံးပါးသာတည်း။ ယင်း အာသဝေါတရား လေးပါး အနက်တွင် သောတာပန်သည် ဒိဋ္ဌာသဝကိုသာ ပယ်နိုင်သေးသည်။ ကြွင်းသော အာသဝေါတရား ၃ ပါးတို့ကား တစက်စက် ယိုတုန်း၊ တသွင်သွင်စီးတုန်း၊ ရေစီးကမ်းပြိုလိုက်တုန်းပင်တည်း။ ထို့ကြောင့် သောတာပန်သည် ရမက်လောဘ လျှမ်းလျှမ်းထချင်လျှင် ထချန်အသားအသာရှိနေ၏။ အဝိဇ္ဇာတမ မှောင်ကြီးကျချင်လည်း ကျပေဦးအံ့။

ထိုမှတပါး—

(ခ) သြဃ ၄ ပါး

(၁) ကာမဗွက်ထဲ၌ နှစ်၍ သတ်တတ်သော တရားတပါး (ကာမောဃ)

(၂) ဘဝဗွက်ထဲ၌ နှစ်၍ သတ်တတ်သော တရားတပါး (ဘဝေါဃ)

(၃) ဒိဋ္ဌိဗွက်ထဲ၌ နှစ်၍ သတ်တတ်သော တရားတပါး (ဒိဋ္ဌောဃ)

(၄) အဝိဇ္ဇာ ဗွက်ထဲ၌ နှစ်၍ သတ်တတ်သော တရားတပါး (အဝိဇ္ဇောဃ)

ဤတရား ၄ ပါးသည် နှစ်တတ်၊ နှင်မှန်းစေတတ်၊ မျောပါစေတတ်သောကြောင့် ဩဃမည်၏။ ဩဃတရား ၄ ပါးဟု ခေါ်၏။

ယင်း ဩဃ ၄ ပါးကို တရားကိုယ် ကောက်လိုက်သော် လောဘ၊ ဒိဋ္ဌိ၊ မောဟပင်တည်း။ သောတာပန်သည် ယင်းဩဃ ၄ ပါး အနက် ဒိဋ္ဌောဃ အယူလွဲရေစီးကြောင်းကြီး တခုကိုသာ ငယ်၏။ ကြွင်း ဩဃ ၃ ပါး၌ နစ်မြဲ နစ်ဆဲပင်တည်း။

ထိုမှတပါး–

(ဂ) ယောဂ ၄ ပါးမှ

(၁) မလှုပ်နိုင်အောင် ကာမဖြင့် တုပ်နှောင်ထားတတ်သော တရား (ကာမယောဂ)

(၂) မလှုပ်နိုင်အောင် ဘဝဖြင့် တုပ်နှောင် ထား တတ်သော တရား(ဘဝယောဂ)

(၃) မလှုပ်နိုင်အောင် ဒိဋ္ဌိဖြင့် တုပ်နှောင်ထားတတ်သော တရား (ဒိဋ္ဌိယောဂ)

(၄) မလှုပ်နိုင်အောင် အဝိဇ္ဇာဖြင့် တုပ်နှောင်ထားတတ်သော တရား(အဝိဇ္ဇာယောဂ)

ဤတရား ၄ ပါးသည် မလှုပ်နိုင်အောင် တုပ်နှောင်ခြင်း၊ လွတ်ထွက်မသွားနိုင်အောင် အထပ်ထပ် ရစ်ပတ်ခြင်းကြောင့် ယောဂမည်၏။ ယောဂ ၄ ပါးဟု ခေါ်၏၊ တရားကိုယ်အားဖြင့် လောဘ၊ ဒိဋ္ဌိ၊ မောဟပင်တည်း။ သောတာပန်သည် ယင်း ယောဂ ၄ ပါးအနက်မှ ဒိဋ္ဌိယောဂကိုသာ ပယ်နိုင်သေးသည်။ ကာမ၊ ဘဝ၊ အဝိဇ္ဇာ၊ အကျဉ်းထောင်မှ လွတ်အောင် မရုန်းနိုင်သေးသဖြင့် ကာမဘောင်တွင် အိမ်ကြီးတဆောင် မီးတပြောင်နှင့်နေပေဦးမည်။ ခုနှစ်ဘဝအထိ ဘဝသံသရာ ချာချာလည် ပေဦးတော့အံ့။

ထိုမှတပါး

(ဃ) ဂန္ထ ၄ ပါးမှ

(၁) သူ့ဥစ္စာကို လိုချင်တပ်မက်ခြင်း–အဘိဇ္ဈာကာယဂန္ထ။

(၂) သူတပါးကို ပျက်စီးစေလိုခြင်း–ဗျာပါဒကာယဂန္ထ။

(၃) မှားယွင်းစွာ သုံးသပ်ချက်–သီလဗ္ဗတပရာမာသကာယ ဂန္ထ။
(၄) တရားသေ ဆုပ်ကိုင်ထားခြင်း– ဣဒံသစ္စာဘိနိဝေဒကာယ ဂန္ထ။

ဤတရား ၄ ပါးသည် အဖုအထစ်၊ အထုံးအဖွဲ့၊ အငြိအတွယ် ရှိခြင်းကြောင့် ဂန္ထမည်၏။ ဂန္ထ ၄ ပါးဟု ခေါ်၏။ တရားကိုယ်အားဖြင့် လောဘ၊ ဒေါသ၊ ဒိဋ္ဌိတည်း။

သောတာပန်သည် ယင်းဂန္ထ ၄ ပါးအနက်တွင် နွား၊ ခွေး၊ ကြက် ငှက်တို့၏ အကျင့်ဖြင့် သံသရာ စင်ကြယ်၏ဟူသော သီလဗ္ဗတပရာမာသ ကာယဂန္ထ။ ဤဘာမှန်သည်၊ ဤဟာမှတပါး အကုန်မှား၏ ဟူသော ဣဒံသစ္စာဘိနိဝေသကာယာန္ထ။ ဤဂန္ထ ၂ ပါးကိုပယ်၏။ ထို့ကြောင့် သောတာပန်သည် အရေးတစုံ ကိုယ်၌ကြုံလာသောအခါ လောဘကြီး တန်လျှင် ကြီးပေဦးအံ့၊ ဒေါသထွက်တန်လျှင် ထွက်ပေဦးအံ့။ သို့သော် သောတာပန်သည် လောဘကို လည်းကောင်း၊ ဒေါသကို လည်းကောင်း ချုပ်တီးနိုင်စွမ်းရှိသောကြောင့် ယင်းတို့ကို အကြောင်းပြုလျက် လွန်လွန် ကျူးကျူးဖြစ်ခြင်းမည်သည် မရှိပြီ။

ထိုမှတပါး

(င) ဥပါဒါန် ၄ ပါးမှ

(၁) ကာမ၌ စွဲလမ်းမှုတရား (ကာမုပါဒါန်)
(၂) အယူ၌ စွဲလမ်းမှုတရား (ဒိဋ္ဌုပါဒါန်)
(၃) သည်ဟာ အမှန်တရားဟု တရားသေ စွဲလမ်းမှုတရား (သီလဗ္ဗတုပါဒါန်)
(၄) အတ္တ၌ စွဲလမ်းမှုတရား (အတ္တဝါဒုပါဒါန်)

ဤလေးပါးသည် စွဲလမ်းတတ်သောကြောင့် ဥပါဒါန်မည်၏။ ဥပါဒါန် ၄ ပါးဟုလည်း ခေါ်၏။ ကာမ၌ စွဲလမ်းသည်ကို ကာမုပါဒါန်၊ ဒိဋ္ဌိအယူမျိုး၌ စွဲလမ်းသည်ကို ဒိဋ္ဌုပါဒါန်၊ တိရစ္ဆာန်တို့၏ အကျင့်ဖြင့် သံသရာမှ စင်ကြယ်ဟုယူစွဲသည်ကို သီလဗ္ဗတုပါဒါန်၊ ကိုယ်ရှိ၏ဟု စွဲယူသည် ကို အတ္တဝါဒုပါဒါန်၊ ခေါ်၏။ ယင်း ၄ ပါးသည် တရားကိုယ်အားဖြင့် လောဘနှင့် ဒိဋ္ဌိသာတည်း။

သောတာပန်သည် ယင်းဥပါဒါန် ၄ ပါးအနက် ကာမုပါဒါန်ကို ချန်၍ ကြွင်းသုံးပါးကိုပယ်၏။ ထို့ကြောင့် သောတာပန်မှာ အယူလွဲမှု၊ မိစ္ဆာဝါဒကို လက်ခံကျင့်သုံးမှု မရှိတော့ပြီ။ ခွေးလို၊ ဝက်လို ကျင့်ခြင်းအားဖြင့် သံသရာမှ စင်ကြယ်၏ ဟူသော အယူစွဲမျိုးလည်း မရှိတော့ပြီ။ ကိုယ်ရှိ၏ဟူသော အတ္တစွဲကိုလည်း အငုတ်မျှမကျန်အောင် နုတ်ပယ်ပြီ သူဖြစ်၏။ မီးခလုတ်ကို ဖွင့်၏၊ မီး လင်းလာ၏။ ခလုတ်ဖွင့်ခြင်းနှင့် မီးလင်းလာခြင်းသည် တပြိုင်နက်ဖြစ်သကဲ့သို့ ထို့အတူပင် အတ္တကောင်ကြီး ပြိုသွားသည်နှင့် တပြိုင်နက် အလိုအလျောက်ပင် အရိယာဘုံသို့ ရောက်သွားလေတော့၏၊ အရိယာဖြစ်အောင် သီးခြားအားထုတ်ယူခြင်း မရှိပြီ။

ထိုမှတပါး

(စ) နိဝရဏပဟာနမှု

ကောင်းသောတရားများဖြစ်ပွားလာမည့်အလားအလာကို ဟန့်တားတတ်၊ ကန့်ကွက်တတ်၊ ပိတ်ပင်တတ်၊ ဖျက်ဆီးတတ်သောတရားကို နိဝရဏဟု ခေါ်၏၊ ကောင်းသောတရားများ ဖြစ်ပွား မလာနိုင်အောင် ဘယ်အရာဖြင့် ဟန့်တား၊ ကန့်ကွက်၊ ဖျက်ဆီးလေသနည်း။

(၁) ကာမဂုဏ် အာသာဆန္ဒ ပြင်းပြခြင်းအားဖြင့် ကောင်းသောတရားကိုအဟန့်အတားပြု၍ဖျက်ဆီးသော ကာမစ္ဆန္ဒနိဝရဏ တမျိုး၊

(၂) သူတပါးပျက်စီးမှုကို ပြင်းပြစွာ လိုလားခြင်းဖြင့် ကောင်းသောတရားကို အဟန့်အတားပြု၍ ဖျက်ဆီးခြင်း-ဗျာပါဒ နိဝရဏတမျိုး၊

(၃) အလုပ်ကောင်းကို လုပ်ကြံလေတိုင်းတွန့်ဆုတ်၊ တွန့်ဆုတ်ဖြစ်ခြင်း၊ တွေဝေထိုင်းမှိုင်းခြင်းအားဖြင့်ကောင်းသောတရားကို အဟန့်အတားပြု၍ ဖျက်ဆီးခြင်း-ထိနမိဒ္ဓနိဝရဏတမျိုး။

(၄) အလုပ်ကောင်းကို လုပ်ရန်ကြံရွယ်လေတိုင်း သမာဓိမရ၊ စိတ်ပျံ့လွင့်ခြင်း၊ နောင်တဖန် ပူပန်ခြင်းအားဖြင့် ကောင်းသောတရား မပွားနိုင်အောင် အဟန့်အတားပြု၍ ဖျက်ဆီးခြင်း-ဥဒ္ဓစ္စကုက္ကုစ္စ နိဝရဏတမျိုး။

(၅) အလုပ်ကောင်းကို လုပ်ရန်ကြံရွယ်လေတိုင်းဟုတ်မှဟုတ်ပါ့မလားဟူ၍ ယုံမှားခြင်းအားဖြင့် ကောင်းသောတရားများ

ပွားမလာနိုင်အောင်အဟန့်အတားပြု၍ ဖျက်ဆီးခြင်း-ဝိစိကိစ္ဆာ နိဝရဏတမျိုး။

(၆) အလုပ်ကောင်းကိုလုပ်ရန်ကြံရွယ်လေတိုင်း ဉာဏ်ပညာကင်း၊ မသိခြင်းအားဖြင့် ကောင်းသောတရားများ ပွားမလာနိုင်အောင် အဟန့်အတားပြု၍ ဖျက်ဆီးခြင်း-အဝိဇ္ဇာနိဝရဏ တမျိုး။

ဤသို့အားဖြင့် ကောင်းသောတရားများ ဖြစ်ပွားလာမည့် အလား အလာကို ဆို့ပိတ်ဟန့်တား ဖျက်ဆီးတတ်၊ နှောင့်ယှက်တတ်သော အဖျက် တရားတို့ ရှိကုန်၏။

တရားကိုယ် ကောက်လိုက်သော်ကာမစ္ဆန္ဒနိဝရဏ၏ တရားကိုယ်မှာ လောဘ၊ ဗျာပါဒနိဝရဏ၏ တရားကိုယ်မှာ ဒေါသ၊ ထိနမိဒ္ဓနိဝရဏ၏ တရားကိုယ်မှာ- ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ နိဝရဏ၏ တရားကိုယ်မှာလည်း ဥစ္စဒ္ဓ ကုက္ကုစ္စ။ ဝိစိကိစ္ဆာ နိဝရဏ၏ တရားကိုယ်မှာလည်း ဝိစိကိစ္ဆာပင်။ အဝိဇ္ဇာနိဝရဏ၏ တရားကိုယ်မှာကား မောဟဖြစ်သတည်း။

ထိုနိဝရဏတရားတို့၏ တရားကိုယ်၊ တရားသားများကို စုပေါင်း လိုက်သောအခါ လောဘ၊ ဒေါသ စသောအားဖြင့် တရားကိုယ်ရှစ်မျိုး၊ ရှစ်စားထွက်လာ၏။ သောတာပန်သည် ဤနိဝရဏတရားသား ရှစ်ပါး စလုံးကို မပယ်နိုင်သေး။

ယင်းရှစ်မျိုးအနက်မှ ဝိစိကိစ္ဆာနိဝရဏကိုသာ ပယ်နိုင်သေး၏။

ထို့ကြောင့် သောတာပန်၏ လမ်းခရီးအကြားဝယ် ကာမစ္ဆန္ဒ နိဝရဏ၊ ဗျာပါဒနိဝရဏ၊ ဝါ- လောဘ၊ ဒေါသ အစရှိသည်တို့သည် မြစ်ကြီး၊ ချောင်းကြီးများအလား တောင်ကြီးများပမာ ကာဆီးလျက်သာ ရှိနေကုန်၏။ ထို့ကြောင့် သောတာပန်သည် ယင်း မြစ်ချောင်းကြီးများ၊ တောင်ကြီးများကို ဖြတ်ကျော်နိုင်ရန် ကြိုးစားရပေဦးအံ့။ ယင်းတို့ကို လွန်မြောက်မှ နိဗ္ဗာန်ဘုံသို့ ရောက်မည်ဖြစ်သတည်း။

ထိုမှတပါး—

(ဆ) အနုသယ ၇-ပါးမှ

လူတို့မှာ ရံခါ အနာပေါက်တတ်၏။ ရံခါ မကျန်းမမာ ရောဂါဖြစ် တတ်၏။ ထိုအနာ ထိုရောဂါသည် တခါတည်း အကင်းသေအောင် ပျောက်

မသွားပဲ ငုပ်နေဘတ်၏။ ဤသည်ကို "အနုသငုပ် ရောဂါငုပ်"ဟု သမုတ်ကြကုန်၏။

လူတို့၏ စိတ်သန္တာန်ထဲကွင် အနုသငုပ်၊ ရောဂါငုပ်ကဲ့သို့ ဘဝအဆက်ဆက်၊ ကမ္ဘာအဆက်ဆက်က စွဲကပ်၍ ငုပ်သာခဲ့သော ခါတ်ငုပ်များရှိ၏။ ၎င်းကို အနုသယဟု ခေါ်၏။ ထိုအနုသယသည်--

(၁) ကာမ၌ တပ်မက်ခြင်း-ကာမရာဂါနုသယ ဓာတ်ငုပ်။
(၂) ဘဝ၌ တပ်မက်ခြင်း-ဘဝရာဂါနုသယ ဓာတ်ငုပ်။
(၃) ဒေါသ၌ တပ်မက်ခြင်း-ပဋိဃာနုသယ ဓာတ်ငုပ်။
(၄) မာန၌ တပ်မက်ခြင်း-မာနာ နုသယ ဓာတ်ငုပ်။
(၅) အယူမှား၌ တပ်မက်ခြင်း-ဒိဋ္ဌိ နုသယ ဓာတ်ငုပ်။
(၆) ယုံမှားခြင်း၌ တပ်မက်ခြင်း-ဝိစိကိစ္ဆာ နုသယ ဓာတ်ငုပ်။
(၇) မသိခြင်း၌ တပ်မက်ခြင်း-အဝိဇ္ဇာနုသယ ဓာတ်ငုပ်။

ယင်းအနုသယ ခုနစ်ပါးတို့၏ တရားကိုယ်ကို ကောက်သော်--

ကာမရာဂါနုသယနှင့် ဘဝရာဂါနုသယ၏ တရားကိုယ်မှာ-လောဘ။ ပဋိဃာနုသယ၏ တရားကိုယ်ကား-ဒေါသ။ မာနနုသယ၏ တရားကိုယ်မှာ-မာန။ ဒိဋ္ဌာနုသယ၏ တရားကိုယ်မှာ-ဒိဋ္ဌိ။ ဝိစိကိစ္ဆာနုသယ၏ တရားကိုယ်မှာ-ဝိစိကိစ္ဆာပင်။ အဝိဇ္ဇာနုသယ၏ တရားကိုယ်ကား-မောဟ ဖြစ်၏။

ယင်းအနုသယ ၇-ပါး တရားသား ၆-မျိုးအနက်တွင် ဒိဋ္ဌာနုသယနှင့် ဝိစိကိစ္ဆာနုသယ ဤ ၂-မျိုးသာ ပယ်နိုင်သေး၏။ ပယ်ရန် အနုသယ ၅-ပါးကျန်သေး၏။ ကျန်ရှိနေသေးသော အနုသယ ငါးမျိုးတို့က တောင်ရိုးကြီး များပမာ၊ မြစ်ချောင်းကြီးများ အလား၊ သောတာပန်၏ ရှေ့မှာ ဟန့်တား၊ ကာဆီးလျက် ရှိနေကုန်သေးသည်ဖြစ်ရာ သောတာပန် ပုဂ္ဂိုလ်သည်--

ကာမသုဂတိ (၇)ဘုံဘွင် သွားတွဲလဲ၊ သမီးတွဲလဲ၊ ဇနီးမယား၊ စီးပွားရေးတွဲလဲနှင့် ဘဝသံသရာ ချာချာလည်ဧဉ်အတွင်း ကျန်ရှိသော အနုသယငါးမျိုးကို တခုချင်း တခုချင်းသော် လည်းကောင်း၊ အားလုံးကို တပြိုင်နက်သော် လည်းကောင်း ဖျက်ချိုးပြီးလျှင် နိဗ္ဗာန်သို့ ဝင်လေ၏။

(၈) သံယောဇဉ် ၁၀-ပါးမှ

ထိုမှတပါး လောကဘ၌ အချုပ်ထောင်၊ အကျဉ်းထောင်ဟူ၍ ရှိ၏။ နှောင်ကြိုး၊ လက်ထိတ်ဟူ၍ ရှိ၏။ ထောင်သည် လူဆိုးများ ထွက်မပြေး

နိုင်အောင် လှောင်ထားသော နှောင်အိမ်ကြီး ဖြစ်၏။ လက်ထိတ်သည် လူဆိုးများ မလှုပ်နိုင်အောင် တုပ်နှောင်ထားသော နှောင်ကြိုးဖြစ်၏။

သံယောဇဉ်ဟူ၍ ရှိ၏။ လူကို မလှုပ်နိုင်အောင် ချုပ်ထား၊ နှောင်ထားတတ်သောကြောင့် ယင်းသံယောဇဉ်ကို ထောင်ဟူ၍ လည်းကောင်း၊ လက်ထိတ်၊ နှောင်ကြိုး ဟူ၍ လည်းကောင်း တင်စား၍ ဆိုကြကုန်၏။

ထိုသံယောဇဉ်သည်-

မလှုပ်နိုင် ဆိုသည်ကား မခွဲနိုင်၊ မခွာရက်ပဲ စွဲမြဲနေမှုကိုဆိုသည်။

(၁) မလှုပ်နိုင်အောင် ကာမလက်ထိတ်ဖြင့် နှောင်ဖွဲ့ခြင်း- ကာမရာဂ သံယောဇဉ်။
(၂) ရူပဥ္စ တပ်မက်မှု နှောင်ဖွဲ့ခြင်း- ရူပရာဂသံယောဇဉ်။
(၃) အရူပဥ္စ တပ်မက်မှု နှောင်ဖွဲ့ခြင်း--အရူပရာဂ သံယောဇဉ်။
(၄) ဒေါသဖြင့် နှောင်ဖွဲ့ခြင်း- ပဋိဃ သံယောဇဉ်။
(၅) မာနဖြင့် နှောင်ဖွဲ့ခြင်း- မာနသံယောဇဉ်။
(၆) ဒိဋ္ဌိဖြင့် နှောင်ဖွဲ့ခြင်း- ဒိဋ္ဌိသံယောဇဉ်။
(၇) သီလဗ္ဗတပရာမာသဖြင့် နှောင်ဖွဲ့ခြင်း- သီလဗ္ဗတပရာမာသ သံယောဇဉ်။
(၈) ယုံမှားခြင်းဖြင့် နှောင်ဖွဲ့ခြင်း- ဝိစိကိစ္ဆာ သံယောဇဉ်။
(၉) ပျံ့လွင့်ခြင်းဖြင့် နှောင်ဖွဲ့ခြင်း- ဥဒ္ဒစ္စ သံယောဇဉ်။
(၁၀) မသိခြင်းဖြင့် နှောင်ဖွဲ့ခြင်း- အဝိဇ္ဇာသံယောဇဉ်။

ယင်း သံယောဇဉ် ၁၀-ပါးတို့၏တရားကိုယ်ကို ကောက်သော်-

ကာမရာဂ၊ အရူပရာဂ သံယောဇဉ်တို့၏ တရားကိုယ်မှာ-လောဘ။ ပဋိဃသံယောဇဉ်၏ တရားကိုယ်မှာ-ဒေါသ။ မာန၏ တရားကိုယ်မှာ-မာန။ ဒိဋ္ဌိနှင့် သီလဗ္ဗတပရာမာသ သံယောဇဉ် ၂ ပါး၏ တရားကိုယ်ကား-ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၏ တရားကိုယ်မှာ ဝိစိကိစ္ဆာ။ ဥဒ္ဒစ္စ၏ တရားကိုယ်မှာ-ဥဒ္ဒစ္စ။ အဝိဇ္ဇာသံယောဇဉ်၏ တရားကိုယ်ကား-မောဟ ဖြစ်၏။

သံယောဇဉ် ၁၀ ပါး ရှိသော်ငြားလည်း တရားကိုယ်အားဖြင့်မူ လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဒစ္စ၊ မောဟ ၇ ပါးသာဖြစ်သည်။ သောတာပန်သည် ဤသံယောဇဉ် ၁၀ မျိုး၌ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ၂ မျိုးကိုသာ ပယ်နိုင်သေး၏။ ပယ်ရန် သံယောဇဉ် ၈ မျိုးကျန်သေး၏။ ယင်း ၈ မျိုးကို ပယ်နိုင်ရန် ကြိုးစားရပေဦးမည်။ သို့သော် ပယ်မှ ပယ်နိုင်

ပါမလား ဟူ၍ကား ယုံမှားခြင်း ဖြစ်ဖွယ်မရှိတော့ပြီ။ အလွန်ဆုံး (၇–ဘဝ) မြောက်လျှင် နိဗ္ဗာန်သို့ ရောက်ရတော့မှာ သေချာပြီးဖြစ်၏။ ကာမချမ်းသာကို ခံစား၊ စံစားယင်းနှင့်ပင် နိဗ္ဗာန်ဝင်တော့မည်တည်း။

(ဈ) ကိလေသာ ၁၀ ပါးမှ

ထိုမှတပါး လူတကောင်လုံး မီးနှင့် မြိုက်သည့်နှယ် တဟုန်းဟုန်း လောင် အပူကောင်ဖြစ်စေတတ်သော တရား၊ ဖြူစင်၍ ကြည်လင်သော နှလုံးစိတ်ဝမ်းကို ညစ်နွမ်းစေတတ်သော တရား၊ လူကို အခံရခက်အောင် နှိပ်စက်တတ်သော တရားကို ကိလေသာဟု ဆိုသည်။ ထိုကိလေသာသည်-

(၁) လိုချင်ရမက်ဖြင့် နှိပ်စက်ခြင်း - လောဘကိလေသာ။
(၂) ဒေါသဖြင့်နှိပ်စက်ခြင်း - ဒေါသကိလေသာ။
(၃) မောဟဖြင့်နှိပ်စက်ခြင်း - မောဟကိလေသာ။
(၄) မာနဖြင့် နှိပ်စက်ခြင်း - မာနကိလေသာ
(၅) ဒိဋ္ဌိဖြင့် နှိပ်စက်ခြင်း - ဒိဋ္ဌိကိလေသာ။
(၆) ယုံမှားခြင်းဖြင့် နှိပ်စက်ခြင်း - ဝိစိကိစ္ဆာကိလေသာ။
(၇) တွန့်ဆုတ်ခြင်းဖြင့် နှိပ်စက်ခြင်း- ထိနကိလေသာ
(၈) ပျံ့လွင့်ခြင်းဖြင့် နှိပ်စက်ခြင်း - ဥဒ္ဓစ္စကိလေသာ။
(၉) အရှက်မရှိခြင်းဖြင့် နှိပ်စက်ခြင်း - အဟိရိက ကိလေသာ။
(၁၀) အကြောက်မရှိခြင်းဖြင့် နှိပ်စက်ခြင်း - အနောတ္တပ္ပကိလေသာ။

ဤသို့အားဖြင့် ကိလေသာ ၁၀ ပါးရှိသတည်း။ တရားကိုယ်မှာလည်း ယင်း ဆယ်ပါးပင်တည်း။ လောဘကိလေသာ၏ တရားကိုယ်မှာ လောဘပင် ဖြစ်၏ ဟူလို။

ယင်းကိလေသာ ၁၀ ပါးအနက် သောတာပန်သည် ဒိဋ္ဌိလောဘ–အယူမှားကို လိုလားတပ်မက်မှုနှင့် ဝိစိကိစ္ဆာ– ယုံမှား သံသယ ဖြစ်မှု ဤ ကိလေသာ ၂ ပါးကိုသာ ပယ်နိုင်သေးသည်။ ပယ်ရန် ကိလေသာ ၈ မျိုး ကျန်သေးသည်။ ယင်းကိလေသာ ၈ မျိုးကို ပယ်နိုင်ရန် အတွက် ဆက်လက်ကြိုးစားရပေဦးမည်။ သို့သော်ကြိုးစားရကျိုးနပ်မည်၊ မနပ်မည်ကိုကား ယုံမှားစရာ မလိုပြီ။ နိဗ္ဗာန်သို့ တဘဝတည်းနှင့် မရောက်လျှင် နှစ်ဘဝ၊ နှစ်ဘဝနှင့် မရောက်နိုင်လျှင် ၃ ဘဝ၊ ၃ ဘဝနှင့် မရောက်နိုင်လျှင်

၄ ဘ၀ နောက်ဆုံးပိတ် အနေအားဖြင့် သောတာပန်ဘ၀နှင့် ၇ ဘ၀ ပြောက်သောအခါ နိဗ္ဗာန်မရလို မရောက်လိုသေးပါ။ တဏှာ နေပါရစေဦး ဟူ၍ အသနားခံသော်လည်း မရပြီ။ ကေန်မုချနိဗ္ဗာန် ရ တော့ မည် ဖြစ် သဘည်း။ နိဗ္ဗာန်ရွှေဘုံသို့ ခိုလှုံရောက်ရှိတော့မည် ဖြစ်သတည်း။

သောတာပန် ပယ်သောကဏ္ဍာကို ကိုးပိုင်း၊ ကိုးဌာန ခွဲ၍ ပြခဲ့၏။

ယင်း ၉ ဌာနစလုံးကို ကြည့်လျှင် လောဘသည် အဘယ်မျှ နယ် ကျယ်ကြောင်းပေါ်လာ၏။ ၉ ဌာနစလုံး၌ပင် လောဘ၏ လက်ရာ၊ ခြေ ရာချည်းဖြစ်၏။ လောဘနှင့် ကင်းသော ဌာန၊ လောဘမှ လွတ်သော ဌာနဟူ၍ မရှိ၊ လောဘသည် ပတ်စာခွာ၊ ဖျာသိမ်းအထိ ပါဝင်သော ဇာတ်ကောင် တကောင်ဖြစ်နေကြောင်းကို တွေ့ရ၏။

လောဘ လောက်နိုးနီး အရာကျယ်သည်ကား ဒိဋ္ဌိ ဖြစ်၏။ ဒိဋ္ဌိသည် လည်း အတော်နယ်ကျယ်၏။ လောဘမှ လွဲလျှင် ဒုတိယလိုက်၏။ ၉ ပိုင်း၊ ၉ ဌာနတို့အနက် နိဝရဏမှတပါး ကျန် ၈ ပါးကို ဒိဋ္ဌိက ခြယ်လှယ်၏။

ဒိဋ္ဌိမပါလျှင် အရာမရောက် ပြီးမြောက်ခြင်း မရှိလေ။ ဒိဋ္ဌိပါလေမှ အာဃာနှင့် သင်ထင် အောင်မြင်လေသောဟူ၏။ လောဘ၏နောက် တတိယ၊ စွဲသူကား မောဟဖြစ်၏။ ၈ဌာနနှင့် နိဝရဏမှတပါး ကြွင်းသမျှကို မောဟက ပါသည်ချည်းဖြစ်၏။ မောဟကြောင့် အရာမရောက်ကမောက်ကမဖြစ်ကြ ရကုန်သတည်း။

## (ည) ဝိပလ္လာသ ဖောက်ပြန်ခြင်း ၃ မျိုး

အဖြူကို မည်းစေ၍ စိမ်းသည်ကို အညိုဟု ထင်စေသော ဝိပလ္လာသ တရား ၃ ပါးရှိ၏။

ယင်း ၃ ပါးတို့ကား –

| | | |
|---|---|---|
| (၁) | သညာ ဝိပလ္လာသ | – အမှတ်မှားခြင်း။ |
| (၂) | စိတ္တ ဝိပလ္လာသ | – အသိမှားခြား။ |
| (၃) | ဒိဋ္ဌိ ဝိပလ္လာသ | – အယူမှားခြင်း |

မည်သည့်နေရာမှာ မည်သို့ မှားသနည်းဆိုသော်–

ခန္ဓာငါးပါး၌ အနိစ္စ လက္ခဏာ၊ ဒုက္ခ လက္ခဏာ၊ အနတ္တ လက္ခဏာ၊ အသုဘ လက္ခဏာဟူသော သာမည လက္ခဏာ ၄ ချက်၌ မှားသတည်း။

ယင်းလက္ခဏာ ၄ ချက်တွင် တခုတခု၌ အမှတ်မှား၊ အသိမှား၊ အယူမှား ဝိပလ္လာသ ၃ ပါး ဖြစ်နိုင်သောကြောင့် လက္ခဏာ ၄ ချက်ကို တည်ကိန်းပြု၍ အမှား ၃ ရပ်ဖြင့် မြှောက်ပွားလိုက်သော် ဝိပလ္လာသပေါင်း ၁၂ မျိုးဖြစ်လာ၏။

ထိုဝိပလ္လာသ ဖောက်ပြန်မှု ၁၂ မျိုးအနက် သောတာပန် ပုဂ္ဂိုလ်၌ အနိစ္စကို နိစ္စထင်ခြင်း၊ အနတ္တစစ်စစ်ကြီးဖြင့်လျက် အနတ္တကို အတ္တဟု ထင်ခြင်း၊ ဤ ၂ ချက်၌ အမှတ်မှား၊ အသိမှား၊ အယူမှားဟူသော ဝိပလ္လာသ ၃ ပါးချုပ်၏။ အနိစ္စကို အနိစ္စအတိုင်း နိစ္စကို နိစ္စအတိုင်း၊ အတ္တကို အတ္တအတိုင်း၊ အနတ္တကို အနတ္တအတိုင်းမှတ်၏။ သိ၏။ ယူ၏။ သောတာပန်သည် ဤသည့် ဝိပလ္လာသ အမှတ်မှား၊ အသိမှား၊ အယူမှားများကို ပယ်လေ၏။

အသုဘကို သုဘကိုဟု၍ မှားယွင်းစွာမှတ်ခြင်း၊ မှားယွင်းစွာသိခြင်း ဟူသော သညာဝိပလ္လာသနှင့် စိတ္တဝိပလ္လာသ ၂ ပါးတို့ကား အရဟတ္တမဂ်ကသာ ပယ်နိုင်၏။

လာဘော၊ အလာဘော၊ ယသော၊ အယသော စသောအားဖြင့် လောကဓံ ၈ ပါးရှိ၏။ ယင်းလောကဓံ ၈ ပါးကို သောတာပန်နှင့် အနာဂါမ်တို့ မပယ်နိုင်ကုန်။

ယင်း လောကဓံတရား ၈ ပါးအနက် အလာဘော၊ အယသော၊ နိန္ဒာ၊ ဒုက္ခ၊ (လာဘ်လာဘ ခေါင်းပါးခြင်း၊ အခြံအရံ နည်းပါးခြင်း၊ လူသူလေးပါးတို့၏ အကဲ့ရဲ့ကို ခံမှုခြင်း၊ ဆင်းရဲခြင်း ဤလောကဓံ ၄ ပါးကို အနာဂါမ်ပုဂ္ဂိုလ်သာ ပယ်နိုင်၏။ လာဘော၊ ယသော၊ ပသံသာ၊ သုခံ– လာဘ်ရှင်ခြင်း၊ အခြံအရံများခြင်း၊ အများက ချီးမွမ်းခြင်း၊ ချမ်းသာခြင်း) ဤလောကဓံ ၄ ပါးကို ရဟန္တာမှသာ ပယ်နိုင်၏။ ထို့ကြောင့် ရဟန္တာတို့ကား လောကဓံတရား ၈ ပါးကြောင့် တုန်လှုပ်ခြင်း အလျှင်းပင် မရှိကြကုန် ဟူလို။

သောတာပန်တို့ အနေအားဖြင့် တွေ့ရုံမျှ တွေ့ခြင်းကိုပင် မခံနိုင်၊ မြင်ရုံမျှမြင်ခြင်းကိုပင် မခံနိုင်၊ အနံ့ နံရုံမျှပင် မခံနိုင်သဖြင့် တံတော့ကဲ့သို့ ငုံ့ကြက်ခြင်းမရှိ၊ ထွေးအန်စွန့်ပယ်အပ်သော တရားများကို ဤဆိုအပ်ပြီးသည့် အတိုင်း သိရာ၏။

## သောတာပန်—၃၊ သို့မဟုတ် ၇ မှ သောတာပန်—၂၄ သို့

သောတာပန်ဖြစ်ဖို့မခဲယဉ်းပါ။ လွယ်ပါသည်။ သိမှုသာပဓာနဖြစ်ပါသည်။ ကမ္မဋ္ဌာန်းထိုင်၍ ကျင့်နေစရာ မလိုပါ။ ပရမတ်တရား တကဲ့ဓာတ်သားအစစ်ကို အနှစ်ကျကျသဘောပေါက်လျှင် ဖြစ်စေ၊ သို့မဟုတ် ရတနာသုံးပါးကို လိုက်လိုက်လဲ့လဲ့၊ အသည်းစွဲ ယုံကြည်လျှင်ဖြစ်စေ သောတာပန် ဖြစ်လာနိုင်ပါသည်။

သို့သော် သောတာပန်သည် အပါယ်တံခါး ပိတ်၍ နိဗ္ဗာန်သွားရန် လက်မှတ်ကို ရရှိသွားရုံမျှသာ ရှိပေသေးသည်။ နိဗ္ဗာန်သို့ မရောက်သေးချေ။ နိဗ္ဗာန်ရောက်အောင် သွားလာမှုကိုစွ လိုပေသေးသည်။ နိဗ္ဗာန်သို့ ရောက်အောင် ကာယကံမြောက် သွားရပေဦးမည်။

ယင်းသို့ နိဗ္ဗာန်သို့ အရောက်သွားရာ၌ စားနပ်ရိက္ခာ၊ စရိတ်စက ပြည့်စုံဖို့ လိုပါသည်။ ယင်းအတွက် ကုန်ကျမည့်စရိတ်စက ဟူသည်အဘယ်နည်း။

သောတာပန်မှတဆင့် ရှေ့သို့ သကဒါဂါမ်၊ အနာဂါမ်၊ အရဟတ္တဖိုလ်ဆိုက်အောင် ကျင့်ရသော အကျင့်များသည် စရိတ်စက ဖြစ်သတည်း။ သောတာပန်အဖို့ လိုအပ်သော ထိုစရိတ်စကများကို ရှာဖွေရပေဦးမည်။ စုဆောင်းရပေဦးမည်။ ယင်းသည် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းများကို ကျင့်ကြံအားထုတ်ခြင်း တည်းဟူသော စရိတ်စကမရှိက နိဗ္ဗာန်သို့ ရောက်နိုင်မည် မဟုတ်ချေ။ သောတာပန်မှန်လျှင် ထိုကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းတည်းဟူသော စရိတ်စက ရှာမှီခြင်းအလုပ်ကို မလုပ်သူဟူ၍ မရှိ။ သောတာပန်မှန်လျှင် အထက်သို့ အဆင့်ဆင့် မြင့်သည်ထက်မြင့်သော အလုပ်ကို သဘာဝအားဖြင့် လုပ်သည်ချည်းသာ ဖြစ်၏။ ငါ သောတာပန် ဖြစ်ပြီ ရှေ့သို့ တဆင့်တက်ရန် မလိုတော့ပြီဟူ၍ စိတ်နှလုံး တုံးတုံးချသော သောတာပန်ဟူ၍ မရှိပြီ။ သောတာပန်၏ ဘဝလမ်းဆုံးကား နိဗ္ဗာန်ဖြစ်သတည်း။ နိဗ္ဗာန်ရောက်အောင် အားထုတ်မည်သာ ဖြစ်သတည်း။

ပုထုဇဉ်အဖြစ်မှ သောတာပန်ဘဝ ရောက်ရှိလာရာ၌ လမ်းနှစ်သွယ် ရှိ၏။ ယင်းလမ်း ၂ သွယ်အနက် တသွယ်ကား ရတနာ သုံးပါးကို အဝေစ္စပသာဒ—လိုက်လိုက်လဲ့လဲ့ သက်ဝင်ယုံကြည်ခြင်း၊ နောက်တသွယ်ကား ပရမတ်အစစ် တကယ့်ဓာတ်နှစ်ဓာတ်သားကို သဘောပေါက်ခြင်း ဖြစ်လေသည်။

မည်သည့်လမ်းသွယ်ဖြင့် ဖြစ်စေ၊ သောတာပန်နယ်ထဲသို့ ရောက်ရှိလာကုန်သော သောတာပန်များ သန့်ခေါင်စာရင်းကောက်လိုက်သော်....

(၁) ဧကဗီဇ သောတာပန်၊
(၂) ကောလံကောလ သောတာပန်၊
(၃) သတ္တက္ခတ္တုပရမ သောတာပန်၊

ဤသုံးမျိုးသာ ရ၏။

ထိုမှ တပါး သောတာပန်သည် သောတာပန် ဖြစ်ပြီးသည့်နောက်၌ (၇) ဘဝ တိုင်တိုင် ပဋိသန္ဓေ နေနိုင်သေးသည်ကို ထောက်သောအားဖြင့် ဧကဗီဇ သောတာပန်အစ၊ သတ္တက္ခတ္တုပရမသောတာပန်အဆုံးအထိကိုယူ၍ သောတာပန် (၇) မျိုးဟူ၍လည်း ယူကြ၏။

သောတာပန် ၃ မျိုးဖြစ်စေ၊ ၇ မျိုးဖြစ်စေ၊ မည်သည့် သောတာပန်မဆို လမ်း ၂ သွယ်အရဖြင့် သောတာပန်အဆင့်သို့ တက်လာကြသူချည်းသာ ဖြစ်သောကြောင့် ဧကဗီဇသောတာပန်၌လည်း ၂ သွယ်သောလမ်း ဖြစ်သည်။ ကောလံကောလ သောတာပန်၌လည်း လမ်း ၂ သွယ်၊ သတ္တက္ခတ္တုပရမသောတာပန်၌လည်း လမ်း ၂ သွယ်စီ ရစကောင်း၏။

ထို့ကြောင့် ရသင့်ရထိုက်သည် အားလျော်စွာ သောတာပန်များကို သရုပ်ခွဲ၍ ခွဲတမ်းချလိုက်သောအခါ အောက်ပါအတိုင်း သောတာပန် ၂၄ မျိုး ထွက်လာလေသည်။

(၁) သဒ္ဓါဓုရ–ရတနာသုံးပါးကို လှိုက်လှိုက်လှဲလှဲ သက်ဝင်ယုံကြည်မှုအရ ဖြစ်လာသော ဧကဗီဇ သောတာပန်။
(၂) ပညာဓုရ-ပရမတ်အစစ်ခေတ်အနှစ်ကို သဘောပေါက်မှုအရ ဖြစ်လာသော ဧကဗီဇ သောတာပန်။
(၃) သဒ္ဓါဓုရ-ရတနာသုံးပါးကို လှိုက်လှိုက်လှဲလှဲ သက်ဝင်ယုံကြည်မှုအရဖြစ်လာသောကောလံကောလ သောတာပန်။
(၄) ပညာဓုရ - ပရမတ်အစစ် ခေတ်အနှစ်ကို သဘောပေါက်မှုအရ ဖြစ်လာသော ကောလံကောလ သောတာပန်။
(၅) သဒ္ဓါဓုရ - ရတနာ သုံးပါးကို လှိုက်လှိုက်လှဲလှဲ သက်ဝင်ယုံကြည်မှုအရဖြစ်လာသော သတ္တက္ခတ္တုပရမသောတာပန်။
(၆) ပညာဓုရ - ပရမတ်အစစ် ခေတ်အနှစ်ကို သဘောပေါက်မှုအရ ဖြစ်လာသော သတ္တက္ခတ္တု ပရမ သောတာပန်။

(၁၈) ဒုက္ခပဋိပဒါ ခိပ္ပာဘိညာ - ဆင်းဆင်းရဲရဲ အားထုတ်၍ မြန်မြန်သိမြင်သော သဒ္ဓါစုရ သတ္တက္ခတ္တုပြရမ သောတာပန်။

(၁၉) သုခပဋိပဒါ ဒန္ဓာဘိညာ -- သက်တောင့် သက်သာ အား ထုတ်၍ နှေးနှေး သိမြင်သော သဒ္ဓါစုရ သတ္တက္ခတ္တု ပရမ သောတာပန်။

(၂၀) သုခပဋိပဒါ ခိပ္ပာဘိညာ- သက်တောင့်သက်သာ အား ထုတ်၍ မြန်မြန်သိမြင်သော သဒ္ဓါစုရ သတ္တက္ခတ္တုပရမ သောတာပန်။

(၂၁) ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ- ဆင်းဆင်းရဲရဲ အားထုတ်၍ နှေးနှေးသိမြင်သော ပညာစုရ သတ္တက္ခတ္တုပရမ သော တာပန်။

(၂၂) ဒုက္ခပဋိပဒါ ခိပ္ပာဘိညာ- ဆင်းဆင်းရဲရဲ အားထုတ်၍ မြန်မြန်သိသော ပညာစုရ သတ္တက္ခတ္တုပရမ သောတာပန်။

(၂၃) သုခပဋိပဒါ ဒန္ဓာဘိညာ- သက်တောင့်သက်သာ အား ထုတ်၍ နှေးနှေးသိမြင်သော ပညာစုရ သတ္တက္ခတ္တုပရမ သောတာပန်။

(၂၄) သုခပဋိပဒါ ခိပ္ပာဘိညာ- သက်တောင့်သက်သာ အား ထုတ်၍ မြန်မြန်သိမြင်သော ပညာစုရ သတ္တက္ခတ္တုပရမ သောတာပန်။

သောတာပန်ချင်း တူသော်လည်း ပါရမီကို အကြောင်းပြု၍ မြန်မြန် သိခြင်း၊ နှေးနှေးသိခြင်း ခြားနားသွား၏။

ဤအရာတွင် ဥပမာပြစရာထင်ရှား၏။ ဆရာတဦးထံတွင် ကျောင်းသူ ကျောင်းသားများစွာတို့ ပညာသင်ကြ၏။ တပည့်အားလုံးကို ဆရာက ပညာသင်ပေး၏။ မည်သူ့ကိုမျှ ပို၍ သင်ပေးခြင်း မပြု။ အညီအမျှပင် သင်ပေး၏။

သို့ပါလျက် တတ်မြောက်မှု၌ ခြားနားကုန်လေ၏။ ညီတူညီမျှ တတ်ကြသည်မဟုတ်။ ထူးထူးချွန်ချွန် တတ်သူကတတ်သည်။ အသင့်အတင့် တတ်သူ တတ်သည်။ ဗူးလုံးနားမထွင်း လုံးဝမတတ်သူများလည်း ရှိသည်။ မကြိုးစားသောကြောင့်ကား မဟုတ်၊ ပါရမီကြောင့်သာ ဖြစ်၏။ ဤ၌လည်း ထို့အတူပင် ပါရမီကြောင့်သာ ပါရမီ အနု၊ အရင့်အရ သိမှုတွင် ကွာခြား ခြင်း ဖြစ်သည်။

# ကိုယ့်ကိုယ်ကို ကိုယ်ဝေဖန် သောတာပန်၏ အခြေခံ

အကျိုးပေါ်လျှင် အကြောင်းထင်မြဲဖြစ်၏။ မည်သည့်အရာမဆို အခြေခံ မည်မည်ရရ သာတခုမျှမရှိပဲ ဖြစ်မလာနိုင်။ အကြောင်းနှင့် ကင်းသည်ဟူ၍ မရှိ။

ဥပမာ- သစ်ပင်ဖျား၌ သစ်ရွက်ကလေးများ တဖျပ်ဖျပ် လှုပ်နေသည်မှာ လေတိုက်သောကြောင့်၊ ကောင်းကင်ပေါ် ဝယ်မီးခိုးတွေ တလူလူ လွင့်နေခြင်းမှာ အောက်တွင် မီးလောင်နေသောကြောင့်၊ အညှော်နံ့ နံခြင်းမှာ အညှော်လုပ်နေသောကြောင့် ဖြစ်၏။ ယေဓမ္မာ ဟေတုပ္ပဘဝါ ဆိုသောအတိုင်း အရာခပ်သိမ်းတို့သည် အကြောင်းတရားကို အခြေခံ၍သာ ဖြစ်ကြရကုန်၏။

လူတို့သည် ဈေးဝယ်သောအခါ ရွေးလေ့ရှိကြ၏။ ရွေးခြင်းမှာ ဝတ္ထုပစ္စည်း ကောင်း၊ မကောင်းကို ဝေဖန်ခြင်းပင်တည်း၊ ကြိုက်မှဝယ်၏။ မကြိုက်လျှင် ပယ်၏။

မိမိ၏ ခန္ဓာကိုယ်ကို ဈေးဝယ်ရာ၌ အကောင်းအဆိုး ရွေးချယ် ဝေဖန်သကဲ့သို့ မိမိကိုယ်ကို ဝေဖန်ကြည့်သင့်၏။ ဈေးဝယ်ရာ၌ ကြိုက်မှဝယ် မကြိုက်လျှင် ပယ်သကဲ့သို့ မိမိ၏ခန္ဓာကိုယ်ကို ဝေဖန်သုံးသပ် ကြည့်ပြီးသော အခါ တွယ်တာသင့်က တွယ်တာရာ၏။ တွယ်တာဖွယ်၊ နှစ်သက်ဖွယ် မရှိလျှင်လည်း ပယ်သင့်က ပယ်ရ၏။

သမ္မသနဉာဏ်။ ။သမ္မသီယတေ ဧတေနာတိ သမ္မသနံ-ဟူသော ဝစနတ္ထ အရ သုံးသပ်တတ်သော ဉာဏ်ကို သမ္မသနဉာဏ်ဟု ခေါ်သည်။ သုံးသပ်ဆိုသည်မှာ ဝေဖန်ခြင်းပင်ဟည်း ဝေဖန်ခြင်းကို သုံးသပ်ဟု ခေါ်ဆိုသည်။

ထို့ကြောင့် မိမိ၏ခန္ဓာကိုယ်ကို မိမိသည်သာလျှင် အတွင်းသိ၊ အစင်းသိ အသိဆုံးဖြစ်သဖြင့် "ငါဘာကောင်လဲ" ဆိုသည်ကို မိမိကိုယ်ကိုမိမိ ဝေဖန်ကြည့်ရအောင်၊ သုံးသပ်ကြည့်ကြရအောင်။

ယင်းသို့ ဝေဖန်သုံးသပ်ရာ၌ ယေဘုယျအားဖြင့် ဝေဖန်သုံးသပ်ခြင်း မျိုးထက် အသေးစိတ်အားဖြင့် တသန့်စီ တသန့်စီ သီးခြားကဏ္ဍခွဲ၍ ဝေဖန်ခြင်းက သိမ္မဲ့၌ အကျိုးပြု၊ ထိရောက်နိုင်ဖွယ်ရာ ရှိသောကြောင့် မိမိ၏ခန္ဓာကိုယ်ကောင်ကြီးကို ကဏ္ဍ (၄) မျိုး ခွဲခြားလျက် ရှုထောင့် (၄) မျိုးမှ ကြည့်၍ ဝေဖန်သုံးသပ် ကြည့်ကြပါကုန်စို့။

(က) ခန္ဓာကိုယ်တခုလုံးကို ခြုံငုံ၍ ဝေဖန်သော ရှုထောင့် (ကလာပသမ္မသန)
(ခ) ခန္ဓာကိုယ်၌ အတိတ်ကိုရှု၍ ဝေဖန်သော ရှုထောင့် (အဒ္ဓါနသမ္မသန)
(ဂ) ခန္ဓာကိုယ်၌ပင် အေးရုပ်၊ ပူရုပ်စသည့် ဖြစ်စဉ်ခွဲခြား၍ ဝေဖန်သော ရှုထောင့် (သန္တတိသမ္မသန)
(ဃ) အေးရုပ်၊ ပူရုပ် ရုပ်စဉ်တမျိုးတည်းမှာပင် ဥပါဒ်၊ ဌီ၊ ဘင်၊ ခွဲခြား၍ မဝေဖန်သော ရှုထောင့် (ခဏ သမ္မသန)

ခန္ဓာကိုယ်ကို ရှုဒေထာင့် (၄)မျိုးမှနေ၍ ဝေဖန်ကြပါကုန်စို့။

(က) တကိုယ်လုံး ရှုထောင့်။ ။သဗ္ဗံ ရူပံ အနိစ္စံ၊ ခယ ဋ္ဌေန လူရုပ်၊ နတ်ရုပ်၊ ဗြဟ္မာရုပ်၊ တိရစ္ဆာန်ရုပ်၊ ထုံးရုပ်၊ ထိုင်းရုပ်၊ ဇရုပ်၊ တန်ဆောင်း ဂူကျောင်းစသော ရုပ်မှန်သမျှသည် ဖြစ်လာပြီးသည့်နောက် အရှည်စွဲ၍ တည်မြဲခြင်းမရှိ၊ ပျက်စီးတတ်သည့် သဘောရှိသောကြောင့် မည်သည့် ရုပ်ဝတ္ထုမျိုးမဆို ရုပ်မှန်သမျှ အနိစ္စချည်းပါတကား။

ဘဗ္ဗံရူပံ ဒုက္ခံ၊ ဘယဋ္ဌေန်— မည်သည့် ရုပ်ဝတ္ထုမျိုးမဆို မှန်သမျှသည် ဖြစ်ပြီးလျှင် ပျက်သည်ချည်းဖြစ်၍ ကြောက်မက်ဖွယ် ကောင်းသောကြောင့် ဒုက္ခချည်းပါတကား။

သဗ္ဗံရူပံ အနတ္တာ အသာရကဋ္ဌေန— မည်သည့် ရုပ်ဝတ္ထုမျိုးမဆို ရုပ်မှန်သမျှသည် အနှစ်သာရ မရှိသည့်အတွက် အတ္တမဟုတ်၊ ကိုယ်စိုးကိုယ်ပိုင် စီမံခြယ်လှယ်နိုင်သည် မဟုတ်သောကြောင့် အနတ္တချည်းပါကလား။ ဝေဒနာသည်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ သညာသည်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ ဤသို့ စသည်ဖြင့် ဝေဖန်သုံးသပ်ရာ၏။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဤလက္ခဏာ ၃-ရပ်သည် တခုနှင့်တခု ဆက်စပ်လျက်ရှိ၏။ ဆက်စပ်ပုံကား ရုပ်ဟူသမျှသည် အနှစ်သာရရှိခဲ့သော် ခိုင်မြဲရမည်။ မပျက်မစီးပဲ အရှည်စွဲ၍ တည်နေရမည်။ ထိုသို့ အရှည်စွဲ၍ တည်မြဲလေ့မရှိပဲ ဖြစ်လိုက်သမျှ ပျက်စီးကုန်ရသည်ချည်းသာ ဖြစ်၏။ ထို့ကြောင့် ကြောက်မက်ဖွယ် ကောင်းဘိစွ။ ဆင်းရဲတုံး စစ်စစ်ပါတကား။ မပျက်ချင်ပါပဲ လျက်လည်း ပျက်ရ၏။ မဆင်းရဲလိုပါပဲလျက်လည်း ဆင်းရဲရ၏။ ကိုယ့်အလို ကိုယ့်ဆန္ဒအရ ဘာမျှမဖြစ်။ အစိုးတရမရှိ။ အနတ္တပါတကား။

ထို့ကြောင့် ယင်းလက္ခာ ၃-ပါးအနက် ညာဏ်၌ တချက်ချက် ပိုင်ပိုင်နိုင်နိုင် ထင်မြင်လာလျှင် ဥပမာ— အမြဲမရှိပါတကားဟူ၍ အနိစ္စအချက်ကို

ကွက်ကွက်ကွင်းကွင်း အထင်းသား အသည်းနှလုံးထဲ၌ စွဲထင်လာလျှင် ကျန် ရှိသော ဒုက္ခနှင့် အနတ္တ ၂—ချက်သည်လည်း တခါဆွတ် တပြွတ်ပါဆိုသ ကဲ့သို့ အနိစ္စနောက်သို့ အလိုအလျောက် ပါလာ၏။ ဒုက္ခ၏အနက် အနတ္တ၏ သဘောများကို ပေါ်လောကြီး ထင်မြင်လာလေတော့၏။

ဤဝေဖန်ခြင်းကား ရုပ်တခုလုံးကို ခြုံငုံသော ရှုထောင့်မှ နေ၍ ဝေဖန်ခြင်းဖြစ်၏။ ဤသို့ ဝေဖန်ရာ၌ မြင်တွေ့လာရသည်ကား ရုပ်မှန် သမျှအားလုံး အနတ္တဟူ၍သာ တွေ့ရသောကြောင့် ဤရုပ်၌ သာယာဖွယ်၊ ခင်တွယ်ဖွယ်၊ မြတ်နိုးဖွယ်ရှိသည်ဟု ဆိုနိုင်ပါမည်လော။ မျက်စိအောက်တွင် တပျက်တည်း ပျက်ပျက်နေသည်ကို အမြဲမြင်တွေ့ရ၏။ ပျက်တာဟာ ချမ်း သာစရာလား၊ ဆင်းရဲစရာလား။ ချမ်းသာဖွယ်လား၊ ဆင်းရဲဖွယ်လား။ ဆင်းရဲတာဟာ နှစ်သက်ဖွယ်လား၊ စက်ဆုပ်ဖွယ်လား။ ဆင်းရဲတာကို မဆင်းရဲနှင့် တားလို့ကော ရပါသလား။ နင်မဆင်းရဲရဟု အမိန့်ပေးလို့ ကော ရပါသလား။ ဤသို့ ကိုယ့်ကိုယ်ကိုပြန်၍ မေးခွန်းထုတ်ကြည့်ကလည်း ဤရုပ်ကောင်ကြီးအပေါ်၌ သာယာစရာ၊ ခင်တွယ်မြတ်နိုးစရာ ရှိမရှိကို သိနိုင်ပေသည်။

(ခ) အတိတ်။ ။ဤ ခန္ဓာကိုယ် ရုပ်ကောင်ကြီး၏ မျက်မှောက်၊ ပစ္စုပ္ပန် ဖြစ်ရုပ်ကို ဘေးချိတ်ပြီး အတိတ်ကို ပြန်ကြည့် သုံးသပ်သည်ရှိသော်-

ယံ–အတီတေ ရူပံ၊ တံတသ္မာ
အတီတေ ခီဏံ၊ နယိမံ ဘဝံ
အပတ္တန္တိ အနိစ္စံ၊ ခယဋ္ဌေန။

အဓိပ္ပာယ်မှာ အတိတ်၌ဖြစ်ခဲ့သော ရုပ်သည် အတိတ်၌ပင် ချုပ် ပျက်ခဲ့ပြီးဖြစ်ကုန်ခဲ့ပြီ။ ဤပစ္စုပ္ပန် မျက်မှောက်ဘဝအထိ ပါမလာ။ ပါမ လာခြင်းမှာ မြဲသောသဘော မရှိ၊ ပျက်စီးချုပ်ပျောက်ခြင်း သဘော ရှိသောကြောင့် အနိစ္စ၊ အမြဲမရှိပါတကား။ ဒုက္ခ—ဆင်းရဲတုံး၊ ဆင်းရဲခဲကြီး ပါတကား။ အနတ္တ- ကိုယ့်အလိုသို့ မပါ၊ ကိုယ်စေစားရာကို မခံပါကလား အတွင်း၌ ဖြစ်သောရုပ်သည် အတွင်း၌ ချုပ်ခဲ့လေပြီ။ ကုန်ဆုံးခဲ့လေပြီ။ အပြင်သို့ ရောက်မလာသည်ကို ထောက်လျှင် အမြဲမရှိကြောင်း ထင်ရှား၏။

ထို့ကြောင့် အနိစ္စပါတကား။

ထို့အတူပင် ဗဟိဒ္ဓ—အပြင်ရုပ်၊ ဩဠာရိက-ရုပ်ကြမ်း၊ သုခုမ- ရုပ်နုတို့သည်လည်း မိမိတို့ဖြစ်ရာ၌သာ ချုပ်ပျောက်ကုန်ခန်း ကုန်သည်။

တနေရာမှ တနေရာသို့ ပါမလာ။ ဤသည်ကို ထောက်ခြင်းအားဖြင့် အမြဲ မရှိကြောင်း၊ ဆင်းရဲကြောင်း၊ ကိုယ့်အလိုသို့ မပါကြောင်း ထင်ရှား၏။ ထို့ကြောင့် အနိစ္စ–အမြဲမရှိပါတကား။ ဒုက္ခ–ဆင်းရဲတုံး ဆင်းရဲခဲကြီး ပါတကား။ အနတ္တ–အစိုးမရပါတကား။

ဤသို့စသည်ဖြင့် အဘိတ်ရှုထောင့်မှကြည့်၍ ဝေဖန်သုံးသပ်သော အခါတွင်လည်း ဤရုပ်ကောင်ကြီး အပေါ်တွင် ခင်တွယ်စရာ၊ မြတ်နိုး စရာဟူ၍ မရှိသည်ကို သတိပြုရာ၏။

(ဂ) အစိတ်စိတ်ရှုထောင့်။ ။နေပူစပ်ခါးထဲ၌ ရေးသွားသောအခါ များတွင် အပူရုပ်စဉ် ဖြစ်နေ၏။ ရုပ်ပူကြီး ဖြစ်၏။ နေရိပ်ထဲသို့ ဝင်ပြီး နောက် ခဏကြာမှပင် စောစောပိုင်းက တရှိန်ရှိန်ပူလောင်နေသော ပူရုပ်စဉ် ပျောက်၍ အေးရုပ်စဉ် ရောက်လာ၏။ ဖျားနာသောအခါ ဖျားရုပ်၊ နာ ရုပ်စဉ်ဖြစ်၍ ဖျားရုပ်ပျောက်လျှင် ကျန်းမာရုပ် ရောက်လာ၏။ ထိုင်နေ သောရုပ်စဉ်သည် ထလိုက်လျှင် ပျောက်၍ ထရုပ် ရောက်လာ၏။

မင်းသား၊ မင်းသမီး နှစ်ပါးသွား ကနေသည်ကို ကြည့်။ မင်းသမီး က အကရပ်၍ သီချင်းဆိုသောအခါ မင်းသမီး၏အသံသို့ အာရုံရောက် သွားပြန်၏။ ဤ၌ နှစ်ပါးသွားအကကို ကြည့်နေသော ရုပ်စဉ်သည် ဇာကြိုး ဆုံးလျှင် ပျောက်လေ၏။ မင်းသမီး၏ သီချင်းသံဆီသို့ ပါမလာတော့ချေ။ အကကိုကြည့်သော ရုပ်စဉ်သည် အကတွင်ပျောက်၍ အဆိုရောက်လာ သည်။ ဤသို့စသည်ဖြင့် ကိုယ်အမူအရာ အရိယာပုထ်တွေ လှုပ်ရှားလေတိုင်း လှုပ်ရှားလေတိုင်း ရုပ်အစဉ်တွေ တခုနှင့်တခုမထပ်ပဲ တပြောက်ပြောက် ပျောက်ပျောက်နေသော ရှုထောင့်မှဝေဖန်သုံးသပ်ကြည့်ပြန်သော် ဤခန္ဓာ ကိုယ်ကြီးအပေါ်တွင် အမြဲတည်နေသောအရာ၊ ချမ်းသာဖွယ်ကောင်းသော အရာ၊ ကိုယ့်စိတ်တိုင်းကျ နေဆိုနေ၊ သေဆိုသေ၊ ရှင်ဆိုရှင်၊ သွားဆိုသွား၊ လာဆိုလာ၊ ထိုင်ဆိုထိုင်ဟူ၍ အမိန့်ပေးသောအခါတိုင်း ကိုယ့်ဩဇာ တည် သောအရာ၊ ကိုယ့်အမိန့်ကို နာခံသောအရာများ ရှိမရှိကို သတိပြုကြည့်လျှင် သူသိ၊ ငါသိ အားလုံးသိနိုင်ပေ၏။

(ဃ)အခိုက်အတန့် ခဏရှုထောင့်။ ။ဥပါဒ်၊ ဌီ၊ ဘင်ဟူသော ခဏတ္တယကို ခဏအခိုက်အတန့်ဟုခေါ်၏။ ဖြစ်ခိုက်ခဏ၊ တည်နေခိုက်ခဏ၊ ပျက်ခိုက်ခဏဟု ဆိုလိုသည်။ ဤရှုထောင့်မှာ ဖြစ်၊ တည်၊ ပျက် အလွန် မြန်ဆန်လွန်းလှသောကြောင့် ရှုပွားရန်မလွယ်လှ။ ဥပမာ၊ သွားနေသော လက်ပတ်နာရီ၏ စက္ကန့်အိမ်မြှောင် လက်တံကလေးကို ကြည့်ခြင်းအားဖြင့်

ခဏကာလ၏မြန်ဆန်မှုကိုရိပ်စားမိနိုင်၏။ တမိနစ်အချိန်ကိုကြည့်အားခြင်းဖြင့် ခဏကာလ၏ မြန်ဆန်မှုကို ရိပ်စားမိနိုင်၏။ တမိနစ် အချိန်ကို စက္ကန့် ၆၀ ဖြင့် မှတ်၏။ တစက္ကန့် အချိန်ကိုလည်း အစိတ်ပေါင်း ၆၀ ပိုင်း၍မှတ်နိုင်၏။ မြန်သောကြောင့် မပြတ်သွားနေသည် ထင်ရ၏။ သို့သော် စက္ကန့် တချက် လှုပ်တိုင်းလှုပ်တိုင်း ချုပ်၏။ ထိုစက္ကန့်သည် နောင် ဘယ်သောအခါမျှ ပြန်၍ ပေါ်မလာတော့ချေ။ စက္ကန့်သစ်တွေသာ တဖြစ်တည်း ဖြစ်နေလေသည်။

ယခု ရေးနေသော ဤစာလုံးကလေးများသည်လည်း ဤနေရာတွင် ချုပ်လေ၏၊ တိုတောင်းလှသော ခဏကလေးအတွင်း ပျောက်၏။ ဘဝအဆက်ဆက်၊ ကမ္ဘာအဆက်ဆက် ဤစာလုံးကလေးများ မည်သည့်အခါမျှ ပေါ်လာတော့မည် မဟုတ်။ လောကအားလုံးသည် စက္ကန့်တိုင်း၊ စက္ကန့်တိုင်း အဟောင်းတွေနေ့ရစ်၍ အသစ်သစ်များသာ ဖြစ်ပေါ်နေ၏။

မျက်စိတမှိတ် လျှပ်တပြက်အတွင်း၌ ဥပါဒ်၊ ဌီ၊ ဘင် ပေါင်းမရေမတွက်နိုင်အောင် များလှချေ၏။ ဤအခိုက်အတန့် ဓာ ခဏကလေးတွေအတွင်းမှာပင် ရုပ်ဟောင်း နာမ်ဟောင်းတွေ ချုပ်ပျောက် ချုပ်ပျောက် တဖြောက်ဖြောက်ပျောက်ပြီးရုပ်သစ်နာမ်သစ်တွေ အသစ်အသစ် ဖြစ်ဖြစ် ပေါ်ပေါက်လာပုံများကို သာမန် ပုဂ္ဂိုလ်တို့ အနေဖြင့် မရှုပွားနိုင်ဟုဆို၏။

ဤကား သမ္မသနဉာဏ်ဖြင့် မိမိကိုယ်ကိုမိမိ ပြန်၍ရှုသောင့် ၄ မျိုးမှ သုံးသပ်ဝေဖန်ရာတွင် တွေ့ရှိရသော ခန္ဓာကိုယ်ကောင်၏ သဘာဝအနေအထား ဖြစ်သတည်း။

တဆင့်ထက်တဆင့် သမ္မသနဉာဏ် ရင့်သန်အားကောင်းလျှင် အားကောင်းသည်နှင့်အမျှ ဤရုပ်ကောင်ကြီး၏ ပကတိဖြစ်အင်ကို ပို၍ပီပီပြင်ပြင် ထင်လာ၊ မြင်လာလိမ့်အံ့။ ရုပ်ကို ရုပ်သပ်သပ်၊ နာမ်ကို နာမ်သပ်သပ် ပြတ်ပြတ်သားသား ကွဲပြားလာလတ္တံ့။

ရူပံနိစ္စံ-ရုပ်မှာတန်ခိုးမရှိ၊အရှိန်အဝါဘာမျှမရှိ။ ရုပ်သည် စားတတ်သောသတ္တိ ရှိသော်လည်း စားလိုသောအာသာဆန္ဒ မရှိသောကြောင့် စားခြင်းကိစ္စ မဖြစ်မြောက်၊ စားမှုဖြစ်၍မလာ။

နာမ်သည်လည်း ထိုအတူပင်တည်း။ နာမံနိစ္စံ– နာမ်မှာတန်ခိုးမရှိ၊ အရှိန်အဝါဘာမျှမရှိ။ နာမ်သည် စားလိုသောအာသာဆန္ဒရှိငြားသော်လည်းစားဝါးစရာသွားမရှိ

> သောကြောင့် စားခြင်းကိစ္စ မဖြစ်မြောက်၊ စားမှုဖြစ်၍ မလာ။

လူ ၂ ယောက်ပေါင်း ခြေ ၂ ချောင်း မျက်ကောင်း ၂ ခုသာ ဆိုသကဲ့သို့ ရုပ်နာမ် ၂ ရပ် စပ်တွဲပူးပေါင်းမိလေမှ နာမ်က စားလိုသော ဆန္ဒပြု၍ အစာကို ဘောင်း၏၊ စားတတ်သောရုပ်က နာမ်၏အာသာဆန္ဒ ပြည့်ဝအောင် ဖြည့်ပေး၏။ အစာကို ရုပ်လက်ဖြင့်ယူ၍ ပါးစပ်ထဲသို့သွင်း ကာရုပ်သွားများဖြင့် ဝါးကာဝါးကာ စားပေး၏။ ဤသို့ရုပ်နာမ် ၂ ရပ် ပူးပေါင်း တွဲစပ်၍ ဆောင်ရွက်လိုက်ခြင်းအားဖြင့် စားခြင်းကိစ္စဖြစ်မြောက် လျက် စားမှုဖြစ်လာသည်။

သွားခြင်း၌လည်း ထို့အတူပင်တည်း။

> ရုပ်သည်သွားတတ်သော်လည်းသူ့မှာသွားလိုသော ဆန္ဒမရှိသောကြောင့်သူ့ချည်းသက်သက်အားဖြင့်သွားခြင်း ကိစ္စမဖြစ်။ နာမ်မှာသွားလိုသော ဆန္ဒရှိငြားသော်လည်း သူ့မှာ သွားစရာ ခြေထောက် မပါသောကြောင့် သူ့ချည်း သက်သက်အားဖြင့် သွားခြင်းကိစ္စမဖြစ်။ သူတို့ချင်း ပေါင်း စပ်မိမှသာ သွားခြင်းကိစ္စ ဖြစ်သတည်း။

ဤသို့ ရုပ်နှင့် နာမ်ကို ခွဲခွဲခြားခြား နားလည် သဘောပေါက် သည်ကို နာမရူပပရိစ္ဆေဒဉာဏ်၊ နာမရူပပစ္စယပရိဂ္ဂဟဉာဏ်၊နာမရူပပဝတ္တန ဉာဏ်ဟု ခေါ်လေသည်။

သမ္မသနဉာဏ် ရင့်သန်၍ ရုပ်ကိုရုပ်သပ်သပ် နာမ်ကို နာမ်သပ်သပ် အရှိကို အရှိအတိုင်း နှလုံး၌စွဲ၍ သိလာ၊ ထင်လာ၊ မြင်လာသောအခါ ရုပ်နှင့် နာမ်သာ ပါတကား။ ငါမဟုတ်၊ သူမဟုတ်၊ မိန်းမ မဟုတ်၊ ယောကျ်ားမဟုတ် ဟူ၍ ပြတ်ပြတ် သားသား ခွဲ ခြား တတ် လာ မည်။ ထိုအခါ သက္ကာယဒိဋ္ဌိ ကွာ၍ အတ္တစွဲ၊ ငါစွဲ ပြုတ်လေပြီ ဘည်း။ သက္ကာယ ပြုတ်သည်နှင့်တပြိုင်နက် ဖြုတ်ခနဲ တောတာပန် ဖြစ်လေသတည်း။

ထို့ကြောင့် သောတာပန် ဖြစ်လိုသော် ကိုယ့်ကိုယ်ကို အားမနာ တမ်း၊ မညှာတမ်း သမ္မသနဉာဏ်ဖြင့် သုံးသပ်ပါ၊ ဝေဖန်ပါ။ ရုပ်သားနှင့် နာမ်သားကို ခွဲခွဲခြားခြား၊ တဖွားဖွား ပေါ်လာအောင်၊ ထင်လာ မြင် လာအောင် နာနာ ရှုပေးပါ။ ဤသို့ သမ္မသနဉာဏ်ဖြင့် ကိုယ့်ကိုယ်ကို ဝေဖန်သုံးသပ်ခြင်းသည် သောတာပန်တယောက် ဖြစ်မြောက်ရန် အလား အလာ များစွာ ရှိပါသတည်း။

ယို့ကြောင့်ပင် မဟုတ်ပါလော။

တေဘူမက သန်ါရေသု၊
ပဿတော လက္ခဏတ္တယံ
သမ္မသနနာမံ ဉာဏံ
ဇာတံ ပထမ ယောဂိနော။

ဘေဘူမကသန်ါရေသု– ကာမရူပ အရူပဟု လောကသုံးရပ် ဘုံသုံးထပ်တွင် ပါဝင်သမျှ သန်ါရတို့၌၊ လက္ခဏတ္တယံ–မမြဲနိုင်လစ် ဒုက္ခစစ်နှင့် အနှစ်မဲ့အင် လက္ခဏာယာဉ်သုံးပါးကို၊ ပဿတော–နည်းအဖုံဖုံ ကုန်အောင်စုံမျှ တလုံးလဲလဲ စွဲမြဲထင်မြင်အောင် ဆင်ခြင် ကြည့်ရှု၍ နေသော၊ ပထမ ယောဂိနော– ပထမလျှင် အစထွင်၍ အစဉ်ကြိုးကုတ် အားထုတ်သော ပုဂ္ဂိုလ်၏၊ သမ္မသနနာမံဉာဏံ– သမ္မသန အမည်ရလျက် သန်ါရတွင် ဉာဏ်အလင်းသည်၊ ဇာတံ–ဒုက္ခခပ်သိမ်း ဝဋ္ဋဇာတ်ငြိမ်းဖို့ ကိန်းအားလျော်စွာ ဖြစ်ပေါ်လာပေသတည်း။

သောတာပန်ဖြစ်လျှင် အလိုအလျောက် အရိယာဘုံသား အဖြစ် သန်းခေါင်စာရင်းဝင် ဖြစ်သွား၏။ အရိယာဘုံဟူသည် လူ့ဘုံ၊နတ်ဘုံတို့ ကဲ့သို့သော တသီးတခြားဘုံမျိုး မဟုတ်။ မြတ်သောသူတို့၏ နေရာကို အရိယာဘုံဟု ဆိုခြင်းဖြစ်ပေသည်။ သောတာပန်သည် သံယောဇဉ် အမျှင် မဖြတ်နိုင်သေးသဖြင့် သားတွဲလောင်း၊ သမီးတွဲလောင်းနှင့် ဇနီး တွဲလောင်း၊ လယ်ယာ ချောင်းမြောင်းစသော ပစ္စည်းဥစ္စာတော့ တွဲလောင်းနှင့် ရှိစဉ်းတော့ သူနေသော အိမ်ဂေဟာသည် အရိယာဘုံ အရိယာစံအိမ် ဖြစ်၏။

သောတာပန်သည် အရိယာဇာတ်ဝင် သူတော် သူမြတ် ဖြစ်၏။ အဘယ်မျှ မြတ်သနည်း။ အဘယ်အထိ မြတ်သနည်းဆိုသော်–

ပထဗျာ ဧကရဇ္ဇေန၊
သဂ္ဂဿ ဂမနေန ဝါ၊
သဗ္ဗလောကာဓိ ပစ္စေန၊
သောတာပတ္တိဖလံ ဝရံ။[၁]

သောတာပတ္တိဖလံ– သောတာပတ္တိ ဖိုလ်သည်၊ ဝါ–သောတာပန် တည်သော ပုဂ္ဂိုလ်သည်ကား၊ ပထဗျာ ဧကရဇ္ဇေန– ဝါ– ဤမဟာပထဝီ

---

၁။ ဓမ္မပဒ ပါဠိတော်မျက်နှာ–၄၀။

မြေပြင်အလုံးကို ဘုန်းနှင့်သမ္ဘာ အာဏာတန်ခိုးဖြင့် အစိုးရသော ကေရာဇ်မင်းတရားကြီး ထက်လည်းကောင်း၊ သဂ္ဂဿ ဂမနေန ဝါ- နတ်ပြည်သို့ လားရခြင်းထက် လည်းကောင်း၊ သဗ္ဗလောကာဓိ ပစ္စေန ဝါ-- လောက အားလုံးကို သိမ်းကျုံး အစိုးရခြင်းထက် လည်းကောင်း၊ ဝရံ--ဆထက် လွန်ကျူး အထူးသဖြင့် မြတ်သတည်း။

အဓိပ္ပာယ်မှာ--သောတာပန် ဟူ၍ ဖြစ်လာလျှင် သား၊ မယားနှင့် နေသည်ဖြစ်စေ၊ မနေသည်ဖြစ်စေ၊ မည်သည့် သောတာပန်မဆို ပုထုဇဉ် ဗြဟ္မာကြီးများထက်ပင် မြတ်သောဟူပေ၏။ အဘယ့်ကြောင့် ဆို သော် ပုထုဇဉ်ဗြဟ္မာကြီးများမှာ ရှေးကုသိုလ်အဟုန်ကြောင့် ဗြဟ္မာဘုံသို့ ရောက်ကာ ဗြဟ္မာမင်းကြီးများ ဖြစ်နေကြကုန် သော်ငြားလည်း သူတို့မှာ ဘဝ အာမခံချက်မရှိချေ။ ဗြဟ္မာဖြစ်၍ တဝင်းဝင်း၊ ဝက်စားကျင်းမှာ တရှုတ် ရှုတ်ဆိုသကဲ့သို့ ပုထုဇဉ်တို့၏ သဘာဝအတိုင်း ယနေ့ ဗြဟ္မာ၊ နက်ဖြန်ခါ ဝက်၊ သို့မဟုတ် ပိုးမွှားတိရစ္ဆာန် အမျိုးမျိုး ဖြစ်နိုင်၏။ သံသရာတခွင်တွင် ကျင်လည်ရပေဦးမည်။ သံသရာ၏လမ်းဆုံးသို့ မရောက်သေးချေ။

သောတာပန် ပုဂ္ဂိုလ်၌ကား ဘဝအာမခံချက် အသေအချာ ရရှိထား ပြီးဖြစ်၏။ မည်သည့်အခါမျှ အပါယ်လေးပါးသို့ မလားရခြင်း တချက်၊ ကာမဘုံဘွင် (၇) ဘဝ ဘုံစဉ်စံပြီးသည့်အဆုံးတွင် နိဗ္ဗာန်သို့ ကေန်ရောက် တော့မည်ဘချက်၊ ဤအချက်များ သေချာနေသည် ဖြစ်သည့်အတွက် ပုထုဇဉ်ဗြဟ္မာကြီးများထက် မြတ်သည်ဟု ဆိုသတည်း။

## ဗြဟ္မာဖြစ်၍ တဝင်းဝင်း၊ ဝက်စားကျင်းမှာတရှုတ်ရှုတ်

သောတာပန်သည် ဗြဟ္မာထက်မြတ်ကြောင်းနှင့် ပတ်သက်၍ ဂတိ မမြဲပုံကို နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌ ဗုဒ္ဓဟောတော်မူ၏။ ယင်းအဓိပ္ပာယ် ကို ခြုံငုံမိအောင်ယူ၍ ထင်းကနဲ လင်းကနဲ မြင်အောင် ပေါ်လွင်အောင် ညောင်ပင်သာ ဆရာတော်က မြန်မာ ဆန်ဆန် ကဗျာဉာဏ်ဖြင့် ရေးသား သီကုံးထားသည်မှာ လွန်စွာမှတ်သားဖွယ် ကောင်းလှသဖြင့် အလျဉ်းသင့်၍ ဤတွင် ဖော်ပြလိုက်ပါသည်။

ဇာတိမင်းစိုးခြုံ၍၊ သုံးသုံးဆယ့်တစ်၊ ဘဝခေတ်တွင်နစ်သူ တမွှားမွှား၊ ပေါ်သူတကြွားကြွား၊ မော်သူတဟားဟား၊ တရားနှင့် စစ်လိုက်တော့၊ ဖြစ်သူဖြစ်၊ ပျက်သူပျက်၊ တက်သူတက်၊ ဆင်းသူ

ဆင်း၊ သေလောကဓမ်မကောင်း၍၊ ပြဟ္မာမင်းဖြစ်တုန်းက၊ လျှပ်စစ်လို ကိုယ်ရောင်၊ တပြောင်ပြောင်တလက်လက်၊ ဝက်ဖြစ်တော့ တအွတ် အွတ်၊ မြင်းမိုရ်ထွတ်ထိပ်ဖျားဌ်၊ သိကြားမင်းဖြစ်တုန်းက၊ နတ်ဘုရင်၊ လူ့ပြည်တွင် လွတိုက်၊ မောဟိုက်၍ တရှူးရှူး၊ ခုနစ်ဆူရတနာနှင့်၊ စကြာမင်းဖြစ်တုန်းက၊ ဘုန်းတေဇာကဲမိုး၊ လေးကျွန်းလုံး အုပ်စိုး၊ တန်ခိုးကြီးမား၊ ဒွန်းစဏ္ဍာလ းဘဝမှာတော့၊ တနပ်စာမျှ စားစရာ၊ တရွာလုံးတောင်းမရ၊ သုခနှင့်ဒုက္ခ၊ တွေ့ကြုံမြဲမုချ၊ ဘဝကအလှန် များ၊ နွားဖြစ်၍ဝန်ရုန်း၊ တကုန်းကုန်းဆင်းရဲနက်၊ ငှက်ဖြစ်၍ လုံ့နင့်သေ၊ အကုသိုလ် မွေသောကြောင့်၊ ရေမှာဖြစ်၊ မြေမှာဖြစ်၊ အညှိဖြစ်၊ အဥဖြစ်၊ ကိုယ်တွင်းဖြစ်၊ ဝမ်းတွင်းအောင်း၊ ကောင်း သည်ကားတဘဝ၊ မကောင်းသည်ကား အနန္တ၊ ဒုက္ခကံပို၊ ဦးချိုနှင့် တမောက်မောက်၊ အတောင်ရောက်၊ အမြီးပေါက်၊ နှစ်ချောင်း ထောက်၊ လေးချောင်းထောက်၊ မှောက်လျက်သွား၊ ဗိလာသွား၊ ခြေများခြေနည်း၊ ခြေမရှိအချည်းနှီး၊ ရုပ်ပုံလည်းမတူ၊ ဖြူတခါ၊ ညိုတခါ၊ အဝါ၊ အမွှောင်၊ အကြောင် အကျား၊ အထွေထွေ ဆန်းပြား၊ စကားပြောနိုင်တဲ့ဘဝ၊ တုဏှိဘောဖြင့်၊ မပြောနိုင်တဲ့ ဘဝမပြော၊ ချောတဲ့ဘဝချော၊ ကြမ်းတဲ့ဘဝကြမ်း၊ ပရမ်းပတာ၊ ကြောက်စရာ့ သံသရာ၊ ရေမှာကျက်စား၊ မြေမှာကျက်စား၊ ကောင်းကင်မှာ ကျက်စား၊ ငါးဖြစ်တုံ၊ ဖားဖြစ်တုံ၊ ကြုံရသည် အကြိမ်ကြိမ်၊ ရှိန်တခါ၊ မှုန်တခါ၊ တောက်တခါ၊ မှေးတခါ၊ အောက်မှာနရက်၊ အထက်မှာဘဝဂ်၊ ကြွက်ကြွက်ဆူ ဗရပွေ၊ ရှုပ်၍ သာနေရော့၊ သေလို့လည်းမဆုံး၊ နာ၍လည်းမဆုံး ဝဲလှည့်သည့် သစ်တုံးကဲ့သို့....။

ဆုံးမမြင်၊ စမမြင် စက်ရှင်ယန္တရား၊ ချာလည်ပတ်တဲ့၊ ရဟတ်ချား၊ ဆုံလည်သည့် နွားကဲ့သို့၊ ငါးပါးသောဂတိဖြင့်၊ တရိရိပင်ပန်း၊ နွမ်းတယ်လို့လည်းမကြောက်၊ အာရုံနှောက်သော ကြောင့်၊ အကောက်ကို အဖြောင့်မှတ်၊ အမြတ်ကို အယုတ်ထင်၊ ကာမဂုဏ်ပင်သဖြင့်၊ အမြင်မှား၊ အထင်မှား၊ ထက်လှသည့် သင်ဓုန်းသွားဝယ်၊ တင်ထားသည့် ပျားရည်စက်၊ လျက်မိလျှင်၊ တခါတည်း၊ လျှာထက်ခြမ်း၊ ဖြန်းဖြန်းကြီး ကွဲသကဲ့သို့၊ လွဲသူသာ များပေသည်။

အသိဉာဏ်ယွင်းယို၊ ငါ့ကိုယ်ဟုမှတ်မှား၊ မာနက တကြွား ကြွား၊ သီလက ခေါင်းပါး၊ ဘာဝနာက တက်တက်ရှား၊ ငါ့

မယား ငါ့သားဟု၊ စွဲလမ်းချက် ကြီးမား၍၊ လေးပါးသော ဥပါဒါန်၊ ဟုတ်ရာကိုမကြံပဲ၊ ဖောက်ပြန်သူသာ များချေသည်။

အရှည်တွင်လည်း သံသရာ၊ အခုည်တွင် တဏှာ၊ သံသရာ တိုအောင်၊ တဏှာကို ရှောင်၊ တောင်တွင်လည်း မြင်းမိုရ်၊ မြင်းတွင် လည်း အသာတိုရ်၊ ဂုဏ်ရှိရာ ဆိုခဲ့မည်၊ မြင်းမိုရ်ကို ပုံရှ၍၊ ကုသိုလ်ကို များအောင်ပြု၊ ကောင်းမှုကို များအောင်ကြံ၊ သတ္တဝါကောင်း မကောင်း၊ အကြောင်းသာ စီမံသည်၊ ကံလျှင်အမိ၊ ကံလျှင်အဘ၊ သည်တရား ဧကန္တ၊ ကံမြင့်မှ မြင့်သတဲ့၊ ကံဆင့်မှ ယဉ်သတဲ့၊ ကံပေးမှ ငွေးသတဲ့၊ ကံညွန်းမှ ထွန်းသတဲ့၊ ကံပေါ်မှ ကျော်သတဲ့၊ မော်လို့များ၊ ငါတကား ဟု ဝါကြွားကာ မယောင်ကြနှင့်၊ ကံပြောင်အောင် ကုသိုလ်မျိုးကို၊ ကြိုးစား၍ ပြုကြရမည်၊ သို့ဖြစ် သည်ကြောင့်—

ပုညံ ဘိက္ခဝေ မာဘာယိတ္ထ၊
ပုညံ ဘာယန္တော သုခံ ဘာယတိနာမ။

ဘိက္ခဝေ- သူတော်ကောင်းတို့၊ ဝါ- သံသရာဘေးကို မြေး ၍ပင် မကြည့်သော်လည်း၊ မိမိကိုယ်တွင် ငါကပဲဟု၊ လိပ်ခဲတည်း လည်း၊ ဟုတ်မှန်းလိလိ၊ မြင်သိလေ့ရှိကြကုန်သော၊ သူတော်ကောင်း အပေါင်းတို့၊ ပုညံ- ကောင်းမှုပြုရန် ကိစ္စကို၊ တုမှ- သင်တို့သည်၊ မာဘာယိတ္ထ- မကြောက်ကြကုန်လင့်၊ ပုညံ- ကောင်းမှုပြုရန် ကိစ္စ ကို၊ ဘာယန္တော- ကြောက်သောသူသည်၊ သုခံ- လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို၊ ဘာယတိနာမ- ကြောက်သည် မည်၏။

ဤသို့ ပြဆိုပြီးသောအတိုင်း ပုထုဇဉ်မှန်သမျှ အပါယ်မကျဘူးသူ၊ အပါယ်မရောက်ဘူးသူ ဟူ၍ မရှိ။ အပါယ် လေးပါးသို့ ထုတ်ချင်းခတ် တိုးလျှိုပေါက် ရောက်ဖူးကြသည်ချည်းသာ ဖြစ်၏။

အပါယ်ဘုံသို့အရောက် အပေါက် သလောက်ဆိုလျှင် တော်လောက် ပါပြီ။ အပါယ်တံခါးကြီးကို ပိတ်ပြီး နိဗ္ဗာန်ကို စိတ်ချရအောင် သော တာပန် ဖြစ်ရေးသို့ ရှေးရှုကြကုန်ရာ သတည်း။

# ဝေဘူဆရာတော်ဘုရား၏ သောတာပန် တရားတော်

မခက်ဘူးဗျာ့။

လွယ်လိုက်တာမှ အင်မတန် လွယ်ဗျာ့။

လွယ်လိုက်တာ ဒကာကြီး၊ ဒကာမကြီးများရယ်။

ဤသည်တို့ကား ဝေဘူဆရာတော်ဘုရားကြီး၏ တရားဟောရာတွင် မြွက်ကြားလေ့ရှိသော မိန့်ခွန်းတော် ဖြစ်၏။ တရားတော်ကို ခက်သည်ထင်၍ လန့်နေသူများအား ရွံ့ကြောက်ခြင်း ကင်းစွာ တရားတော်ကို ကြားနာနိုင်လာအောင် အားဓာတ် သွင်းပေးတော်မူလိုက်ခြင်းဟု ဆိုနိုင်၏။

ဆရာတော်သည် သက်တော်ထင်ရှား ရှိစဉ်အခါက အကြိမ်ပေါင်း တသောင်းကျော် တရားဟောတော် မူပါလျက်ကို တကြိမ်တခါမှ ကျွန်ုပ် ကြားနာခွင့် မရခဲ့ပါ။ သို့ရာတွင် သာသနာရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့် (မှူးဟောင်း)၏ ကျေးဇူးကြောင့် ဆရာတော်ဘုရား၏ တရားတော်ကို ကြားနာခွင့် ရရှိပါသည်။ ဆရာတော်ဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က ဟောကြားသွားတော်မူသော သန္တိဌိက တရားတော်များနှင့် သန္ဒိဌိက ဓမ္မလမ်းစဉ် စာအုပ်ကို ဦးကြည်ညွန့်က ဓမ္မဒါန ပြုသောကြောင့် ဖြစ်ပါသည်။ ဦးကြည်ညွန့်၏ ကျေးဇူးကား လွန်စွာကြီးမားလှပါပေသည်။

၁၉၅၄-ခု လောက်က ထင်ပါသည်။ ဆရာတော်သည် ရန်ကုန်သို့ ကြွလာ၍ တက္ကသိုလ်ဓမ္မာရုံတွင် သိတင်းသုံး ပြီး ဒကာ၊ ဒကာမတို့ ကုသိုလ်ပွားများစေရန် အလှူငွေ ကိုယ်တော်တိုင် ကြွ၍ ခံယူခံပါသည်။ ထိုအချိန်က ကျွန်ုပ်မှာ မြေနီကုန်း၊ စမ်းချောင်း မဟာမြိုင်လမ်း၌ နေသဖြင့် ဆရာတော် ကြွလာမည့် လမ်းတလျှောက်လုံးကို သူ့ထက်ငါ ဖျာ၊ သင်ဖြူး၊ ကော်ဇော

များကို ခင်းကြပုံကို လည်းကောင်း၊ အချို့ အမျိုးသမီး ကြီး၊ ငယ်တို့က ဆရာတော် ကြွလာတော်မူသောအခါ ဆံပင် ဖြန့်ပေးကြသည်ကို လည်းကောင်း ကိုယ်တော့ကြုံဖူးခြင်း၊ အခိုက်အတန့်အားဖြင့် ဆရာတော်ဘုရားအား ကိုယ်တိုင် ဖူးမြော်လိုက်ရခြင်း များဖြင့်သာ ရောင့်ရဲခဲ့ရပါသည်။ တရားနာသွားရန် အားထုတ်ငြားလည်း ကံက ဖယ်လေရော့သလား၊ အကြောင်းအချိုးမျိုးကြောင့် ပျက်ကွက်ပြီး ကြားနာခွင့် မရခဲ့ပါ။

ဆရာတော်၏ တရားစာအုပ်ကို ဖတ်ရှုရသောအခါ 'သက်တော်ထင်ရှား ရှိစဉ်က တရားတော်ကို ငါ မနာခဲ့မိလေခြင်း' ဟူ၍ နောင်တကြီးစွာ ရမိလာပါသည်။ ဆရာတော်၏ တရားတော်များမှာ အခြေအနေအရ စာအုပ်ဘွင်း၌ တည်နေကိန်းဝပ်လျက် ရှိနေကြသော်လည်း ဆရာတော်ကိုယ်တိုင် ဟောနေသကဲ့သို့ ထင်ရသည်။

မြန်မာမှု၌ အရေးသဒ္ဒါ၊ အပြောသဒ္ဒါ၊ ဝါ- အရေးစကား၊ အပြောစကားဟူ၍ရှိရာသည်ဖြစ်ရာ အရေးစကားထက် အပြောစကားကို ပို၍ သဘာပေါက် လွယ်ကြသည်။ နားရှင်းကြသည်။ ဗုဒ္ဓ၏ တရားတော်ကို ပါဠိပါဠ်သားတွေ မပါပဲ မြန်မာစကား သက်သက်ဖြင့် မီးဖိုချောင်ထဲက လူတွေရော၊ ဗျပ်ထိုးခေါင်းရွက်ဈေးသည်များပါမကျန် လွယ်လွယ်ကူကူနှင့် အားလုံးနာယူနိုင်အောင် ဟောတော်မူသည်ကို တွေ့ရပါသည်။

တရားစာများကို ဖတ်ယင်း မိဘများက စကားမတတ်သေးသည့် သားငယ်၊ သမီးငယ် ပေါက်စနလေးများအား စကားသင်ပေးပုံကို မြင်ယောင်လာသည်။ ဆရာတော်၏ ဟောပြောပုံမှာ ကလေးငယ်များအား စကားသင်ပုံနှင့် တူလှ၏။ တရားဟောသည်ဟူ၍ မထင်။ တရားတော်၏ အနှစ်သာရများကို တလုံးသင်၊ နှစ်လုံးသင်နှင့် နားမလည်မချင်း တရားတော်ကို လက်ထပ်သင်ပြပေးနေသည်ဟု ထင်လာသည်။

မှန်၏။ သောတာပန် ဖြစ်ထိုက်သော အင်္ဂါလက္ခဏာလေးရပ်တွင် သဒ္ဓမ္မသဝန၊ သူတော်ကောင်းတို့ ဟောဖော်ညွှန်ပြသော တရားကို ကြားနာခြင်းဟူသော အချက်ကို လက်ကိုင်ပြုကာ တရားနာသူတို့အား လွယ်လွယ်နှင့် မြန်မြန် သောတာပန် ဖြစ်အောင် ဟောကြားတော်မူပုံကို ဤတွင် အကွက်ဆိုက်သဖြင့် အမြွက်မျှ ဖော်ပြရသော်- (မှတ်ချက်- တဘက် ဖော်ပြလတ္တံ့သော စကားလုံးများမှာဆရာတော် ဟောတော်မူသည့်အတိုင်း သန္ဒိဋ္ဌိက တရားတော်များ စာအုပ်မှ လုံးစေ့ပတ်စေ့ကူး၍ ထည့်ထားတော်မူရင်း စကားများသာ ဖြစ်ပါသည်။)

## ထမင်းစားတာထက် လွယ်

မခက်ဘူးဗျာ့။
လွယ်လိုက်တာမှ အင်မတန် လွယ်တယ်ဗျာ။

(မေး) "ဘယ်လိုများ လွယ်ပါသလဲဆိုတော့ မိမိတို့ ထမင်းဆာလောင်မှုတ်သိပ်နေတယ်ဆိုယင် ရှေ့မှာ ကောင်းနိုးရာရာ အဖြာဖြာတွေကို တည်ခင်းပြီးတော့ ကျွေးတယ်၊ မွေးတယ်။ ဒီအခါကျတော့ မွတ်သိပ်ဆာလောင်တာကို ပျောက်အောင်လုပ်ဖို့ရာ ခက်သလားဗျာ့"

(ဖြေ) "မခက်ပါဘုရား။ စားရုံပါပဲ"

"အဲဒီ စားရုံတွင်မှ မွတ်သိပ်ဆာလောင်တာ၊ စားရမှာ ခက်လိုက်တာလို့များ ညည်းပြီး မစားပဲ နေမှာလား"

(မစားပဲနေမှာ မဟုတ်ပါဘုရား၊ ချက်ချင်းပဲ စားမှာပါပဲဘုရား။)

"ဒီလိုစားဖို့ရာ ခက်သလားဗျာ"

"မခက်ပါ ဘုရား"

"မခက်ပေါင်ဗျာ။ အဲဒါမှ ညည်းချင်ညည်းဦး။ ဘယ်လိုလဲဆိုတော့ လက်ဆေးရဦးမယ်၊ ဝါးရဦးမယ်၊ ယူပြီးတော့ စားရဦးမယ်၊ ခံတွင်းထဲ ဝင်အောင် သွင်းရဦးမယ်၊ မျိုရဦးမယ်"

(မေး) "နောက် ဒီတခါ စားလိုက်ယင် တသက်လုံး ဝပါ့မလား"

(ဖြေ) "မဝပါဘုရား၊ အခါပေါင်းများစွာ စားရပါတယ်ဘုရား"

(မေး) နောက်တခါလဲ ဒီလိုပဲ လုပ်ရဦးမှာဗျာ့။ အဲဒါက ဤကဲ့သို့ အဆင်သင့် နှစ်သက်ရာရာ အမျိုးမျိုး အဖြာဖြာကို စုံလင်စွာ စီမံပြီးတော့ တည်ခင်းပြီး ကျွေးတာမွေးတာကမှ မွတ်သိပ်ဆာလောင်တာ ပျောက်ချင်မှ ပျောက်မယ်။ အဲဒီတော့ အဲဒါကို ညည်းချင် ညည်းပါဦး။ ဘာကြောင့်လဲဆိုတော့ ဤကဲ့သို့ လုပ်ရသေးတာကိုး"

## သက်သာလွယ်ကူ အရယူ

"အခု ဘုရားရှင့်သာသနာ၊ ဘုရားအဆုံးအမ ရှိတဲ့အခါမှာ သုဂတိနှင့် လူ့ဘဝကို ရကြတော့ ဘုရားရှေ့လက်ထက်တော်က အဆင့်ဆင့်ဖြစ်ကြတဲ့ လူ၊ နတ်၊ ဗြဟ္မာတွေဟာ ဘုရားရှင်ထံမှောက်သို့ ရောက်ကြ၊ ဘုရားရှင့် အသရေတော်ကို ကြည်ညိုပြီးတော့ အားမရ၊ မရောင့်ရဲနိုင်အောင် ဖြစ်နေတော့မှ ဘုရားရှင်က သဗ္ဗညုတ ဉာဏ်တော်ဖြင့် ကိုယ်တော်တိုင်ထိုးထွင်း

သိပါတဲ့အတိုင်း သိစေတဲ့အခါကျတော့ တပြိုင်တည်း ခဏကလေးနဲ့ စိတ်နှလုံး အလိုပြည့်တယ် မဟုတ်လား''

''ပြီးပါတယ်ဘုရား''

''လက်ဆေးရသေးသလား''

''မဆေးရပါဘုရား''

''ဝါးစားပြီး မျိုရသေးသလား''

''မမျိုရပါဘုရား''

''သက်သာလိုက်တာဗျာ။ သာသာကလေးရယ်ဗျာ။ ဒီလို ချမ်းသာသုခတွေရလို့ အပြီးအဆုံးတိုင် သွားတဲ့အခါကျတော့ နောက် ဘာလိုသေးသလဲ''

''ဘာမှ မလိုပါဘုရား''

''ချမ်းသာလိုက်တာဗျာ။ ကြားလား၊ အခုလို အခါကောင်း၊ ဘဝကောင်းတာသိပြီး ဝိရိယကောင်းကောင်းနဲ့ ဒီလို ယူကြပြီဆိုတော့ ဒီလိုပြည့်စုံတာဗျာ။ အခုလဲ ဒီလို ဝိရိယတွေနဲ့ ဇာခါ၊ ဘဝကောင်းတာသိပြီး ရှေးက အရှင်များကဲ့သို့ ဒီလို ဝိရိယမျိုးကိုမီအောင်၊ ညီအောင် ထူထောင်ပြီဆိုတော့ ယူမယ်ဆိုယင် မဖြစ်ပေဘူးလား''

''ဖြစ်ကြမှာပဲ ဘုရား''

''ရှင်ဘုရင်လုပ်ယင် ဖြစ်ပါတယ်ဘုရား''

''သဌေးလုပ်ယင်လဲ ဖြစ်ပါတယ်ဘုရား''

''ရှင်ဘုရင်၊ သဌေးမဟုတ်တဲ့ အားလုံးတို့မှာရော''

''အားလုံးတို့မှာလဲ ဖြစ်ပါတယ်ဘုရား''

''ငါ့မှာတော့ ကျေးကျွန်၊ ခြွေရံသင်းပင်း အလွန်များတယ်၊ ဒါကြောင့် ဒီဟာကို လုပ်လို့ မဖြစ်နိုင်ပါဘူးရယ်လို့များ ရှိသေးသလား''

''မရှိပါဘုရား''

''ပြီးတော့ သား၊ သမီး၊ မြေး၊ မြစ်တွေ၊ ကျေးတွေ၊ ကျွန်တွေ၊ ထီးနန်း၊ စည်းစိမ်နဲ့ပင်လျှင်ပဲ ဘယ်နှယ်တုန်းဗျာ ဘုရားအဆုံးအမကို ယူကြတဲ့အခါ စိတ်နှလုံးအလို မပြီးဘူးလား''

''စိတ်နှလုံးအလို ပြီ စီးပါတယ် ဘုရား''

''ပရိသတ် အများကြီးနဲ့ကော''

''အများကြီးနဲ့လဲ ပြီ စီးပါတယ်ဘုရား''

''တယောက်တည်းကော''

''တယောက်တည်းလဲ ပြီးပါတယ်ဘုရား''

"ဘုရား ရှေ့သက်ထက်တော်ကဆိုယင် ဒီလိုပဲဗျာ အခုခေတ်မှာလဲ ဘုရားဆုံးမတာတွေကို ကောင်းမွန်စွာ မှတ်သားပြီး ဒီလိုဝီရိယနဲ့ ထူထောင်ပြီး ယူကြမယ်ဆိုယင် ပင်ပန်းမှာလားဗျာ"

"မပင်ပန်းပါဘုရား"

"လွယ်လိုက်တာ ဒကာကြီး၊ ဒကာမကြီးများရယ်"

(မေး) "သို့ပေမယ့်လို့ သူတို့များမှာတော့ နိဗ္ဗာန်တော့ လိုချင်သား၊ ဘယ်လိုလုပ်ရဦးမယ် ဒါတွေကတော့ အခု ဒီလို လုပ်နေရသေးတယ်၊ ဒါကြောင့် မလုပ်နိုင်သေးပါဘူးနဲ့ အဲဒီလိုများ ပြောနေသေးသလား"

(ဖြေ) "ဒီလိုပဲ ပြောနေတာပါပဲဘုရား။ နိဗ္ဗာန်တော့ လိုချင်တယ်၊ သားသမီးတွေကို ပစ်ပြီးတော့ တောထွက်ရမလို ဖြစ်နေတယ်။ အဲဒါကို ကြောက်တာနဲ့ မလုပ်ဖြစ်အောင် ဖြစ်နေပါတယ်ဘုရား"

"မစွန့်ပါနဲ့ဗျာ၊ ဘုရားဟောတာကိုသာ တခါတည်း ဒီလို အာရုံပြုပါဗျာ။ ဘုရားရှေ့လက်ထက်တော်က တစုတဝေးကြီး (နိဗ္ဗာန်) ရောက်သွားတာတွေကို မနည်းပါဘူးတဲ့ဗျာ။ ဘယ့်နှယ်လဲ။ အကုန်လုံးရတယ် မဟုတ်လား"

(မေး) "အထက်က သိကြား၊ ဗြဟ္မာ၊ နတ်တွေကလဲ သူတို့ပရိသတ်နဲ့ သူတို့ လာတာပဲ မဟုတ်လား။ အဲဒီလို သူတို့ပရိသတ်တွေနဲ့ အကုန်လုံး မရဘူးလားဗျာ"

(ဖြေ) "ရပါတယ်၊ အကုန်လုံး ရပါတယ်ဘုရား"

"သို့သော်လည်း ဘုရားထံမှောက်သို့ ဘုရားပွင့်တော်မူတဲ့ အချိန်အခါရယ်လို့ သိပြီးတော့ ဝမ်းမြောက်ပြီး ဝီရိယရှိတော့မှ ရောက်တာဗျာ။ အဲဒီလို ရောက်ယင်လဲ ဘုရားရှင်က မဟာကရုဏာအရှင် ဖြစ်သည့်အားလျော်စွာ သဗ္ဗညုတဉာဏ်တော်ဖြင့် သိပြီးတော့ ညွှန်ကြားဆုံးမတဲ့အခါမှာ တမုဟုတ်ချင်း ထိုင်ရာမထ ပြီးစီးကြတယ် မဟုတ်လားဗျာ"

"ပြီးစီးပါတယ် ဘုရား"

"လွယ်လိုက်တာဗျာ၊ လွယ်တာ ဘာ့ကြောင့်တုန်းဆိုယင် အခုနကလို စိတ်ကထားတာဗျာ။ အခုလဲ ဒီလို ထားရုံပါပဲဗျာ"

"ဒီလို ထားရုံတော့ ထားရုံပါပဲဘုရား၊ ဒါပေမယ့် ဘယ်လို ထားရမှန်းကို မသိသေးပါဘုရား"

"အံမယ်၊ ဘယ်လိုများ ထားရမှာလဲဗျာ၊ အခု ဒကာကြီး၊ ဒကာမကြီးတွေဟာ မေတ္တာရှင်၊ ကရုဏာရှင် ဖြစ်ပါတဲ့ သံဃာတော် အရှင်

ကောင်း၊ အရှင်မြတ်တို့က အစဉ်အားဖြင့် အခွင့်အခါရတိုင်း ဘယ်အခါမှ မပြတ်အောင် (သုံ့ဖြာသော ပိဋကတ်)တို့ကို ထပ်တလဲလဲ သွန်သင်လို့၊ ဆုံးမလို့၊ ဟောလို့ပြောလို့၊ ပို့သို့ချလို့ နည်းမျိုးစုံနဲ့ ဘယ်ဟာမှ မလပ်ရအောင် ဤကဲ့သို့ ညွှန်ကြားဆုံးမပြီးတော့ အမြဲနေတော့ အားလုံးတို့ဟာ ဘုရားအဆုံးအမတွေကို ပွန်းတီး လိမ္မာပြီးသားတွေ မဟုတ်လားဗျာ”

“အချို့တော့လဲ လိမ္မာပါတယ် ဘုရား။ အများအားဖြင့်တော့ မသိကြသေးပါဘုရား”

“လိမ္မာကြပါတယ်ဗျာ၊ အခုလို ရောက်လာကြတဲ့ ဒကာကြီး၊ ဒကာမကြီးတွေဟာ ဘာသိဘာသာနဲ့ တရားနာလာတာ မဟုတ်ဘူးဗျာ၊ ရောက်လေရာမှာ တရားဟောနေတဲ့ ဓမ္မကထိကချည်းပဲ မဟုတ်လားဗျာ”

“မဟုတ်ပါဘုရား”

“ဟုတ်တော့ ဟုတ်မှာပါဗျာ၊ သူများပြောတာတောင် မင်းအသာနေစမ်းပါ၊ ငါပြောစမ်းပါမယ်နဲ့ ဒီလိုလုပ်မှာပါဗျာ”

“တပည့်တော်တို့ ပြောတာက အလွဲတွေပါဘုရား”

“ဘယ်လွဲမလဲ၊ မေတ္တာရှင်၊ ကရုဏာရှင်တွေက ဆုံးမထားတော့ တခုခုပြောချင်တယ်ဆိုယင် သူတို့မှာ အမျိုးမျိုးအဖုံဖုံ ကျယ်ကျယ်ဝန်းဝန်းနဲ့ များများကြီး ပြောတတ်၊ ဟောတတ်ပြီးသား နေမှာပါဗျာ၊ ဟုတ်ကဲ့လားဗျာ။ အဲဒီလိုဟောတတ်၊ ပြောတတ်ပြီးသားပါဗျာ။ ဘာဖြစ်လို့လဲဆိုယင် အကုန်လုံးဟာ ကြီးကြီးငယ်ငယ် တို့အားလုံး ပွန်းတီး လိမ္မာပြီးသားပါ။ ဘာ့ကြောင့် သိရသလဲဆိုယင် အနည်းငယ် စပြောလိုက်ယင်ပဲ သူတို့သိပါတယ်ဗျာ။ ဘယ်လိုလဲဆိုတော့ ဒါက သုတ်ပါဗျာ၊ ဒါက အဘိဓမ္မာပါဗျာ၊ ဒါက ဝိနည်းပါဆိုပြီး ဒီလို သိကြတယ် မဟုတ်လား”

“သိတဲ့သူ နည်းပါတယ်ဘုရား”

“ဘယ်ဟုတ်လိမ့်မှာလဲ၊ အကုန်လုံး သိပါတယ်ဗျာ။ အဲဒါကြောင့် ဘုရားဆုံးမတဲ့ အဆုံးအမကို ကောင်းကောင်းလှလှကြီး ပွန်းတီး လိမ္မာကြတဲ့ သူတော်ကောင်းတွေမို့သို့ အဲဒီလို ဖြစ်ပါသဗျာ။ အဲဒီတော့ ဒီလို မှတ်သားပြီး ထားတဲ့ဟာတွေဟာ များပြားကြပါတယ်။ အဲဒါတွေထဲကအကုန်လုံး မဟုတ်ပါဘူးဗျာ၊ ကိုယ်နှစ်သက်ရာ ဘုရားဆုံးမတဲ့ အဆုံးအမ မှန်မှန်တခုကို သန်သန်စီရိယနဲ့ အာရုံပြုပြီးတော့ စူးစူးစိုက်စိုက် ကြည့်ပါ။ အဲဒီလို ကြည့်တဲ့အခါမှာ ထိုထို ထိုထို တပါးအာရုံတွင် မသွားပဲနဲ့ စိတ်အားဖြင့် စိုက်စိုက်စူးစူး ကပ်၍ ထားပါ”

## ခုလုပ်၊ ခုချက်ချင်း ချမ်းသာ

"အဲဒီလို ထားနေတဲ့အခါမှာ ဆင်းရဲကို ဖြစ်စေတတ်တဲ့ ဒေါသ၊ မောဟတွေဟာ ရှိပါ့မလား"

"မရှိတော့ပါဘုရား"

"ဒီတော့ လောဘ၊ ဒေါသ၊ မောဟ သန့်ရှင်းစင်ကြယ်တယ်ဆိုတော့ ဒီအချိန်မှာ ကြောင့်ကြမှု၊ စိုးရိမ်ရမှု၊ ပူပန်ရမှု ရှိပါဦးမည်လား"

"မရှိတော့ပါဘုရား"

"စိုးရိမ်ကြောင့်ကြ၊ ပူပန်ရမှုတွေဟာ ဆင်းရဲလား၊ ချမ်းသာလား"

"ဆင်းရဲပါဘုရား"

"ဒီစိုးရိမ်၊ ကြောင့်ကြ၊ ပူပန်ရမှု မရှိဘူးဆိုယင်ကော"

"ချမ်းသာပါဘုရား"

"ဒီတော့ ဘုရားဆုံးမပါတဲ့ အဆုံးအမ မှန်မှန်တခုကို ကောင်းမွန်စွာ မှတ်သားပြီးတော့ ဝီရိယသန်သန်နဲ့ ရှေးအရှင်များကဲ့သို့ မီအောင်၊ ညီအောင် ဒီလို ထူထောင်လိုက်ကြရမယ်ဆိုယင် ဝီရိယိဒ္ဓိပါဒ်က ဆိုင်းနေမှာလားဗျာ"

"မဆိုင်းပါဘုရား"

"အခုဆို အခု မဟုတ်လား"

"အခု ချက်ချင်းပါဘုရား"

"အဲ-အခုပဲ အာရုံပြုလိုက်ပါဆိုတော့ သူတို့မှာ မှတ်သားပြီးထားတာ အများကြီးဆိုတော့ ကိုယ်နှစ်သက်ရာ တခုခုကိုဆိုယင်လဲ အာရုံပြုပြီးသား ဖြစ်နေပြီဗျာ့၊ အားလုံးပြုပြီးသား မဟုတ်လား"

"မပြုတတ်သေးပါ ဘုရား"

## အတူတူမှာ ဟိုဟာရွေး သည်ဟာရွေး

"အံမယ် နေမှာမဟုတ်ပါဘူးဗျာ့။ တို့ကသာ တခုပြောတော့ သူတို့က ဟိုဟာကောင်းတယ်၊ ဒီဟာကောင်းတယ်၊ ဒါလဲစမ်း၊ ဟိုဟာလဲစမ်းနဲ့ ဘယ်နှစ်မျိုးများ ပြောင်းပြောင်းပြီး လုပ်လိုက်တယ် မသိပါဘူး။ တို့ကသာလျှောက်ပြောနေတာ။ သူတို့က ဘယ်နှစ်မျိုးလောက်များ ပြီးသွားမှန်းတောင် မသိပါဘူး။ အများကြီးပါဗျာ။ ဟုတ်ကဲ့လား။ အများကြီးကို ပြီးသွားမှာဗျာ့။ သို့သော်လည်း ဘယ်ဟာပဲဖြစ်ဖြစ် ဆင်းရဲမလွတ်ဘူးဆိုတာ

ကိုတော့ နားလည်ရမယ်။ ဒီလို အများကြီးရှိတာမှာ တခုကို အာရုံပြုလိုက်မယ်ဆိုယင် လောဘ၊ ဒေါသ၊ မောဟတို့ဟာ သန့်ပြန့်စင်ကြယ်လို့ အခုချက်ချင်းပဲ ဆင်းရဲမှ လွတ်ပါတယ်။ သည့်ပြင်ဟာကို အာရုံပြုမယ်ဆိုယင်လဲ ဒီလိုပဲ ဆင်းရဲမှ လွတ်မှာပဲ''

''မှန်ပါ ဘုရား''

## ဘယ်ရေသောက်သောက် မွတ်သိပ်ပျောက်

(မေး) ''အခု ဒကာကြီး၊ ဒကာမကြီးတွေဟာ ရေအိုးတွေကို ဟိုနေရာမှာလဲထား၊ သည်နေရာမှာလဲ ထားတော့ ရေသောက်ချင်တဲ့အခါမှာ ဘယ့်နှယ်လဲ''

(ဖြေ) ''ရေအိုး ရှာသောက်ရပါတယ် ဘုရား''

(မေး) ''ဒီရေအိုးထဲက ရေကိုသောက်တော့ ဘယ့်နှယ်လဲ''

(ဖြေ) ''ရေငတ်ပြေပါတယ် ဘုရား''

(မေး) ''ဒီရေအိုးကတော့ဝပြီ၊ ဟိုရေအိုးကို သွားသောက်ဦးမယ်လို့ လုပ်သေးသလား''

(ဖြေ) ''ဟိုရေအိုးကို သွားမသောက်တော့ပါဘုရား''

(မေး) ''ဟိုရေနှင့် ဒီရေက တမျိုးစီလား''

(ဖြေ) ''အတူတူပါပဲ ဘုရား''

(မေး) ''ဘယ်လို တူပါလိမ့်''

(ဖြေ) ''ရေချင်း အတူတူပါပဲ ဘုရား''

(မေး) ''ရေချင်းတူတော့ ဘယ်လိုဖြစ်မလဲ''

(ဖြေ) ''ဟိုရေသောက်လဲ ဝတာပါပဲ ဘုရား၊ ဒီရေသောက်လဲ ဝတာပါပဲ ဘုရား''

(မေး) ဒီဟာသောက်လဲ အတူတူဆိုတာ နားလည်သွားပြီလား။ အခုလဲ ဘုရားအဆုံးအမတော်တွေဟာ ဆင်းရဲမှ လွတ်မှုတခုပါပဲ။ အခုနက ရေအိုးတွေကို ဟိုနေရာ၊ ဒီနေရာထားတာနဲ့ တူဘယ်ဗျာ။ အားလုံးဟာတော့ ရေချည်းပဲ''

(ဖြေ) ''တပည့်တော်တို့မှာ ရေအိုးတောင် ရှာမတွေ့သေးပါ ဘုရား။ သောက်ဖို့ဆို ဝေးရော''

''ဒါတော့ သူတို့မှာ ပေါပေါများများ ရှိပါတယ်ဗျာ''

# အားလုံးတွေဟာ တခုတည်း

"သို့သော်လဲ ဒီလိုပြောကြပါစို့ရဲ့။ တခုခုနဲ့မျှားပြီးနေပေမယ့် အတူတူတော့ အတူတူပါပဲ။ သို့သော်လည်း တမျိုးစီ ဖြစ်နေတယ်ဆိုယင် အကုန်လုံး အတူဘူ တပြိုင်နက်တည်း ဖြစ်လဲအတူတူ၊ လုပ်တာလဲအတူတူ၊ အဲဒီလိုတူတာတွေ ပြောကြပါစို့ရဲ့။ အေးအေး ဒီတော့ ဘယ်သင်း ရှိသလဲဆိုတော့ အားလုံးဒကာကြီး၊ ဒကာမကြီးတွေ ကြီးကြီး၊ ငယ်ငယ် အသက်တော့ မရှူကြဘူးလား"

"အသက်ရှူပါတယ် ဘုရား"

"အသက်ရှူတယ်ဆိုတာကလေနှစ်ရပ်တို့ဟာ ထွက်လိုက်၊ ဝင်လိုက်နဲ့ နေတာကို အသက်ရှူဘယ်လို့ ခေါ်တာပဲ မဟုတ်ပါလားဗျာ့"

"ဒါကိုပဲ ခေါ်ပါတယ် ဘုရား"

"အသက်ရှူတဲ့အခါကျတော့ ဘာနှင့် အသက်ရှူကြသတုန်းဗျာ့"

"နှာခေါင်းနဲ့ အသက်ရှူပါတယ်ဘုရား"

"အဲဒီလို အသက်ရှူတဲ့နေရာမှာ တို့ကတော့ နှာခေါင်းနဲ့ဆိုတော့ ဒိပြင်ဘာနဲ့မျှား ရှူတာရှိသေးသလဲ"

"မရှိပါဘုရား။ နှာခေါင်းနဲ့ ရှူတာချည်းပါပဲ"

"ကောင်းပါပြီဗျာ။ ဘယ်အချိန်ကစပြီး အသက်ရှူကြသတုန်း"

"မွေးကတည်းကစပြီး အသက်ရှူပါတယ်ဘုရား"

"ပြီးတော့ ထိုင်နေယင်းကော အသက်မရှူဘူးလား"

"ရှူပါတယ်ဘုရား"

"မတ်တတ်ရပ်ယင်းကော"

"ရှူတာပါပဲ ဘုရား"

"လမ်းခရီးသွားယင်းကော"

"ရှူပါတယ်ဘုရား"

"စားဖို့သောက်ဖို့အလုပ်တွေ လုပ်ယင်းကော"

"ရှူပါတယ်ဘုရား"

"အိပ်ပျော်သွားတော့ကော"

"ရှူတုန်းပါပဲဘုရား"

"ဒီတော့အလုပ်တွေက ရှုပ်လိုက်တာ၊ မျှားလိုက်တာ၊ အသက်မရှူ အားပါဘူး၊ နားလိုက်ဦးမယ်လို့ ဒီလိုမျှား နားနေလို့ ဖြစ်သလား"

"နားလို့ မဖြစ်ပါဘုရား"

"ဒီဟာတော့ အားလုံး ပွန်းပဲ့လို့ပြီးမပေါ့"

"ပွန်းတီးလို့ပါတယ်ဘုရား"

"ဒီတော့ လေကလေးထွက်တာ ဝင်တာဟာ ဘယ်အခါမှ မပြတ်အောင် ဖြစ်နေတော့ ဒီဟာကိုစိတ်အာရုံအားဖြင့် ထွက်တာ၊ ဝင်တာကို သိအောင် ပြုရမယ်ဆိုယင် ခက်ဦးမလား"

"မခက်ပါဘုရား"

"ဒါဖြင့်ယင် ဒီလေကလေး ထွက်တဲ့အခါမှာ အေးအေး အေးအေးနဲ့ ဘယ်နေရာကလေးကို တိုက်ပြီးတော့ ထွက်သလဲ"

"နှာသီးဝကို တိုက်ပြီး ထွက်ပါတယ်ဘုရား"

"ဝင်တော့ကော"

"ဝင်တော့လဲ အဲဒီနေရာကိုပဲတိုက်ပြီး ဝင်ပါတယ်ဘုရား"

"ဒီတော့ အဲဒီနေရာဟာ ထင်ရှားတော့ အဲဒီနေကို လက်ကလေးတခုနဲ့ သာသာကလေးထိပြီးတော့ ထားယင် သိပြီးတော့ မနေပေဘူးလား"

"လက်နဲ့ ထိပြီးတော့ထားယင် သိနေပါတယ်ဘုရား"

"အေး ဒါကြောင့်မို့ လက်နဲ့ထိတော့ သိပြီးနေသလို ထိုထို ထိုထို တပါးအာရုံဘွဲဆီ မသွားရအောင် စိတ်ကို ဒီလိုထားဗျာ၊ ဒီလိုထားတော့ကို စိတ်ဟာ ထိုထို ထိုထို မသွားပဲ နေတယ်မဟုတ်လား"

"နေပါတယ်ဘုရား"

## အတွင်းအပြင် လိုက်မသွားနဲ့

"ဒီစိတ်ကလေးကို အဲသလိုထားဗျာ၊ ဟုတ်ကဲ့လား။ ထားတော့ကို လေကလေးဟာ ဒီနေရာကလေးကို အေးအေး အေးအေးနဲ့ တိုက်ပြီးတော့ ထွက်တာကိုသိတယ်။ ဟိုဘက်ကို လိုက်မသွားနဲ့။ ဝင်တော့လဲ အေးအေး အေးအေးနဲ့ တိုက်ပြီးတော့ ဝင်မယ်၊ အတွင်းကို လိုက်မသွားနဲ့။

အဲဒီတော့ ဒီနေရာမှာ တဆက်တည်း မပြတ်ပဲနဲ့ တထိတည်း ထိနေတာကို တသိတည်း သိမနေဘူးလား။

"သိနေပါတယ်ဘုရား"

"အဲဒီလို သိပြီးနေတဲ့ အခါမှာ ဆင်းရဲကို ဖြစ်စေတတ်ပါတဲ့ လောဘ၊ ဒေါသ၊ မောဟကို ရှိသေးသလား"

"မရှိပါဘုရား"

"ဒီလို ဆင်းရဲကို ဖြစ်စေပါတဲ့ လောဘ၊ ဒေါသ၊ မောဟတို့ မရှိတာဟာ အကုသိုလ် မရှိတာပေါ့"

"မှန်ပါ့ဘုရား"

"ဒီအချိန်မှာ စိုးရိမ်ရမှု၊ ကြောင့်ကြရမှု၊ ပူပန်ရမှု ရှိပါဦးမည်လား"

"မရှိပါဘုရား"

"ဒီလို စိုးရိမ်မှု၊ ကြောင့်ကြမှု၊ ပူပန်မှုတွေ မရှိဘူးဆိုယင် သန့်ပြန့်စင်ကြယ်မှုဟာ ဆိုင်းနေဦးမှာလား"

"မဆိုင်းပါဘုရား"

"အခုချက်ချင်း ဝီရိယကို ထူထောင်ပြီးတော့ ဤကဲ့သို့ သန့်ပြန့်စင်ကြယ်သွားတာက ဝီရိယိဒ္ဓိပါဒ်၊ ဒီတော့ အခုလိုထိုင်ပြီးတော့ထားယင် မဖြစ်ဘူးလား"

"ဖြစ်ပါတယ်ဘုရား"

"မတ်တတ်ရပ်ယင်ကော"

"ဖြစ်ပါတယ်ဘုရား"

"လမ်းသွားယင်းကော"

"ဖြစ်ပါတယ် ဘုရား"

"စားဖို့ သောက်ဖို့ အလုပ်တွေ လုပ်ယင်းကော"

"ဖြစ်ပါတယ် ဘုရား"

"ဤကဲ့သို့ ထားရတာဟာ ပင်ပန်းသလား"

"မပင်ပန်းပါ ဘုရား"

"ပစ္စည်း ကုန်သလား"

"မကုန်ပါ ဘုရား"

"အလုပ်အကိုင် ပျက်သလား"

"မပျက်ပါ ဘုရား"

(မေး) "ဒီတော့ ဘုရား ဆုံးမပါတဲ့ အဆုံးအမတော်တွေကို လိုက်နာဖို့ရာ မဖြစ်တဲ့ နေရာရယ်လို့ ရှိသေးသလားဗျာ"

(ဖြေ) "မရှိပါ ဘုရား"

"လွယ် လိုက် တာ ဒကာကြီး၊ ဒကာမကြီး များ ရယ်၊ ဘုရားရှင် လက် ထက် တော် က မြင့်မြတ်ကြပါတဲ့ တပည့်သား၊ တပည့်သမီး ဥပါသကာ၊ ဥပါသိကာတွေဟာ ဤကဲ့သို့ အဆုံးအမတွေကို မှတ်သားပြီးပြီး၊

ဆိုတော့ ဣရိယာပုထ်လေးပါးမှာ ဘယ်အခါမှ မပြတ်အောင် တခါတည်း တဆက်တည်း ဒီလိုထားကြတာတဲ့ဗျာ၊ ဤကဲ့သို့ ထားသည် ဖြစ်သောကြောင့် စိတ်နှလုံးကို ဘောင့်တတဲ့အတိုင်းဟာ ပြီးစီး အောင်မြင်ကြလို့မို ဝမ်းမြောက်ကြရသတဲ့ဗျာ၊ ငမ်းသာကြရသတဲ့ဗျာ။

ဒါဟာ တဣောစာ၊ တဘာဝစာ မဟုတ်ဘူး၊ သံသရာတလျှောက်လုံးအတွက် ကောင်းကောင်း လှလှကြီး လုံလောက်ကြသတဲ့ဗျား၊ အဲသည်လိုဗျာ”

ဤသည်တို့ကား ဝေဘူဆရာတော်ဘုရားကြီး၏ (သောတာပန်) တရားတော်ဖြစ်၏။ ဆရာတော်ဘုရား၏ တရားတော်ကို မကြားရဘူး၊ မနာရဘူး သူတို့ကြားနာတော်မူနိုင်ကြစေရန် တရားတော်ကို ကြားနာယင်း အသိဉာဏ်ပွင့်၍ ပါရမီအားလျော်စွာ ချက်ချင်းပင် သောတာပန်အဆင့်သို့ ရောက်ရန် အလားအလာရှိသူများ သောတာပန်နိုင်ကြစေရန် ရည်သန်၍ ဆရာတော်၏ “သန္ဒိဋ္ဌိတရားတော်များ” မှ ထုတ်နုတ်ဖော်ပြလိုက်ပါသည်။

ဆရာတော် ပြောဟောချက်များသည် မြန်မာ့နား၊ ရှက်နှင့် အံဝင်ခွင်ကျ ဖြစ်နေသည်ကို သတိမူနိုင်ပါ၏။ ပါဠိမစွက် မြန်မာသက်သက်ဖြင့် မီးဖိုချောင်ထဲက ထမင်းချက်သူအထိ အသိရှင်းရှင်းနှင့် နားသွင်းပေးတော်မူ၏။

အာနာပါန ကမ္မဋ္ဌာန်း စီးဖြန်းပုံကို ပါဠိတလုံးမျှမပါပဲ မြန်မာသက်သက်ဖြင့် နားလည်အောင် ဟောပြတော်မူ၏။ ဟောပြတော်မူရာ၌ မျက်ဝါးထင်ထင် အများသိမြင်နေကျ အရာကို ရွှေတန်းတင် ဦးစားပေး၍ ဟောတော်မူ၏။

“လေဝင်လိုက်၊ ထွက်လိုက်ဖြစ်နေတာကို အသက်ရှူတယ်လို့ ခေါ်တာပဲ မဟုတ်လား၊ အသက် ဘယ်အချိန်က စပြီး ရှူသလဲ၊ အသက်ရှူတော့ ဘာနဲ့ ရှူသလဲ” စသောမေးခွန်းများမှာ ကလေးကစပြီး ဖြေနိုင်၊ သိနိုင်သော မေးခွန်းများဖြစ်၏။ ထိုအခါ အဲဒီလို လေအဝင်အထွက်ကို သိနေအောင် ဆရာတော်က အမှတ်ခိုင်းလေသည်။ ဝင်လေ၊ ထွက်လေကို အမြဲသိနေလျှင် လောဘ၊ ဒေါသ၊ မောဟများ ဝင်ခွင့်မရ၊ အကုသိုလ်မဖြစ်။ အကုသိုလ်မဖြစ်လျှင် စိုးရိမ်ရမှု၊ ကြောင့်ကြရမှု၊ ပူပန်ရမှုတွေ မရှိနိုင်တော့။ အနားမကပ်နိုင်တော့။ ထိုအခါသန့်ပြန့်စင်ကြယ်မှုဟာမဆုတ်မဆိုင်းဒိုင်းကနဲ ရောက်လာပါလိမ့်မည်ဟု ဟောတော်မူချက်များမှာ ရသက်ပန်အသည်းထဲ စွဲပြီးသွားစေသော တရားတော်များ ဖြစ်လေသည်။

သောတာပန်သည် အသိအစွဲမြဲမှု အခြေခံသောကြောင့် ဆရာတော်သည် တပည့်တို့အား အသိခိုင်ခိုင်နှင့် သောတာပန် နိုင်ငံရောက်အောင် ရှင်းမှုတဆင့် မြင့်သထက်မြင့်သော အရဟတ္တဖိုလ်တိုင်အောင် လွယ်လွယ်နှင့် ပို့ဆောင်တော်မူ၏။ သုံးနှုန်းသွားသော စကားများမှာလည်း တမူထူးခြားပြီး မြတ်နိုးစရာ ကောင်းလှ၏။ ရှင်းနှီးမှုအသွင်ကိုလည်း အပြည့်အဝ ဆောင်ပေ၏။

''မရတဲ့ တောင့်တချက်ဆိုတာ မရှိအောင်ပါပဲဗျာ''
''လွယ်လိုက်တာ ဒကာကြီး၊ ဒကာမကြီးများရယ်''
''ယူတဲ့အချိန်မှာ ကေန္တ ရပါသတဲ့ဗျာ''
''ဝီရိယသန်သန်နဲ့ စူးစူးစိုက်စိုက် လုပ်ကြည့်ကြဦးဗျာ''

ဟူသော အသုံးအနှုန်းများကို ''တရားစကားလုံး''ဟုဆိုက ယုံကြည်မည် မဟုတ်။ သို့သော် ဆရာတော်သည် သက်တော်ဆုံးသည်အထိ ဤစကားလုံးများကို သုံးကာသုံးကာနှင့်သာ တရားဟောသွားတော်မူပေသည်။

သောတာပန်ထွက်ပေါက်မရအောင် ကာဆီးထားသော
တံတိုင်းကြီးလေးထပ်

အရေးကောင်း ဒိန်းဒေါင်းဖျက်ဟူသော စကားပုံရှိ၏။

ဘုရားဖြစ်ခါနီး မာရ်နတ်က ကန့်လန့်ကန့်လန့် ဟူ၍လည်း ဆိုစမှတ်စကားရှိ၏။

ဤစကားများသည် အကောင်းသို့ ရောက်ခါနီးချိန်တွင် အဖျက်နှင့်ကြုံတွေ့ရသော သဘောကိုထင်ရှားစေသော စကားများ ဖြစ်၏။ သောတာပန်သည် ရဟန္တာ မဟုတ်သေးသော်လည်း နိဗ္ဗာန်ကူးလက်မှတ်ကို သေချာပေါက် ရရှိထားသူ ဖြစ်သောကြောင့် အဆိုးဘက်မှ အကောင်းဘက်သို့ ရောက်ရှိသွားတော့မည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်၏။

အကောင်းဘက်သို့ ရောက်ခါနီးလေ အဖျက်များလေလေ အဖျက်နှင့် ကြုံရတတ်လေလေ ဖြစ်နေသည်မှာ ဓမ္မတာ ကဲ့သို့ ဖြစ်နေ၏။ သို့ကြောင့်ပင် လူဘဦးတယောက် ပုထုဇဉ်ပိုင်နက်ထဲက လွတ်မြောက်သွားမှာကို အဖျက်သမား အသိုက်အဝန်းက အလွန်ကြောက်၏။

ထို့ကြောင့် ပုထုဇဉ် ပိုင်နက်တွင်းက လွတ်ထွက် မသွားနိုင်အောင် ယမ်းကုန်မီးကုန် ကြိုးစားကြကုန်သတည်း။ သောတာပန် သွားရာလမ်းကို တံတိုင်းကြီးလေးထပ် ကာဆီးကာ အစွမ်းကုန် ဟန့်တားကြကုန်သတည်း။

လောကမှ ထွက်လိုသော သောတာပန်သည် အဆိုပါ တံတိုင်းလေးထပ်ကိုလည်း ဖြတ်သန်းကျော်လွှား နိုင်ရဦးမည်ဖြစ်ရာ ထိုတံတိုင်းကြီးများ အကြောင်းကိုလည်း သိထားစရာ ကောင်းသဖြင့် ဤတွင် ယင်းတို့၏ဖြစ်ရပ်ကို အမှတ်တရပင် ကမ္ပည်းထိုးလိုက်ပေဦးအံ့။

ယင်းတို့၏ ဖြစ်ရပ်ကို အမှတ်တရ စ၍ဆိုတော့အံ့။ တကယ်ရှိ၊ အဟုတ်ရှိသဘောကို ပရမတ်ဟု ဆိုသည်။

ထိုပရမတ်ကား အနှစ်သာရနှင့် အလားတူ၏။ အနှစ်တည်း။ တကယ်မရှိ၊ အဟုတ်မရှိသဘောကို ပညတ်ဟု ဆိုသည်။ ပညတ်ကား အခွံနှင့် အလားတူ၏။ အခွံတည်း။

သစ်ပင်တို့၏ သဘော၌ အနှစ်သည် အတွင်းမှာနေ၍ အခွံကား အပေါ်ကနေ၏။ ယင်းနှစ်ရပ်တွင် အခွံကသာ ပေါ်လွင်၏။ ထင်ရှား၏။ အနှစ်ကား အခွံက ဖုံးထားသောကြောင့်အတွင်း၌ မြုပ်နေ၏။ထင်ရှားခြင်း မရှိ။

အနှစ်ကို တွေ့လို၊ မြင်လို၊ ရယူလိုသော် အပေါ်က ဖုံးနေသော အခွံကိုခွာ၍ လွှာ၍ယူရ၏။ သို့မှသာ အနှစ်ကိုမြင်ရ၊ တွေ့ရ၏။ မြင်နိုင်၊ တွေ့နိုင်၏။

ပရမတ်အစစ် ဓာတ်အနှစ်ကို မမြင်ရအောင် ဖုံးကွယ်ထားသော ပညတ်တံတိုင်း လေးထပ်ရှိ၏။ ပညတ်တံတိုင်းကြီးကို ပေါက်အောင် ထိုးဖောက်နိုင်မှ ပရမတ်အစစ် အနှစ်ကို တွေ့ရ၏။

မျက်စိကို တိမ်သလ္လာဖုံးသည့်နှယ် လုံးလုံး မမြင်ရအောင် ဖုံးကွယ်ထားသော ပညတ်တံတိုင်းကြီးလေးထပ် ဆိုသည်ကား ဤသို့ပေတည်း။

(၁) တသားတပြင်တည်း ထင်ရမှုထုထည်ကြီး တထပ်။
(သမူဟဃန ပညတ်)

(၂) မပြတ် ဖြစ်နေသည်ဟု ထင်ရမှု ထုထည်ကြီးတထပ်။
(သန္တတိဃန ပညတ်)

(၃) ကျား၊ မ၊ ပုံစသည့် ထင်ရမှု ထုထည်ကြီးတထပ်။
(သဏ္ဌာနဃန ပညတ်)

(၄) တင့်တယ်သည် ထင်ရမှု ကိုထည်ကြီး တထပ်။
(ကိစ္စဃန ပညတ်)

ယင်း တံတိုင်းကြီး လေးထပ်ကို ပေါက်အောင် ဖောက်နိုင်သူ၊ ပြိုအောင် ဖြိုနိုင်သူ၊ ပျက်အောင်ဖျက်နိုင်သူကိုမှ သောတာပန်ဟု ဆိုရသည်။

(၁) ပထမ တံတိုင်းကြီး။ ။သမူဟဃန ပညတ်ကို ရှင်းချက်။ အစိတ်စိတ် အမွှာမွှာ တခုစီ တခုစီ၊ တသန့်စီ တသန့်စီ၊ တကန့်စီ တကန့်စီ သူ့အကန့်နှင့်သူ သီးခြားတည်သော အရာဝတ္ထုများကို စုစည်း၍ တပေါင်းတည်းဖြစ်အောင် ပြုလိုက်သောအခါ ပဌ္ဌုပစ္စည်းတမျိုး ဖြစ်လာလေသည်။ ဤသို့ ဖြစ်လာသည်နှင့်အမျှ မူလရှိရင်းစွဲ အမည်နာမများကို ကျော်လွှားကာ သူတို့က အမည်သစ်များ ခေါ်တွင် ပညတ်လိုက်ကြကုန်၏။ ထိုအခါ မူလရှိရင်းစွဲ ပစ္စည်းနှင့်တကွ မူလအမည်ရင်းပါ ပျောက်အောင် နောက်မှ ပေါ်လာသော ရွှေကြာပင်အမည်က လွှမ်း မိုးပင်လိုက်၏။ ထိုအခါ တကယ်ရှိ၊အဟုတ်ရှိ ပစ္စည်းများ လုံးလုံးပျောက် ပြီး အမည်သစ်သာလျှင် တွင်ကျယ်လေတော့၏။ အမည်ဟောင်း ပျောက်အောင် အမည်သစ် ပညတ်က ဖျောက်ပစ်လိုက်၏။ ရှိရင်းစွဲ ပရမတ်အစစ် ဓာတ်အနှစ်သည် လူတို့က သမုတ်ထားသော ပညတ်အောက်တွင် ပျောက်ရလေတော့၏။

ဥပမာအားဖြင့် ထင်ရှားပြရသော် လူတို့သည် သံကို သံဟူ၍ပင် ခေါ်ကြ၏။ တိုင်ကိုလည်း တိုင်၊ ပျဉ်ကိုလည်း ပျဉ်၊ သွပ်ကိုလည်း သွပ်ဟူ၍ပင် ခေါ်ကြ၏။ သွပ်၊ သံ၊ ပျဉ်၊ တိုင်တို့သည် မူလရှိရင်းစွဲ ပရမတ်များ ဖြစ်ကုန်သတည်း။ ယင်းတို့ကို စုပေါင် လျက် မြေတွင် စိုက်တန်သည်ကို စိုက်၊ သံဖြင့် ရိုက်တန်သည်ကို ရိုက်၊ မိုး၊ လေ၊ နေ လုံအောင် ကာသင့်သည်ကို ကာ၍ မိုးသင့်သည်ကို မိုးလိုက်သောအခါ အဆောက်အအုံတခု ဖြစ်လာလေသည်။ သံ၊ သွပ်၊ တုံး၊ တိုင်၊ ပျဉ် စသည်တို့ကို စုပေါင်းစပ်နှော၍ ရောလိုက်သောအခါ တသားတည်း၊ တပြင်တည်း ဖြစ်လာပြီး ၎င်းကို သံဟူ၍လည်း မခေါ်တော့ကုန်။ သွပ်၊ ပျဉ်၊ တုံး၊ တိုင် ဟူ၍လည်း မခေါ်ကြတော့ပဲ အမည်သစ်ဖြင့် ကင်ပွန်းတပ်လိုက်ကြကုန်၏။ အိမ်ဟူ၍လည်းကောင်း၊ ကျောင်းဟူ၍ လည်းကောင်း၊ တန်ဆောင်းဟူ၍ လည်းကောင်း ပညတ်၍ ခေါ်တွင်ကြကုန်၏။

ထိုအခါ ထို အိမ်၊ ကျောင်း၊ ဇရပ် စသော အဆောက်အအုံများကို တကယ့် အမာခံအစစ် အနှစ်ဖြစ်သည့် သံဟူ၍ ပြောလျှင် နားမလည်ကြတော့ကုန်။ သွပ်ပဲ၊ တိုင်ပဲ၊ ပျဉ်ပဲဟူ၍ပြောလျှင် သဘောမပေါက်ကြတော့ကုန်။ အိမ်၊ ကျောင်း၊ တန်ဆောင်း၊ ပြာသာဒ်၊ ဇရပ် စသော (ပညတ်) အမည်များက ဖုံးသဖြင့် သံ စသော ပရမတ်များမှာ လုံးလုံး ပျောက်ကွယ်ကုန်လေ၏။ အိမ်၊ ကျောင်း၊ တန်ဆောင်းပြောမှ နားလည်ကြကုန်၏။ ပညတ်အောက်တွင် ပရမတ် ပျောက်ရလေ၏။

နောက် တနည်းအားဖြင့် ဥပမာ- အင်္ဂျီဆိုပါတော့၊ ထိုအင်္ကျီကို "ချည်" ဟူ၍ပြောလျှင် ရူးသလားဟု ဆိုပေလိမ့်မည်။ စင်စစ်အားဖြင့်

တချောင်းစီ၊ တမျှင်စီ အသီးသီးရှိနေကြသည့် ချည်မျှင်ချည်ချောင်းကလေးများ စုပေါင်း၍ ရက်လုပ်လျက် ချုပ်စပ်ထားသော အထည်သာ ဖြစ်ချေ၏။

တသားတည်း၊ တပြင်တည်း ဖြစ်အောင် ရက်လုပ်ခြင်းအားဖြင့် အထည်ဟူ၍ ဖြစ်လာသောအခါ နောက်ပေါ် ရွှေကြာပင် အမည်သစ် အင်္ကျီဟူသော ပညတ်အောက်တွင် မူလဓာတ်နှစ် ချည်မျှင်ဟူသော ပရမတ်သည် ပျောက်ရလေ၏။

သမူဟ + အပေါင်း

ဃန + တခဲနက်၊ အထုအထည်ကြီး အစိုင်အခဲကြီး။

ပညတ် + သမုတ်ခေါ်ဝေါ်ခြင်း။

အများကို စုပေါင်း ဖွဲ့စပ်ခြင်းအားဖြင့် ထုနှင့်ထည်နှင့် အရာဝတ္ထု တမျိုးမျိုး၊ အဆောက်အအုံ တမျိုးမျိုး အဖြစ်သို့ ရောက်ရှိလာသောအခါ အမည်ဟောင်းပျောက်၍ အမည်သစ်ရောက်လာပြီး ထိုအမည်သစ်ကိုသာ နားလည်ကြကုန်၏။ ပညတ်က ဖုံးလွှမ်းထားသောကြောင့် ပရမတ် အစစ်ကို မမြင်ကြရတော့ကုန်။ ပညတ်အောက်တွင် ပရမတ် ပျောက်နေတော့၏။

ဤသည်ကို အဘိဓမ္မာစကားဖြင့် "သမူဟဃန" ခေါ်၏။ မြန်မာလို ဆိုသော် တကယ့်ပရမတ်အစစ် ဓာတ်အနှစ်ကို မမြင်ရအောင် ပညတ်ထုထည်ကြီးဟု ဆိုရာရောက်၏။ အတွင်းသား၊ အတွင်းလွှာကို မမြင်ရအောင် ကာဆီးထားသော ပထမ တံတိုင်းကြီးဖြစ်၏။

သောတာပန်ပုဂ္ဂိုလ်ကား တံတိုင်းအထပ်ထပ် မည်သို့ပင် ကာရံထား အပ်စေကာမူ အတွင်းရောက်အောင် ဉာဏ်ဖြင့် ထိုးဖောက်၍ မြင်၏။ အိမ်၊ ကျောင်းဟူသည် ပညတ်၊ သွပ်၊ သံ၊ ပျဉ် စသည်တို့ကား ပရမတ်ဟူ၍ ခွဲခွဲခြားခြား နားလည်၏။

ဤပထမတံတိုင်း(သမူဟဃန)ခေါ်သော ပထမခံဘပ်ကြီ ပြိုအောင် ဖြိုသော ကိစ္စာတွင် အပြောလွယ်သလောက် လက်တွေ့ အလုပ်လုပ်ကြည့်သောအခါ သဘာပေါက်ဖို့ မလွယ်လှ။ လက်တွေ့ အလုပ်လုပ်သောအခါ စာသိ သိရုံမျှဖြင့် မရ။ ငါ မဟုတ်၊ ငါ့မယား မဟုတ်၊ ငါ့လင် မဟုတ်၊ ဓာတ်လေးပါးသာ ဖြစ်သည်။ ခန္ဓာငါးပါးကို စုစည်း ပေါင်းစပ်ထားသည်။ ရုပ်ဒြပ်သာ ဖြစ်သည်ဟူ၍ နှုတ်သိဖြင့် မသိသေးသမျှ "သမူဟဃန ဖုံးနေတုန်း" ဟု လုံးလုံးမှတ်ရ၏။ ပါရမီရှိ၍ အသိဉာဏ် စူးရှလျှင် မူကား သမူဟဃန ကွာ၍ သောတာပန်လေတော့ မည်တည်း။

(၂) ဒုတိယ တတိုင်းကြီး။ ။သန္တတိဃန ပညတ်ရှင်းချက်– ဆိုလည်သောနွား၊ ရဟတ်ခြားကဲ့သို့ မရပ်မနား၊ တရစပ် ဆက်တိုက်ဖြစ်နေသော သဘောမျိုးကို သန္တတိဟု ခေါ်သည်။ ထိုအစဉ်မပြတ် ဆက်တိုက်ဖြစ်မှု အထုအထည်ကြီး၊ အစိုင်အခဲကြီး ဖြစ်နေသည်ကို သန္တတိဃနဟု ခေါ်သည်။

ဥပမာ– ယင်း သန္တတိဃန၏ သဘောသဘာဝတ္တကို တသွင်သွင်စီးနေသော ရေရှင်ကို ကြည့်ခြင်းအားဖြင့် သိနိုင်ပေသည်။ မျက်စိရှေ့တွင် တသွင်သွင် စီးနေသောရေကို ကြည့်ခြင်းအားဖြင့် သိနိုင်ပေသည်။ မျက်စိရှေ့တွင် တသွင်သွင်စီးနေသော ရေကိုကြည့်လျှင် အခြားရေ စီးသည်မဟုတ်၊ သည်ရေသည် ရေများသာ စီးနေသည်ဟုထင်ရ၏။ အသစ်အသစ်ဖြစ်သော ရေများ စီးနေတာပါကလားဟူ၍ မသိလေ၊ မထင်လေ။ မျက်စိအောက်က စီးသွားသော ရေသည် နောက်ထပ် ဤနေရာသို့ ပြန်လာပြီး စီးခြင်း မဟုတ်၊ အသစ်အသစ်ဖြစ်သော ရေများသာ တသွင်သွင် အလျဉ်မပြတ် စီးနေခြင်း ဖြစ်၏။ ဟုတ် မဟုတ် လက်တွေ့ စမ်းသပ်လိုသော် မိမိ မျက်စိရှေ့တွင် စီးနေသော ရေထဲသို့ စက္ကူစုတ်ကလေးတခု ချကြည့်ပါ။ ထိုစက္ကူသည် အောက်သို့ မျောရ၍ ပါသွားလေ၏။ အထက်သို့ ပြန်၍ ပြန်လာခြင်း ရှိမရှိကို သတိပြုပါ။ ဤရေမျောစက္ကူစုတ်ကလေးကို ကြည့်ခြင်းအားဖြင့် မျက်စိရှေ့တွင် တသွင်သွင် စီးနေသော ရေဟာ “သည်ရေလား၊ ဟိုရေလား” ဆိုသည်ကို ခွဲခွဲခြားခြား သိနိုင်ပေသည်။

သဗ္ဗေသင်္ခါရာအနိစ္စာ ဆိုသောအတိုင်း အရာခပ်သိမ်းတို့သည် မြဲသည်ဟူ၍ မရှိကုန်။ အမြဲမပြတ် တရစပ် ပြောင်းလဲ နေကြ၏။ အပြောင်းအလဲ မြန်ဆန်လွန်း လှသောကြောင့် အကြားမဲ့ထင်သဖြင့် တဆက်တည်းကဲ့သို့ မြင်နေကြကုန်၏။

ဥပမာ–မိမိကိုယ်ကို ဆင်ခြင်ကြည့်ခြင်း အားဖြင့်လည်း သန္တတိသဘောကို သိနိုင်၏။ ယနေ့ ငါသည် ယနေ့ငါသာတည်း။ ငါသစ်တည်း။ ငယ်ငယ်တုန်းကငါမဟုတ်ချေ။ငယ်ငယ်ကငါကား ဟိုငယ်ငယ်တုန်းကတည်းကပင် နေရစ်ခဲ့လေပြီ။ ချုပ်ဆုံး ကွယ်ပျောက်ခဲ့လေပြီ။ ယနေ့ ငါသည် ငါဟောင်း ဖြစ်လတ္တံ့။ သတ္တဝါခပ်သိမ်းတို့၏ နာမ်ရုပ်တို့သည် အချိန်တိုင်း အချိန်တိုင်း သစ်သီးကြွေသကဲ့သို့ တဖုတ်ဖုတ် ချုပ်ကြွေကုန်၏။ ချုပ်လေကြွေလေပြီးသော နာမ်ဟောင်း၊ ရုပ်ဟောင်းတို့၏ နေရာတွင် နာမ်သစ်၊ ရုပ်သစ်များ တဖွားဖွားရောက်လာကြသည် တို့ကား သတိမထားမိကြ။

အကယ်၍သာ သည်နာမ်၊ သည်ရုပ်သည် ချုပ်ပျောက်ခြင်းမရှိ၊ အမြဲသာတည်နေခဲ့သော် မိမိသည်လည်းကောင်း၊ အခြားသူများသည်လည်းကောင်း၊ လူငယ်ကလေးတွေသာ ဖြစ်နေကြပေမည်။ လူကြီးဖြစ်လာနိုင်ဖွယ်မရှိ။ ရုပ်တို့၏ ဥပါဒ် ဌီ ဘင် စသောသဘောကို မသိကြသဖြင့် ငယ်ငယ်က ငါကို ယခု ငါဟုတင်နေကြ၏။ စင်စစ်အားဖြင့် စက္ကန့်ပိုင်းနှင့် အမျှ ငါ ငါ ငါ ငါတွေလည်း အမြဲပြောင်းလဲနေကြ၏။ သန္တတိဃနခေါ်သော မပြတ်တရစပ် ဖြစ်နေသမျှ ထုသည်၊ အစိုင်အခဲကြီးကြောင့် ကိုယ့်ကိုယ်ကို တနေ့ထက်တနေ့၊ တလထက်တလ၊ တနှစ်ထက်တနှစ်၊ စက္ကန့်ပိုင်းနှင့် အမျှ ပြောင်းလဲနေသည်ကိုကား မသိကြ။ သန္တတိဃနပညတ်အောက်တွင် ပရမတ်ဖြစ်သော အနိစ္စ–သဘောသည် ပျောက်နေတော့၏။

ဗုဒ္ဓသမိုင်းကြောင်းကို ကြည့်ပြန်လျှင်လည်း သုမေဓာရသေ့ဘဝမှသည် နောက်ဆုံးဘုရားအဖြစ်သို့ ရောက်တော်မူသည့်ဘဝအတွင်း ကြားကာလများ၌ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ဗြဟ္မာဖြစ်လိုက်၊ တိရစ္ဆာန်ဖြစ်လိုက်နှင့် ဘဝပေါင်းများစွာ သံသရာတခွင် ကျင်လည်တော်မူလာခဲ့ရငြားသော်လည်း တဆက်တည်းဟု ထင်ကုန်၏။ သုမေဓာသည်လည်း ဘုရားပင်၊ မဟောသဓာသည်လည်း ဘုရားပင်၊ ဝေဿန္တရာမင်းကြီးသည်လည်း ဘုရားပင် မြင်ကုန်၏၊ သန္တတိ ကွင်းဆက်ကြီးကိုကား မမြင်ကြ။ မမြင်သည်မှာလည်းအဆန်းမဟုတ်၊ ဆက်တိုက်ဖြစ်၊ တရစပ်ဖြစ်၊ မပြတ်ဖြစ်တည်းဟူသော သန္တတိဃန ထုထည်အစိုင်အခဲကြီးက ဖုံးထားသောကြောင့် လုံးလုံး မမြင်နိုင်အောင် ဖြစ်နေ၏။

ပါရမီဆိုသည်မှာ ဘုရားရဟန္တာများမှတပါး သိနိုင်၊ မြင်နိုင်ခဲသော အရာဖြစ်၏။ ထို့ကြောင့် ယနေ့ခေတ်တွင်လည်း သောတာပန် ဖြစ်နိုင်သော ပါရမီရှင်များမရှိဟု မည်သူပြောနိုင်မည်နည်း။ ဤသန္တတိဃနပညတ်ကြီးသည်အဘယ်မျှ အင်အားကြီးထွားသည် ဆိုစေကာမူလည်း တောင်ကြီးလျှင် ဖဝါးအောက် ဆိုသကဲ့သို့ သောတာပန်ဖြစ်ရန် အလားအလာ ရှိသူများအဖို့တွင်ကား ထိုသန္တတိဃနခေါ်သော မဟာရံတံတိုင်းကြီးများ အရာရောက်တော့မည်မဟုတ်။ ပါရမီရှင် သောတာပန်ဖြို့လျှင် သံတောင်ကြီး ပြိုသကဲ့သို့ ပြိုရမည်သာ ဖြစ်သတည်း။

(၃) တတိယ တံတိုင်းကြီး။ ။သဏ္ဌာနဃန ပညတ်ရှင်းချက်– သဏ္ဌာန်ကား ထင်ရှား၏၊ ပေါ်လွင်လှ၏။ နိမ့်နိမ့်၊ မြင့်မြင့်၊ ပုပုကွကွ၊ ထိုးထိုးထောင်ထောင်၊ ပြားပြားချပ်ချပ်၊ ချွန်ချွန်ထက်ထက် ဟူသမျှသည်

သဏ္ဍာန်ချည်းဖြစ်၏။ သည်ဟာကလုံးလုံး၊ သည်ဟာက ပြားချပ်ချပ် စသည်ဖြင့် သမုတ်ခြင်းကို သဏ္ဍာနပညတ်ဟု ခေါ်သည်။ သည်ဟာက ယောကျ်ား၊ သည်ဟာက မိန်းမ၊ သည်ဟာက သား၊ သည်ဟာက သမီး၊ ဟောဒါကို ကျောင်း၊ ဟောဒါကို အိမ် ဤသို့စသည်ဖြင့် ဒြပ်ဝတ္ထုတခုခုကို သင်္ကေတပြု၍ ခေါ်ဝေါ် သမုတ်ခြင်းကိုလည်း သဏ္ဍာနပညတ် ဟူ၍ပင် ခေါ်သည်။

သဏ္ဍာနပညတ်လည်း အလွန်နယ်ကျယ်၏။ သမူဟဃနဥ္ပြဆိုခဲ့သော ချည်မျှင်အပေါင်းတို့ကို ယက်ကန်းရက်လိုက်သော် ချည်မျှင်ဟူသော အမည်ပျောက်ပြီး အထည်အလိပ်ဟူသော သဏ္ဍာန်ပညတ်အမည်သို့ ရောက်ရှိသွားလေ၏။ တဖန် ယင်း အထည်အလိပ်ကို ချုပ်လိုက်သောအခါ ပုံသဏ္ဍာန်ကို အစွဲပြု၍ အချို့မှာ အင်္ကျီ ဖြစ်လာ၏။ အချို့မှာ ပုဆိုး ဖြစ်လာ၏။ အချို့မှာ ခေါင်းအုံး၊ မွေ့ရာ ဖြစ်လာလေသည်။ စင်စစ် အမှန်ရှိသည့် အနှစ်သာရကား ပရမတ် ချည်မျှင်သာဖြစ်၏။ ယင်းချည်ပရမတ်ကို သဏ္ဍာနပညတ်က လွှမ်းဖုံးချက်အရ ပရမတ်ဓာတ်သား ချည်မျှင်ပျောက်ပြီး သဏ္ဍာန်ပညတ်၏ တန်ခိုးကြောင့်အင်္ကျီတွေ၊ ပုဆိုးတွေ၊ မွေ့ရာ ခေါင်းအုံး တွေ ဖြစ်လာကုန်လေ၏။

သစ်သားတွေ၊ ဓားတွေ၊ သံချွန်တွေ၊ တုတ်တွေ၊ ကျောက်တွေလည်း သဏ္ဍာနပညတ်၏ စွမ်းဆောင်ချက်အောက်တွင် အိမ်အဖြစ်၊ ကျောင်းအဖြစ်၊ ဘန်ဆောင်းအဖြစ်၊ တိုက်အဖြစ်သို့ရောက်ရလေ၏။ ဒဗ္ဗဝါစကံနာမံ– အမည်သည်ဒြပ်ကို ဟော၏ဟု သဒ္ဒါကျမ်းက ဆိုသည်ဖြစ်ရာ ယင်းအမည်ဟူသည်ကား ပညတ်ပင်တည်း။ ခြေလေးချောင်းသွားသော တိရစ္ဆာန်ချင်းကူပါလျက် အချို့ကိုနွား၊ အချို့ကိုကျွဲ၊ အချို့ဆင်၊ အချို့မြင်းဟု ပညတ်ကုန်၏။ ပညတ်ချက်အတိုင်းလည်း ဒါက နွားပဲ၊ ဒါကကျွားပဲဟူ၍ အမှတ်ပြု၍ သိကြကုန်၏။ သဏ္ဍာနပညတ်၏ စွမ်းအားပင်တည်း။ တကယ်ရှိအဟုတ်ရှိနေသော ပရမတ်ဓာတ်သားစု အားလုံးတို့သည် လူတို့၏ သတ်မှတ်ချက် ပညတ်အောက်တွင် အရောင်မတောက်နိုင်ကြတော့ပဲ ပျောက်ကုန်လေ၏။

စင်စစ်ဆိုသော် လူသည် ပညတ်ဖြစ်၏။ လူတို့ သမုတ်ထားသော အမည်နာမတခုသာဖြစ်၏။ လူဟူသော ပညတ်ကြီးကို ခွဲတ်ခွဲ၍ ခွဲတမ်းချလိုက်သောအခါ ဆံပင်၊ မွေးညင်း၊ အသွေး၊ အသား၊ အကြော၊ အရိုးတွေ တွက်လာကုန်၏။ ဤအသွေး၊ အသား စသည်တို့သာလျှင် တကယ်ရှိအဟုတ်ရှိသော ပရမတ်စစ်စစ် ဖြစ်ကုန်၏။ သို့သော် လူဟူသော သဏ္ဍာန

ပညတ်အောက်တွင် ပရမတ် အသေး၊ အသားတွေ ပျောက်ကုန်လေ၏။ ၃၂ ကောဋ္ဌာသ အစုအဝေးဆိုလျှင် မသိ၊ လူဆိုမှ သိကုန်သတည်း။

ထိုမှတပါး ဥပမာ လူတယောက် ပေတိုင်းကြည့်ရာ ၅ ပေနှင့် ၆ လက်မ ရှိ၏။ ထိုလူကို အရပ်အမောင်းအားဖြင့် ၅ ပေ၊ ၆ လက်မ ရှိသူဟု သမုတ်ကုန်၏။ တကယ်ရှိသည်ကား ထိုသူ၌ ဓာတ် ၄ ပါး အစု အဝေးသာ ရှိသတည်း။

သို့သော် ၅ ပေ ၆ လက်မ တည်းဟူသော ပုံပန်းသဏ္ဌာန် သဏ္ဌာန ဃနပညတ်အောက်တွင် တကယ်ရှိနေသော ဓာတ်လေးပါး အစုအဝေးကြီး ပျောက်ရလေ၏။ သဏ္ဌာန်ပညတ် ဖုံးသောကြောင့် ပရမတ်အစစ်ကို မမြင် နိုင်တော့ချေ။ သဏ္ဌာနပညတ် တံတိုင်းကြီးပေါ် ကျော်လွှား၍ အတွင်း သား ပရမတ်ကို မြင်အောင် မကြည့်ကြတော့ကုန်။ ဆူ၊ ကြုံ၊ နိမ့်၊ မြင့်၊ ပိန်၊ ဖောင်း စသည်တို့၌လည်း ဤနည်းအတိုင်းပင်တည်း။ သဏ္ဌာနပညတ်၏ သတ္တိကြောင့်ပရမတ် ဓာတ်နှစ်ကိုပင် ပိန်သည် ထင်ကုန်၊ ဝသည်ထင်ကုန်၏။ ချောသည် ထင်ကုန်၏။ အရုပ်ဆိုးသည် ထင်ကုန်၏။ ဤပညတ်ကို ကွာ အောင်မခွာနိုင်သမျှ၊ ဤ ပညတ်တံတိုင်းကြီးကို ပေါက်အောင် မဖောက် နိုင်သမျှ ပြိုအောင် မဖြိုနိုင်သမျှ သောတာပန်အဖြစ်ကို မှန်းသော်လည်း မှန်းရာ ရောက်နိုင်ဦးမည် မဟုတ်။

(၄) သုဘဃန ပညတ်။ ။မျက်စိထဲ ကြည့်၍လှသော သဘော၊ ကြည့်ကောင်းသောသဘောကို "သုဘ" ဟု ဆိုသည်။ တင့်တယ်မှု ဟူသမျှသည် သုဘချည်းပင်တည်း။ ဃန-သဒ္ဒါမှ အထုအထည်ကြီး၊ တခဲနက် အစိုင်အခဲကြီး ဟူသော အနက်ထွက်သည် ဖြစ်ရာ သုဘနှင့် ဃနကို ပေါင်းစပ်၍ သုဘဃနဟူ၍ ဖြစ်လာသောအခါ "တင့်တယ်မှု အထုအထည်ကြီး၊ တင့်တယ်မှု အစိုင်အခဲကြီး" ဟူ၍ ဖြစ် လာ၏။ ဘယ်ဟာကိုပဲကြည့်ကြည့် မျက်စိထဲမှာ၊ စိတ်ထဲမှာ၊ နှလုံးသား ထဲမှာ တယ်လဲတင့်တယ်ပါလားဟူ၍ စွဲထင်လေသမျှသည် သုဘဃနကြောင့် ချည်းသာ ဖြစ်၏။ သုဘဃနက တင့်တယ်သည်ဟု ထင်၊ မြတ်နိုးစရာ ကောင်းသည်ဟု ထင်၊ နှစ်သက်စရာ ကောင်းသည်ဟု ထင် စသည်ဖြင့် အထင်ခိုင်းချက်အရ အထင်မှား၊ အမြင်မှားနေကြခြင်း ဖြစ်၏။

အရာခပ်သိမ်းတို့သည် ဓာတ်လေးပါး၏ အစုအဝေးချည်းသာ ဖြစ် ကုန်သော်လည်း ဥပမာ၊ ယောကျ်ားက မိန်းကလေးတယောက်ကို မြင်သော အခါ၌ လည်းကောင်း၊ မိန်းမက ယောကျ်ားကို မြင်သောအခါ၌ လည်း ကောင်း သုဘဃန၏ လှုံ့ဆော်ချက်ကြောင့် "တယ် ချောပါကလား၊

တယ်လှပါကလား” ဟူ၍မျက်လုံးထဲကမထွက်အောင်ဖြစ်ကုန်လေ၏။ သုဘာသန၏ လွှမ်းမိုးခြင်းအောက်တွင် အရိုးစု၊ အကြောစု၊ သွေးသားစုစသော တကာယ် ခေါ်ထိ ၃၂ ကောဋ္ဌာသ စသော ပရမတ်အစစ်တို့သည် ပျောက်ကုန်ရလေ၏။

အချုပ်အားဖြင့် သောတာပန်ဟူသည် သက္ကာယဒိဋ္ဌိ အကြွင်းမဲ့ ကင်းရှင်းပြီးသူ ဖြစ်၏။ ယင်းသက္ကာယဒိဋ္ဌိမှ ကျွတ်ထွက် မသွားနိုင်အောင် ဆိုခဲ့ပြီးသော အထုအထည်ကြီး၊ အစိုင်အခဲကြီး လေးမျိုးတည်း ဟူသော သမူဟဃန၊ သန္တတိဃန၊ သက္ကာနဃန၊ သုဘာဃန များက တွယ်ယှက်၊ ဖက်ပိုက်ထား၏။ သောတာပန်ကား ဃနခေါ်သော ဤအထုအထည်၊ အစိုင်အခဲကြီးများကို မှုန့်မှုန့်ညက်ကြေပျက်အောင် ချေဖျက်ပြီးသူ လူစွမ်းကောင်းကြီး စစ်စစ် ဖြစ်ရသတည်း။

## ပက္ကုသာတိ ရဟန်းအား ဗုဒ္ဓဟောကြားတော်မူသော ဓာတ်ခြောက်ပါး ဝေဖန်သုံးသပ်ချက် တရားတော်

သောတာပန်ဖြစ်ရန် ကျင့်ကြံ အားထုတ်နေကြသော ယောဂီပုဂ္ဂိုလ်များအဖို့ ဗုဒ္ဓခေတ်၌ အကယ်ဖြစ်ခဲ့သော သောတာပန်ဇာတ် ဤဖြစ်ရပ်ကိုလည်း သတိချပ်သင့်သည်ထင်၍ တင်ပြပါဦးအံ့။

သူ၏အမည်ကို ပက္ကုသာတိဟု ခေါ်တွင်၏။ သူကား သာမန် အညတရ လူဘန်းစာ ထဲက မဟုတ်။ သူသည် ပြည့်ရှင်မင်းကြီး ဖြစ်သည်။ တက္ကသိုလ်ပြည်ကို အစိုးရ၏။ ပက္ကုသာတိမင်းကြီး ဟူ၍ ထင်ရှားသတည်း။

တနေ့သ၌ ပက္ကုသာတိ မင်းကြီးသည် ဗုဒ္ဓ ပွင့်ထွန်းလျက် ရှိနေကြောင်း သတင်းကောင်းကို ကြားလျှင် ထီးနန်းကို စွန့်၍ ဗုဒ္ဓကို ရှယ်စူးလျက် ရဟန်းပြုလေ၏။

ဗုဒ္ဓသည် နိဗ္ဗာန်အောင်မြို့သို့ မဂ္ဂင်ဖောင်ကူတို့ဖြင့် ပို့ဆောင်နေတော်မူလျက် ရှိနေကြောင်းကိုလည်း ထပ်ဆင့် ကြားရာတွင် သောတာပန်သံ၊ သကဒါဂါမိသံ၊ အနာဂါမိသံ၊ ရဟန္တာသံ၊ နိဗ္ဗာန်သံများလည်း ပါလာလေရာ ထိုအခါ သူသည် သောတာပန်မှအစ ရဟန္တာ ဖြစ်ချင်သည်အထိ စိတ်ထက်သန်လာသည့် အလျောက် ဗုဒ္ဓရှိရာသို့ ဦးတည်လျက် တက္ကသိုလ်ပြည်မှ ထွက်ခွာလာခဲ့လေသည်။

## အိုးထိန်းသည် အိမ်သို့ ရောက်သွားခြင်း

လမ်းခရီးအကြားရှိ ရွာတရွာသို့ ရောက်သွား၏။ အိမ်တအိမ်တွင် ဝင်၍ ခေတ္တတည်းခိုနေ၏။ အိမ်ရှင်ကား ဘဂ္ဂဝဟု တွင်၏။ အိုးလုပ်စားသူ ဖြစ်၏။ သူ့အိမ် ခြံဝင်းကြီးထဲတွင် ရဟန်းဧည့်သည်၊ လူဧည့်သည်များ တည်းခိုနိုင်ရန် ရိပ်သာတခု ဆောက်လုပ်ထားရာ ရှင်ဘုရင်လူထွက် ပက္ကုသာတိ ရဟန် ကြီ သည် အိုးထိန်းသည်ဘဂ္ဂဝ၏ ဓမ္မသာယာခေါ် ရိပ်သာ၌ တည် ခိုနေသည့်အခိုက်တွင် နောက်ထပ် ရဟန်းတပါး ဆိုက်ရောက်ပြန်၏။ ထိုရဟန်းကား အခြားမဟုတ်၊ ဗုဒ္ဓရှင်တော်မြတ်ဘုရားကြီး ဖြစ်သတည်း။

ဘဂ္ဂဝ၊ သင့်မှာ ဝန်မလေးခဲ့သော် သင့်အိမ်မှာ တညတည်းခိုပါရစေဟု အိမ်ရှင်ထံ ဧည့်သည်က ပန်ကြားသည့် သဘောမျိုးဖြင့် ဗုဒ္ဓက ဆို၏။ ဘဂ္ဂဝက လက်အုပ်ချီလျက် တပည့်တော်အဖို့ ဝန်မလေးပါ။ သို့သော် တပည့်တော်အိမ်တွင် ရဟန်းကြီးတပါး ရောက်နှင့်လျက် ရှိနေပါ၏။ ထိုရဟန်းကြီးအား တည်းခိုခွင့် ပြုထားပါသဖြင့် သူ့ထံမှ ကျေနပ်မှု ရရှိပါက အလိုရှိသလို တည်းခိုနိုင်ပါကြောင်း ယခု အခိုက်အတန့် အချိန်တွင် ဓမ္မသာယာရိပ်သာကို ထိုရဟန်းကြီးကသာ စိုးပိုင်သဖြင့် သူနှင့် ဆွေးနွေးတော် မူပါဟု လျှောက်၏။

## ဘုရားနှင့်တွေ့သော်လည်း ဘုရားမှန်း မသိခြင်း

ဗုဒ္ဓသည် အိမ်ရှင်ဘဂ္ဂဝထံမှ ခွင့်ရလျှင် ရိပ်သာတွင်းသို့ ဝင်တော်မူ၏၊ ရှင်ဘုရင်လူထွက် ပက္ကုသာတိ ရဟန်းကြီးကား ဗုဒ္ဓထက် အသက်ကြီးလေသည်။ သူ၏ခန်းတွင်းရိပ်သာသို့ အမှတ်မထင် ဝင်ရောက်လာသော ဗုဒ္ဓကို ရုတ်တရက် မြင်လိုက်ရသော် အံ့အားသင့်သွားလေသည်။

''ရဟန်းကြီး၊ သင့်အား ဝန်မလေးခဲ့သော် ဤအခန်း၌ ငါတညခွဲမျှ တည်းခိုပါရစေ''

ဗုဒ္ဓ၏ သာယာလှစွာသော အသံတော်ဖြင့် ခွင့်တောင်းလေသော် ပက္ကုသသည် ဗုဒ္ဓ၏အသရေတော်ကို တအံ့တသြကြည့်ပြီးမှ ''တည်းခိုနိုင်ပါ၏ ငါ့ရှင်။ ဤအခန်းကြီးကား ကျယ်ဘိစွ၊ နေလောက်ပါသည်''ဟု ဆိုလျှင်—

ဗုဒ္ဓသည် ဖျာတချပ်ကို ကိုယ်တိုင်ခင်းပြီးလျှင် ယင်းဖျာထက်၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေ၏။ ပက္ကုသလည်း ဗုဒ္ဓကဲ့သို့ပင် ဖျာတချပ်ပေါ်တွင် တင်ပလ္လင်ခွေလျက် တခန်းတည်းတွင် နှစ်ပါးအတူ နေကြ၏။

ဤရိပ်သာ၌ ရဟန်းနှစ်ပါး ဆုံမိကြခြင်းကား ဆန်းလှ၏။ ဗုဒ္ဓသည် ဤရိပ်သာသို့ ပက္ကုသအတွက် ကြွရောက်လာခြင်းဖြစ်ပြီး ဗုဒ္ဓအနေအားဖြင့် ပက္ကုသကို သိတော်မူ၏။ ပက္ကုသသည်လည်း ဗုဒ္ဓထံလာခဲ့ခြင်းဖြစ်ပြီး ဤရိပ်သာတွင် ဗုဒ္ဓနှင့် ဆုံမိပါလျက်လည်း သူကား ဗုဒ္ဓမှန်းမသိ၊ သာမန်ရဟန်း တပါးဟူ၍သာ အမှတ်ပြုမိ၏။

အချိန်မှာ ညဥ့်သန်းခေါင်ပင် ကျော်လောက်ပြီ ဖြစ်သော်လည်း နှစ်ပါးစလုံး ကျိန်းစက်ခြင်းမပြု။ တင်ပလ္လင်ခွေလျက်သား ထိုင်နေလျက်က တချက်တချက်တွင် မသိမသာလှမ်း၍ လှမ်း၍ကြည့်မိကြ၏။ ဗုဒ္ဓအနေအားဖြင့် အထူးအထွေ တွေးဆခြင်း မပြုသော်လည်း ပက္ကုသကား ဗုဒ္ဓကို အကဲခတ်ကာခတ်ကာ အတွေးမှာလည်း ယောက်ယက်ခတ်လျက် ရှိနေ၏။ "တော်တော့်ကို ဣန္ဒြေသိက္ခာတော် ရှိလှပါကလား" ဤမျှလောက်ကိုတော့ သူ့ဦးနှောက်ထဲ ရောက်နေ၏။

## ဘုရားက ပက္ကုသာတိ ရဟန်းကြီးကို သင့်ဆရာ ဘယ်သူလဲဟု မေးခြင်း

"အသင်ရဟန်း၊ မည်သည့်ပုဂ္ဂိုလ်ကို ရည်စူး၍ သင် ရဟန်းပြုသနည်း"

သင့်ဆရာကား မည်သူနည်း။ မည်သူ၏တရားကို သင် နှစ်သက်ပါသနည်း။

ဤမေးခွန်းကား ပက္ကုသကို ဗုဒ္ဓက မေးသောမေးခွန်း ဖြစ်၏။ ဤသို့ မေးခြင်းကား မသိ၍မေးခြင်း မဟုတ်ပေ။ ပက္ကုသ မည်သူဖြစ်ကြောင်းကို ဗုဒ္ဓအနေဖြင့် ကောင်းစွာသိတော်မူပြီး ဖြစ်၏။ သို့ပါလျက် ဤသို့ မေးမြန်းခြင်းပြုတော်မူပါမှ တရားသဘောပေါက်လွယ်မှု အလားအလာကိုမြင်တော်မူသောကြောင့် တမင်တကာ မေးတော်မူခြင်း ဖြစ်သတည်း။

(ပက္ကုသ) "ငါ့အရှင်၊ ငါကား သကျပုတ္တသာကီနွယ်ဖွား ဂေါတမ ဘုရားဟူသည် ထင်ရှားပွင့်တော်မူလျက် ရှိ၏။ ထိုဗုဒ္ဓကို ရည်စူး၍ ငါ ရဟန်းပြုလိုခြင်း ဖြစ်ပါ၏။ ငါ၏ဆရာကား တရားခပ်သိမ်းကို ကိုယ်ပိုင် ဉာဏ်အလင်းဖြင့် ထိုးထွင်း၍သိတော်မူသော ဗုဒ္ဓဂေါတမ ရှင်တော်မြတ် ဘုရားပါတည်း"

(ဗုဒ္ဓ) "အသင်ရဟန်း၊ သင်၏ဆရာ ဗုဒ္ဓဂေါတမကို သင် မြင်ဖူးပါ သလော"

(ပဏ္ဏုသ) ''မမြင်ဘူးသေးပါ ငါ့ရှင်။ သို့သော် မမြင်ဘူးပဲလျက် ဗုဒ္ဓကိုလည်းကောင်း၊ ဗုဒ္ဓ၏တရားတော်ကိုလည်းကောင်း ကြည်ညိုရှိ တပည့်ခံကာ ရဟန်းပြုခဲ့ခြင်း ဖြစ်သည်''

ဤမေးသံနှင့် ဖြေဆိုသံများသည် တိတ်ဆိတ်သောည၊ အိပ်မောကျနေသောညကို နှိုးသကဲ့သို့ရှိလေ၏။ ဗုဒ္ဓသည် ပဏ္ဏုသဆန္ဒကို သိတော်မူသောအခါ ဤအချိန် ဤအခါကား သူ့အား တရားဟောရန် သင့်ပြီဖြစ်ကြောင်း သိတော်မူသဖြင့် အဘယ်တရားသည် သူနှင့် သင့်လေမည်နည်းဟု ဆင်ခြင်တော်မူသောအခါ ဓာတ်ခြောက်ပါးတရားနှင့် သင့်လျော်သည်ကို သိတော်မူ၏။ ထိုအခါ တရားဟောလို၍ သူ၏သဘောထားကို တီးခေါက်ကြည့်တော်မူလေ၏။

(ဗုဒ္ဓ) ''အသင်ရဟန်း၊ ယခု သင် အဘယ်ကို သွားမည်နည်း''

(ပဏ္ဏုသ) ''ငါ့ရှင်၊ ငါကား ငါ၏ဆရာ ဗုဒ္ဓဂေါတမထံသွားအံ့''

(ဗုဒ္ဓ) ''သင်၏ဆရာသည် အဘယ်မှာနည်း''

(ပဏ္ဏုသ) ''သာဝတ္ထိမှာ ရှိသည်ဟု ကြားရ၍ ငါ လာခဲ့ပါသတည်း''

## ဘုရားသခင်ကား ပဏ္ဏုသာတိကို ငါ့တရားကို နာလိုသလော မေးခြင်း

ဗုဒ္ဓသည် သူ့စကားကို ကြားရသောအခါ ပဏ္ဏုသအပေါ်တွင် ပို၍ကရုဏာသက်တော်မူလာပြီး သူ၏ အဇ္ဈာသယကို ဆင်ခြင်ပြန်သော် များစွာအလားအလာ ကောင်းနေပြီကို သိတော်မူသည့်အလျောက် အောက်ပါအတိုင်း မေးတော်မူလိုက်လေသည်။

(ဗုဒ္ဓ) ''အသင်ရဟန်း၊ သင့်အား ငါတရားဟောတုံပြားအံ့၊ ငါ့တရားကို သင် နာလိုအံ့လော''

(ပဏ္ဏုသ) ''ကျွန်ုပ် နာပါအံ့၊ ဟောတော်မူပါ။ အသင်ကား ဗုဒ္ဓမြတ်ဘုရား'ထံမှ တိုက်ရိုက်ဆက်ပွားလာသူ ဖြစ်သဖြင့် သင့်တရားကို ဗုဒ္ဓဘုရားတော်ဟူ၍ အကျွန်ုပ် နာယူပါအံ့''ဟူ၍ ရိုသေစွာ တောင်းပန်ခြင်းပြုလေ၏။ ထိုအခါ ဗုဒ္ဓသည် ပဏ္ဏုသနှင့် လျော်ကန်မည့် ဓာတ်ခြောက်ပါးတရားကို ဟောကြားတော် မူသတည်း။

မှတ်ချက်။ ။ဤတရားကား ဥပရိပဏ္ဏာသ ပါဠိတော် ဝိဘင်္ဂဝဂ်၊ ဓာတုဝိဘင်္ဂသုတ်၊ ၂၇၁၊ ဆဋ္ဌမှူဠ် လာ၏။

အသင်ရဟန်း၊ ငါ့တရားကို နာလိုဘိသော် ကောင်းစွာ နာလော့ဟု မိန့်တော်မူပြီးနောက် သောတာပန်၊ သကဒါဂါမ်မှ အစ ရဟန္တာဖြစ်သည် အထိ အားထုတ်ကြိုးစားရန် စိတ်အား ထက်သန်စွာဖြင့် ထီးနန်းစွန့်ကာ ရဟန်းပြုလာခဲ့သော ရှင်ဘုရင်လူထွက် ပက္ကုသာတိ ရဟန်းအား ဓာတ် ခြောက်ပါးတရားကို ဟောတော်မူသတည်း။

မှတ်ချက်။ ။ ပ၊ အာ၊ ဝါ၊ တေ-ဟု ဆိုအပ်သော ဓာတ်ကြီးလေး တွေတို့၏ ပေါင်းစပ်စုဝေးရာမှ ဖြစ်သော ရုပ်ဒြပ် ဝတ္ထုကား သော့မပေးရသေးသော ဇက်ရုပ်ကြီး များနှင့် အလားတူ၏။ သော့မပေးလျှင် တုန်လှုပ် ခြင်းမရှိ၊ ပကတိ သဘာဝအတိုင်း ငြိမ်နေ၏။ သော့ပေးလိုက်မှ လှုပ်ရှားလာ၏။ ထို့အတူပင်လျှင် ရုပ်ကို လှုပ်ရှားလာစေသော၊ လှုပ်ရှားအောင် တတ် နိုင်စွမ်းရှိသော ဓာတ်နှစ်မျိုးကို ဖြည့်စွက်ကာ ဓာတ် ခြောက်ပါး တရားကို ဟောတော်မူခြင်း ဖြစ်၏။

## ပက္ကုသာတိကို တရား ဟောခြင်း

"အသင်ရဟန်း၊ သူသူငါငါ ပုဂ္ဂိုလ်ဟုဆိုအပ်သော သတ္တဝါ ဟူသမျှသည် ဓာတ်ခြောက်ပါး၏ အစုအဝေးသာ ဖြစ်၏။ ပုဂ္ဂိုလ် သတ္တဝါတိုင်းကို ဓာတ်ခွဲကြည့်လိုက်သော် ပထဝီ-မြေဓာတ်၊ အာ ပေါ-ရေဓာတ်၊ ဝါယော-လေဓာတ်၊ တေဇော-မီးဓာတ်၊ အာ ကာသ- ဟင်းလင်းပွင့်နေသော ဓာတ်၊ ဝိညာဏ- အသိဓာတ် ဤ ဓာတ်ခြောက်ပါးကိုသာ တွေ့ရ၏။ သင့်မှာလည်း ဓာတ်ခြောက် ပါးနှင့်ပင် ဖြစ်၏။

(၁) ပထဝီ-မြေဓာတ်

အသင်ရဟန်း၊ ကောင်းစွာ မှတ်သားဘိလော့။ ပထဝီ- မြေဓာတ် ဟူ၍ရှိ၏။ ထိုမြေဓာတ်ကား အချို့သည် ကိုယ်တွင်းမှာ ဖြစ်၏။ အချို့ကား ကိုယ်၏အပမှာ ဖြစ်၏။ သို့ဖြစ်လေရာ သင့်ကိုယ်တွင်းမှာ မည်သို့သော မြေ ဓာတ်မျိုး တွေ့ရှိနေမည် ထင်သနည်း။

အသင်ရဟန်း၊ မြေဓာတ်ကို ရှေးဦးစွာ ဤသို့ သင် မှတ်ဘိလော့။ အပြင် ရုပ်ဝတ္ထုသည် ကြမ်း၏။ မာ၏။ ကိုယ်၌မှီတွယ်၍ ဖြစ်၏။ တကျာက

မစွဲလျှင် စွဲချင်အောင် စွဲဆောင်ထား၏။ ထိုရုပ်မျိုးသည် မြေဓာတ်မည်၏။ မြေဓာတ်ဟူ၍ မှတ်။ ၃၂- ကောဋ္ဌာသ အစုအဝေးဖြစ်သော ပုဂ္ဂိုလ်၊ သတ္တဝါတိုင်း၏ ကိုယ်၌ မြေဓာတ်ဖြစ်သော ထိုရုပ်ကြမ်း၊ ရုပ်မာတို့ ရှိကုန်၏။

အသင်ရဟန်း၊ ယင်းရုပ်ကြမ်းမျိုးကို ခွဲလိုက်သော် ဆံပင် ရုပ်ကို တွေ့ရမည်၊ မွေးညင်းရုပ်၊ ခြေသည်း လက်သည်းရုပ်၊ သွားရုပ်၊ အရေထူ အရေပါးရုပ်၊ အသားရုပ်၊ အကြောရုပ်၊ အရိုးရုပ်၊ ရိုးတွင်းခြင်ဆီရုပ်၊ အညှိရုပ်၊ နှလုံးရုပ်၊ အသည်းရုပ်၊ အမြှေးရုပ်၊ အဖျဉ်းရုပ်၊ အဆုတ်ရုပ်၊ အူသိမ်ရုပ်၊ အူမရုပ်၊ အစာသစ်ရုပ်၊ အစာဟောင်းရုပ် ဤရုပ်ကြမ်း၊ ရုပ်မာများကို တွေ့ရမည် ဖြစ်ပေသည်။

ဤရုပ်ကြမ်းများကို မြွက်ကြားတော်မူပြီးနောက် သူ၏ သန္တာန် အသိဓာတ်ခံမျိုး ရှိ၊ မရှိကို သိလို၍ အမေး၊ အဖြေသဘောဖြင့် ဆက်၍ ဟောတော်မူ၏။

(ဗုဒ္ဓ) အသင်ရဟန်း၊ ဆံပင်၊ မွေးညင်းစသော ထိုရုပ်၊ ဤရုပ်တို့သည် ကိုယ်တွင်းမှာ ဖြစ်ကုန်သလော၊ ကိုယ်၏အပမှာ ဖြစ်ကုန်သလော။ အဘယ်မှာဖြစ်သည် ထင်သနည်း။

(ပက္ကုသ) ငါ့ရှင်၊ ဤရုပ်တို့ကား ကိုယ်တွင်းမှာ ဖြစ်ကုန်၏။

(ဗုဒ္ဓ) မှန်ပေ၏။ ယင်းရုပ်စုတို့သည် ခန္ဓာကိုယ်ကောင်ကို စွဲမှီ၍ တည်ကုန်၏။ ခန္ဓာကိုယ်တွင်းမှာ ဖြစ်သောကြောင့် ယင်း ဆံပင်၊ မွေးညင်းစသော ရုပ်ကြမ်းတို့ကို ကိုယ်တွင်းရှိ ရုပ်၊ ကိုယ်တွင်းရှိ မြေဓာတ်ဟူ၍ မှတ်။ ဤမြေဓာတ်တို့သည် သင့်ဥစ္စာ၊ သင့်ပစ္စည်းလော။ သင်ပိုင်သလော။

(ပက္ကုသ) မပိုင်ပါ။ ကျွန်ုပ်၏ ဥစ္စာ၊ ပစ္စည်းများ မဟုတ်ပါ။

(ဗုဒ္ဓ) အသင်ရဟန်း၊ ဤမြေဓာတ်သည် သင်ပိုင် မဟုတ်၊ သင့်ပစ္စည်းမဟုတ်လျှင် ဤမြေဓာတ်သည် သင်များကော ဟုတ်သလော၊ မဟုတ်ဘူးလော။

(ပက္ကုသ) အကျွန်ုပ်လည်း မဟုတ်ပါ။

(ဗုဒ္ဓ) သင် မဟုတ်ခဲ့လျှင် သင်၏ အတ္တများ ဖြစ်နေသလော။

(ပက္ကုသ) အကျွန်ုပ်၏ အတ္တလည်း မဟုတ်ကြောင်းပါ။

(ဗုဒ္ဓ) အသင်ရဟန်း၊ သာဓု၊ သာဓု၊ သာဓု၊ ကောင်းဘိစွ။ ဤမြေဓာတ်တို့ကို မှုသဓာတ်ရင်း၊ ဓာတ်ငုတ် မြုပ်ပျောက်မသွားစေပဲ အမှန်ကို

အမှန်အတိုင်း သိအောင်၊ ထင်အောင်၊ မြင်အောင် ယထာဘူတဉာဏ်ဖြင့် ရှုအပ်၏။ ရှုလော့။

ဤမြေဓာတ်သည် ငါမဟုတ်၊ ငါ့ဥစ္စာ၊ ငါ့ပစ္စည်း မဟုတ်၊ ငါ့အတ္တ မဟုတ်ဟူ၍ ဤသို့ အမှန်ကို အမှန်အတိုင်း သဘောပေါက်အောင် ထိရောက်စွာရှုလေသည်ရှိသော် ဘာမျှ တွယ်တာစရာ၊ မြတ်နိုးစရာ ရှာမတွေ့သဖြင့် မြေဓာတ်အပေါ်၌၊ မြေဓာတ်ဟုခေါ်သော ဆံပင်၊ မွေးညင်းတို့အပေါ်၌ ငြီးငွေ့လာ၏။ ယင်းမြေဓာတ်နှင့် ပတ်သက်၍ စိတ်ကို တပ်မက်ခြင်း၊သာယာ ခြင်း၊ စွဲလမ်းခြင်း ကင်းစေ၏။

တပ်မက်ခြင်း ကင်းသွားကတည်းက စွဲလမ်းခြင်း ရှိနိုင်ပါတော့ မည်လော။

## (၂) အာပေါ- ရေဓာတ်

အသင်ရဟန်း၊ ထို့မှတပါး အာပေါဓာတ်ခေါ်သော ရေဓာတ်ဟူ သည်ရှိ၏။ ယင်းရေဓာတ်သည်လည်း အချို့ကား ကိုယ်တွင်းမှာ အချို့ကား ကိုယ်၏အပမှာ ဖြစ်၏။ ထိုရေဓာတ် သတ္တိကား ဖွဲ့စည်းတတ်၏။ ဖွဲ့စည်းဆို သည်ကား အရာဝတ္ထုများကို တမျိုးနှင့်တမျိုး၊ တခုနှင့်တခု ပူးမိအောင်၊ ကပ်မိစပ်မိအောင် ရောမိနှောမိသွားအောင်၊ တွဲမိသွားအောင် ပြုလုပ်ပေး ခြင်းကို ဆိုပေသည်။

အသင်ရဟန်း၊ သည်းခြေသည် အဘယ်၌ တည်သနည်း။ အဘယ် ကိုစွဲ၍ ဖြစ်သနည်း။ ခန္ဓာကိုယ်ကို စွဲမှီ၍ ဖြစ်နေသည် မဟုတ်ပါလော။ ထို့အတူ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ် ဤသို့သော ဓာတ်တို့သည် လည်း ပုဂ္ဂိုလ်တိုင်း၊ သတ္တဝါတိုင်း တို့၏ ခန္ဓာကိုယ်၌ တည်ကုန်၏။

(ဗုဒ္ဓ) အသင် ရဟန်း၊ ထိုဓာတ်၊ ထိုသည်းခြေ၊ သလိပ်စသော ရုပ်တို့သည် အဘယ်၌ ဖြစ်ကုန်သနည်း။ ကိုယ်တွင်းမှာ သို့မဟုတ် ကိုယ်၏ ပြင်ဘက်မှာ ဖြစ်ကုန်သလော။

(ပက္ကုသ) ကိုယ်တွင်းမှာပါ ငါ့ရှင်။

(ဗုဒ္ဓ) ကိုယ်တွင်းမှာ ဖြစ်ခဲ့သော် ထိုရုပ်၊ ထိုဓာတ်တို့ကို မည်သို့ ပညတ်ရန် သင့်မည်နည်း။ မည်သို့ ခေါ်ဝေါ်သင့်မည်နည်း။

(ပက္ကုသ) အတွင်းရုပ်၊ အတွင်းဓာတ်ဟု ခေါ်ဝေါ်သင့်ပါသည်။

ဗုဒ္ဓသည် ကြေသည်ထက် ကြေညက်အောင်၊ သဘောပိုင်သည်ထက် ပိုင်အောင် လှည့်ကာ လှည့်ကာ ကျော့၍ကျော့၍ ပက္ကုသအား မေးတော်မူပြန်၏။

(ဗုဒ္ဓ) အသင် ရဟန်း၊ သည်းခြေ၊ သလိပ်၊ သွေး စသည်တို့သည် မြေဓာတ်လော၊ ရေဓာတ်လော။

(ပက္ကုသ) ရေဓာတ်ပါ၊ ငါ့ရှင်။

(ဗုဒ္ဓ) ကောင်းပြီ။ သို့ဖြစ်ဘိသော် ထို ရေဓာတ်သည် သင့်ဥစ္စာလော၊ သင့်ပစ္စည်းလော၊ အခြားသူများ၏ ပစ္စည်းလော။

(ပက္ကုသ) ကျွန်ုပ်ပစ္စည်း၊ ကျွန်ုပ်ဥစ္စာလည်းမဟုတ်၊ အခြားသူများ၏ ဥစ္စာ ပစ္စည်းလည်းမဟုတ်ပါ။

(ဗုဒ္ဓ) အသင်ရဟန်း၊ ဤ ရေဓာတ်သည် သင့်ဥစ္စာ၊ သင့်ဟာ၊ သင့်ပစ္စည်းမဟုတ်လျှင် သင်များ ဖြစ်နေသလော။

(ပက္ကုသ) အကျွန်ုပ်လည်း မဟုတ်ပါ။

(ဗုဒ္ဓ) သင် မဟုတ်လျှင် သင်၏ အတ္တများလား။

(ပက္ကုသ) အကျွန်ုပ်၏ အတ္တလည်း မဟုတ်ပါ။

(ဗုဒ္ဓ) အသင် ရဟန်း၊ သာဓု၊ သာဓု၊ သာဓု၊ ကောင်းဘိစွ။ ဤရေဓာတ်တို့ကို မူလဓာတ်ရင်း၊ ဓာတ်ငုတ် မြုပ်ပျောက်မသွားစေပဲ ရေဓာတ်အမှန်ကို အမှန်အတိုင်းသိအောင်၊ ထင်အောင်၊ မြင်အောင် ယထာဘူတဉာဏ်ဖြင့် ရှုအပ်၏။ ရှုဘိလော့။

ဤ ရေဓာတ်သည် ငါမဟုတ်၊ ငါ့ပစ္စည်းမဟုတ်၊ ငါ့ဥစ္စာ၊ ငါ့ဟာမဟုတ်၊ ငါ့အတ္တဘောမဟုတ် ဟူ၍ ဤသို့ အမှန်ကို အမှန်အတိုင်းသိအောင် မြင်အောင်၊ ထိရောက်စွာ ရှုအပ်၏။ ရှုဘိလော့။ ဤသို့ ရှုဖန် များလတ်သော် တွယ်တာစရာ၊ မြတ်နိုးစရာဆို၍ ဘာမျှရှာမတွေ့သဖြင့် ရေဓာတ်ဖြစ်သော သည်းခြေ၊ သလိပ်၊ သွေးစသည်တို့ အပေါ်၌ ငြီးငွေ့ခြင်း ဖြစ်လာလတ္တံ့။ ထိုအခါ ယင်း ရေဓာတ်နှင့်ပတ်သက်၍ စိတ်ကို တပ်မက်ခြင်း ကင်းစေလတ္တံ့။ တပ်မက်ခြင်းကင်းသည်ဆိုကတည်းက စွဲလမ်းခြင်း ရှိနိုင်ပါဦးမည်လော။

## (၃) ဝါယော–လေဓာတ်

အသင် ရဟန်း၊ ထိုမှတပါး ဝါယောဓာတ်ခေါ်သော လေဓာတ်ဟူသည်ရှိ၏။ ယင်းလေဓာတ်သည်လည်း အချို့ကား ကိုယ်တွင်းမှာ၊ အချို့ကား ကိုယ်၏ အပြင်ဘက်မှာဖြစ်၏။ ယင်းလေဓာတ်၏ သတ္တိကား လှုပ်

ရှားခြင်း၊ ထောက်ကန်ခြင်းဖြစ်၏။ လှုပ်ရှား ဆိုသည်ကား အငြိမ်မနေ၊ ကြွရွစေခြင်းကို ဆိုသည်။

အသင်ရဟန်း လေနှင့်ပတ်သက်၍ အသက်ဆန်သောလေ၊ အောက်သို့ စုန်သောလေ၊ အူထဲ၌ တည်သောလေ၊ အင်္ဂါကြီး ငယ်တို့ကို ကွေးခြင်း ဆန့်ခြင်း၊ ခုန်ခြင်း ပျံခြင်းပြုလုပ်နိုင်အောင် ကူးချည် သန်းချည်လျှောက်နေသောလေ၊ ဝင်သက်လေ၊ ထွက်သက်လေ၊ ဤလေ၊ ထိုလေအားလုံးတို့သည် ကိုယ်တွင်းမှာ ဖြစ်သောကြောင့် အတွင်းဓာတ်မည်ကုန်၏။ အတွင်းဓာတ်ဟူ၍ မှတ်။

(ဗုဒ္ဓ) အသင်ရဟန်း၊ သင့်ကို ငါ မေးအံ့။ ဝါယောဓာတ်ခေါ်သော ထိုလှုပ်ရှားဓာတ်သည် အဘယ်၌ဖြစ်သနည်း။

(ပက္ကုသ) ကိုယ်မှာဖြစ်ပါသည် ငါ့ရှင်။

(ဗုဒ္ဓ) ကောင်းပြီ။ ကိုယ်မှာဖြစ်က အတွင်းမှာဖြစ်သလော၊ အပြင်မှာ ဖြစ်သလော။

(ပက္ကုသ) အတွင်းမှာပါ ငါ့ရှင်။

(ဗုဒ္ဓ) ကောင်းပြီ။ ယင်းသို့ အတွင်းမှာ ဖြစ်သော ထိုလေဓာတ်သည် သင့်ပစ္စည်းလော၊ သင့်ဥစ္စာ၊ သင့်ဟာလော။

(ပက္ကုသ) မဟုတ်ပါ ငါ့ရှင်။

(ဗုဒ္ဓ) သင့်ဥစ္စာ၊ သင့်ဟာမဟုတ်လျှင် သင်များ ဖြစ်နေသလား။

(ပက္ကုသ) အကျွန်ုပ်လည်း မဟုတ်ပါ။

(ဗုဒ္ဓ) သင်မဟုတ်လျှင် သင့်အတ္တများလား။

(ပက္ကုသ) အကျွန်ုပ် အတ္တလည်း မဟုတ်ပါ။

(ဗုဒ္ဓ) အသင် ရဟန်း၊ ကောင်းဘိစွ။ သာဓု၊ သာဓု၊ သာဓု။

ဤလေဓာတ်၊ ထိုစုန်လေ၊ ဆန်လေ စသော လေဓာတ်တို့ကို မူလဓာတ်ရင်း၊ ဓာတ်ငုတ် မြုပ်ပျောက်မသွားစေပဲ အမှန်ကို အမှန်အတိုင်း သိအောင်၊ ထင်အောင်၊ မြင်အောင် ယထာဘူတဉာဏ်ဖြင့် ရှုအပ်၏။ သင်ရှုဘိလော့။

ဤ လေဓာတ်ကား ငါ မဟုတ်၊ ငါ့ပစ္စည်းမဟုတ်၊ ငါ့ဥစ္စာ ငါ့ဟာ မဟုတ်၊ ငါ့ အတ္တ မဟုတ် ဟူ၍ ဤသို့ အမှန်ကို အမှန်အတိုင်း သိအောင်၊ ထင်အောင် ထိရောက်စွာ ရှုအပ်၏။ ရှုဘိလော၊ ဤရှုဖန် များလတ်သော် တွယ်တာစရာ၊ မြတ်နိုးစရာ ဆိုသရွေ့ဘာမျှမရှိသဖြင့် လေဓာတ်ဖြစ်သော

ထွက်သက်၊ ဝင်သက် စသည်တို့အပေါ်၌ ငြိုးငွေ့ခြင်း ဖြစ်လာလတ္တံ့။ ထိုသို့ ငြိုးငွေ့ခြင်း ဖြစ်လာသော် လေဓာတ်နှင့် ပတ်သက်၍ စိတ်ကို တပ်မက်ခြင်း ကင်းစေလတ္တံ့။ တပ်မက်ခြင်းကင်းသည် ဆိုကာတည်းက စွဲလမ်းခြင်း ရှိနိုင်ပါဦးမည်လော။

(၄) တေဇော–မီးဓာတ်

အသင်ရဟန်း၊ ထိုမှတပါး တေဇောဓာတ် ခေါ်သော မီးဓာတ်ဟူသည် ရှိ၏။ ယင်းမီးဓာတ်၏ သတ္တိကား လောင်းကျွမ်း စေတတ်၏။ လောင်ကျွမ်းခြင်းသဘော ရှိ၏။

အသင်ရဟန်း၊ ပုဂ္ဂိုလ်တိုင်း၊ သတ္တဝါတိုင်း၏ ခန္ဓာကိုယ်ကောင်သည် အကြင်ဓာတ်ကြောင့် ပူလောင်၏။ လောင်ကျွမ်း၏။ ဆွေးမြည့်ခြင်းသို့ ရောက်၏။ စားဖွယ်သောက်ဖွယ် ဟူဟူသမျှတို့ကို ကောင်းစွာ ကြေညက်ခြင်း၊ နူးနပ်ခြင်းသို့ ရောက်စေ၏။ ထိုဓာတ်၊ ထိုရုပ်တို့သည် ခန္ဓာကိုယ်၏ အတွင်းဖြစ်သောကြောင့် အတွင်းဓာတ် မည်ကုန်၏။ ဒ္ဓတွင်းဓာတ်ဟူ၍ မှတ်။

(ဗုဒ္ဓ) အသင်ရဟန်း၊ သင့်အား ငါ မေးအံ့။ ပူတတ်၊ လောင်ကျွမ်းစေတတ်၊ ဆွေးမြည့်စေတတ်သော ထိုတေဇောဓာတ်သည် အဘယ်၌ ဖြစ်တည်သနည်း။ ယင်းတေဇောဓာတ်တို့၏ ဖြစ်ရာကား အဘယ်နည်း။

(ပက္ကုသ) ခန္ဓာကိုယ်သည် ယင်းဓာတ်တို့၏ ဖြစ်တည်ရာ ဖြစ်ပါ၏။ ယင်းဓာတ်တို့သည် ခန္ဓာကိုယ်၌ စွဲမှီ၍ ဖြစ်ကုန်ပါ၏။

(ဗုဒ္ဓ) သင်၏ ရုပ်ဝတ္ထုဒြပ်သည် ခန္ဓာကိုယ် မဟုတ်လော။

(ပက္ကုသ) ဟုတ်ပါသည် ငါ့ရှင်။

(ဗုဒ္ဓ) ဒါဖြင့်ယင် သင့်ခန္ဓာကိုယ်၌ စွဲမှီလျက် ဖြစ်တည်နေသော ထိုတေဇောဓာတ်သည် သင့်ပစ္စည်းလော၊ သင့်ဟာ၊ သင့်ဥစ္စာလော။

(ပက္ကုသ) မဟုတ်ပါ ငါ့ရှင်။

(ဗုဒ္ဓ) သင့်ပစ္စည်း မဟုတ်လျှင် သင်များ ဖြစ်နေသလား။

(ပက္ကုသ) အကျွန်ုပ်လည်း မဟုတ်ပါ။

(ဗုဒ္ဓ) သင့်ပစ္စည်းလည်း မဟုတ်၊ သင်လည်း မဟုတ်ခဲ့သော် ထိုတေဇောဓာတ်သည် သင်၏ အတ္တများ ဖြစ်လေမည်လား။

(ပက္ကုသ) အကျွန်ုပ်၏ အတ္တလည်း မဟုတ်ပါ။ သူ၏ သဘောသတ္တိအရ သူ့ဘာသာသူ ပူနေခြင်း၊ လောင်နေခြင်း၊ ဆွေးမြည့်နေခြင်းသာ ဖြစ်ပါ၏။

(ဗုဒ္ဓ) အသင်ရဟန်း၊ ကောင်းဘိစွ၊ ကောင်းဘိစွ။ သာဓု၊ သာဓု၊ သာဓု။ ယင်းတေဇောဟု ဆိုအပ်သော မီးဓာတ်၊ အပူဓာတ်၊ ဆွေ့မြည့်ဓာတ်၊ ပူလောင်ဓာတ်တို့ကို မူလဓာတ်ရင်း ပျောက်မသွားစေပဲ အမှန်ကို အမှန်အတိုင်း အရှိကို အရှိအတိုင်း သိအောင်၊ ထင်အောင်၊ မြင်အောင် ယထာဘူတ ဉာဏ်ဖြင့် ရှုအပ်၏။ သင် ရှုဘိလော့။

ဤတေဇောဟု ဆိုအပ်သော မီးဓာတ်၊ အပူဓာတ်၊ လောင်ကျွမ်းဓာတ်၊ ဆွေးမြည့်စေတတ်သော ဓာတ်သည် ငါ မဟုတ်၊ ငါ့ဥစ္စာ မဟုတ်၊ ငါ့ဟာ ငါ့ဥစ္စာ မဟုတ်၊ ငါ့အတ္တမဟုတ် ဟူ၍ ဤသို့ ထိရောက် ပေါက်မြောက်အောင် ရှုစေ၏။ ဤသို့ရှုဖန်များလတ်သော် ထိုအခါ ယင်းတေဇောခေါ် ပူလောင်ဓာတ်များအပေါ်၌ ငြီးငွေ့ခြင်း ဖြစ်လာလတ္တံ့။ ယင်းဓာတ်များနှင့် ပတ်သက်၍ စိတ်ကို တပ်မက်ခြင်း ကင်းစေလတ္တံ့။ စိတ်တပ်မက်ခြင်း ကင်းရှင်းသွားလတ္တံ့။ တပ်မက်ခြင်း ကင်းရှင်း သွားကတည်းက စွဲလမ်းမှုဟူသည် ရှိနိုင်ပါဦးမည်လော။

(၅) အာကာသ–ဟင်းလင်းဓာတ်

အသင်ရဟန်း၊ သင် သဘောပေါက်သည့် အလျောက် ဖြေဆိုချက်များကား အားရဖွယ် ကောင်းဘိစွ။ နှစ်သက်ဖွယ် ကောင်းဘိစွ။ ဆိုခဲ့ပြီးသော ဓာတ်လေးပါးတို့၏ သဘာဝ အချက်အလက်များကို ဒ အရှိကို အရှိအတိုင်း အမှန်ကို အမှန်အတိုင်း သင် သိသွားပြီ ဖြစ်လေ ပြီဘည်း။

အသင်ရဟန်း၊ ထိုမှတပါး သိမှတ်ဖွယ် ကျန်သေး၏။ သင်မှတ်လေဦး။ ဟင်းလင်းဟာလာ အတွယ်အတာ ငြိငြောဟူ၍ ရှိသော အာကာသဓာတ်ဟူသည် ရှိသေး၏။ ယင်း အာကာသဓာတ်သည် သင့်မှာလည်း ရှိ၏။ ပုဂ္ဂိုလ်တိုင်း၊ သတ္တဝါတိုင်းမှာလည်း ရှိ၏။ ယင်း ဓာတ်တို့ကား အဘယ်နည်းဆိုသော် နားပေါက်၊ မျက်စိပေါက်၊ ပါးစပ်ပေါက်၊ အစာသစ်ပေါက်၊ အစာဟောင်းပေါက်တို့ ဖြစ်ကုန်၏။ ယင်းဓာတ်တို့သည် တစုံတရာဖြင့်အခြားအကန့်၊ အဆီးအတားမရှိ။ သူ့ပင်ကို ပကတိအတိုင်း ဟာလာ ဟင်းလင်း ဖြစ်ကုန်၏။ တခုနှင့်တခု၊ တမျိုးနှင့်တမျိုး ထိကပ် စပ်နှော ခြင်းမရှိ။ ဥပမာ–သင်၏နှာခေါင်းပေါက်၊ နားပေါက်များကို သင် ကြည့်လော့။ သူ့ဘာသာသူ ဟောင်းလောင်းအပေါက်ကြီး ဖြစ်နေသည် မဟုတ်လော။ ယင်းအပေါက်များမှ ထွက်စရာရှိသည်တို့ ထွက်ကုန်၏။ ဝင်စရာရှိသည်တို့ ဝင်ကုန်၏။

(ဗုဒ္ဓ) အသင်ရဟန်း၊ သင့်အား ထပ်မံ၍ ရှင်းပြပါဦးအံ့။ စားဖွယ် သောက်ဖွယ် အာဟာရတို့သည် ရှိကြကုန်၏။ သတ္တဝါတိုင်းသည် အာဟာရကို မှီဘင်းနေကြရသည် ဖြစ်သောကြောင့် စားဖွယ်ကို စားကြကုန်၏၊ သောက်ဖွယ်ကို သောက်ကြကုန်၏။ ထိုအခါ ယင်းစားဖွယ်သောက်ဖွယ်တို့ အဘယ်သို့၊ မည်သည့်နေရာသို့ ရောက်ရှိသွားကုန်သနည်း။

(ပဏ္ဍုသ) ခန္ဓာကိုယ်ထဲ ရောက်ရှိသွားပါသည် ငါ့ရှင်။

(ဗုဒ္ဓ) ကောင်းပြီ။ စားဖွယ်သောက်ဖွယ်များ ခန္ဓာကိုယ်ထဲ ရောက်ရှိသွားသည်ဟု သင် ဖြေ၏။ ယင်းစားဖွယ် သောက်ဖွယ်တို့သည် မည်သို့သော နည်းလမ်းဖြင့် ခန္ဓာကိုယ်တွင်းသို့ ရောက်ရှိသွားကုန်သနည်း။

(ပဏ္ဍုသ) ပါးစပ်ပေါက်က ရောက်ရှိသွားပါကုန်၏။

(ဗုဒ္ဓ) ကောင်းပြီ။ အကယ်၍ ပါးစပ်သည် အတုံးကြီး၊ အခဲကြီး၊ အဆို့ကြီး၊ အပိတ်ကြီး ဖြစ်နေခဲ့သော် စားဖွယ်သောက်ဖွယ်များ ကိုယ်ထဲ ရောက်နိုင်ပါမည်လား။

(ပဏ္ဍုသ) မရောက်နိုင်ပါ ငါ့ရှင်။

(ဗုဒ္ဓ) အဘယ်ကြောင့်ပါနည်း။

(ပဏ္ဍုသ) အထဲသို့ သွင်းစရာ ဝင်စရာလမ်း၊ ဝင်စရာအပေါက်မရှိသောကြောင့် ဖြစ်ပါသည်။

(ဗုဒ္ဓ) ဒါဖြင့်ယင် စားသောက်ဖွယ်များ ဝမ်းခေါင်းထဲ ခန္ဓာကိုယ်ကြီးထဲ ရောက်ရှိသွားနိုင်ခြင်းသည် ဝင်စရာ တံခါး၊ ဝင်စရာ အပေါက် ရှိသောကြောင့်ဆိုတာ မထင်ရှားပေဘူးလား။ ဝင်ပေါက်မရှိလျှင် စားဖွယ် သောက်ဖွယ်များ ဝမ်းထဲ ရောက်နိုင်ပါမည်လား။

(ပဏ္ဍုသ) မရောက်နိုင်ပါ ငါ့ရှင်။

(ဗုဒ္ဓ) ယင်းသို့ဟာလာဟင်းလင်းကြီး ပွင့်နေသောအာကာသဓာတ် ခေါ်သော ပါးစပ်ပေါက်ကြီးများ သတ္တဝါတိုင်း သတ္တဝါတိုင်းမှာ မရှိပေဘူးလား။

(ပဏ္ဍုသ) ရှိပါသည် ငါ့ရှင်။ ပါးစပ်ပေါက် မရှိခဲ့သော် အစာ ဘယ်နှယ် သွင်းမည်နည်း။ စားမည်နည်း။ သောက်မည်နည်း။ မစားမသောက် နိုင်က သတ္တဝါဟူ၍ပင် ရှိတော့မည် မဟုတ်ဘူး။

(ဗုဒ္ဓ) ကောင်းပြီ။ ပါးစပ်ပေါက် ဗုအာကာသဓာတ် ရှိ၍ စားသောက်ဖွယ်များကို ဝမ်းထဲရောက်အောင် သွင်းနိုင်ကြသည်။ ဤသို့ သွင်းခြင်းအားဖြင့် သတ္တဝါတွေ ရှင်သန်ကြရသည်။ သည်လို သင်ပြောလိုသည် မဟုတ်လား။

(ပက္ကုသ) မှန်ပါသည်။

(ဗုဒ္ဓ) ထားပါတော့။ အာကာသဓာတ် ပါးစပ်ပေါက်၏ ကျေးဇူးကြောင့် အသက်ရှင်ရှင် နေကြသည့် သတ္တဝါတွေဟာ ဘေးခပ်သိမ်း၊ ရန်ခပ်သိမ်း၊ အန္တရာယ်ခပ်သိမ်းတို့မှ ကင်းငြိမ်းပါစ၊ ရောဂါဘယများ ကင်းရှင်းပါစ။

(ပက္ကုသ) သည်လိုတော့လဲ မဟုတ်ရပါ ငါ့ရှင်။ ကြီးငယ်မဟူ ဘေးအန္တရာယ်၊ အနာရောဂါ၊ ဆင်းရဲဒုက္ခများ အချိန်မရွေး ဖြစ်နိုင်ပါသည်။

(ဗုဒ္ဓ) အဘယ်ကြောင့် ဤသို့ ဆင်းရဲ ကြရ၊ ဒုက္ခ ရောက်ကြရသနည်း။

(ပက္ကုသ) အသက် ရှင်သန်နေ၍ ဖြစ်ပါသည်။

(ဗုဒ္ဓ) အသက်ဘာ့ကြောင့် ရှင်သန်သနည်း။

(ပက္ကုသ) ခုနက အာကာသဓာတ် ခေါ်သည့် ပါးစပ်ပေါက်ကြောင့်၊ ပါးစပ်ပေါက်က အစာများ သွင်းပေးသောကြောင့် ဖြစ်ပါသည်။

(ဗုဒ္ဓ) ကောင်းပြီ။ သည်ပါးစပ်ပေါက် အာကာသဓာတ်ဟာ သင့်မှာကော ပါသည်မဟုတ်လား။

(ပက္ကုသ) ပါပါသည် ငါ့ရှင်။

(ဗုဒ္ဓ) အဲသည် အာကာသဓာတ် ပါးစပ်ပေါက်ဟာ သင့်ပစ္စည်းလော၊ သင့်ဥစ္စာ၊ သင့်ဟာလော။

(ပက္ကုသ) သည်လိုတော့လဲ မဟုတ်ပေါင်ပါ ငါ့ရှင်။

(ဗုဒ္ဓ) သင့်ဟာ၊ သင့်ဥစ္စာ၊ သင့်ပစ္စည်း မဟုတ်ခဲ့လျှင် အဲသည် အာကာသဓာတ်ဟာ သင်များ ဖြစ်လေသလား။

(ပက္ကုသ) အကျွန်ုပ် မဟုတ်ရပါ ငါ့ရှင်။

(ဗုဒ္ဓ) အသင် မဟုတ်ခဲ့သော် သင်၏ အတ္တများ ဖြစ်လေမည်လား။

(ပက္ကုသ) မဖြစ်နိုင်ပါ။ ကျွန်ုပ်၏အတ္တ မဟုတ်ပါ ငါ့ရှင်။

မှတ်ချက်။ ။ရှင်ဘုရင်လူထွက် ပက္ကုသာတိ ရဟန်း ကြီး သည် တရားတော်ကို များစွာ နှစ်သိမ့်သဖြင့် ခေါင်းတညိတ်ညိတ်၊ ပီတိတစိမ့်စိမ့်နှင့် ရှိနေတော့၏။ သို့သော် သူသည် ဗုဒ္ဓနှင့် တွေ့တွေ့ဆိုင်ဆိုင် ပက်ပင်း တွေ့နေရပါလျက် ဗုဒ္ဓကို ဗုဒ္ဓမှန်းမသိရှာသေး။ ထို့ကြောင့် စကား ဆိုပြောသောအခါများတွင် မိမိက အသက်ကြီးသော ဂုဏ်အရဖြင့် ဗုဒ္ဓအား ငါ့ရှင်၊ ငါ့ရှင် ဟူ၍ ခေါ်ဝေါ် သုံးစွဲခြင်း ပြုနေ၏။

(ဗုဒ္ဓ) ကောင်းဘိစွ၊ အသင်ရဟန်း၊ သာဓု၊ သာဓု၊ နားပေါက် မျက်စိပေါက် များကိုလည်း ဤနည်းကို မှီး၍ သိလေလော့၊ ရှုပွားလေလော့။

အာကာသဓာတ်ဟု ဆိုအပ်သော ပါးစပ်ပေါက်၊ နားပေါက်၊ မျက်စိပေါက်၊ နှာခေါင်းပေါက်၊ အစာသစ်ပေါက်၊ အစာဟောင်းပေါက်တို့သည် ငါမဟုတ်၊ ငါ့ပစ္စည်း မဟုတ်၊ ငါ့ဥစ္စာ ငါ့ဟာ မဟုတ်၊ ငါ့အတ္တ မဟုတ်ဟူ၍ မူလဓာတ်ငုတ်ကို မြုပ်မသွားစေပဲ အမှန်အတိုင်း မြင်အောင်၊ ယထာဘူတ ဉာဏ်ဖြင့်ရှုသော် အာကာသဓာတ်များ အပေါ်၌ ငြီးငွေ့လာလတ္တံ့။ အာကာသဓာတ်နှင့်ပတ်သက်၍ စိတ်ကိုတပ်မက်ခြင်း ကင်းစေလတ္တံ့။ စိတ်၌ တပ်မက်ခြင်း ကင်းရှင်းလတ္တံ့။ ထိုအခါ ယင်းအာကာသဓာတ်၌ စွဲလမ်းခြင်း အဘယ်မှာ ဖြစ်နိုင်တော့မည်နည်း။

(၆) ဝိညာဏ-အသိဓာတ်

(ဗုဒ္ဓ) အသင်ရဟန်း၊ တရားဟူသည် အလွန်ကြားနာရခဲ၏။ အခွင့်သင့်ခိုက်တွင် သင် နာဦးမည်လော့။ တရားဟောရန် ငါ့အား ဝန်မလေး။ သင့်မှာ နာလိုသောဆန္ဒ ရှိဘိမူကား ငါတခု ဟောလိုသေး၏။

(ပက္ကုသ) ဟော ငါ့ရှင်။ ငါ့ရှင်ကား ဗုဒ္ဓ၏ သားတော်ကောင်းပီသဘိစွ။ အနှစ်သာရနှင့် ပြည့်ဝသော တရားတော်များကို ဟောကြားနိုင်ဘိစွ။ အကျွန်ုပ်သည် ဗုဒ္ဓ၏ ထံတော်မှောက်သို့ ရောက်သွားခဲ့သော် အဘယ်သို့ နေမည်မသိ။ ယခု ငါ့ရှင်နှင့် တွေ့ရခြင်း၊ ငါ့ရှင် ဟောသော တရားများကို ကြားနာရသည်ကိုပင် ဘုရားသခင်နှင့် တွေ့ရဘိသကဲ့သို့ လည်းကောင်း၊ ဘုရားသခင် ကိုယ်တော်တိုင် မြွက်ကြားနေသော တရားတော်ကို ကြားနာရဘိသကဲ့သို့ လည်းကောင်း နှစ်သက်ခြင်း၊ ကြည်နူးခြင်းအဟုန်တို့သည်သာ ကျွန်ုပ်၏တကိုယ်လုံး အပ်သွားချစရာမျှ မလပ်ရအောင် ပျံ့နှံ့လျက် တည်ပါကုန်၏။ ဟောတော်မူပါ ငါ့ရှင်။

(ဗုဒ္ဓ) ကောင်းဘိစွ၊ ကောင်းဘိစွ။ သို့ဖြစ်ဘိသော် ဆက်၍ နာလေဦး။ အသင်ရဟန်း၊ ငါသည် ဓာတ်ငါးပါး၏အကြောင်းကို သဘောပေါက်သည်အထိ စိတ်ရှည်စွာ ငါဟော၍ ပြီးခဲ့ပြီ။ သိအပ်၊ သိထိုက်၊ မှတ်အပ်၊ မှတ်သင့်၊ မှတ်ထိုက်သော ဓာတ်တပါး ကျန်သေး၏။ ထိုဓာတ်ကား အခြားမဟုတ်၊ ဝိညာဏ ခေါ်သော အသိဓာတ်ပင်တည်း။

(ဗုဒ္ဓ) အသင်ရဟန်း၊ သင့်အား ငါမေးဦးအံ့။ သစ်ပင်၊ တော တောင် စသည်တို့ ရှိကုန်သည်ဖြစ်ရာ ယင်းတို့သည် ငါဟောအပ်ခဲ့ပြီးသော ဓာတ်ငါးပါးအနက် မည်သည့်ဓာတ်များ ပါဝင်ကုန်မည် ထင်သနည်း။

(ပက္ကုသ) မြေဓာတ်၊ ရေဓာတ်၊ လေဓာတ်၊ မီးဓာတ်၊ အာကာသ ဓာတ်အားဖြင့် ဓာတ်ငါးပါးစလုံး ပါဝင်ပါကြောင်း။

(ဗုဒ္ဓ) သစ်ပင်၊ တော၊ တောင် စသည်တို့၌ ပ၊ အ၊ ဝ၊ တော၊ ဓာတ်ကြီး လေးထွေတို့ဖြင့် ဖွဲ့တည်နေကြောင်းမှာ ထင်ရှားရှိထားဘိလော့။ ယင်းတို့၌ အာကာသဓာတ် ပါဝင်ကြောင်းကို အဘယ်သို့ သင် နားလည် သနည်း။

(ပက္ကုသ) ထင်းရှားပါသည် ငါ့ရှင်။ ဥပမာ– တောင်ဆိုပါတော့၊ ယင်းတောင်သည် တသားတည်း၊ တပြင်တည်း၊ တလုံးတစည်းတည်း အကြားမရှိသော တောင်များလည်း ရှိ၏။ အချို့ တောင်များမှာကား သတ္တဝါတို့ ခန္ဓာကိုယ်၌ အာကာသဓာတ် ပါးစပ်ပေါက်များ ရှိသကဲ့သို့ပင် တခုနှင့်တခု ပူးကပ်စပ်နှောခြင်း မရှိ၊ ဟင်းလင်းပွင့်နေသော ဥမင်လိုဏ် ခေါင်းကြီး၊ တူးခေါင်းကြီး၊ ချောက်ဂမ်းပါး စောက်ကြီးများ ရှိပါ ကုန်၏။ ယင်းတို့သည် အဆီးအတား၊ အခြားအကာနံ့ မရှိ၊ ဟင်းလင်းပွင့် အာကာသဓာတ် ဖြစ်ကြောင်း ထင်ရှားပါသည် ငါ့ရှင်။

(ဗုဒ္ဓ) ကောင်းဘိစွ။ သာဓု၊ သာဓု၊ သင့်ကို ငါမေးဦးအံ့။ ယင်း သစ်ပင်၊ တော၊ တောင် စသည်တို့၌ရှိသော ဓာတ်ငါးပါးနှင့် သတ္တဝါတို့ သန္တာန်မှာရှိသော ဓာတ်ငါးပါးတို့ ခြားနားချက်များ ရှိသလော။

(ပက္ကုသ) ခြားနားချက် မရှိ၊ ဓာတ်ငါးပါး၏ အစုအဝေးချည်း သာ ဖြစ်ပါကုန်၏။

(ဗုဒ္ဓ) အသင်ရဟန်း၊ ယင်းသို့ ဓာတ်ငါးပါး အရှိချင်း တူပါ လျက် သစ်ပင်၊ တော၊ တောင်တို့ကား လူတို့ကဲ့သို့ စကားဆိုပြောမှု၊ သွား လာ လှုပ်ရှားမှု စသည်ကို အဘယ်ကြောင့် မပြုနိုင်ကြသနည်း။

(ပက္ကုသ) ဤသည်ကိုကား ကျွန်ုပ်မသိပါ ငါ့ရှင်။

(ဗုဒ္ဓ) အသင်ရဟန်း၊ ယခု သင့်အား ငါဟောနေသည်မှာ ဝိညာဏ ခေါ်သော အသိဓာတ်တရား ဖြစ်၏။ ထိုအသိဓာတ်ကား စင်ကြယ်၏။ ဆွတ်ဆွင်ဖြူ၏။ ယင်း ဝိညာဏခေါ် အသိဓာတ်၏ သတ္တိကား အပူကို အပူမှန်း သိ၏။ ဆင်းရဲကို ဆင်းရဲမှန်း သိ၏။ ကြားစရာကို ကြားမှန်းသိ၏။ နံ့စရာကို နံ့မှန်းသိ၏။ ထိုဝိညာဏခေါ်သော အသိဓာတ်မျိုးသည် သက်ရှိ

သတ္တဝါတို့၌သာ ရှိ၏၊ အသင်ရဟန်း၊ သင့်အား ဥပမာဖြင့် ပြပါအံ့။ သစ်ပင်ကြီးတပင်သည် ရှိ၍လာ၏။ ထိုသစ်ပင်ကြီး အောက်တွင် ချုံနွယ်ပင်များ ပေါက်လျက် ရှိကုန်၏။ အသင်ရဟန်း၊ တနေ့တွင် လေပြင်းမုန်တိုင်း တိုက်ခတ်ခြင်း ဒဏ်ကြောင့် ထိုသစ်ပင်ကြီးမှ သစ်ကိုင်း တကိုင်းသည် အောက်က ချုံနွယ်ပင်များပေါ်သို့ ကျိုးကျသဖြင့် ပရမ်းပတာ ပျက်စီးခြင်းသို့ ရောက်ကုန်လေ၏။ ဤသည်ကို ထားဘိဦးလော့။ ယခု တရားနာနေခိုက် သင့်ကို ခြင်ကိုက်သည် ဆိုပါတော့၊ သင့်မှာ ခြင်ကိုက်ခံရခြင်းနှင့် ချုံနွယ်များ သစ်ပင် ဖိခံရခြင်းကို နှိုင်းယှဉ်ကြည့်လျှင် ခံရသည်ခြင်းတူသည် မဟုတ်ပါလော။ ထူးခြားသေးသလော။

(ပက္ကုသ) မထူးခြားပါ ငါ့ရှင်။ သူတို့မှာလည်း သူတို့အလျောက် ခံကြရခြင်းပါ။ အကျွန်ုပ်မှာလည်း အကျွန်ုပ်အလျောက် ခံရခြင်းပါ။ ဘာမျှ ထူးခြားခြင်း မရှိပါ။

(ဗုဒ္ဓ) ကောင်းပြီ။ အသင်ရဟန်း၊ သင့်မှာ ခြင်ကိုက်သည့်အခါ ကိုက်မှန်း သိ၏လော။

(ပက္ကုသ) ဘယ့်နှယ်ပြောပါလိမ့် ငါ့ရှင်၊ မသိပဲနေချည့် သိပါသော်ကော။

(ဗုဒ္ဓ) ဟုတ်ပြီ၊ ခြင်ကိုက်သည်ကို သင် သိသကဲ့သို့၊ ဟိုချုံနွယ်ပင်များကော သစ်ပင်ဖိခံရမှန်း သူတို့သိကြပါ၏လော။

(ပက္ကုသ) အဘယ်မှာလျှင် သူတို့သိကြပါမည်လဲ ငါ့ရှင်။

(ဗုဒ္ဓ) ခံရတာချည်းချင်း တူပါလျက် သင်ကမူ ခံရမှန်းသိချေ၏။ သူတို့ခမျာများ မသိကြခြင်းမှာ အဘယ်ကြောင့်ပါနည်း။ သူတို့ခမျာတွေလဲ သင်ကဲ့သို့ပင် သိထိုက်သည်မဟုတ်ပါလော။ (ထိုအခါ ပက္ကုသာတိရဟန်းကြီးသည် တွေ၍ စဉ်းစားနေ၏။ ဗုဒ္ဓကပင် ဆက်၍ မိန့်တော်မူ၏။)

(ဗုဒ္ဓ) အသင်ရဟန်း၊ ဤပြဿနာကား သင့်အဖို့ စဉ်းစားထိုက်သော ပြဿနာဖြစ်ပေ၏။ ရုတ်ခြည်းပင် သင် ဖြေနိုင်ခြင်း မရှိသည်မှာ အဆန်းမဟုတ်ပြီ။ သတ္တဝါနှင့် သစ်ပင်၊ တော၊ တောင်တို့သည် ဓာတ်ငါးပါး၏ အစုအဝေးဖြစ်ခြင်း အရာတွင် တူညီကြကုန်သော်ငြားလည်း လူသားသတ္တဝါတို့က ထို သစ်ပင်၊ တော၊ တောင် စသည်တို့ထက် ဓာတ်တပါး ပိုကဲ၍ရှိနေပေသည်။ ထိုဓာတ်ကား ဝိညာဏခေါ်သော အသိဓာတ် ဖြစ်ပေ၏။ ထိုအသိဓာတ် သင့်မှာ ပါရှိသောကြောင့် ခြင်ကိုက်သည်ကို ''ငါ့ကို ကိုက်နေ၏''ဟု သင်သိသတည်း။ သစ်ပင်၊ တော၊ တောင် စသည်

တို့၌ကား သင်၌ကဲ့သို့ ဝိညာဏခေါ်သော အသိဓာတ်မျိုး မပါလေသောကြောင့် ကိုယ်အပေါ်သို့ သစ်ပင်ပိ၍လည်း ပိမှန်းမသိကုန်၊ သစ်ပင်ကလည်း ငါမှန်းမသိကုန်။ သစ်ပင်ကလည်း ငါ ကျိုးကျပါကလား၊ နာလိုက်ဘိခြင်း၊ ဆင်းရဲဘိခြင်း ဟူ၍ မသိရှာ၊ ရှင်းပါ၏လော အသင်ရဟန်း။

(ပက္ကုသ) ကောင်းလိုက်ဘိစွ ငါ့ရှင်၊ ရှင်းပါ၏။ ရှင်းပါ၏။ ဟောပြောချက်များမှာ နက်လည်းနက်နဲလှ၏။ အလွန်လည်း သိမ်မွေ့လှ၏။ ဓမ္မ၏ အနှစ်သာရလည်း ပြည့်ဝလှဘိသည်။ ငါ့ရှင်ကား ဗုဒ္ဓမြတ်ဘုရား၏ ကိုယ်တော်ပွားများလေလားဟု ငါထင်၏ ဟု လှိုက်လှဲစွာ ဆိုသတည်း။

(ဗုဒ္ဓ) အသင်ရဟန်း၊ နာဘိလော့၊ သင့် နှလုံးအိမ်သည် တည်ငြိမ် သိပ်သည်း၍ ရွှေခွက်သည် ခြင်္သေ့ဆီကို စိမ့်ယိုခြင်းမရှိအောင် ခံနိုင်စွမ်း ရှိဘိသည့်အလား၊ တရား၏ အနှစ်သာရကို ခံယူနိုင်စွမ်းသော အားဓာတ်သည် အထူးကောင်းမွန်လျက် ရှိသဖြင့် ဖြစ်တည်ချက် (ဥပါဒ်-ဌီ-ဘင်)သဘောကို သင့်အား ဆက်၍ ဟောဦးအံ့။

(ပက္ကုသ) ဝမ်းမြောက်လှပါသည် ငါ့ရှင်။ ဟောတော်မူပါလော့။

(ဗုဒ္ဓ) အသင်ရဟန်း၊ သင်သည် အေးလျှင်အေးမှန်း၊ ပူလျှင်ပူမှန်း သိသည် မဟုတ်လော့။ အပူ၊ အအေးသည် သူ့ဘာသာသူ၊ သူ့ဘာသာ အေးနေ၏။ ဖဿ-ဟူ၍ ရှိ၏။ ထိတွေ့ခြင်းဖြစ်၏။ ထို အပူ၊ အအေးသည် ဖဿနှင့် ထိလေသောအခါ ပူမှုတွေ၊ အေးမှုတွေ ဖြစ်လာ၏။ ဝေဒနာဟူ၍လည်း ရှိပြန်၏။ ခံစားခြင်းသဘောကို ခေါ်သော နာမပညတ်ဖြစ်၏။ ပူမှုတွေကိုလည်း ဝေဒနာက ခံစား၏။ အေးမှုတွေကိုလည်း ခံစား၏။ ထိုမှတပါး ချမ်းသာမှု၊ ဆင်းရဲမှု၊ ပျော်ရွှင်မှု၊ ညစ်နွမ်းမှုတွေကိုလည်း ဝေဒနာက အကုန်သိမ်းကျုံး၍ ခံစား၏။

အသင်ရဟန်း၊ ထိုသို့ ဝေဒနာက ဖမ်း၍ဖမ်း၍ ခံစားလိုက်သောအခါ၊ ချမ်းသာမှုကို ခံစားရလျှင် 'ချမ်းသာလိုက်တာ၊ ချမ်းသာလိုက်တာ' ဟူ၍ သိလာ၏။ ဆင်းရဲမှုကို ခံစားရလျှင်လည်း 'ဆင်းရဲလိုက်တာ၊ ဆင်းရဲလိုက်တာ'ဟူ၍ သိလာ၏။

အသင်ရဟန်း၊ အချုပ်ကိုဆိုသော် ဖဿ-ဟူသော ထိတွေ့မှုသည် ခံစားမှု ဝေဒနာ၏အကြောင်း ဖြစ်သတည်း။ ထိတွေ့မှုမရှိလေပဲ မည်သည့် ခံစားချက်မှ ဖြစ်ပေါ်လေ့မရှိ။ ချမ်းသာမှုနှင့် တွေ့မိသောအခါ သုခဝေဒနာ ဖြစ်လာ၏။ ဆင်းရဲမှုနှင့် ထိတွေ့မိသောအခါ ဒုက္ခဝေဒနာဖြစ်လာ၏။ သုခဝေဒနာဖြစ်စေ၊ ဒုက္ခဝေဒနာဖြစ်စေ မည်သည့်ဝေဒနာမဆို ဖြစ်ပေါ်သမျှ

ဝေဒနာတို့ကား အရှည်စွဲ၍ မြဲသောသဘောမရှိကုန်။ ဖြတ်ကနဲဖြစ်-ဖြတ်ကနဲ တည်ပြီး ဖြတ်ကနဲပင် ချုပ်ပျောက်ကုန်၏။ သန္တတိသဘောအားဖြင့် အဆက်မပြတ် ဖြစ်မှုတွေ တဖွားဖွား ဖြစ်ပေါ်နေခြင်းကြောင့် ချမ်းသာနေသည်ဟူ၍လည်းကောင်း၊ ဆင်းရဲနေသည်ဟူ၍လည်းကောင်း ထင်ရကုန်၏။

အသင်ရဟန်း၊ ဥပမာတခုကို ငါ ဆိုအံ့။ ကျောက်ခဲနှစ်ခုကို အချင်းချင်း ပွတ်အပ်သည်ရှိသော် လက်ကနဲလက်ကနဲ မီးပွင့်များ တလက်လက် ထွက်ထွက်လာ၏၊ တလက်လက်ထွက်ထွက်လာသော မီးပွင့်များသည်တပြိုင်နက် ပြိုင်ဘူထွက်လာသည် မဟုတ်၊ တခုချုပ်ပျောက်သွားပြီးမှ နောက်တခု ထွက်လာခြင်း ဖြစ်၏။ ပွတ်တိုက်မှု မြန်ဆန်လွန်းသောကြောင့် မီးပွင့်ကလေး အဆက်မပြတ် တလက်လက် ထွက်နေသည် ထင်ရ၏။ ခံစားမှုသည်လည်း ဤအတိုင်းပင်တည်း။

အသင်ရဟန်း၊ သင့်ကို ငါ ဆိုဦးအံ့။ ငါဟောခဲ့သော ဓာတ်(၆) ပါးကို အခြေခံလျက် စူးစိုက်စွာ သင် နာဦးလော့။ 'ငါဖြစ်၏'ဟူသော မှတ်ထင်ခြင်း၊ ဤကိုယ်သည် ငါဟူသော မှတ်ထင်ခြင်း၊ နောင်အခါ ငါ ဖြစ်ဦးမည်လော၊ မဖြစ်တော့ပြီလော၊ ရုပ်သည် နောင် ဖြစ်ဦးမည်လော၊ မဖြစ်တော့ပြီလော၊ သညာသည် နောင် ရှိဦးမည်လော၊ မရှိတော့ပြီလော။ သညာသည်လည်း ရှိသည်မဟုတ်၊ မရှိသည်လည်း မဟုတ်လောဟု ထင်မှတ်ခြင်း။ အနာဂေါ ရှိမည်လော၊ မရှိမည်လော။ အိုင်းအမာ၊ ပြောင့်ခလုတ်များ ရမည်လော၊ မရှိမည်လောဟူ၍ မှတ်ထင်ခြင်း။ ဤမှတ်ထင်ခြင်း အားလုံးတို့ကို လွန်မြောက်လျှင် အာသဝေါကုန်ခန်းသော ရဟန္တာဖြစ်သွားတော့သည်။ ထိုရဟန္တာဖြစ်သူကို 'ဒုက္ခခပ်သိမ်း ငြိမ်းသူ'ဟု ဆိုအပ်၏။

အသင်ရဟန်း၊ ငြိမ်းလေပြီးသော ရဟန္တာပုဂ္ဂိုလ်ကား နောင်ဘဝ သစ်၌ ဖြစ်လည်း မဖြစ်တော့ပြီ၊ အိုလည်းမအိုတော့ပြီ၊ သေလည်း မသေတော့ပြီ၊ ပျက်လည်းမပျက်တော့ပြီ၊ သံသရာဝဲသြဃထဲ၌ နှစ်လည်း မနှစ်တော့ပြီ။

အသင်ရဟန်း၊ သင်ဉာဏ်မီသလောက် စဉ်းစားကြည့်လော့။ ပဋိသန္ဓေနေခြင်းကည်းဟူသော ဇာတိမဖြစ်ခဲ့သော် အဘယ်မှာလျှင် အိုချိမ့်မည်နည်း။ မအိုခဲ့သော် အဘယ်မှာလျှင် သေချိမ့်မည်နည်း။ သေစရာ အဘယ်မှာရှိချိမ့်မည်နည်း။ မသေသော်၊ သေစရာ မရှိခဲ့သော် အဘယ်မှာလျှင် ပျက်ချိမ့်မည်နည်း။ မပျက်သည်ရှိသော် အဘယ်ကြောင့် နှစ်သက်ချိမ့်မည်နည်း။

အသင်ရဟန်း၊ ဤသည်ကား အကျဉ်းအားဖြင့် ငါဟောကြားအပ်သော "ဆဓာတုဝိဘင်" ဓာတ်ခွဲခြားခြင်းပါဠိ ဝေဖန်သုံးသပ်ချက် ဖြစ်၏။ ယင်းတရားကို သင်ကောင်းစွာ မှတ်သားတော့ဟု နိဂုံးချုပ်၍ ဗုဒ္ဓသည် တုဏှိဘာဝေ ဆိတ်ဆိတ် နေတော်မူ၏။

ညဥ့်သည် မှောင်ရိပ်အောက်တွင် တိတ်ဆိတ်နေ၏။ ညဥ့် တိတ်ဆိတ်သည်နှင့်အမျှ စောစောပိုင်းက ဓမ္မသာယာရိပ်သာတွင်းမှ ကြားရသော မေးသံ၊ ဖြေသံ၊ တရားသံများလည်း တိတ်ဆိတ်သွားလေ၏။ ငြိမ်သက်သွားလေ၏။

## ဘုရားမှန်းသိ၍ ကန်တော့ပြီး ပဥ္စင်းပြုပေးရန် တောင်းပန်ခြင်း

မငြိမ်သက်သည်ကား ရှင်ဘုရင်လူထွက် ပက္ကုသာတိ ရဟန်းကြီး၏ နှလုံးအိုး ဖြစ်သတည်း။ သူ၏နှလုံးအိုးသည် ပီတိအဟုန်ကြောင့် ခုန်နေလေသည်။ ဤသို့ ပီတိဟုန်ဖြင့် ရင်တခုန်ခုန် ဖြစ်နေလျက်မှ ဗုဒ္ဓကိုသာ ကြည်ညိုစိတ်ဖြင့် မမှိတ်မသုန် ကြည့်လင့်နေ၏။ ထိုအခါ ကြည့်ယင်း ကြည့်ယင်းမှပင် ဗုဒ္ဓ၏ ကိုယ်တော်မှ ရောင်ခြည်တော် ခြောက်သွယ်တို့ ပြိုးပြိုးပြက်ပြက်၊ တလက်လက် ကွန့်မြူး၍ ထွက်ပေါ်လာသည်ကို မြင်ရသော်-

ဩော် သတ္ထာ- လူနတ်ပြဟ္မာတို့၏ ဆရာဖြစ်တော်မူသော ဘုရားသခင် ကိုယ်တော်ကြီးသည် ငါ့၏ ရှေ့မှောက်သို့ ရောက်ရှိနေပါပကော။

သုဂတ- ကောင်းသောစကား၊ သာယာသော စကားကို ဆိုတော်မူတတ်သော ဘုရားသခင် ကိုယ်တော်ကြီး ကိုယ်တိုင်သည် ငါ၏ ရှေ့မှောက်သို့ ရောက်ရှိနေပါပကော။

သမ္မာသမ္ဗုဒ္ဓ- ခပ်သိမ်းသော တရားတို့ကို မိမိအလိုလို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသော ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ငါ၏ ရှေ့မှောက်သို့ ရောက်ရှိနေပါပကော။

ဤတွင်မှ ဗုဒ္ဓမှန်း သိရှိလေသဖြင့် ရုတ်တရက် ထိုင်ရာမှထ၊ သင်္ကန်းကို လက်ကန်တော့ထိုး၍ ရှိသေစွာ ဘုရားသခင်၏ ခြေတော်အစုံကို နဖူးဖြင့် ဦးခိုက်လျက် တောင်းပန်ရှာလေပြီတည်း။

"အရှင်ဘုရား ၊ ဘုရားတပည့်တော်အပေါ်သို့ မလိမ္မာပြစ်၊ မိုက်ပြစ်၊ တွေဝေထိုင်းမှိုင်းပြစ်များ ကျရောက်လွှမ်းမိုးလျက် ရှိနေပါ၏။ ဗုဒ္ဓရှင်တော်

မြတ်ဘုရားနှင့် မျက်ဝါးထင်ထင် တွေ့နေရပါလျက် တို့လည်း 'ဗုဒ္ဓ'ဟူ၍ မသိနိုင်သောက်အောင် ဖြစ်ရခြင်း၊ ထုံခြင်း၊ အခြင်းများမှာ တပည့်တော်၏ အပြစ်ပါဘုရား။ ထိုအက် ဆိုးရွားလှသည်ကား ဗုဒ္ဓမြတ်ဘုရားကို စဉ်လျက် တပည့်တော်သည် ငါ့ရှင် ငါ့ရှင်ဟူသော ဝေါဟာရများဖြင့်ဆိုပြောခြင်း၊ ဆက်ဆံခြင်း ပြုမိခြင်း ဖြစ်ပါသည်။ တပည့်တော်ကို သနားသောအားဖြင့် ယင်းအပြစ်များကို သည်းခံတော်မူပါ ဘုရား။ သည်းခံတော်မူပါရန် လက်ဆယ်ဖြာ ထိပ်မှာမို၍ ရှိခိုး တောင်းပန်အပ်ပါသည် ဘုရား" ဟူ၍ တောင်းပန်လေ၏။

ထိုအခါ ဘုရားသခင်သည် လက်တော်ကို မြှောက်လျက်-

"ချစ်သား ပက္ကုသာတိ၊ ငါခွင့်လွှတ်ပေ၏။ ငါ၏ သာသနာ၌ အပြစ်ရှိသည်ကို ရှိမှန်းသိလျှင် ဝိနည်းမမှု ကံအားလျော်စွာ ကုစား၏။ နောင်သောအခါ ဤသို့ မဖြစ်ရလေအောင် စောင့်စည်းခြင်းသို့ ရောက်၏။ ဤအပြုအမူကား ကြီးမားခြင်း၏ အကြောင်း ဖြစ်သတည်း"ဟု မိန့်တော်မူလျှင် ပက္ကုသာတိသည် နှလုံးစိတ်ဝမ်း များစွာ ချမ်းသာသွားလေသည့်အလျောက် "မြတ်စွာဘုရား၏ အထံတော်၌ ပဉ္စင်း အဖြစ်ကို ရလိုပါကြောင်း"ဖြင့် တောင်းပန်လေ၏။

(ဗုဒ္ဓ) ချစ်သား ပက္ကုသာတိ၊ ရဟန်း ပဉ္စင်းအဖြစ် ငါ့ထံ ခံယူလိုသော် သင့်မှာ သပိတ် သင်္ကန်းများ ပြည့်စုံပါ၏လော။

(ပက္ကုသ) မပြည့်စုံသေးပါ ဘုရား။

(ဗုဒ္ဓ) ဘုရားတို့မည်သည် သပိတ် သင်္ကန်းမပြည့်စုံသူအားရဟန်းပြု ပေးလေ့မရှိကုန်။ ရဟန်းပြုလိုသော်သင်္ကန်းပရိက္ခရာများပြည့်စုံစေဦးလော့။

သို့နှင့်ပင် အချိန်မှာ တဖြည်းဖြည်းနှင့် မိုးစင်စင် လင်းသွားလေ၏။ ပက္ကုသာတိ ရဟန်းကြီးအဖို့ ဝမ်းသာလုံး ဆို့ရသော မင်္ဂလာ နံနက်ခင်း ဖြစ်၏။ အကြောင်းမူကား ဗုဒ္ဓထံ ပဉ္စင်းခံယူရန် အတွက် သင်္ကန်း၊ သပိတ်၊ ပရိက္ခရာရှာဖွေရန် ထွက်ရတော့မည် ဖြစ်သောကြောင့်တည်း။ တက္ကသိုလ်ပြည်ကြီးအရှင် ဘုရင်လူထွက် ပက္ကုသာတိ ရဟန်းကြီးသည် ဗုဒ္ဓကို ရိုသေစွာ ရှိခိုးကန်တော့ပြီး ဘုရားသခင်၏ အပါးတော်မှ ထွက်ခွာလေသတည်း။

ကံကြမ္မာဆိုသည်ကား မြင်နိုင်စွမ်းမရှိ၊ မြင်စကောင်းသော အရာလည်းမဟုတ်။ အကယ်၍များ မိမိကံကြမ္မာကို မိမိသိနိုင်စွမ်း ရှိပါဘိမူကား ပက္ကုသာတိ ရဟန်းကြီးသည် ဤလမ်းက သွားလေမည် မဟုတ်။ ဤလမ်းကို ရှောင်ရှားကာ အခြားလမ်းက သွားရှာပေလိမ့်မည်။

## ပက္ကုသာတိရဟန်းကြီး နွားဝှေ့၍ ကွယ်လွန်ခြင်း

အချိန်မှာ ညနေစောင်း နွားရိုင်းသွင်းချိန် ဖြစ်သောကြောင့် နွားကျောင်းသားများသည် နွားအုပ်ကို မောင်းကာ မောင်းကာနှင့် အိမ်သို့ ပြန်လာလျက် ရှိနေကြ၏။

ပက္ကုသာတိ ရဟန်းကြီးသည် လမ်းပေါ်အတိုင်း ဦးခေါင်းစိုက်စိုက်နှင့် တမတ်စောက်စောက် လျှောက်လာ၏။ သူသည် ပတ်ဝန်းကျင်ကို ဂရုစိုက်ရမှန်း မသိအောင် သူ့ဦးနှောက်ကို သပိတ် သက်န်းစိတ်က ဖုံးလွှမ်းနေ၏။ "ငါ သင်္ကန်း သပိတ်သာရလျှင် ရဟန်းပြုရတော့မယ်" ဟူသည်မှ တပါး ထိုအချိန်တွင် သူ့အဖို့ ပတ်ဝန်းကျင် မရှိတော့ပြီ။ သို့ကြောင့်လည်း သူသည် သူ့ရှေ့မှ သူနှင့် ရင်ဆိုင်မောင်းသွင်းလာသော နွားအုပ်ကြီးကိုပင် မမြင်လေ၊ သတိမထားမိလေ။ ထိုနွားအုပ်ထဲတွင် သားပျောက်၍ စိတ်နှောက်၊ ဒေါသထွက်နေသော နွားမကြီး တကောင် ပါလာလေသည်။ ထိုနွားမကြီးကား သူ့သားကို မတွေ့လေတိုင်း နီးရာသူနိုင်သော နွားများကိုဖြစ်စေ၊ အခြားအရာများကို ဖြစ်စေ ချိုကြီး တကားကားနှင့် သောင်းကျန်းချင်တိုင်း သောင်းကျန်းနေ၏။

ပက္ကုသာတိ ရဟန်းကား သပိတ် သင်္ကန်းအပေါ်၌ အဘယ်မျှ အာရုံစူးစိုက်နေသည်မသိ၊ နွားမကြီး၏ ချိုဖျားတွင် ကားဂနဲ ပါသွားသည်ကိုပင် သိမှ သိတော်မူပါလေစ။ သားစိတ် မွှန်ထွန်နေသော ထိုနွားမကြီးသည် နွားအုပ်ရှေ့မှ တရွေ့ရွေ့ လာနေသော ရဟန်းကြီးကို မြင်လေသော် သားဇောကပ်နေသည့် ဒေါသအဟုန်ဖြင့် တအားကုန် ဝှေ့လိုက်သတည်း။ ရဟန်းကြီးမှာ ဦးချိုဖျားတွင် ကားကနဲ လွင့်မြောက်သွားပြီ မှ အောက်သို့ ပြန်ကျပြီး အောက်သို့အရောက်တွင် ပွဲချင်းပြီး အသက်ပျောက် သွားရှာလေသတည်း။

## ပက္ကုသာတိရဟန်းကြီး ကွယ်လွန်ကြောင်း ရဟန်းတို့က ဗုဒ္ဓအား လျှောက်ထားခြင်း

သနားစရာ၊ ရင်နင့်စရာ ကောင်းလှသော ပက္ကုသာတိ ရဟန်းကြီး၏ သတင်းကို လူတို့ထံမှတဆင့် ရဟန်းတော်များ ကြားလေ သော် ထိုအကြောင်းကို မြတ်စွာဘုရားထံ အလျင်အမြန် သွား၍ နား တော်လျှောက်ကြလေကုန်၏။ ရဟန်းဖြစ်လိုသော ဇော၊ သောတာပန်မှအစ အရဟတ္တဖိုလ် တိုင်သည်အထိ ငါကြိုးစားအံ့ ဟူသော ဇောဖြင့် သက်ရှင်

လောကမှ ပြည်ဖုံးကား ချသွားရရှာသည့် ပက္ကုသာတိ ရဟန်းကြီး ၏ လားရာဂတိကိုလည်း မေးလျှောက်ကြကုန်လေ၏။ ထိုအခါ ဗုဒ္ဓမြတ်ဘုရားသည်–

ရဟန်းတို့ တက္ကသိုလ်ထိးနန်း စွန့်၍ ငါရှိရာသို့ ဦးတည်ချက်ဖြင့် ထွက်လာသော ပက္ကုသာတိ ရဟန်းကား ပညာကြီးလေစွ။ အရဟတ္တမဂ် အားလျော်သော အောက်မဂ်၊ အောက်ဖိုလ် အကျင့်တရားကို ကျင့်ပြီးသူ၊ ရရှိပြီးသူ ဖြစ်ပေသည်။ တရား ကိစ္စနှင့်ပတ်သက်၍ နောက်ထပ် ငါဘုရားထံ ချဉ်းကပ်ရန် မလိုတော့သည်အထိ ပြည့်စုံသွားပေပြီ။ ယခု သူ(ပက္ကုသာတိ)သည် သုဒ္ဓဝါသ ဗြဟ္မာ့ဘုံသို့ လားရောက်သွားပြီ ဖြစ်၏။ ထိုဘုံ၌ပင် သူ ပရိနိဗ္ဗာန်ပြုလိမ့်မည်။

ဤကား ရှင်ဘုရင်လူထွက် ပက္ကုသာတိ ရဟန်းကြီး၏ သောတာပန်ဇာတ်ကွက်ဖြစ်၏။ ကမ္မဋ္ဌာန်းကို ကျင့်ကြံ အားထုတ်ရခြင်းမရှိပဲ တရားသဘောပေါက်၍ ဗုဒ္ဓ၏ တရားတော်ကို ကြားနာယင်းမှာပင် သောတာပန်အဆင့်၊ အောက်မဂ် အောက်ဖိုလ် ကို လွန်မြောက်ကာ အနာဂါမ်အဖြစ်သို့ တက်လျှောက် ရောက်ရှိသွားသည်ဖြစ်ရာ သောတာပန် လောင်းလျာတို့အတွက် အားတက်ဖွယ် ဖြစ်ရပ်ဟူ၍ပင် ဆိုအပ်လေသတည်း။

# နိဂုံး

ကျွန်ုပ်သည် ယခုအချိန်ထိ ပဋိပတ်ကို မည်မည်ရရ အားထုတ်ဖူးခြင်း၊ ကျင့်ကြံဖူးခြင်း မရှိသေးပေ။ မိမိဇာတ်သိသမျှသော ပရိယတ္တိ အခြေခံကလေးမျှဖြင့် သောတာပန်နှင့် ပတ်သက်၍ ကျမ်းဂန်တို့၌လာသော အဆိုအမိန့်များကို ခံယူလျက် "သောတာပန်" ဟူသော အမည်ဖြင့် ဤကျမ်းကို ပြုစုခြင်းဖြစ်၏။

"ပရိယတ္တိနာမ၊ သာသနဿမူလံ" ဟူ၍ ကျမ်းဂန်တို့၌ မိန့်ဆိုတော်မူချက်အရ သာသနာတော်သုံးရပ်တွင် ပရိယတ္တိသာသနာ သည်သာလျှင် သာသနာတော်၏ ရေသောက်မြစ် အစစ်ဖြစ်ကြောင်း ထင်ရှား၏။

ဆိုလိုသည်မှာ- ပဋိပတ်သည်လည်းကောင်း၊ ပဋိဝေဓသည် လည်းကောင်း ပရိယတ်ကိုသာလျှင် အခြေပြု၏။ ပဋိပတ်နှင့် ဆိုင်ရာ ဆိုင်ရာ ကျင့်စဉ်တို့သည်လည်းကောင်း၊ ပဋိဝေဓနှင့် ဆိုင်ရာ ဆိုင်ရာ ထိုထို နည်းနာနိဿယတို့သည်လည်းကောင်း၊ ပရိယတ်၌ချည်း တည်ကုန်၏။ ထို့ကြောင့် ပရိယတ်၏ အဆိုအမိန့် အယူအဆများကို ပိုင်နိုင်စွာ ကိုင်တွယ်နိုင်လျှင် ပဋိပတ်၊ ပဋိဝေဓတို့ ညွန့်ခက်စည်ပင်၍ ရှင်သန်ကြီးထွားနိုင်သည် ဟု ဆိုလိုသည်။

ထို့ကြောင့် ပရိယတ်မှလာသော သောတာပန် ဖြစ်ရပ်များကို အတတ်နိုင်ဆုံး "အဆီစစ်၍ အနှစ်ထုတ်ယူသည့် သဘောမျိုးဖြင့် သောတာပန်ဖြစ်ရပ် အတ္ထုပ္ပတ္တိများကို စုစည်းလျက် တိုတိုနှင့် လိုရင်းလည်းရောက်စေ၊ တရားအားထုတ်လိုသော ကလျာဏ ပုထုဇဉ် သောတာပန်လျာတို့ အတွက် ဖြစ်နိုင်သမျှ အထောက်အကူ လည်း ဖြစ်စေ၊ သောတာပန်

အကြောင်း အခြားသိကောင်းစရာများကိုလည်းသုတေသီတို့အဖို့ လိုတရစေ၊ ကြိုးနှယ်ခွေ သဘောမျိုးလည်း သက်ရောက်စေဟူသော ရည်စူး ဦးတည်ချက်ဖြင့် ဤကျမ်းကို ပြုစုခြင်းပါသည်။

ယင်းကျမ်းကို ပြုစုနေစဉ်အတွင်း အဘ ဂါရိက အိမ်ရာတည်ထောင်၍ လူ့ဘောင်၌ နေသူတို့၏ ဓမ္မတာအတိုင်း ကျွန်ုပ်မှာ စိတ်မချမ်းသာဖွယ် အနှောင့်အယှက် အမျိုးမျိုးတို့နှင့် ရင်ဆိုင်ခဲ့ရ၏။ ဇနီးဖြစ်သူ နှစ် နှင့် ချီ၍ မကျန်းမမာဖြစ်ခြင်း၊ ယင်းသို့ မကျန်းမမာရာမှ နောက်ဆုံးတွင် သက်ရှည်လောကကို ပြည်ဖုံးကားချသွားသည်အထိ ခံစားရသော ဒုက္ခ၊ ထိုမှတပါး မြဝတီမဂ္ဂဇင်းတွင် ကျွန်ုပ် ရေးခဲ့ဖူးသော သီတာရေချမ်း ငရဲပန်း ဟူသော ဆောင်းပါးအတိုင်းပင် သား သမီး၊ အညွန့်အညှောက်ဟူ၍ ပေါက်လာငြားသော်လည်း ကြီးပွားတိုးတက်မှုကို ရှေးရှု၍ ကျွန်ုပ် သွင်းပေးသည့် ပုံစံကိုက် ဖြစ်မလာသည့်အတွက် တကိုယ်လုံးကျွမ်းမျှ လောင်မြိုက်ခြင်း ခံစားရသော ငရဲပန်းဒုက္ခများကတဘက်၊ ယင်းတို့၏ နှိပ်စက်ခြင်းဒဏ်ကို ကျွန်ုပ်မှာ သည်းထန်စွာ ခံစားနေရသည်။

သို့သော် ကျွန်ုပ်သည် ဇွဲကို အလျှော့ပေးတတ်သူ မဟုတ်။ မည်သည့် အခက်အခဲမျိုးနှင့် ရင်ဆိုင်နေရစေကာမူလည်း လုပ်မိလျှင် နောက်မဆုတ်တတ်။ ဤသည့်ဇွဲဖြင့်ပင် ဒုက္ခသုက္ခတွေပင်လယ်ဝေနေသည့်ကြားမှ ဤကျမ်းကို မပြီးမနေဟူ၍ အားထုတ်လာခဲ့ရာ မြန်မာသက္ကရာဇ် ၁၃၄၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ရက်၊ ကြာသပတေးနေ့၊ နေ့လယ် ၃နာရီ၊ ၁၅ မိနစ် အချိန်တွင် အပြီးသို့ ရောက်ပါပြီတည်း။

# နိဂုံးသံပေါက်ကဗျာ

၁။ သက္ကရာဇ်မြန်မာ၊ နှစ်ကောဇာ၊ သုံးရာ တထောင့်ချင်း၊
၂။ အနှစ်လေးဆယ်၊ ပြည့်ဖြိုးကြွယ်၊ လဝယ် ဝါဆိုတွင်း၊
၃။ ပြည့်ကျော်စွန်းလျက်၊ ၁၅-ရက်၊ နံစက် ကြွက်နေမင်း၊
၄။ အမည်ခေါ်ရန်၊ သောတာပန်၊ ကျမ်းဂန်စာရင်းသွင်း၊
၅။ ရပ်ရှစ်ခွင်လှိမ့်၊ ဂျိုးဂျိမ့်ဂျိမ့်၊ မိုးမိန့်သံကာ ပြင်း၊
၆။ မိုးတဝုန်းဝုန်း၊ ရွာနေတုန်း- ပြီးဆုံးအောင်မြင်ခြင်း၊
၇။ မိုးနှယ်အလား၊ ဈေးစေသား၊ ငါ့အား ခါမယွင်း၊

ဒဂုန် ဦးစန်းငွေ

# နိဒါန်း

စစ်ကြိုခေတ် မြန်မာပြည်တွင် နေလို လလို လင်းခဲ့သော သတင်းစာကြီး နှစ်စောင်ရှိခဲ့၏။ တစောင်ကား မြန်မာ့အလင်း၊ တစောင်ကား သူရိယ ဖြစ်၏။

ထိုစဉ်က ဆူးလေဘုရားလမ်း၊ ဆူးလေစေတီတော်၏ အရိပ်အောက်၌ရှိခဲ့သော မြန်မာ့အလင်း သတင်းစာသည် ယခု မျက်မှောက်ကာလတွင် ရွှေဂုံတိုင်သို့ ရောက်နေ၏။ သူရိယကား ပျောက်ကွယ်လေပြီ။ ပျောက်ကွယ်ပြီ ဆိုသော်လည်း သူရိယသည် နာမ်သာကွယ်သည်။ ရုပ်မကွယ်သေး၊ ယခု ဝန်ကြီးများရုံး အနီး အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်း ထောင့်ရှိ "ဝင်းမော်ဦး" စာပေတိုက်သည် ဟိုယခင်က သူရိယ သတင်းစာ ထုတ်ဝေခဲ့ရာ တိုက်မင်တည်း။ သူရိယသည် ထိုတိုက်မှနေ၍ မြန်မာချင်းအောင် နေ့စဉ်လင်းခဲ့သတည်း။

ဝင်းမော်ဦး စာပေတိုက်ပိုင်ရှင်ကား ဦးတင်မောင်ဖြစ်၏။ သူသည် ဘာသာရေး စာအုပ်များကို တဘက်တလမ်းမှ ဦးစားပေး ထုတ်ဝေ၍ သာသနာပြုနေသူဖြစ်၏။ သူကိုယ်တိုင်ကလည်း ဘာသာတရားကို လေးစားသူဖြစ်ပြီး ရွှေတိဂုံ စေတီတော်ကြီးသို့ ညစဉ်သွားရောက် ဦးခိုက်သည်။ ဖူးမြော်သည်။ ကန်တော့သည်။ ပူဇော်သည်။ ဘုရားသွားကျောင်းတက်မှုတွင် သူသည် ကျွန်ုပ်ထက် နှာတဖျားမက အလျားလိုက် အပြတ်အသတ်သာပေသည်။ သူ၏စေတနာနှင့် သဒ္ဓါကို ချီးကျူး သာဓု ခေါ်ရတော့သည်။

ဆက်ပါဦးမည်။ နေ့စဉ် ညညအခါများတွင် ရွှေတိဂုံ သွားရောက်ဖူးမြော်ခြင်း ပြုလေ့ရှိသောသူ၏ ကျေးဇူးကြောင့် "မစွံဘူး" ဟူ၍ လက်လျော့ထားခဲ့သော ကျွန်ုပ်၏စာမူ တခု စွံသွားခဲ့၏။ "ဗုဒ္ဓအမွေအနှစ်၏ အရသာ" ခေါ် မခုရ ရသဝါဟိနီ ဘာသာပြန်စာမူဖြစ်ပါ၏။ ထိုစာမူကို လွန်ခဲ့သော ရှစ်နှစ်လောက်က တဝက်တပျက် ကျွန်ုပ်ရေးခဲ့၏။ သို့သော်

စာအုပ်အဖြစ် မရောက်ခဲ့။ အကောင်အထည် မဖော်နိုင်ခဲ့သဖြင့် ချောင်ထိုးထားခဲ့ရာ ပိုးစား ခြကိုက်၊ အမှိုက်ဖြစ်တော့မလောက် ရက်ပျက်ဆင်းပျက် ဖြစ်နေ၏။

တနေ့သော် ထို စာမူအကြောင်းကို စကားစပ်၍ ဦးတင်မောင်ကို ပြောပြမိသောအခါ သူက "ယူခဲ့ဆရာ၊ကျွန်တော် ကြည့်ဦးမယ်" ဆိုသည်။ ထို စာမူကို သူ့အား ပေးလိုက်သော ညတွင် အကြောင်းတစုံတရာကြောင့် သူ အိပ်မပျော်ဟု ဆိုသည်။ အိပ်ပျော်လွယ်အောင် ကျွန်ုပ် ပေးလိုက်သော စာမူ အဆွေးကြီးကို စာပွဲပေါ်က ဆွဲကြည့်လေသတတ်။

နောက်တနေ့ ညတွင် သူသည် ထုံးစံအတိုင်း ရွှေတိဂုံသို့ သွားရောက်၍ ဘုရားဝတ်ပြုနေစဉ် ခြင်တွေက တဝီဝီနှင့် လာကိုက်သည်ဆို၏။ ခါတိုင်း ခြင်ကိုက်လျှင် ခြင်ကို တဖျတ်ဖျတ် ရိုက်မိသော်လည်း ထိုညတွင်ကား ခြင်ကို မရိုက်တော့ပဲ ဘေးမဲ့ပေးလိုက်လေ၏။ သူ၏ နှလုံးသွင်းကား "ဟိုတရားနာနေယင်း ရဟန်းတပါးဟာ သူ့ကို မြွေကိုက်တာတောင်မှပဲ တရားပွဲအနှောင့်အယှက် 'ဓမ္မန္တရာယ်' ဖြစ်မှာ စိုးတဲ့အတွက် မတုန်မလှုပ်သည်းခံပြီး နေနိုင်သေးတာကပဲ၊ နင့်မှာ ခြင်ကလေး ကိုက်တာနဲ့ မျှားဟယ်...." ဟု ကိုက်ပစေ၊ ပေ၍ သည်းခံလေတော့၏။

ထိုမြွေကိုက်ခံရသော ထိုရဟန်း၏ ဝတ္ထုကြောင်းကို ညက သူဖတ်၏။ မြွေကိုက်နှင့် ခြင်ကိုက်ကို နှိုင်းစာမိကာ ခြင်ကို ဘေးမဲ့ ပေးလိုက်သည် ဆို၏။ ဤဖြစ်ရပ်မှာ သူ့အဖို့ "လက်ငင်းအကျိုးရှိသည်။ အခြားသူများ အဖို့လည်း အကျိုးရှိတန်ရာသည်" ဟူ၍ ထိုစာမူကို စာအုပ်အဖြစ် သူ ရိုက်တော့သတည်း။ (လွန်ခဲ့သော နှစ် အောက်တိုဘာလက ထိုစာအုပ်ကို ထုတ်ဝေခဲ့၏။)

ဤစာအုပ် (ယထာဘူတ)သန္တေတည်ပုံမှာ ထူး၍ မဆန်းဆိုနိုင်သော်လည်း ကျွန်ုပ်အဖို့မှာ ဆန်းနေ၏။ မနိုင်ဝန်ကို ထမ်းရသည်နှင့် တူနေ၏။ အကြောင်းကတော့ သည်လိုပါ။

ဝင်းမော်ဦး စာပေနှင့် မျက်နှာချင်းဆိုင် လက်ဖက်ရည်ဆိုင် တွင်းမှာဖြစ်ပါ၏။ ဦးတင်မောင်နှင့် ကျွန်ုပ် စားသောက်ယင်း စာပေ အရေးဆွေးမနွေးကြသည်၊ သူက စကားစလိုက်၏။

(တင်) "ဆရာ ခု-ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့ရသော မေးခွန်းနှင့် ပြဿနာရပ်များ (တတိယတွဲ) ထုတ်ပြီးယင် အဲဒါကို ခဏရပ်ပြီး လိုင်းတမျိုး ပြောင်းရေးဖို့ စိတ်ကူးဆရာ"

(စန်း) "ဘာဖြစ်လို့လဲ၊ စွဲမယ် မထင်လို့လား"

(တင်) "မဟုတ်ဘူးဆရာ၊ ခုတလော ဘာသာရေးစာအုပ်တွေ သိပ်ထွက်နေလို့ သမထလမ်း၊ ဝိပဿနာလမ်း.... အဲဒါတွေကို...."

(စန်း) "အဲဒါလဲ ဘာသာရေး မဟုတ်လား"

(တင်) "ဘာသာရေးပေမယ့် လိုင်းချင်းမတူဘူးဆရာ၊ ကျင့်နည်း ကြံနည်း အားထုတ်နည်းတွေ ပြဖို့လိုတယ်၊ လူတွေဟာ သမထ ဝိပဿနာ လမ်းကို အတော်ကလေး လိုက်စားနေတာ တွေ့ရတော့ ကျွန်တော် က တရားအားထုတ်တဲ့အခါမှာ အမှန်အတိုင်းသိစေချင်တဲ့ ဆန္ဒပါ၊ အဲဒါတွေ ဆရာ ထုတ်ဖော်နိုင်ပါလိမ့်မယ်"

(စန်း) "ကျုပ်က လက်တွေ့ တရား အား ထုတ် နေ တဲ့ သမထ ဝိပဿနာ သမားမဟုတ်လေတော့ ခင်ဗျားပြောတာတော့ ဟုတ်ပါရဲ့၊ ဒါမျိုးက အပြော လွယ်သလောက် အလုပ်ကျတော့ ခက်တယ် ဦးတင်မောင်"

(တင်) "ဟာ....ဆရာ့နှယ်၊ ခက်တာကို ခက်တယ် ဆိုပြီး ပစ်ထား ရတော့မှာလား၊ ကျွန်တော် စိတ်ကူးထားတာက 'အမြင်မှန်ဖို့၊ အသိမှန်ဖို့' ဆိုတဲ့ နာမည်နဲ့ ဆရာ့ကို ရေးပါလို့ ပြောမလို့၊ အဲဒါ ရေး ဆရာ"

ထိုခဏ ဦးတင်မောင်ကို ညွှန့်သည် တယောက်က လာခေါ်သည်နှင့် စကားပြတ်သွားတော့၏။ သူ့ ဆန္ဒကိုတော့ ကျွန်ုပ် သိလိုက်ရပြီ။ နောက် တကြိမ် သူနှင့် အတွေ့တွင် အဘိဓမ္မာစာအုပ် တအုပ်ကို သူက ပေးယင်း—

"အဲဒါတွေလဲ ကြည့်ပေါ့ ဆရာ၊ ရေးပါလို့လဲ ကျွန်တော် ထပ်ပြီး တိုက်တွန်းပါတယ်" ဟု ဆိုသည်။

'အလှည့်ကျ နွားမတောင် ရှန်းရသည်' ဆိုသော ကိန်းမျိုး ဆိုက် ချေပြီကော။

ဤစာမျိုး ရေးရမည်မှာ လက်တွေ့သမား မဟုတ်သော ကျွန်ုပ်အဖို့ နိုကာယ် ငါးရပ်ကို ဘာသာပြန်ရသည်ထက်ပင်ခက်နေ၏။ သို့သော် ပိဋကတ် ပါရဂူ ဆရာ၊ အဆူဆူတို့၏ ကျင့်ထုံး လုပ်ထုံးတွေ ရှိ၏။ ယင်းတို့ကို မှေးတွယ်၍ လိုက်ရလျှင် ဤသည့် နောက်ပိုင်းတွင်ကား ကျွန်ုပ် ကလောင် ပြင်တော့၏။ ကြည့်တန်သည်တို့ကို အချိန်ရသ၍ ကြည့်ကာ သဘောကို မိအောင် ဖမ်းယူ၏။ လုပ်မိလျှင် မနားမနေ လုပ်တတ်သော ကျွန်ုပ်၏ ဝါသနာအရ စားပွဲပေါ်တွင် အက္ခရာတင်ပြီးသော စာရွက်များ တရွက်ပြီး တရွက် တသွက်သွက် ထွက်လာ၏။ အချိန်ရသရွေ့ ကြိုးကြားကြိုးကြား ရေးလာခဲ့ရာက နှစ်လခန့် ကြာသောအခါ တကျမ်းတဖွဲ့စာ ရရှိလာ၏။

နိဒါန်း

ထိုအခါ စာအုပ်အမည်ကို ဦးတင်မောင် ကင်ပွန်းတပ် ပေးထားသည့်အတိုင်း "အမြင်မှန်ဖို့၊ အသိမှန်ဖို့" ဟူ၍ပင် စီစဉ်ထား၏။ သို့သော် ဤအမည်ကို လိုက်လိုက်လှဲလှဲ ကျွန်ုပ် မနှစ်ခြိုက်။ ဆောင်းပါးနာမည်လိုလို၊ ကဗျာဆန်သလို တမျိုးကြီး ဖြစ်နေသည်။ ပြုစုထားသော စာ၏ အရသာနှင့် ဤအမည်မှာ ဟပ်မိမည်မထင်၍ ဘဝင်မကျ ဖြစ်နေသည်။ ကျမ်း၏ အမည်ကိုလည်း စာနှင့်အတူ ခန့်ညားမှု စိတ်ကို ဆွဲဆောင်စေနိုင်မှု ရှိစေချင်သည်။

သို့နှင့် ကျွန်ုပ်သည် ကျွန်ုပ်၏ ရေးဖော်များ ဖြစ်ကြသော ရွှေ့သို့ အယ်ဒီတာအဖွဲ့နှင့် တိုင်ပင်၍ ကျမ်းအမည်အတွက် အကြံဉာဏ် တောင်းသည်။ ကျမ်းစာပါ အဓိပ္ပာယ်များကို အကျဉ်းချုပ် ရှင်းပြပြီး နာမည်ပေး ကင်ပွန်းတပ် မင်္ဂလာဆင်နွှဲ ပေးကြရန် ဆန္ဒပြုလေသောအခါ ဆရာစော ရွှေဗိုလ် (အယ်ဒီတာ ဦးသောင်းရွှေ)က "ယထာဘူတ"ဟု ကင်ပွန်းတပ်ယင်း ရှင်းပြသည်။ "ဆရာပြောတဲ့ အဓိပ္ပာယ်နဲ့ဆိုယင် ဒီနာမည်ဟာ အဆီလျော်ဆုံးပဲ။ ယထာဘူတဆိုလျှင် ရာဇိုင်နွှန်း ရှစ်ဆယ်လောက်က နားလည်ပြီး၊ လူနှင့် ယဉ်ပါးပြီး ဝေါဟာရလဲ ဖြစ်တယ်။ စာအုပ်လဲ ခန့်ညားသွားတယ်"ဟု ကြောင်းကျိုး ဆက်စပ်မှုနှင့်တကွ အထောက်အကူ ပြုလေရာ ဤအမည်ကျမှပင် ကျွန်ုပ်လည်း ဘဝင်ကျတော့သည်။

သို့ပါ၍ ဦးတင်မောင်အား ပြောလိုသည်မှာ "ဦးတင်မောင်ရေ စိတ်မရှိနဲ့ဗျနော်။ ခင်ဗျား နာမည်က ကလေးမမွေးခင်က ပေးထားတဲ့ နာမည်။ မွေးပြီးတော့ ကလေးက တမျိုးဗျ။ ဒါကြောင့် ကလေးနဲ့ နာမည် "ယထာဘူတ" ကျတာပဲ ကောင်းပါတယ်ဗျာ နော်၊ "ယထာဘူတ"လို့ နာမည် ပေးကြပါစို့"။

ဒဂုန် ဦးစန်းငွေ

၁၃၃၇-ခု၊ တော်သလင်း လပြည့်ကျော် (၈)ရက်နေ့။ ရန်ကုန်မြို့။

# ယထာဘူတ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပဏာမ

"ဗုဒ္ဓံဓမ္မံ၊ သောအဟံ၊ သံဃံဝန္ဒာမိ၊
ရတနာနံ၊ ပဏာမျံ၊ ဘယံ နဿတိ။
ယထာဘူတံ၊ ဘိဓေယျံ၊ ကဿံ သဒ္ဒဟိ၊
သုတေသီနံ၊ ဂန္ထောယံ၊ အတ္ထံပဟောဿတိ။"

အဟံ- စဝဂ်လက်မှန်၊ နတံခွန်လွှား၊ ဝစ္စသား၍၊ နောက်ပါးစွင့်စွင့် ငွေကြယ်ပွင့်နှင့်၊ ခွန်းဆင့်မှည့်ခေါ်၊ ဘုရားတပည့်တော်သည်၊ ဗုဒ္ဓံ- မသိမရှိ၊ သိထက်သိသည့်၊ အသိပိုင်ရှင်၊ ဘုရားသခင်ကို လည်းကောင်း၊ ဓမ္မံ- အသိဉာဏ်ကို၊ ရင့်သန်ပွင့်လင်း စေတတ်သော ဓမ္မစေတီတော်ကိုလည်းကောင်း၊ သံဃံ- မြတ်ဘုရား၏၊ ချစ်သား သံဃာ၊ ရတနာကို လည်းကောင်း ဝန္ဒာမိ- ရွှေကြာလက်စုံ၊ ထိပ်ဝယ်ပုံလျက်၊ ယုံကြည်မြတ်နိုး၊ ရှိခိုးပါ၏။ ရတနာနံ- ဘုရားတရား၊ သံဃာအားဖြင့်၊ သုံးပါးသော ရတနာတို့အား။ မေ- အကျွန်ုပ်၏၊ ပဏာမျံ- ပဏာမေန ရိုသေမြတ်နိုး၊ ရှိခိုးရသော အကျိုးအားဖြင့်၊ ဘယံ- ဘေးရန်မဖြောင့်အောင်၊ အနှောင့်အယှက် ပြုတတ်သော ဘေးအပေါင်းသည်။ နဿတု နဿတု- ပျက်စီးပါစေသော်။

နမဿိတွာ-အန္တရာယ်ကင်းပျောက်၊ မရောက်သည်သာ၊ ရှင်းရှင်းကွာလျက်၊ ယထာဘူတံ အာဂိမေယျံ "ယထာဘူတ"ဟု မည်သ,သည့်ကျမ်းကို။ သဒ္ဒဟိ-သဒ္ဒဟေန၊ ဘာသာတရားကို၊ ရှိသေလေးစား၊ ကိုင်းရှိုင်းသောအားဖြင့်။ ကဿံ ကရိဿာမိ- အမှတ်ထင်ထင်၊ ရေးပြု စီရင်ပေအံ့သတည်း။ အယံဂန္ထော ယထာဘူတ၊ နာမပွင့်လန်း၊ ဤစာကျမ်းသည်၊ သုဘောသိနံ၊ ဘာသာတရား၊ လိုက်စားလိုသူ၊ အဆူဆူတို့၏ အတ္ထံအတ္တာယ အသိဉာဏ် ပွားတိုး၍၊ အကျိုးများစေခြင်းငှာ။ ဟောဿတိ ဟောဿတု-ဧကန်စင်စစ်၊ အဖြစ်ကြီး ဖြစ်ပါစေသတည်း။

# အပိုင်း ၁

အမှာ စကားချပ်။ ။ပဒုပိဏ္ဍိတရှုဖွယ်ကျမ်း၊ သနာထရှုဖွယ်ကျမ်း၊ လက္ခဏရှုဖွယ်ကျမ်း၊ ဓမ္မပိယရှုဖွယ်ကျမ်း၊ ရာဇကြေးမုံရှုဖွယ်ကျမ်း စသော "ရှုဖွယ်"ဟူသော အမည်ဖြင့် ကျမ်းပေါင်းများစွာတို့ကို ပြုစုသွားတော်မူသော မုနိန္ဒာဘိလင်္ကာရသဒ္ဓမ္မဓဇသာမိ မဟာဓမ္မရာဇာဂုရု ဘွဲ့တံဆိပ်တော်ရ-စတုဂီရိ တောင်လေးလုံး ဆရာတော်ဘုရားကြီး၏ အထံတော်သို့ မြန်မာသက္ကရာဇ် ၁၁၆၂-ခုနှစ်၊ ညီဖြစ်သူ အရှင်ဓမ္မပိယက ပုစ္ဆာလေးချက်ကို အနက် မြန်မာပြန်ဆိုပေးပါရန် ပန်ကြားခဲ့၏။ ယင်း၏ မေးလျှောက်ချက်ကို နောင်တော် စတုဂီရိ တောင်လေးလုံး ဆရာတော်ဘုရားက ပြန်ကြားလိုက်သည့် (ဓမ္မပိယရှုဖွယ်) စာထဲတွင် ယထာဘူတဉာဏ် (အမြင်မှန်၊ အသိမှန်) နှင့် ပတ်သက်၍ မှတ်သားစရာများစွာကို တွေ့ရှိရပါသည်။ သို့သော် ယင်းပြန်ကြားစာမှာ ပါဠိနှင့် စကားပြေ ရောထွေးလျက် ရှေးကျမ်းဂန်ရေးနည်းမျိုးဖြင့် ရေးသားထားသဖြင့် စာကိုဖတ်သွားကာမျှဖြင့် အဓိပ္ပာယ်ကို ထင်းကနဲ လင်းကနဲ လူဘိုင်းစေ့ သဘောပေါက်ရန် မလွယ်ကူလှပါ။ ဆရာတော်၏ ဩဝါဒကို အများသိရှိနားလည် ခံယူနိုင်စေလိုသော ဆန္ဒဖြင့်အချို့ကို ယနေ့ခေတ်သုံး စကားလုံးများဖြင့် ဖလှယ်၍ အစ်ကိုက ညီထံ ပြန်စာသဘောမျိုး သီကုံးထားပါသည်။ ဆရာတော်၏ "မူ"မပျက်စေပဲ သက်ဆိုင်ရာ ပါဠိများ

ပါရှိဦးမည် ဖြစ်သော်လည်း အမြင်ရှင်းနိုင်သမျှရှင်းအောင် ကြိုးစား၍ တင်ပြထားပါသည်။

ထိုပြန်ကြားစာ ရေးသားသည့်အချိန်၌ နောင်တော်ဖြစ်သူ စတုဂီရိ ဆရာတော်မှာ သက်တော် ၇၃ နှစ်ရှိပြီး ညီဖြစ်သူ အရှင်ဓမ္မပိယကား သက်တော် ၆၂ နှစ် ရှိပြီ ဖြစ်သော်လည်း သုံးနှုန်းထားသော ဝေါဟာရ စကားလုံးများမှာ ချစ်ခင်ကြင်နာမှု အရင်းခံဖြင့် စတုဂီရိ ဆရာတော်က အရှင်ဓမ္မပိယအား "ညီတော်"ဟူ၍လည်းကောင်း "ညီလေး"ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးနှုန်းတော်မူကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ဤပြန်ကြားစာကို သရုပ်ဖော်ရာတွင် ဆရာတော်၏ အခေါ်အဝေါ်အာလုပ်စကားလုံးအတိုင်း စာကြောင်းများ၏ထိပ်၌ "ဓမ္မပိယ-ငါ့ညီလေး" ဟူ၍ ခေါ်ကာခေါ်ကာ ပြန်ကြားသွားမည် ဖြစ်ပါကြောင်း ဓမ္မမိတ်ဆွေများထံ ရှေးဦးစွာ ပန်ကြားအပ်ပါကြောင်း။ ယင်းသို့ ပြန်ကြားရာ၌လည်း "ဓမ္မပိယ ရှုဖွယ်ကျမ်း"လာ စကားရပ်အားလုံး မဟုတ်ပဲ ကောက်နုတ်ချက်သဘောအားဖြင့် ယထာဘူတဉာဏ်နှင့် သက်ဆိုင်ရာရာကိုသာ ကွက်၍ကွက်၍ ပြန်ကြားမည် ဖြစ်ပါကြောင်းကိုလည်း ထပ်လောင်း၍ ပန်ကြားလိုပါကြောင်း။

# ဓမ္မပိယရှုဖွယ်

**သားမှန်းသမီးမှန်း မှတ်မိတာ သတိလား။**
**လင်မှန်း မယားမှန်း သိတာ ပညာလား။**

"ဓမ္မပိယ-ငါ့ညီလှ ၊ဗုဒ္ဓဒေသနာ၊ ပုစ္ဆာလေးချက်ကို အနက်မြန်မာ ပြန်ဆိုပေးပါရန် ငါ့ထံပန်ကြားချက်အရ၊ မြန်မာပြန်နိဿယကို ဤစာနှင့် အတူ ပေးလိုက်သည်ညီတော်။ ပါဠိကို အတ္ထနိဿယ ပြန်ဆိုကာမျှဖြင့်လည်း ကိစ္စပြီးပြီဟူ၍ မမှတ်ရာ။ သဘောအချက်၊ အနက်အဓိပ္ပာယ်အရှိကို သိအောင်ပြုကာ မိအောင်ကျင့်နိုင်ပါမှ အကျိုးများလေရာသည် ဖြစ်သော ကြောင့် သတိနှင့်မကင်းကွာ၊ ပညာနှင့်တကွ၊ ကိုယ်ကျိုးရှိအောင် အမြဲတစေ၊ အခါခပ်သိမ်း အံခဲ၍ကျင့်ပါလေ ငါ့ညီ။ သတိနှင့်ပညာ ယင်းနှစ်ဖြာကို လည်း၊ သေချာစေ့မြေ့၊ နှလုံးတွေ့အောင်၊ လေ့လာပါလေ၊ မမေ့မလျော့ ခြင်းကို သတိ။ အရာရာကိုခွဲခြား၍ သိခြင်းဆိုသည်ကို ပညာ။ ဤသို့လျှင် သတိနှင့်ပညာကို တိုတိုနှင့် လိုရင်းဆိုက်အောင် နှိုက်ပါဘိ။

သတိတိ စတုသစ္စပရိဂ္ဂါဟိကာ သတိ ဟု ပါဠိအလို ကျမ်းမှာဆိုသော ကြောင့်၊ ဒုက္ခသမုဒယ၊ နိရောဓနှင့်၊ မဂ္ဂတဖြာ၊ လေးပါးကုန်သော သစ္စာ တို့ကို သိမ်းဆည်း၍ အောက်မေ့ခြင်းသည် သတိမည်၏။ သမ္ပဇညန္တိတာ

ဒိသမ၀ညာဏ် ဟု ကျမ်းဂန်ဓမ္မစက်၊ အဆိုထွက်သောကြောင့်၊ ထိုလေးပါး ကုန်သော သစ္စာတို့ ကိုသိခြင်းသည် သမ္မာဉာဏ(ပညာ)မည်၏။ ဤသို့ ကျမ်းဂန်တို့၌ အတန်တန်လာသည်ကိုထောက်လျှင် သားမှန်း၊ သမီးမှန်း၊ ဇနီးမှန်း၊ လင်မှန်း တအောက်မေ့မေ့၊ တစေ့စေ့နှင့် မမေ့မလျော့ အမှတ်ရခြင်းမျိုးကို သတိရှိသည်၊ သတိနှင့် ပြည့်စုံသည်ဟု မဆိုအပ်၊ မဆိုသင့် မဆိုထိုက်။ ဆိုထိုက်သည်မဟုတ်။ ဤသူကား ငါ၏သား၊ ဤသူကား ငါ၏သမီး၊ ဤသူကား ငါ၏ဇနီး၊ ဤသူကား ငါ၏လင်ဟု ခွဲခွဲခြားခြား၊ တတ်တတ်အပ်အပ် သိခြင်းမျိုးကို ပညာဟု မဆိုအပ်။ မဆိုသင့်။ မဆိုထိုက်။ ဆိုထိုက်သည် မဟုတ်။ ဤသို့လည်း ငါ့ညီဓမ္မ၊ မောင်ပီယသည် မသေနေရသမျှ ကာလ ပတ်လုံး မြဲမြဲကြပ်ကြပ် သတိစွဲ၍ မှတ်ပါလေ။

“ငါ့ညီဓမ္မ၊ မောင်ပီယ၊ အကယ်၍သော သားနှင့်သမီး၊ ဇနီးနှင့်လင်၊ သခင်နှင့်အိမ်စေ၊ ရွှေငွေကျွန်နွား၊ ရထားဆင်မြင်း၊ ကုန်းကျင်းလယ်ယာ၊ မြို့ရွာ နိဂုံးကာစ၊ လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောက၊ စသည်များတောင်း၊ ထိုထိုအရာ၀တ္ထု အပေါင်းတို့ကို၊ တအောက်မေ့မေ့၊ တစေ့စေ့ အမှတ်ရခြင်းမျိုးကို သတိ။ ခွဲခွဲခြားခြား သိခြင်းမျိုးကို ပညာဟုဆိုခဲ့ပါလျှင် ဘုရားသခင် ပွင့်တော်မူလာ၍ တရားဟောတော်မူခြင်းသည် အကျိုး ရှိ၏ ဟု မဆိုသာပြီ။ မှဆိုလောက်ပြီ။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ ဇနီးမယား၊ သမီးသားနှင့် သက်ထားအိမ်ရှင်၊ ခင်ပွန်းလင် စသည်တို့ကို သုနခ, သုနခီ၊ အစချီသော ခွေးထီးခွေးမ။ သူကရာသူကရီ။ အစချီသော ၀က်မ ၀က်ထီးဟု ဆိုအပ်သော အဟိတ်တိရစ္ဆာန်တို့သည်ပင်လျှင် တဏှာမှတ် ရာဂမှတ်ဖြင့် တဏှာသိ ရာဂသိဖြင့် တအောက်မေ့မေ့၊ တစေ့စေ့လျှင် အမှတ်ရနေကြသောကြောင့် သိသိနေကြသောကြောင့် ဖြစ်ပေ၏။ ဤအချက်ကိုလည်း ဉာဏ်သက်ပါမှ မောင်ပီယ။

## ယထာဘူတဉာဏ်

“အို–ဓမ္မပီယ၊ နှောင့်ညီလှ၊ ဆိုခဲ့ပြီးသော ခွေးထီး၊ ခွေးမ၊ ၀က်ထီး၊ ၀က်မ၊ စသည်များ တောင်း အ'ဟိတ်တိရစ္ဆာန်အပေါင်းတို့နှင့် အတူတူပင်လျှင် နတ်လူဗြဟ္မာ၊ သတ္တ၀ါအထွေထွေအသင်္ချေတို့သည်လည်း ရာဂဒေါသ၊ မောဟတသင်း ရန်နှင့်ကင်းသည်ဟူ၍ မရှိ။ အချင်း ခပ်သိမ်း သံသရာ၌ နစ်မွန်းလျက် ပျက်စီး တုံမြောက်၊ ဆင်းရဲဒုက္ခသို့သာ ရောက်ကုန်ရာသည်ဟု မြတ်ဗုဒ္ဓ ဘဂ၀ါသည် ကြီးစွာသော မေတ္တာဝေဂ ဖြစ်တော်မူသောကြောင့်

"ယထာဘူတံဉာဏာယ သတ္တာ ပရိယေသိတဗ္ဗော၊
ယထာဘူတံဉာဏာယသတ္တာ ပရိယေသိတဗ္ဗော"

ဟုတ်မှန်စွာ သိစေခြင်းငှာ ဆရာကို ရှာအပ်သည်။ ဟုတ်မှန်စွာ သိစေခြင်းငှာ ဆရာကို ရှာအပ်သည်။ ဟုတ်မှန်စွာ သိစေခြင်းငှာ ဆရာကိုရှာအပ်သည်ဟု" ထပ်ကာ ထပ်ကာ ၄၄ ကြိမ် ဟောတော်မူသည် ငါ့ညီ။ ဥပမာဆိုသော် ၄၄ ဆင့်ကုန်သော ရန်ပုံခွင်းအမြောက်ကြီးတို့ကို ဆင့်ကာ ဆင့်ကာ ထပ်ကာထပ်ကာ ၄၄ ကြိမ်ပစ်ဖောက်ဘိသကဲ့သို့ ယထာဘူတဉာဏ် အမြောက်ကြီးကို ဘုရားသခင်သည် ပစ်ဖောက်တော်မူသတည်း။

"အို....နေခြင်ကြီး ညီလှ၊ မောင်ခ်မ္မ။ ဤဒေသနာတော်အရ ယထာဘူတံ ဟုတ်မှန်သည်ကို ပညာဖြင့် သိမှ မှတ်မိသည်။ သတိရသည် ဆိုထိုက်မည် ငါ့ညီ။ ပညာနားဖြင့် မကြားချေက ကြားပြီဟု မဆိုထိုက်။ မဆိုတန်။ ပညာစက္ခုဖြင့် မမြင်ချေက မြင်ပြီဟု မဆိုထိုက်၊ မဆိုသင့်ချေ။

"ယထာဘူတံ–မဖောက်မပြန်၊ ဟုတ်မှန်တိုင်းကို။ ဝါ–အရှိကို အရှိအတိုင်း၊ အဟုတ်ကို အဟုတ်အတိုင်း။ ဉာဏာယ ဇာနနတ္ထာယ-သိစေခြင်း အကျိုးငှာ။ (ဝါ)၊ သိစေဖို့အတွက်။ သတ္တာ-သိအောင် ပြုစွမ်းနိုင်သော ဆရာကို။ ပရိယေသိတဗ္ဗော- ရှာအပ်၏။"

ဟုတ်မှန်တိုင်းကို မသိပဲလျက် မေ့မေ့လျော့လျော့၊ ပေါ့ပေါ့ တန်တန် မနေသင့်။ အမှန်ကိုအမှန်အတိုင်း အရှိကို အရှိအတိုင်း သိစေဖို့အတွက် ပြသနိုင်သော ဆရာကောင်း သမားကောင်းကို ရှာ။ ၎င်းထံမှာ ဟုတ်မှန်စွာ သိအောင် အားထုတ်ပါလေ။ ကြိုးစားလေ။

"အို....ဓမ္မပိယ၊ ညီလှဘုန်းမို၊ ပဥ္စင်းပျို။ အမှန်ကို အမှန်အတိုင်း မမြင်ပါပဲလျက်ကို အဟုတ်ကို အဟုတ်အတိုင်း မသိပါပဲလျက်ကို ပြဟ္မာ လူ နတ် သတ္တဝါ ခပ်သိမ်းတို့သည် ကိုယ့်ကိုယ်ကိုပင်မြင်သကဲ့သို့၊ သိသကဲ့သို့ ထင်မှတ်စွဲယူကြကုန်လျက်၊ အမြဲမကွာ တဏှာမာန၊ ဒိဋ္ဌိမကင်း ကိုယ်တွင်းရန်သူ၊ နေ့စဉ် နေ့တိုင်း ဗလောင်ဆူလျက် တအူအူ တိုးပွား နေသည်ကိုလည်း လားလားမျှမသိ။ သတိမရ။ မောဟအဝိဇ္ဇာ၊ ကြီးစွာသော မှောင်ခန်းကြီး အတွင်း၌ ဆင်းရဲပျက်သုဉ်း ကမ္ဘာအဆက်ဆက် ပျက်မဆုံး ဖြစ်နေကြသည်ကို ပြတော်မူလျှင်-

"ဤကဲ့သို့ ဖြစ်ရခြင်းကား အခြားကြောင့်မဟုတ်၊ ယထာဘူတံ၊ ဟုတ်မှန်တိုင်းကို မသိနိုင်ကြ၊ မမြင်နိုင်ကြ သောကြောင့် သာလျှင် ဤသို့ ကမ္ဘာအဆက်ဆက်၊ ပျက်မဆုံး၊ ဆင်းရဲမဆုံး ဖြစ်နေကြသည်" ဟု သနား

ဘော်မူလှသောကြောင့် ယဿဘူတံ ဉာဏာယ သတ္တာ ပရိယေသိတဗ္ဗောဟု ဟောတော်မူချက် ရွှေနှုတ်ထွက်ကို ဦးထိပ်ထက် တင်ထား၍ ပတ္တမြားကုံး၊ ရွှေတုံး ရွှေခဲမှက အဆဆကဲထက်၍ နှစ်သက်အပ်၊ စုံမက်အပ်၊ မြတ်နိုးအပ် လှသော 'ဓမ္မရတနာဥစ္စာ' ရွှေတုံး ရွှေခဲဖြစ်သည်ဟု ညီတော် ရှင်ဓမ္မပိယ စိတ်ချချ နှစ်သက်လေ၊ မြတ်နိုးလေ အကျိုးကြီးစွာ ချမ်းသာအပေါင်း ကောင်းသည်ဆိုသမျှကို ရစေတတ်၊ ပြီးစေတတ်သည်ဟု သဒ္ဓါစိတ် ပေါက်၍ ဝမ်းမြောက်လေ။ စေ့စေ့နှလုံးသွင်းလျှင် ပညာဖြင့် သိ၍ သတိရတိုင်း ဆိမ့်လိမ့်မည်။ ဓမ္မရသာ၊ ဩဇာကိုယ်လုံး စိမ့်လိမ့်မည်၊ နောင်ကြီးညီလှ၊ မောင်ပိယ။

## အပွင့်ပြီးမှ အသီး

"ဓမ္မပိယ၊ အနုတ္တပြင်၊ ချစ်စွတရား၊ အို....နောင့်ညီဘွား။ ရှေးရှေးပွင့်တော် မူလေကုန်ပြီးသောဘုရား၊ နောက်နောက် ပွင့်တော်မူလတ္တံ့ကုန်သော ဘုရား၊ ယခု ပွင့်တော်မူသော ငါတို့ဘုရား။ ခပ်သိမ်းကုန်သော ဘုရားသခင်တို့သည်၊ သားတော်၊ သမီးတော် အပေါင်းနှင့်တကွ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သဘောမိမိ၊ သိတော်မူ ကြကုန်သောကြောင့် သတိနှင့် မကွာ ပညာနှင့် မကင်း၊ အချင်းခပ်သိမ်း မနားမနေ နိဗ္ဗာန်ပြည်ကြီးသို့ ကြွတော်မူကြလေကုန်ပြီ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု ခန္ဓာ ငါးပါးတို့၏ အနိစ္စဖြစ်ဟန် ဒုက္ခဖြစ်ဟန် အနတ္တ ဖြစ်ဟန်ကို ထင်ထင်မြင်သော ဝိပဿနာ ဉာဏ်သည် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်သွားကြောင်း လမ်းကောင်းမှန်သည်၏ အဖြစ်ကို ဓမ္မရာဇ် မှန်ကူ၊ သယမ္ဘူ စောဘုရားသည် ပ သို့ ဟောကြားတော်မူသနည်းဆိုသော်-

"ဓမ္မဋ္ဌိတိ ဉာဏံခေါသုသိမပုဗ္ဗေ။ ပစ္ဆာနိဗ္ဗာနေဉာဏံ" ဟု နှုတ်သံကျူးရင့်ကာ နိဒါနဝါရပါဠိတော်၌ ဟောတော်မူခဲ့ပေသည်။ ယင်း၏ အတ္ထ၊ မြန်မာပြန် နိဿယသော်ကား "သုသိမ-သုသိမ၊ ဟု နာမပွင့်လန်း ချစ်သားရဟန်း။ ခေါ၊ စင်စစ်။ ပုဗ္ဗေ၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မဖြစ်မီ ရှေးအဖို့၌၊ ဓမ္မဋ္ဌိတိဉာဏံ-ဝိပဿနာ ဉာဏ်သည်။ ဥပ္ပဇ္ဇတိ-ဖြစ်၏။ ပစ္ဆာ-ဝိပဿနာ ဉာဏ်ဖြစ်ပြီးသည်မှ နောက်၌၊ နိဗ္ဗာနေ၊ နိဗ္ဗာန်၌၊ ဉာဏံ-အာရုံ ပြုသော အားဖြင့် ဖြစ်သော မဂ်ဉာဏ်သည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏။

"ဓမ္မပိယော်၊ အများခေါ်သည်၊ ညီတော်အရင်း၊ မောင်ပဥ္စင်း"

အပွင့်ပြီးမှ အသီးဖြစ်သကဲ့သို့ ထို အတူ ဝိပဿနာပညာ ဖြစ်၍ ပြီးမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်၏။ ထို့ကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို

ရလိုလျှင် ရှေးဦးစွာ ဝိပဿနာပညာနှင့် ပြည့်စုံအောင် သူထက်ငါခဲသင့်ကြသည်။ သံသရာဝဋ်၊ ဆင်းရဲညွှတ်မှ လွတ်မြောက်လိုသူ မှန်သမျှ၊ အို-နာ-သေ ရေး၊ ဤ ဘေးကြီး သုံးပါးမှ ကင်းလွတ်လိုသူ ဟူသမျှ ယထာဘူတဉာဏ် မှန်သည်ကို မှန်သည့်အတိုင်း သိဘတ်သော ဝိပဿနာပညာကို ရအောင် ဓမ္မပီယ ညီလှပဥ္စင်း၊ ခဲလေမင်း၊ ။ဝိပဿနာပညာ၊ ယထာဘူတဉာဏ် မလုံ၊ မပြည့်စုံသော သူသည် သူရူးနှင့် တူသတည်း။ ထို့ကြောင့်-

"ပုထုဇ္ဇနော ဥမ္မတ္တကသဒိသော။ ပုထုဇ္ဇနော ဝိပဿနာ၊ ယထာဘူတဉာဏ် အမြင်မရှိသော ပုထုဇဉ်သည် ဥမ္မတ္တကသဒိသော- သူရူးနှင့်တူချေ၏။ ဤသို့ မြားမြောင် အစောင်စောင်သော အဋ္ဌကထာတို့၌ ထပ်ကာထပ်ကာပင်လျှင်....

"ပုထုဇ္ဇနော-ဥမ္မတ္တကသဒိသော၊ ပုထုဇ္ဇနော ဥမ္မတ္တကသဒိသော" ဟု မိန့်ဟောပါ၌၊ လာအရှိကို ငါညီသိပါလေ။

"ဓမ္မပီယ နာမရှန်းသစ်၊ နောင် ညီချစ်၊ ယထာဘူတဉာဏ်ကို မရလျှင် သူရူးနှင့်တူသည်။ ပေါက်ပွင့်ကိုမျှော်သော တောခွေးအိုကြီးနှင့်တူသည်။ ဤသို့သောဖြစ်ရပ်ဆိုး၊ ဖြစ်ရပ်မျိုးနှင့် မတူနိုးစေလိုသည့်အတွက် ရှင်တော်မြတ်ဘုရားသည် "ယထာဘူတံ ဉာဏာယ သတ္တာပရိယေသိတဗ္ဗော၊ ယထာဘူတံဉာဏာယ သတ္တာပရိယေသိတဗ္ဗော"ဟု ထပ်ကာထပ်ကာ ၄၄ ကြိမ် ဟောတော်မူသည်။ ၄၄လုံးသော မိုးလုံးဟိန်း အမြောက်ကြီးကို ဆင့်ကာဆင့်ကာ ၄၄-ကြိမ် ပစ်ဖောက်တော်မူသည် မဟုတ်ပါလော။ "ယထာဘူတံ ဉာဏာယသိက္ခာ ကရဏီယာ၊ ယထာဘူတံ ဉာဏာယသိက္ခာ ကရဏီယာ ၄၄ ကြိမ်တိုင်တိုင် ယထာဘူတဉာဏ်ကိုရအောင် သိက္ခာသုံးပါးကို ပြုအပ်သည်"ဟု ဟောတော်မူသည် မဟုတ်ပါလော။ "ယထာဘူတံ ဉာဏာယ ယောဂေါကရဏီယော၊ ယောဂေါကရဏီယော" ဟူ၍လည်း ၄၄ကြိမ်။ "ယထာဘူတံ ဉာဏာယ ဆန္ဒော ကရဏီယော၊ ဆန္ဒောကရဏီယော"ဟူ၍လည်း၄၄ကြိမ်၊ "ယထာဘူတံ ဉာဏာယဉဿော ဠှ ကရဏီယာ၊ ဉဿောဠှကရဏီယာ"ဟူ၍လည်း ၄၄ကြိမ်၊ "ယထာဘူတံ ဉာဏာယ အပတိ ဝါနီ ကရဏီယာ၊ အပတိဝါနီ ကရဏီယာ"ဟူ၍လည်း ၄၄ကြိမ် ယထာဘူတံ ဉာဏာယ အာတပံ ကရဏီယံ၊ အာတပံ ကရဏီယံ" ဟူ၍လည်း ၄၄ကြိမ်။ "ယထာဘူတံ ဉာဏာယဝီရိယံ ကရဏီယံ ဝီရိယံ ကရဏီယံဟူ၍လည်း ၄၄ကြိမ်။ "ယထာဘူတံ ဉာဏာယ သတိကရဏီယာ၊ သတိ ကရဏီယာ"ယူ၍လည်း ၄၄ကြိမ်။ "ယထာဘူတံ ဉာဏာယ သတိသမ္ပဇညံ ကရဏီယံ။ သမ္ပဇညံ ကရဏီယံ" ဟူ၍လည်း ၄၄ကြိမ် ဟောတော်မူ၏။ "ယထာဘူတံ ဉာဏာယ အပ္ပမာဒေါ ကရဏီယော၊ အပ္ပမာဒေါ

ကရဏီယော''ဟု အမှန်ကို အမှန်အတိုင်း၊ အဟုတ်ကို အဟုတ်အတိုင်း သိခြင်းငှာ၊ မမေ့မလျော့ ပြုအပ်သည်။ မမေ့မလျော့ ပြုအပ်သည်ဟူ၍လည်း ကြိမ်ကြိမ် ဆင့်ကာဆင့်ကာ၊ ထပ်ကာထပ်ကာ (၄၄)ကြိမ်ဟောတော်မူသည်။ ၄၄ ကြိမ်ပေါင်း နှစ်ဆယ့်နှစ်လီ (ဒွါဒသကွတ္တုံ) ဟောတော်မူသည်၏ အဖြစ်ကြောင့် 'ယထာဘူတံ ဥာဏာယဟု ဆုံးမတော်မူသော ဒေသနာသည် ၅၂၈-ကြိမ်ရှိ၏။ ထိုသို့ ၅၂၈ ကြိမ်တိုင်တိုင် ''ယထာဘူတံ ဥာဏာယ''ဟု တဖွဖွ ဟောတော်မူခြင်းကြောင့် သူရူ'နှင့်မတူ၊ ယထာဘူတ ဉာဏ်ကို မြန်မြန်ရအောင်ဓမ္မပိယ၊ ငါ့ညီလှ ခံပါလေ၊ ကြိုးစားပါလေ။

## အကန်းအကန်းချင်း၊ အရူးအရူးချင်း

''ဓမ္မပိယ-နောင့်ညီလှ၊ လောက၌ ယက္ခုမ္မတ္တက ဘီလူးဖမ်းစား၍ ရူးကုန်သော အရူးတို့သည်၊ တယောက်ကိုတယောက်က ရူးသည်ဟု မထင်နိုင်၊ အဘယ့်ကြောင့်ဆိုသော် သူလဲအရူး၊ ငါလဲအရူး၊ အရူးချင်းဟူလေသေကြောင့်မှတ်။ ထို့အတူ ပိတ္တုမ္မတ္တက သည်းခြေပျက်၍ ရူးကုန်သော သူတို့သည်လည်း တယောက်ကို တယောက်က ရူးသည်ဟု မထင်နိုင်ကုန်။ အဘယ့်ကြောင့်ဆိုသော် သူလဲအရူး၊ ငါလဲအရူး၊ အရူးချင်း တူသောကြောင့်ဟုမှတ်၊ ဒိဋ္ဌုမ္မတ္တက- ခန္ဓာငါးပါးကို၊ မိန်းမယောကျ်ား၊ မယားဟု လင်ဟု ထင်မှတ်စွဲယူကုန်သော ဒိဋ္ဌုမ္မတ္တက အရူးတို့သည်လည်း တယောက်ကို တယောက်က ရူးသည်ဟု မထင်နိုင်ကုန်။ အဘယ့်ကြောင့်ဆိုသော် သူလဲအရူး၊ ငါလဲအရူး၊ အရူးချင်း တူသောကြောင့်ဟုမှတ်။ ဥပမာအားဖြင့် စက္ခုနှစ်ကွင်း အလင်းမရကုန်သော စုံလုံးကန်းသူ နှစ်ယောက်တို့သည်လည်း တယောက်ကို တယောက်က ကန်းမှန်း မသိနိုင်ကြကုန်။ အဘယ့်ကြောင့်ဆိုသော် သူလဲအကန်း၊ ငါလဲအကန်း၊ အကန်းချင်း တူသောကြောင့်ဟုမှတ်လေ။

''နောင်ကြီးညီလှ၊ မောင်ပိယ။ ။ထိုဥပမာနှင့် အလားတူစွာသာလျှင် ဒိဋ္ဌုမ္မတ္တက- အယူဝါဒဖောက်၍ ရူးနောက်နေကုန် သူတို့သည်လည်း တယောက်ကို တယောက်''အရူး....''ဟူ၍သိနိုင်ကြမည်မဟုတ်ပြီ။ ဒိဋ္ဌုမ္မတ္တက အဖြစ်မှ ကင်းလွတ်၍ ဝါ- အမြင်မှန်ရ၍ ယထာဘူတဉာဏ်နှင့်ပြည့်စုံသူသည်သာလျှင်၊ ဒိဋ္ဌုမ္မတ္တက— အယူဝါဒ ရူးဟုတ် မဟုတ်ကို ကောန်မုချ သိနိုင်ရာတော့သည်။ ယထာဘူတဉာဏ်ကို မရသော မိစ္ဆာဒိဋ္ဌိ-ပုဂ္ဂိုလ်သည်၊ မြင့်မားသော တောင်ခြေရင်း၌ နေသူနှင့် အလားတူ၏။ ယထာဘူတဉာဏ်ကိုရပြီးသော သမ္မာဒိဋ္ဌိ ပုဂ္ဂိုလ်ကား၊ မြင့်မားသော တောင်ထိပ်ပေါ်တ

စာမျက်နှာ (၁၀၀) မှ (၁၉၁)သို့
စာမျက်နှာ နံပါတ် မှားယွင်း၊သွားခြင်းကို
ခွင့်လွှတ်ပါရန် တောင်းပန်ပါသည်။
စာဆက် မှားယွင်းမှု မရှိပါ၍၊ ဆက်လက်ဖတ်ရှုပါရန်
မေတ္တာရပ်ခံပါသည်။

လူနှင့် အလားတူ၏။ ယင်းပုဂ္ဂိုလ် နှစ်ယောက်အနက်၊ တောင်ထိပ်ပေါ်က လူကား၊ အရပ်ထက်ဝန်းကျင်ရှိ မြင်အပ် ရာရာတို့ကို ကောင်းစွာ ထင်ထင် မြင်လေသော်လည်း တောင်ခြေရင်းက လူသည်ကား၊ တောင်ထိပ် ပေါ်က လူလောက် မြင်နိုင်မည် မဟုတ်။ ကိုယ်တိုင် မမြင်ရသောကြောင့် သူပြောသမျှကိုသာ ယုံချင်ယုံ၊ မယုံချင်နေရသည့် အခြေ၌သာ တည်လေ သည်။

## တောင်ကားတရား၊ ဘုရားကား တောင်ပေါ်ကလူ

"ဓမ္မပိယ၊ နာမခေါ်ဆို ညီဘုန်းမို။ ငါဆိုခဲ့သော ထိုဥပမာ၌ မြင့်မားလှစွာသော ဧရာမ တောင်ကြီးအလား တရားတော်ကိုမှတ်။ တောင်ထိပ်ကြီးပေါ်သို့ ရောက်နေသူအလား မြတ်ဘုရားကိုမှတ်။ တောင်ထိပ်ပေါ်သို့ ရောက်နေသူသည် အရပ်ထက် ဝန်းကျင်ကို ပြက်ပြက်ထင်ထင် မြင်လေသည့် အသား၊ အစိန္တေယျ ဘုရားသခင်သည် သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် နှစ်သက် မြတ်နိုးဖွယ်ရာသော ဘုရားရတနာ ဥစ္စာအပေါင်းကို မြင်တော်မူသည်ကိုမှတ် တောင်ထိပ်၌နေသော ယောကျ်ားသည် တောင်အောက်က လူတို့အား သနားသောကြောင့် ကိုယ်နှင့်ထပ်တူ မြင်စေလို၍ ချီချီသာသာ၊ အခါခါ ဟစ်၍ ပြောလေဘိသကဲ့သို့၊ ဘုရားသခင်သည်၊ ခပ်သိမ်းသော တရားကို၊ ဆရာမထား၊ ကိုယ့်ဉာဏ်အားဖြင့် အကြွင်းမရှိ၊ သိတော်မူပြီးလျှင်၊ တောင် အောက်က လူနှင့်တူသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် အနိစ္စ ကိုလည်း အနိစ္စမှန်းမသိ။ နိစ္စဟု ထင်နေကုန်၏။ ဒုက္ခကိုလည်း ဒုက္ခမှန်း မသိ။ သုခ-ဟု ထင်နေကုန်၏။ အနတ္တကိုလည်း အနတ္တမှန်းမသိ။ အတ္တဟု ထင်နေကုန်၏။ အသုဘကိုလည်း အသုဘမှန်းမသိ။ သုဘ-ဟု ထင်နေကုန်၏။

ငါဟူ၍မှ ပြဿန်စရာ မရှိပဲကိုလျက်၊ ငါဟု ထင်မှားလျက်၊ ငါဟူ၍မှ ပြဿန်စရာ မရှိသောကြောင့် "ငါဟူသည်ကား–ဤတရားပင် ဖြစ်သည်" ဟု မပြမဆိုနိုင်ပဲလျက် "ဤသူကား မယား၊ ဤသူကား လင်၊ ဤသူကား သမီး၊ ဤသူကား သား၊ ဤသည် ဤသည်တို့ကား ငါ့အမိ၊ ငါ့အဖ၊ ငါ့ဆွေမျိုး၊ ဤဟာ ဤဟာတို့ကား ငါ့ရွှေ–ငါ့ငွေ၊ ငါ့လှည်း၊ ငါ့အိမ် ဖြစ်သည်" ဟူ၍ သူရူးပမာ ငါဟူ၍ မရမရှိပဲကိုလျက် အချော်ချော် အမှား အမှား၊ တရား လွဲလျက်၊ ခွေးဝက်ပမာ ယထာဘူတဉာဏ်စက္ခုမရှိ။

စက္ခုကန်းကြ လေကုန်သောကြောင့်၊ ဆင်ကန်းတောတိုး၊ အကျိုး အဆက်ဆက် ယုတ်အပ်သော အကြောင်း ဖြစ်သည်ကို မြင်တော်မူသော

ဘုရားသခင်သည် ချစ်ခင်လေးမြတ်တော် မူလှသောကြောင့်။ ဟုတ်မှန်စွာ ယထာဘူတဉာဏ်ကိုရကြောင်း ကောင်းစွာ ကျင့်စေလိုသောကြောင့် ချိုသာ နာဖွယ်သော အသံတော်ကို ကျူးရင့်တော်မူ၍ ၄၅-၀၊ တရားဟော တော်မူသည်ကိုမှတ်။

''ညီတော် ဓမ္မ၊ ပီယပုဂ္ဂိုလ်၊ ပဥ္စင်းညို။ သိလို မြင်လိုသဖြင့် တောင် ထိပ်သို့ တက်၍ ကြည့်ရှုကုန်လျှင် နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ်၊ အံ့ဖွယ်သရဲ၊ ထူးကဲကဲတွေကို မြင်ရကုန်သောကြောင့် တောင်ပေါ်မှ မဆင်းလိုကြပဲ၊ တောင်ထိပ်ပေါ်တွင် ပျော်ပိုက်နေသူတို့ကဲ့သို့ အရှင်သာရိပုတ္တရာ၊ အရှင် မောဂ္ဂလာန်၊ ခေမာ၊ ဥပ္ပလဝဏ်၊ အစရှိကုန်သော သားတော်ကြီး၊ သမီး တော်ကြီးတို့၏။ ယထာဘူတဉာဏ်ဖြင့် အမှန်ကို အမှန်အတိုင်း၊ အဟုတ်ကို အဟုတ်အတိုင်း မြင်သောကြောင့် တရားတော် တောင်ထိပ်ပေါ်က မဆင်း မသက်ပဲ သက်တော်ထက်ဆုံး မွေ့လျော်ဖတော် မူသည်ကိုမှတ်။ တောင် ထိပ်သို့ မတက်လို၊ မတက်နိုင်သောကြောင့်၊ နှစ်သက်စဖွယ်၊ တင့်တယ် လှပစွာသော အရာတို့ကို မသိမမြင် ရှိကုန်သူတို့ကဲ့သို့။ ထို့အတူ ကာမဂုဏ် ငါးပါး၊ သမီး—သားနှင့်၊ မယားနှင့်လင်၊ ရှင်တမျိုးမျိုး၊ သူရူးပမာ တရားတောင်ထိပ်သို့ မတက်လို၊ မတက်နိုင်သောကြောင့် အမှန်ကို အမှန် အတိုင်း မသိမမြင်။ ခန္ဓာငါးပါး တရားကို အလွဲလွဲအမှားမှား၊ သား-သမီး-မယား-လင် စသည်ဖြင့် ထင်မှား၍ ပျော်နေကုန်သော ဗာလပုဂ္ဂိုလ် တို့ကိုမှတ်။ တောင်ထိပ်ပေါ်ရောက်၍ မမြင်စဖူး၊ ထူးမြတ်သော အံ့ဖွယ် သရဲ၊ ထူးကဲကဲတို့ကို ကိုယ်တိုင်ထင်ထင်မြင်ရသော အဖသည် သားသမီး တို့အား မိမိမြင်ရသည့်အတိုင်း မြင်စေလိုသောကြောင့် တောင်ထိပ်ပေါ်သို့ မတက်လိုသော သားသမီးတို့ကို လက်ဆွဲကိုင်ငင် ချီပို့၍ တောင်ထိပ်သို့ တင်လိုသော အဖကဲ့သို့ ထို့အတူလျှင် ဘုရားသခင် ရွှေနှလုံးတော် ရှိသည် ကို သိအပ်လှတော့သည် ညီတော် ဓမ္မ— မောင်ပီယ။

## ယထာဘူတဉာဏ်ကို ရသော်

''ဓမ္မစရိုက်၊ ပီယသိုက်ဖြင့်၊ သမိုက်ဘွဲ့ချီ၊ နှောင့်ချစ်ညီ။ ဤလောကီ ဘုံဌာန၊ ယထာဘူတဉာဏ်ကိုသာ ရခဲ့ပါသော် လောကီသစ္စာတော်ကို ခံယူသောက်ခဲ့ပြီမှတ်။ လောကီသစ္စာတော် ခံယူသောက်မိ၍ အစိမ့်ရခါ လောကုတ္တရာမဂ်သစ္စာ အစဝင်လာ၍ သောတာပတ္တိဖိုလ်သို့ ရောက်လိမ့်မည် မှတ်။ နှစ်ကြိမ်မြောက် လောကီသစ္စာတော်ကို အထပ်ထပ် သောက်ပြန်

လျှင် လောကုတ္တရာ မဂ်သစ္စာ ဒုတိယဝင်လာ၍ သကဒါဂါမိဖိုလ်သို့ ရောက်လိမ့်မည်မှတ်။

သုံးကြိမ်မြောက် လောကီသစ္စာကို ထပ်ကာ ထပ်ကာ သောက်ပြန်သည်ဖြစ်လျှင် လောကုတ္တရာ မဂ်သစ္စာ သုံးကြိမ်မြောက်ဝင်လာ၍ အနာဂါမိဖိုလ်သို့ ရောက်လိမ့်မည်မှတ်။ လေးကြိမ်မြောက် လောကီသစ္စာကို ထပ်၍ ထပ်၍ သောက်သည်ဖြစ်လျှင် လောကုတ္တရာမဂ်သစ္စာ စတုတ္ထဝင်လာ၍ အရဟတ္တဖိုလ်သို့ ရောက်လိမ့်မည်မှတ်။ လောကီသစ္စာကို ယထာဘူတဉာဏ်ဖြင့် ရှေးဦးစွာ ခံယူရရှိမည်။ ခံယူပြီးလျှင် "ပဉ္စက္ခန္ဓာ အနိစ္စာ၊ ပဉ္စက္ခန္ဓာ အနိစ္စာ" ဟု ဝိပဿနာဉာဏ်ဖြင့် ထပ်ကာ ထပ်ကာ သောက်ရလိမ့်မည်။ ပဉ္စက္ခန္ဓာ ဒုက္ခာ၊ ပဉ္စက္ခန္ဓာဒုက္ခာ၊ ဟူ၍ လည်းကောင်း၊ ဝိပဿနာဉာဏ်ဖြင့် ထပ်ကာ ထပ်ကာ သောက်ရလိမ့်မည်။ ပဉ္စက္ခန္ဓာ အနတ္တာ၊ ပဉ္စက္ခန္ဓာ အနတ္တာ၊ ဟူ၍သော်လည်း ထပ်ကာ ထပ်ကာ၊ ဆင့်ကာ ဆင့်ကာ အကြိမ်ကြိမ် ဝိပဿနာဉာဏ်ဖြင့် သောက်ရလိမ့်မည်။

"ညီတော်ဓမ္မ- မောင်ပိယ။ ဆိုအပ်ပြီးသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆေးတော်ကိုပင် ခန္ဓာတော်ရေလဲနှင့် သောက်လိုသည်ဖြစ်လျှင် အနိစ္စကိုလည်း ငါးထွေခန္ဓာ ရေလဲ၍ သောက်လေ။ ဒုက္ခကိုလည်း ငါးထွေခန္ဓာ ရေလဲနှင့် သောက်လေ။ အနတ္တကိုလည်း ငါးထွေခန္ဓာရေလဲ၍ ဝိပဿနာဉာဏ်ဖြင့် သောက်မြဲသာ ဆင့်ကာ ဆင့်ကာ ထပ်ကာ ထပ်ကာ သောက်လေ။ လောကုတ္တရာ မဂ်သစ္စာပြေး ဝင်လာမည်မှာ အပြီးသာ။ မဂ်နောက်ကို ဖိုလ် အလိုလိုရောက်ရမည်။ အဆီးအတားမရှိပြီ။ ဤသို့ ညီလှ ရှင်ဓမ္မပိယ သည် စိတ်မှာစွဲ၍ ခံလိုက်ပါဘိ။ တထိုင်တည်းတွင် အောင်ပွဲ လေးကြိမ်ခံ၍ စံရအောင်ဟူလိုသတည်း။

## ငါးထွေခန္ဓာ ရေလဲဆိုသည်မှာ

"လက်မှန်ဓမ္မ၊ အာဒိပြ၍၊ ပိယအဆုံး၊ နှောင့်ညီဘုန်း။ သုံးထွေသောဓမ္မ၊ အနိစ္စနှင့်၊ ဒုက္ခအနတ္တား၊ ဤသုံးပါးကို ငါးခုစီစုခွဲ ခန္ဓာတော် ရေလဲ ဟူသည်ကား....

(၁) ရူပက္ခန္ဓော အနိစ္စော အနိစ္စော၊

(၂) ဝေဒနက္ခန္ဓော အနိစ္စော အနိစ္စော၊

(၃) သညက္ခန္ဓော အနိစ္စော အနိစ္စော၊

(၄) သင်္ခါရက္ခန္ဓာ အနိစ္စာ အနိစ္စာ၊

(၅) ဝိညာဏက္ခန္ဓာ အနိစ္စာ အနိစ္စာ၊

ဤသို့ အနိစ္စ၊ ဓမ္မဆေးတော်ကိုခန္ဓာငါးထွေရေတော်လဲ၍ သောက်မြဲ အကြိမ်ကြိမ် သောက်လေ။

ရူပက္ခန္ဓာ ဒုက္ခာ ဒုက္ခာ၊
ဝေဒနက္ခန္ဓာ ဒုက္ခာ ဒုက္ခာ၊
သညာက္ခန္ဓာ ဒုက္ခာ ဒုက္ခာ၊
သင်္ခါရက္ခန္ဓာ ဒုက္ခာ ဒုက္ခာ၊
ဝိညာဏက္ခန္ဓာ ဒုက္ခာ ဒုက္ခာ

ဤသို့ ဒုက္ခ ဓမ္မ ဆေးတော်ကို ခန္ဓာငါးထွေ ရေတော် လဲ၍ သောက်မြဲသာ အကြိမ်ကြိမ်သောက်လေ။

ရူပက္ခန္ဓာ အနတ္တာ အနတ္တာ၊ ဝေဒနက္ခန္ဓာ အနတ္တာ အနတ္တာ၊ သညာက္ခန္ဓာ အနတ္တာ အနတ္တာ။ သင်္ခါရက္ခန္ဓာ အနတ္တာ အနတ္တာ။ ဝိညာဏက္ခန္ဓာ အနတ္တာ အနတ္တာ။ ဤသို့ အနတ္တ ဓမ္မ ဆေးတော်ကို ခန္ဓာငါးထွေ ရေတော်လဲ၍ သောက်မြဲသာ သောက်လေ။ အစုံအစုံ မဂ်ဖိုလ်လေးခါ ဖြစ်ရောက်လာသောကြောင့် သမ္မာသမ္ဗုဒ္ဓ၏၊ သြရသအစစ်၊ ရဟန္တာဟူသော သားတော်ဖြစ်လိမ့်မည်။

ရဟန္တာအစစ် သားတော်ဖြစ်ခါ၊ ရန်စစ်ငပ်သိမ်း၊ ကုန်ငြိမ်းအောင်စင်ပြီဖြစ်၍၊ စိတ်နှလုံး ငြိမ်းငြိမ်း၊ ဟိန်းချ၍ စံပျော်ရမည့် အရေးသာ ရှိတော့သည်။ ဤသို့သတိမြဲမြဲ၊ နှလုံးစွဲ၍ ခဲသာခဲလေ။ အောင်ပွဲခံရမည် မှာ ဂဏှာဟိ-အပြီးသာ မှတ်ပေတော့ ငါ့ညီ။

## သံသရာရေပြင်နစ်အောင် နှစ်လေသည့်တရားခံ

"နောင်ကြီးညီလှ၊ မောင်ဝမ္မ။ ။ယယာဘူတဉာဏ်၊ အဲသည်ဉာဏ်ဖြင့် လောက်ကိုသတ္တာတော်မျှမသုံ။ မမှန်ပဲလျက်။ မဟုတ်ပဲလျက်၊ မရှိပဲလျက်၊ ခန္ဓာငါး၀၊ အနိစ္စနှင့်၊ ဒုက္ခအနတ္တား၊ ဤတရားတို့ကိုပင်....၊ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ-သူတပါး၊ ယောက်ျားမိန်းမ စသည်ဖြင့် အလွဲထင်လျက်၊ ကြင်နာစုံမက်၊ နှစ်သက်ပုားခဲ့သော်၊ မြတ်နိုးမှားခဲ့သော်၊ တောဘူမှ က ဝဋ်ကလွှား၀ယ်၊ တပေါလောလော မျောရတော့မည်မှာ ဓမ္မတား၊

ကံသာဥစ္စာ ဖြစ်တော့သည်။ အထင်မှားသောကြောင့် တကျော့ပွား၍ တံပေါ်လောလော မျှောသည်ကို ကျမ်းဂန်အရှိ၊ သိသာရုံ ထည့်လိုက်သည် ငါ့ညီ။

"ဒိဋ္ဌိပန္နနပန္နန္တာ၊
တဏှာသောတေန ဝုယှရေ၊
တဏှာသောတေန ဝုယှန္တာ၊
န တေ ဒုက္ခာ ပမုစ္စရေ။"

"အာဝုသော-ဓမ္မပိယ၊ ငါ့ညီလှ။ ။ဒိဋ္ဌိပန္နနပန္နန္တာ-ခန္ဓာငါးပါးဖြင့်၊စုစည်းထုတ်လုပ်ထားသည့်ဤရုပ်ကောင်ကို(ဧသောမေအတ္တာသည်ဟာငါ၊သည်ဟာငါပဲဟု) တငါငါ အစွဲမတ်ဖြင့်၊ အထပ်ထပ် ရစ်ပတ်၍ ထားအပ်ကုန်သော သတ္တဝါတို့သည်၊ တဏှာသောတေန (ဧတံမမ ငါ့ဟာငါ့ဟာ၊ ငါ့ဥစ္စာဟူသော)တဏှာရေစီးကြောင်းအတိုင်း၊ ဝုယှရေ-ဖြစ်ချေပျက်ချေ။ ခန္ဓာဟူသော သံသရာ ရေပြင်ကြီးတွင် ကမ္ဘာအဆက်ဆက် မျောရလေကုန်၏။ တဏှာသောတေန-ငါ့လင်၊ ငါ့သား၊ ငါ့မယားစသည်ဖြင့်၊ ထင်မှားယူခြင်းဟု ဆိုအပ်သော တဏှာရေစီးကြောင်းဖြင့်၊ ဝါ-တဏှာရေစီးကြောင်းအတိုင်း၊ ဝုယှန္တာ-ငါ့ဟာငါ့ဟာ ဟစ်ကြွေးညာလျက်၊ သံသရာ ရေယဉ်ကြော၌၊ မျောနေကြကုန်သော၊ တေသတ္တာ-ထိုထိုသတ္တဝါတို့သည်၊ ဒုက္ခ-ဆင်းရဲဝဋ်မှ၊ န ပမုစ္စရေ-မလွတ်နိုင်ကြကုန်။

ဓမ္မပိယ၊ နောင့်ညီလှ။ ။ဩဇလေးဖြာ၊ သံသရာနဒီမြစ်၌-မနစ်မချင်း၊ ကိုယ့်ကိုယ်ကိုလည်းပြန်၍ နှစ်ကြသည်။ တယောက်ကို တယောက်လည်း၊ မနစ်မချင်း နှစ်ကြသည်။ ဤသို့နှစ်ကြ၊ နစ်ကြ ဖြစ်နေကြသည်မှာ ဗာလပုထုဇဉ်တို့၏ အလေ့အထပင်တည်း။ သံသရာ၌ နစ်သည်ကို မနစ်အောင်လည်း ကိုယ့်ကိုယ်ကိုင် ဖော်ကြသည်။ တယောက်ကို တယောက်လည်း မနစ်အောင် ဖော်ကြသည်။ ဤသည့်ဖော်မှု၊ ကင်တင်မှုအလေ့သည်ကား-ဘုရားသခင် အရှင်သူမြတ်တို့၏အလေ့တော် ဓမ္မတာပင်တည်း။ ကိုယ့်ကိုယ်ကိုချစ်သောသူသည် ကိုယ့်ကိုယ်ကိုပြန်၍ မနှစ်တန်ရာ၊ နစ်အောင် မပြုတန်ရာ။ တယောက်ကို တယောက်ချစ်သောသူသည်လည်း-တယောက်ကိုတယောက် နစ်အောင် မနှင်ဟန်လေရာ။ သို့ဖြစ်ပါလျက်ကို အဘယ့်ကြောင့် ကိုယ့်ကိုယ်ကို နစ်အောင်နှစ်သည်။ တယောက်ကို တယောက်မနစ်မချင်း နှစ်သည်ဟု ဆိုဘိသနည်း။

သဘော ယာဉ်ပ္ပါ၊မရှိစွတကားဟုဆိုလျှင်၊ယုတ္တာယုတ္တိ သဘောရှိလှသောကြောင့် သတိရစေလို၍ ဆိုလိုက်သည် ငါ့ညီ။ သဘောယုတ္တိ ထိုထောက်

ရှိသည်ကို သိနိုင်အောင် "ဥပမံ တေ ကရိဿာမိ ဥပမာယမိဓေ ကစ္စေ ဝိညူ ပုရိသာ ဘာသိတဿ အတ္ထံ ဇာနန္တိ" ကျမ်းဂန် ရှိသည်နှင့်အညီ သင့်အား ဥပမာကို ယူ၍ ငါဆိုအံ့၊ ဥပမာ စကားကို ကြားရသော်.... ပညာ ရှိလျှင် အဓိပ္ပာယ်ကို သိလိမ့်မည်။ သဘာဝမိမိ တပ်အပ်သိလိမ့်မည်။ စက္ခုနှစ်ကွင်း အလင်းမရ ကန်းနေသော သူအား အဖြူ၊ အနီ စသည်ကို မြင်စေလို၍— "သည်ဟာအဖြူ၊ သည်ဟာ အညို" ဟူ၍ပြသော်လည်း မြင်နိုင်သည် မဟုတ်။ ထို့အတူ ပုံဥပမာနှင့်ပင် ပြောဆိုသော်လည်း ပညာမရှိလျှင် သင်သိနိုင်တော့မည်မဟုတ်။ ထိုပါဠိ၏ အတ္ထ မြန်မာပြန်နိဿယသော်ကား တေ- သင့်အား၊ အဟံ- ငါသည်၊ ဥပမံ- နှိုင်းယှဉ်ကြည့်စရာ၊ ဥပမာကို၊ ကရိဿာမိ- ဆိုပေအံ့။ ဥပမာယပိ— ပုံစကားဖြင့်လည်း၊ ဣဓ- ဤလူ့ရွာလောက၌၊ ဧကစ္စေ— အချို့ကုန်သော၊ ဝိညူ လိမ္မာကုန်သော၊ ပုရိသာ- ပညာရှိတို့သည်၊ ဘာသိတဿ—ပြောဆိုအပ်သော စကား၏၊ အတ္ထံ- အနက်အဓိပ္ပာယ်ကို၊ ဇာနန္တိ— သဘောမိမိ၊ အဓိပ္ပာယ်ကိုသိကြကုန်၏။ ဤအချက်ကိုလည်း အလေးအနက် ပြုလေဦး ငါ့ညီ။

## ပုထုဇဉ်လောက၏ အသွင်အပြင်

"ပိယပုဂ္ဂိုလ်၊ နောင့်ညီပျို၊ ဘုန်းမိုမြတ်စွာ၊ ဘဂဝါဇိန၊ အတုလ ထွတ်ထား၊ ငါတို့ရှင်တော် မြတ်ဘုရားကား။ ငါးပါးသော မာရ်ကို ချေလျက်၊ ညောင်ဗုဒ္ဓေပင် အောက်ဝယ် ဘုရားအဖြစ်သို့ ရောက်တော်မူလာသောအခါ ဘာကို အလျင်ဆုံး သုံးသပ်တော်မူသည် ထင်သနည်း။ နတ်လူပြဟ္မာ၊ သတ္တဝါ ခပ်သိမ်းတို့အပေါ်၌ မဟာကရုဏာ ပြဋ္ဌာန်းသော ပညာစက္ခုဖြင့် တစေ့စေ့ ရှုကြည့်တော်မူလေသည် ငါ့ညီ။ ထိုအခါ အစားများ၍ ရောဂါတိုးပွားနေသော လူနာကဲ့သို့ ပုထုဇဉ်လောက၏ အသွင်ကို မြင်တော်မူလာသည်။

တထောင်ငါးရာ ကိလေသာ နူနာကြီးကို အုံကြွ စေတတ်သော "ရုပ်တော်မမ ငါ့ရုပ်၊ ငါ့ကိုယ်၊ ငါ့ခန္ဓာ" စသည်ဖြင့် တရာ့ရှစ်ပါးသော တဏှာကိုပွားစေ၍လည်းကောင်း၊ "ဧသော မဟံသ္မိ- သည်ဟာငါ၊ သည်ဟာငါ" စသည်ဖြင့် ကိုးပါးသော မာန်ကို ပွားစေ၍ လည်းကောင်း၊ ဧသောမေအတ္တာ၊ သည်ဟာ ငါ့အတ္တာ၊ သည်ဟာ ငါ့အတ္တ စသည်ဖြင့် ၆၂-ပါးသော ဒိဋ္ဌိတို့ကို ပွားစေ၍လည်းကောင်း၊ နတ်လူပြဟ္မာ၊ သတ္တဝါ ခပ်သိမ်းတို့၏ ပျော်တပြုံးပြုံး၊ မေ့မဆုံးဖြင့် အများကြီးမှား နေကြသည်ကို မြင်တော်မူလေသောအခါ "ငါတို့ မစူးမစပ်းပဲ ပြုမိ၊ ကျင့်မိချေကုန်သော

ကြောင့် ကမ္ဘာအဆက်ဆက် သံသရာ၌ တချာလည်လည် နစ်မွန်းကြရကုန်သည်''ဟု ဓမ္မသံဝေဂ ရစေခြင်း အကျိုးငှာ—

''အနုဝိစ္စကရော သာဓု၊ အနုဝိစ္စကရော သာဓု။
စူးစမ်း၍ ပြုမှု ကောင်းမည်၊ စူးစမ်း၍ပြုမှု ကောင်းမည်''

ဟု အကြိမ်ကြိမ် ဆုံးမတော်မူသည်။ နှလုံးသွင်း မကောင်းသောကြောင့် သံသရာဝဲဩဃထဲ၌ တချာလည်လည် နစ်ရချေကုန်သည်ဟု ဓမ္မသံဝေဂရခြင်း အကျိုးငှာ—

''ယောနိသော မနသိကာရော မဟတော အတ္ထာယသံဝတ္တိ။
အသင့် နှလုံးသွင်းထားခြင်းသည် ကြီးစွာသော အကျိုးကို ဖြစ်စေတတ်၏၊ ကြီးစွာသော အကျိုးကို ဖြစ်စေတတ်၏။

ဟု ဤသို့လည်း အကြိမ်ကြိမ် အခါခါ ဆုံးမတော်မူသည်။ ဟုတ်မှန်တိုင်းကို ပြသပဲ့ပြင်၊ သွန်သင်တတ်သော ဆရာကို ငါတို့ မရရှိချေသောကြောင့်၊ သံသရာ ဝဲဩဃထဲ၌ တချာချာလည်လည် နစ်ရချေကုန်သည်ဟု ဓမ္မသံဝေဂ ရစေခြင်းအကျိုးငှာ—

''ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော။
ဟုတ်မှန်စွာသိခြင်းငှာ ဆရာကိုရှာအပ်သည်။ဆရာကို ရှာအပ်သည်''

ဟု ဤသို့ အစရှိသည်ဖြင့်လည်း ၅၂၀-ကြိမ် တိုင်တိုင် ဆုံးမတော်မူသည်။ ငါတို့ သူငါ၊ ကမ္ဘာအဆက်ဆက်၊ မဟုတ်ပဲကို၊ မမှန်ပဲကို အလွဲလွဲ အမှားမှား မှတ်ယူထင်မှားကုန်သောကြောင့် သံသရာ ဝဲဩဃထဲ၌ တချာလည်လည် နစ်ရချေကုန်သည်ဟု ဓမ္မသံဝေဂ ရစေခြင်း အကျိုးငှာ—

''ယထာဘူတံ သမ္မာပညာယ ဒဋ္ဌဗ္ဗံ၊ ဟုတ်မှန်တိုင်းကိုသာ ကောင်းစွာ ပညာဖြင့် မှတ်အပ်သည်။ ကောင်းစွာ ပညာဖြင့် မှတ်အပ်သည်''

ဤသို့လည်း အကြိမ်ကို မရေတွက်နိုင်။ တထောင်၊ တသိန်း၊ တသန်း မက ဆုံးမတော်မူသည်။ ငါတို့သည် ဘဝများစွာ၊ ကမ္ဘာ အဆက်ဆက် အနိစ္စကိုလည်း အနိစ္စမှန်း မသိ။ ဒုက္ခကိုလည်း ဒုက္ခမှန်းမသိ။ အနတ္တကိုလည်း အနတ္တမှန်း မသိ။ အနိစ္စကိုပင် နိစ္စထင်၍ ဒုက္ခကိုပင် သုခထင်၍ အနတ္တကိုပင် အတ္တထင်၍ အဝိဇ္ဇာနှင့် တကျော လှည့်စား အကျင့်မှားချေကုန်သောကြောင့် သံသရာဝဲဩဃထဲ၌ တချာလည်လည် နစ်ရချေကုန်သည်ဟု ဓမ္မသံဝေဂ ကြီးစွာ ရစေခြင်း အကျိုးငှာ—

"သဗ္ဗေ သင်္ခါရာ အနိစ္စာ၊
သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊
သဗ္ဗေ သင်္ခါရာ အနတ္တာ၊ ယဒါ ပညာယ ပဿတိ၊
အထနိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ"

ခပ်သိမ်းကုန်သော သင်္ခါရ တရားတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍ အကြင်အခါ ဟုတ်မှန်စွာ၊ ပညာဖြင့် ထင်ထင်မိမိ၊ တပ်အပ်သိ၏။ ထိုသို့ အနိစ္စမှန်း၊ ဒုက္ခမှန်း၊ အနတ္တမှန်း ဟုတ်မှန်စွာ ထင်ထင် မိမိ၊ တပ် အပ် သိသောအခါ- သံသရာဝဋ်၌ မပျော်နိုင်။ ပညာဖြင့် အလွန်ငြီးငွေ့၏။ ထိုငြီးငွေ့ခြင်းကား အိုခြင်းဘေး၊ နာခြင်းဘေး၊ သေခြင်း၊ ဘေးကင်းရာ ဖြစ်သော နိဗ္ဗာန်ခရီး၊ နိဗ္ဗာန်ပြည်ကြီးနှင့် နီးပြီဟု အကြိမ်ကြိမ် ဆုံးမတော်မူပေသည်။

ဤသို့ အစရှိသော နည်းဖြင့် အထူးထူးအတိုင်းမသိ။ ကျဉ်းကျဉ်းနှင့် ကျယ်ကျယ်၊ လွယ်လွယ်ခက်ခက်၊ တိမ်တိမ်နှင့် နက်သော မဂ်ဖိုလ်၏ မူလ ကာရဏကို ပြတော်မူ၍ နတ်လူဗြဟ္မာ သတ္တဝါတို့အား ကိလေသာတည်း ဟူသော နူနာကို လွတ်မြောက် ကင်းဝေးစေတတ်သော "ဓမ္မောသဓ ဆေးတော်"ကို မြတ်ဘုရားသည် သနားရှေးရှုကာ မဟာကရုဏာတော်ဖြင့် တိုက်ကျွေးတော်မူသည်။ အတုမရှိ၊ ဓမ္မဆေးကြီး ရှိန်းပြီး တတ်သည်ဟူ၍ မှတ်။

## ဘယ်မှာလဲယောကျ်ား၊ ဘယ်မှာလဲမိန်းမ

"ဓမ္မပိယ၊ နဲ့မထင်ရှား၊ နှောင့်ညီဘွား။ ဘုရားမြတ်စွာ၊ ဘဂဝါ ဇိနာ၊ မုနိန္ဒသည်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို- သဘောမိမိ၊ နတ်လူဗြဟ္မာတို့ သိစေခြင်းငှာ အလိုတော်ဆန္ဒ၊ ဗလဝ ဖြစ်သောကြောင့်-

"ဒိဋ္ဌေဝါဟံ ဘိက္ခဝေ တထာဂတံ အနနူ ဝိဇ္ဇောတိ ဝဒါမိ။ ။ဘိက္ခဝေ၊ ချစ်သားတို့။ အဟံ၊ ငါဘုရားသည်။ဒိဋ္ဌေဝ၊ ယခုမျက်မှောက် ထင်ထင်။ မြင်ကောင်းသော ဘဝ၌သာလျှင်၊ တထာဂတံ၊ ဣတ္ထိ ပုရိသမိန်းမ ယောကျ်ားစသော သတ္တဝါကို။ အနနုဝိဇ္ဇောတိ; မရှိဟူ၍ မရအပ်ဟူ၍။ ဝဒါမိ၊ ဟောတော်မူ၏။

"နှောင်၏ ညီဘွား၊ မောင် မှတ်သားလော့၊ ဘုရားအလို၊ အဓိပ္ပာယ်ကိုဆိုသော်၊ မျက်မြင်လောက၊ ယခု ပစ္စက္ခ ဘဝ၌ပင်လျှင်၊ မိန်းမ ယောကျ်ားစသော သတ္တဝါဟု မရှိ။ ဤသို့ ယခု ပစ္စက္ခဘဝ၌ပင်၊ မိန်းမ

ကောင် ယောကျ်ားကောင်ကို ရှာ၍မရပြီဖြစ်၍၊ သဗ္ဗညုတဉာဏ်တော်ဖြင့် ကြည့်လျှင် မိန်းမ ယောကျ်ားကို မမြင်ပြီဖြစ်၍၊ ရှေးရှေးသော ကာလများစွာ၊ ဘဝါဘဝတို့၌လည်း ယောကျ်ား မိန်းမဟု မရှိစဘူး။ နောက်နောက်သော ကာလတို့၌လည်း ဣတ္ထိ ပုရိသ- မိန်းမ ယောကျ်ားဟု မုချ မရှိနိုင် ဟူသည်ကိုလည်း စိတ်၌စွဲ၍ အမြဲသာ မှတ်ပါဘိ ညီတော်။

''အို.... ဓမ္မပိယ၊ ဘွဲ့ရပဉ္စင်း၊ နောင်ညီရင်း။ ထင်လင်းလှုပ်ရှား၊ တယားယားနှင့် လာသွားနေကြသော ဣတ္ထိပုရိသ အထီး အမတို့ကား သဘ္ဘဝါပင် မဟုတ်ပါလောဟု၊ စောဒက တက်ခဲ့သော်၊ သွားခြင်း ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်း၊ ဤလေးပါးသော ဣရိယာပုတ်ကို ပြီးစေခြင်းသည်၊ မိန်းမလည်း မဟုတ်၊ ယောကျ်ားလည်း မဟုတ်။ အထီး အမ ဟူ၍ မုချမဆိုသာ။

''အနိစ္စ ဒုက္ခ အနတ္တ သဘောဖြစ်သော၊ စိတ်၊ စေတသိက် ဟူသော နာမ်တရားက သွားစေလို၊ ရပ်စေလို၊ ထိုင်စေလို၊ အိပ်စေလိုလျှင် အနိစ္စ ဒုက္ခ အနတ္တရင်းဖြစ်သော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အစရှိသော ရုပ်တရားက သွားသည်၊ ရပ်သည်၊ ထိုင်သည်၊ အိပ်သည်''

ထိုရုပ်နာမ် နှစ်ပါးတို့သည် ပရမတ္ထတရား ဖြစ်ကုန်သည်။ ပရမတ္ထ ဖြစ်သော ယင်းရုပ်နာမ်တရား နှစ်ပါးတို့ကိုဣတ္ထိ၊မိန်းမဟူ၍လည်း မဆိုအပ်။ ပုရိသ ယောကျ်ားဟူ၍လည်း မဆိုအပ်။ ထိုသို့ ''ဣတ္ထိပုရိသ'' မိန်းမ ယောကျ်ားဟု မုချ မဆိုအပ်သော ရုပ်တရား နာမ်တရားကို ''ဣတ္ထိ ပုရိသ'' မိန်းမ ယောကျ်ားဟု စွဲထင်သည်ဖြစ်လျှင် သာသနာတော်၌ မုချ ရှုး၊ မုချအမိုက်၊ အမိုက်ဆုံးဖြစ်၏။ သည်ထက်တိုး၍ မိုက်အိုးကွဲ ဖြစ်ဖွယ် မရှိတော့ပြီ။ ထို့ကြောင့်-

နာယံ ဘိက္ခဝေ ကာယော တုမှာကံ။ နာပိ အညေသံ။ ဘိက္ခဝေ၊ ချစ်သားတို့၊ အယံကာယော၊ ဤဦးခေါင်းရိုး၊ လည်ကုပ်ရိုး၊ လည်တိုင်ရိုး အစရှိသော အဆင့်ဆင့်သော အရိုး။ ကိုးခုသော ဒွါရတို့မှ မပြတ်မလပ်၊ ထပ်ကာထပ်ကာ၊ စက်ဆုပ်ဖွယ်ယိုစီး ကျသော အပေါင်းအစုမျှသာ ဖြစ်သော ဤကိုယ်သည်။ တုမှာကံ၊ သင်တို့၏ နကာယော၊ ကိုယ်မဟုတ်။ အညေသံ၊ တပါးသောသူတို့၏ နာပိကာယော၊ ကိုယ်လည်းမဟုတ်''

ဆံပင်၊ ဦးရေ၊ ဦးခေါင်းခွံ၊ ဦးနှောက် အစရှိသော အစုအပေါင်း တို့သည် သင်ချစ်သားတို့၏ ကိုယ်လည်းမဟုတ်။ သူတပါးတို့၏ ကိုယ်လည်း မဟုတ်။ စက်ဆုပ်ဖွယ်၊ ထွီဖွယ်၊ ရွံဖွယ်တို့၏ အစုအပေါင်းသာ ဖြစ်ချေ

သည်။ ထိုအစုအပေါင်းကို "ငါ၏ကိုယ်"ဟူ၍မယူကုန်လင့်၊ မမှတ်ကုန်လင့်။ သူတပါး၏ကိုယ်ဟူ၍လည်း မယူကုန်လင့်။ မမှတ်ကုန်လင့်။ ယူမိခဲ့သော်....၊ မှတ်မိခဲ့သော်.... စွန့်ကြကုန်၊ ပစ်ကြကုန်ဟု မြတ်ဘုရားမိန့်ကြားချက်ကိုလည်း အနက်ထင်ထင်၊ ငါ့ညီမြင်ပါစေ။

"ပိယဓာတ်နှစ်၊ နှောင့်ညီချစ်။ စစ်စစ်သဘော လောကနှင့် ပြောရသော် "ငါ၏ရွှေ၊ ငါ၏ငွေ...."ဟု ဆိုလျှင် ငါတခြား၊ ရွှေတခြား၊ ငွေတခြား သရုပ်ခွဲ၍ပြရာ ရှိသောကြောင့် ငါ၏ရွှေ ငါ၏ငွေဟု ဆိုပိုင်သည်။ ဆိုထိုက်သည်။ "ငါ၏မယား၊ ငါ၏သမီးသား" ဆိုရာ၌လည်း ထိုကဲ့သို့ပင် ငါတခြား၊ မယားတခြား၊ သမီးသားလည်း တခြားပင်ဖြစ်၍ သရုပ်သကန် ထုတ်၍ပြနိုင်သောကြောင့် "ငါ၏မယား၊ ငါ၏သမီးသားဟု ဆိုပိုင်သည်။ ဆိုထိုက်သည်။ ဆိုကြ ပြောကြသည်။ ထိုနှင့်အလားတူ မြတ်စွာဘုရား သာသနာတော်၌ကား "ငါ၏ဦးခေါင်း။ ငါ၏လည်ကုပ်၊ ငါ၏လည်တိုင်၊ ငါ၏ကျော၊ ငါ၏ပေါင် စသည်ဖြင့် ဆိုချေသော် ငါဟူသည်ကို မပြနိုင်ရာ။ ထိုသို့ "ဤကား ငါပင်ဖြစ်တော့သည်"ဟု သရုပ်ထုတ်၍ ငါဟူသော အကောင်ကို မပြနိုင်၊ မသနိုင်ချေဖြစ်သောကြောင့် လောကတရား ဖြစ်လျှင် ငါဟူသည်ကိုမျှမပြ၊ မဆိုနိုင်ချေဖြစ်သောကြောင့် ငါ၏ဦးခေါင်း၊ ငါ၏လည် ကုပ်၊ လည်တိုင်၊ ငါ၏ကျော၊ ငါ၏ပေါင် စသည်ဖြင့် မဆိုပိုင်သည်ကို ပြောဆိုချေသည် ဖြစ်သောကြောင့် "တရား·ရှုံးစေ" ဆုံးဖြတ်ရာ၏။ သာသနာတော်၌ ထိုကဲ့သို့ အရှုံးမပေးပြီ။ ငါဟူ၍ပင်မရ။ မရှိပဲလျက် "ငါ၏ဦးခေါင်း၊ ငါ၏လည်ကုပ်၊ ငါ၏ကျော"ဟု မဟုတ်မမှန်၊ ပြောဆိုယူမှတ်သူ ဖြစ်ရကား အနိယျာနိကဒိဋ္ဌိဖြစ်ပြီ။ (ချွတ်၍ မရသူ) ငါ၏ သာသနာသို့မဝင်ပြီ။ ပုထုဇ္ဇနေ့ဒဥမ္မတ္တကသဒိသော၊ သူရူးနှင့်တူသော ပုထုဇဉ်ဟု ဘွဲ့ချည်၍လွှတ်သည်မှတ်။ သည့်အတိုင်းသာမှန်လျှင် မဂ်စောင်ဖိုလ် စော် မနံ၊ နိဗ္ဗာန်နှင့်ဝေးသည်ထက် ဝေးလိမ့်မည့် ခွေးဟူလို။

## မှန်ကြေးမုံဘာသာအသုံးကျသနည်း ရာဟုလာ

"ဓမ္မပိယ၊ ညီလှပွင့်ကောင်း၊ မဂ်ဖိုလ်လောင်း၊ အကြောင်းအာ· ဖြင့်၊ အသင့်နှလုံး၊ စွဲသုံးစေသော၊ ဇောစေတနာ၊ မေတ္တာရင်း ဖြူသန့်စွာဖြင့်၊ ရာဟုလာ၏ သာမဏကို အားကျမခံ လိုက်နာ၍ကျင့်နိုင်ရန် ကျမ်းဂန်မှာတမ်း၊ လက်ဆင့်၍ကမ်းလိုက်သည် နှောင့်ညီဘွား။ အခါတပါးတွင် ဘုရား·မြတ်စွာ၊ စိန္တေယျာသဗ္ဗညုသည်၊ သားရာဟု ရင်သွေးတော်ကို မေးတော်မူသည်ကား"

(ဗုဒ္ဓ) ကိမတ္ထိယော ရာဟုလာ အာဒါသော။ "ရာဟုလာ၊ ကြေးမုံ (မှန်)သည်။ အဘယ်အကျိုးရှိသနည်း"

(ရာဟု) ပြစ္စဝေက္ခဏတ္ထော ဘန္တေ။ "အရှင်ဘုရား။ ကြေးမုံ၊ မှန်သည်။ မတော်သည် တော်သည်၊ မသင့်သည် သင့်သည်၊ မတင့်တယ်သည် တင့်တယ်သည်ကို သိစေခြင်းငှာ ကြည့်ရှုဆင်ခြင်ရာတွင် အကျိုး ရှိပါသည်ဘုရား"

မှန်ဘချပ်ကို အကြောင်းပြု၍ ရာဟုလာနှင့် ဖဘုရား မေးဖြေပြုကြသည်။ စကားကို ကြားပါစ ငါ့ညီ။ ဂါရဝအဥ္စလီ၊ လက်အုပ်ကို တင်ချီလျက် ရာဟုလာက လျှောက်သောအခါ ရာဟုလပိတာ ဖဘုရားမြတ်စွာက—

"ဧဝမေဝ ရာဟုလ ပစ္စဝေက္ခိတွာ— ပစ္စဝေက္ခိတွာ၊ ကာယေနကမ္မံ ကာတဗ္ဗံ။ ရာဟုလ၊ ချစ်သား ရာဟုလာ။ ဧဝမေဝ၊ ဤသို့ မှန်ကြည့်သည့် နည်းတူသာလျှင်။ ပညာယ၊ ပညာစက္ခုဖြင့်။ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။ ကာယေန၊ ကိုယ်ဖြင့်။ ကမ္မံ၊ အမှုကို။ ကာတဗ္ဗံ၊ ပြုအပ်၏။

ကိုယ်နှင့်အလားတူစွာ အလုပ်လုပ်ရာတွင် နှုတ်ဖြင့်လည်း ဆင်ခြင်၍ ဆင်ခြင်၍ လုပ်လေ၊ စိတ်ဖြင့်လည်း ဆင်ခြင်၍ ဆင်ခြင်၍ လုပ်လေဟု မိန့်ခွန်းတော် ချွေစကား၏ ဆိုလိုချက် အနက်အဓိပ္ပာယ်သော်ကား....

"ချစ်သား ရာဟုလာ၊ ကြေးမုံ မှန်သည် ကြည့်ရှု ရမှသာလျှင် အကျိုးရှိသည်။ မကြည့်မရှုရ၊ အလွတ် စားထ းရှိသည်ဖြစ်လျှင် ကြေးမုံသည် အကျိုးမရှိသကဲ့သို့၊ ထို့အတူ ချစ်သား ရာဟုလာ။ အသိအလိမ္မာ၊ ပညာ ဟူသည်လည်း အကျိုးရှိသည်၊ မရှိသည်ကို ကြည့်ရှုဆင်ခြင် မှတ်သားလျှင်၊ အသိအလိမ္မာ ပညာရှိကျိုး ခံရသည်။ အသိအလိမ္မာ ပညာပင် ရှိ၂ါတုံလည်း မကြည့်မရှု၊ မဆင်မခြင်လျှင် အသိအလိမ္မာ ပညာ ရှိကျိုး မခံရပြီ။ အသိအလိမ္မာ ပညာကင်းသောသူနှင့် အတူတူပင် ဖြစ်တော့သည်။

အသိအလိမ္မာပညာဖြင့် ကြည့်ရှုဆင်ခြင်၍ အပြစ်ရှိသည်ဟု သိလျှင်လည်း ကြဉ်ရှောင်ပါမှ ဘေးရန် လွတ်ငြိမ်းမည် ဖြစ်သည်။ အပြစ်ရှိမှန်းကို သိပါလျက် မကြဉ်မရှောင်ခဲ့လျှင် လူမိုက်နှင့် အတူတူပင် ဖြစ်ပြန်ခဲ့သည်။ ပညာဖြင့် ကြည့်ရှု ဆင်ခြင်၍ အကျိုးရှိ၏ဟု သိလျှင်လည်း သိသည် အားလျော်စွာ အားထုတ်ချေမှ ကိုယ်ကျိုးရှိချိပ်မည် ဖြစ်သည်။

ဓမ္မပိယ၊ နှောင့်ညီလှ။ အကျိုးရှိသည့်အရာကို ပညာဖြင့် ကြည့်ရှု၍ အကျိုးရှိ၏ဟု တပ်အပ်မှချ၊ ကောင်း သိပါလျှင် လုံ့လမထုတ်၊ အကျိုးခံရ

အောင် မပြု၊ မကျင့်ပဲနေပြန်ခဲ့သည် ဖြစ်လျှင်လည်း သူမိုက်နှင့်·အတူတူပင် ဖြစ်ပြန်သည်။ ချစ်သား ရာဟုလာ။ ထိုကြောင့် ငါ့သား ရာဟုလာသည် ပညာဖြင့် ဆင်ခြင်နိုင်းယှဉ်၍ အကျိုးမရှိသော အမှုအရာ အကျင့်ဟူသမျှကို ကိုယ်နှုတ်နှလုံး သုံးပါးလုံးဖြင့် ကြဉ်ရှောင်လေ။ ပညာဖြင့် ဆင်ခြင်၍ အကျိုး ရှိ၏ဟု သိသမျှကို ကြပ်ကြပ်မြဲမြဲ၊ အစဉ်ခဲလေတော့ ဤသို့ သားတော် ရာဟုလာအား ဘုရားသခင် ဆုံးမသြဝါဒ ပေးတော်မူသည့် ထုံးနည်းကို ငါ့ညီ ဓမ္မပီယ- နားငဗေ၊ နှစ်သက်လေ၊ စုံမက်လေ၊ မြတ်နိုးလေ၊ အကျိုးရှိလှသည်ဟု မှတ်။

သိလို့ရ·ဖြင့်၊ မေးလျှောက် ချိုမြ၊ နှောင့်ညီလှ။ ။ဓမ္မပီယ ဟူသော အမည်ကို ခံယူသည်နှင့် သင့်လျော်အောင်၊ ညီတော် ဓမ္မကို ချစ်ပါလျှင် ညီတော်ကို ဘုရားသခင် သနားပါတော့မည်။ ရှင်ဓမ္မပီယ ဟူသော အမည်နာမသည်၊ အနွတ္တနာမ- ဖြစ်ပါတော့သည်။ ဓမ္မပီယ- အနွတ္တ အမည်ရှိကုန်သော သူမြတ်အပေါင်းတို့သည် မဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက်ကုန်သကဲ့သို့ ထို့အတူ- ဓမ္မပီယ ညီလှသည်လည်း မဂ်ဖိုလ် နိဗ္ဗာန်သို့ စံပျော်ရလွယ်တော့သည်။ ဤသို့ စိတ်စွဲ၍ ဓမ္မပီယ-ညီလှအမြဲ ခံသင့်လှတော့သည်။ ကြပ်ကြပ်မြဲမြဲ၊ ခဲသာခဲ။ စိတ်မထွေလင့်၊ ကောန်လိုတိုင်း အပြီးသို့ ရောက်လိမ့်မည် ဟူလို။

အထက်ပါ ဆိုအပ်ခဲ့ပြီးသမျှ သိစရာ၊ မှတ်စရာ အဖြာဖြာတို့ဖြင့် စုဝေးဘွဲ့ခဲ့နေသောစာစုကား.... "မနိန္ဒာဘိလင်္ကာရသဒ္ဒမှ ဇေဿမိမဟာ ဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ၊ စတုဂီရိတောင်လေးလုံး ဆရာတော်ဘုရား၏ အာဘောဂ ဆုံးမသြဝါဒဖြစ်၏။ ပြန်ကြားစာ သဘောမျိုးဖြင့် တင်ပြခြင်း အချို့သော အသုံးအနှုန်း ဝေါဟာရ စကားလုံးများကို အများ နားလည်လွယ်အောင် ဖလှယ်ထားခြင်းမှတပါး ဆိုလိုချက် အနက်အဓိပ္ပာယ် အားလုံးသည် ဆရာတော်၏ အာဘော်ချည်းသာ ဖြစ်ပါ၏။ ယထာဘူတနှင့် ပတ်သက်၍ ဆရာတော်၏ အကျယ်တဝင့် ဖွင့်ဆိုချက်များကို အများ နားလည်စေလို၊ သိစေလိုလှသော စေတနာဖြင့်၊ သွားလမ်း၊ လာလမ်း ဖြောင့်အောင်တံတားခင်းပေးခြင်းသာဖြစ်ပါသည်။ဆရာတော်သည် စာပြီး သက္ကရာဇ်ကို နိဂုံး၌ ဤသို့ ကမ္ပည်းကန်၍ ထားခဲ့ပေသည်။

> "ရှင်ဓမ္မပီယ မည်သော ပုဂ္ဂိုလ်ညီက လျှောက်သည်ကို တထောင်ကသာ၊ စာရာကပေါ်၊ ခြောက်ဆယ်ကျော်ပြီး သောနှစ် (၁၁၆၂) သက္ကရာဇ်၌၊ ကညစ်ဖြင့် ပေထက် အက္ခရာတင်၍....

ဟူ၍ ဖြစ်ပါသတည်း။

# အပိုင်း ၂

## အကြည့်မှန်မှ အမှန်ကို မြင်မည်

လူမှာ ဘဝပေးမျက်လုံး၊ သို့မဟုတ် ကံပေးမျက်လုံး၊ (ဝါ) ကံမျက်လုံးဟူ၍ ရှိ၏။ ထိုမျက်လုံးသည် လူ့အတွက် အသုံးခံပစ္စည်းသက်သက်ဖြစ်သောကြောင့် လူသည် ထိုမျက်လုံးကို နေရာအားလျော်စွာ၊ အသုံးချကာချကာဖြင့် ဘဝကို လမ်းကြောင်းပေးလေသည်။

တဖန် လူမှာ အရှိကို အရှိအတိုင်း တွက်သော်– ဘဝပေး ကံမျက်လုံးနှင့်တကွ၊ မျက်လုံး နှစ်မျိုးနှစ်စား ရှိသည်ဟု ဆိုနိုင်၏။ ယင်းသည်ကား

(၁) အတွင်းမျက်လုံး၊

(၂) အပြင်မျက်လုံး၊

ဟူပေ၏။ အတွင်းမျက်လုံးကို "ဉာဏစက္ခု" ဉာဏ်မျက်လုံးဟု ခေါ်သည်။ အပြင်မျက်လုံးကိုကား "မံသစက္ခု" ပကတိ မျက်လုံးဟု ခေါ်လေသည်။

လူသည် မျက်လုံးနှစ်မျိုးစလုံးကို အသုံးချလေ့ရှိ၏။ ယင်းသို့ အသုံးချရာတွင် အတွင်းမျက်လုံး ခေါ်သော "ဉာဏ်မျက်လုံး"ကို အသုံးချသည်ဖြစ်စေ၊ အပြင် မျက်လုံးခေါ်သော မံသစက္ခုကို အသုံးချသည်ဖြစ်စေ၊ အဟုတ်ကို အဟုတ်အတိုင်း ထိထိရောက်ရောက် ကွင်းကနဲ ထိုးဖောက်၍ မြင်လာအောင်၊ အမှန်ကို အမှန်အတိုင်း ထိထိရောက်ရောက် လင်းကနဲ ပွင့်လာ

အောင်၊ အရှိကို အရှိအတိုင်း ထိထိရောက်ရောက် ထင်းကနဲ ထင်လာ အောင် ကြည့်အပ် ရှုအပ်၏။ ကြည့်တတ် ရှုတတ် ရှိရ၏။

အဘယ့်ကြောင့်ဆိုသော် အကြည့်မှန်မှ အမှန်ကိုမြင်မည် ဖြစ်သော ကြောင့်တည်း။ အမြင်မှန်မှ အသိမှန်မည် ဖြစ်သောကြောင့်၊ အသိမှန်မှ လိုအပ်သော ပန်းတိုင်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ကေန်ထုတ်ချောက် ရောက် နိုင်မည် ဖြစ်သောကြောင့်တည်း။ အကြည့်မှားလျှင် အမှားကိုသာ မြင်နေ မည်။ မျက်လုံးကို အသုံးချပုံ မှားမှုကြောင့် အမှားမှား၊ အယွင်းယွင်း၊ ကမှောက်ကမ၊ ဇောက်ထိုးမိုးမျှော် ဖြစ်ကုန်ရသည်မှာလည်း အများ အပြားပင် ရှိချေ၏။

ထိုကိစ္စ၌ အမြင်မှန် အကြည့်မှန် အသိမှန်ကို ရှာလေသူ- လူသားအား ဗုဒ္ဓက.... "ယထာဘူတံ ဉာဏာယ သတ္တာပရိယေသိတဗ္ဗော"ဟု ညွှန်ကြား တော်မူသွား၏။ အဓိပ္ပာယ်ကား....

"ဟုတ်တိုင်းမှန်ရာကို သိခြင်းငှာ
ဆရာကောင်းကို ရှာအပ်၏။" ဟူလို။

လူသည် ပတ်ဝန်းကျင်နှင့် နေရသူဖြစ်၏။ ပတ်ဝန်းကျင်ထဲက သတ္တဝါတဦး၊ သို့မဟုတ် လူထဲကလူ တယောက်ဖြစ်၏။ ထိုလူ၏ပတ်ဝန်း ကျင်ကား လွန်စွာကျယ်လှဘိသည်။ ကျယ်ဝန်းသော ထိုပတ်ဝန်းကျင်ကြီး အတွင်း၌ဝယ် လူသည် တလူလူနှင့် ရှုန်းကန်နေရသူ ဖြစ်လေသည်။ စင်စစ် လူ့ဘဝဆိုသည်မှာ လွန်စွာရခဲသော ဒုလ္လဘ ဘဝမျိုးဖြစ်လေရာ....၊ လူသည် အဖိုးတန်သောဘဝကို ရလာသည့်အခိုက်တွင် မိမိဘဝကို တန်ဖိုး ရှိရှိ၊ အသုံး ကျကျ ချတတ်ဖို့လိုအပ်၏။ ဘဝလှပြင်ပေါ်ဝယ် လူတလုံး သူတလုံး အဖြစ် ပေါ်ပေါ် ထင်ထင် ရပ်တည်နိုင်အောင် လောကီကြောင်း လူမှု ရေးအရ တိုးတက်ကြီးပွားမှုအတွက် ပြုမူဆောင်ရွက်စရာတွေ၊ ဓမ္မကြောင်း အရ အလေးအနက်ပြု၍ လေလာစရာ သိကောင်းစရာတွေ များစွာရှိချေ၏။

## လူ့အတွက် သိစရာနှစ်ချက်

အချုပ်အားဖြင့် ဆိုသော် လူသည် လောက ကြောင်း၌ လည်း ကောင်း၊ ဓမ္မကြောင်း၌လည်းကောင်း သိအပ်စရာ အဖြာဖြာတို့ကို ယထာ ဘူတ ကျကျ သိထားပါမှ လူဖြစ်ရကျိုးနပ်ပေမည်။ ဤ၌မူ ဓမ္မကြောင်းကို သာ ဦးတည်နိုင်ပါမည်။

အဘိဓမ္မာအလိုအားဖြင့် လူ့အဖို့ သိစရာ နှစ်မျိုးသာရှိ၏။ ထိုနှစ်မျိုးကို ခွဲခွဲခြားခြားသိထားသူအား 'လူတော်'ဟုဆိုသည်။ ထိုနှစ်မျိုးကား-

(၁) အဟုတ်ရှိ သဘောတရား (ပရမတ်) နှင့်

(၂) အဟုတ်မရှိ သဘောတရား (ပညတ်)

ဤနှစ်မျိုးတည်း။

ယင်းနှစ်မျိုးအနက် အဟုတ်ရှိသောတရားကို ပရမတ် ဟု ဆိုသည်။ အဟုတ်မရှိသောတရားကို ပညတ် ဟုဆိုသည်။ လူသည် ပရမတ်ကို ပရမတ်မှန်းသိရမည်။ ပညတ်ကို ပညတ်မှန်းသိရမည်။ ပရမတ်နှင့် ပညတ်ကို ခွဲခွဲခြားခြား နားလည်ရမည်ဟု ဆိုလိုသည်။

(အဟုတ်ရှိ၊ အမှန်ရှိ၊ တကယ်ရှိ) ပရမတ်နှင့် (အဟုတ်မရှိ၊ အမှန်မရှိ၊ တကယ်မရှိသော) ပညတ်သည် နပန်းသတ်သကဲ့သို့ လုံးထွေးနေ၏။ သို့လုံးထွေးရာက အဟုတ်ရှိကို၊ အဟုတ်မရှိက အနိုင်ယူလိုက်သောကြောင့် (ဝါ) ပရမတ်ကို ပညတ်က အလဲထိုးလိုက်သောကြောင့် အဟုတ်ရှိသည် အဟုတ်မရှိအောက်တွင် မြုပ်သွား၏။ (ဝါ)ပရမတ်သည် ပညတ်၏ အရိပ်အောက်တွင် ပျောက်ရလေ၏။ ဤအချက်ကို လူအားလုံးက ဝိုင်းအုံ၍ အကြွင်းမဲ့လက်ခံကြသဖြင့် အရှိသဘောသည် မရှိသဘောကို မလွန်ဆန်သာ အောင်ဖြစ်ရလေ၏။ ကြီးထွားအားကောင်းလှသော ပညတ်၏ အရှိန်အဝါ အောက်တွင် ပရမတ်ခမျာမှာ ဒလိမ့်ခေါက်ကွေးကျကာ ပညတ်ကို ဒူးထောက်ရရှာလေ၏။

ထို့ကြောင့် အရာရာတွင် ပညတ်သာလျှင် ပေါ်ထင်၍ ပညတ်သာလျှင် တွင်ကျယ်လေ၏။ ဤသို့ဖြစ်ရသည်မှာ အဘယ်ကြောင့်ပါနည်း။ (ဝါ) ပညတ်လောင်းရိပ်အောက်၌ ပရမတ်ရွက်ညွန့်များ ညှိုးခြောက်သွားရရှာသည်မှာ အဘယ်ကြောင့်ပါနည်း။

## အရှိသဘောကို မရှိသဘောက အနိုင်ယူပုံ သာဓကများ

(မရှိသဘော) ပညတ် လောင်းရိပ် အောက်တွင် (အရှိသဘော) ပရမတ်ရွက်ညွန့်များ ညှိုးခြောက်သွားရသည်မှာ လူကြောင့်ဖြစ်လေသည်။ လူ၏ နှုတ်ထွက်စကား၊ သမုတ်ချက်များကြောင့် ဖြစ်လေသည်။ ထိုသဘောကို ပေါ်အောင် ဤဥပမာသာဓကများဖြင့် ဖော်ကြည့်နိုင်၏။

လောက၌ အမျိုးမျိုးသော အဆောက်အအုံတို့ကို အုတ်၊ ကျောက်၊ သစ်၊ ဝါးစသည်တို့ဖြင့် တခမ်းတနား တည်ဆောက်ကြကုန်၏။ ပြီးသောအခါ အဆောက်အအုံတို့၌ ပုံသဏ္ဌာန်အမျိုးမျိုးပေါ်လာကုန်၏။ ပေါ်လာကုန်သော ထိုထိုပုံသဏ္ဌာန်များကို အစွဲပြု၍ လူတို့နှတ်က သမုတ်လေသည်ကား အချို့ကို အိမ်၊ အချို့ကို တိုက်၊ အချို့ကို ကျောင်း၊ အချို့ကို ရုံး၊ အချို့ကို ဆေးရုံဟူ၍ ခေါ်တွင်ကုန်၏။

သို့ရာသော် ထိုထိုအိမ်ဟူသော အမည်ကား မရမတ် စင်စစ်သစ်၏ အမည်မဟုတ်၊ အုတ်တိုက်၊ ရုံး၊ ဆေးရုံဟူသော အမည်တို့လည်း အုတ်၏ အမည်များမဟုတ်၊ တည်ဆောက်ထားသော ပုံသဏ္ဌာန်မျှကို အစွဲပြု၍ ဤကား အိမ်၊ ဤကားတိုက်၊ ဤကားရုံး၊ ဤကားဆေးရုံဟူ၍ နောက်မှ ဖြစ်ပေါ်လာသော အမည်များသာ ဖြစ်ကုန်၏။

အုတ်၊ ကျောက်၊ သစ်၊ ဝါးစသည်တို့သည် မူလဇာတိရင်း ပရမတ် (အရှိသဘော) ကို မည်သည့်အခါမျှ မစွန့်ကုန်။ ပြောင်းလဲခြင်း၊ ဖောက်ပြန်ခြင်း မရှိကုန်။ သစ်ပင်၌ ရှိနေစဉ်အခါကလည်း သစ်သားသည် သစ်သားတည်း။ အိမ်ဖြစ်လာသောအခါ၌လည်း သစ်သားသည် သစ်သားသာတည်း။ တစုံတရာ ပြောင်းလဲ ဖောက်ပြန်ခြင်းမရှိ။

ပုံသဏ္ဌာန်ကို မှီတွယ်၍ဖြစ်လာသော ပညတ်မျိုးတို့ကား ခဏမျိုး၊ ခဏမျိုး၊ တာရိုးကြီးကျိုးသည့်နှယ် အမျိုးမျိုးပြောင်းလဲကုန်လေ၏။ အိမ်ကိုဖျက်၍ ကျောင်းဆောက်သော် အိမ်ဟူသောအမည်ပျောက်ကာ ကျောင်းအမည်သို့ ရောက်လာ၏။ တဖန် ကျောင်းဖျက်၍ ဇရပ်၊ တန်ဆောင်းဆောက်ပြန်လျှင်လည်း ကျောင်းအမည် ပျောက်ကာ ဇရပ်အမည်၊ တန်ဆောင်းအမည် ရောက်လာ၏။

မူလအရှိ ဇာတိရင်း (ပရမတ်) သစ်သားအဖြစ်မှ အိမ်ဟူသော အမည်၊ ကျောင်း ဟူသောအမည်၊ တန်ဆောင်း ဟူသောအမည်များသို့ အဆင့်ဆင့်ပြောင်းလိုက်၊ ရွှေ့လိုက်၊ ဂနာမငြိမ်၊ ဣန္ဒြေမရဖြစ်ရသည်မှာ လူတို့၏ ပါးစပ် (ပညတ်) ကြောင့်မှတပါး၊ အခြားပြုလုပ်သူ တရားခံမရှိ၊ လူတို့၏ သမုတ်ချက်၊ ပညတ်လောင်းရိပ်အောက်တွင် ပရမတ်အစစ်၊ ဓာတ်အနှစ်ရွက်ညွန့်များ ညှိုးခြောက်ကုန်ရခြင်းဖြစ်သတည်း။

## မြေသည်အိုးလား အိုးသည်မြေလား

ထိုမှတပါး မြေအိုးဥပမာကို ထောက်လျှင်လည်း ပညတ်အောက်တွင် ပရမတ် ပျောက်ရပုံမှာ ထင်ရှား၏။

မြေအိုးဟူသော စကား၌ မြေသည် အိုး၏ အနှစ်အသားဖြစ်၏။ အိုး၏ အနှစ်အသားဆိုရာ၌ အိုးဟူသော စကားသည် ပုံပန်းသဏ္ဍာန်ကို ခေါ်သော "သဏ္ဍာန်ပညတ်"၏ အမည်တည်း။ မြေ၏ အမည်မဟုတ်။ ထိုသဏ္ဍာန် ပညတ်သည်လည်း ပရမတ္ထတရားကဲ့သို့ ခေတ်နှစ်ခေတ်သား ရှိသည်မဟုတ်။ မြေသည်သာ ပရမတ် အစစ်ဖြစ်၍ ခေတ်နှစ်ခေတ်သား ရှိ၏။

လောက၌ အိုးဟူ၍ ရှိသလောဟု မေးခဲ့သော်....ပရမတ်နှင့် ပညတ် ခြားနားမှုကို မသိသောသူတို့က အိုးဟူ၍ ရှိ၏ဟု ဖြေကြကုန်လတ္တံ့။ အိုးဟူ၍ ရှိခဲ့သော် ထိုအိုးကို ပြစမ်းပါဟု မေးရာ၏။ ထိုအခါ အနီး၌ရှိသော အိုးကိုလက်ညှိုးထိုး၍ "ဤသည်ကား အိုး မဟုတ်သလော"ဟု ပြကြကုန် လတ္တံ့။

ထိုသို့ပြခြင်းသည် အိုးမဟုတ်သော မြေကို "အိုး" ဟု စွပ်စွဲခြင်း ဖြစ်၏။ အစွပ်စွဲမှား၏။ မှားပုံကား....

မြေဟူသည် ပရမတ်မျိုးဖြစ်၍ အနှစ်အသားရှိ၏။
အိုးဟူသည်ကား ပညတ်မျိုး ဖြစ်၍ အနှစ်အသားမရှိ။
ကောင်းကင်ကဲ့သို့ အချီးနှီးသာတည်း။

မြေကို အိုးဟူ၍ စွပ်စွဲခြင်းသည် မြေကို အိုး၏အတ္တ ပြုခြင်းဖြစ်၏။ အနှစ်အသားရှိသော မြေကို အနှစ်အသား မရှိသော အိုး၏ အထယ်ခံ၊ အမာခံ အနှစ်အသားပြုခြင်း ဖြစ်၏။ ထိုအခါ မရှိသော အိုးသည် ရှိသော အိုး ဖြစ်လေ၏။ မြေသည် အိုး၏ အတ္တ-ဖြစ်လေ၏။ အတ္တ-ဖြစ်ခဲ့သော် မြေသည်ပင်လျှင်အိုး အိုးသည်ပင်လျှင် မြေဟူ၍ မြေနှင့်အိုး, တခုတည်း ဖြစ်လေ၏။

ခန္ဓာငါးပါး ရုပ်နာမ်တရားသည် မြေနှင့်တူ၏။ ပုဂ္ဂိုလ် သတ္တဝါ၊ လူ၊ တိရစ္ဆာန်၊ မိန်းမယောကျ်ားသည် အိုးနှင့်တူ၏။ မြေကို အိုးဟု ဆိုခဲ့လျှင် မြေသည် အိုး၏ အတ္တ ဖြစ်လေသကဲ့သို့ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့ကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ မိန်းမ၊ ယောကျ်ားဟု ဆိုခဲ့လျှင် ရုပ်နာမ် တရားသည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ မိန်းမ၊ ယောကျ်ား၏ အတ္တ ဖြစ်ရ လေ၏။

မြေအိုးဟူသော စကား၌ မြေကားတခြား၊ အိုးကားတခြား။ မြေသည် (တကယ်ရှိ၊ အဟုတ်ရှိ၊ အမှန်ရှိသော) ပရမတ္ထမျိုးတည်း။ အိုး

သဏ္ဍာန်သည်(တကယ်မရှိ၊ အဟုတ်မရှိ၊ အမှန်မရှိသော) ပညတ်မျိုးတည်း။ ထို့ကြောင့် မြေသည် အိုးမဟုတ်။ အိုးသည် မြေမဟုတ်။ ဤကား အဘိဓမ္မာစစ်စစ် ဓာတ်အနှစ် ဖြစ်၏။

လောကကြောင်းအားဖြင့်ကြည့်သော် ပညတ်ကိုလည်း လက်လွှတ်၍ မဖြစ်ချေ။ ပညတ်သည် လူသားများအချင်းချင်း ဆက်ဆံဆိုပြောရေး အတွက် ဆက်ပေးသော ပေါင်းကူးတံတားနှင့် အလားတူ၏။ လူတို့ ဆိုပြောနေကြသော သင်္ကေတ စကားသည် အမှန်ဟု အဋ္ဌကထာတို့၌ ဆိုကုန်၏။

ထို့ကြောင့် ပညတ်နှင့် ပရမတ်ကို (ဝါ) အဟုတ်ရှိတရားနှင့် အဟုတ်မရှိတရားကို ခွဲခွဲခြားခြား သိမှုသည်သာ ပဓာနဟု ဟုတ်ရာ၏။ ပညတ်ကို မှားသည်ဟု မဆိုအပ်။

> သင်္ကေတဝစနံသစ္စံ၊ လူတို့ သင်္ကေတပြု၍ ပြောဆိုနေသောစကားသည်အမှန်။ အဘယ့်ကြောင့် မှန်သနည်း။ လောက သမ္မုတိကာရဏာ လူအပေါင်းက သောင်းသောင်းဖြဖြ ဝိုင်းအုံ၍ သမုတ်ထားခြင်းကြောင့် မှန်၏။
>
> ပရမတ္ထဝစနံသစ္စံ၊ ပရမတ်စကားသည်လည်းအမှန်။ အဘယ့်ကြောင့် မှန်သနည်း။ ဓမ္မာနံတထ လက္ခဏာ၊ အဟုတ်ရှိ၊ တကယ်ရှိသော ပရမတ္ထတရားတို့၏ ဖောက်ပြန်ခြင်းမရှိ၊ တိကျသောကြောင့် မှန်၏။

တကမ္ဘာလုံးနှင့်ချီ၍ ထုထည် ကြီးမားလှစွာသော ပညတ်အောက်တွင် ပရမတ်ပျောက်ရသည် ဆိုသော်လည်း လုံးဝ ဆိတ်သုဉ်းသွားခြင်းမျိုး ကားမဟုတ်။ မီးခဲပြာဖုံး သဘောမျိုးသာတည်း။ ပြာက ဖုံးနေသော ကြောင့်သာ အတွင်းက ရဲနေသော မီးခဲကို မမြင်ရခြင်းနှင့်တူ၏။

စင်စစ်ဆိုသော် ပညတ်သည် အဘယ်မျှ ကြီးထွားအားကောင်းသည် ဆိုစေကာမူလည်း သူ့အလိုအလျောက် ပေါ်ပေါက်နိုင်စွမ်း ရှိသည် မဟုတ်၊ ပရမတ်ကြောင့်သာ ပညတ်ဖြစ်လာသည်။ ပရမတ်မရှိလျှင် ပညတ် လည်းရှိလေတော့မည်မဟုတ်။

ပရမတ်နှင့် ပညတ်ကား အချင်းချင်း မကင်းနိုင်၊ မီးတောက်ကို စွဲ၍ မီးရောင်ဖြစ်သကဲ့သို့ ပရမတ်ကို စွဲမှီ၍ ပညတ်သည် ဖြစ်လာ၏။

မီးသည် တဟုန်းဟုန်း တောက်လျက်ရှိနေ၏။ သို့သော်လည်း အင်အားကြီးမားသော မီးခိုးလုံးကြီးများက ဖုံးလိုက်သောအခါ ထိုမီးခိုးလုံးကြီးအောက်တွင် မီးတောက်မှာ ပျောက်လေ၏။

ထို့အတူလျှင်-ပညတ်မီးခိုးလုံးကြီးက ဖုံးထားသောကြောင့် ပရမတ်မီးတောက်မှာ အရောင်မတောက်သာပဲ မှေးမှိန်နေ၏။ ထို့ကြောင့်ပရမတ်စစ်စစ်ကို အနှစ်ကျကျ အသိရခက်၏။ ပညတ်အခိုးအရှိန်ကြောင့် ညှိုးမှိန်နေ၏။

(တကယ်ရှိ၊ အဟုတ်ရှိသော) ပရမတ်စစ်စစ်ကို အနှစ်ပြည့်ပြည့် အသားကျကျလိုက်၍ ထင်းကနဲ၊ လင်းကနဲ၊ ဝင်းကနဲ ထင်မြင်အောင် မကြည့်နိုင်လျှင် တရားအာဘိဉ် ပိုင်နိုင်ကိုးရောက်ရန် ခဲယဉ်းပေမည်။

## ပရမတ်ကို မမြင်အောင် ဆီးတားကွယ်ကာထားသော တံတိုင်းလေးထပ်

(အဟုတ်ရှိ၊တကယ်ရှိသဘော) ပရမတ်သည် အနှစ်သာရနှင့်တူ၏။ (အဟုတ်မရှိ၊ တကယ်မရှိသဘော) ပညတ်ကား အပေါယံ အခွံ့အကာနှင့်တူ၏။ အဘွင်း၌ရှိသော အနှစ်ကို အပေါက အခွံ့အကာဖြင့် ဖုံးထားသဖြင့် အနှစ်ကို လုံးလုံးမမြင်ရချေ။

အတွင်းသားခေတ်နှစ်၊ ပရမတ်အစစ်ကို မမြင်ရအောင် ဖုံးကွယ်ထားသော ပညတ်မဟာရံ တံတိုင်းကြီး လေးထပ်ရှိ၏။ ယင်းတို့ကား....

(၁) သမူဟ ဃန ပညတ်တံတိုင်းကြီးတထပ်၊
(၂) သန္တတိဃန ပညတ်တံတိုင်းကြီးတထပ်၊
(၃) သဏ္ဌာန ဃန ပညတ် တံတိုင်းကြီးတထပ်၊
(၄) သုဘာဃန ပညတ် တံတိုင်းကြီးတထပ်၊

ဤသို့အားဖြင့် တံတိုင်းလေးထပ် ဖြစ်၏။

ယင်းလေးမျိုးတို့အနက်....

၁။ သမူဟဃန ပညတ် ဆိုသည်ကား။ ။အများကို စုပေါင်းထားသော်လည်း တခဲနက် တလုံးတည်း၊ တစုတည်း၊ တခုတည်းထင်ရသော သဘောကို ဆိုသည်။

ဥပမာ— သစ်လုံးအမျိုးမျိုး၊ ပျဉ်ချပ်အမျိုးမျိုး၊ သံအမျိုးမျိုး၊ သွပ်အမျိုးမျိုးတို့ကို စုပေါင်းလျက် အဆောက်အအုံ တည်ဆောက်ကြ၏။

မိုးထိလုခမန်း ထိုးလိုထောင်လောင်နှင့် ပျဉ်ထောင် အဆောက်အအုံကြီး တွေ ဖြစ်လာ၏။ ထိုအခါ လူတို့က ယင်းအဆောက်အအုံကြီးကို အိမ်ဟူ၍ လည်းကောင်း၊ ကျောင်းဟူ၍ လည်းကောင်း၊ တန်ဆောင်းဟူ၍လည်း ကောင်း သမုတ်၍ အမည်သညာ ပြုလိုက်ကြသောအခါ လူတို့ပညတ်ချက် အတိုင်း အိမ်၊ ကျောင်း၊ တန်ဆောင်းဟူ၍ ဖြစ်လာရကုန်၏။

သစ်သား၊ သံ၊ သွပ်၊ အမျိုးအပြားတို့ဖြင့် စုပေါင်းတည်ဆောက် ခြင်းဖြစ်သော်လည်း လူတို့သည် ပျဉ်ပြားများကို မမြင်တော့ကုန်။ သွပ်၊ သံတို့ကို မမြင်တော့ကုန်။ တလုံးတစည်း တခုတည်းဖြစ်နေသော ပုံသဏ္ဍာန် အိမ်၊ ကျောင်း၊ တန်ဆောင်းများကိုသာ မြင်ကုန်၏။ ထိုအခါ လူတို့ခေါ် ဝေါ်သမုတ်ထားသော အိမ်၊ ကျောင်း၊ တန်ဆောင်းဟူသော ပညတ် အောက်တွင် ပရမတ် အစစ်ဖြစ်သည့် (ကေန်ထင်ရှားရှိနေသည့်) ပျဉ်ပြား၊ သွပ်၊ သံတို့ ပျောက်ကုန်ရလေ၏။ ဤအဖြစ်သနစ်မျိုးကို သမူဟဃနပညတ် ဟုဆိုသတည်း။ ပညတ်ဖြင့် စည်းဝိုင်းကာ မဟာရံတံတိုင်းကြီး ခတ်ထား လိုက်သောကြောင့် အတွင်းမှာ တကယ်ရှိနေသော ပရမတ်အစစ်တို့ကို မမြင်ရ ဖြစ်သတည်း။

လှေ၊ လှည်း၊ မော်တော်ကား၊ မီးရထား၊ လေယာဉ်ပျံ စသည်တို့ သည်လည်း ဤနည်းနှင်နှင် ဖြစ်ကုန်၏။ သစ်သား ကိရိယာ တန်ဆာပလာ၊ သံကိရိယာ တန်ဆာပလာ အမျိုးအပြားကို စုပေါင်းလျက် ပြုလုပ်ထား ခြင်းဖြစ်သော်လည်း လူတို့သည် ယင်း စုပေါင်းပစ္စည်းများကို မမြင်တော့ ကုန်။ သတိမထားတော့ကုန်။ ပြုလုပ်ချက်အရ ထွက်ရှိလာသော ပုံသဏ္ဍာန် ကိုသာ စွဲမှီ၍ သည်ဟာလှေ, သည်ဟာလှည်း, စသည်ဖြင့် ခေါ်တွင် ကုန်၏။ ခေါ်တွင်မှု ပညတ်အောက်တွင် အမှန်ရှိသော ပရမတ်ပစ္စည်းများ ပျောက်ကုန်လေ၏။ ဤသည်လည်း သမူဟဃန ပညတ်၏ လက်ချက် ပင်တည်း။

ထို့မှတပါး ချည်ဖြင့် ယက်လုပ်ထားသော အထည် ပစ္စည်းများကို ကြည့်လျှင်လည်း အချို့ကို ပုဆိုး၊ အချို့ကို ထဘီ၊ အချို့ကို အင်္ကျီ၊ အချို့ကို လက်သုတ်ပဝါ၊ အချို့ကို အိပ်ရာခင်း စသည်ဖြင့် အမြင်ပုံသဏ္ဍာန်ကိုစွဲ၍ ခေါ်တွင် ပညတ်ကုန်၏။ အမှန်ရှိ၊ အဟုတ်ရှိဖြစ်သော ချည်မျှင်၊ ချည် ချောင်း၊ အပေါင်း ပရမတ်သည် ပုဆိုး၊ အင်္ကျီ၊ ထဘီစသော ပညတ်အောက် တွင် ပျောက်လေ၏။ ပညတ် တံတိုင်းကြီးဖြင့် ဝိုင်း၍ ကာရံထားသော ကြောင့် အတွင်းသား ပရမတ် ပစ္စည်းအစစ်များကို မမြင်တော့ကုန်။ ဤသို့ အားဖြင့် တခဲနက် စုစည်းတွေ ခဲနေသော ပုဆိုး၊ အင်္ကျီစသော "သမူဟ ဃန ပညတ်" အောက်တွင် ပရမတ်သည် ပျောက်ရပြန်လေ၏။ တရားရှာသူ

အဖို့ ထိုပညတ်ကို ကွာခဲအောင် မခွာနိုင်လျှင် အဘယ်မှာ ထိရောက်နိုင်ပါ မည်နည်း။

၂။ သန္တတိဃန ပညတ် ဆိုသည်ကား အခြားမထင်လေပဲ (ကြား ကာလမရှိလေပဲ) တခဲနက် တဆက်တည်း တစပ်တည်း ဖြစ်တည်နေသည်ဟု ထင်ရသော သဘောမျိုးကို ဆိုသည်။

ဥပမာ....အဘိဓမ္မာအလိုအားဖြင့် ယနေ့ငါသည်ယနေ့ ငါသာဖြစ်၏။ မနေ့ကငါမဟုတ်ချေ။ သို့သော် လူတို့ကား လူစ၍ဖြစ်လာသည့်အချိန်မှစ၍ ယနေ့အထိသော သက်တမ်း တလျှောက်လုံးကို ခြား၍ခြား၍ ကွက်၍ကွက်၍ မမြင်ကုန်။ တဆက်တည်း တစပ်တည်းဟု မြင်ကုန်၏။ ထို့ကြောင့်လည်း မွေးစက ငါသည်လည်း ငါ။ မနှစ်က ငါသည်လည်း ငါ။ မနေ့က ငါ သည်လည်း ငါ။ ယနေ့ ငါသည်လည်း ငါဟု တဆက်တည်း တစပ်တည်း ငါဟု စွဲမှတ်ကုန်၏။

ဗုဒ္ဓသမိုင်းကြောင်းကို ကြည့်လျှင်လည်း သုမေဓာ ရသေ့၏ ဘဝမှ သည် နောက်ဆုံး ဘုရားအဖြစ်သို့ ရောက်ရှိလာသည့် ဘဝအတွင်း ကြား ကာလများတွင် လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ တိရစ္ဆာန်ဖြစ်လိုက်နှင့် ဘဝ ပေါင်းများစွာဖြင့် သံသရာတခွင် ကျင်လည်ခဲ့ရသော်လည်း တဆက်တည်း ဟု ထင်ကုန်၏။ သုမေဓာသည်သည်း သည်ဘုရားပင်။ မဟောသဓာသည် လည်း သည်ဘုရားပင်။ ဘူရိဒတ်သည်လည်း သည်ဘုရားပင်ဟု မြင်ကုန်၏။ ကြီး ထွား အားကောင်းလှသော ထို သန္တတိဃန ပညတ် ၏ အောက်တွင် ဘဝများစွာ၌ တကယ်ကျင်လည်ခဲ့၊ အဟုတ်ဖြစ်ခဲ့ဖူးသော ဗုဒ္ဓ၏ ပရမတ် ဘဝ များစွာတို့ ပျောက်ကုန်လေ၏။ သန္တတိဃနပညတ်တံတိုင်းကြီးက ဆီးတားထားမှုကြောင့် အတွင်းသား ပရမတ် ဘဝများစွာတို့ကို မမြင် တော့ကုန်။ ဤသို့ ပညတ်တွယ်နေသေးသမျှ နိဗ္ဗာန်တရားနှင့် ဝေးနေရ ပေဦးသာတည်း။

၃။ သဏ္ဌာနဃန ပညတ် ဆိုသည်ကား.... အဝိုင်း၊ လေးထောင့်၊ သုံးထောင့်၊ အနိမ့်၊ အမြင့်၊ အပိန်၊ အဖောင်း၊ အပြား၊ အလုံး စသော ပုံပန်းသဏ္ဌာန်များကို ဆိုသည်။

ဥပမာ.... ဘောလုံးသည် အဝန်းအဝိုင်းဖြစ်၏။ ဝန်း ဝိုင်းနေ၏၊ လုံး၏။ ဤပုံသဏ္ဌာန်မျှကိုစွဲ၍ လူတို့က ဘောလုံးဟု သမုတ်ခေါ်ဝေါ်ခြင်း ပြုကုန်၏။ စင်စစ်အားဖြင့်ကား သားရေပြားသာတည်း။ သားရေပြားကို ဝိုင်းဝန်းအောင် ချုပ်လုပ်ထားအပ်သော ခွေးသာတည်း။

သို့သော် အဝန်း၊ အဝိုင်း၊ အလုံးတည်းဟူသော ပုံပန်းသဏ္ဌာန် သဏ္ဌာနသန ပညတ် အောက်တွင် တကယ့် အစစ်မှန် ပရမတ်ဖြစ်သော သား ရေပြားသည် ပျောက်ရလေ၏။ သဏ္ဌာနသန ပညတ်က ဖုံးကွယ်ထားသော ကြောင့် လူတို့သည် ပရမတ်သားရေပြားကို မမြင်တော့ကုန်။

ထို့ပြင် လူဘယောက်ကို ပေတိုင်းရာ ငါးပေနှင့် ခြောက်လက်မ ရှိ၏။ ထို သူကို အရပ် အမောင်း ငါးပေ ခြောက်လက်မ မြင့်သူ ဟု သမုတ်ကုန်၏။ တကယ် ရှိလသည်ကား ထိုသူ၌ ဓာတ် လေးပါး အစု အဝေး၊ အသွေး၊ အသား၊ အကြော၊ အရိုး စသော ၃၂-ကောဋ္ဌာသ အစုအဝေးသာဖြစ်၏။

သို့သော်-ငါးပေ ခြောက်လက်မ တည်းဟူသော ပုံပန်းသဏ္ဌာန်၊ သဏ္ဌာနသန ပညတ်အောက်တွင် တကယ်ရှိနေသော ဓာတ်လေးပါး အစု အဝေး သည် ပျောက်ရလေ၏။ သဏ္ဌာနသန ပညတ်က ဖုံးကွယ်ထား သောကြောင့် ပရမတ် အစစ်ကို လူတို့ မမြင်တော့ကုန်။ သဏ္ဌာနပညတ် မဟာရံ တံတိုင်းကြီးပေါ် ကျော်၍ အတွင်းက ပရမတ်ကို မြင်အောင် မကြည့်ကြတော့ကုန်။ ပိန်၊ ဖောင်း၊ လေးထောင့်၊ သုံးထောင့် စသည်တို့၌ လည်း ဤနည်းအတိုင်းပင်တည်း။ လေးထောင့်၊ သုံးထောင့်၊ ပိန်၊ ဖောင်း တည်းဟူသော ပညတ် တံတိုင်းကြီးကို ထိုးဖောက်၍ အတွင်း ပရမတ် ဆိုက်ရောက်သည်အထိ မကြည့်တော့ကုန်။ ထိုအခါ ပညတ်သည် လူမှ အဘယ်မှာလျှင် ကွာနိုင်တော့မည်နည်း။ ပညတ်ကို ကွာအောင် မခွာနိုင်သမျှ အမြိုက်ဓမ္မကို ရ ပည်မှန်သော်လည်း ပင်ပန်းရုံသာ ရှိလေအံ့။

၄။ သုဘာသနပညတ် ဆိုသည်ကား....။ ။ မျက်စိဖြင့် ကြည့်၍ လှပတင့်တယ်သော သဘောကို ဆိုသည်။

လောက၌ နှစ်သက်စရာ၊ မြတ်နိုးစရာ၊ မက်မောစရာ၊ အာရုံတို့သည် အဖုံဖုံ ရှိကုန်၏၊ ထိုထိုအာရုံတို့သည် သုဘာသန, တစုတခဲတည်း တွေခဲနေ သော တင့်တယ်အာရုံများ ဖြစ်ကုန်လေရာထိုထိုနှစ်သက်ဖွယ် အာရုံများက ဖမ်းစားထားလေသောအခါ လူသည် ပင့်ကူအိမ်၌ မိနေသော ယင်ကောင် အလား ခွာမရအောင် တွယ်တာကပ်ငြိလေ၏။ ပညတ်လေးမျိုးတွင် ဤသုဘ ပညတ်သည် အဆိုးဆုံး၊ လူကို မလှုပ်နိုင်အောင် အတုပ်နိုင်စွမ်း အရှိဆုံး၊ အားအကောင်းဆုံး ဖြစ်ကောင်း ဖြစ်ပေမည်။သုတို့သဘောကား သုဘအာရုံများနှင့် တွေ့သော် ပွတ်မွေ့၊ ပဒတ်မွေ့၊ မွေ့ကုန်လေ၏။

ဥပမာ....အသေးအဖွဲ၊ လက်ကိုင် ပဝါကလေးက အစ လူကို အရူး အမူး ဖြစ်အောင် ဖမ်းစားလိုက်၏။ သည် လက်ကိုင် ပဝါကလေးဟာ အရောင်လည်းလှ၊ အသားလည်းကောင်း၊ တယ်ချစ်စရာ ကောင်းပါကလား

ဟူသော မြဘ်နိုးစိတ်၊ လိုချင်မက်မောစိတ် ဖြစ်ရသည်မှာ သုဘသညပညတ်ကြောင့် ဖြစ်၏။ ကောင်းတာကလေးကိုမှ စားချင်၊ ကောင်းတာကလေးကိုမှ ဝတ်ချင်၊ ကောင်းတာကလေးကိုမှ လိုချင်သော ဆန္ဒကို လူ့ဦးနှောက်ထဲသို့ မဝင်လျှင် ဝင်အောင် သပ်ရိုက်၍ သွင်းလိုက်သော တရားခံမှာ သုဘသည ပညတ်ပင် တည်း။

ယောကျ်ားက မိန်းကလေး ချောချောကို မြင်ရာ၌ လည်းကောင်း၊ မိန်းမက ယောကျ်ားကလေး လှလှကို မြင်ရာ၌လည်းကောင်း၊ သုဘသည ပညတ်၏ထိုးနှက်ချက်မှာ အဘယ်မျှ ထက်မြက်လေမည်ကိုရိပ်စား မိနိုင်ပေသည်။ လှပတင့်တယ် ရှုချင်စဖွယ်တည်းဟူသောသုဘသညပညတ်က ဖုံးကွယ်ထားလေသောကြောင့် လူဆိုသည်မှာ အရိုးစုအကြောစုပါကလား ဟူသော ပရမတ် အစစ်ကို မမြင်တော့ချေ။ သုဘပညတ်အောက်တွင် ပရမတ်သည် ပျောက်ရလေ၏။

အချုပ် အားဖြင့်ကား ဆိုခဲ့ပြီးသော ပညတ် မဟာရံတံတိုင်းကြီး လေးထပ်တို့ဖြင့် ဆီးတားကွယ်ကာထားသောကြောင့် လူတို့သည် အတွင်း၌ တကယ်ရှိ အဟုတ်ရှိနေသောပရမတ်အစစ်ကို မမြင်တော့ကုန်။ ဤပညတ်ကြီး လေးရပ်က တံတိုင်းခတ် ဆီးခံ ထားလေသည့် အတွက် ပရမတ်ကို အသိခက်၏။ ဤပညတ်များကို ကိုယ်မှ ကွာအောင် ခွာနိုင် တွန်းလှန်နိုင်ပါမှ အတွင်းက ပရမတ် ပေါ်လာမည်။ ပရမတ် ဓာတ်သားများ ကွင်းကနဲ၊ လင်းကနဲ အထင်းသား ပေါ်လေမှ မဂ်ပေါက် ဖိုလ်ပေါက် နိဗ္ဗာန်သို့ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်နိုင်မည်ဖြစ်၏။

## ပညတ်ကိုခွာ၊ ပရမတ်ကိုရှာ

ပညတ်ကား လောကီဘုံသားတို့၏ အကြိုက်။ လောကီဘုံသားတို့ အတွက်။ ပရမတ်သည်ကား လောကုတ္တရာ ဘုံသားတို့၏ အာရုံ၊ ထိုဘုံသားတို့ အတွက် သက်သက်ဖြစ်၏။ ပညတ်ကား လောကီဘက်ကို အားပေးသည်။ လောကီ၏ ဘက်တော်သား အစစ်ဖြစ်သည်။ ပရမတ်ကား လောကီဘက်ကို ပျက်အောင် ဖျက်သည်။ လောကုတ္တရာဘက်ကို သာသာထိုးထိုး အလေး တင်းလျက် မြင့်တက်စေသည်။ လောကီကို ဖျက်နိုင်မှ လောကုတ္တရာသို့ တက်နိုင်မည်ဖြစ်သတည်း။

အချုပ်အားဖြင့် လူသည် အတိဒုလ္လဘ၊ အလွန့် အလွန်ရခဲလှစွာသော လူ့ အဖြစ်၊ လူ့ဘဝကို ရရှိထားသဖြင့်အလွန် ကံကောင်းသူ၊ ပါရမီထူ ခြားသူ ဖြစ်လေသည်။

သို့သော်....ထိုလူ၏ပတ်ဝန်းကျင်၌ကား ပညတ်သည်တင်းကျမ်းပြည့် ရှိနေ၏။ ထို့ကြောင့် ထိုလူသားသည် ပညတ်များကြားတွင် ခေါင်းမဖော် နိုင်အောင် မြုပ်နေရရှာ၏။ သွားပညတ်၊ စားပညတ်၊ နေပညတ်၊ ထိုင်ပညတ်၊ ပြောပညတ်၊ ဆိုပညတ် စသော ထိုထို ပညတ်တို့သည်လူသားအား တော်တော် လည်း ဝိုင်းရံလျက်ရှိကုန်၏။

ထိုလူသားတို့အသို့ သတ္တိရှိဖို့၊ လူစွမ်းကောင်း ဖြစ်ဖို့လို၏။ ရရှိ ထားသော အဖိုးတန် မိမိ၏ ဘဝကိုပညတ်အောက်တွင် အပျောက်မခံလေပဲ (ဝ၊) ပညတ်ဝဲဇလုတ်ထဲ၌ အမြုပ် မခံလေပဲ ပရမတ် အစစ်ကိုအနှစ်ကျကျ မြင်အောင် ကြည့်တတ်ရပေမည်။ အကြည့်မှန်လျှင် အမှန်ကိုမြင်လာမည်။ အမှန်ကိုမြင်သောအခါ အသိမှန် ဝင်လာမည်။ အသိမှန်သောအခါ၌ကား ပညတ်ကိုကွာအောင် ခွာရန် ခဲယဉ်းတော့မည်မဟုတ်။

ပညတ်ကွာသွားလေသောအခါ (ဝ၊) ပညတ်နှင့် မိမိ။ မိမိနှင့် ပညတ် အိုးစားကွဲသွားပြီ ပြတ်စဲသွားပြီ ဆိုပါတော့။ ထိုအခါ ဘာဖြစ် မည်နည်း။ မည်သည့် အကျိုးရှိသနည်းဟု အမေးအမြန်း ရှိခဲ့သော် မိမိ ကိုယ်တိုင်ပညတ်မှ ကွာသော အချိန်တွင် ထိုမေးခွန်းအတွက် အဖြေကို ထိုသူ ကိုယ်တိုင် သွက်လက်စွာ ဖြေဆိုနိုင်လတ္တံ့။ ပညတ်မှကွာသော အကျိုးကို ကိုယ်တိုင်ခံစားရလတ္တံ့။

# အပိုင်း ၃

## အသိ မှန်မှ အလုပ် မှန်မည်

လူနှစ်ယောက် ခရီးသွားကြ၏။ ယင်းတို့အနက် တဦးသောသူမှာ သွားမည့်နေရာကို ရှေးကလည်း သူရောက်ဖူး၏။ လမ်းကိုလည်း သူကောင်းကောင်းသိ၏။ ထိုခရီးသို့ သူသွားလေသည်။

တယောက်သောသူကား သွားမည့် နေရာကို ရှေးကလည်း သူမရောက်ဘူး။ လမ်းကိုလည်း သူမသိ။ကြားဖူးနားဝရှိကာမျှဖြင့် ထိုခရီးသို့ စမ်းတဝါးဝါး သူသွားလေသည်။ ထိုခရီးသွား နှစ်ယောက်၏ ဥပမာကို ကြည့်သင့်၏။ မည်သူက အကျိုးသက်ရောက်မှုရှိလေမည် ထင်သနည်း။

ဗုဒ္ဓကို ကြည်ညိုသဖြင့် ဗုဒ္ဓ၏ အေးမြလှစွာသော အရိပ်ဆာယာကို ခိုလျက် ယောဂီအလုပ်ကို လုပ်နေ၏။ ကောင်းသောအမှုဖြစ်၍ လူသာဓုခေါ်၊ နတ်သာဓုခေါ်စရာကား မှန်၏။

သို့သော်....ထိုယောဂီသည် မိမိ၏ဗုဒ္ဓထံချဉ်းကပ်ပုံ ချဉ်းကပ်နည်းကိုလည်းကောင်း၊ ဗုဒ္ဓနှင့်မိမိ ထိတွေ့မှုရှိ မရှိကို လည်းကောင်း၊ ဗုဒ္ဓကိုမိမိကိုယ်တိုင်မြင်မမြင်ကိုလည်းကောင်း ဤအချက်ကိုကား အလေးအနက်ပြု၍ စဉ်းစားရ၏။

အလုပ်လုပ်ရာ၌ မည်သည့်အလုပ်ကို လုပ်သည်ပင်ဖြစ်စေ၊ အလုပ်နှင့် တူအောင် ဟုတ္တိပတ္တိရှိအောင် ထိထိရောက်ရောက် ဖြစ်အောင် လုပ်မှဖို့

အရေးကြီး၏။ ပေးကားပေး၏ မရ။ ကျွေးကားကျွေး၏ မဝ ဆိုသကဲ့သို့ လုပ်ကားလုပ်၏ အကျိုးမရှိသော အလုပ်မျိုး မဖြစ်မိစေရာ။

## ကန်းသူနှင့် မကန်းသူ

ထိုသူနှစ်ယောက် (ကန်းသူနှင့် မကန်းသူ)ကို ဒွန်တွဲလျက် ဗုဒ္ဓကိုယ်တော်တိုင်လည်း နေရာများစွာတို့၌ ချ၍ချ၍ ပြတော်မူသွား၏။ အဋ္ဌကထာ အရှင်သူမြတ်တို့သည်လည်း အကွက်ဆိုက်ရာ ဆိုက်ရာတွင် ထိုသူနှစ်ယောက်ကိုယူ၍ မော်ကွန်းတင်တော်မူသွားကြကုန်၏။

ထိုသူ နှစ်ဦးကား မည်သူတွေပါနည်း။

(၁) တဦးကား အန္ဓပုထုဇဉ်။

(၂) တဦးကား ကလျာဏပုထုဇဉ်။

ဤနှစ်ဦးပင်တည်း။ ကန်းသောသူ၊ သူကန်းကို အန္ဓပုထုဇဉ်ဟုဆိုသည်။ မကန်းသောသူ၊ သူကောင်းကို ကလျာဏ ပုထုဇဉ်ဟု ဆိုသည်။ မည်သို့ကန်း၍ မည်သို့ကောင်းလေသနည်း၊ မည်သည့်အရာကန်း၍ မည်သည့်အရာ ကောင်းလေသနည်း။

## အန္ဓပုထုဇဉ် (သူကန်း)

ကန်း၊ မကန်း ပြဿနာအတွက် ဗုဒ္ဓသည် (အဟုတ်ရှိ၊ တကယ်ရှိ၊ အမှန်ရှိ) ပရမတ်နှင့် (အဟုတ်မရှိ၊ တကယ်မရှိ၊ အမှန်မရှိ) ပညတ်ကို မှတ်ကျောက်ပြု၍ ဆုံးဖြတ်တော်မူ၏။ ကန်း၊ မကန်းကို ပရမတ် ပညတ် မှတ်ကျောက်ပေါ် တင်ကြည့်လျှင် သိလိမ့်မည်ဟု ဆိုလိုသည်။

အထက်၌ ပြဆိုခဲ့ပြီးသောအတိုင်း အပေါ်ယံဗန်းပြ၊ အလှအပ (တကယ်မရှိ၊ အဟုတ်မရှိသဘော) ပညတ် တိမ်သလာ ဖုံးသောကြောင့် (တကယ်ရှိ၊ အဟုတ်ရှိသဘော) ပရမတ် အစစ်ကို လုံးလုံးမမြင်သူကို အန္ဓပုထုဇဉ်(သူကန်း)ဟု ဆိုသည်။

## ကလျာဏပုထုဇဉ် (သူကောင်း)

အမြှေးအကာ၊ ပညတ်လွှာများကို ဖယ်ရှားခွာလှန်၍ အဟုတ်ရှိ၊ တကယ်ရှိပရမတ် အစစ်၊ အနှစ်သာရကို ထုတ်နှုတ်ယူငင်၊ သိမြင်နိုင်သော ပရမတ်မျက်စိရှိသူကို ကလျာဏပုထုဇဉ် (သူကောင်း)ဟု ဆိုသည်။

# မြင်လျက်နှင့် ကန်းနေသူ

မြင်လျက်နှင့် ကန်းနေသူဆိုလျှင် စကားဆန်း ဖြစ်နေမည်။ သို့သော် အသက်ရှင်လျက်နှင့် သေနေသူများလောက် မဆန်းပါချေ။ အသက်ရှင်လျက်နှင့် သေနေသူများ အကြောင်းကို ဗုဒ္ဓမြတ်ဘုရားသည် နေ့ရာများစွာတို့၌ အခါအားလျော်စွာ များစွာပင် ဟောကြားသွားတော်မူ၏။

ဤမြင်လျက်နှင့် ကန်းနေသူများ အကြောင်းကိုကား ပဏ္ဏာသ အဋ္ဌကထာ၊ အဋ္ဌသာလိနီအဋ္ဌကထာကြီးများနှင့် မူလဋီကာတို့၌ ဆိုကြောင်းကို တွေ့ရ၏။ ယင်းတို့အနက် ပဏ္ဏာသ အဋ္ဌကထာကြီးတွင် မံသစက္ခုနာဝါ ဒိဗ္ဗစက္ခုနာဝါ စသဖြင့်....

> "အဟုတ်ရှိ၊ အမှန်ရှိ၊ တကယ်ရှိကို သိမြင်သော ပရမတ် မျက်စိအလင်းမရှိက အရိယာပုဂ္ဂိုလ် ဆိုသည်မှာ ဘယ်လိုပုဂ္ဂိုလ်ဟုမသိ။ ပကတိမျက်စိ ဒိဗ္ဗစက္ခု မျက်စိဖြင့် အရိယာပုဂ္ဂိုလ်ကို တွေ့မြင်နေရငြားသော်လည်း မြင်သည်မမည်။ ကန်းနေသူ။ သူကန်း၊အကန်း"

ဟု ဆိုသည်။ အဋ္ဌသာလိနီ အဋ္ဌကထာကြီးနှင့် မူလဋီကာတို့၌ကား ကန်းခြင်း၏ အကြောင်းကို တမျိုးပြ၍ ဆိုထား၏။

> "အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဆိုအပ်သော လက္ခဏာရေးသုံးပါး အကြောင်းကို ကောင်းစွာ မသိသူ (ယင်းလက္ခဏာရေးပါး၏ အနှစ်သာရကို အချိုးကျကျ မသိမမြင်သောသူ)သည် အရိယာပုဂ္ဂိုလ်နှင့် နဖူးတွေ့၊ ဒူးတွေ့ တွေ့နေပါလျက်လည်း တွေ့သည်မမည်။ မြင်နေပါလျက်လည်း မြင်သည် မမည်"

ဟုဆိုသည်။ ဤကျမ်းဂန်ကြီးများ၏ အဆိုကို အတိုချုပ်လိုက်သော် မျက်စိအမြင်သန်သော ကလျာဏပုထုဇဉ်ကောင်း ဖြစ်လိုသူတယောက်အဖို့ ပညတ်နှင့် ပရမတ်ကို ခွဲခွဲခြားခြား နားလည်ထားရန်နှင့် အနိစ္စလက္ခဏာ၏ အကြောင်း၊ ဒုက္ခလက္ခဏာ၏အကြောင်း၊ အနတ္တလက္ခဏာ၏ အကြောင်းကို ကောင်းစွာ ကြေကြေညက်ညက် သိရှိရန် လိုအပ်သည်ဟု ဆိုလိုသည်။

ပညတ်နှင့် ပရမတ်ကို ဝမ်းနှင့်လေ မကွဲသကဲ့သို့ ခွဲခွဲခြားခြား နားမလည်ပါပဲလျက် တရားနောက်သို့ တကောက်ကောက် လိုက်သော်ငြားလည်း "ကျွဲပါးစောင်းတီးသကဲ့သို့" ဖြစ်နေချိပ့်မည်။ အနိစ္စမှန်း၊ ဒုက္ခမှန်း၊

အနတ္တမှန်း မသိပါပဲလျက် စိတ်လိုက်မာန်လျှောက် တရားနောက်သို့ လိုက်စေကာမူလည်း နွား၏အနီး၌ ပလွေမှုတ်သည်နှင့်သာ တူနေချိမ့်မည်။ ဆင်းရဲကျိုးမနပ် ကျင့်ကြံအားထုတ်ရကျိုး မနပ်။ ပင်ပန်းခြင်းသာ အဖတ်တင်လေရာသည်။ တရားတိုင်လျှင် ပညာနှင့် ပရမတ်ကို ပိုင်အောင်ကိုင်ဟု ဆိုခြင်းပင်တည်း။

## နေ့တိုင်းဘုရားကို ဖူးမြင်နေပါလျက်
## ဘုရားကိုမမြင်သော ဝက္ကလိရဟန်း

ယင်းအကြောင်းနှင့် ပတ်သက်၍ ဝက္ကလိရဟန်းအား ဗုဒ္ဓကိုယ်တော်တိုင် မြွက်ကြားတော်မူဖူး၏။[၁]

ဝက္ကလိရဟန်းသည် ဗုဒ္ဓကို အလွန်ကြည်ညို၏။ ဗုဒ္ဓအား မျက်စိအောက်က အပျောက်မခံပဲ၊ အရိပ်တကြည့်ကြည့်နှင့် တစိမ့်စိမ့် အမြဲဖူးနေရမှ ကျေနပ်သူဖြစ်လေသည်။

တနေ့သော် ထိုဝက္ကလိရဟန်းသည် အသည်းအသန် ဖျားလေ၏။ ထိုအခါ ဖူးမြော်နေကျဖြစ်သော ဗုဒ္ဓမြတ်ဘုရားကို ဖူးမြော်လိုသော်လည်း သူ့ခမျာ အိပ်ရာထဲတွင် လဲနေသဖြင့် မဖူးနိုင်ရှာ။ အိပ်ရာမှပင် မထနိုင်ရှာ ဖြစ်နေ၏။

ဗုဒ္ဓသည် ဝက္ကလိရဟန်း မကျန်းမမာ ဖြစ်နေကြောင်း ကြားတော်မူလျှင် ဝက္ကလိရဟန်းထံသို့ ကိုယ်တိုင်ကြွတော်မူ၍ "ကျန်းခန့်သာ၏လော၊ မာ၏လော" ရောဂါအခြေအနေ အတက်အကျကို မေးမြန်းတော်မူလေသည်။ ထိုအခါ မသက်သာကြောင်း၊ အခြေအနေ ဆိုးရွားကြောင်းကို ဝက္ကလိရဟန်းက လျှောက်ထားလတ်သော်—

"ချစ်သား ဝက္ကလိ၊ သင့်မှာ ပူပင်ဖွယ်၊ စိတ်မချမ်းသာဖွယ် တစုံတရာများ ရှိနေသလော"ဟု ဗုဒ္ဓက မေးတော်မူ၏။ ထိုအခါ ပူပင်စရာ၊ စိတ်မချမ်းသာစရာတွေ တပည့်တော်မှာ များစွာရှိနေပါသည် ဘုရားဟု ဝက္ကလိက လျှောက်၏။

ဤသို့လျှောက်သော် "ပူပင်စရာ စိတ်မချမ်းသာစရာများ ပျောက်အောင် မိမိဆောက်တည်လာခဲ့သော သီလကို ဆင်ခြင်ခြင်းအားဖြင့် ပယ်

---

၁။ ခန္ဓဝဂ္ဂသံယုတ္တပါဠိ ထေရဝဂ္ဂဝက္ကလိသုတ္တ။

ဖျောက်ရန်'' ဗုဒ္ဓက အကြံပေးသောအခါ၊ ''ဤသို့ ဖျောက်သော်လည်း မပျောက်နိုင်ပါ'' လျှောက်လျှင် ''သို့စင်မျှ ဖျောက်လျက်နှင့် မပျောက်နိုင်ဆိုသော ပူပင်စရာ၊ စိတ်မချမ်းသာစရာကား အဘယ်နည်း''ဟူ၍ ဗုဒ္ဓက မေးတော်မူလေသည်ဘွင် ဝက္ကလိရဟန်းက လျှောက်ထားသည်ကား--

''ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်၏ သန္တာန်မှာ ဖူးမြင်နေကျ ဘုရားသခင်ကို ဖူးမြင်လိုသောဆန္ဒများ ပြင်းပြစွာ ဖြစ်နေပါ၏။ သို့ပါသော်လည်း တပည့်တော်မှာ ဖျား၍ အင်အားချည့်နဲ့နေပါပြီ။ ဘုရားသခင်ကို အဖူ အမြော်သွားနိုင်သည့် အင်အား တပည့်တော်မှာ မရှိတော့သည့်အတွက် ဖူးမြော်လိုလျက် ဆွေးတသက်သက်နှင့်သာ နေရပါသည်ဘုရား''ဟူ၍ လျှောက်ထား၏။ ထိုအခါ ဗုဒ္ဓက ဝက္ကလိအား ဆုံးမစကား မြွက်ကြားလေသည်ကား—

''ချစ်သား ဝက္ကလိ၊ ဤသို့ ဆွေးတမြေ့မြေ့ ဖြစ်နေရန်မသင့်။ ပူတိကာယ အပုပ်ကောင်မျှဖြစ်သော ငါ၏ ရူပကာယတော်ကို ဖူးမြော်နေခြင်းဖြင့် သင့်အား အဘယ်အကျိုး ရှိမည်နည်း''

> ချစ်သား ဝက္ကလိ၊ အကြင်သူသည် ပညတ်ကို ခွာလှစ်၍ ပရမတ်အစစ်ဖြစ်သော အနှစ်တရားကို မြင်၏။ ထိုသူသည် ငါ့ကို မြင်သည် မည်၏။ အကြင်သူသည် ငါ့ကိုမြင်၏။ ထိုသူသည် တရားကို မြင်၏။

''ချစ်သား ဝက္ကလိ။ ပရမတ်အစစ်၊ အနှစ်သာရ ဓမ္မကိုမြင်သော် ငါ့ကိုမြင်သည်မည်၏။ ငါ့ကိုမြင်သော် တရားကိုမြင်သည်မည်၏''ဟု ဩဝါဒ စကား မြွက်ကြားတော် မူဖူးသတည်း။

အထက်ပါစကားတော်၏ လိုရင်းအချုပ်ကို အနှစ်သာရထုတ်သော် အသား၊ အနှစ်၊ ပရမတ်အစစ်ကို သိသောဉာဏ်မျက်စိရှိမှသာ ဘုရားမှန်း၊ တရားမှန်း သိနိုင် မြင်နိုင်သည်။ ဉာဏ်မျက်စိ မရှိလေက ဘုရားကို ဘုရားမှန်း၊ တရားကိုတရားမှန်းမသိနိုင်။ ထို့ကြောင့် ပကတိမျက်စိဖြင့် ဘုရားသခင်အား မျက်ဝါးထင်ထင် ဖူးတွေ့နေရပါလျက်လည်း ဖူးတွေ့ရသည်မမည်။ ပညတ်တိမ်သလာ ဖုံးသောကြောင့် မမြင်လုံးလုံး၊ စုံလုံးကန်းနေသည့် သူကန်း သာတည်းဟု ဆိုလိုသည်။

## ပဉ္စဝဂ္ဂီတို့လည်း ဘုရားကို တခါက မမြင်ခဲ့ကြ

ပရမတ်အစစ်ကို သိ, ဆိုရာ၌....ပရမတ်အားလုံးကို သိဖို့ကိစ္စကား **သဗ္ဗညုဘုရားသခင်တို့၏** အရာသာ ဖြစ်ဘိ၏။ **သာမန်ပုဂ္ဂိုလ်တို့ အနေဖြင့် အကုန်သိနိုင်ရန်မလွယ်**။ သိအပ် သိသင့် သိထိုက်သမျှကို သဘာဝကျကျ သိလျှင်ပင် သိသည်....ဟု ဆိုရ၏။

ပရမတ်အစစ်ဆိုသည်မှာ ရုပ်တရားနှင့် နာမ်တရား.... ဤနှစ်ပါးကို **ဆိုသည်**။ **ယင်းရုပ်အကြောင်း**၊ **နာမ်အကြောင်း**တို့ကို သဘောသဘာဝ **များနှင့်**တကွ လက္ခဏာရေးသုံးပါး ပါအောင်သိမှ ပရမတ်**စစ်သည်**။ **မပါလျှင် မစစ်**။ ထိုအကြောင်းကို ထင်ရှားစွာ သိရှိရန် **အောက်ပါသမိုင်း ကြောင်းကို** အကဲခတ်နိုင်၏။

သိဒ္ဓတ္ထ**မင်းသား**သည် **တောထွက်**၍ ရဟန်းပြုပြီးလျှင် "ဥရုဝေဠ" **မည်သော** တောအုပ်၌ ပဉ္စဝဂ္ဂီတို့နှင့်အတူ **နေထိုင်ခဲ့၏**။ **နောက် ပဉ္စဝဂ္ဂီ တို့နှင့် လမ်းခွဲကာ** တပါး**တည်း**နေ၍ တရားရှာခဲ့ရာမှ **နောက်ဆုံးတွင် ဘုရားအဖြစ်သို့ ရောက်တော်မူလာ၏**။

ထို**အခါ** ဗုဒ္ဓ**သည်** ဓမ္မ**စကြာ**တရားဦးကို ဟောရန် တရားကျင့်**ဘက် သွေးသောက်ရောင်းရင်း**၊ **အပေါင်း**အသင်းများ ဖြစ်ကြသော ပဉ္စဝဂ္ဂီတို့ ထံသို့ **သွားလေသော**အခါ ပဉ္စဝဂ္ဂီတို့သည် ပကတိမျက်စိဖြင့် ဗုဒ္ဓကိုမြင်**ကား မြင်ကုန်၏**။ **သို့သော်** အသိဓာတ်ခံ ဉာဏ်မျက်စိ **မရှိကြသေးသောကြောင့် ဘုရားကို** မြင်ကြ**လျက်နှင့်** ဘု**ရား**မှန်း **မသိကြကုန်**။ဘုရားကို မမြင်ကြကုန်။ ဗုဒ္ဓ**အား** ရှေးက ဂေါတမ၊ တို့မိတ်ဆွေ ဂေါတမဟူ၍ပင် ထင်**ကြလေသ**ဖြင့် "ငါ့ရှင်၊ ငါ့ရှင်"ဟူသော သုံးနေကျ **စကား**လုံးကို သုံး၍ **ခေါ်ဝေါ် ဆက်ဆံကြကုန်၏**။ "ငါ့ရှင် ဂေါတမ၊ ပျောက်ချက်သား **ကောင်းဘိစွ**။ အခုမှ လာတော့သည် တမုံ." ဟု မေးလား၊ မြန်းလား လုပ်ကြကုန်၏။ ထိုအခါ ဗုဒ္ဓသည် ဤသို့ဖွင့်၍ ပြောပြတော်မူရလေ၏။

"ရဟန်းတို့ ငါ့ကို ဂေါတမဟူသော အမည်ဖြင့်လည်း ကောင်း၊ အာဝုသော- ငါ့ရှင်ဟူသော ခေါ်ဝေါ်ခြင်းဖြင့်လည်း ကောင်း (ရှေးက ပြောနည်းမျိုးဖြင့်) မခေါ်၊ မပြောကြကုန်လင့်။ ရဟန်းတို့ ငါကား ရဟန္တာတည်း။ ယခု ဘုရား ဖြစ်လာပြီတည်း။

ဘုရားဖြစ်လာပြီ ဖြစ်ကြောင်းကို ဤသို့ ရင်ဖွင့်၍ ရှင်းသော်ငြား လည်း ပဉ္စဝဂ္ဂီတို့ကား အယုံအကြည် မရှိကုန်။ ဗုဒ္ဓ၏ စကားကို လက်မခံ ကြကုန်။ ဘုရားကို မျက်ဝါးထင်ထင်၊ မြင်တွေ့နေကြပါလျက်နှင့် သူတို့ သည် ဘုရားမှန်း မသိကြကုန်သေး။

ဘုရားကို မမြင်ကြကုန်သေး။

တဖြည်းဖြည်း တစတစအားဖြင့် ဟောပြော ပြသလေသည်တွင်မှ၊ ပဉ္စဝဂ္ဂီတို့သည် ပရမတ်အစစ်ကိုသိ ဉာဏ်မျက်စိဖြင့် ဘုရားကို ဘုရားမှန်း သိလာကြကုန်သတည်း။

ထိုအခါ အရှင်ဝပ္ပသည် အလွန်အားရ ရွှင်လန်းစွာ ထ၍ ဥဒါန်း ကျူးလိုက်သည်ကား- (ပဿတိပဿော ပဿန္တံ့စသည်)

၁"မြင်သူသည် မြင်သူကိုလည်း မြင်၏။
မမြင်သူကိုလည်း မြင်၏။ မမြင်သူကား မမြင်သူကို လည်း မမြင်လေ။
မြင်သူကိုလည်း မမြင်လေ"

ဤစကားဖြင့် သိသူနှင့် မသိသူ၊ ယင်းနှစ်လူတို့၏ ခြားနားချက် ကွာဟချက်ကို ပြ၏။ ဉာဏ်မျက်စိ အသိရှိမှ သိ၊မသိကို သိသည်။ မရှိက- သိ၊မသိကို မသိ။ မြင်တတ်သော ဉာဏ်မျက်လုံးရှိမှ မြင်၊မမြင်ကို မြင်သည်။ မရှိလျှင် မြင်၊မမြင်ကို မမြင်။

ဆိုလိုသည်မှာ ဉာဏ်မျက်စိ အလင်းပွင့်၍ အသိရင့်သော သူသည် ဉာဏ်မျက်စိ ရှိသူကိုလည်း ရှိမှန်းသိသည်။ ဉာဏ်မျက်စိ မရှိသူကိုလည်း မရှိ မှန်းသိသည်။ ဤသူကား မြင်တတ်သူ၊ ဤသူကား မြင်တတ်သူမဟုတ်၊ဟူ၍ မြင်တတ်သူနှင့် မမြင်တတ်သူကို ခွဲခြား၍ မြင်သည်၊ သိသည်။

အသိမရင့်၊ ဉာဏ်မပွင့်သူကား မမြင်သူကိုလည်း မမြင်မှန်းမသိရှာ။ မြင်သူကိုလည်း မြင်မှန်းမသိရှာ။ မျက်ကန်း၊သာတည်းဟု ဆိုလိုသည်။

## ပရမတ်မျက်စိ ရှိနိုင်သော ခေတ်

ပရမတ်မျက်စိမျိုးကား အလွန်ရှား၏။ ခေတ်တိုင်း ခေတ်တိုင်းတို့၌ ရှိစကောင်း၊ ရအပ်စကောင်းသော အပေါစား မျက်လုံးမျိုး မဟုတ်။ ထိုပရမတ် မျက်လုံးမျိုးကို အလွန် တန်ဖိုးကြီးလှပါသည် ဆိုသော ဗြဟ္မာ မင်းကြီးများသည် သော်လည်းကောင်း၊ အခြားအခြားသော ဒေဝါ

---

၁။ ဟောရဂါထာ ပါဠိတော်၊ သုတ္တနိပါတ်၊ ပဂ္ဂဏ္ဍရဂါထာ။

သိကြား တန်ခိုး သိဒ္ဓိရှင်များသည် သော်လည်းကောင်း၊ ပေးစွမ်းနိုင်သော မျက်လုံးမျိုးမဟုတ်။ ဗုဒ္ဓ ပွင့်ထွန်းတော် မူလာသော ခေတ်အတွင်း၌သာ သတ္တဝါတို့ အနေပါ၌ ကရုဏာ ရှေ့ထားလျက် မြတ်ဘုရားတို့ တပ်ပေးမှသာ ရအပ်သော အဖိုးတန် ရှားမှရှား မျက်လုံးမျိုး ဖြစ်ပေသည်။ ဘုရားပေး သောမျက်လုံးဟု ဆိုလိုသည်။

ထိုစကား မှန်၏။ အောက်ပါစကားဖြင့် ထိုစကားကို ခိုင်မြဲစေ၏။

> "ဘုရားတည်းဟူသော နေမင်းကြီး ဝင်းဝင်းလက်လက် ထွက်ပြူ၍ မလာခဲ့သော်၊ ဘုရားတည်းဟူသော ဖိုးလမင်းကြီး ယုဂန်ဍွန်းက ထွန်း၍ မလာခဲ့သော်....၊ ထိုအဟုတ် ရှိ၊ တကယ်ရှိနေသော ပရမတ္ထ သဘောတရားတို့၏ အမည်မျိုးပင် ကြားရသိရမည် မဟုတ်။"

ဘုရားတဆူတဆူ ပွင့်တော်မူလာသော အခါမျိုးမှသာ "သည်ဟာ ရုပ်၊ သည်ဟာနာမ်၊ သည်ဟာနိဗ္ဗာန်" ဟူ၍ ရုပ်မှန်း နာမ်မှန်း နိဗ္ဗာန်မှန်း သိကြရသည်။ ရုပ်စကား၊ နာမ်စကား၊ နိဗ္ဗာန်စကားများကို ဆိုပြောကြရသည်၊ ရုပ်သံ၊ နာမ်သံ၊ နိဗ္ဗာန်သံများကို နားလျှံအောင် ကြားကြရသည်။

သာသနာပ အခါမျိုး၌ကား ရုပ်စကားကိုလည်း မကြားရ။ နာမ်စကားကိုလည်း မကြားရ။ နိဗ္ဗာန်စကားကိုလည်း မကြားရ။ အဟုတ်မရှိ၊ တကယ်မရှိသော အနှစ်သာရကင်းသော ပညတ် စကားမျိုးကိုသာ မိုမှန် အောင် ကြားနေကြရကုန်၏။ ဤသည်ကိုပင် အမြတ်တနိုး ထားကာ အဟုတ်ကြီး ထင်ကြရ၊ အဟုတ်ကြီး မြင်ကြရ၊ အဟုတ်ကြီး အသိအမှတ် ပြုကြရကုန်၏။

ဤသို့၊ ဤနှယ်သော အကာမြဲ့ပြဲ့၊ အနှစ်မဲ့သည့် ပညတ်စကားတို့ကို အဟုတ်အဟုတ်ကြီး ထင်နေသမျှ၊ မြင်နေသမျှ သိမှတ်နေသမျှ ကာလပတ်လုံး အပါယ်တံခါးကြီးသည် ထုတ်ချင်းခတ် တိုးလျှိုပေါက်ဟင်းလင်းပွင့်နေမည်သာ ဖြစ်၏။ အပါယ်မင်းတို့ ပိုင်နက်ဖြစ်သော အိုမင်း၊ နာမင်း၊ သေမင်းတို့၏ လက်တွင်းက လွတ်ကင်းနိုင်ကြမည် မဟုတ်။

ကုန်ရောင်းသူသည် စာရင်းဇယား ကြေရ၏။ စာရင်းဇယားကြေမှုသည် ကုန်သည်၏ အဓိကအလုပ် ဖြစ်၏။

တရားအားထုတ်လိုသော ယောဂါဝစရ ပုဂ္ဂိုလ်သည် ကုန်ရောင်း သူနှင့် တူ၏၊ ပညတ် ပရမတ်သည် စာရင်းဇယားနှင့် တူ၏။ ကုန်ရောင်းသူ

---

၁။ မုဒ္ဓါဒိစဗ္ဗေ အနုဂတော၊ ပ၊ နာမမတ္တံ နနာယတိ။ ဝိနယပါဠိ။

အဖို့ စာရင်းဇယား ကြေမှုသည် အရေးကြီးသကဲ့သို့၊ ထို့အတူ တရားအားထုတ်လိုသော ယောဂါဝစရပုဂ္ဂိုလ် အဖို့မှာလည်း တရားအားမထုတ်မီ ရှေ့အဖို့၌ ပညတ်နှင့် ပရမတ်ကို ပြတ်ပြတ်သားသား သိဖို့ မြင်ဖို့ အရေးကြီး၏။ အသိမှန်မှ အလုပ်မှန်မည် ဖြစ်သောကြောင့်၊ အလုပ်မှန်မှ လိုအပ်သော ခရီးပန်းတိုင်သို့ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်နိုင်မည် ဖြစ်သောကြောင့်တည်း။

## အသိနှင့် မသိ

အသိနှင့် မသိကား အဖြူနှင့် အမည်းအလားတည်း။ အမြဲဆန့်ကျင်၍ သူတို့သည် လူကို ကစားကွင်းသဖွယ် ထားကာ အားပြိုင်နေကြ၏။ ဗိုလ်လုနေကြ၏။ အသိကို မသိက နိုင်သောအခါ အဝိဇ္ဇာဖြစ်သွားလေ၏။ ထိုအခါ လူသည် ငြိအမှောင်တိုး၊ အမည်းတိုးကြီး ဖြစ်ရလေသတည်း။ မသိကို အသိက နိုင်သောအခါ ပညာဖြစ်သွားလေ၏။ ထိုအခါ လူသည် အရောင်နှင့် ရဲရဲဖြစ်ရလေသတည်း။ မရှိတာထက်၊ မသိတာခက် ဟုဆို၏။

- မသိဟူသည် အဝိဇ္ဇာ
- အသိ ဟူသည် ပညာ

လူသည် မသိနှင့် အသိ၊ (ဝါ) အဝိဇ္ဇာနှင့် ပညာကြားထဲ ရောက်နေပြီး အသိနှင့် မသိတို့၏ ကစားစရာ(ဝါ)ပညာနှင့် အဝိဇ္ဇာတို့၏ ကစားစရာ ဘောလုံးသဖွယ်ဖြစ်နေ၏။ သို့သော် ထိုလူကို မသိမှု အဝိဇ္ဇာကလည်း သူ၏ ဘက်တော်သားအဖြစ်ဖြင့် ရာသက်ပန် ခါးပိုက် ပိုက်မထားနိုင်ချေ။ သိမှုပညာကလည်း သူ၏ လက်ရင်းတပည့်အဖြစ်ဖြင့် ရာသက်ပန် လက်သပ်၍ မွေးမထားနိုင်ချေ။ အခါအားလျော်စွာ အပြောင်းအလဲရှိနိုင်၊ ဖြစ်နိုင်၏။

မှန်၏။ သိမှုပညာက အားနှင့် ဖိလာသော် မသိမှု အဝိဇ္ဇာ သည် တဖြည်းဖြည်း အိဆင်းသွားလေ၏။ ထိုအခါလူသည် ပညာ၏ ဘက်တော်သားဖြစ်လာသတည်း။ မသိမှု အဝိဇ္ဇာက အလုံးအရင်းနှင့် ဖိလာသော် သိမှုပညာသည် တဖြည်းဖြည်း အိဆင်းသွားလေ၏။ ထိုအခါ လူသည် အဝိဇ္ဇာ၏ ဘက်တော်သား ဖြစ်သွားရပြန်သတည်း။

ထို့ကြောင့် လူသည် သိခြင်း၌အကျိုး၊ မသိခြင်း၌ အပြစ်ကို တစ်တစ်ခွခွ၊ အသားကျကျ သိပြီးလျှင်၊ အပြစ်ဘက်မှ ခြေကို ရုပ်၍ အကျိုး

ဘက်၌ မားမားမတ်မတ် ရပ်တည်သူ ဖြစ်ရာ၏။ သတိကို တမန်၊ ဉာဏ်ကို မြေကတုတ်လုပ်၍၊ ပညာဋ္ဌမ်းဖြင့် ချွန်းကဲ့သို့ အုပ်သူဖြစ်ရာ၏။

လူသည် အကယ်၍ ကံမကောင်း၊ အကြောင်းမလှသဖြင့် အဝိဇ္ဇာ အောက်သို့ ကျရောက်သွားပြီဆိုလျှင် ပညာဘက်သို့ ပြန်တက်ရန် ခဲယဉ်း၏။ ဤသို့ ခဲယဉ်းသည်နှင့်အမျှ လူသည် ပညာဘက်၌ ရောက်နေသည့်အခိုက် တွင်မူကား အဝိဇ္ဇာက မက်လုံးများ ပြကာ ပြကာဖြင့် မြူဆွယ်လေသော အခါ အညွှာမတွယ်နိုင်ရှာလေပဲ လွယ်လွယ်နှင့် ပါတတ်လေ၏။ ပါပသို့ ရမတေမနော ဆိုသောအတိုင်းပင်ဖြစ်၏။

လူသည် ဤသည်ကို အသိရှင်ရှင်နှင့် အစဉ်မပြတ် သတိချပ်မိဖို့ လို၏။

ပညာကို အဝိဇ္ဇာအောက်သို့ အရောက်မခံလေပဲ၊ ပညာမျက်စိဖြင့် အဟုတ်ကို အဟုတ်သိထားပါက အမှန်ကို အမှန်သိ သိထားခဲ့သော် လောက ဓာတ်တခုလုံးတွင် ရတနာ သုံးပါးမှ တပါး အခြားလိုချင်စရာ၊ တပ်မက် စရာ၊ ယူခြင်စရာကို မြင်တော့မည်မဟုတ်။ ရတနာသုံးပါးကိုသာ လိုချင် စရာ၊ တပ်မက်စရာ ယူချင်စရာဟူ၍ ထင်မှတ်လေတော့မည်။

အမှန်ကို အမှန်အတိုင်းမသိကြ၍သာ၊ အဟုတ်ကို အဟုတ်အတိုင်း မမြင်ကြ၍သာ၊ အရှိကို အရှိအတိုင်း မသိကြ၍သာ တဏှာမျက်လုံးက ကျယ်ကျယ်လာခြင်းဖြစ်သည်။ ထို့ကြောင့်ပင် လောကီဘက်မှာ နှစ်သက် စရာတွေ အဖုံဖုံ၊ ခုံမင်စရာတွေ အသွယ်သွယ်၊ မွေ့လျော်ဖွယ်တွေ အတုံး အရုံး ထင်မဆုံး၊ မြင်မဆုံး ဖြစ်ကြရလေ၏။

အဟုတ် အမှန်ကို အဟုတ်သိ၊ အမှန်သိ သိ၍ ပညာမျက်စိ ကျယ် လျှင်မူကား လောကဓာတ်တခိုတွင် နှစ်လိုဖွယ်ရာ၊ မြတ်နိုးဖွယ်ရာ၊ ယူချင် စရာ၊ ရချင်စရာကို မမြင်။ အော့ချင်စရာ၊ အန်ချင်စရာ၊ ကြောက်စရာ၊ ထိတ်စရာ၊ လန့်စရာတွေကိုသာ မြင်မြင်နေတော့မည်။ မြင်ကလည်း အတာ အတွယ်တွေ ပြယ်လေတော့သည်သာတည်း။

ပဋ္ဌာနဒေသနာပါဠိတော်၌- ပညာကို ထိရောက်သည်ထက် ထိ ရောက်လွယ်အောင်၊ အစွမ်းထက်သည်ထက် ထက်အောင် အထောက်အကူ ပြုသော အကြောင်းနှစ်ခုကို- ဒုဝေပစ္စယာ သမ္မာဒိဋ္ဌိယာ စသည်ဖြင့် ဖွင့်ပြ ထား၏။

> "သူဘပါးထံမှ သင်အံမှတ်သားထားသော အကြားအမြင် ဗဟုသုတ အသိတမျိုး၊ အရာဋ္ဌာနကို ချင့်၍ သင့်လျော်အောင် စိတ်ကောင်း နှလုံးကောင်း သွင်းနိုင်ခြင်းတမျိုး၊ ဤအကြောင်း နှစ်မျိုးသည် သမ္မာဒိဋ္ဌိ (အမြင်မှန်) ဖြစ်ခြင်းငှာ ဖြစ်၏။

အဓိပ္ပာယ်မှာ အသင်အကြား၊ အမှတ်အသား၊ အရအမိရှိ၍ သိသောအသိမျိုးကို ဗဟုသုတသိဟုဆိုသည်။ မှတ်သားမိသည့်အတိုင်း စိတ်ကိုကောင်းသောအာရုံ၌၊ ကောင်းသောအာရုံကို စိတ်၌ ထားနိုင်ခြင်းမျိုးကို ယောနိသော မနသိကာရ ဟုဆိုသည်။

သုတသိမျိုးဖြင့် ပရမတ် (တကယ်ရှိ၊ အဟုတ်ရှိ ရုပ်နှင့် နာမ်) ကို အမှန်အတိုင်း သိနိုင် မြင်နိုင်သော် ရတနာ သုံးပါးကို ဝိုးဝါးဝါး မှုန်ပျပျ သိနိုင်မြင်နိုင်လေပြီတည်း။ ရတနာ သုံးပါးကို ဤသို့ မှုန်ဝါးဝါး၊ ရေးတေးတေး၊ မြင်နိုင်မှုလည်း ပြုသမျှ ဒါန၊ စောင့်ထိန်းသမျှသီလနှင့် ပွားများအားထုတ်အပ်သမျှ ဘာဝနာကုသိုလ်တို့သည် သန်မာဖွံ့ထွား၍ မဂ်၏အခြေ၊ ဖိုလ်၏အခြေ ကောင်းကောင်းကြီးဖြစ်ကုန်လိမ့်မည်တည်း။

သိမှု၊ သိခြင်း၊ အသိကား ပညာ
မသိမှု၊ မသိခြင်း၊ မသိကား အဝိဇ္ဇာ

အသိကားအမြတ်ဆုံးတရား၊ အရာရာမှာ အကျိုးများလှ၏။ မသိကား ယုတ်မာဆိုးရွား၊ အရာရာမှာ အပြစ်များလှ၏။

ထို့ကြောင့် ယောဂီပုဂ္ဂိုလ်သည် အလုပ်မှန်ဖို့အတွက် ရှေးဦးစွာ အသိကိုမှန်အောင် ပန့်ကတ်စွဲရတည်း။

# အပိုင်း ၄

## ဘုတ်ကိုမြင်မှ ရုပ်ကိုနိုင်မည်

အိမ်မရှိ၊ တိုက်မရှိ၊ ဝင်းမရှိ၊ ခြံမရှိ၊ ကျောင်းမရှိ၊ ဈေးမရှိ၊ ဆေးရုံမရှိ၊ ရုံးမရှိ၊ စက်ရုံမရှိ၊ ပုဆိုးမရှိ၊ အင်္ကျီမရှိ၊ ထီမရှိ ဖိနပ်မရှိ၊ လယ်မရှိ၊ ယာမရှိ၊ ထွန်မရှိ၊ ထယ်မရှိ၊ ပင်လယ်မရှိ၊ မြစ်မရှိ၊ အင်းမရှိ၊ အိုင်မရှိ၊ ရထားမရှိ၊ ကားမရှိ၊ လေယာဉ်ပျံမရှိ၊ သင်္ဘောမရှိ၊ တောမရှိ၊ တောင်မရှိ၊ ထမင်းမရှိ၊ ဟင်းမရှိ၊ ဆီမရှိ၊ ဆန်မရှိ၊ ဆားမရှိ၊ ငရုတ်မရှိ၊ ကြက်သွန်မရှိ၊ အသီးမရှိ၊ အပွင့်မရှိ၊ အရွက်မရှိ။

ဤသက်မဲ့အရာအားလုံး ဘာဆို ဘာမှမရှိခဲ့သော်....

ထို့မှတပါး လူမရှိ၊ မိန်းမရှိ ယောကျ်ားမရှိ၊ သားမရှိ၊ သမီးမရှိ၊ အမိမရှိ၊ အဖမရှိ၊ ညီမရှိ၊ အစ်ကိုမရှိ၊ ညီမမရှိ၊ ဆွေမျိုးမရှိ၊ မိတ်ဆွေမရှိ၊ ဆရာမရှိ၊ တပည့်မရှိ၊ ဘုန်းကြီးမရှိ၊ ကိုရင်မရှိ၊ မယ်သီလမရှိ၊ အလုပ်သမားမရှိ၊ စာရေး စာချီမရှိ၊ မင်းမရှိ၊ အမတ်မရှိ၊ စစ်ဗိုလ်မရှိ၊ စစ်သားမရှိ၊ ဘဲမရှိ၊ ကြက်မရှိ၊ ဝက်မရှိ၊ ကျွဲမရှိ၊ နွားမရှိ၊ ကျားမရှိ၊ ငါးမရှိ၊ ကြမ်းပိုးမရှိ၊ သန်းမရှိ၊ ခြင်မရှိ။ ဤသက်ရှိအရာအားလုံးလည်း မရှိခဲ့သော် အဘယ်သူသည် ဘာကို မြင်တော့မည်နည်း။ မြင်စရာ ကြည့်စရာ ရှုစရာ သူ့မှာ ဘာရှိတော့မည်နည်း။

ယခုတမူ ထိုထိုသို့သော သက်ရှိ၊ သက်မဲ့ အရာအားလုံးကို သူသူငါငါ မြင်နေကြရ၏။ အဘယ့်ကြောင့်ပါနည်း။

အဖြေမှာ ရှင်းလှ၏။ ရှိသောကြောင့် ဖြစ်သတည်း။ မြင်စရာရှိ၍ မျက်လုံးက မြင်သည်။ ကြားစရာရှိ၍ နားက ကြားသည်။ နံစရာရှိ၍ နှာခေါင်းက နံသည်။ လျက်စရာရှိ၍ လျှာက လျက်သည်။ ထိတွေ့စရာရှိ၍ ကိုယ်က ထိတွေ့သည်။ တွေးစရာရှိ၍ စိတ်ကတွေးသည်။ ကြံစရာရှိ၍စိတ်က ကြံသည်။ ဘာမှရှိမလာလျှင် ဘာကို လုပ်တတ်မည်နည်း။ လုပ်စရာတွေ ရှိရှိလာသောကြောင့်သာ အရှိအတိုင်း လုပ်ကြခြင်းဖြစ်၏။

သက်ရှိ သက်မဲ့၊ ထိုထိုအရာ အားလုံးသည် ဘယ်ကလာသနည်း၊ အဘယ်ကြောင့် ရှိလာသနည်း၊ ရှိရှိလာအောင် ယင်းတို့ကို မည်သူက၊ မည်သည့်အရာက ထုတ်လုပ်အပ်သနည်းဟု မေးစရာရှိ၏။ မေးထိုက်သော မေးခွန်းဖြစ်၏။ ထိုမေးခွန်း၏ အဖြေအတွက် မဟာဘုတ် လေးပါးကို လက်ညှိုးထိုး၍ ပြကြကုန်၏။

"ဤဓာတ်ကြီး လေးပါးတို့မှ အလုံးစုံသော ရုပ်တရားတို့သည် မပါက်ပွား လာကုန်၏"၁

ဓာတ်ကြီးလေးပါးဟူသည်ကား မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ် (မြေ, ရေ, လေ, မီး) ဟူသတည်း။ ၎င်းကို မဟာဘုတ်လေး ပါးဟူ၍လည်း ခေါ်၏။

ထို မဟာဘုတ်ခေါ်သော ဓာတ်ကြီးလေးပါးတို့၏ ဖန်တီးချက် ထုတ်လုပ်ချက်အရ သက်ရှိသက်မဲ့ ပစ္စည်းတို့သည် တသွက်သွက် ထွက်လာရ ကုန်၏။ သစ်ပင် တောတောင်တို့သည်လည်းကောင်း၊ အိမ်ကျောင်းစသော အဆောက်အအုံတို့သည် လည်းကောင်း၊ လူ တိရစ္ဆာန်စသော သတ္တဝါ အစားစားတို့သည် လည်းကောင်း ဖြစ်လာကုန်၏။

ထိုထိုသက်မဲ့ ပစ္စည်းတို့ကို ရုပ်ဟုခေါ်တွင်ကုန်၏။ ရုပ်နှင့်တွဲသော သက်ရှိပစ္စည်းတို့ကိုကား နာမ်ဟု ခေါ်တွင်ကုန်၏။ ယင်းရုပ်ပစ္စည်း နာမ် ပစ္စည်း ဟူဟူသမျှတို့သည် မဟာဘုတ်ခေါ်သော ဓာတ်ကြီးလေးပါးတို့၏ အစုအဝေးမျှသာ ဖြစ်ကုန်၏။ ဤဓာတ်ကြီးလေးပါးမှ အလွတ်ဖြစ်သော ရုပ်ဟူ၍လည်း မရှိပြီ။ နာမ်ဟူ၍လည်း မရှိပြီ။

---

၁။ ဝိပဿနာ ဒီပနီ (လယ်တီ)

## ဓာတ်ကြီးလေးပါးတို့၏ အချင်းချင်း မတူသော စွမ်းအားသတ္တိများ

ယင်းဓာတ်ကြီးလေးပါးတို့၏ အချင်းချင်းမတူသော ဝိသေသ စွမ်းအားသတ္တိများကားအသို့နည်း။ ယင်းတို့သည်အချင်းချင်းမည်သို့ပေါင်း စည်းစုဝေးကြကုန်သနည်း။ မည်သို့စုဝေး၍ ရုပ်ဟူ၍လည်းကောင်း၊ နာမ် ဟူ၍ လည်းကောင်း ဖြစ်လာကုန်သနည်း။

(၁) မြေဓာတ်။ ။မြေဓာတ်ကား ခက်မာသောအမူအရာအခြင်း အရာမျှသာတည်း။ အဏုမြူတခုကို အစိတ်တသန်းစိတ်၍ တစိတ်စာမျှ အခဲ, အကျိတ်, အလုံ, အမာ အထည်ဒြပ် ဟူ၍မရှိ။

အလွန်ကြည်လင်လှစွာသော နေရောင်, လရောင်, ကြယ်ရောင်, မီးရောင်, ပတ္တမြားရောင်တို့၌ လည်းကောင်း၊ အနီးအဝေး ပျံ့နှံ့၍ သွားသော ခေါင်းလောင်းသံ ကြေးစည်သံ စသည်တို့၌ လည်းကောင်း၊ လေပြည်လေညင်း လေပြင်းမုန်တိုင်း စသည်တို့၌ လည်းကောင်း၊ အနီး အဝေးပျံ့နှံ့ လွင့်ပါး၍သွားသော အမွှေးနံ့၊ အပုပ်နံ့တို့၌ လည်းကောင်း ထိုမြေဓာတ်သည် အပြည့်ပါရှိ၏။

ပထဝီခေါ်မြေဓာတ်သည် သမ္ဘာရ္တ္ထနရသော ရေဓာတ်၊ လေဓာတ် မီးဓာတ် တို့ကို ခံယူခြင်း ကိစ္စရှိ၏ ဟူ၍ အဋ္ဌကထာတို့၌ ဆိုသောကြောင့် အမာခံ ဖြစ်သောမြေဓာတ်အခံ မရှိလျှင် ရေဓာတ်လည်း မရှိနိုင်။ လေဓာတ်လည်း မရှိနိုင်။ မီးဓာတ်လည်း မရှိနိုင်။

မြေဓာတ်၏ ခက်မာသော အမူအရာ၊ ခက်မာသော သဘောကို ဤဥပမာဖြင့် သိရာ၏။ တလုံးတခဲတည်း ဖြစ်ကြသော ရေ၊ တလုံးတခဲ တည်း ဖြစ်ကြသော လေတို့၌ အထက် အထက်၌ နေသောရေ၊ အထက် အထက်၌ နေသောလေတို့က အဆင့်ဆင့် ခံ၍ နေမှုသည် ထင်ရှား၏။ တွန်းကန်၍ ထမ်းထားရမှုသည် ပေါ်လွင်၏။

ထိုခုခံမှုသည် အာပေါလည်းမဟုတ်။ ကပ်တွယ် ဖွဲ့စည်းမှုသည်သာ အာပေါတည်း။ ထိုခုခံမှုသည်တေဇောလည်း မဟုတ်။ ပူမှုအေးမှုသည်သာ တေဇောတည်း။ ထိုခုခံမှုသည် ပထဝီမှု၊ ဝါယောမှု နှစ်ချက်နှင့်ဆိုင်၏။ ထိုခုခံမှု၌ ခက်မာခံ့ကျန်းမှုတခု။ ထောက်ကန် တောင့်တင်းမှုတခု။ ဤနှစ်ခု ဖက်စပ်မှ ခုခံမှုဖြစ်နိုင်သည်။ ထိုနှစ်မှုတို့တွင် ခက်မာခံ့ကျန်းမှုကိုပင် မြေ ဓာတ်ဆိုသည်။ ထောက်ကန်တောင့်တင်းမှုကိုပင် လေဓာတ်ဆိုသည်။

ထိုနှစ်မှုတို့တွင် ထောက်ကန်တောင့်တင်းမှုဟူသော လေဓာတ်သည် ခက်မာခံ့ကျန်းမှုဟူသော မြေဓာတ်ကို မှီရသည်။ မြေဓာတ်ကို လွတ်၍ မိမိအလိုအလျောက် ဖြစ်နိုင်သည် မဟုတ်။

ဤသို့လျှင် ထိုဆိုအပ်ခဲ့ပြီးသော ရေလေတို့၌ ခက်မာခံ့ကျန်းမှုဟူသော မြေဓာတ် ထင်ရှားရှိကြောင်းကို ရေမှာ ရေအလျောက် လေမှာ လေအားလျော်စွာ ခက်မာမှုလက္ခဏာရှိသည်ကို မြင်၍သိအပ်၏။ မီးရောင်, လရောင်, ခေါင်းလောင်းသံ, ကြေးစည်သံ အမွှေးနံ့ စသည် စသည်တို့၌ကား ယင်းတို့အားလျော်စွာ ခက်မာမှုလက္ခဏာများအသီး အသီး ပါရှိကြ ငြားသော်လည်း လွန်စွာအားနည်းလှသော အမှုဖြစ်ချေ၍ လက္ခဏာယုတ္တိနှင့် မပြသာချေ။ ဉာဏ်ဖြင့်သာ ဆ၍ သိရသော ကိစ္စဖြစ်၏။

ထိုခက်မာသော သဘောသက်သက်မျှသာဖြစ်သော မြေဓာတ်သည် အာပေါဟူသော ရေဓာတ်ပရမတ်စေးဖွဲ့စည်းမှုကြောင့် မြေဓာတ်ပေါင်း ကုဋေသိန်းသောင်း ပေါင်းဖွဲ့မိသည်ရှိသော် အဏုမြူတခုဟူသော ဝတ္ထုအမည် ဒြပ် ဖြစ်လာ၏။ အဏုမြူပေါင်းကုဋေ သိန်းသောင်း ပေါင်းဖွဲ့ မိသည်ရှိသော် သန်းကြမ်းပိုး ဖြစ်လာ၏။ ထိုမှအဆင့်အဆင့်ပွား၍ သတ္တဝါတွင် ယူဇနာ လေးထောင့်ရှစ်ရာရှိသော အသူရိန်နတ်ကြီး တိုင်အောင်၊ ဗဟိဒ္ဓ သန္တာန်တွင် ယူဇနာရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သော မြင်းမိုရ် တောင်ကြီး၊ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီ မြေကြီးတိုင် အောင် ဉာဏ်ဖွင့်၍ သိသင့်ရာ၏။

## အရိပ်ပမာ မြေဓာတ်လွှာ

မှန်၌ထင်သောအရိပ်၊ ရေ၌ထင်သောအရိပ်၊ သစ်ပင်ရိပ်၊ တောရိပ်၊ တောင်ရိပ် စသောထိုထိုအရိပ်တို့သည် မြင်းမိုရ်တောင်မျှပင် ကြီးမားစွာ ထင်မြင်ငြားသော်လည်း အဏုမြူမျှ အထည်ဒြပ် မရှိသည့်အတွက်ကြောင့် ပျက်ခွင့်ပျောက်ခွင့် ဆိုက်ခဲ့သော် မျက်တောင်တခတ် လျှပ်တပြက် အတွင်း မှာပင် အကြွင်းမဲ့တရာမက ပျောက်နိုင် ပျက်နိုင်သကဲ့သို့၊ ထို့အတူ မြင်းမိုရ် တောင်နှင့်အမျှ ပွံ့နှံ့ကြီးကျယ်၍နေသော ထိုမြေဓာတ်သည်လည်း တခု တည်းသော ပရမတ်ဆိုင် ပရမတ်ခဲဟူ၍ အဏုမြူခန့်မျှ မရှိသည့်အတွက် မျက်တောင်တခတ် လျှပ်တပြက် အတွင်းမှာပင် အကြွင်းမဲ့တရာမက ပျောက် ပျက်ကွက်ပ်နိုင်ရာသော အရိပ်နိမိတ် ထင်မြင်အောင်ရှုရာ၏။ (ဤကားခက် မာမှု မြေဓာတ်၏ သဘော)

(၂) ရေဓာတ်။ ။ရေဓာတ်အစစ်ကား တွယ်မှု ကပ်မှု ဖွဲ့စည်းမှု သည်သာလျှင် ပရမတ်နှစ် ရေဓာတ်အစစ်တည်း။ ထိုရေဓာတ်သည် ထက်သန်အားရှိခြင်းသို့ ရောက်လတ်သော် စိုစွတ်ခြင်း ယိုစီးခြင်းဟူသော ရေဓာတ် ဖြစ်လေ၏။

ထိုရေဓာတ်သည်လည်း အကျုံ့မှုကို အစိတ်တသိန်းစိတ်သော်လည်း တစိတ်စာမျှ အခဲ, အကျိတ်, အဆံ, အမာ, အထည်ဒြပ်ဟူ၍မရှိ။ တွယ်ကပ်ဖွဲ့စည်းခြင်း ကြိယာ အမူအရာ သက်သက်မျှသာတည်း။

## ရေဓာတ်၏ ဖွဲ့စည်းမှုစွမ်းအား

ထိုရေဓာတ်သည် မြေဓာတ်၊ မီးဓာတ်၊ လေဓာတ်တို့ကို တခုတည်း၊ တသားတည်းကဲ့သို့ နေအောင် ဖွဲ့နှောင်စည်းကြပ် ပေးလေသည်။ ထို့ကြောင့် ဘဝဘူ မဟာဘုတ် သုံးမျိုးတို့သည် တခုကိုတခု အားပြုခွင့် ရကြကုန်သည်။ တပါးကိုတပါး ထောက်ပံ့ခွင့် ရကြကုန်သည်။ ဖွဲ့နှောင်စည်းကပ်ချုပ်ထိန်း၍နေသော ရေဓာတ် ချုပ်ကွယ်ပျောက်ပျက်ခဲ့သည် ရှိသော် ထိုမြေ၊ လေ၊ မီးဓာတ်ကြီး သုံးပါးတို့လည်း အစည်း ပြယ်ပျက်၍ ခဏချင်း ပျောက်ပျက် ကွယ်ဆုံးကြကုန်လေ၏။

လောကဦး ပရမာဏုမြူမှစ၍ သတ္တဝါဦးအသူရိန် နတ်ကြီးဟု ဆိုအပ်သော ရုပ်တုံး၊ ရုပ်ခဲကြီးတိုင်အောင် သက်မဲ့၌ မြင်းမိုရ်တောင် စကြာဝဠာတောင်ကြီးများတိုင်အောင် သဏ္ဍာန်ကြီးငယ် အထည်ဒြပ်အနေနှင့် ရုပ်တရားတို့အကျိတ်, အခဲ, အတုံး, အခဲ,ဖြစ်၍နေကြမှုသည်လည်း-ဤရေဓာတ်၏ ကျေးဇူးပင်တည်း။ ဤရေဓာတ်မှတပါး အတုံးအခဲဖြစ်အောင် ဖွဲ့စည်းသော ဓာတ်ဟူ၍ မရှိပြီ။ မြင်းမိုရ်တောင်ကြီး၌ရှိသော ဖွဲ့စည်းမှုခဏအတွင်း ပျက်ဆုံးသည် ဖြစ်အံ့။ ထိုမြင်းမိုရ်တောင်ကြီးလည်း ခဏအတွင်းမှာပင် ပျက်ဆုံးသွားသည်ဖြစ်ရာ၏။ နိဗ္ဗာန်မှတပါး သင်္ခတလက္ခဏာရှိသော ပရမတ္ထတရားတို့မည်သည် ထောက်ပံ့မှု ပို့တွယ်မှုနှင့်ကင်း၍ မျက်တောင်တခတ် လျှပ်တပြက်မျှ တည်နေနိုင်သော အရာမည်သည် မရှိသောကြောင့်တည်း။ (ဤကား ဖွဲ့စည်းမှု ရေဓာတ်၏သဘော)

၃။ မီးဓာတ်။ ။မီးဓာတ်ဟူသည်ကား ပူမှု၊ အေးမှုဟူသော အမူအရာ ကြိယာမှု သက်သက်သာတည်း။ ပူမှု၊ အေးမှုဟူသည်လည်း ဘဝတူ မြေ၊ ရေ၊ လေ မဟာဘုတ် သုံးပါးတို့ကို ရင့်မာသန်စွမ်းအောင် ပေါင်းနွေးမှုပေတည်း။

ဥပမာ အမိဝမ်းမှဥ၍ မြုံ (ဝပ်ကျင်း)ထဲ၌ တည်ရှိသော ကြက်ဥတို့သည် မိခင်က မပြတ်ဝပ်၍ အငွေ့ပေးလေမှ အစဉ်အတိုင်း ရင့်မာသန်စွမ်း၍ ကြက်သူငယ်အဖြစ်သို့ ရောက်သဖြင့် ပေါက်ဖွားနိုင်သည်။ အမိကြက်မက မဝပ်ပဲ အငွေ့မပေးပဲ နေခဲ့သည်ရှိသော် ကြက်သူငယ်အဖြစ်သို့ မရောက်နိုင်ပြီ။ အမိဝမ်းတွင်းက ထုံခဲ့သော အငွေ့အကုန်တွင် ပုပ်ခြင်းသို့ ရောက်တော့လေသည်။

ဤအတူ တေဇောဟူသော ဤဓာတ်မီးကား အမိကြက်မနှင့် အလားတူ၏။ အတူတကွဖြစ်သော မြေဓာတ်၊ လေဓာတ်၊ ရေဓာတ် ဤဓာတ်ကြီးသုံးပါးတို့ကား ကြက်ဥနှစ်နှင့် တူကုန်၏။ မီးဓာတ်နှင့်အတူ တွဲဖက်ရမှ မြေဓာတ်ဟူသော ခက်မာမှု အောင်မြင်စွာ ဖြစ်နိုင်သည်။ ရေဓာတ်ဟူသော ဖွဲ့စည်းမှုလည်း အောင်မြင်စွာ ဖြစ်နိုင်သည်။ လေဓာတ်ဟူသော တွန်းကန်မှုသည်လည်း အောင်မြင်စွာ ဖြစ်နိုင်သည်။ မီးဓာတ်နှင့်ကင်း၍ မဖြစ်နိုင်ကြကုန်။

သွေးသားမကောင်း၍ ကိုယ်မှာ အလိုအလျောက်ပေါက်လာသော အနာဖြစ်စေ၊ မတော်တဆ ထိခိုက်မိ၍ သွေးထွက်သံယိုရရှိသော ဒဏ်ရာဖြစ်စေ၊ ပြည်တစွက်စွက် ယင်တလျှောင်းလျှောင်းနှင့် မြင်မကောင်းအောင်ဖြစ်နေရာမှ တဖြည်းဖြည်း ခြောက်သယောင်းကာ နောက်ဆုံး၌အနာဖေးတက်၍ ပျောက်ကင်းသွားရခြင်းတို့မှာလည်း တေဇောဟူသော မီးဓာတ်၏ကျေးဇူးပင်တည်း။ တေဇော မီးဓာတ်ပျက်က မည်သည့်အခါမှ အနာကျက်လေတော့မည်မဟုတ်။ (ဤကား ပူမှု၊ အေးမှု မီးဓာတ်၏သဘော)။

၄။ လေဓာတ်။ ။လေဓာတ်ကား ပူပူ၊ အေးမှုဟူသော မီးဓာတ်၏အရှိန်အဝှန်ပေတည်း။ မီးတောက် မီးခိုး၏အတွင်း၌ မီးဓာတ်၏ အာနုဘော်ကြောင့် မီးဓာတ်ကိုပင် အစဉ်ဖြစ်ပွား၍ သွားနိုင်အောင် လှုံ့ဆော်ချီးပင့်မှုဟူသော ဝါယော(လေ)သည် ပါရှိ၏။ ထိုဝါယော(လေ)အတွက်ကြောင့်မီး၏ ပြန့်ပွားခြင်း၊ မီးရှိန်၏ ပြန့်ပွားခြင်း၊ မီးရောင်၏ ပြန့်ပွားခြင်း မီးတောက်၏ တလူလူတက်ပွားခြင်း၊ အခိုးထွက်ခြင်း၊ အဆင့်ဆင့် မီးကူးခြင်းအစရှိသော မီးဓာတ်၏ ပြန့်ပွားစည်ကားမှုတို့သည် ထင်ရှားဖြစ်ကုန်၏။ လောင်စာရှိရာ၌ အနည်းငယ်ချထားသောမီးသည် တွန်းကန်ချီးပင့်မှု ထိုအရှိန်အဝှန်ကြောင့် မီးစာရှိသမျှ လောင်စာရှိသမျှ အကုန်ပြန့်ပွားသွားစေလေ၏၊မီး၌ အရှိန်အဝှန်ညှိ၍ မပွားတည်နိုင်၊ မတောက်တည့်နိုင်ရှိလျှင် ယပ်နှင့်ယပ်၍သည်းကောင်း၊ ပြွောင်းနှင့်မှုတ်၍လည်းကောင်းအပကဒ မှိန်အဝှန်ကူရသေးသည်။ ပူမှုရှိလျှင် ပူရှိန်ပူဟုန်ရှိမြဲ။ အေးမှုရှိလျှင် အေးရှိန်အေးဟုန်

ရှိမြဲ၊ ပူမှုအေးမှုကား တခြား။ အရှိန်အဟုန်ကား တခြား။ ပူမှုအေးမှုကား မီးဓာတ်။ အရှိန် အဟုန်ကား လေဓာတ်တည်း။

## လေဓာတ်၏ လှုပ်ရှားမှုခွမ်းအား

နှလုံးသား၌ ဖြစ်ပေါ်သော တခုခုသောစိတ်ကြောင့် ကောချင်း ကောချင်း တကိုယ်လုံး စိတ္တဇရုပ်တို့ ပျံ့နှံ့ဖြစ်ပွားမှု၊ ဥတုဇရုပ်ကလာပ်တို့ ပျံ့နှံ့ဖြစ်ပွားမှု၊ ဝမ်းထဲသို့ရောက်သော အစာအာဟာရတို့၏ တကိုယ်လုံး အနှံ့အပြား ပျံ့နှံ့ဖြစ်ပွားမှု၊ ကလလရေကြည်မှစ၍ သတ္တဝါတို့၏ အစဉ်အတိုင်း တိုးပွားစည်ကားမှု၊ အညွန့်အညှောက် ပေါ်ပေါက်သည်မှစ၍ သစ်ပင်၊ ချုံ၊ မြက်တို့၏ အစဉ်အတိုင်း တိုးပွားစည်ကားမှု တို့သည်လည်း ဝါယောကည်းဟူသော လေဓာတ်၏ လှုံ့ဆော်မှုနှင့် ဖြစ်ကြကုန်သည်သာတည်း။

ဤဓာတ်သည်လည်း ဆိုခဲ့ပြီးသော ဓာတ်တို့နည်းတူ အဆံ၊ အမာဟူ၍ အကျုံးမှုချမရှိ။ ထို့ကြောင့် ရေထဲမှန်ထဲ၌ထင်သော လူရိပ်စသည်ကဲ့သို့ ပျက်ခွင့် ပျောက်ခွင့်ဆိုက်ခဲ့သော် မျက်တောင်တခတ် လျှပ်တပြက် အတွင်းမှာပင် အကြိမ်တရာခုက ပျောက်ပျက်လေသည်ပင်တည်း။ (ဤကား အရှိန်အဝှန် လေဓာတ်၏သဘော)။

## ဓာတ်လေးပါးတို၏

## အဖြစ်သဘောနှင့် အပျက်သဘော

၁။ ခက်မာမှု (ပထဝီ)

၂။ ဖွဲ့စည်းမှု (အာပေါ)

၃။ ပေါင်းနွေးမှု (တေဇော)

၄။ အရှိန်အဟုန်မှု (ဝါယော)

ဤလေးခုသော အခြင်းအရာ အမူအရာ ကြိယာကြီးတို့သည် သဘောလက္ခဏာအားဖြင့် အသီးအသီး ထင်ရှားကြကုန်၏။ တည်ရာဌာနအားဖြင့် ခက်မာမှု (ပထဝီ)ကို မှီတည်၍၊ အခြေခံ၍ တခုတည်းကဲ့သို့ တည်ကုန်၏။ ဖြစ်အတူ၊ ပျက်အတူ၊ တည်အတူ တို့သာတည်း။[၁]

---

၁။ ဝိဘင်းပါဠိတော်။

(က) ကော် မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ
မဟာဘူတ်တခုကို စွဲမှီ၍ မဟာဘူတ်သုံးခုတို့ဖြစ်ကုန်၏။
(ခ) တယောမဟာဘူတေ ပဋိစ္စ ကော် မဟာဘူတံ။
မဟာဘူတ်သုံးခုကို စွဲမှီ၍ မဟာဘူတ်တခု ဖြစ်၏။
(ဂ) ဒွေမဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ။
မဟာဘူတ်နှစ်ခုတို့ကို စွဲမှီ၍ မဟာဘူတ်နှစ်ခုတို့ ဖြစ်ကုန်၏။

ယင်းသို့အချင်းချင်း မကင်းရာ မကင်းကြောင်း ကျေးဇူးပြု၍ ဖြစ်ကြသည်တွင် ဥပမာ ခက်မာမှုတည်းဟူသော မြေဓာတ် ပျက်ဆုံးလျှင် တည်ရာ မှီတွယ်ရာ မရှိတော့ပြီ ဖြစ်၍ ကြွင်းသော ဓာတ်သုံးပါးလည်း ပျက်စီးရတော့သည်။

ထို့အတူ ဖွဲ့စည်းမှုဟူသော ရေဓာတ် ပျက်ဆုံးလျှင် အဖွဲ့အစည်း ပျက်သဖြင့် တခုနှင့်တခု ထောက်ပံ့မှုကင်းကြ၍ အကုန်လုံးပင် ပျက်ဆုံးကြတော့သည်။ ပေါင်းနွေး၍ ထက်သန်အောင်ပြုမှု ဟူသော မီးဓာတ်ပျက်လျှင်လည်း ကျန်ဓာတ် သုံးပါးတို့လည်း ထောက်တည်ရာ မရကြတော့ပဲ အကုန် ပျက်စီးလေတော့သည်။ ကြံ့ခိုင်တောင်းတင်းမှု ဟူသော လေဓာတ် ပျက်လျှင်လည်း ကြွင်းသော ဓာတ်တို့လည်း အားပြတ်၍ ရပ်ကုန်လေတော့သည်။

ထို့အတူ ခက်မာမှုဟူသော မြေဓာတ်သည်လည်း ခက်မာခြင်းကြိယာကို ကြံ့ကြံ့ရံ့ရံ့ တင်းတင်းရင်းရင်း ဖြစ်အောင် ချီးပင့်သော လေဓာတ်မရှိလျှင် အားပြတ်၍ ပျက်ရလေ၏။ ဖွဲ့စည်းခြင်းဟူသော ရေဓာတ်သည်လည်း ဖွဲ့တွယ်ခြင်းကြိယာကို ကြံ့ကြံ့ရံ့ရံ့ တင်းတင်းရင်းရင်းဖြစ်အောင် ချီးပင့်သော လေဓာတ်မရှိလျှင် အားပြတ်၍ ကွယ်ဆုံးလေ၏။

ယင်းဓာတ်လေးပါး၊ မဟာဘူတ် လေးမျိုးတို့အနက် အချုပ်အခြာကား- တေဇော မီးဓာတ်ဖြစ်သည်။ စကြာဝဠာ ကမ္ဘာရေ မြေနှင့်တကွ ရုပ်သဏ္ဍာန်နှင့်စပ်သော သက်ရှိ သက်မဲ့ အလုံးစုံသည် တေဇောတည်းဟူသော မီးဓာတ်၏ အပွားအစီး ချည်းသာတည်း။

ဤ ဆိုအပ်ပြီးသည်တို့ကား-

"ဓာတ်လေးပါးတို့၏ အချင်းချင်း မတူသော ဝိသေသ စွမ်းအား သတ္တိများကား အသို့နည်း။ ယင်းတို့သည် အချင်းချင်း မည်သို့ ပေါင်းစည်း စုဝေးကုန်သနည်း။ မည်သို့ စုဝေးကာ ရုပ်,

နာမ် ဖြစ်လာကုန်သနည်းဟူသော မေးခွန်းရပ်များနှင့် ပတ်သက်သော အဖြေစကားရပ်တို့ ဖြစ်ကုန်သတည်း။

## လောကဓာတ် ဇာတ်ခုံပေါ်ဝယ် ထူးထွေသည့် အံ့ရာသော မျက်လှည့်ပြနေသော မျက်လှည့်ဆရာကြီး မဟာဘုတ်

မဟာဘုတ်ခေါ်သော ဓာတ်ကြီး လေးပါးသည် ရုပ်ခွဲ၊ နာမ်ခွဲ အမျိုးမျိုး ပြောင်းလွဲဖန်ဆင်း၍ ပြတတ်သော ကမ္ဘာကျော် မျက်လှည့်ဆရာကြီးနှင့် အလားတူ၏။

ယင်း ဓာတ်ကြီးလေးပါးတို့ သဟဇာတ်ဖြစ်၍ အတူတကွ စပ်နှော လုံးထွေးမိလေသောအခါ သတ္တဝါအကောင် မဟုတ်ပါပဲလျက်ကို ငါ အကောင်၊ သူအကောင် ဟူ၍လည်းကောင်း။ ခွေးအကောင်၊ ဝက် အကောင်၊ ငှက်အကောင် ဟူ၍လည်းကောင်း။ လင်အကောင်၊ မယား အကောင် သားသမီးအကောင် ဟူ၍လည်းကောင်း ထင်မှတ်အောင် လှည့် ပတ်ပြလေ၏။ ထိုအခါ သူ၊ ငါ၊ ခွေး၊ ဝက်၊ လင်၊ မယား၊ သားသမီးဟူ၍ တကယ်ရှိ၊ အဟုတ်ရှိသယောင် ထင်လာကုန်လေ၏။

သက်မဲ့ ရုပ်ဝတ္ထုတို့ကိုလည်း မှိုင်းမှိုင်းညို့ညို့၊ မှိုမှိုမည်းမည်းနှင့် တကယ့်တောကြီးတွေ၊ တကယ့်တောင်ကြီးတွေ၊ တကယ့်သစ်ပင်ကြီးတွေ ထင်ရအောင် အမျိုးမျိုး လှည့်ပတ်ဖန်ဆင်း၍ ပြကုန်၏။ ထိုအခါ "ဤသည် တို့ကား တကယ့်တောကြီး၊ တကယ့်တောင်ကြီး၊ တကယ့်သစ်ပင်ကြီးတွေ ပါတကား"ဟူ၍ မရှိပဲလျက်ကို အရှိထင်လာကုန်လေ၏။

လောက၌ တစ္ဆေ၊ သရဲ၊ အစိမ်း၊ သဘက်၊ ဖုတ်၊ ပြိတ္တာ၊ ဘီလူးတို့ကို "မဟုတ်ပဲလျက်ကို အဟုတ်ထင်အောင် ဖန်ဆင်းပြတတ်သော နာနာဘာဝ များ"ဟု ဆိုကုန်၏။ အဘိဓမ္မာ အဋ္ဌကထာ ကျမ်းပြုဆရာသည် မဟာဘုတ် လေးပါး၏ အသွင်ကို အဆိုပါ အမျိုးမျိုး ဖန်ဆင်းတတ်သော နာနာဘာဝ ဖုတ်၊ ပြိတ္တာ၊ ဘီလူးများနှင့် ခပ်ဆင်ဆင် တူသည်ဟု မြင်လေ၍ "မဟာ ဘူတ သာမညတော မဟာဘူတာ"ဟု ဥပမာပေး၍ မဟာဘုတ်ကို အနက် ဖွင့်တော်မူလေသည်။ မဟာဘူတသာမညတော၊ မျက်လှည့်သမား ဘီလူး သရဲ သဘက် ဖုတ် ပြိတ္တာ အစိမ်းများနှင့် တူသည်၏ အဖြစ်ကြောင့်၊ တာ၊ ထိုမဟာဘုတ် လေးပါးတို့သည်။ မဟာဘူတာ၊ မဟာဘုတ် မည်ကုန်၏ဟု ဆိုသတည်း။

လူတို့သည် မျက်လှည့်ဝိဇ္ဇာ၊ မဟာဘုတ်ဆရာကြီး၏ လှည့်စားကွက်၊ ပြားယောင်းကွက် ပဉ္စလက်ပညာအောက်တွင် မျက်ကြောသေသေနှင့် မှိုင်းမိနေကြကုန်ရကား မြေ၊ ရေ၊ လေ၊ မီး ဓာတ်ကြီး လေးပါး အရှိကို အရှိအတိုင်းမမြင်ကြတော့ကုန်။ မျက်လှည့်ဝိဇ္ဇာ မဟာဘုတ်ဆရာကြီး၏ ဆန္ဒအတိုင်းသာ လူပဲ၊ နတ်ပဲ၊ သူပဲ၊ ငါပဲ၊ ခွေးပဲ၊ ကြက်ပဲ၊ ထဘီပဲ၊ ပုဆိုးပဲ၊ လင်ပဲ၊ မယားပဲ၊ သားပဲ၊ သမီးပဲ၊ အိမ်ပဲ၊ တိုက်ပဲ၊ ရုံးပဲ၊ ကျောင်းပဲ ဟူ၍ ထင်ကုန်၊ မြင်ကုန်လေ၏။ ဘုတ်ပျောက်ပြီး၊ ရုပ်ခြောက်၊ ရုပ်ပိန်၊ ရုပ်ဖောင်း၊ ရုပ်ပွမျှားကိုသာ အဟုတ်ကြီးထင်၍ မြင်ကြကုန်လေ၏။

မျက်လှည့်ဆရာ၏ လှည့်စားခြင်း အတတ်ပညာရပ်ဖြင့် လှည့်ပတ်ချက်ကို မပါးမနပ်သူ၊ အသိဉာဏ်ခေါင်းပါးသော လူထူ၊ လူပြိန်းတို့က အကြွင်းမဲ့လက်ခံ ယုံကြည်ကြကုန်သော်လည်း သူ့ထက် သာသော ဆရာ့ဆရာကြီးများက လည်းကောင်း၊ သူနှင့်တန်းတူ ပညာအဆင့်ရှိသူများက လည်းကောင်း ယုံကြည်ခြင်းမရှိကြကုန်။ မဟုတ်ကို မဟုတ်မှန်းသိထားကြသောကြောင့် တစုံတရာအံ့သြခြင်းလည်း မဖြစ်ကြကုန်။

လောကဓာတ်ဘုံကြီးအတွင်းရှိ အရာခပ်သိမ်းကို အကြွင်းမဲ့ အကုန်အစင် ထင်းကနဲ လင်းကနဲ ဝင်းကနဲ သိမြင်တော်မူသော သဗ္ဗညုဘုရားသခင်ကား မဟုတ်တယုတ်တွေ လျှောက်လုပ်နေသော မဟုတ်၏ အကြောင်းကို ကောင်းကောင်း သိပြီးဖြစ်နေ၏။ ထို့ကြောင့် မဟာဘုတ်သည် ဗုဒ္ဓကို အဘယ်မှာလျှင် လှည့်စားနိုင်ပါ့တော့မည်နည်း။ အဘယ်မှာလျှင် ဗုဒ္ဓကို လိမ်၍ညာ၍ ဖြီးဖြန်း၍ ရနိုင်ပချိမ့်နည်း၊ ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်အောက်တွင် မဟာဘုတ်သည် တလိမ့်ခေါက်ကွေး ကျွမ်းပြန်၍ ကျဆုံးရလေပြီတည်း။ ဗုဒ္ဓသည် မဟာဘုတ်အကြောင်းကို ဖွင့်ဖော်၍ ဤသို့ ကမ္ဘာသိအောင် ကြွေးကြော်လိုက်သတည်း။ ကတမဉ္စ ဘိက္ခဝေ ရူပံ စသည်။

“ရဟန်းတို့ ရုပ်ဟူသည် အဘယ်နည်း။ မြေ၊ ရေ၊ လေ၊ မီးတည်းဟူသော မဟာဘုတ် လေးပါးတို့သည် လည်းကောင်း၊ ယင်းမဟာဘုတ် လေးပါးကို စွဲမှီ၍ ဖြစ်သော ဥပါဒါရုပ် သည်လည်းကောင်း။ ဤနှစ်ပါး အပေါင်းကို ရုပ် ဟူ၍ ဆိုအပ်၏။

ဗုဒ္ဓသည် ဤသို့လျှင် လူပဲ၊ နတ်ပဲ၊ သူပဲ၊ ငါပဲ အထင်စွဲနေသော ရုပ်တို့၏ မူလအရှိကို အမှုအတိုင်း ထောက်ပြတော်မူလိုက်၏။

---

၁။ ဓမ္မသင်္ဂဏီပါဠိတော်။

ယင်းရုပ် အချက်နှင့်ပတ်သက်၍ အဓိပ္ပာယ်ကို ထင်းကနဲ လင်းကနဲ ဝင်းကနဲမြင်လာအောင် ဒီပဲယင်း ဆရာတော်ဘုရားကြီး၏ ရှင်းပြချက်မှာလည်း ပေါ်လွင်လှ၏။ ရှင်းပြထားပုံကား

၂ "လူရှင်အကောင်ကို ကြိတ်ညှပ် ညှစ်ထုတ်သော် သွေးတို့သည် တမြူခန့် ရရာ၊ ထွက်ရာ၏။ ကြိတ်ညှပ်ပြီး အဖတ်ကို နေလှန်း၍ အမှုန့်ကြိတ်သော် ငါးပြည်ခန့်ရှိရာ၏။ ယင်း ငါးပြည်ခန့် အမှုန့်ကို ယင်းတမြူခန့် သွေးနှင့် သမအောင်နယ်၍ လူ့သဏ္ဌာန် လူနှင့်တူအောင် လူမှုန့်ရုပ်ကြီးလုပ်ပြီးလျှင် လူရှင် လူကောင်းနှင့် ယှဉ်ပြိုင်သော် လူရှင် လူကောင်းမှာ ကံ, စိတ်, အာဟာရတို့ကြောင့်ဖြစ်သောအပူ၊ အအေး၊ အနွေး၊ အငွေ့တို့သည် ပူနွေးရင့်ကျက်စေသောကြောင့် နုနု ဖပ်ဖပ်၊ လတ်ဆတ်ပျောင်းပျော့သည်။ လေဓာတ်ဖောင်းပွ၊ တိုးဝှေ့၊ တွန်းကန်တောင့်ခိုင် စေသောကြောင့် သံတုံး ကျောက်ခဲတို့ကဲ့သို့ ကျစ်ကျစ် လျစ်လျစ်၊ မမာ၊ မလေးပဲ ပွပျော့ ပေါ့ပါး လှုပ်ရှားနိုင်လေသည်။ (ဤကား နှိုင်းဆရန်စကား)။

ဓာတ်လေးပါးအချက်ကို တင်စားချက်ဖြင့် ရှင်းပြသည်မှာ ပေါ်လွင်ထိရောက်လှ၏။ လူမှုန့်ဖြစ်သော လူခြောက်မှုန့်အတုံးအခဲကြီးနှင့် လူရှင်ကို ယှဉ်ပြထားပုံ၊ လူခြောက်နှင့် လူရှင်ဓာတ်လေးပါး၏ အစုအဝေးချင်းတူသော်လည်း လူရှင်မှာ ကံ၊ စိတ်၊ ဥတုတို့၏ တန်ခိုးသတ္တိများ ထင်ရှားရှိနေသဲ ဖြစ်သဖြင့် ကျောက်ခဲတုံးကြီးများကဲ့သို့ မာပြင်းပြင်း တောင့်တင်းမနေလေပဲ နူးညံ့ပျော့ပျောင်းပုံ၊ နုနုဖပ်ဖပ် ရွှန်းရွှန်းစိုစိုရှိပုံ၊ ဖျတ်ဖျတ်လတ်လတ် ပေါ့ပေါ့ပါးပါးနှင့် လှုပ်ရှားသွားလာနိုင်ပုံများကို ကွက်ကွက်ကွင်းကွင်း ထင်းကနဲ လင်းကနဲ ဝင်းကနဲ မြင်နိုင်ပေသည်။

## ဘုတ်ကြီးအောက်က
## ဘုတ်ကလေး ၁၄ ကောင်

သစ်ပင်တပင်သည် ရှိ၏။ ထိုသစ်ပင်၌ ခက်မ, ခက်သေး အကိုင်းအခက်တို့သည် ရှိကုန်၏။ ထိုအကိုင်းအခက်တို့သည် သစ်ပင်ကို မှီ၍သာ ဖြစ်ကုန်၏။ သစ်ပင်သာလျှင် မှီရာ တည်ရာ ရှိကုန်၏။ ယင်းအကိုင်းအခက်

၂။ ပရမတ္ထသရုပ်ကျမ်း။

တို့သည် သစ်ပင်ကိုလွတ်၍ ဝါ၊ သစ်ပင်တည်းဟူသော အမှီအတွယ် မရှိလေပဲ မဖြစ်ကုန်။

ဤဥပမာနှင့် အလားတူသာလျှင် ခတ်ကြီးလေးပါး၊ ဝါ၊ မဟာဘုတ်လေးခုတို့၏ အစုအဝေး ဖြစ်သော လူကောင်၊ နတ်ကောင်၊ ဗြဟ္မာကောင် စသောရုပ်တို့သည် သစ်ပင်ကြီးများနှင့် အလားတူကုန်၏။ မျက်စိ, နား, နှာ, လျှာ စသည်တို့သည် အကိုင်းအခက်များနှင့် အလားတူကုန်၏။

မှန်၏။ သစ်ကိုင်း၏ မှီရာ တည်ရာကား သစ်ပင်ဖြစ်သကဲ့သို့ ထို့အတူ မျက်စိ၏တည်ရာ မှီရာကား လူကောင် နတ်ကောင် ဗြဟ္မာကောင်တို့၏ ခန္ဓာကိုယ်သာလျှင်တည်း။ ခန္ဓာကိုယ်မှတပါး မျက်စိတည်ရာ မှီရာ မည်သည် မရှိပြီ။

မျက်စိ, နား, နှာ စသည်တို့သည်လည်း ဓာတ်လေးပါး၏ အစုအဝေးများသောကြောင့် သဘောအားဖြင့် ဘုတ်ပင် မည်ကုန်၏။ သို့သော်ငြားမျက်စိ, နား, နှာ စသည်ကိုကား သူ့အလိုအလျောက် ဖြစ်မလာနိုင်ကုန်။ ဘုတ်လေးပါး၏အစုအဝေးဖြစ်သော ခန္ဓာကိုယ်ရုပ်ကိုမှီ၍တွယ်၍သာဖြစ်ကုန်၏။ အဘိဓမ္မာကားအားဖြင့်မဟာဘုတ်ကို မှီ၍ ဖြစ်သောကြောင့် ဥပါဒါရုပ်ဟုခေါ်၏။ ဘုတ်ကြီးလေးပါးကို ထောက်လျှင်လည်း ဘုတ်ကလေးဟု ဆိုသင့်သောကြောင့် ဤ၌ ဘုတ်ကလေးဟူသော ဝေါဟာရစကားလုံးကို အသုံးပြုလိုက်ခြင်းဖြစ်၏။

မဟာဘုတ်ကိုမှီ၍ ဖြစ်သော (ဝါ) မဟာဘုတ်တည်း ဟူသော အမှီအတွယ်ရှိမှသာလျှင် ဖြစ်နိုင်သော ဥပါဒါရုပ် ခေါ်သော ဘုတ်ကလေးပေါင်း ၁၄ မျိုးရှိ၏။ (ဝါ) ဘုတ်ကလေး ၁၄ ကောင် ရှိလေသတတ်။ ၎င်းတို့ကား....

၁။ စက္ခု၊ မျက်စိရုပ်။ မျက်လုံးအိမ်တွင်းမှာ ပေါ်သော အကြည်ရုပ်။ အကြည်ဓာတ်။

၂။ သောတ၊ နားရုပ်။ နားအိမ်တွင်းမှာ ပေါ်သောအကြည်ရုပ်။ အကြည်ဓာတ်။

၃။ ဃာန၊ နှာခေါင်းရုပ်။ နှာခေါင်း အိမ်တွင်းမှာ ပေါ်သော အကြည်ရုပ်။ အကြည်ဓာတ်။

၄။ ဇိဝှာ၊ လျှာရုပ်။လျှာအပြင်မှာ ပေါ်ရှိနေသော အကြည်ရုပ်။ အကြည်ဓာတ်။

၅။ ဟဒယ၊ နှလုံးရုပ်။ နှလုံးအိမ်တွင်းမှာ ပေါ်ရှိသော အလွန် နူးညံ့ထွန်းပလုသော ရုပ်အထူး။

၆။ ကာယ၊ ကိုယ်ရုပ်။ ခြေဖဝါး အပြင်မှစ၍ အတွင်း အပြင် တကိုယ်လုံးမှာ ပေါ်ရှိသော အကြည်ရုပ်။ အကြည်ဓာတ်။

၇။ ဝဏ္ဏ၊ အဆင်းရုပ်။ ရူပါရုံအဆင်းသဏ္ဌာန် အမျိုးမျိုး။

၈။ သဒ္ဒ၊ အသံရုပ်။ သဒ္ဒါရုံ အသံအမျိုးမျိုး။

၉။ ဂန္ဓ၊ အနံ့ရုပ်။ ဂန္ဓာရုံ အနံ့အမျိုးမျိုး။

၁၀။ ရသ၊ အရသာရုပ်။ ချိုချဉ်စသော ရသာရုံ အမျိုးမျိုး။

၁၁။ အာဟာရရုပ်။ ရုပ်ဆီ၊ ရုပ်နှစ်၊ အဆီအစေး အမျိုးမျိုး။

၁၂။ ဇီဝိတရုပ်။ ရှင်သန်နေစေမှုန် စောင့်ချုပ် အုပ် ထိန်း သော ရုပ်ရှင်၊ ရုပ်နှစ်။

၁၃။ ဣတ္ထိဘာဝရုပ်၊ မိန်းမသဏ္ဌာန် အမျိုးမျိုး။

၁၄။ ပုမ္ဘာဝရုပ်။ ယောကျ်ားအမူအရာ အမျိုးမျိုး။

ဤသည်တို့ကား မဟာဘုတ် လေးပါးကို မှီ၍ ဖြစ်သောကြောင့် ဥပါဒါရုပ် ခေါ်သော ဘုတ်ကြီးအောက်က ဘုတ်ကလေး ၁၄ ကောင်တို့ ဖြစ်ကုန်၏။

## စိတ် ခြောက်မျိုး

ယင်း ဥပါဒါရုပ် ဘုတ်ကလေး ၁၄ ကောင်တို့၌ နေရာအားလျော်စွာ ဖြစ်ပေါ်လာသော စိတ် ခြောက်မျိုးရှိ၏။ ယင်း ခြောက်မျိုးကား....

၁။ မြင်စိတ်မျိုး။
၂။ ကြားစိတ်မျိုး။
၃။ နံစိတ်မျိုး။
၄။ လျက်စိတ်မျိုး။
၅။ တွေ့စိတ်မျိုး။
၆။ ကြံစိတ်မျိုး။

ဤသို့အားဖြင့် စိတ်ခြောက်မျိုးတည်း။

ယင်းတို့အနက် မျက်လုံးမှာ ဖြစ်ပေါ်သော စိတ်သည် မြင်စိတ် မည်၏။ (စက္ခုဝိညာဏ်စိတ်)။ နားတွင်းမှာ ဖြစ်ပေါ်သော စိတ်သည် ကြားစိတ်မည်၏။ (သောတဝိညာဏ်စိတ်)။ နှာခေါင်းတွင်းမှာ ဖြစ်ပေါ် သော စိတ်သည် နံစိတ်မည်၏။ (ဃာနဝိညာဏ်စိတ်)။ လျှာအပြင်မှာ ဖြစ်

ပေါ်သောစိတ်သည် လျက်စိတ် မည်၏။ (ဇိဝှာဝိညာဏ်စိတ်)။ အချို အချဉ် စသော ရသာရုံတို့ကို ချိုမှုန်းချဉ်မှုန်း စသည်ဖြင့် သိမှုကို လျက်စိတ် ခေါ်သည်။ တကိုယ်လုံး၌ ဖြစ်ပေါ်သော စိတ် သည် တွေ့စိတ် မည်၏။ (ကာယဝိညာဏ်စိတ်)။ နှလုံးအိမ်တွင်း၌ ဖြစ်ပေါ်သောစိတ်သည် ကြံစိတ် မည်၏။ (မနော ဝိညာဏ်စိတ်)။

## စိတ်အာရုံ ခြောက်မျိုး

ထိုစိတ်၏ အာရုံတို့သည်လည်း ခြောက်မျိုး ရှိကုန်၏။ ယင်းခြောက် မျိုးတို့ကား....

၁။ အဆင်းအာရုံတမျိုး (ရူပါရုံ)။
၂။ အသံ အာရုံတမျိုး (သဒ္ဒါရုံ)။
၃။ အနံ့ အာရုံတမျိုး (ဂန္ဓာရုံ)။
၄။ အရသာ အာရုံတမျိုး (ရသာရုံ)။
၅။ ကိုယ်၌ ထိခိုက်ရန် အာရုံတမျိုး (ဖေါဋ္ဌဗ္ဗာရုံ)။
၆။ ထွေထွေလာလာ ကြံသိရန် အာရုံတမျိုး (ဓမ္မာရုံ)။

ယင်း ခြောက်မျိုးတို့အနက် မျက်စိနှင့် အဆင်းအာရုံ တွေ့ဆုံ၍ နေကြသဲအခါ၌ မျက်လုံးမှာ မြင်စိတ်ဖြစ်ပေါ်၏၊ ထိုအဆင်းကို မြင်၏။ ထိုအာရုံနှင့် မျက်နှာလွှဲပြန်လျှင် ထိုမြင်စိတ် ပျက်ဆုံးပြန်၏။ အဆင်းဝတ္ထု (ရူပါရုံ)အမျိုးမျိုး ပြောင်းလဲတိုင်း မြင်စိတ်အမျိုးမျိုး ပြောင်းလဲ၏။

နား ဥပစာ၌ အသံအာရုံ (သဒ္ဒါရုံ) ပေါ်လာတိုင်း နားတွင်းမှာ ကြားစိတ်ဖြစ်ပေါ်လာ၏။ ထိုအသံကို ကြား၏။ ထိုအသံစဲသွားပြန်လျှင် ထိုကြားစိတ် ပျက်ဆုံးပြန်၏။ ထိုအသံ အမျိုးမျိုး (သဒ္ဒါရုံ) ပြောင်းလဲ တိုင်း ကြားစိတ် အမျိုးမျိုး ပြောင်းလဲ၏။

အနံ့အာရုံတို့နှင့် နှာခေါင်းတွင်းမှာ ဖြစ်ပေါ်သော နံစိတ်မျိုး၊ အချိုအချဉ်စသော အရသာတို့နှင့် လျှာအပြင်မှာ ဖြစ်ပေါ်သော လျက်စိတ် မျိုးတို့မှာလည်း ထိုနည်းတူပင်တည်း။

တွေ့စိတ်သည်ကား တကိုယ်လုံးမှာ ဖြစ်ပေါ်၏။ မြမြထက်သော အပ်သွားနှင့်ထိုး၍ စမ်းသော် နာမှုန်းသိရာ ကိုယ်အင်္ဂါ အလုံးစုံသည် တွေ့ စိတ်မျိုး၏ ဖြစ်ပေါ်ရာ ဌာနချည်းပင်တည်း။ ထိုတွေ့စိတ်သည် ထိမှုန်း သိရုံ လည်း ရှိ၏။ ဒုက္ခဝေဒနာ ပါရှိသောအခါ နာစိတ် အမျိုးမျိုး၊ ကျင်စိတ် အမျိုးမျိုး၊ ကိုက်စိတ်၊ ခဲစိတ်၊ ပူစိတ်၊ အိုက်စိတ်၊ အေးစိတ်၊ ချမ်းစိတ်၊

ယားစိတ်၊ ယံစိတ်၊ ကျိန်းစိတ်၊ စပ်စိတ်၊ အောင့်စိတ် စသည် အမျိုးမျိုး ရှိ၏။

လူအများတို့သည်မူကား ထိုနာမှု၊ ကျင်မှု စသည်တို့ကို စိတ်ဓာတ်ဟူ၍ မသိနိုင်ကြကုန်။ ဝိညာဏ်ဓာတ်ဟူ၍ မသိကြကုန်။ နာမ်ဓာတ်ဟူ၍ မသိကြကုန်။ ကျောက်ကုန်းအပြင်မှာ နေပြင်းစွာပူသောအခါ ကျောက်ကုန်း ရေပေါ်မှာ ထိုစိတ်တွေ အသင့်အနန္တ ဖြစ်နေ၏။ လူအများတို့သည်မူကား ထိုစိတ်တွေကို ကျောက်ကုန်းရေပူသော ရုပ်အစုနှင့် တခုတည်းယူ၍ ''ကျောက်ကုန်းရေပူသည်'' ဟူ၍သာ မှတ်ယူပြောဆိုတတ်ကြကုန်၏။

ဦးခေါင်းကိုက်သည်ဟု သိကြ၏။ ဦးခေါင်းတွင်းမှာ ဒုက္ခဝေဒနာနှင့်ယှဉ်သော ကိုက်ဝိညာဏ်မျိုးဖြစ်ပေါ်၍နေသည်ဟု မသိကြ။ ခေါင်းကိုက်ပျောက်သည်ဟု သိကြ၏။ ထိုကိုက်ဝိညာဏ် ချုပ်ပျောက်သည်ဟု မသိကြ။ ထိုထိုကိုယ်အင်္ဂါတို့၌ နာမှုပေါ်သည်၊ နာမှုပျောက်သည် စသည်တို့၌လည်း ထိုနည်းတူ သိရာ၏။

နှလုံးတွင်း၌ ဖြစ်ကြကုန်သော သိစိတ်၊ ကြံစိတ်၊ တွေးစိတ်တို့သည် မူကား လောဘစိတ်အမျိုးမျိုး၊ ဒေါသစိတ်အမျိုးမျိုး၊ မောဟစိတ်အမျိုးမျိုး၊ သဒ္ဓါစိတ်အမျိုးမျိုး၊ မေတ္တာစိတ်အမျိုးမျိုး စသည်ဖြင့် အလွန်များပြားကုန်၏။

လောဘအာရုံနှင့် တွေ့ကြုံသောအခါ လောဘခေါ်သော စိတ်ကြီးနှင့် ဖက်တွဲ၍ နှလုံးထဲမှာဖြစ်ပေါ်လာသော သိမှု၊ ကြံမှု၊ တွေးမှုကို လောဘစိတ်ဆိုသည်။ ဒေါသစိတ် စသည်တို့၌လည်း ထို့အတူပင်တည်း။

## စိတ်လည်း တန်းစီရ၏

မြင်စိတ်၊ ကြားစိတ်၊ နံစိတ် စသည်ဖြင့် စိတ်ခြောက်မျိုးရှိကြောင်း အထက်၌ ဆိုခဲ့ပြီ။ ထိုစိတ်၊ ဤစိတ်၊ အနှီစိတ်တို့သည် နှလုံးသွေးထဲတွင် တလှည့်စီ၊ တလှည့်စီ သူ့အလှည့်နှင့်သူ ဖြစ်ကုန်၏။ အာရုံတခုခု၌ စိတ်နှစ်မျိုးတွဲ၍ တပြိုင်တည်း ဖြစ်ပေါ်သည်ဟူ၍ မရှိ, တခုပျက်ဆုံးမှ တခုပေါ်၏။[၁] တခု မပျက်သေးလျှင် နောက်စိတ်က တန်းစီနေရ၏။

ဥပမာ....။ လူတယောက်မှာ နတ်ဆိုးလည်း ဝင်ပူး၏။ နတ်ကောင်းလည်း ဝင်ပူး၏။ နတ်ယှဉ်နေသူဖြစ်၏။ သို့သော် နတ်ပူးရာ၌ နတ်ဆိုးရော၊ နတ်ကောင်းပါ ပြိုင်တူဝင်ပူးသည် မရှိ။ တဦးထွက်မှသာ တဦး

---

၁။ ပုရိမံ ဘိက္ခဝေ ဝိညာဏံ၊ ပစ္ဆိမံ ဝေဿယော တဏော၊ ဝိသုဒ္ဓိမဂ်။

ဝင်သကဲ့သို့တည်း။ နတ်ကောင်းမထွက်ခင် နတ်ဆိုးက စောင့်နေရသကဲ့သို့တည်း။

ထို့အတူ....ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ကို ခဏချင်း ခဏချင်း လှုပ်ရှားလျှင် သွားမှု၊ လာမှု၊ ပြောမှု၊ ဆိုမှု စသည်တို့ကို ပြုလုပ်နိုင်သော စိတ်တန်ခိုးကြီးတို့သည် ထိုနှလုံးဌာနမှ ဖြစ်ပွားကြကုန်၏။ လူအများတို့ကား ထိုနှလုံးဌာနမှ ဖြစ်ပွားကြကုန်သော စိတ်တို့ကို တလှည့်စီ၊ တလှည့်စီ၊ ပေါ်ချည်ဖြစ်ချည် နေကြသည်ဟု မသိကြကုန်။ ထွေထွေလာလာ ကြံတတ်၊ တွေးခေါ်တတ်၊ သိတတ်သော စိတ်တခုတည်း အမြဲတည်ရှိ၍နေသည်ဟု ထင်မှတ်ကြကုန်၏။

ဖြတ်ခနဲ ဖြတ်ကနဲ၊ အဖြစ်အပျက်တွေ မြန်ဆန်လွန်းလှသောကြောင့် တပြိုင်တည်း၊ တချက်တည်း ဖြစ်သကဲ့သို့ ထင်ရ၏။ မျက်တောင်တခတ်၊ လျှပ်တပြက်အတွင်း ကုဋေတသိန်းမက တန်းစီ၍ ဖြစ်ပျက်ကြောင်းကို ကျမ်းဂန်တို့၌ ဆိုကုန်၏။

ထို့ကြောင့် စိတ်သည် ယောကျ်ား-မိန်းမ မရွေး မည်သူ၌ဖြစ်စေ တယောက်သောပုဂ္ဂိုလ်တွင် စိတ်နှစ်မျိုး သုံးမျိုး ဒုံပြွတ်လိုက်၊ အတွဲလိုက် မည်သည့်အခါမျှ မဖြစ်၊ တမျိုးဖြစ်ပြီးမှသာ နောက်တမျိုး ဖြစ်သတည်း။

အချုပ်အားဖြင့် မဟာဘုတ်ကား အရင်းခံ ပင်မဓာတ်ကြီး လေးပါးတည်း။ ဘုတ်ကိုမသိလျှင် ဘုတ်ပြသော မျက်လှည့်ပွဲကိုသာ ကြည့်နေရမည်။ သူသူငါငါ ရုပ်ကိုချစ်စရာ၊ ကြိုက်စရာ၊ ရွံစရာ၊ မုန်းစရာဟူ၍သာ ထင်ကြမည်။ ဘုတ်ကိုမသိလျှင်ကား ဘယ်ရုပ်မျိုးကိုမှ လက်ခံချင်တော့မည် မဟုတ်။ ဘုတ်ကိုမြင်လျှင် ရုပ်ကိုနှင်လေမည်သာတည်း။

# အပိုင်း ၅

## ခန္ဓာဗေဒ

## ခန္ဓာတုံးမှ သံသရာဆုံးမည်

လောကဓာတ် သိပ္ပံပညာရပ်များ ထွန်းကားလာသောခေတ်၌ လူ၏ ခန္ဓာကိုယ်တွင်းဝယ် အသွေး၊ အသား၊ အကြော၊ အရိုးစသည်တို့ မည်သို့ ဖြစ်တည်နေပုံများနှင့်တကွ မျက်စိ၊ နား၊ နှာ စသည်တို့ပါမကျန် အစိတ်စိတ်အမွှာမွှာ ခွာတ်ခွဲ၍ အရိုးတခြား အသားတခြား ခွဲခွဲခြားခြား ကြည့်နိုင် သိနိုင်နေပြီဖြစ်၏။

ထို့ကြောင့် ဤခွာတ်ခွဲနည်းကား ယနေ့ခေတ်တွင် အထူးအဆန်း မဟုတ်တော့ချေ။ ကြာသော် တဖြည်းဖြည်း ရိုးသွားလေမည်သာတည်း။

အရို ကြာသော် အဆန်းဖြစ်လာ၏။ သိပ္ပံပညာရပ်များ မထွန်းကားသေးမီ ရှေးသရေအခါများကလည်း လူဟူသော သတ္တဝါသည် ရှိခဲ့၏။ ထိုလူသတ္တဝါသည်လည်း ယနေ့ လူသားများနှင့် တသားတည်းသာ ဖြစ်၏။ ဘာမျှထူးခြားခြင်း မရှိ။ မျက်စိ၊ နား၊ နှာစသော ကိုယ်အင်္ဂါ အစိတ်အပိုင်းများသည် ယနေ့ လူသားများ အတိုင်းပင် ဖြစ်၏။

ခန္ဓာဗေဒ ခွဲစိတ်မှုဆိုင်ရာ၌ ထိုအချိန်ကလည်း သူ့နည်းသူ့ဟန်ဖြင့် ရှိခဲ့သည်သာဖြစ်၏။ ယနေ့ခေတ်တွင် ခန္ဓာဗေဒကို ခရေစေ့တွင်းကျ သိရှိရန် ပစ္စည်းကိရိယာကို အသုံးပြု၍၊ ရှေးအခါကမူ ပညာကိုသာ အားပြုကြောင်း

ပညာဖြင့် ခေါတ်ခွဲကြောင်း ကျမ်းဂန်များ၌ တွေ့ရ၏။ အရိုးကြာခဲ့ပြီဖြစ်သော(၁) သမန္တိ ရှည်လှပြီဖြစ်သော ထိုခန္ဓာဗေဒ ခေါတ်ခွဲနည်းကား ယနေ့ခေတ်တွင် ဆန်းနေပေသည်။ ရှေးခေတ် ခန္ဓာဗေဒ ခေါတ်ခွဲနည်းကား ဤသို့ ဖြစ်ပါသတည်း။

## မျက်စိကို ရှေးက ခေါတ်ခွဲပုံ

မျက်စိသည် အသားဆိုင်၊ အသားခဲဖြစ်၏။ ပတ်ဝန်းကျင်၌ မျက်မှောင်ရိုးဖြင့် ခြားထား၏။ ယင်းမျက်မှောင်ရိုး အတွင်း၌ တည်ရှိသော အသားဆိုင်၊ အသားခဲကို မျက်စိဟူ၍ လည်းကောင်း၊ မျက်လုံးဟူ၍လည်းကောင်း ခေါ်လေသည်။

ထိုမျက်လုံးသည် သဏ္ဌာန်အားဖြင့် ဝိုင်း၏။ အရောင်အားဖြင့်မျက်လုံး၏ ဘေးပတ်လည်တွင် ဖြူ၍၊ အလယ်ဗဟို၌ နက်မှောင်ပြီး ဝိုင်းစက်နေ၏။ ယင်းအနက်ဝိုင်းကို မျက်နက်ဝန်းဟု ခေါ်၏။ ယင်းမျက်နက်ဝန်းကား-အထပ်အလွှာအားဖြင့် ခုနစ်ထပ်၊ ခုနစ်လွှာရှိ၏။ ရူပါရုံကို မြင်နိုင်စွမ်းသော ထိုအကြည်ဓာတ် (စက္ခုပသာဒ)သည် မျက်လွှာ ခုနစ်ထပ်၌ တည်၏။ ဥပမာအားဖြင့် ဝါဂွမ်းထဲ၌ လောင်းအပ်သော ဆီသည် ဂွမ်းထဲသို့ တစိမ့်စိမ့် စိမ့် ဝင်ဘိသကဲ့သို့၊ ထို့အတူ ထိုအကြည်ဓာတ်(စက္ခုပသာဒ) သည် မျက်လွှာခုနစ်ထပ်၌ စိမ့်ဝင်ပျံ့နှံ့၍ တည်လေသည်။

ထိုအကြည်ဓာတ် (စက္ခုပသာဒ)ကို မင်းသားငယ် တဦးအား ဝိုင်းဝန်းပြုစု စောင့်ရှောက်နေကြသော အထိန်းတော် လေးယောက်နှင့် ခိုင်းနှိုင်း၍ ပြ၏။ ဘုရင့်သားတော် ကလေးအား အထိန်းတော်ကြီး လေးယောက်တို့က အချီတော်၊ အချော့တော်၊ လက်ပေါ်ကမချ၊ ချီပိုးကြရ၏။ အချိန်တန်လျှင် ရေမိုးချိုးပေးကြရ၏။ အမွှေးနံ့သာ အထုံအကြိုင်များ လိုင်နေအောင် လိမ်းပေးကြရ၏။ အဆင်တန်ဆာများ ဆင်ယင်ပေးကြရ၏။ ပူအိုက်သော ရာသီတွင် ယပ်လေ ခတ်ပေးကြရ၏။ မင်းသားငယ်သည် အထိန်းတော်ကြီးများ၏ ပြုစုယုယ၊ စောင့်ရှောက်မှု လက်တွင်း၌ ကြီးခြင်းသို့ ရောက်ရလေ၏။

ထို့အတူကောင်းစွာခိုင်ခံ့ခြင်းကိစ္စ၊ဖွဲ့စည်းခြင်းကိစ္စ၊ရင့်ကျက်စေခြင်းကိစ္စ၊လှုပ်ရှားပြောင်းရွှေ့ခြင်းကိစ္စ။ဤကိစ္စလေးရပ်တည်းဟူသော အထိန်းတော်ကြီးများက အကြည်ဓာတ် (စက္ခုပသာဒ) မင်းသားငယ်ကို ကျေးဇူး

---

၁။ အဋ္ဌသာလိနီ။ ပုဂ္ဂလိကာ

ပြုကြကုန်သည်။ ထိန်းကြကုန်သည်။ ဥတု၊ စိတ်၊ အာဟာရတို့၏အထောက်အပံ့၊ အကူအညီကို ရယူလျက်၊ ဇီဝိတိန္ဒြေက သူ့ကို စောင့်ရှောက်ထားသည်။ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ အဆင်း၊ အနံ့၊ အရသာ- စသည်တို့သည် လူကို ဝန်းရံလျက် ရှိကုန်သည်။ သူသည် အဆင်း၊ အနံ့၊ အရသာစသည် ခြံရံလျက် တည်နေသည်။

ရူပါရုံကို မြင်နိုင်စွမ်းသော ထိုအကြည်ဓာတ် (စက္ခုပသာဒ)သည် အတိုင်းအတာ ပမာဏအားဖြင့် သန်းဦးခေါင်းမျှသာ ရှိ၏။ ထိုပမာဏကို အရှင်သာရိပုတ္တရာ ကိုယ်တော်တိုင် မြွက်ဟ၍ ဆိုဖူးပြီ။

[1] အကြင် စက္ခုပသာဒဖြင့် ရူပါရုံတို့ကို ရှုရှု မြင်၏။ ဤစက္ခုပသာဒကား နည်းလှ၏။ သိမ်မွေ့လှစွာ၏။ သန်းဦးခေါင်းနှင့် ခိုင်းနှိုင်းစရာ ဥပမာ ရှိ၏။

ဤကား ခန္ဓာဗေဒ ခွဲစိတ်မှုဆိုင်ရာ၌ ပညာကို အားပြုလျက် မျက်လုံးကို ခွဲခဲ့သော ရှေးက ခွဲခြင်း ဖြစ်၏။ မျက်လုံး၌ မျက်လွှာခုနစ်ထပ်ရှိသည်။ အလယ်ကောင်က မျက်နက်ဝန်းကို အဖြူရောင်များ ဝိုင်းရံထားသည်။ ရူပါရုံ မြင်နိုင်စွမ်းရှိသော အကြည်ဓာတ်ခေါ်သော (စက္ခုပသာဒ) မှာ အလွန် သေးငယ်သည်။ သန်းဦးခေါင်းလောက်သာ ရှိသည်ဆို၏။

## နှလုံးသားကို ရှေးက ခွဲတတ်ပုံ

နှလုံးသားသည် ပဒုမ္မာ ကြာနီပွင့်၏ အတွင်းဖပ်၊ ကျောဘက် အဆင်းနှင့် တူ၏။ အပေါ်ဖပ်ကို ခွာ၍ စောက်ထိုးထားသော ပဒုမ္မာကြာငုံ၏ သဏ္ဌာန် နှလုံးသားသည် ပြင်ဘက်သားကား အချော၊ အတွင်းဘက်သားကား သပွတ်သီး၏ အတွင်းသားကဲ့သို့ ပွေရှုပ်၏။

(က) ပညာရှိသူတို့ နှလုံးသားကား အဖျားတိတိ စဉ်းငယ်ပွင့်ယောင်။

(ခ) ပညာနည်းသူတို့၏ နှလုံးသားကား ငုံသည်ဖြစ်၍ အဖျားချွန်ယောင်။

ထိုနှလုံးသား၏ အတွင်း၌ ပုန်းညက်စေ့ နေရာမျှလောက်တွင်းရှိ၏။ ဤတွင်း၌ လက်ဆုန်း၏ (လက်ခုပ်၏) ထက်ဝက်မျှလောက်သော သွေးသည် တည်၏။ ဤသွေးကိုမှီ၍ ဟဒယ ဝတ္ထုရုပ် (နှလုံးသား)သည် ဖြစ်၏။

---

[1]။ အဘိဓမ္မာဋီကာ (၃)

၁။ ရာဂစရိုက်ပြောသူ (ရာဂအားကြီးသူ)၏ သွေးကား နီ၏။

၂။ ဒေါသစရိုက်ပြောသူ (ဒေါသ အားကြီးသူ)၏ သွေးကား နက်၏။

၃။ မောဟစရိုက်ပြောသူ (မောဟကြီးသူ)၏ သွေးကား သားဆေးရေ အဆင်းရှိ၏။

၄။ ဝိတက်စရိုက်ပြောသော သူ၏ သွေးကား ပဲပိစပ်ပြုတ် ရေ အဆင်းရှိ၏။

၅။ သဒ္ဓါစရိုက် ပြောသူ၏ သွေးသည် မဟာ လှေကားပွင့် အဆင်းရှိ၏။

၆။ ပညာစရိုက် ပြောသောသူ (ပညာကြီးသူ)၏ သွေးသည် ကြည်လင်၏။ စင်ကြယ်၏။ အရောင်တောက်၏။ အနီအဖြူ ရောသော အဆင်းရှိ၏။ သားမြတ် နှစ်ခုတို့၏ အကြား ရင်ခေါင်း၌ အမြဲတည်၏။

ထို့ကြောင့် နှလုံးသားနှင့် ပတ်သက်၍ အကျဉ်းမှတ်သားနိုင်စေရန် ဆောင်ပုဒ်လင်္ကာကို ဗိုလ်ကုန်းဆရာတော်သည် ဤသို့ သီတော်မူ၏။

## နှလုံးသား ဆောင်ပုဒ်လင်္ကာ[1]

"ဆင်းရှက် ပဒုံ၊ ကျောက်ပြင်ပုံတည့်၊ ကြာငုံအောက်ရှု၊ ဉာဏ်ရှိသူဝယ်၊ ဇဉ်းငယ်ပွင့်တုံ၊ စုငုံမန္ဒ၊ အပသန့်ရှင်း၊ တွင်းသပွတ်အူ၊ နှစ်ဆူခေတ်မို၊ နီသည်ရာဂ၊ ဒေါသ မည်းငြား၊ သားဆေးရည်မောဟ၊ တက္က ပဲရည်၊ ဝါသည် သဒ္ဓါ၊ ပညာ ပြိုးပြက်၊ ဇောတမြက်သွင်၊ ဖြူစင်လွန်ကဲ၊ လက် ဆွန်း ခွဲ မျှ၊ လောဟိတသည်၊ ပုန္နာဂဋ္ဌိ၊ တွင်းမှာရှိလတ်၊ သားမြတ်လယ်ဗွေ၊ ရင်မှာနေငြား၊ နှလုံးသားကို၊ အများသောတု ဉာဏ်ဖြင့်ရှု။

နှလုံးကောင်း ဝမ်းဖောင်း စကားပုံရှိ၏။ နှလုံးသား သွေးရောင်ကို လိုက်၍ လူတို့၏ စရိုက်၊ စိတ်နေသဘောထားများကိုပါ ခေတ်ခွဲထား၏။ ဉာဏ် ခေတ်မှန်ဖြင့် ရိုက်ပြချက်မှ ဤပုံမျိုးများ ထွက်လာသတည်း။

---

၁။ အဘိဓမ္မတ္ထဒီပကကျမ်း၊ ရုပ်ပိုင်း။

# လူမှာ ဆံပင်ဘယ်နှစ်ချောင်း၊ မွေးညင်း ဘယ်နှစ်ပင် ရှိသနည်း

## ၃၂ ကောဋ္ဌာသကို ဂျူးက ဓာတ်ခွဲပုံ

လူတိုင်း လူတိုင်းမှာ ဆံပင်၊ မွေးညင်း၊ အကြော၊ အရိုး၊ အူသေး၊ အူမတွေ ရှိကြ၏။ ၃၂ ကောဋ္ဌာသ ခေါ်၏။

သို့သော်....မြင်းစိ ၍ အထီးမှန်း၊ အမမှန်းမှသိ ဟူဘိ၏သို့၊ ဆံပင်က ဘယ်နှစ်ပင်၊ အရိုးက ဘယ်နှစ်ချောင်း၊ အူမက ဘယ်နှစ်ခွေ၊ အရှည်က မည်မျှဟူ၍ အရှိကို အရှိအတိုင်း မသိကြကုန်။

ပညာရှိ တွေးကြည့်လျှင် ပြေးကြည့်သည်ထက် မှန်သည်ဟု စကားပုံရှိ၏၊ ရှေးပညာရှင်တို့သည် ၃၂ ကောဋ္ဌာသတို့၏ အရှိကို အရှိအတိုင်း ထင်မြင်အောင် ပညာဓာတ်မှန်ဖြင့် ရိုက်၍ ဓာတ်ခွဲသွားကြကုန်၏။ ကောဋ္ဌာသတို့၏ ပကတိ အရှိကို သင်္ချာနှင့်တကွ အတိအကျ ပြကြကုန်၏။ အဘယ်မျှအထိ တိကျမည်၊ မှန်ကန်မည်ကို သိပ္ပံပညာရပ် များ ဖြင့် မှတ်ကျောက်တင်၍ ကြည့်သင့်၏။

ကျွန်ုပ်တို့ကိုယ်တွင်းရှိ ကောဋ္ဌာသများကို သိနေကြသည်ကား အကြမ်းဖျင်းအားဖြင့် လက်နှစ်ဘက်၊ ခြေနှစ်ချောင်း၊ သွား ၃၂ ချောင်း၊ ခြေသည်းလက်သည်းပေါင်း နှစ်ဆယ်။ ဤမျှလောက်ကိုသာ သိကြ၊ ပြောနိုင်ကြ၏။ အရိုးက ဘယ်လောက် အကြောက ဘယ်မျှဟူ၍ မသိကြ၊ မပြောနိုင်ကြတော့ကုန်။

ပညာရှိတို့၏ ဉာဏ်သည် သိပ္ပံနှင့် မည်သို့နေမည်မသိ။ ၃၂ ပါးသော ကောဋ္ဌာသများကို ဉာဏ်မှန်ပြောင်းဖြင့် ကြည့်သောအခါ သူတို့သည် ဤသို့ မြင်ကုန်သတည်း။

ဤ ခန္ဓာကိုယ်ရပ်၊ အကောင်ပုပ်၌ [၁]

၁။ နှစ်ကုဋေငါးသိန်းသော ဆံပင် (၂၅,၀၀၀,၀၀၀)
၂။ ကိုးသောင်း ကိုးထောင်သော မွေးညင်း (၉၉,၀၀၀)
၃။ နှစ်ဆယ်သော ခြေသည်းလက်သည်း (၂၀)
၄။ သုံးဆယ့်နှစ်ချောင်းသော သွား (၃၂)
၅။ တကိုယ်လုံးလွှာ၍ လုံးသည်ရှိသော ဆီးစေ့ခန့်မျှ ပမာဏ ရှိသော အရေထူ အရေပါး။

---

၁။ အဘိဓမ္မတ္ထဒီပကကျမ်း [၇]

၆။ ကိုးရာသော အသားတစ် (၉၀၀)
၇။ ကိုးရာ့ခြောက်ဆယ်သော ကြောသေး ကြောမ (၉၆၀)
၈။ သုံးရာသော အရိုး၊ ရိုးတွင်းခြင်ဆီအစု (၃၀၀)
၉။ သရက်သီးနှစ်လုံးပြွတ်သဏ္ဍာန်ရှိသော အညှို့နှစ်ခု (၂)
၁၀။ လက်ဆုံခွဲမျှလောက် သွေးရှိသော၊ သားမြတ်နှစ်ခုတို့၏ အလယ်၌ တည်သော နှလုံးသား။
၁၁။ သားမြတ်အုံနှစ်ဘက်တို့၏ အတွင်း၌တည်သော၊ ပင်လယ်ကသစ်ရွက် သဏ္ဍာန်ရှိသော အသားပြားတည်း ဟူသော အသည်းနှစ်မွှာ။ (၂)
၁၂။ အသားကြား၌တည်သော၊ ဖုံးလွှမ်း မဖုံးလွှမ်းအပ်သော၊ နှစ်မည်သော အမြှေး (၂)
၁၃။ နွားငယ်၏ လျှာသဏ္ဍာန်ရှိသော အပြင်
၁၄။ သဖန်းသီးသဖွယ် ၃၂ လုံးသော အသားတုံးအပြားရှိသော အဆုတ်။
၁၅။ သုံးဆယ့်နှစ်တောင် ယောကျ်ား၊ နှစ်ဆယ့်ရှစ်တောင်မိန်းမ၊ သွေးကျင်းမှာခွေ၊ ခေါင်းပြတ် မြွေသဏ္ဍာန် နှစ်ဆယ့်တတန် အခွေရှိသော အူမကြီး (၂၁)
၁၆။ အူမကြီးကို နေရာတကျ မလျောကျရအောင် နှောင်ဖွဲ့လျှိုထိုး၊ ခြေသုပ်ကြိုးအလား၊ အူမကြားမှာ တည်သော အူသိမ်နု။
၁၇။ ရှုံ့ဖွယ်လတ်လတ်၊ ခွေးအန်ဖတ်ပမာ အစာသစ် အစု
၁၈။ ရှုံ့ဖွယ်ထပ်လောင်း၊ အစာဟောင်း အစု
၁၉။ ဦးခေါင်းအတွင်း။ နို့ခဲအဆင်းနှင့်တူသော ဦးနှောက်အစု။
၂၀။ အသည်းကိုမှီ၍ အအိမ်နှင့်တည်သော ဗဒ္ဓသည်းခြေ
၂၁။ တကိုယ်လုံးနှံ့၍ တည်သော အဗဒ္ဓသည်းခြေ
၂၂။ ကိုယ်၏အတွင်း၊ တခွက်ခင်းမျှ၊ ပမာဏရှိသော ချွဲသလိပ်
၂၃။ ဖက်ရွက်ယော်အဆင်း၊ ထိခိုက် ခြင်း ကြောင့် ဖြစ်သော ပြည်ပုပ်။
၂၄။ အဆုတ်အညှို့ နှလုံးအထက်၊ အသည်း ရွက် အောက် နေ၊ ဤလေးတွေကို ဝိုင်စေလျက် တစက်စက်ကျသော သနိစိတသွေး။

၂၅။ ခေါက်သဘောမညီ၊ နှမ်းဆီအဆင်း၊ ဓမ္မးညင်းအတွင်းမှ ယိုကျသော ချေး။

၂၆။ နဲ့င်းခဲအဆင်း၊ အသားတွင်း၌တည်သော အံဆီခဲ။

၂၇။ ကြည်လင်ဝမ်းမြောက်၊ ငိုကြွေးရောက်က၊ ပေါ်ပေါက်လာရသော မျက်ရည်။

၂၈။ ဥတုပျက်ပြား၊ ခြေ လက် ဖဝါး၊ နှာခေါင်းဖျားတို့မှ ရောက်လျှားပေါ်လာရသော ဆီကြည်။

၂၉။ ရေမြှုပ်အဆင်း၊ ပါးစောင်တွင်းမှ၊ သက်ဆင်းရသော ကံတွေး။

၃၀။ ဦးခေါင်းအတွင်းမှ၊ သက်ဆင်းလျောကျ၊ နှာခေါင်းဝသို့ ယိုစီးရသော နှပ်ချေး။

၃၁။ အရိုးဆက်ထွင်း၊ စွတ်စိုခြင်းနှင့် မဟာလှေကားပွင့်အဆင်း နှင့်တူသော အစေး။

၃၂။ ဝင်ပေါက်မထင်၊ ထွက်ပေါက်သာမြင်ရသော ကျင်ငယ်ရေအစု။

ဤသည်တို့ကား ဉာဏ်ခေါက်မှန်၊ ရိုက်ချက်မှ၊ အနက်ထင်လာသော ၃၂ ကောဋ္ဌာသတို့၏ ဥဿဏ္ဍာန်များဖြစ်သတည်း။ ဆံပင်မွေးညင်းတို့၏ အရေအတွက်ကို ဂဏန်းနှင့်တကွ အတိအကျဖော်ပြထားပုံမှာ အံ့ဖွယ်လိလိဖြစ်ဘိ၏။

## အရိုးသုံးရာကို ဥပမာ နှင့် တကွ ပြဆိုချက်

ကိုထက် အလွန်အံ့ဖွယ်လိလိ၊ ဖြစ်စေတုံဘိသည်ကား အရိုးစုများကို မျက်လုံးထဲမှာ ထင်းကနဲ၊ လင်းကနဲ ဝင်းကနဲ၊ သံထင်၊ မြင်သာအောင် သက်ဆိုင်ရာရာ ဥပမာများနှင့် ခိုင်းနှိုင်း၍ ပြဆိုထားချက်များမှာလည်း နှစ်သက်ဖွယ်အဘိပင် ဖြစ်စေဘိပြန်၏။

(မှတ်ချက်။ ။ နှာခေါင်းတွင်းရိုး၊ နှလုံးရိုး၊ ဦးထိပ်ရိုး၊ နဖူးရိုး တို့သည် အရိုးတချောင်းစီသာဟု မှတ်။)

၁။ နှာခေါင်းတွင်းရိုးသည် အဆံထွင်ပြီး ထန်းသီးစေ့နှင့်တူ၏။

၂။ နှလုံးရိုးသည် ယောက်မရွက်နှင့် တူ၏။

၃။ ဦးထိပ်ရိုးသည် မျက်နှာလိုးဖောက်၊ အုန်းသီးစေ့ကောက် နှင့် တူ၏။

၄။ နဖူးရိုးသည် မှောက်၍ထားသော ခရုသင်းခွက်ကွဲနှင့်တူ၏။

(မှတ်ချက်။ ။ မျက်တွင်းရိုး၊ နားရိုး၊ အထက် အောက်မေးရိုး၊ ညှပ်ရိုး၊ ကျောက်ကပ်ရိုး၊ လက်ပြင်ရိုး၊ ပခုံးစွန်းရိုး၊ မောင်းရင်းရိုး၊ ပေါင်ရိုး၊ ခါးရိုး၊ ဒူးဆစ်ရိုး၊ ခြေဖနောင့်ရိုး တို့သည် အရိုး နှစ်ချောင်းစီသာဟုမှတ်)။

၅။ မျက်တွင်းရိုးတို့သည် ထန်းသီးစေ့နှုတ်ရာ နှင့် တူကုန်၏။

၆။ နားရိုးတို့သည် ဆတ္တာသည်၏ သင်ဓုန်းအိမ်နှင့်တူကုန်၏။

၇။ အောက်မေးရိုးသည် ပန်းပဲတို့၏ ကိုက် နှင့် တူ၏။

၈။ အထက်မေးရိုးသည် ကြံခုံသင်သော ဝါးငယ်နှင့်တူ၏။

၉။ ညှပ်ရိုးတို့သည် ကော့ညွတ်သော ပဲခွပ်ငယ်များနှင့်တူကုန်၏။

၁၀။ ကျောက်ကပ်ရိုး၊

၁၁။ လက်ပြင်ရိုး၊

၁၂။ ပခုံးစွန်းရိုး တို့သည် တစောင်တခြမ်း တိုသော သိမ်ဟိုင်း ပေါက်တူးနှင့် တူကုန်၏။

၁၃။ မောင်းရင်းရိုးတို့သည် ကြေးမုံတံနှင့် တူကုန်၏။

၁၄။ ပေါင်ရိုးသည် တစောင်းလိမ်ရွေ၊ အရွေမညီသော ပုဆိန်ရိုးနှင့်တူ၏။

၁၅။ ခါးရိုး နှစ်ခုစပ်သည် အိုးထိန်းသည်တို့ ဖုံလှော်ကနှင့်တူ၏။

၁၆။ ဒူးဆစ်ရိုးတို့သည် တဘက် တခြမ်း သေသော ရေမြှုပ်ခဲနှင့် တူကုန်၏။

၁၇။ ခြေဖနောင့်ရိုးတို့သည် ထန်းသီးစေ့ကောက်နှင့် တူကုန်၏။

(မှတ်ချက်။ ။ ခြေမျက်စိရိုး၊ မြင်းခေါင်းရိုး၊ မောင်းဖျားရိုးတို့သည် အရိုး လေးချောင်းစီသာဟုမှတ်)။

၁၈။ ခြေမျက်စိရိုးတို့သည် ကြိုးဖောက်သီတပ်၊ ချင်းချင်းခပ်၍ ကစားသော ကျင်ဖုလုံးနှင့် တူကုန်၏။

၁၉။ မြင်းခေါင်းရိုးတို့သည် အငယ်ကား လေးကိုင်းနှင့်၊ အကြီးကား ပိန်ကျုံ့သော မြွေ၏ ကျောက်ကုန်းနှင့် တူကုန်၏။

၂၀။ မောင်းဖျားရိုး တို့သည် ထန်းပင်ငယ်အုံ၊ နှစ်ခု အစုံ နှင့် တူကုန်၏။

(မှတ်ချက်။ ။ လည်ရိုးခုနစ်ချောင်း၊ ဦးခွံရိုး ကိုးချောင်း၊ ရင်ရိုး တဆယ့် လေးချောင်း၊ နံရိုး နှစ်ဆယ့် လေးချောင်းရှိကုန်၏)။

၂၁။ လည်ရိုး ခုနစ်ချောင်းတို့သည် ဟံစို့၌ စီထိုး၍ထားသော ဝါးညှောက်မျက်ကွင်းနှင့် တူကုန်၏။

၂၂။ ခေါင်းခွံရိုး ကိုးချောင်း တို့သည်ချုပ်တွဲအပ်သော ဗူးကွဲနှင့် တူကုန်၏။

၂၃။ ရင်ရိုး ၁၄ ချောင်းတို့သည် ဆွေးမြည့် ဟောင်းမြင်းသော သန်လျက် အိမ်ချိုင့်နှင့် တူကုန်၏။

၂၄။ ကျောက်ကုန်းရိုး ၁၈ ချောင်းတို့သည် အတွင်း၌ ဖောက်သီဆင့်ထားခဲပြားနှင့် အပကား ဝင်ရိုးတို့၌ ထိုးသီထားသော ဗူးတားအစဉ် နှင့်တူကုန်၏။

၂၅။ နံရိုး ၂၄ ချောင်းတို့သည် အစိတ်ကား တံစဉ်ကြီးငယ်နှင့် အပေါင်းကား ဖြန့်သော ကြက်ဖြူတောက် နှင့် တူကုန်၏။

ထိုမှတပါး လက်ချောင်းရိုး၊ ခြေချောင်းရိုး၊ အသား၌တည်သော အရိုးနုတို့သည် ၆၄ ချောင်းစီ တို့တည်း။ ဤသို့သော အပြားအားဖြင့် အရိုးတို့သည် သုံးရာရှိကုန်၏။

၂၆။ ခြေ၌ အဖျားဆစ် တို့သည် ခပေါင်း ရေကြည်စေ့ နှင့် တူကုန်၏။
ခြေ၌ အလယ်အဆစ်တို့သည် ပိန္နဲစေ့ နှင့် တူကုန်၏။

၂၇။ ခြေ၌ အရင်းအဆစ်တို့သည် ထက်စည် နှင့် တူကုန်၏။

၂၈။ ဖမိုးရိုးတို့သည် တောက်တောက်စဉ်းဖြစ်ကုန်သော ခတ္တာငုံ၊ ပန်းတိုင်းစုငုံ နှင့် တူကုန်၏။

၂၉။ လက်ချောင်းရိုးတို့သည် ခြေရိုးတို့ထက် စဉ်းငယ်၊သေးသွယ် ရှည်လျားကုန်၏။

၃၀။ လက်ကောက်ဝတ်ရိုးတို့ကားတဘက်တွယ်ကပ်၍ထားသော သလွဲပြားလိပ် အခွေနှင့် တူကုန်၏။

၃၁။ အသား၌မှီသော အရိုးနုတို့ကား ထွေပြားသော သဏ္ဍာန် ရှိကုန်၏။

၃၂။ အစွန်အဖျား၌ တည်သော တင်ရိုးသည် အောက်သို့ ရှေ့ရှုကိုင်းထားသော မြွေပါးပျဉ်းနှင့် တူကုန်၏။ ခုနစ်ခု ရှစ်ခုသော အရပ်တို့၌ အပေါက်ပေါက် အထွင်းထွင်း ရှိ၏။

ဤ သုံးရာသော အရိုးတို့သည် သူသူငါငါ လူတိုင်း လူတိုင်းတို့၌ ရှိကုန်၏။ ဤအရိုး၊ ယိုအရိုးတို့ဖြင့် ထောက်ကန် ထားလေသည့်အတွက် လူသည် တလူလူ ဖြစ်နေလေသည်။ အမို့ စုအမှိုကို အမှိုအတိုင်းမြင်ဘိလျှင် မူကား အဘယ်သူသည် ခင်တွယ်နိုင်ပါမည်နည်း။ သာတီ နိုင်ပါမည်နည်း။

# ရုပ်ဆောင်နေသော အပုပ်ကောင်

ပကတိသော ဤကိုယ်ကား၊ ကြည်ညိုချင်စရာ၊ ခင်တွယ်ချင်စရာ ရှိပါဦးမည်လော။ သုံးရာသော အရိုးပြိုင်းပြိုင်းတို့ဖြင့် ဆိုင်းထား၏။ အရိုးဆက်တို့ဖြင့် တချောင်းနှင့်တချောင်း ဆက်ဆက်ထား၏။ ကိုးရာသော အကြောတို့ဖြင့် အပ်ချုပ်သည့်နှယ် ချုပ်စပ်ထား၏။ ကိုးရာသော အသားတစ်တို့ဖြင့် ဖြည့်ဖို့မွမ်းမံ၊ လိမ်းကျံထား၏။ စိုစွတ်သော အရည်တို့ဖြင့် တစစ်စစ် ဖြစ်နေ၏။

အပေါက်အပေါက်ရှိသော ဆီနွက်ကဲ့သို့ မပြတ်အောက်ထက် ဗရပွ ယိုစီးသော အပုပ်ရည် ရှိ၏။ ပိုးမျိုး ရှစ်သောင်းတို့၏ နေရာ အိမ်ဂေဟာတည်း။ အနာဟူသမျှတို့၏ တည်ရာတည်း။ ဆင်းရဲဟူသမျှတို့၏ မှီရာတည်း။ ပြည်မှည့်ပြီးသည့် အိုင်းအနာကြီး ပမာ၊ ကိုးဖြာ ဒွာရ၊ အမာဝ တို့ဖြင့် နေ့ညတစိုစို ယိုစီးလျက်ရှိနေ၏။ မစင်စီးစီးထွက်ရာ ဒွာရကိုးပေါက်တို့မှ အခါခပ်သိမ်း မစင်မကြယ်၊ စက်ဆုပ်ဖွယ်များ ယိုထွက်စီးကျနေ၏။

မျက်စိနှစ်ဘက်မှမျက်ဝတ်မျက်ချေး၊ နားတွင်း နှစ်ဘက်မှ နားဖာချေး၊ နှာခေါင်းနှစ်ဘက်မှ နှပ်ချေး၊ တံတွေး သလိပ်၊ သည်းခြေ၊ သလိပ်၊ အစာသွေးတို့သည် ခံတွင်းပေါက်မှ အန်ထွက်တတ်ကုန်၏။ အောက်နှစ်ပေါက်တို့မှ ကျင်ကြီး ကျင်ငယ်တို့သည် ယိုစီးထွက်ကျကုန်၏။ ကိုးသောင်း ကိုးထောင်သော မွေးညင်းတွင်းတို့မှ ချွေးဆား၊ အရေလွှာ မှုအညစ်အကြေးတို့သည် ယိုစီး ထွက်ကျကုန်၏။

ဤသို့သော ခန္ဓာအသုဘ၊ ကိုယ်ကာယတို့ကိုမသုတ်သင်သည်ရှိသော် မင်းသည်လည်းကောင်း၊ ဆင်းရဲသား ပုဏ္ဏားသည်လည်းကောင်း၊ ပေန်းမှိုက် သွန်-ကျုန် ဒွန်းစဏ္ဍားသည်လည်းကောင်း၊ အဆင်းအနံ့ အားဖြင့် မထူးသည်သာ ဖြစ်၏။ ကွဲလွဲထူ ခြားအပြားမရှိကုန်ရာ။ စက်ဆုပ်ဖွယ် ရွံရှာဖွယ် ထွေဖွယ်ရာသာ ရှိကုန်၏။

အဘိဓမ္မာ မျက်လုံးဖြင့် သုံးသပ်ဘိမူကား ဤခန္ဓာ၊ ဤကိုယ်သဘောကား အနည်းငယ်မျှပင် ခင်ဖွယ်၊ မွှင်ဖွယ်၊ တွယ်တာဖွယ်၊ မြတ်နိုးဖွယ် မရှိချေတကား။

အပုပ်ကောင်က ရုပ်ဆောင်နေသော ဤခန္ဓာကို ရှုမုန်းကာ၊ ဤကိုယ်ကာယကို လက်စတုံးနိုင်ပါမှ သံသရာ ဆုံးလေမည်သာတည်း။ ဤခန္ဓာကိုယ်ကောင်ကြီးကို တပွုံးပွုံးနှင့် ခြေသလုံးဖက်ထားလေသမျှ ကာလ ပတ်လုံး၊ သံသရာလည်၍ ဆုံးနိုင်တော့မည်မဟုတ်။

# အပိုင်း ၆

## ဘဝအစ၌ ဘာကို အလျင်ဆုံးတွေ့ရပုံ

ကုလားတောထဲမှာနေလျှင် ကုလားကိုသာ မြင်မည်။ ကုလားသံကိုသာ ကြားမည်။ တရုတ် တောထဲမှာနေလျှင် တရုတ် ကိုသာ မြင်မည်။ တရုတ်သံများကိုသာ ကြားနေမည်။ အနေကြာလျှင် ကုလားစကားကို ကုလားလို ကောင်းကောင်းရေတတ်၊ ပြောတတ်လာမည်။ တရုတ်စကားကို တရုတ်လို ကောင်းကောင်း သွက်လက်စွာ ရေတတ် နှောတတ်လာမည်။

သည့်ထက် သည့်ထက် ကြာကြာနေသော် ကုလားအမူအရာ တရုတ်အမူအရာများ ကူးစက်လာမည်။ ကုလားယောင်ယောင် တရုတ်ယောင်ယောင် ဖြစ်လာမည်။ အဘယ်ကြောင့် ပါနည်း။ ပတ်ဝန်းကျင်သည် "မုဆိုးနားနီး မုဆိုး" ဆိုသကဲ့သို့ လူကို ကူးစက်တတ်သောကြောင့်ဖြစ်၏။

လူသည် ဘယ်က ဖြစ်လာသနည်း။ ရုပ် နာမ်ကို မှီ၍ ရုပ်နာမ်ကို အခြေခံ၍ မွေးလာ၏။ ရုပ်ဖို–ရုပ်မ၊ နာမ်ဖို-နာမ်မ တို့၏ သံဝါသမှ ဖြစ်လာသော ရုပ်သား၊ ရုပ်သမီး၊ နာမ်သား၊ နာမ်သမီးဖြစ်၏။

မွေးလာသော ထိုလူသည် အသိစိတ် ရှိလာသောအခါ လူသည် ဘာကို စ၍ တွေ့လေသနည်း။ ရုပ် နာမ် ဖြစ်၏။ ရုပ်နာမ်ကို စ၍ တွေ့၏။ ရုပ်တို့၏ လှုပ်ရှားပုံ အသွင်မျိုးစုံကို အလျင်ဆုံး သူမြင်သည်။ ရုပ်သံများကို အလျင်ဆုံး သူကြားသည်။ ရုပ်နံ့များကို အလျင်ဆုံး သူခံသည်။ လူဖြစ်

လာသည်နှင့် တပြိုင်နက် သူတွေလေသမျှ ကြားလေသမျှ အာရုံ အဖုံဖုံ တို့သည် ရုပ်နှင့် ရုပ်၏ အသိုက်အဝန်းများသာ ဖြစ်ကုန်၏။

ထိုလူ၏အသိ၊ လူ၏ဦးနှောက်ထဲ၌ သက်ရှိသက်မဲ့ ရုပ်များမှတပါး ဘာမျှမရှိ။ သည်ဟာ သည်ဟာတွေ၊ သည်ရုပ် သည်ရုပ်တွေကိုသာ ထပ်တလဲလဲ နေ့စဉ် သိထင်မြင်တွေ့နေ၏။

ထို့ကြောင့် နာမ်ရုပ်သည် လူ၏သန္တာန်၌ ဝက်အူနှင့် စွဲသကဲ့သို့ စွဲနေသောအရာ ဖြစ်သဖြင့် ရုပ်စွဲ နာမ်စွဲ ကျွတ်အောင်ချွတ်၍ မရနိုင်။ ရုပ်မဟုတ်၊ နာမ်မဟုတ်၊ မဟာဘုတ်ခေါ်သော ဓာတ်ကြီးလေးပါးတို့၏ အစုအဝေးဟု ပြောလျှင် ပြောသူသာ မောချိမ့်မည်။ တော်တော်နှင့် သဘောပေါက်ရှာမည် မဟုတ်။ နားဝင်ရှာမည်မဟုတ်။ အကြောင်းသော်ကား လူသည် မွေးဖွားရ၍ လူမှန်းသိစ အချိန်ကတည်းက ရုပ်တော နာမ်တောထဲမှာ ကြီးပြင်းလာခဲ့ရပြီး ရုပ်ခံ နာမ်ခံ၊ အမာခံကျောရိုးကြီးက လွန်စွာတောင့်သောကြောင့် ဖြစ်သတည်း။

## ဘဝင်မြင့် ဆေးသုံးလုံးနှင့် လူသား

သည်အထဲဘွင်း ထိုလူသားအား အဖြူကို အမည်း၊ အမည်းကို အစိမ်း ထင်ယောင်ထင်မှား၊ ကယောင်ချောက်ချား ဖြစ်သွားအောင် မှိုင်းတိုက်သော အထင်ကြီးစေသော "ဘဝင်မြင့်ဆေးကြီး သုံးလုံး"ကလည်း မသေမချင်း သုံးစွဲမှီဝဲသွားရန် မွေးကတည်းက ဝမ်းတွင်းပါ ပါလာသောကြောင့် ထိုလူသားခမျာကား ဦးနှောက်ပျက်ရတော့မလောက် ဖြစ်သွားရှာ၏။ (ပုထုဇနော ဥမ္မတ္တကောကိုထောက်)

ထိုဘဝင်မြင့် ဆေးလုံးကား အခြားမဟုတ်၊ ဤသုံးမျိုးပင် ဖြစ်သတည်း။

၁။ တဏှာ
၂။ မာန
၃။ ဒိဋ္ဌိ

ယင်းသုံးမျိုးအနက် တဏှာကို အဘယ့်ကြောင့် ဘဝင်မြင့်ဆေးဟု ဆိုအပ်သနည်း။

(၁) တဏှာ။ ။အဘိဓမ္မာ အနှစ်၊ ပရမတ်စစ်စစ်အားဖြင့် သူမရှိ၊ ငါမရှိ။ သူပိုင်ဟူ၍ မရှိ၊ ငါပိုင်ဟူ၍ မရှိ။ ထိုသို့ မရှိပါပဲလျက်ကို သူပဲ၊ ငါပဲ၊ လင်ပဲ၊ မယားပဲ၊ သားပဲ၊ သမီးပဲ၊ အိမ်ပဲ၊ အဘပဲဟူ၍ လည်း

ကောင်း၊ ငါ့ဟာပဲ၊ သူ့ဟာပဲ၊ သူ့ယောင်္ကျား၊ ငါ့မယား၊ သူ့လင်၊ ငါ့လင်၊ သူ့မိဘ၊ ငါ့မိဘ ဟူ၍လည်းကောင်း၊ ငါ့လယ်၊ ငါ့ယာ၊ ငါ့ဟာ၊ ငါ့ဉစ္စာ၊ ငါ့အိမ်၊ ငါ့တိုက်၊ ငါ့လှည်း၊ ငါ့နွား၊ ငါ့မော်တော်ကား ဟူ၍လည်းကောင်း မဟုတ်ကို အဟုတ်ထင်အောင်၊ မရှိကို အရှိထင်အောင်၊ မပိုင်ကို အပိုင်ထင်အောင် စိတ်တွင်း၌ အမှတ်အစွဲ ရှိနေခြင်းသည် တဏှာ မည်၏။

ထိုတဏှာဟူသော ဘဝင်မြင့်ဆေး၏ တန်ခိုးကြောင့် လူသားသည် သူမြင်တွေ့နေရသော ရုပ်တို့ကို ခွဲခွဲခြားခြား မှတ်လေတော့သည်။ သည်ဟာ ငါ၊ သည်ဟာသူ၊ သည်ဟာ အိမ်၊ သည်ဟာ ကျောင်း စသည် ဟူပေ၏။ "တဏှာ" ဖုံးထားသောကြောင့် တဏှာ ပညတ်အောက်တွင် ပရမတ်အစစ် အနှစ်သာရဖြစ်သော ဓာတ်လေးပါး အစုအဝေးသည် ပျောက်ရလေ၏။ တဏှာဝဲဇလုတ်ကြီးထဲတွင် ပရမတ်သည် မြုပ်ငုပ်သွားလေ၏။

(၂) မာန။ ။မာနကား မိမိကိုယ်ကိုအထင်ကြီးမှု၊ ဘဝင်မြင့်မှု၊ ထောင်လွှားတက်ကြွမှု၊ မော်မောက်မှု တည်း။ ထိုမာနတွင် အောက်ခြေ အမာခံရှိ၏။ အမာခံ မရှိလျှင်လဲ မာနသည် ဖြစ်လေ့မရှိ။

ထိုမာန၏ အောက်ခြေ အမာခံကား ရုပ်၊ အသံ၊ ပညာ၊ သီလ၊ သမာဓိ၊ မိဘ၊ ဆွေမျိုး စသည်စသည်တို့ ဖြစ်ကုန်၏။ အမာခံ တောင့်လျှင် တောင့်သလောက် မာနသည် ခြေဖျားထောက်တတ်၏။ မော်ပြ၊ မောက်ပြ၊ ထောင်လွှား၍ ပြတတ်၏။

ဥပမာ။ ရုပ်ချောသူက ချောဂုဏ်လှဂုဏ် မောက်ခြင်းမျိုး၊ အသံကောင်းသူက အသံဂုဏ် မောက်ခြင်းမျိုး။ ပညာတတ်သူက ပညာဂုဏ် မောက်ခြင်းမျိုး။ သီလကောင်းသူက သီလဂုဏ် မောက်ခြင်းမျိုး။ မိဘဆွေမျိုး အင်အားတောင့်သူက မိဘဂုဏ်၊ ဆွေဂုဏ် မျိုးဂုဏ် မောက်ခြင်းမျိုး စသည်တို့ ဖြစ်ကုန်၏။

လူသည် မာနကိုလည်း အားကိုးတတ်၏။ မာန အားကိုးဖြင့် လူ တဘက်သားအပေါ်၌ ချိုးချိုးနှိမ်နှိမ် ပြုမူဆက်ဆံဆိုပြောတတ်၏။ လူသည် ထိုမာနကို ဘုရားကဲ့သို့ ဆည်းကပ်ထားလေသောကြောင့် မာနပညတ်၏ အောက်တွင် ပရမတ်အစစ် အနှစ်သာရဖြစ်သော ဓာတ်လေးပါး အစုအဝေးသည် ပျောက်ရလေ၏။ ပရမတ်ကို မာနပညတ်က မျိုပစ်လေ၏။ ထိုကြောင့် ထိုလူသားအဖို့ ပရမတ်နှင့် ဝေးကာ ပညတ်နှင့်သာ လုံးထွေးနေ၏။

(၃) ဒိဋ္ဌိ။ ။ငါ့ကိုယ်၊ ငါ့ခန္ဓာ၊ ငါ့ကာယဟူ၍ အစွဲအလမ်းကြီးစွာဖြင့် အထင်ကြီးမှုသည် ဒိဋ္ဌိမည်၏။ ဥပမာ- ဓား ဆိုရာ၌ သံသည် ထိုဓား၏ အမာခံ အထည်ဖြစ်၏။ ယင်းသံကိုပင် ဓားဟူ၍ ခေါ်ကြ၏။

ဤဥပမာကဲ့သို့ ပထဝီစသော ဓာတ်လေးပါးသည် သတ္တဝါ၏ အမာခံ အထည်ဖြစ်၏။ ထိုဓာတ်လေးပါး၏ အစုအဝေးကိုပင် သတ္တဝါဟူ၍ လည်းကောင်း၊ သူပဲ၊ ငါပဲ ဟူ၍ လည်းကောင်း၊ အစွဲအလမ်းကြီးမှုကို ဒိဋ္ဌိဟု ဆိုပေသည်။ ထိုသတ္တစွဲ၊ ငါစွဲတည်းဟူသော ဒိဋ္ဌိက ဖုံးလွှမ်းထားသော ကြောင့် ဒိဋ္ဌိပညတ်၏ အောက်တွင် ပရမတ်သည် ပျောက်ရလေ၏။ ဒိဋ္ဌိဝဲက စုပ်သောကြောင့် ပရမတ်မှာ မြုပ်ပါသွားရလေ၏။

ယင်းတဏှာ၊ မာန၊ ဒိဋ္ဌိသုံးပါးကို အဘိဓမ္မာ အခေါ်အားဖြင့် "မညနာ"ဟု ခေါ်၏။ မညနာဟူသည် အဘယ်ကို ဆိုလေသနည်း။

> "ပညတ်ကိုမခွာ မလွန်နိုင်ကြကုန်သည့်အတွက် ပညတ်ကို အစွဲပြု၍ ပုထုဇဉ်တို့သည် တဏှာ၊ မာန၊ ဒိဋ္ဌိ သုံးပါးတို့ဖြင့် အလွဲလွဲ ထင်မှား၊ မြင်မှား၊ စွဲလမ်းကြ ကုန်၏။ ယင်းတရား သုံးပါးတို့ကို ထင်မှား၊ မြင်မှား၊ ယူမှား၊ စွဲလမ်းတတ်သောကြောင့် "မညနာတရား" ဟူ၍လည်း ဆိုအပ်ကုန်၏။"[၁]
>
> မညနာဆိုသည်ကား အထင်ကြီးခြင်းတည်း။ ဟုတ်မှန်သည်ထက် ပိုလွန်ကာ ထင်ခြင်းတည်း။ အဝိဇ္ဇာအတွက်ကြောင့် ဝိပလ္လာသတရား ဖြစ်ပွား၏။ ဝိပလ္လာသတရား အတွက်ကြောင့် အထင်ကြီးခြင်း ဖြစ်ပွား၏။
>
> ထိုမညနာသည် တဏှာမညနာ၊ မာနမညနာ၊ ဒိဋ္ဌိမညနာဟူ၍ သုံးပါးရှိ၏။[၂]

လောက၌ ဆေးထ,သည်ဟု ဆိုစကားရှိ၏။ ဆေးထလျှင် ရမ်းတတ်၏။ အမှောက်မှောက် အမှားမှား ထင်ရာလျှောက်လုပ်တတ်၏။

## ပုဏ္ဏကဆေးနှင့် လူသား

ဥပမာ— ပုဏ္ဏကဆေး၊ အာဋ္ဌဝကဆေး ထိုးထားသူ ဆေးထခဲ့သော်-ဝါ-ဆေးထ လာသောအခါ ခုန်လိုခုန် ပေါက်လိုပေါက်၊ ပေါက်သောက်ကရ ဗလချီးနမ်း၊ ကြမ်းချင်တိုင်းကြမ်း၊ ရမ်းချင်တိုင်းရမ်းသည် ဆို၏။

---

၁။ ပရမတ္ထစာ ကျမ်း[ဒွိဝရင်း]
၂။ ဝိပဿနာဒီပနီ[လယ်တီ]

တဏှာ၊ မာန၊ ဒိဋ္ဌိ၊ ဤသုံးပါးသည်- ပဉ္စကဆေး၊ အာဋ္ဌ၀က ဆေးနှင့် အလားတူ၏၊ ပုထုဇဉ်လူသားသည်-ထိုပဉ္စကဆေး၊ အာဋ္ဌ၀က ဆေး ယိုးတားသူနှင့် တူ၏။

ပဉ္စကဆေး၊ အာဋ္ဌ၀ကဆေး ယိုးတားသူကား— ဆေးထသည် ဆိုသော်လည်း အခါခပ်သိမ်း ထသည်မဟုတ်။ ရံခါရံသာ ထတတ်၏။ ပုထုဇဉ်လူသားမှာမူကား တဏှာ၊ မာန၊ ဒိဋ္ဌိဆေး အမြဲထနေ၏။

ထိုကြောင့်.... ငါမဟုတ်ပဲကို ငါဟု ထင်မှားလေ၏၊ ငါပိုင်မဟုတ် ပဲကို ငါပိုင်ဟု အထင်ကြီး လေသည်။ ငါဆိုမှငါ၊ အာဂ ငါ၊ တကယ့်ငါ ဟူ၍-မာန်တ၀င့်၀င့်၊ ဘ၀င်မြင့်လေ၏။ ငါ့ကိုယ်၊ ငါ့ကာယ၊ ငါ့အတ္တဟူ၍ စွဲလမ်းလေသတည်း။ ဤဆေးမပြယ်သမျှ ပုထုဇဉ်လူသားသည် သံသရာ၌ တချာလည်လည် ဖြစ်နေရရှာမည်သာတည်း။

## ရုပ်နာမ်သည် အတ္တလား
## ရုပ်တခြား၊ နာမ်တခြားလား
## နာမ်သည် ရုပ်ကောင်ကြီးထဲမှာ အောင်းနေသလား

တဏှာ၊ မာန၊ ဒိဋ္ဌိဟူသော မညနာတရား၊ ဆေးသုံးပါးထက်သော ကြောင့် ပုထုဇဉ်သည် အထင်အမြင် အမျိုးမျိုးလွဲ၊ အမျိုးမျိုးမှားချေ၏။ ကထောင်ကချောက်၊ ပေါက်ကရာကရတွေ လျှောက်ထင်ကုန်လေ၏။

## ရုပ် အတ္တ၀ါဒ

မှန်၏။ အချို့တို့က ရုပ်ကို-အတ္တ၊ နာမ်ကိုအတ္တ၊ ရုပ်နာမ်ကို အတ္တ, ဟူ၍ ထင်မှား၊ မြင်မှား၊ ယူမှား စွဲလမ်းကုန်၏။ နာမ်ဟူ၍ သီးခြားမရှိ။ ရုပ်သာရှိသည်။ ထိုထိုအာရုံကို သိတတ်၊ ဆင်းရဲချမ်းသာမှုကို ခံစားတတ်၊ ထိုထိုကိစ္စ အ၀တို့ကို ပြီးစေတတ်သမျှ အားလုံးသည် ရုပ်၏သတ္တိ၊ ရုပ်၏ စွမ်းအား၊ ရုပ်၏တန်ခိုး၊ ရုပ်၏ အာနုဘော်ချည်းသာ ဖြစ်၏။ ထိုကြောင့် ရုပ်သည်ပင် အတ္တ၊ ရုပ်သည်ပင် ကာယ၊ ရုပ်သည်ပင် အကောင်ဖြစ်သည်။ ထိုအတ္တ၊ ထိုကာယ၊ ထိုအကောင်သည် တခုဘည်း၊ တရှိတည်း၊ ခိုင်မြဲသည် ဟု- ထင်မှား၊ မြင်မှား၊ ယူမှား စွဲလမ်းကုန်၏။

## နာမ်အတ္တဝါဒ

အချို့တို့ကမူ ရုပ်ကောင်ကြီးထဲမှာ နာမ်ရှိသည်။ နာမ်သည် ရုပ်ကောင်ကြီးထဲမှာ အောင်းနေသည်။ ထိုနာမ်သည်ပင် အတ္တ၊ ထိုနာမ်သည်ပင် ကာယ၊ ထိုနာမ်သည်ပင် အကောင်ဖြစ်သည်။ ထိုအတ္တ၊ ထိုကာယ ထိုအကောင်သည် တခုတည်း တရှိတည်း ခိုင်မြဲသည်။

ထိုကြောင့်....ထိုထိုအာရုံကို သိတတ်၊ ချမ်းသာဆင်းရဲမှုကို ခံစားတတ်၊ ထိုထိုကိစ္စ အဝဝကို ပြီးစေတတ်ခြင်းဖြစ်သည်။ ထိုအတ္တ၊ ထိုကာယ၊ ထိုအကောင်သည် ရုပ်ခန္ဓာကြီး ပျက်စီးသွားသော်လည်း သူကား မပျက်ချေ။ ဘဝတပါးသို့ ထွက်သွားသည်။ ကူးပြောင်းသည်ဟူ၍ ထင်မှား၊ မြင်မှား၊ ယူမှားစွဲလမ်းကုန်၏။

## ရုပ်နာမ် အတ္တဝါဒ

အချို့တို့ကမူကား.... ရုပ်နာမ် နှစ်မျိုးစလုံးကိုပင် တခုတည်း၊ တရှိတည်း ခိုင်မြဲသော အတ္တ၊ ခိုင်မြဲသော ကာယ၊ ခိုင်မြဲသော အကောင် ဖြစ်သည်။ ထို အတ္တ၊ ကာယ၊ အကောင်သည် ထိုထိုအာရုံကို သိတတ်၊ ချမ်းသာဆင်းရဲကို ခံစားတတ်၊ ထိုထိုကိစ္စအဝဝကို ပြီးစေတတ်သည်ဟူ၍ နာမ်ရုပ်နှစ်ပါးလုံးကိုပင် အတ္တဟု ထင်မှား၊ မြင်မှား၊ ယူမှား စွဲလမ်းကုန်၏။

## ဇီဝ အတ္တဝါဒ

အချို့ကလည်း ရုပ်ကောင်၊ ခန္ဓာကိုယ်ကောင်ကြီးထဲ၌ တရှိတည်းမြဲသော ဝိညာဏ်ရှိသည်။ ဝိညာဏ်သည် ရုပ်ကောင်၊ ခန္ဓာကိုယ်ကောင်ကြီးထဲမှာနေသည်၊ အသက်ရှိသည်။ ဝိညာဏ်ကား ထိုထိုအာရုံကို သိတတ်သည်။ ကိစ္စအဝဝကို ပြီးစေတတ်သည်။ အသက်ကား အစောင့်အရှောက်မျှသာ။ သေသောအခါ ထိုဝိညာဏ်အား ချုပ်ငြိမ်းပျောက်ပျက်လေ၏။ ရုပ်ကောင်ခန္ဓာကောင်ကြီးလည်း ရိုပုပ် ဆွေးမြည့်လေ၏။ အသက်ကား ဘဝတပါးသို့ ထွက်သွားသည်။ ကူးပြောင်းသည်ဟု ယူမှားစွဲလမ်းကုန်၏။ ဤအယူနှစ်မျိုးသည်လည်း နာမ်ကို အတ္တစာရင်းထဲ သွင်းယူသောဝါဒသာ ဖြစ်လေသည်။

## ဝိညာဏ် အတ္တဝါဒ

အချို့တို့ကမူ အသက်ဟူ၍မရှိ။ ဝိညာဏ်သာရှိသည်။ ယင်းဝိညာဏ်သည် တခုတည်း၊ တရှိတည်း အမြဲတည်နေသည်။ ရုပ်ကောင်က ပျက်သွား

သော်လည်း သူကွားမပျက်။ ဘဝတပါးသို့ ထွက်ခွာသွားသည်။ ကူးပြောင်းသည်ဟု ယူမှားစွဲလမ်းကုန်၏။ ဤအယူနှစ်မျိုးသည်လည်း နာမ်ကို အတ္တစာရင်းထဲ သွင်းယူသော ဝါဒသာ ဖြစ်လေသည်။

## ဝေဒနာ၊ သညာ၊ သင်္ခါရ အတ္တဝါဒ

နာမ်ခွဲလည်း အချို့က—ဝေဒနာကိုပင် တခုတည်း၊တရှိတည်း ခိုင်မြဲသော အတ္တ ဟူ၍လည်းကောင်း၊ သညာကိုပင် အတ္တဟူ၍လည်းကောင်း၊ သင်္ခါရကိုပင် အတ္တ ဟူ၍လည်းကောင်း ဤသို့ စသည်ဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိ ဆေးထလေတိုင်း အလွဲလွဲ၊ အမှားမှား၊ ထင်မှား၊ မြင်မှား၊ ယူမှား စွဲလမ်းကြကုန်သတည်း။

## ပရမတ်မျက်စိ မရှိသော အန္ဓ ပုထုဇဉ်တို့၏ အတ္တ အဓိပ္ပာယ်

အတ္တ ဟူသည် အဘယ်နည်း။ အဘယ်ကို အတ္တဆိုသနည်း။ အကြောင်ဝတ္ထုသည်....

(က) နိစ္စ —မြဲလည်း မြဲ၏။
(ခ) သုခ—ချမ်းလည်းချမ်းသာ၏။ မကောင်း အာရုံနှင့် တွေ့ကြုံလျှင်သာ ဒုက္ခဖြစ်၏။ အရှင်ဟူ၍၊ အကောင် ဟူ၍လည်း ဆိုရ၏။

ထို အင်္ဂါကို အတ္တဟူ၍ ဆိုလေသည်။

ထိုစကားကို ချဲ့ဦးအံ့။ ပရမတ် မျက်စိ ပိတ်ပိတ်သား အလျှင်းပင် မရှိသော အန္ဓပုထုဇဉ် သတ္တဝါတို့၏ ကိုယ်၌ လိုရင်း အောက်ခြေအမာခံ အထည်ကိုယ် ရှိသည်။ ယင်းအမာခံ အထည်ကိုယ်သည်....

(က) နိစ္စ—မြဲသည်ဖြစ်၍ နေ့ဆက်၊ ရက်ဆက်၊ နှစ်ဆက်—ဘဝဆက်၊ မပျက်မစီးပဲ တရှိတည်းရှိနေသည်။
(ခ) သုခ—ချမ်းသာသည်ဖြစ်၍ သုခ ဆိုရသည်။ အရှင်ဟူ၍ ဆိုရသည်၊ အကောင် ဟူ၍လည်း ဆိုရသည်။

---

၁ မြန်မာအခေါ် အကောင်နှင့် ပါဠိအခေါ် အတ္တ၊ ပုဂ္ဂလ၊ သတ္တ၊ ဇီဝ-အနက်တူ၏။ အသံသာ ကွဲ၏။ "ပုဂ္ဂလောတိ အတ္တာ သတ္တော ဇီဝေါ" ကထာဝတ္ထု အဋ္ဌကထာ။

ယင်း အထည်ကိုယ်ကောင်သည် ထိုထိုအာရုံကို သိလည်း သိတတ်။ ဆင်းရဲမှု၊ ချမ်းသာမှုကိုလည်း ခံစားတတ်။ အလိုသို့လည်း လိုက်တတ်၊ လိုက်စေတတ်သည်။ ဖြစ်ချင်သလို ဖြစ်နိုင်သည်။ သူသာလျှင် လိုရင်း ပဓာန အဓိက ဖြစ်သည်၊ သူမရှိက အသေဖြစ်သည့်ဟု မဟုတ် မရှိပဲလျက်ကို၊ အဟုတ် အရှိဟု၍ ထင်မှား၊ မြင်မှား၊ ယူမှား စွဲလမ်း ကုန်သည်။

ယင်းသို့ ပရမတ် မျက်ကန်း အန္ဓပုထုဇဉ်တို့ ထင်မှား၊ မြင်မှား၊ ယူမှား စွဲလမ်းသော မဟုတ်မရှိသော အမာခံ အထည်ကိုယ်ပင် အန္ဓပုထုဇဉ်တို့က အတ္တ ဟူ၍ သမုတ်ကုန်၊ ပညတ်ကုန်၊ ခေါ်ကုန်သည်တည်း။

အတ္တစင်မှ အနတ္တ ထင်မည်။
အနတ္တ ထင်မှ ခင်တွယ်မှု သံယောဇဉ် ပြတ်မည်။
သံယောဇဉ်ပြတ်မှ ဘဝဇာတ် ချုပ်ငြိမ်းမည်။

## အတ္တဒိဋ္ဌိ၏ ကြီးမားသော ပင်မအင်အားနှင့် ယင်း၏ အကိုင်းအခက် ဒိဋ္ဌိများ

အတ္တဒိဋ္ဌိဟူသည် အဘယ်နည်း။ အဘယ်ကို အတ္တဒိဋ္ဌိဆိုသနည်း။

အတ္တ+ဒိဋ္ဌိ=အတ္တဒိဋ္ဌိ။

အတ္တ – ငါ၏ခန္ဓာ၊ ငါ၏ကိုယ်။

ဒိဋ္ဌိ–ယူမှားစွဲလမ်းခြင်း။

မိမိ၏ကိုယ်၊ မိမိ၏ခန္ဓာကို ငါ၏ အတ္တဟု ယူမှားစွဲလမ်းခြင်းကို အတ္တဒိဋ္ဌိဆိုသည်။ လွန်စွာ အားကောင်းလှသော ဟူ၏။

ထိုအတ္တဒိဋ္ဌိသည် ပမာဆိုသော်....

(က) ဒိဋ္ဌိအမျိုးမျိုးတို့ ပေါက်ပွားရာ၊ မွေးထုတ်ရာ ပင်မကြီးနှင့် အလားတူ၏။[၁]

(ခ) ဒိဋ္ဌိအမျိုးမျိုးတို့ကို ထုတ်လုပ်သော ဒိဋ္ဌိကုန်ထုတ် စက်ရုံကြီးနှင့်လည်း အလားတူ၏။

---

၁။ အတ္တဒိဋ္ဌိမူလကား သဿတုစ္ဆေဒါဒယော။
ပဏ္ဏာသာပါဠိတော်။

ဒိဋ္ဌိအမျိုးမျိုးတို့ ပေါက်ပွားရာဆိုသည်မှာ....

သဿတဒိဋ္ဌိ။ ။အတ္တဟု ဆိုအပ်သောကိုယ်၊ အတ္တဟုဆိုအပ်သော ခန္ဓာ၊ အတ္တဟု ဆိုအပ်သော အကောင်သည် သေသော်လည်း ပျက်မသွားချေ။ ဘဝတပါး ထွက်သွားသည်။ ကူးပြောင်းသည်ဟု ယူမှားစွဲလမ်းခြင်းကို သဿတဒိဋ္ဌိ ခေါ်သည်။

ဥစ္ဆေဒဒိဋ္ဌိ။ ။အတ္တဟု ဆိုအပ်သောကိုယ်၊ အတ္တဟု ဆိုအပ်သော ခန္ဓာ၊ အတ္တဟု ဆိုအပ်သော အကောင်သည် သေသည်ရှိသော် ပြတ်လေ၏။ ပျောက်လေ၏။ နောက်ထပ် ဘဝအသစ် ဖြစ်ခြင်းမရှိတော့ဟု ယူမှားစွဲလမ်းခြင်းကို ဥစ္ဆေဒဒိဋ္ဌိ ခေါ်သည်။

သစ်ပင်တို့၌ အကိုင်း၊ အခက်တို့သည် ရှိကုန်၏။ ထိုအကိုင်းအခက်တို့သည် ပင်စည်၊ ပင်မသာလျှင် အရင်းခံရှိကုန်၏။ ပင်စည်ပင်မကြီး မရှိပဲ အကိုင်းအခက် ဟူသည် ထွက်မလာနိုင်။ ထို့အတူသာလျှင် မည်သည့်ဒိဋ္ဌိပင် ဖြစ်စေ ဖြစ်လိုသော် ဈေးဆိုင်ရှိမှ ဈေးဝယ်လာသကဲ့သို့ အတ္တရှိမှသို့သာ လာရသည်။ ဆိုက်ရသည်။ အတ္တကိုလွတ်၍ မည်သည့်ဒိဋ္ဌိမျှ တည်ဆောက်၍ မဖြစ်။ အတ္တ၌ တန်နှုန်း၍ အတ္တကို ခြေကုပ်ပြု၍သာ ဖြစ်လိုရာရာ ဒိဋ္ဌိတို့သည် ဖြစ်လာကြရကုန်၏။

## အတ္တဒိဋ္ဌိနှင့် နှိုင်းနှိုင်းစရာ ဥပမာများ

ဤသည်ကို ထောက်လျှင် အတ္တဒိဋ္ဌိကို လေယာဉ်မျိုးစုံ သက်ဆင်းရာ လေယာဉ်ကွင်းကြီးနှင့် တူသည် ဟူ၍လည်းကောင်း၊ ရထားများစွာတို့ ဆိုက်ရာ ဘူတာရုံကြီးနှင့်တူသည် ဟူ၍လည်းကောင်း၊ လှေ၊ သင်္ဘောများစွာတို့ ဆိုက်ကပ်ရာ သင်္ဘောဆိပ်ကြီးနှင့် တူသည်ဟူ၍ လည်းကောင်း ဆိုနိုင်၏။

ထိုမှတပါး.... ဥပမာ ဖန်ချက်စက်ရုံကြီး တရုံသည် ရှိ၏။ ဖန်ထည်ပစ္စည်းများစွာတို့သည် ထိုစက်ရုံကြီးမှ ထွက်ကုန်၏။ ဖန်ထည်ပစ္စည်းတို့၏ ထွက်ရှိလာရမှုသည် ထိုစက်ရုံ၌တည်၏။ စက်ရုံမှရှိလျှင် ဖန်ထည်ပစ္စည်းမရှိနိုင်။

အတ္တဒိဋ္ဌိသည် ဖန်ထည်စက်ရုံကြီးနှင့်တူ၏။ သဿတဒိဋ္ဌိ စသော ဒိဋ္ဌိများစွာတို့သည် ထိုစက်ရုံမှထုတ်လုပ်သော ဖန်ထည်ပစ္စည်းများနှင့် အလားတူကုန်၏။ ဤစက်ရုံကြီး ရှိပေ၍သာ ဖန်ထည်အဖြစ်သို့ ရောက်လာနိုင်ကြသကဲ့သို့ အတ္တဒိဋ္ဌိဟူသည့် အမာခံကိုယ်ကာယကြီး ရှိနေပေ၍သာ ဒိဋ္ဌိမျိုးစုံတို့ ထွက်ပေါ်ရောက်လာကြခြင်း ဖြစ်၏။ အတ္တဒိဋ္ဌိဟူသည့် ဟူသော တည်ရာ ပိုရာ၊ အမာခံမရှိလျှင် အဘယ်ဒိဋ္ဌိသည် ပေါ်နိုင်မည်နည်း။

တနည်းအားဖြင့် အတ္တဒိဋ္ဌိသည် မိခင်နှင့်တူ၏။ သဿတဒိဋ္ဌိ စသည်တို့ကား သားသမီးနှင့် တူကုန်၏။ သားသမီးဖြစ်လာမှုသည် မိခင်နှင့် မကင်းသကဲ့သို့ (ဝါ) မိခင်မရှိလျှင် မဖြစ်သကဲ့သို့ သဿတဒိဋ္ဌိ စသည်တို့သည်လည်း အတ္တဒိဋ္ဌိမှသာ ပေါက်ဖွားလာကြရကုန်၏။

တရားအားထုတ်သူ ယောဂီပုဂ္ဂိုလ်သည် အတ္တဒိဋ္ဌိကို မခွာလေပဲ (ဝါ) အတ္တဒိဋ္ဌိ တန်းလန်းနှင့် မဂ်ဖိုလ်နိဗ္ဗာန်လမ်းကို ရည်စူးလျက် ကျင့်နိုင်ပါ၏။ ကြိုးစားအားထုတ်နိုင်ပါ၏။ သို့သော် အတ္တဒိဋ္ဌိဘန်းလန်းနှင့် မဂ်-ဖိုလ် နိဗ္ဗာန်သို့ ရောက်ရှိခြင်း၊ မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိခြင်းမျိုးကား မဖြစ်စကောင်း၊ ဖြစ်ရိုးထုံးစံမရှိ။ အတ္တဒိဋ္ဌိ တန်းလန်းရှိနေသူအား မဂ်ကလည်းကောင်း၊ ဖိုလ်ကလည်းကောင်း၊ နိဗ္ဗာန်ကလည်းကောင်း လက်သင့်ခံမည် မဟုတ်။ မဂ်ဖိုလ်နိဗ္ဗာန်နှင့် အတ္တဒိဋ္ဌိကား မီးနှင့်ရေအလား တခြားစီသာတည်း။

## ဘာလဲဟဲ့ အတ္တဒိဋ္ဌိ

ထို့ကြောင့် နိဗ္ဗာန်မဂ်ဖိုလ် ရလိုသူသည် ရှေးဦးစွာ အတ္တဒိဋ္ဌိကို ပြိုအောင် ဖြိုရပေမည်။ မည်သို့ ဖြိုမည်နည်း။ ကွာအောင် ခွာရပေမည်။ မည်သို့ ခွာမည်နည်း။

မြင်းမိုရ်တောင်ကြီးပင် ဖြစ်စေဦးတော့ ဖွဲ့လုံ့လနှင့်ဖြိုသော် ပြိုရလေမည်သာ။ ဖွဲ့ရှိဖို့နှင့် ဖြိုခွင်းရန် လက်နက်ကောင်းရှိဖို့သာလို၏။ ဤသာသနာ၌ သန်းပေါင်းများစွာကုန်သော လူ့ရှင်ရဟန်းတို့သည် နိဗ္ဗာန်မဂ်ဖိုလ်ကို ရကြ၊ ရောက်ကြကုန်ပြီ။ ထိုသူ၊ ဤသူအားလုံးတို့သည် အတ္တဒိဋ္ဌိကို အမြစ်ပြတ်အောင် အကြွင်းမဲ့ ဖြတ်တောက်ပြီးသူများသာ ဖြစ်ကုန်၏။ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်သို့ ရောက်ရှိသွားကြသူများအနက် အတ္တဒိဋ္ဌိ တန်းလန်းနှင့်လူ တယောက်မျှ မပါချေ။

ထိုအတ္တဒိဋ္ဌိကို ဖြိုရာ၌ အပြောလွယ်သလောက် လုပ်ရာ၌ မလွယ်လှ။ အတ္တဒိဋ္ဌိကား လွန်စွာ အားအင် တောင့်တင်းလှသောကြောင့် မြင်းမိုရ်တောင်ကြီးပြိုအောင် ဆီးစေ့နှင့် ပေါက်၍ ဖြိုသကဲ့သို့ ရှိဘတ်ချေ၏။ အချို့ပုဂ္ဂိုလ်တို့သည် အတ္တဒိဋ္ဌိ မြစ်မျှဉ်းကြီးပြတ်အောင် စွမ်းအားရှိသမျှ ဖြတ်ကြကုန်၏။ အားထုတ်လုံးပမ်းကြကုန်၏။ သို့သော် လက်နက်က မူမမှန်သောကြောင့် ကြိုးစားသလောက် အရာမရောက်ချေ။ ဆင်ပြောင်ကို ခြင်ကောင်ဝါးသည့်ပမာ အတ္တဒိဋ္ဌိကား အနည်းငယ်မျှပင် မဖြုံလေ။ ကုန်သုပ်ခြင်း မရှိလေ။

အတ္တဒိဋ္ဌိသည် အပေါ်ယံ ပညတ်အမြွေးကိုစွဲ၍ ကြံ့ကြံ့ခံနေ၏။ ထိုပညတ်အမြွေးကို ခွာနိုင်၊ လှန်နိုင်၊ တူးဖြိုဖစ်နိုင်မှ အတ္တဒိဋ္ဌိကင်းမည် ဖြစ်၏။ ထိုပညတ်အမြွေးကား ပါးမယောင်ယောင်နှင့် လွန်စွာထူထဲလှ၏။ ထို့ကြောင့် တော်ရုံတန်ရုံဓားမျိုး၊ လက်နက်မျိုးဖြင့် ဖောက်၍ မပေါက် နိုင်ချေ။ သို့သော်....ဘုရားပေးသော လက်နက်ဖြင့် ဖြိုသော် အတ္တဒိဋ္ဌိသည် သဲတောင်ကြီး ပြိုသကဲ့သို့ ပြိုရလေ၏။ ဘုရားပေးသော လက်နက်ဖြင့် ဖောက်သော် အတ္တဒိဋ္ဌိ အမြွေးသည် ပေါက်ရလေ၏။

အရာခပ်သိမ်းကို အကြွင်းမဲ့ သိတော်မူသော သဗ္ဗညု မြတ်စွာ ဘုရားသည် ရဟန်းတို့အား အတ္တဒိဋ္ဌိကို အမြဲဖျက်သည့်နှယ် ဖျက်ဆီးရန် အတွက် လက်နက်ကြီးကိုးမျိုးကို ထုတ်ပေးထားသည်။ ထိုလက်နက်ကြီး ကိုးမျိုးကား အဘယ်နည်း။

## အတ္တဒိဋ္ဌိကို ဖျက်ဆီးပစ်ရန် လက်နက်ကြီး ကိုးမျိုး

၁။ နာမရူပ ပရိစ္ဆေဒဉာဏ်။
၂။ ပစ္စယ ပရိဂ္ဂဟဉာဏ်။
၃။ အနိစ္စဉာဏ်။
၄။ ဒုက္ခဉာဏ်။
၅။ အနတ္တဉာဏ်။
၆။ နိဗ္ဗိန္ဒဉာဏ် ဟူ၍ လောကီဘက်က ခြောက်ပါး။
၇။ မဂ်ဉာဏ်။
၈။ ဖိုလ်ဉာဏ်။
၉။ ပစ္စဝေက္ခဏာဉာဏ်ဟူ၍၊ လောကုတ္တရာဘက်က သုံးပါး ပေါင်း ကိုးပါးတည်း။

၁။ နာမရူပ ပရိစ္ဆေဒဉာဏ်။ ။ယင်း လက်နက်ကြီး ကိုးမျိုး အနက်—နာမ်တွေ၊ ရုပ်တွေကို အသွယ်သွယ် အလှယ်လှယ်၊ အသီးအသီး အသက အသက၊ အမျှင် အမျှင် ဘခြားစီနေအောင်၊ ရုပ်ကို ရုပ်သပ်သပ်၊ နာမ်ကိုနာမ်သက်သက်၊ သီခြားဖြစ်အောင် ထင်နိုင်၊ မြင်နိုင်၊ ပိုင်းခြား နိုင်သော ဉာဏ်ကို နာမရူပ ပရိစ္ဆေဒဉာဏ်ဟု ဆိုသည်။ ရုပ်နှင့်နာမ် မခွဲပဲ ပလုံးထွေး ဖြစ်နေလျှင် အရေးလုံမည် မဟုတ်။

၂။ ပစ္စယပရိဂ္ဂဟဉာဏ်။ ။ နာမ်ရုပ်သည် အလိုအလျောက်၊ ရှက်ကျပင်ပေါက် သဘောမျိုး—အလေ့ကျ ပေါက်လာသည် မဟုတ်။

သူ့အကြောင်းနှင့်သူ ဖြစ်လာသည်ဖြစ်ရာ...ဘယ်သင်းကြောင့်၊ ဘယ်ဟာကြောင့် နာမ်ရုပ်ဖြစ်လာသည်ဟူ၍ နာမ်ရုပ် ဖြစ်ပေါ်ပုံ အကြောင်းကို အတိအကျ သိနိုင်၊ မြင်နိုင် သိမ်းဆည်းနိုင်သောဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ်ဟုဆိုသည်။

၃။ အနိစ္စဉာဏ်။ ။ယင်း နာမ်ရုပ်တို့၏ ဂနာမငြိမ်၊ တရှိန်ရှိန် လှုပ်ရှားပြောင်းလဲနေပုံ။ ယင်း နာမ်ရုပ်တို့၏ အပြတ်ပြတ် အသတ်သတ်၊ အတစ်တစ်၊ အရစ်ရစ်၊ တဖြစ်ဖြစ်၊ တနစ်နစ်၊ ရေပွက် လျှပ်စစ်ကဲ့သို့ ဖြစ်ပျက်မစဲ၊ အမြဲမတည်ကြောင်းကို ကောင်းစွာ သိနိုင်၊ မြင်နိုင်သောဉာဏ်ကို အနိစ္စဉာဏ်ဟု ဆိုသည်။

၄။ ဒုက္ခဉာဏ်။ ။ဖြစ်လိုက်ပျက်လိုက်ဒေါင်ချာရိုက်နေသော ထိုနာမ်ရုပ်တို့ကို ကြောက်စရာကြီးပါလား၊ ထိတ်စရာ၊ လန့်စရာကြီးပါကလားဟူ၍ သိနိုင်၊ မြင်နိုင်သောဉာဏ်ကို ဒုက္ခဉာဏ်ဟု ဆိုသည်။

၅။ အနတ္တဉာဏ်။ ။ယင်းသို့ ဖြစ်လိုက်ပျက်လိုက်၊ ဒေါင်ချာရိုက်နေသော နာမ်ရုပ်တို့၏ အကောင်မဟုတ်၊ အရှင်မဟုတ်။ ပိုင်သူမရှိ၊ နိုင်သူမရှိ၊ အစိုးတရ လွှမ်းမိုးချုပ်ကိုင် ထားနိုင်သူ မရှိ။ သူဖြစ်ချင်တိုင်းဖြစ်၊ သူပျက်ချင်တိုင်း ပျက်၊ ရေပွက်မခြား လျှပ်စစ် ဥပမာအလားကဲ့သို့ အယူမခံ၊ အကိုင်မခံ၊ ယူစရာ ရစရာ အနှစ်အသား မရှိကြောင်းကို ကောင်းစွာ သိနိုင် မြင်နိုင်သော ဉာဏ်ကို အနတ္တဉာဏ်ဟု ဆိုသည်။

ယင်း ဉာဏ်ငါးပါး၊ လက်နက်ကြီး ငါးမျိုးအနက် နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်ဟူသော ဤလက်နက် နှစ်မျိုးဖြင့် အိမ်၊ လှည်း၊ ရထား၊ အဝတ်၊ ပုဆိုး၊ ကြိုး၊ လွန် စသည်တို့ကဲ့သို့ အထူး ထင်ရှားအများပေါင်းစုလုံးထွေး ရှိနေသည်ကို တသားတည်း၊ တခဲတည်း၊ တခုတည်း ထင်ကြရ၊ မြင်ကြရ၊ ခေါ်ဝေါ်ကြရသော "သမူဟဃနပညတ်" ကို ဖြိုရာ၏။ သမူဟဃနပညတ် ကွာအောင် ခွာရာ၏။

အနိစ္စဉာဏ်ဖြင့် ဟိုနေ့ ငါသည် သည်နေ့ငါပင်ဟု ဤသို့စသည်ဖြင့် အသီးသီး တခြားစီ၊ တဌာနစီ၊ တမျိုးစီဖြစ်ပြီး ဖြစ်ဆဲ ရှေ့တရား နောက်တရားတို့ကို တသားတည်း၊ တခဲတည်း၊ တခုတည်း၊ တယောက်တည်း ထင်ကြရ၊ မြင်ကြရ၊ ခေါ်ဝေါ်ကြရသော သန္တတိဃနပညတ်ကို ခွာရာ၏။ သန္တတိဃနပညတ် ကွာအောင် အနိစ္စဉာဏ် လက်နက်ဖြင့် ခွာရာ၏။

ဒုက္ခဉာဏ်ဖြင့် အလှအယဉ်၊ အတင့်အတယ်၊ ချစ်ဖွယ်၊ ခင်ဖွယ်၊ မြတ်နိုးဖွယ် ထင်ကြရ၊ မြင်ကြရ၊ ခေါ်ဝေါ်ကြရသော သုဘဃနပညတ်ကို ဖြိုရာ၏။ သုဘဃနပညတ်ကွာအောင် ဒုက္ခဉာဏ်တည်းဟူသော လက်နက်ဖြင့် ခွာရာ၏။

အနုတ္တဉာဏ်ဖြင့် ဇီဝပညတ်ကို ခွာရာ၏။ ခွာဆိုသော်လည်း လုံ့လ ဉဿဟ စိုက်ထုတ်၍ အထူးခွာနေရတော့သည် မဟုတ်။ အဟုတ်ရှိ၊ အမှန်ရှိ၊ အဟုတ်သဘော၊ အမှန်သဘောကို တကယ်သိ၊ အဟုတ်သိ၊ သိလေက ပညတ်သည် သူ့အလိုအလျောက် ပျောက်ရလေတော့ သည်သာ တည်း။ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ်၊ ယင်းငါးပါးကို အဟုတ်ရှိသော နာမ်နှင့် ရုပ်၊ အဟုတ် သဘောဖြစ်သော လက္ခဏာသုံးပါးကို ဟုတ်တိုင်းမှန်တိုင်း သိနိုင်လေ သောကြောင့် ယထာဘူတဉာဏ်ဟူ၍ ခေါ်ဆိုရ၏။

၆။ နိဗ္ဗိန္ဒဉာဏ်။ ။ငြီးငွေ့သောဉာဏ်ကို နိဗ္ဗိန္ဒဉာဏ်ဟု ဆိုသည်။ ထင်ရှားစေဦးအံ့။ ဆိုခဲ့ပြီးသော ယထာဘူတဉာဏ် ငါးမျိုးဖြင့် ပညတ်ကို အရေကွာအောင် ခွာ၍ အဟုတ်ကို အဟုတ်အတိုင်း၊ အမှန်ကို အမှန် အတိုင်း တကယ်သိလာ၊ ထင်လာ၊ မြင်လာသောအခါ လောကဥ္စ ခင်စရာ၊ မြင်စရာ၊ တွယ်ခရာ၊ မက်မောစရာဆို၍ ဘာဆို ဘာမှမမြင်။ ဘယ်ဘုံ ဘယ် ဘဝမှာမှလည်း မဖြစ်ချင်။ ကြောက်မက်ဖွယ်လိလိ၊ ဘေးအတိသာ မြင်လေ ရကား ဘဝသံသရာ၊ ခန္ဓာအစဉ်၌ ကြောက်ရွံ့ ငြီးငွေ့တော့သည်သာ။ ယင်းသို့ ဘာဆိုဘာမှ မဖြစ်ချင်တော့ပဲ ကြောက်ရွံ့ ငြီးငွေ့သည်ကိုပင် နိဗ္ဗိန္ဒ ဉာဏ်ဟု ဆိုသည်။ ကြောက်ရွံ့ ငြီးငွေ့ ဆိုသော်လည်း ဒေါမနဿ၏ အစွမ်းဖြင့် ဆင်းရဲပင်ပန်း ရလောက်အောင် ကြောက်ရွံ့ ငြီးငွေ့ခြင်းမျိုး မဟုတ်။ စင်စစ်မှာ ယထာဘူတဉာဏ်ဖြင့် အမှန်ကို အမှန်အတိုင်း မသိကြ ၍သာ လူ့လောက၊ နတ်လောက၊ လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ လူကောင်၊ နတ်ကောင်၊ အထီး၊ အမစသည့် အတောင့်အတုံး၊ အလုံးအခဲ၊ တရှိတည်း ခင်ဖွယ်၊ မင်ဖွယ်၊ နှစ်သက် မြတ်နိုးဖွယ်တွေဟု ထင်ကြရ၊ မြင်ကြရကုန် လေသည်။

ယထာဘူတဉာဏ်ဖြင့် အမှန်ကိုသိသော် လောကီဘက်တွင် ကောင်း ကွက်ကို မမြင်။ ပြုပြင်မစဲ၊ အမြဲ ဖြစ်ပျက်နေကြသော ရုပ်နာမ်တို့၏ အလုံး အခဲ၊ အစုအခဲ၊ သူတို့ကို ပိုင်သူမရှိ၊ နိုင်သူမရှိ၊ အစိုးတရ ချုပ်ကိုင်နိုင်သူ မရှိ၊ ဖြစ်ချင်တိုင်းဖြစ်၊ ပျက်ချင်တိုင်းပျက်၊ တပျက်တည်းပျက်၊ ပျက်မစဲသည် ကိုသာ မြင်သောကြောင့် လူ့လောက၊ နတ်လောက သဏ္ဌာန်၊ နာမ်ရုပ် အလုံးအထွေး အစုအခဲတို့ကို ဘေးတွေ ရန်တွေကဲ့သို့ ကြောက်ရွံ့ လန့်ဖွယ်၊ မတွယ် မနှစ်သက်၊ လွတ်ထွက်ကင်းရှင်းချင်၊ မရွှင်ငြီးငွေ့၊ မပျော်မွေ့သော အခြင်းအရာဖြင့် အသိဉာဏ်ညက်ညော သိမ်မွေ့စွာ ဖြစ်လာသည်ကိုပင် နိဗ္ဗိန္ဒဉာဏ်၊ ကြောက်ရွံ့ငြီးငွေ့သည်ဟူ၍ ဆိုရသည်။

၇။ မဂ်ဉာဏ်။ ။လောကီဘက်၌ သိစရာကုန်၍ လောကီကိစ္စ အပြီးသတ် နိဂုံးချုပ်။ လောကီကို ကျော်ဖောက်၊ နိဗ္ဗာန်သို့ ဆိုက်ရောက် သောဉာဏ်ကို မဂ်ဉာဏ်ဟု ဆိုသည်။ နိဗ္ဗာန်သို့ ဆိုက်ရောက်ဆိုသည်မှာလည်း မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်၊သိ၊ နိဗ္ဗာန်နှင့် တွေ့ထိသည်ကို ဆိုသည်။ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်သိ၊ နိဗ္ဗာန်နှင့် တွေ့ထိသည်နှင့် တပြိုင်နက် ထိုပုဂ္ဂိုလ်၏ သန္တာန်မှာ အမိုက်၊ အရှုပ်၊ အညစ်၊ အနောက်၊ အပူ၊ ကိလေသာဟူသမျှ၊ အကုသိုလ် ကံဟူသမျှ၊ အဝိဇ္ဇာ-တဏှာ အမြစ်နှင့်တကွ လက်စပြတ်ကုန်ငြိမ်း ခန်းခြောက်လေ၏။

ယင်းပုဂ္ဂိုလ်၏ သန္တာန်၌ အဝိဇ္ဇာအမြေး၊ တဏှာအစေး ခန်းခြောက် သည်ရှိသော် အကုသိုလ်ကံ ဟူသမျှတို့သည် ဖုဂ ပြီး ပြုတ်ပြီး မျိုးစေ့ကဲ့သို့ ဖြစ်လေကုန်၏။ ကုသိုလ်၊ အကုသိုလ်အကြောင်း သမုဒယ ကုန်ငြိမ်းခန်း ခြောက်လေက ဇာတိစသော အဆက်ဆက် ဖြစ်လတ္တံ့ အကျိုးခန္ဓာတို့လည်း ခန်းခြောက်ကုန်ငြိမ်းကုန်၏။ အကြောင်းကုန်ငြိမ်းခြင်း၊ အကျိုးခန္ဓာတို့၏ ကုန်ငြိမ်းခြင်း နှစ်ပါးအပေါင်းသည်မဂ်ခဏ၌ တပြိုင်တည်းဖြစ်၏။

နိဗ္ဗာန်သို့ရောက်သည်၊ နိဗ္ဗာန်ကိုရသည် ဆိုသည်မှာလည်း မဂ်ခဏ၌ ရသည် ရောက်သည် မှတ်ရာ၏။ စုတိကမ္မဇရုပ် ချုပ်လေပြီးမှရစရာ၊ ရောက် စရာ နိဗ္ဗာန် တခြားမရှိ။ နိဗ္ဗာန်ဟူသည် တပါးသာတည်း။ ယင်းတခုသော နိဗ္ဗာန်ကိုပင် မဂ် ဖြစ်ပြီးနောက် စုတိမဖြစ်မီ ရောက်သောသူမှာ ခန္ဓာကြွင်း ရှိသေးသောကြောင့် သဉပါဒိသေသနိဗ္ဗာန် ဟူ၍ လည်းကောင်း၊ စုတိ ဖြစ်ပြီးနောက် ခန္ဓာကြွင်း မရှိသောကြောင့် အနုပါဒိသေသနိဗ္ဗာန် ဟူ၍ လည်းကောင်း ရောက်သူ၏ ခန္ဓာကိုအစွဲပြု၍ အမည်နှစ်ပါးဖြင့် ခေါ်ဝေါ် ရသည်။ နိဗ္ဗာန်နှစ်ပါးရှိ၍ ခေါ်သည်မဟုတ်။ ထို့ကြောင့် နိဗ္ဗာန်၌ကား အကွဲအပြားမရှိ။ အမည်သာ ကွဲပြားသည် မှတ်ရာ၏။

၈။ ဖိုလ်ဉာဏ်။ ။မဂ်၏ အကျိုး၊ မဂ်၏နောက်ထပ်၊ မဂ်၏ကိစ္စကို အပြီးသတ်စေသောဉာဏ်၊ ရရှိပြီးသော နိဗ္ဗာန်အရသာကို ခံစားတတ်သော ဉာဏ်ကို "ဖိုလ်ဉာဏ်"ဟု ဆိုသည်။

၉။ ပစ္စဝေက္ခဏာဉာဏ်။ ။သိဖွယ်၊ မြင်ဖွယ်၊ ပယ်ရှင်းဖွယ်၊ ကျင့်ဖွယ်၊ ကြံဖွယ်၊ အားထုတ်ဖွယ် ကိစ္စဟူသမျှ ပြီးဆုံး ကျွတ်လွတ်ပေ ပြီဟု ဆင်ခြင်စိတ်ချ၊ ဗျာပါရမရှိ၊ ကြောင့်ကြမဲ့ ကိစ္စပြီး အေးကြီး အေးရသော ဉာဏ်ကို ပစ္စဝေက္ခဏာဉာဏ် ဆိုသည်။

"ယထာဘူတ ဉာဏ်ဖြင့် အဟုတ် အမှန်ကို အဟုတ်သိ၊ တကယ်သိ၊ သိမြင်သော ပုဂ္ဂိုလ်သည် ငြီးငွေ့၏။ ငြီးငွေ့သော သူသည် တပ်ခြင်းကင်း၏။ တပ်ခြင်း ကင်းခြင်းကြောင့် ကျွတ်လေ-လွတ်လေ၏။ ကျွတ်ပြီး လွတ်ပြီးသောအခါ "ငါ ကျွတ်လွတ်ရပေပြီ" ဤသို့ ဆင်ခြင်စိတ်ချ၊ အေးကြီးအေးရသောဉာဏ် ဖြစ်လာ၏။

ဤ၌ သိမြင်ကား-ယထာဘူတဉာဏ်။ ငြီးငွေ့ကား-နိဗ္ဗိန္ဒဉာဏ်။ တပ်ခြင်းကင်းကား-မဂ်ဉာဏ်။ ကျွတ်လွတ်ကား ဖိုလ်ဉာဏ်။ ဉာဏ်ကား-ပစ္စဝေက္ခဏာဉာဏ်။ ဤသို့ ဉာဏ်ငါးပါးနှင့် ဟပ်၍ မှတ်ရာ၏။

## ဉာဏ်ငါးပါးကို

## ခရီးသွားယောကျ်ား၏ ဖြစ်ရပ်နှင့် ပုံဟပ်ကြည့်ပုံ

ခြစ်ခြစ်တောက် ပူပြင်းလှသော နေလုံးကြီး အောက်မှာ ဖြင်၏။ ခရီးသွား ယောကျ်ားတဦးသည် မောပန်းတကြီး ချွေးဒီးဒီးနှင့် တမတ်စောက်စောက် လျှောက်သွားနေ၏။ လမ်းခုလတ်တွင် ထိုသူသည် ရေငတ်၍ အာများ ခြောက်ကပ်လာသည်။ ခရီးကပန်း၊ တောမကျွမ်းသောကြောင့် သည်လမ်းသည်ခရီးတွင် ဘယ်နေရာမှာ ရေရှိသည်ဟူ၍ သူမသိ။ သို့လျှောက်လာယင်းမှ လမ်းဘေးတနေရာတွင် မှိုင်းညို့ညို့ တောတန်းတခုမြင်လေ၍ ရေရှိမည်အထင်နှင့် အဇမောင်ခရီးသွား ထိုယောကျ်ားသည် ထိုနေရာသို့ သွားလေ၏။

ထိုနေရာသို့ရောက်လေ၏။ ထိုနေရာ၌ အလွန် သာယာလှစွာသော၊ အလွန်နေချင့်စဖွယ် ကောင်းလှသော ရွာတရွာဖြစ်နေသည်ကို တွေ့ရသောအခါ ထိုယောကျ်ားသည် အတိုင်းမသိ ဝမ်းသာ သွားလေ၏။ ငါ့အဖို့ ရေတွင်သာမက စျေးဆိုင်ကလေးများကလည်း သပ်သပ်ရပ်ရပ်နှင့် အာဟာရဓာတ်ကိုလည်း လိုအပ်သလို ငါ ဖြည့်တင်းရတော့အံ့။ ဝဝကြီး စားရတော့အံ့ဟု မဆုံးနိုင်သောပီတိဖြင့် ထိုယောကျ်ားသည် ရှိန်းရှိန်းအိ ဖြစ်နေလေ၏၊ ထိုအချိန်အထိ ထိုယောကျ်ားသည် ရေကြည် တပေါက်မျှ မသောက်ရသေးသော်လည်း ရွာ၏ သာယာလှစွာသော ရှုခင်းအောက်တွင် တယောက်ဟည်း မစားရ ဝခမန်း ဖြစ်နေလေသည်။

---

၁။ သမ္မာပဿံ နိဗ္ဗိန္ဒတိစသည်။ ခန္ဓသံယုတ်ပါဠိတော်။

ထိုခဏ သူ့မျက်စိထဲတွင် လျှပ်စစ်ပြက်သကဲ့သို့ လက်ကနဲ ထင်လိုက်ပြီးနောက် သူသည် အလွန်အံ့ဩသော မျက်လုံးဖြင့် တနေရာကို ရှုမဆုံးအောင် ဖြစ်သွားလေ၏။ သူ့မျက်စိအောက်သို့ ရောက်နေသော အာရုံကား မိန်းမ လူယောကျ်ားလည်း မဟုတ်၊ နတ်သမီး နတ်သားလည်း မဟုတ်၊ ဝိဇ္ဇာ ဇော်ဂျီတဦး ဖြစ်လေသတည်း။ "အမောင်ယောကျ်ား၊ သင့်အသက်ကို ချမ်းသာလိုက ဤနေရာမှ အမြန်ထွက်ခွာလော့။ ဤရွာကား လူနေသောရွာ၊ လူသားတို့၏ နေအိမ်များ မဟုတ်။ သင့်ကို စားလိုသောကြောင့် ဘီလူးတို့ သွေးဆောင်ဖန်ဆင်းထားသော ရွာဖြစ်၏။ အမောင်ယောကျ်ား ခရီးသွား၊ ရှောင်ပါလော့၊ ရှားပါလော့" ဟူ၍ ဝိဇ္ဇာဇော်ဂျီက သတိပေးလေသောအခါ ရေတော်သည်ကိုပင် သတိမရနိုင်တော့။ အချုပ်ချင်းပင် အသက်ထွက်တော့မလောက် ကြောက်ရွံ့ခြင်း၊ ထိတ်ခြင်း၊ လန့်ခြင်း၊ စိုးရိမ်ခြင်းတို့သည် ထိုခဏအတွင်းမှာပင် တန်းစီလျက် ရပ်လာကုန်လေ၏။

"ဟယ်.... ရေမသောက်ရလျှင် ရှိစေတော့" ငါ့ အသက်ကိုတော့ ဘီလူးကို မဆက်နိုင်။ ဘီလူးစာ မကျွေးနိုင်ဟူ၍ ထိုရွာမှ ကဆုန်ပေါက်လျက် ချက်ချင်း ထွက်ပြေးရှာလေ၏။ ထိုယောကျ်ားသည် အချိန်မီ ရုန်းထွက်နိုင်ခဲ့သဖြင့် ဘီလူးတို့၏ ထောင်ချောက်၊ ဘီလူးတို့၏ အန္တရာယ် ဧက်ကွင်းမှ လွတ်ကင်းရလေ၏။ ရွာနှင့် အတော်ကလေး ဝေးရာသို့ ရောက်လေသောအခါ နောက်သို့လှည့်၍ သူကြည့်လိုက်၏။ "ငါ....လွတ်ပြီ။ ငါ....ကျွတ်ပြီ" ဝမ်းသာပီတိဖြင့် ဥဒါန်းကျူးမိလေတော့သည်။

ဤကား ဥပမာ တည်း။ ဉာဏ်ငါးပါးကို ဥပမာဖြင့် ဟပ်၍ ကြည့်သော်....

၁။ ယထာဘူတဉာဏ်သည် — အမှန်ကို အမှန်အတိုင်း ဘီလူးရွာမှန်း သိခြင်းနှင့် အလားတူ၏။

၂။ နိဗ္ဗိန္ဒဉာဏ်,သည်.... — ဘီလူးရွာမှန်းသိ၍ ခရီးသွားယောကျ်ား၏ စိတ်၌ ဖြစ်ပေါ်လာသော ရွံ့ကြောက် ထိတ်လန့်ခြင်းနှင့် အလားတူ၏။

၃။ မဂ်ဉာဏ်သည်.... — ခရီးသွား ယောကျ်ားသည် ရွံ့ကြောက် ထိတ်လန့်ကာ မနေဝံ့သဖြင့် ထိုရွာမှ ထွက်ပြေးခဲ့ခြင်းနှင့် အလားတူ၏။

၄။ ဖိုလ်ဉာဏ်သည်.... — ထွက် ပြေး ခဲ့ လေ သော ကြောင့် ထို ယောကျ်ားသည် ဘီလူးဘေးမှ လွတ်မြောက်လာခြင်းနှင့် အလားတူ၏။

၅။ ပစ္စဝေက္ခဏာဉာဏ်သည် ထိုယောကျ်ားသည် ရပ်နားရှုရှာကို ပြန်ကြည့်ကာ "ငါ လွတ်ပြီ၊ ကျွတ်ပြီ" ဟု ဖြစ်ပေါ်လာသောအသိဉာဏ်နှင့်အလားတူ၏။

## ရုပ် လှည်းနှင့် နာမ် လှည်းသမား

အတ္တဒိဋ္ဌိ၏အဓိပ္ပာယ် အချုပ်မှာ အလိုသို့ လိုက်ပါသည်။ လုပ်ချင်ရာကို လုပ်၍ရသည်ဟု ထင်မှတ်စွဲလမ်းသော အယူတည်း။ အတွင်းအကျဆုံး အနေဖြင့် ထင်မှု၊ မှတ်မှု၊ စွဲလမ်းမှုကြီးသည် အတ္တဒိဋ္ဌိ ပင်တည်း။ ထို့ကြောင့် ယနေ့ လူသားတို့နေထိုင်ရာ ဤကမ္ဘာကြီးကို အတ္တဒိဋ္ဌိက ထမ်းထားသည်ဟု ဆိုလျှင် မမှားတန်လေရာ။

သူသူ ငါငါ၊ လူသတ္တဝါတို့သည် ကိစ္စကြီး ငယ်၊ အသွယ်သွယ်ကို ပြုလုပ်ဆောင်ရွက်ကြရာ၌ ငါလုပ်သည်၊ ငါပြောသည်၊ ငါဆိုသည်၊ ငါသွားသည်၊ ငါစားသည်၊ ငါတွေ့သည်၊ ငါမြင်သည်၊ ငါကြည့်သည်၊ ငါသိသည် ဟူ၍လည်းကောင်း၊ ချမ်းသာ ဆင်းရဲ၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာကို ခံစားရာ၌လည်း ငါ ခံစားသည်ဟူ၍ လည်းကောင်း၊ ဤသို့စသည်ဖြင့် အစွဲအလမ်းကြီးစွာ ယူမှား၊ သိမှား၊ မှတ်မှား၊ ကျင့်မှား ဒိဋ္ဌိဖြစ်ကြကုန်၏။

ထိုအတ္တဒိဋ္ဌိကို ကွာစေလိုသော် နေယာင်း ထိုင်ယင်း၊ သွားယင်း လာယင်း၊ လုပ်ယင်း ကိုင်ယင်း၊ ပြောယင်း ဆိုယင်း၊ ကြည့်ယင်း ရှုယင်း၊ ရေးယင်း သားယင်း၊ ပြောင်းယင်း ရွှေယင်း၊ စားယင်း သောက်ယင်း မှာပင် ဉာဏ်နိုင်၏။ ဆိုခဲ့ပြီးသောအတိုင်း အမှန်ကို အမှန်အတိုင်း သိသော ယထာဘူတ ဉာဏ်ဖြင့် ခွာလျှင် ကွာနိုင်၏။ ဥပမာ တအိအိ တကျွိကျွိ မောင်းနေသော လှည်းကို တင်စား၍ ကြည့်နိုင်ပေသည်။ ထိုလှည်းသည် အဘယ့်ကြောင့် တလှုပ်ရှားရှားနှင့် သွားနေသနည်းဟူသော အချက်ကို ဉာဏ်မျက်စိ၌ သက်ဝင်လာအောင် ရှုပါလေ။ ထိုလှည်း၏ သွားလာနေမှု၌ စိပ်စပ်သော် လှည်းပါသည်၊ နွားပါသည်၊ မောင်းသူပါသည်။ ဤသုံးခုစုပေါင်းမိချက်အရ လှည်းသည် တအိအိ တကျွိကျွိနှင့် သွားနေခြင်း ဖြစ်သည်ကို မြင်လာမည်။

ယင်း တအိအိ တကျွိကျွိနှင့် လှုပ်ရှား သွားလာနေသော ပကတိ လှည်းနှင့် ငါသွားသည်၊ ငါလာသည် ဟူသော လှုပ်ရှားမှုကို တင်စားကြည့်

သော်.(ဝါ) လူသတ္တဝါ၏ သွားလာ လှုပ်ရှား စားသောက် နေထိုင်မှု စသော လုပ်ငန်းရပ်များနှင့် စံထိုးကြည့်သော် ဘာတွေ ဘာတွေကို တွေ့ရ၊ မြင်ရလေမည်နည်း။

(၁) ၃၂- ကောဋ္ဌာသ၏ အစုအဝေးဖြစ်သော ရုပ်ခန္ဓာ၊ ရုပ်ကာယကြီးကား လှည်းနှင့် အလားတူ၏။

(၂) မဟာဘုတ်ခေါ် ဓာတ်ကြီး လေးပါးတွင် လှုပ်ရှားတွန်းကန်ခြင်းသဘော-- ဝါယောဓာတ်သည် နွား နှင့် အလားတူ၏။

(၃) စေတသိက် ၅၂ပါးနှင့်အကွ စိတ်သည် လှည်းမောင်းသူနှင့် အလားတူ၏။

လှည်း၊ နွား၊ မောင်းသူ-ဤသုံးခု စုပေါင်းမိချက်အရ လှည်းသည် တအိအိ ၊တကျွီကျွီနှင့် သွားနေသကဲ့သို့ ရုပ်၊ လှုပ်ရှားမှု ဝါယော၊ စိတ် ဤသုံးခု တို့၏ စုပေါင်းချက်အရ ငါသွားသည်။ ငါလာသည် စသော လှုပ်ရှားမှုများ ဖြစ်ပေါ်လာခြင်းဖြစ်၏။ သတိပဋ္ဌာန်အားဖြင့် နေယင်း၊ ထိုင်ယင်း သွားလာလုပ်ကိုင်ယင်း၊ အတ္တဒိဋ္ဌိခွာလိုသော် သွားလာနေထိုင်မှု စသော ကိစ္စကြီး ငယ် အသွယ်သွယ်တို့ ဖြစ်မြောက်ရန်အတွက် နာမ်တရား စိတ်က ရုပ်ကိုခိုင်းသည်။ စိတ်က ခိုင်းသောကြောင့် ရုပ်ကလုပ်သည်။ ရုပ်က စိတ်ခိုင်းတိုင်းလုပ်သောကြောင့် လှုပ်ရှားမှု အရေပ်ရေပ်တို့ တရေပ်ဖြစ်ပေါ်ကုန်သည်ဟု သိလျှင် အမှန်ကို အမှန်အတိုင်းသိသော ယထာဘူတဉာဏ်၊ ရုပ်ကို ရုပ်သက်သက်၊ နာမ်ကို နာမ်သက်သက် ပိုင်းခြားသိမြင်သော နာမရူပပရိစ္ဆေဒဉာဏ်ကို အပိုင်စီးမိပြီဖြစ်သောကြောင့် အတ္တဒိဋ္ဌိသည် ကိုယ့်မှာ ခိုနားစရာမရှိလေတော့ပဲ အလိုလိုကွာရလေတော့မည်တည်း။

## ရုပ်နှင့် နာမ် တို့၏ မူလသဘော

သူသူ ငါငါ သွားကြ၏။ လာကြ၏။ စားကြ၏။ သောက်ကြ၏။ ထိုထိုသွားလာစားသောက်မှု စသည်တို့သည် ဘယ်လိုဘယ်လို၊ ဘယ်နည်း ဘယ်ပုံ ဖြစ်လာကုန်သနည်း။

စင်စစ်အားဖြင့်ကား နာမ်တရား၊ ဝါ-စိတ်သည် သွားလိုပါလျက် လည်း သူ့မှာသွားစရာ ရုပ်ဝတ္ထု၊ ရုပ်ခြေထောက် မရှိလေသောကြောင့် သူ့အနေအားဖြင့် မသွားနိုင်။ စားလိုပါလျက် မစားနိုင်။ ပြောလိုပါ

လျက် မပြောနိုင်။ ထိုင်လိုပါလျက် မထိုင်နိုင်။ အိပ်လိုပါလျက် မအိပ်နိုင်။ စာရေးလိုပါလျက် မရေးနိုင်။ စာဖတ်လိုပါလျက် မဖတ်နိုင် ပွဲကြည့်လိုပါလျက် မကြည့်နိုင်။

ထိုနည်း ၎င်းပင် ရုပ်သည်လည်း စားတတ်ပါလျက် စားလိုသော အာသာ သူ့မှာမရှိ။ သောက်တတ်ပါလျက် သောက်လိုသော ဆန္ဒ သူ့မှာမရှိ။ သွားတတ်ပါလျက် သွားလိုသောဆန္ဒ သူ့မှာမရှိ။ စာဖတ်တတ်ပါလျက် ဖတ်လိုသောဆန္ဒ သူ့မှာမရှိ။ ပွဲကြည့်တတ်ပါလျက် ကြည့်လိုသောချင်ခြင်း အာသာဆန္ဒ သူ့မှာမရှိ။

[၁]အချုပ်အားဖြင့် နာမ်သည်လည်း တန်ခိုးမရှိ၊ ရုပ်သည်လည်း တန်ခိုးမရှိ။ မိမိတို့အနေဖြင့်၊ ဝါ-မိမိချည်းသက်သက်ဘာဆိုဘာမျှ ကိစ္စတခုခုကို ဖြစ်မြောက်အောင် မဆောင်ရွက်နိုင်။ မလုပ်နိုင်။ မကိုင်နိုင်။ လုပ်ကိုင်နိုင်စွမ်းသော အင်အား သူတို့မှာ မရှိကြ။

သို့သော် သူတို့ချင်း ပူးကပ်၊ စပ်နှောမိလေသောအခါ အလုပ်တခု ဖြစ်လာသည်။ သွားလိုသောစိတ်သည် သွားတတ်သော ရုပ်နှင့် တွဲမိသောအခါ သွားခြင်းဟူသော လှုပ်ရှားမှုအလုပ်တခု ဖြစ်ပေါ်လာ၏၊ ထို့အတူ စားတတ်သောရုပ်သည် စားလိုသော အာသာဆန္ဒရှင် စိတ်နှင့် ပူးပေါင်းမိသောအခါ၊ စားခြင်းဟူသောအလုပ်တခု ဖြစ်ပေါ်လာ၏။ ဤသို့ စသည်ဖြင့် နာမ်နှင့် ရုပ်၊ သူတို့ချင်းပူးကပ်၊ စပ်နှောမိလေတိုင်း နေမှု၊ ထိုင်မှု၊ ပြောမှု၊ ဆိုမှု၊ ရောင်းမှု၊ ဝယ်မှု၊ ဝတ်မှု၊ စားမှု၊ ပေးမှု၊ ကမ်းမှု၊ လှူမှု၊ တန်းမှု စသော ထိုထို အလုပ် တို့သည် မီးခိုးမဆုံး၊ မိုးမဆုံး ဖြစ်ပေါ်လာရကုန်လေ၏။

ဤအချက် ထိုအချက်များကို အကွက်ကျကျ၊ သဘောမိမိ သိရှိထားသောသူအား အတ္တဟူသော စွဲလမ်းမှုသည် ဖြစ်လေတော့မည် မဟုတ်။ အတ္တစွဲလမ်းမှုပြတ်ကင်းသော် အတ္တဒိဋ္ဌိ ကွာလေပြီတည်း။

## ဒိဋ္ဌိမှုခင်း နှင့် ပတ်သက်၍ အရှင်သာရိပုတ္တရာ ၏ ယမကစစ်တမ်း

အရှင်သာရိပုတ္တရာ ၏ ဤယမကစစ်တမ်း သည် ဝါဒရေးရာ နှင့် ပတ်သက်၍ လွန်စွာမှတ်သားဖွယ်လည်းကောင်းလှ၏။ လွန်စွာစိတ်ဝင်စားမှုကိုလည်း ကျေးဇူးပြုသော မှတ်တမ်းကြီးဖြစ်၏။

---

၁။ အဘိဓမ္မေ နာမံ နိဗ္ဗာနံ။ ရူပံ နိဗ္ဗာနံ။ အဋ္ဌသာလိနီ။

ဗုဒ္ဓလက်ထက်တော်ကဖြစ်၏။ ယမက ဟု အမည်ရှိသော ရဟန်းတပါးရှိသတတ်။ ထိုရဟန်း၌ မှားသောအယူဖြစ်နေ၏။ ဘုရားသခင်ကို ပင်လျှင် စွပ်စွပ်စွဲစွဲ၊ အတင့်ရဲစွာ ပြောမှား ဆိုမှားလုပ်နေ၏။

''ငါ့ရှင် ယမက၊ မြတ်စွာဘုရားသခင်အား စွပ်စွဲဆိုပြောခြင်းသည် မသင့်၊ ငါ့ရှင်သည် ဤသို့မပြောထိုက်ပါ၊ မစွပ်စွဲသင့်ပါ'' ဟူ၍ ရဟန်းတို့က ဆိုဆုံးမကြကုန်သော်လည်း အချည်းနှီးသာဖြစ်လေ၏။ ယမက ရဟန်းကား ရဟန်းတို့၏စကားကို လေးစားခြင်းမရှိ။ မိမိအယူဝါဒကို မစွန့်လေပဲ ပြောမြဲတိုင်းသာ ပြော၍ ဆိုမြဲတိုင်းသာ ဆိုနေလေသတည်း။

ထိုအခါ ရဟန်းတို့သည် အရှင်သာရိပုတ္တရာ၏အထံသို့သွား၍ ဝိုင်းဝန်းတောင်းပန်ခြင်းပြုကုန်လေ၏။

''အရှင်ဘုရား၊ တပည့်တော်တို့ တောင်းပန်ပါကုန်၏။ အယူမှားနေသော ယမက ရဟန်းထံသို့ အရှင်ကိုယ်တိုင် ကြွတော်မူ၍ ထိုရဟန်းအား ဆုံးမတော်မူပါလော။ မှားသောအယူမှ ကျွတ် လွတ် အောင် အရှင်ဘုရားချွတ်တော်မူပါလော့'' ဟု တောင်းပန်ကြသောအခါ အရှင်သာရိပုတ္တရာသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူလိုက်ပြီးနောက် ညချမ်းအချိန်ရောက်သောအခါ ကိုယ်တော် တပါးတည်းပင် ယမကရဟန်းထံသို့ ကြွရောက်တော်မူပြီးလျှင် အယူဝါဒနှင့် ပတ်သက်၍ ဤသို့စစ်မေးတော်မူလေ၏။

''ငါ့ရှင် ယမက၊ သင့်အား ယုတ်မာစွာသော အယူမှားတခု ဖြစ်နေသည်ဟု ငါကြား၏။ မှန်သလော''ဟု မေးသောအခါ ''မှန်ပါသည်''ဟု ယမက ရဟန်းက ဝန်ခံလေသော် ''ငါ့ရှင် ယမက၊ အစိန္တေယျ မြတ်ဘုရားသည် ရဟန္တာတို့အား စုတိစိတ် ဖြစ်သည့်နောက်၌ အထက်၌ ပဋိသန္ဓေစိတ် တဖန် မဖြစ်သည်ကိုသာလျှင် ''နဟောတိ တထာဂတော ပရမ္မရဏာ''ဟု ဟောတော်မူသည်။ ထိုသို့ဖြစ်ပါလျက် ''ငါ့ရှင်ကား ရဟန္တာသတ္တဝါ သေသည်နောက် တဖန် ရဟန္တာသတ္တဝါ ပဋိသန္ဓေ မနေပြီ။ ဤသို့ မြတ်စွာဘုရား ဟောတော်မူသည်။ ထိုသို့ ဟောတော်မူသည်ကို ငါသိ၏''ဟု ငါ့ရှင် ယူလေဘိသည်။ မြတ်စွာဘုရားကိုစင်လျက် ငါ့ရှင်သည် ဒိဋ္ဌိအယူဖြင့် စွပ်စွဲလေဘိသည်။ မြတ်စွာဘုရားအား ဒိဋ္ဌိအယူကို ယူသည်ဟု ငါ့ရှင် စွပ်စွဲခြင်းသည် မသင့်နိုင်စွ''

ဤသို့ အရှင်သာရိပုတ္တရာသည် ယမက ရဟန်းအား ဆုံးမတော်မူမြဲ။ ပြီးလျှင် ဤသို့ တရားချ၍ မေးတော်မူပြန်သည်။

"ငါ့ရှင် ယမက၊ ရုပ်သည် နိစ္စလော၊ အနိစ္စလော။ မြဲသလော၊ မမြဲသလောဟု မေးသည်ကို အနိစ္စ မမြဲပါ'ဟု ဖြေ၏။ ထိုနောက် ဆက်လက်၍ ဝေဒနာသည် နိစ္စ၊ အနိစ္စ မြဲသလော၊ မမြဲသလော။ ဟူ၍လည်းကောင်း၊ သညာသည် နိစ္စ၊ အနိစ္စ-မြဲသလော၊ မမြဲသလောဟူ၍ လည်းကောင်း၊ ဖဿဝေဒနာစသော စေတသိက် ငါးဆယ်ဟူသော သင်္ခါရက္ခန္ဓာသည် နိစ္စ၊ အနိစ္စ မြဲသလော၊ မမြဲသလော ဟူ၍ လည်းကောင်း။ စိတ်တခုကုတ် ကိုးဆယ်ဟူသော ဝိညာဏက္ခန္ဓာသည် နိစ္စ၊ အနိစ္စမြဲသလော၊ မမြဲသလော ဟူ၍လည်းကောင်း စစ်မေးရာ၌လည်း ယမက ရဟန်းက "အနိစ္စ မမြဲပါ" ဟူ၍ချည်းသာ ဖြေ၏။ ထိုအခါ အရှင်သာရိပုတ္တရာသည် သူ၏ ဖြေဆိုချက် အလျောက် ကောက်ချက်ချတော် မူလေသည်။

"ငါ့ရှင် ယမက၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် ဟူသော ခန္ဓာငါးပါး တရားအစုသည် နိစ္စလော၊ အနိစ္စလောဟု ငါ့ရှင်ကိုမေးလျှင် အနိစ္စဖြစ်ကြောင်းကို ငါ့ရှင် ဝန်ခံ လျှောက်ပြီ၊ ငါ့ရှင် လျှောက်ချက်အတိုင်း ခန္ဓာငါးပါး တရားအစုသည် အနိစ္စကေန်မှန်၏။ အနိစ္စဟု ငါ့ရှင်မြဲမြဲမှတ်။ ထိုအနိစ္စဖြစ်သော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်သည် ဒုက္ခလော၊ သုခလော၊ ဆင်းရဲလော၊ ချမ်းသာလော...ဟူသော အမေးကို "ဒုက္ခဆင်းရဲဖြစ်ပါသည်"ဟု ဖြေလျှင်.... "ငါ့ရှင် ယမက။ ငါ့ရှင် လျှောက်ချက်အတိုင်း ဒုက္ခမှန်ပြီ၊ ဒုက္ခဟု ငါ့ရှင် မြဲမြဲမှတ်။

"ငါ့ရှင်ယမက။ ထိုအနိစ္စ၊ ဒုက္ခ ဖောက် ပြန် တတ် သော ကြောင့် ဝိပရိဏာမသဘော ဖြစ်ကုန်သော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ကို သတ္တဝါ၏ ရုပ်၊ သတ္တဝါ၏ ဝေဒနာ၊ သတ္တဝါ၏ သညာ၊ သတ္တဝါ၏ သင်္ခါရ၊ သတ္တဝါ၏ ဝိညာဉ်ဟု ရှုသင့်၊ မှတ်သင့်မည်လောဟု မေးသည်ကို "မရှုသင့်၊ မမှတ်သင့်ပါ"ဟု ဖြေ၏။ ငါ့ရှင်ယမက။ သင် လျှောက်ချက် အတိုင်း မှန်၏။ မရှုသင့်၊ မမှတ်သင့်ဟု ငါ့ရှင် မြဲမြဲမှတ်။ ငါ့ရှင်ယမက။ ထိုအနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမဖြစ်သော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ကို သတ္တဝါဟု ခေါ်ဝေါ်သင့်မည်လော မှတ်သင့်မည်လောဟု မေးသည်ကို "ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ဟူသော ခန္ဓာငါးပါး တရားအစုမျှကို သတ္တဝါဟု ခေါ်ဝေါ်ခြင်းငှာ မသင့်ပါ၊ သတ္တဝါဟု မယူသင့်ပါ...."ဟု ဖြေ၏။ ငါ့ရှင် ယမက။ သင်၏ လျှောက်ချက်အတိုင်း ခန္ဓာငါးပါး တရား ပရမတ္ထ အစုမျှကို သတ္တဝါဟု ခေါ်ဝေါ်ခြင်းငှာမသင့် မှန်ပြီ။ သတ္တဝါဟု မရှုသင့်။ မမှတ်သင့်သည်လည်း မှန်ပြီ။ ငါ့ရှင် ယမက ဤသည်ကို သတိရရမှတ်။

"ငါ့ရှင်ယမက။ ထိုအနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမ ဖြစ်ကုန်သော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ဟူသော ခန္ဓာငါးပါး တရားအစုမျှကို သတ္တဝါ၏ကိုယ်ဟု ရှုသင့်၊ ယူသင့်၊ မှတ်သင့်၊ ခေါ်ဝေါ်သင့်မည်လော"ဟု မေးသည်ကို "မရှုသင့်၊ မယူသင့်၊ မမှတ်သင့်၊ မခေါ်ဝေါ်သင့်ပါ"ဟု ဖြေ၏။ ငါ့ရှင် ယမက။ သင်၏ လျှောက်ချက်သည် မှန်၏။ ခန္ဓာငါးပါး အစုမျှကို သတ္တဝါကိုယ်၊ သတ္တဝါ၏ အတ္တဘောဟူ၍ မယူသင့်၊ မမှတ်သင့်၊ မခေါ်ဝေါ်သင့်သည် မှန်ပြီ။ ဤသည်ကို ငါ့ရှင် သတိရရမှတ်။

"ငါ့ရှင်ယမက။ ငါ့ရှင်ကို မိစ္ဆာအယူ၊ ဒိဋ္ဌိအယူ ပျောက်စေခြင်းငှာ အလိုရှိပသောကြောင့် ခန္ဓာငါးပါးအနက်မှ တပါး တပါးသော ခန္ဓာကို အသီးအသီး ဖော်ထုတ်၍ နိစ္စလော၊ အနိစ္စလော ...မေးလျှင်....အနိစ္စဖြစ်သည်"ဟု ငါ့ရှင်က လျှောက်ပြီ။ ထိုအနိစ္စဖြစ်သော ခန္ဓာသည် ဒုက္ခလော၊ သုခလော မေးလျှင် "ဒုက္ခဟု၊ ငါ့ရှင်လျှောက်ပြီ။ ထိုအနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမဖြစ်သော ခန္ဓာကိုယ် သတ္တဝါ၏ ခန္ဓာဟု ယူသင့်မည်လော။ မှတ်သင့်မည်လော၊ ခေါ်ဝေါ်သင့်မည်လော—မေးလျှင်လည်း "မယူသင့်၊ မမှတ်သင့်၊ မခေါ်ဝေါ်သင့်ပါ"ဟု ငါ့ရှင်လျှောက်ပြီ၊ ထိုအနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမဖြစ်သော ခန္ဓာကို သတ္တဝါဟု ဆိုသင့်မည်လော၊ ခေါ်ဝေါ်သင့်မည်လော—မေးလျှင်လည်း "ခန္ဓာပဉ္စကသမူဟကို သတ္တဝါဟုမဆိုသင့်ပါ၊ မခေါ်ဝေါ်သင့်ပါဟု ငါ့ရှင်လျှောက်ပြီ။ ထိုအနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမဖြစ်သော ခန္ဓာပဉ္စကသမူဟကို သတ္တဝါ၏ ကိုယ်၊ သတ္တဝါ၏ ကာယ၊ သတ္တဝါ၏ အတ္တဘောဟု ဆိုသင့်မည်လော၊ ခေါ်ဝေါ်သင့်မည်လော.... မေးလျှင်လည်း သတ္တဝါ၏ကိုယ် မဆိုပိုင်ကြောင်း၊ သတ္တဝါ၏ကာယဟု မခေါ်ဝေါ်ပိုင်ကြောင်း၊ သတ္တဝါ၏ အတ္တဘောဟု ပြောဟောခြင်းငှာ မသင့်ကြောင်း ငါ့ရှင်လျှောက်ပြီး လျှောက်ချက်အတိုင်းလည်း မှန်လှပြီ။ သတိရှိစေ။

"ငါ့ရှင်ယမက၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်ခန္ဓာငါးပါးအစုအဝေးကို အနိစ္စသာအမှန်၊ ဒုက္ခသာအမှန်၊ သတ္တဝါမဟုတ်ချေဟုမြင်သောငါ့ရှင်သည် သင်ကြားအပ်သော ပရိယတ္တိ သာသနာတော်၌ လိမ္မာသော သာဝကဖြစ်ပြီ။ ပရိယတ္တိ သာသနာတော်၌ လိမ္မာသော ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ပြီ။ ခန္ဓာငါးပါးတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တသာဖြစ်၍ သတ္တဝါမဟုတ်၊ ဇီဝမဟုတ်။ နိဿတ္တ၊ နိဇ္ဇီဝ၊ ဧကန်မှန်သည်။ဟု သိသည်၊ မြင်သည်အတိုင်း ခန္ဓာငါးပါး၌ နိဗ္ဗိန္ဒဉာဏ်ကိုမြင်စေ။ မဂ်ဖိုလ် ရလွယ်ကြောင်း ကောင်းစွာကျင့်ခြင်း ပဋိပတ္တိ သာသနာကို လွန်စွာ အားထုတ်၍ ပဋိဝေဓသာသနာ အမူတော်

ထမ်း၊ ရဟန္တာသမဏ၊ သကျပုတ္တ သားတော်စစ်အဖြစ်သို့ ရောက်စေ။ အစိန္တေယျ၊ အဖဘုရားနှင့်အတူတကွ နိဗ္ဗာန်ရွှေနန်း၌ ချမ်းငြိမ်းစံပယ်သင့်လှပြီ။ နောက်တော်လိုက်၊ နောက်တော်ပါဖြစ်၍ ကိုယ်တော်မြတ်နှင့် ထက်ကြပ်မကွာချမ်းသာနိဗ္ဗာန်၊ စံသင့်ကောင်းပြီ။ ထိုသို့နိဗ္ဗာန် စံသင့်ကောင်းလျက်၊ လုံလုံးသျှောင်းလျှောင်း မြင်စကောင်းသော အကောင်ခန္ဓာ၊ ကိုယ်ကာယ မုချမရှိပါပဲလျက် ရှိလေသကဲ့သို့ "ရဟန္တာသည် သေပြီးသည့်နောက် တဖန် သန္ဓေမနေပြီ"ဟု ငါရှင်သည် မိစ္ဆာအယူကို ဖြစ်စေ၍ အစိန္တေယျမြတ်စွာဘုရား ကိုယ်တော်ကြီးကို စွပ်စွဲသည်ကား ကျူးလွန်ဘိစွ၊ အပြစ်ကြီးစွ။ မှားလေစွ။ ကရုဏာရှေ့ရှု ယခု ငါ၏ သုံးမကောကို ကြားရသဖြင့် ငါရှင်သည်မိစ္ဆာဝါဒ၊ မိစ္ဆာအယူကို စွန့်ပစ်လေ့ဟု မိန့်တော်မူပြီးလျှင် ဒိဋ္ဌိမှုပြစ်အတွက်ဆက်၍ မေးစစ်တော်မူပြန်၏။

"ငါ့ရှင်ယမက။ အသို့ပါနည်း၊ သင်သည် ရုပ်ကိုရဟန္တာ၊ သတ္တဝါဟု မှတ်ထင်သလော။ ရဟန္တာ သတ္တဝါဟု အယူရှိသလော မေးလျှင် "ရုပ်ကို ရဟန္တာဟု၊ သတ္တဝါဟု တပည့်တော် မယူပါ၊ မမှတ်ပါ၊ မထင်ပါ"ဟု ဖြေ၏။ ငါ့ရှင်ယမက၊ ထိုရုပ်ကို ရဟန္တာဟု၊ သတ္တဝါဟု မယူ၊ မထင်၊ မမှတ်ခဲ့မူ အသို့ပါနည်း။ ဝေဒနာကို လည်းကောင်း၊ သညာကိုလည်းကောင်း သင်္ခါရကိုလည်းကောင်း၊ ဝိညာဏက္ခန္ဓာကို လည်းကောင်း ရဟန္တာဟု၊ သတ္တဝါဟု ယူသလော။ ထင်သလော။ မှတ်သလောဟု မေးလျှင်လည်း "မထင်၊ မယူ၊ မမှတ်ပါ"ဟု ဖြေ၏။ ဤသို့ ရုပ်ကို ရဟန္တာဟု ဆိုသလောဟု မေးတော်မူလျှင် ယမကရဟန်းက "ရုပ်ကို ရဟန္တာဟု မဆိုပါ"ဟု လျှောက်သည်။ ထိုအခါ အရှင်သာရိပုတ္တရာက "ငါ့ရှင်။ သင်လျှောက်တိုင်း မှန်ပြီ။ ရုပ်သည် ရဟန္တာမဟုတ်။ သတ္တဝါမဟုတ်။ သတိမြဲမြဲစွဲလော့၊ (ဝေဒနာ သညာစသည်၌လည်း ဤနည်းတူပင်ဖြေ၍ဤနည်းတူပင် ဩဝါဒ ပေး၏။) အရှင်သာရိပုတ္တရာသည် ကြေညက်သည်ထက် ကြေညက်စေလိုသဖြင့် ဆက်၍ ပရိယာယ်ဖြင့် မေးတော်မူပြန်၏။

"ငါ့ရှင်ယမက။ သင်အသို့ ထင်သနည်း၊ ရုပ်၌ ရဟန္တာ ရှိ၏။ သတ္တဝါရှိ၏ဟု သင် ယင်မှတ်သလော မေးလျှင် ရုပ်၌ ရဟန္တာ ရှိသည်။ သတ္တဝါရှိသည်ဟု မထင်၊ မမှတ်ပါ"ဟု ဖြေ၏။ ထိုနောက် ဝေဒနာ၌ သတ္တဝါရှိသည် ရဟန္တာရှိသည်ဟု သင် ထင်မှတ်သလော။ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့၌ ရဟန္တာရှိသည်၊ သတ္တဝါရှိသည်ဟု သင် ထင်မှတ်သလော့, မေးရာ၌လည်း "မထင်ပါ"ဟူ၍ ဖြေ၏။"

အဓိပ္ပာယ်ကား ဤသို့တည်း။ အစ်ထဲ၊ ကြုတ်ထဲ၌ ရွှေခဲ၊ ငွေခဲ၊ ပတ္တမြားပဲ ရှိသကဲ့သို့ ခန္ဓာငါးပါးတို့တွင် တပါးပါးသော ခန္ဓာထဲ၌ ရဟန္တာ

ရှိသည် မှတ်သလော၊ သတ္တဝါရှိသည် မှတ်သလောဟု မေးတော်မူလျှင်လည်း “ရွှေခဲ၊ ငွေခဲ၊ ပတ္တမြားခဲသည် အစ်ထဲ ကြုတ်ထဲ၌ ရရှိသကဲ့သို့ ခန္ဓာငါးပါးတို့တွင် တပါးပါး၌မျှ ရဟန္တာရှိသည်၊ သတ္တဝါရှိသည်ဟု မမှတ်ပါ လျှောက်သည်။ “ငါ့ရှင်ယမက၊ သင်လျှောက်ထားသည့် အတိုင်း တပါးပါးသော ခန္ဓာ၌ တုံမျှလည်း ရဟန္တာမရှိ၊ သတ္တဝါမရှိမှန်ပြီ။ ငါ့ရှင်လျှောက်ထားသည့် စကားကို ငါ့ရှင် မမေ့စေလင့်။ မြဲမြဲမှတ်။ ထို့နောက် ဆက်၍မေးပြန်သည်ကား—

“ငါ့ရှင်ယမက၊ ရုပ်ကိုထား၍၊ ရုပ်ကိုချန်လှပ်၍ ရဟန္တာရှိ၏ ဟူ၍လည်းကောင်း၊ သတ္တဝါရှိ၏ ဟူ၍လည်းကောင်း၊ သင်မှတ်ထင်သလောဟု မေးလျှင် “ဤရုပ်ကိုထား၍ တခြား ရဟန္တာရှိသည်။ သတ္တဝါရှိသည်ဟု မထင် မမှတ်ပါဟု လျှောက်၏။ တဖန် ငါ့ရှင်ယမက၊ ဝေဒနာကို ချန်လှပ်၍ သညာကိုချန်လှပ်၍ သင်္ခါရကိုချန်လှပ်၍၊ ဝိညာဏ်ကိုချန်လှပ်၍၊ ထိုမှတပါး ရဟန္တာရှိသည်၊ သတ္တဝါရှိသည်ဟု ငါ့ရှင် ထင်သလောဟု မေးလျှင်လည်း “မထင်ပါ”ဟူ၍ပင် လျှောက်၏။

“ငါ့ရှင်ယမက၊ ငါ့ရှင် အသို့ထင်ဘိသနည်း။ ရုပ်ကို၊ ဝေဒနာကို၊ သညာကို၊ သင်္ခါရကို၊ ဝိညာဏ်ကို၊ ရဟန္တာဟု၊ သတ္တဝါဟု သင်ရှုဘိသလော မေးလျှင်လည်း “ထိုငါးပါးကုန်သော ခန္ဓာတို့၏ တစုတလုံး၊ တခဲတည်း ဖြစ်သည်ကိုလည်း ရဟန္တာဟု၊သတ္တဝါဟုမရှုပါ၊ မထင်ပါ”ဟု လျှောက်၏။

“ငါ့ရှင်ယမက၊ ငါ့ရှင် အသို့ထင်ဘိသနည်း။ ဤရဟန္တာသည်၊ ဤသတ္တဝါသည် ရုပ်သည် မဟုတ်၊ ဝေဒနာလည်းမဟုတ်၊ သညာလည်းမဟုတ် သင်္ခါရလည်းမဟုတ်၊ ဝိညာဏ်လည်း မဟုတ်ဟု သင်ထင်သလော၊ ရှုသလော မေးလျှင် “မထင်ပါ၊ မရှုပါ”ဟု လျှောက်၏။ ထိုအခါ အရှင်သာရိပုတ္တရာသည် အချုပ်အားဖြင့် ဤသို့ မေးတော်မူသတည်း။

“ငါ့ရှင်ယမက၊ ဤမျှသော အရာ၌ ပစ္စက္ခ မျက်မှောက်၌ပင်လျှင် အမှန်အားဖြင့် ရဟန္တာ သတ္တဝါကို မရအပ်ပါပဲလျက် ငါ့ရှင်သည် “ရဟန္တာ သတ္တဝါ သေသည့်နောက် တဖန် မဖြစ်ပြီ”ဟု ဤသို့ ယူခြင်း၊ ပြောဆိုခြင်းသည် သင့်ပါမည်လော၊ “မယူသင့်၊ မပြောသင့်၊ မဆိုသင့်သည်သာ မဟုတ်ပါလော။ “လေးပါးသော အာသဝေါ ကုန်ခန်းပြီးသော ရဟန္တာသည် ကိုယ်ခန္ဓာ ပျက်စီးသွားပြီးသည်မှ နောက်၌ ပြတ်လေ၏။ ပျောက်လေ၏။ သေသည်မှနောက်၌ အာသဝေါ ကုန်ခန်းပြီးသော ရဟန်းသည် မဖြစ်တော့ပြီ။ ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားကို ငါသိပြီ”

ဟူ၍ သင်ပြောဆိုခြင်းသည် သင့်မည်လော၊ မသင့်သည်သာလျှင် မဟုတ်ပါလော့။ ဤသို့ ဟောတော်မူသည့် စကား၏ အဆုံး၌ ယမကရဟန်းသည် အရဟတ္တဖိုလ်ကို ရလေ၏။

ဤကား ရဟန္တာကို စစ်မေးလျှင် မျက်မှောက်ပစ္စက္ခဘဝ၌ပင်လျှင် ရဟန္တာဟူ၍ လည်းကောင်း၊ သတ္တဝါဟူ၍ လည်းကောင်း၊ ကေန်မုချ၊ ဟုတ်မှန်စွာ မရပ်လျက် "ရဟန္တာ သတ္တဝါသေသည့်နောက် ရဟန္တာ သတ္တဝါတဖန် မဖြစ်ပြီ။ ဤသို့သော တရားကို ငါသိ၏"ဟု ဝန်ခံခြင်းသည် မသင့်သောဝန်ခံခြင်းဖြစ်သည်ဟု အရှင်သာရိပုတ္တရာက "မိစ္ဆာဝါဒီ" ယမက ရဟန်းကို ကွဲရှဲ၊ ပြစ်တင်၊ နှိပ်စက်၍ သနားရှေ့ရှုသောအားဖြင့် မိန့်တော်မူသော စကားရပ်ဖြစ်၏။

"ငါ့ရှင် ယမက၊ သင် အသို့ထင်သနည်း။ ရုပ်သည် နိစ္စလော၊ အနိစ္စလောဟု မေးတော်မူသည်မှစ၍ တရွှေ့ရွှေ့လျှင် မိစ္ဆာအယူသည် တဖြည်းဖြည်း အားနည်း နည်းလာ၏။ ကလ္လံ နု ခေါ တော်ဗျာကရဏံ-ဤသို့ ပြောဆိုခြင်းသည် သင့်မည်လော...,ဟုနှိပ်၍ ဆုံးမသော ဩဝါဒစကားကို ကြားရသည်နှင့် တပိုင်နက် တချက်တည်း မိမိရင်ငယ်၌ ထွေးပိုက်ထားသော မိစ္ဆာအယူကို ခန်းခြောက်စေ၍ မိစ္ဆာအယူကင်းရှင်းလျက် သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်တရားကို ပကတိထင်ထင် မြင်ရလေ၏။ သောတာပန် သားတော်၏ အဖြစ်သို့ ရောက်လေ၏။

သတ္တဝါ၊ ရဟန္တာကေန် ရကောင်းသည်၊ ရှိကောင်းသည်ဟု မိစ္ဆာဝါဒဖြစ်သော ယမကရဟန်းသည် "ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ- ရုပ်သည် မြဲသလော မမြဲသလော" စသည်ဖြင့် မေတ္တာရှေ့ရှု၊ ကြည်ဖြူသာယာ၊ နာဖွယ်သောတရားစကားကို ဆိုသော်မူသော အရှင်သာရိပုတ္တရာ၏ စကားကို ကြားနာရသည်မှစ၍ နေထွက်လိုသောကြောင့် မိုးသောက်သော် တရွှေရွှေ အမိုက်မှောင်ကို ပျောက်စေကုန်၍ ရောင်ဖြူ ရောက်နိတက်ပြီးသဖြင့် နေမင်းတက်ဆွန်းဘိသကဲ့သို့ မိစ္ဆာအယူ ပျောက်ရှင်း၍ နေမင်းထွန်းသည်နှင့် အလားတူသော သောတာပတ္တိမဂ်ဉာဏ်တရား အထူးကို ရပါပြီဟု အားရနှစ်သက် "မျက်စိကန်းသော ယောကျ်ားသည် မျက်စိမြင်လာသကဲ့သို့" အမိုက်တိုက်၌ နေရသောသူသည် အလင်းကို ရဘိသကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ဤသို့ လျှောက်ထားလေသသည်း။

"အို....ငါ့ရှင်သာရိပုတ္တရာ၊ ပညာခေတ်ခံအားသေး မှေးမှိန်သော တပည့်တော်သည် ကိုယ်တော်မြတ်၏ အဆို

အမိန့် ဩဝါဒကို မကြားရ၊ မနာရမိ ရှေးအဖို့၌ ယုတ်မာစွာသော မိစ္ဆာအယူသည် ဖြစ်ချေသည် သာတည်း။ အရှင်၏ ရုပံ နိစ္စံ ဝါ အနိစ္စံ ဝါ ဟူသော တရားတော်ကို ကြားရ၊ နာရပါသောကြောင့် ယုတ်မာစွာသော ထိုမိစ္ဆာအယူကိုလည်း တပည့်တော် စွန့်လိုက်ပါပြီ။ သောတာပတ္တိမဂ်တရားကိုလည်း တပည့်တော် သိအပ်၊ ရအပ်ပါပြီ။

ဟူ၍ ယမကရဟန်းသည် ဝမ်းမြောက် ဝမ်းသာ လျှောက်လေပြီတည်း။

ဒိဋ္ဌိအယူပျောက်၍သောတာပတ္တိမဂ်သို့ရောက်ပြီးသော ယမကရဟန်းအား အထက်မဂ်သုံးပါးကို ရစေခြင်းငှာ တဖန်ထပ်၍ ဥပမာနှင့် တကွ ဥပမေယျကို ပြတော်မူသည်။

"ငါ့ရှင်ယမက။ သင့်ကိုသူတပါးတို့က "ရဟန္တာသေသည်၏နောက်၌ အသို့နည်းငါ့ရှင်"ဟု အကယ်၍ မေးလာ ကုန်သော်"သင်အသို့ဖြေမည်နည်း။ ပြောမည်နည်း"ဟု မေးသောအခါ။ တပည့်တော် ဤသို့ ဖြေပါအံ့။ ပြောပါအံ့။ "ငါ့ရှင်တို့၊ ရုပ်သည် အနိစ္စတည်း။ အနိစ္စဖြစ်သော ထိုရုပ်သည် ဒုက္ခတည်း။ ဒုက္ခဖြစ်သော ထိုရုပ်သည်လည်း ပျောက်လေပြီ။ ကင်းလေပြီ။ ရုပ်မှတပါး ပျောက်တတ်သော သတ္တဝါမရှိ။ ကင်းတတ်သော သတ္တဝါမရှိ။ ဤသို့ ဖြေပါ၊ ပြောပါအံ့ဟု လျှောက်၏။"

"ငါ့ရှင်ယမက။ သူကြွယ်သား နှစ်ယောက်တို့ ရှိကုန်၏။ တဦးကား ပဏ္ဍိတ ပညာရှိ၏။ တဦးကား ဗာလ ပညာနည်း၏။ ထိုသူကြွယ်သားများကို အန္တရာယ်ပြုရန်၊ လုပ်ကြံရန်ဟူသော ရှယ်စူးချက်ဖြင့် ရန်သူငါးယောက်တို့သည် ခစားအံ့ဟု သူကြွယ်သားများထံသို့ လာရောက်ကြကုန်၏၊ မိမိတို့ထံမှောက်သို့ ရန်သူများ ရောက်ရှိလာကုန်သော်လည်း ရန်သူဟု သူကြွယ်သားတို့က မသိရှာလေကုန်။ ရန်သူတို့သည် ကာလကြာမြင့်စွာ ရှိသေလေးစားစွာ ဆည်းကပ်လုပ်ကျွေးလျက် တဘက်မှ လုပ်ကြံရန် အခွင့်ကောင်းကို ချောင်းမြောင်း စောင့်ဆိုင်းကာသာ နေကုန်၏။

"ငါ့ရှင်ယမက၊ ထိုအခါတိုင်အောင်လည်း သူကြွယ်သားတို့ကား ရန်သူဟု မသိကြသေး။ မရိပ်မိကြသေးကုန်။ ဤသို့ ရန်သူကို ရန်သူမှန်းမသိ၊ မထင်လေသောကြောင့် ရန်သူကိုပင် နှစ်သက်မြတ်နိုးကာ သူတို့အလိုရှိရာ ပြည့်စုံအောင် မတောင့် မတရအောင်၊ မကြောင့်ကြရအောင် အခါခပ်သိမ်း၊ ချီးမြှင့် မြှောက်စားလျက် ထားလေကုန်ရာ၏။ သူကြွယ်သားပဏ္ဍိတ

ကား နောက်ကာလကြာလတ်သော် သူတို့သည် ငါ့ရန်သူ့ဟု သိလေရာ၏။ သူကြွယ်သား ဗာလသည်ကား ရန်သူကို ရန်သူ့ဟု မထင်နိုင်၍ အဆွေခင်ပွန်းကြီးအဖြစ် ဆက်ဆံနေလေ၏။ ချစ်အပ်၊ ခင်အပ်၊ ကြင်နာအပ်၊ မြတ်နိုးအပ်သူဟု ထင်လေသောကြောင့် ချီးမြှင့်မြှောက်စားကာ ယင်းတို့၏ အလိုသို့သာလိုက်၍ နေလေရာ၏။

ထိုအခါ ငါးယောက်ကုန်သော ရန်သူတို့သည် အခွင့်ရလေပြီ ဖြစ်သောကြောင့် သူကြွယ်သား ဗာလ၏ ဦးခေါင်းကို သန်လျက်ဖြင့် ဖြတ်ကုန်လေရာ၏။ သူကြွယ်သားပဏ္ဍိတသည်ကား "ရန်သူကို ရန်သူမှန်း, သိရသည့် အချိန်မှစ၍ ရန်သူနှင့် လွတ်ကြောင်းကိုသာ အမြဲတစေ လုံ့လပြုနေလေရကား တနေ့ထက်တနေ့၊ တရွေ့ရွေ့လျှင် ရန်သူနှင့် ဝေးသည်ထက် ဝေးသဖြင့် သေဘေးမှ လွတ်ရာ၏"ဟု ဥပမာခင်း၍ ဉာဏ်အလင်းကို ပွင့်စေတော်မူ၏။ ဥပမာကို ဥပမေယျနှင့် ဟပ်၍ စပ်၍ ပြတော်မူသည်ကား....

"ငါ့ရှင် ယမက၊ ရန်သူငါးယောက် ဆိုသည်ကား အခြားမဟုတ် ခန္ဓာငါးပါးတည်း။ သူကြွယ်သား ဟူသည်ကား ဝဋ်ဆင်းရဲ၌ ဆုံလည်သော နွား၏အသွင် ကျင်လည်နေသောဝဋ္ဋနိဿိတပုဂ္ဂိုလ်တည်း။ အန္တရာယ်ပြုလို၊ လုပ်ကြံလိုသောကြောင့် ခစားလာ၏ ဆိုသည်ကား ခန္ဓာငါးပါးတို့၏ ပဋိသန္ဓေနေလာခြင်းတည်း။ ရိုသေလေးမြတ်ခစားခြင်းကို ပြုသည်ဆိုသည်ကား-ငါးပါးအာရုံ၊ ကာမဂုဏ်တို့၌ နှစ်သက်မွေ့ပျော်အောင် ပြုခြင်းတည်း။

ရန်သူရန်သူမှန်း မသိဟူသည်ကား အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်သော ခန္ဓာငါးပါး တရားအစုမျှသာဟု မသိခြင်းတည်း။ ရန်မှန်းမသိသောကြောင့် ချီးမြှင့်မြှောက်စား၍ မတောင့်မတ၊ မကြောင့်မကြ ထားအံ့ဟူသည်ကား.... ခန္ဓာငါးပါးကို အလိုလိုက်၍ အသက်ထက်ဆုံး မငြိုးမငွေ့ ပြုစုလုပ်ကျွေးမွေးမြူခြင်းတည်း။ အထူးထူးသော အစားအစာ အာဟာရကို ရှာမှီးလုပ်ဆောင်၍ စားရခြင်း၊ အထူးထူးသော အဝတ်တန်ဆာကို မရလျှင် ရအောင် ဆင်းရဲပင်ပန်းကြီးစွာခံလျက် ရှာဖွေ၍ ဖုံးလွှမ်းရခြင်း၊ ထ, ဆိုတိုင်း ထရခြင်း၊ ထိုင်, ဆိုတိုင်း ထိုင်ရခြင်း၊ သွား, ဆိုတိုင်း သွားရခြင်း၊ နေ, ဆိုတိုင်း နေ, ရခြင်း၊ ကွေး, ဆိုတိုင်း ကွေးရခြင်း၊ ဆန့်, ဆိုတိုင်း ဆန့်ရခြင်း၊ ရယ်, ဆိုတိုင်း ရယ်ရခြင်း၊ ပြော, ဆိုတိုင်း ပြောရခြင်း၊ စား, ဆိုတိုင်း စားရခြင်း၊ မစားနှင့်ဆိုလျှင် မစားပဲနေရခြင်း၊ ဝတ်ဆိုလျှင် ဝတ်ရခြင်း၊ မဝတ်လင့်ဆိုလျှင်မဝတ်ပဲနေရခြင်း၊ ကြည့်ဆိုတိုင်း ကြည့်ရခြင်း။ နားထောင်ဆို

တိုင်းနားထောင်ရခြင်း၊ မကြည့်လင့်ဆိုလျှင် နေရခြင်း၊ နားမထောင်လင့်ဆိုလျှင် နေရခြင်း၊ ဤသို့စသောအားဖြင့် အသက်ထက်ဆုံး အသုံးမကျသော အကောင်ပုပ်ကို မွေးမြူရခြင်းသည် ခန္ဓာငါးပါးဟူသော ရန်သူကို ချီးမြှင့်မြှောက်စားသည်။ အလိုသို့လိုက်၍ ထားသည်မည်၏။ ချီးမြှင့်မြှောက်စားထားသည့် အတွင်းမှာပင် သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်လေ၏ဟူသည်ကား.... နှစ်သက်ဝမ်းမြောက်စွာ အကောင်ပုပ်ကို ပြုစုရစဉ်မှာပင်လျှင် ဘဝတိုင်း ဘဝတိုင်း သေခြင်းမရဏသို့ရောက်၍ ပြုရကျိုးကို မခံစားရ။ ပျက်စီးခြင်းတည်း။ ဤကား သူကြွယ်သား ဇာလနှင့်တူသော ဝဋ္ဋာဘိရတ ဗာလ ပုဂ္ဂိုလ်ဥပမာတည်း။

"ငါ့ရှင် ယမက၊ ပြုစုချီးမြှောက်စဉ်ပင်လျှင် ရန်သူကို ရန်သူမှန်း သိလေ၏ ဟူသည်ကား ခန္ဓာငါးပါး တရားအစုမျှသာဖြစ်၍ အနိစ္စသာ၊ ဒုက္ခသာ၊ အနတ္တသာ အမှန်။ ငါ၏ကိုယ်မဟုတ်တကား။ ကာလရှည်ကြာစွာ သံသရာအဆက်ဆက် နှိပ်စက်သောကြောင့် ခန္ဓာငါးပါးကို ရန်သူဟု သိခြင်းတည်း။ သိသောကြောင့် ရန်သူနှင့် ဝေးရာဝေးကြောင်း၊ လွတ်ရာလွတ်ကြောင်းကို လုံ့လပြု၍ အသက်မသေ၊ ချမ်းသာရလေ၏ ဟူသည်ကား ဝဋ္ဋဆင်းရဲ၌ ငြီးငွေ့သော ယောဂီပုဂ္ဂိုလ်သည် ရူပံ အနိစ္စံ-ရုပ်သည် အမြဲမရှိ။ ဝေဒနာ အနိစ္စာ-ဝေဒနာသည် အမြဲမရှိ။ သညာအနိစ္စာ-သညာသည် အမြဲမရှိ။ သင်္ခါရာ အနိစ္စာ-သင်္ခါရတို့သည် အမြဲမရှိကုန်။ ဝိညာဏံ အနိစ္စံ ဝိညာဏ်သည် အမြဲမရှိ-ဤသို့ စသည်ဖြင့် ဝိပဿနာကို ပွားများလေသောကြောင့် အမတနိဗ္ဗာန်သို့ ရောက်သဖြင့် ဘေးခပ်သိမ်း ငြိမ်းလေ၏ ဟူပေ၏။

ဤသို့သော ဥပမာအားဖြင့် မေတ္တာရှေးရှု၍ ဟောတော်မူလေသော အရှင်သာရိပုတ္တရာ၏ စကားတော်အဆုံး၌ ယမကမည်သော ရဟန်းသည် အထက်မဂ်သုံးပါး တရားအထူးကိုရလေ၏။ အထက်မဂ်သုံးပါး တရားအထူးကို ရပြီးလျှင် မကျေးဇူးကို သိသည်နှင့်အညီ၊ ချီးမွမ်းထောမနာ သာယာသော အသံကိုဖြစ်စေလျက် ဤသို့ လျှောက်လေသတည်း။

"အို....ငါ့ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်၏ ဩဝါဒ အဆုံးအမတော်ကို ကြားရ၊ နာရပေသောကြောင့် တပည့်တော်သည် လောကုတ္တရာ ရတနာထီးဖြူဟူသော အရဟတ္တဖိုလ် တရားတော်ကို ရပေသည်ဖြစ်၍ အာသဝေါတရား လေးပါးတို့မှ ယခု တပည့်တော်၏စိတ်သည် လွတ်လေပြီ"

ဟု ဝမ်းမြောက်ဝမ်းသာ လျှောက်လေပြီတည်း။ ခရီးမှားသော သူသည် မှန်သောခရီးသို့ ရောက်သကဲ့သို့ မျက်စိလည်သောသူသည် မျက်စိလည်ခြင်း ပျောက်သကဲ့သို့ အားရနှစ်သက် လှိုက်လှဲစွာ လျှောက်လေသည် ဟူလို။

အရှင်သာရိပုတ္တရာ၏ ဤ''ယမကစစ်တမ်းမှ ရလဒ်အမြတ်ကား ကာယကံရှင် အရှင်ယမကအဖို့ မိစ္ဆာဒိဋ္ဌိ အယူဝါဒမှ ကျွတ်လွတ်၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရခြင်း အကျိုးရှိလေသည်သာမက နောင်လာနောက်သားတို့အဖို့ ဆိုလျှင်လည်း ရှုစရာ-အလွန်ကြည်လင်သော ရတနာမှန် ''ကြေမုံ''အဖြစ် ကျန်ရစ်ခဲ့ခြင်းပင် ဖြစ်သတည်း။

# အပိုင်း ၇

## ဝိပဿနာနှင့် ကမ္မဋ္ဌာန်း

ကမ္မဋ္ဌာန်းထိုင်သည်၊ ကမ္မဋ္ဌာန်းစီးဖြန်းသည်။ ကမ္မဋ္ဌာန်းရှုသည်၊ ကမ္မဋ္ဌာန်းပွားများသည် ဟူ၍လည်း ဆိုကြ၏။ ဝိပဿနာရှုသည်။ ဝိပဿနာ စီးဖြန်းသည်။ ဝိပဿနာ ပွားများသည်ဟူ၍လည်း ဆိုကြ၏၊ မည်သို့ပင် အဆိုဝေါဟာရ ကွဲပြားစေကာမူ အဓိပ္ပာယ်အားဖြင့် တူ၏။ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းသည်ပင် ဝိပဿနာ ပွားများခြင်းပင်တည်း။ ဝိပဿနာရှုခြင်း သည်ပင် ကမ္မဋ္ဌာန်း စီးဖြန်းခြင်းပင်တည်း။

ကမ္မဋ္ဌာန်း စီးဖြန်းသည် ဟူ၍ပင်ဆိုဆို။ ဝိပဿနာရှုသည်ဟူ၍ပင် ပြောပြော။ လိုရင်းအချုပ်အားဖြင့် အဘယ်ကို အဘယ်သို့ ရှုသနည်း။ ဘယ်နည်းဘယ်ပုံ စီးဖြန်းသည်။ ပွားများသနည်း။ ဘာကြောင့်၊ ဘယ် အတွက်၊ ဤသို့ ရှုမှု၊ စီးဖြန်းမှု၊ ပွားများမှုကို ပြုကြသနည်း ဆိုသော အချက်ကို သိအပ်, သိသင့်, သိထိုက်ပေသည်။

| | |
|---|---|
| သင်္ခါရ။ | သက်ရှိ၊ သက်မဲ့၊ ပုပ္ပုဂ္ဂလ မြင်မြင်သမျှကို သင်္ခါရ ဟု ဆိုသည်။ |
| အနိစ္စ။ | ယင်းမြင်မြင်သမျှ သင်္ခါရ တို့၏ မမြဲသောသဘော၊ ဖောက်ပြန်ခြင်းသဘော၊ ပျက်စီးခြင်း သဘောကို အနိစ္စ ဟု ဆိုသည်။ |

ဝိပဿနာ။ ယင်း သင်္ခါရတို့၏ မမြဲသော သဘောကို ယထာဘူတ ဉာဏ်ဖြင့် "မမြဲပါကလား၊ ပျက်စီး ပါကလား...." ဟူ၍ အမှန်ကို အမှန်အားဖြင့်ရှုခြင်း၊ စီးဖြန်းခြင်း၊ ပွားများခြင်းကို ဝိပဿနာ ဟုဆိုလိုသည်။

အဘယ်ကို ရှုသနည်းဆိုရာ၌ အထက်ပါစကားဖြင့်ပင် ဖြေပြီးသားဖြစ်၏။ တေဘူမက သင်္ခါရတရားတို့ကို ရှုသည်။ စီးဖြန်းသည်။ ပွားများသည်ဟုဆိုလိုသည်။ အဘယ်သို့ ရှုသနည်း၊ သယ်နည်း ဘယ်ပုံ စီးဖြန်းသနည်း။ ပွားများသနည်းဆိုရာ၌လည်း အဖြေထွက်ပြီးသား ဖြစ်ပေ၏။ အနိစ္စ သဘောအားဖြင့် "မမြဲပါကလား၊ ပျက်စီးပါကလား" ဟူ၍ အမှန်ကို အမှန်အတိုင်း၊ အဖြစ်ကို အဖြစ်အတိုင်း ယထာဘူတဉာဏ်ဖြင့် ရှုသည်။ စီးဖြန်းသည်။ ပွားများသည် ဟူပေ၏။

ဝိပဿနာရှုခြင်း၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၏ အဓိပ္ပာယ် အချုပ်မှာ အနိစ္စသဘောကို အနိစ္စမှန်း ပီပီပြင်ပြင်၊ လိုက်လိုက် လဲလဲ အသိဉာဏ်နှလုံးသားသဲ၌ စွဲနေအောင် သွင်းထားခြင်း၊ ရှုပွားခြင်းပင်ဖြစ်လေရာ လုပ်တတ်ပါမူ ယင်းစီးဖြန်းမှုကိစ္စသည် ခြေတလှမ်းနှင့်ပင် ဖြစ်နိုင်၏။

မှန်၏။ လူတို့ ခြေလှမ်း လှမ်းသွားကြရာ၌ ခြေတလှမ်းပျက်နှံ့ပြီးမှ ရှေ့သို့ ခြေတလှမ်း တက်ခြင်း ဖြစ်၏။ ဤတွင် ဖြစ်ပျက်သဘော အနိစ္စပါလာပြီ။ ရှေ့သို့ ခြေလှမ်းရာ၌ စုံခုန်၍ လှမ်းရိုးမရှိ။ တလှမ်းပြီးမှ နောက်တလှမ်း ကိုလှမ်းခြင်းဖြစ်ရာ ထိုအခါ နောက်ခြေလှမ်းမပျက်ပဲ ရှေ့ခြေကို လှမ်း၍မရချေ။ ရှေ့ခြေကို လှမ်းလိုက်သည်နှင့်တပြိုင်နက် နောက်ခြေလှမ်းမှာ အနိစ္စသဘော ကိစ္စချော၍ ကျန်ခဲ့လေ၏။

"ဩ.... လမ်းသွားရာမှာလဲ အနိစ္စသဘော ရှိတာပါပဲလား၊ ရှေ့တလှမ်းဖြစ်၍ နောက်တလှမ်းက ပျက်သည်။ နောက်တလှမ်းပျက်သောကြောင့်လည်း ရှေ့တလှမ်း ဖြစ်လာသည်" ဟူ၍ ဤသို့ ခြေတလှမ်းနှင့်ပင် လုပ်တတ်လျှင် သွားယင်း လာယင်း ဝိပဿနာစီးဖြန်းခြင်းကိစ္စ ဖြစ်နိုင်၏။

## ရုပ်ရှင် နှင့် ဝိပဿနာ

ရုပ်ရှင်သည် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းခြင်းကိစ္စ၌ ထင်ရှားသော ပေါ်လွင်သော စံနှုန်းဆရာ၊ ဥပမာ တင်ပြစရာ အကောင်းဆုံး ဖြစ်၏။ ရုပ်ရှင်ကို ကြည့်ဖူး၊ မြင်ဖူး ကြပါလိမ့်မည်။ ရုပ်ရှင် ဆိုသောအတိုင်းပင်

ဖလင်ကော်ပြားတွင်း၌ ပုံရိုက်၍ သွင်းထားသော အရုပ်ကလေးများ၊ တကယ့် လူပကတိအတိုင်း ရှင်သယောင်ယောင် လုပ်ပြသော အရိပ်ပြပွဲ ဖြစ်လေသည်။ မြန်မာ ရုပ်ရှင်ကားတကားလျှင် ဖလင်ပေပေါင်း သောင်း ငါးထောင် အတွင်းမှာ အရှိများ၏။

## ဖလင်ထဲက အရုပ်ပေါင်း နှစ်သိန်းကျော်

တပေလျှင် အကွက်ပေါင်း (၁၆)ကွက် ရှိသဖြင့် တပေလျှင် အရုပ် ကလေးပေါင်း (၁၆)ရုပ်ကျ ပါဝင်၏။ ပေပေါင်း သောင်းငါးထောင် ဆိုသော် အရုပ်ကလေးပေါင်း နှစ်သိန်းကျော် ပါရှိလေ၏။ ယင်းအရုပ် ပေါင်း နှစ်သိန်းကျော်ကို ပြစက်ထဲထည့်၍ တစက္ကန့်လျှင် တပေခွဲနှုန်းဖြင့် ခုတ်မောင်း၍ ထုတ်လိုက်သောအခါ ဖလင်ကော်ပြားထဲမှ အရုပ်တို့သည် တရုပ်ပြီးတရုပ်၊ တလှုပ်လှုပ်နှင့် ထွက်လာကုန်လေ၏။ အရုပ်ချင်း အဆက် မပြတ် တသွက်သွက် ဆက်တိုက် တရစပ် ထွက်လာသောအခါ ရယ်လား၊ မောလား၊ သွားလား၊ လာလား၊ ထိုးလား၊ ခုတ်လား၊ တကယ့် လူသား ပကတိအတိုင်း ထင်ကြရလေ၏။

အရုပ်များသည် ပြစက်ထဲမှ ပြိုင်၍ ထွက်လာကြသည်မဟုတ်၊ တရုပ် ပြီးမှ နောက်တရုပ် ထွက်လာခြင်း ဖြစ်လေရာ ဤ၌လည်း ဖြစ်ပျက်သဘော အနိစ္စစစ်စစ်ကြီး ပါလာ၏။ ရှေ့သို့ တသွက်သွက် ထွက်လာသော အရုပ် များသည် အဖြစ်သဘောကို ဆောင်၍ နောက်တွင် ကျန်ရစ်ခဲ့သော အရုပ် ကားများ အပျက်သရုပ်(အနိစ္စသဘော)ကို ဆောင်ကုန်၏။ "ဩ-သည် အရုပ်ကလေးတွေဟာလဲ တလှုပ်လှုပ်နဲ့ တဖြုတ်ဖြုတ် ပြောင်းလဲနေပါ ကလား၊ သင်းကလေးတို့လဲ အနိစ္စ ပါပဲကလား" ဟူ၍ ရုပ်ရှင် ကြည့်ယင်း မှာပင် လက္ခဏာရေး သုံးပါးတင်၍ ရုပ်ရှင်ကမ္မဋ္ဌာန်း ရှုနိုင်၊ စီးဖြန်းနိုင်၊ ပွားများနိုင်၏။

သို့သော်.... သဘောကိုသာ ပြောပါသည်။ ဤနေရာမျိုး၌ အပြော လွယ်သလောက် အလုပ်ခက်လှ၏။ ရုပ်ရှင်ပြလျှင် အများအားဖြင့် မိမိ ခင်မင် စွဲလမ်းရာ မင်းသမီး၊ မင်းသားဆီ၌ စိတ်ရောက်နေသူက များ၏။ စင်စစ်ဆိုသော်....

အဘယ်ကမ္မဋ္ဌာန်းသမား၊ ဘယ် ဝိပဿနာသမားမှလည်း ထိုနေရာသို့ စိတ်ဝင်စားမည်လည်း မထင်ပါ။ အနိစ္စသဘော ဖြစ်ပျက် ပြကွက်ကား အလွန် ထိရောက်လှ၏။ သို့သော် လူတို့သဘောကား လူမဟုတ်သော

အရုပ်များကိုပင်လျှင် တကယ့်လူဟု ထင်နေကြသည်ဖြစ်ရာ တကယ့်လူကို "လူမဟုတ်၊ မိန်းမမဟုတ်၊ ယောကျ်ား မဟုတ်" ဟု ထင်စေ မြင်စေဖို့ ကိစ္စ ထင်အောင်၊ မြင်အောင် ပြုဖို့အတွက် လွန်စွာ ခက်ဘိစွ။

## တောလေးဆယ်နှင့် ဝိပဿနာ

အကယ်၍ အမှန်ကို အမှန်အတိုင်း၊ အဖြစ်ကို အဖြစ်အတိုင်း အရှိကို အရှိအတိုင်းသာ သိကြ၊ မြင်ကြမည်ဆိုလျှင် အဘယ်သူသည် အဘယ်အရာ ကိုမျှ ခင်တွယ်ချင်တော့မည် မဟုတ်။ ဥပမာ မီးသည် ပူ၏။ လူသည် မီးကို ပူမှန်းသိ၏။ သိ၍ ပူမည်စိုးသောကြောင့် ထိုမီးကို မကိုင်ချေ။ ဆူးသည် နင်းမိလျှင် စူးတတ်မှန်း သိသောကြောင့် လူသည် ဆူးကို အမိုက်ခံပြီး မနင်းချေ။ မြွေပွေးသည် ထိလျှင် ပေါက်တတ်မှန်း သိသောကြောင့် လူသည် မြွေ၏ အနီးသို့ပင် မကပ်ချေ။ ထိုအခါ လူသည် ဘေးကင်းလေ၏။ ချမ်းသာလေ၏။

ဤဥပမာများနှင့် အလားတူစွာ မြွေနှင့် မီးကိုထိမိ ကိုင်မိသော သူမှာ ထိုဘဝတွင်သာ ဒုက္ခဖြစ်နိုင်သော်လည်း သံသရာတခွင်ကျင်လည်သရွေ့ မြွေ၊ မီးကို့ထက် အဆဆကဲတက်၍ ဒုက္ခပေးနိုင်သော ရုပ်ကောင် နာမ် ကောင်ကြီးကို ထိတ်စရာ အသွင်၊ စက်ဆုပ်စရာ အသွင်၊ တကယ့်အဖြစ်ကို အဖြစ်အတိုင်း မြင်အောင် ပြုရာ၌ အနိစ္စတော၊ ဒုက္ခတော[၁] စသော တော လေးဆယ်တို့ကို လက်နက်သဖွယ် အသုံးပြုကြကုန်၏။ အသုံးပြုရန် ညွှန်ကြား ကြကုန်၏။ ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းရာ၌ တောလေးဆယ်တို့ကို ပစ် မှတ်ထား၍ စီးဖြန်းစေကုန်၏။ ဤခန္ဓာကိုယ်ကြီးကို ခင်မင်ဖွယ်၊ မြတ်နိုး ဖွယ်၊ သာယာဖွယ် ထင်နေသမျှ ဝဋ်မှ လွတ်နိုင်မည် မဟုတ်သောကြောင့် စက်ဆုပ်ဖွယ်အသွင်ထင်မြင်အောင် တောလေးဆယ်ဖြင့်ရှုပွားစေခြင်းဖြစ်၏။

## တောလေးဆယ်ဖြင့် ရှုပွားပုံ

၁။ အနိစ္စတော။ ။ဤခန္ဓာကိုယ်ကောင်ကို အမြဲမရှိသောအားဖြင့် "မမြဲပါကလား၊ မမြဲပါကလား" ဟု အဖန်ဖန် ရှုပွားစီးဖြန်းရာ၏။

---

၁။ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော စသည်၌ ပဉ္စမီသဒ္ဒါ ဒါပစ် ပါဠိတော်။

၂။ ဒုက္ခတော။ ။ဤခန္ဓာကိုယ်ကောင်ကို ဆင်းရဲသော အားဖြင့် "ဆင်းရဲပါကလား၊ ဆင်းရဲပါကလား" ဟူ၍ အဖန်ဖန် ရှုပွားစီးဖြန်းရာ၏။

၃။ ရောဂတော။ ။ဤခန္ဓာကိုယ်ကောင်ကို အနာနှင့်ဆက်ဆံသော အားဖြင့် "နာဖျားတတ်ပါကလား၊ နာဖျားတတ်ပါကလား" ဟူ၍ အဖန်ဖန် ရှုပွားစီးဖြန်းရာ၏။

၄။ ဂဏ္ဍတော။ ။ဤခန္ဓာကို အိုင်းအမာနှင့် တူသောအားဖြင့် "အနာကြီးပါကလား၊ အနာကြီးပါတကား" ဟူ၍ ရှုပွားစီးဖြန်းရာ၏။

၅။ သလ္လတော။ ။ဤခန္ဓာကို ဆူးငြောင့်နှင့် တူသော အားဖြင့် "စူးတတ်ပါကလား၊ စူးတတ်ပါကလား" ဟူ၍ အဖန်ဖန် ရှုပွားစီးဖြန်းရာ၏။

၆။ အဃတော။ ။ဤခန္ဓာကို အစီးအပွား မဆောင်တတ်သော အားဖြင့် "အချည်းနှီးပါကလား၊ အချည်းနှီးပါကလား" ဟူ၍ အဖန်ဖန်ရှုပွားစီးဖြန်းရာ၏။

၇။ အာဗာဓတော။ ။ဤခန္ဓာကို များစွာသော အနာနှင့် တူသော အားဖြင့် "အနာကြီးပါတကား၊ အနာကြီးပါတကား" ဟူ၍ အဖန်ဖန်ရှုပွားစီးဖြန်းရာ၏။

၈။ ပရတော ။ ။ဤခန္ဓာကို သူစိမ်းပြင်ပနှင့် တူသောအားဖြင့် "သူစိမ်းပါတကား၊ သူစိမ်း ပါတကား" ဟူ၍ အဖန်ဖန် ရှုပွားစီးဖြန်းရာ၏။

၉။ ပရဝေါကတော။ ။ဤခန္ဓာကို အိုနာ သေဘေးတို့ ဖျက်ဆီးတတ်သော အားဖြင့် "ဖျက်ဆီး တတ်ပါတကား၊ ပျက် စီး တတ် ပါ တ ကား" ဟူ၍ အဖန်ဖန် ရှုပွား စီးဖြန်းရာ၏။

၁၀။ ဤတိတော ။ ။ဤခန္ဓာကို များစွာ ပျက်စီးခြင်း ဆောင်တတ်သောကြောင့် "ပျက် စီး တတ် ပါ တ ကား၊ ပျက်စီးတတ်ပါတကား" ဟူ၍ အဖန်ဖန် ရှုပွား စီးဖြန်းရာ၏။

၁၁။ ဥပဒ္ဒဝတော ။ ။ဤခန္ဓာကို နှိပ်စက်ခြင်း၏ အကြောင်းအားဖြင့် "နှိပ်စက်တတ်ပါတကား၊ နှိပ်စက်တတ်ပါတကား" ဟူ၍ အဖန်ဖန် ရှုပွား စီးဖြန်းရာ၏။

၁၂။ ဘယတော ။ ။ဤခန္ဓာကို ခပ်သိမ်းသော ဘေးတို့၏ တည်ရာအားဖြင့် "ဘေးဖြစ်ရာပါတကား၊ ဘေးဖြစ်ရာပါတကား" ဟူ၍ အဖန်ဖန် ရှုပွား စီးဖြန်းရာ၏။

၁၃။ ဥပသဂ္ဂတော ။ ။ဤခန္ဓာကို ကပ်၍ နှိပ်စက်သော အားဖြင့် "ပူးကပ် နှိပ်စက်တတ်ပါတကား၊ ပူးကပ် နှိပ်စက်တတ်ပါတကား" ဟူ၍ အဖန်ဖန် ရှုပွား စီးဖြန်းရာ၏။

၁၄။ စလတော ။ ။ဤခန္ဓာကို တုန်လှုပ် တတ်သော အားဖြင့် "တုန်လှုပ်တတ်ပါတကား၊ တုန်လှုပ်တတ်ပါတကား" ဟူ၍ စီ ဖြန် ရာ၏။

၁၅။ ပဘင်္ဂုတော ။ ။ဤခန္ဓာကို ပျက်စီးခြင်းသဘောသို့ ရောက်တတ်သောအားဖြင့် "ပျက်စီးမှာပါတကား၊ ပျက်စီးမှာပါတကား" ဟူ၍ အဖန်ဖန် ရှုပွား စီးဖြန်းရာ၏။

၁၆။ အဓုဝတော ။ ။ဤခန္ဓာကိုမမြဲသောအားဖြင့် "မမြဲပါတကား၊ မမြဲပါတကား" ဟူ၍ အဖန်ဖန် ရှုပွား စီးဖြန်းရာ၏။

၁၇။ အတာဏတော ။ ။ဤခန္ဓာကို ဘေးရန်ကို မကာကွယ်တတ်သောအားဖြင့် "အကာအကွယ် မရှိပါတကား၊ အကာအကွယ် မရှိပါတကား" ဟူ၍ အဖန်ဖန် ရှုပွား စီးဖြန်းရာ၏။

၁၈။ အလေနတော ။ ။ဤခန္ဓာကို မှီခို ပုန်းအောင်းရာ မဟုတ်သောအားဖြင့် "မှီခိုရာ မဟုတ်ပါတကား၊ မဟုတ်ပါတကား" ဟူ၍ အဖန်ဖန် ရှုပွားရာ၏။

၁၉။ အသရဏတော။ ။ဤခန္ဓာကို ကိုးကွယ်ရာ မဟုတ်သောအားဖြင့် "ကိုးကွယ်ရာ မဟုတ်ပါတကား၊ မဟုတ်ပါတကား" ဟူ၍ ရှုပွားရာ၏။

၂၀။ ရိတ္တတော ။ ။ဤခန္ဓာကို ကုန်တတ်ပျက်တတ်သော အားဖြင့် "ကုန်တတ်ပါတကား၊ ပျက်တတ်ပါတကား" ဟူ၍ အဖန်ဖန် ရှုပွားရာ၏။

၂၁။ တုစ္ဆတော ။ ။ဤခန္ဓာကို အချည်းနှီးအားဖြင့် "အချည်းနှီး ပါတကား၊ အချည်းနှီးပါတကား" ဟူ၍ အဖန်ဖန်ရှုပွား စီးဖြန်းရာ၏။

၂၂။ သုညတော ။ ဤခန္ဓာကို အစိုးရခြင်းစသည်မှဆိတ်သောအား ဖြင့် "ဆိတ်လှပါတကား၊ဆိတ်လှပါတကား" ဟူ၍ အဖန်ဖန် ရှုပွားစီးဖြန်းရာ၏။

၂၃။ အနတ္တတော ။ ။ဤခန္ဓာကို အလိုသို့ မလိုက်သောအားဖြင့် "အလိုမပါပါတကား၊ အလိုမပါပါတကား" ဟူ၍ အဖန်ဖန်ရှုပွားစီးဖြန်းရာ၏။

၂၄။ အာဒိနဝတော။ ။ဤခန္ဓာကိုကြီးစွာသောအပြစ်အားဖြင့် "အပြစ် ကြီးလှပါတကား၊ အပြစ်ကြီးလှပါတကား" ဟူ၍ အဖန်ဖန် ရှုပွားစီးဖြန်းရာ၏။

၂၅။ ဝိပရိဏာမဓမ္မတော။ ။ဤခန္ဓာကို ဖောက်ပြန်တတ်သော သဘော အားဖြင့် "ဖောက်ပြန်တတ်ပါတကား၊ ဖောက် ပြန်တတ်ပါတကား" ဟူ၍ အဖန်ဖန် ရှုပွား စီးဖြန်းရာ၏။

၂၆။ အသာရတော ။ ။ဤခန္ဓာကို အနှစ်မရှိ၊ အကာအတိသာ ဖြစ် သောအားဖြင့် "အနှစ်မရှိပါတကား၊ အနှစ် မရှိပါတကား" ဟူ၍ အဖန်ဖန်ရှုပွားစီးဖြန်း ရာ၏။

၂၇။ အဃမူလတော။ ။ဤခန္ဓာကို မကောင်းမှု၏ မူလအားဖြင့် "မကောင်းမှုပင်မကြီးပါတကား၊ပင်မကြီးပါ တကား" ဟူ၍ အဖန်ဖန် ရှုပွားစီးဖြန်းရာ၏။

၂၈။ ဝဓကတော ။ ။ဤခန္ဓာကို သူသတ်သမားနှင့် တူသော အားဖြင့် "သူသတ်သမားပါတကား၊ သူသတ် ကောင်ပါတကား" ဟူ၍ အဖန်ဖန် ရှုပွား စီးဖြန်းရာ၏။

၂၉။ ဓိဘဝတော ။ ။ကျွဲခန္ဓာကို စည်းစိမ်မှကင်းသော အားဖြင့် "စီးပွားမဲ့ ပါတကား၊ စီးပွားမဲ့ပါတကား" ဟူ၍ အဖန်ဖန်ရှုပွား စီးဖြန်းရာ၏။

၃၀။ သာသဝတော။ ။ကျွဲခန္ဓာကို အာသဝေါတရားတို့နှင့် ဖြစ်သော အားဖြင့် "အာသဝပါတကား၊ အာသဝပါ တကား"ဟူ၍ အဖန်ဖန်ရှုပွား စီးဖြန်းရာ၏။

၃၁။ သင်္ခတတော ။ ။ကျွဲခန္ဓာကိုပြုပြင်အပ်သောအားဖြင့် "သင်္ခတ ပါတကား၊ သင်္ခတပါတကား-"ဟူ၍အဖန်ဖန် ရှုပွားစီးဖြန်းရာ၏။

၃၂။ မာရာမိသတော။ ။ကျွဲခန္ဓာကို မစ္စုမရ်ကိုသည် စွဲလမ်းအပ်သော အားဖြင့် "သေမင်းကြီးပါတကား၊ သေမင်း ကြီးပါတကား"ဟူ၍ အဖန်ဖန် ရှုပွားစီးဖြန်း ရာ၏။

၃၃။ ဇာတိဓမ္မတော။ ။ကျွဲခန္ဓာကို ဖြစ်တတ်သော သဘောအားဖြင့် "ဖြစ်တတ်ပါတကား၊ ဖြစ်တတ်ပါတကား" ဟူ၍ အဖန်ဖန် ရှုပွားစီးဖြန်းရာ၏။

၃၄။ ဇရာဓမ္မတော ။ ။ကျွဲခန္ဓာကို အိုတတ်သော သဘောအားဖြင့် "အိုတတ်ပါတကား၊ အိုတတ်ပါတကား"ဟူ၍ အဖန်ဖန် ရှုပွားစီးဖြန်းရာ၏။

၃၅။ ဗျာဓိဓမ္မတော။ ။ကျွဲခန္ဓာကို နာဖျားတတ်သော သဘောအား ဖြင့် "နာဖျားတတ်ပါတကား၊ နာဖျားတတ် ပါတကား"ဟူ၍ အဖန်ဖန် ရှုပွားစီးဖြန်းရာ၏။

၃၆။ မရဏဓမ္မတော။ ။ကျွဲခန္ဓာကို သေတတ်သော သဘောအားဖြင့် "သေတတ်ပါတကား၊ သေတတ်ပါတကား" ဟူ၍ အဖန်ဖန်ရှုပွားစီးဖြန်းရာ၏။

၃၇။ သောကဓမ္မတော။ ။ကျွဲခန္ဓာကို စိုးရိမ်ခြင်း၏ အကြောင်းအားဖြင့် "စိုးရိမ်းစရာပါတကား၊စိုးရိမ်စရာပါတကား" ဟူ၍ အဖန်ဖန် ရှုပွားစီးဖြန်းရာ၏။

၃၈။ ပရိဒေဝဓမ္မတော။ ။ကျွဲခန္ဓာကို ငိုမြည်တမ်းခြင်း၏ အကြောင်း အားဖြင့် "ငိုချင်စရာပါတကား၊ ငိုချင်စရာ ပါတကား"ဟူ၍ အဖန်ဖန် ရှုပွားစီးဖြန်းရာ၏။

၃၉။ ဥပါယာသဓမ္မတော။ ။ဤခန္ဓာကို သက်ကြီးရှိက်ငင်ပင်ပန်းခြင်း၏အကြောင်းအားဖြင့် "ပင်ပန်းဖွယ်ပါတကား၊ ပင်ပန်းဖွယ်ပါတကား" ဟူ၍ အဖန်ဖန်ရှုပွားပီးဖြန်းရာ၏။

၄၀။ သံကိလေသဓမ္မတော။ ။ဤခန္ဓာကို ညစ်ညူးသော ကိလေသာနှင့်ယှဉ်သောအားဖြင့် "ကိလေသာကောင်ပါတကား၊ ကိလေသာကောင်ပါတကား" ဟူ၍ အဖန်ဖန်ရှုပွား စီးဖြန်းရာ၏။

အနိစ္စတော၊ ဒုက္ခတော စသည်၌ပါသော "တော" ဟူသော နောက်ဆုံးစကားလုံးကို အစွဲပြု၍ "တောလေးဆယ်"ဟု ခေါ်စမှတ်ပြုကြ၏။ ယင်းတို့ကိုပင် ကမ္မဋ္ဌာန်းလေးဆယ်ဟူ၍ လည်းကောင်း၊ ဝိပဿနာလေးဆယ်ဟူ၍လည်းကောင်း ခေါ်ကြသေး၏။

ပကတိ တောအုပ်အတွင်းသို့ ဝင်လိုသော် လူတို့သည် အရမ်းမဝင်ရဲကုန်။ တောတွင်း၌ ခြင်္သေ့၊ သစ်၊ ကျား စသော သားရဲတိရစ္ဆာန်များခိုအောင်းနေထိုင်ရာ ဖြစ်သောကြောင့် သတိကြီးစွာထား၍၊ သို့မဟုတ် သားကောင်များ လန့်အောင် ခြောက်လှန့်ပြီးမှ ဝင်လေ့ရှိကုန်၏။

ထိုနှင့် အလားတူစွာ တရားအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် တရားအားးထုတ်ခြင်း မပြုမီ အထက်ပါ တောလေးဆယ်တို့ကို အကုန်လုံးသော်လည်းကောင်း၊ သို့မဟုတ် မိမိဘတ်နိုင်သလောက် ပိုင်း၍ ပိုင်း၍သော်လည်းကောင်း ရှေးဦးစွာ ရှင်းရာ၏။ ရှင်း ဆိုသည်ကား အခြားမဟုတ်၊ အနိစ္စတောအရ ဤခန္ဓာကိုယ်ကောင်ကြီးကို အမြဲမရှိသော အနိစ္စကောင်ကြီးမှန်း သိလာအောင်၊ ထင်လာအောင်၊ သဘောပေါက်လာအောင် အဖန်ဖန်ရှုခြင်း၊ ပွားခြင်း၊ စီးဖြန်းခြင်းကိုပင် တောရှင်းသည်ဟု ဆိုခြင်းဖြစ်၏။ ဤသို့ တောရှင်းပစ်မှသာ ဤခန္ဓာကိုယ်ကောင်ပေါ်တွင် သံယောဇဉ်ကင်းမည်။ ခင်တွယ်စိတ်၊ မြတ်နိုးစိတ်၊ သာယာစိတ်များ မီးခိုးတိတ် ဖြစ်သွားမည်။ ဤခန္ဓာကိုယ်ကောင်ကြီးကို သာယာနေသမျှ၊ သံယောဇဉ်မကင်းအမျှင်တင်းလင်း တွယ်နေသမျှ တရားအာရုံ ထုံနိုင်မည်မဟုတ်။ အားထုတ်သော်လည်း အားထုတ်ရကျိုး နပ်မည်မဟုတ်။ အရာရောက်မည်မဟုတ်။ ထို့ကြောင့် ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်လို စီးဖြန်းလိုသူသည် ရှေးဦးစွာ မိမိခန္ဓာကိုယ်မှ တောလေးဆယ်ကို ရှေးဦးစွာ တတ်နိုင်သလောက် ရှင်းပြီးမှ ကမ္မဋ္ဌာန်းစခန်းဝင်ရန် ညွှန်ကြားကုန်၏။

## တောလေးဆယ်ကိုရှင်း
## အတွင်းမှာ ဘာကိုတွေ့မည်နည်း

ဥပမာ ဒူးရင်းသီး၊ ပိန္နဲသီးများကို ခွဲကြ၏။ အတွင်း၌ အစေ့အဆန် အိမ်ကို တွေ့ကြ၏။ စား၍ဖြစ်နိုင်လောက်သည်ကို တွေ့လျှင် စားကြ၏။ ပုပ်နေသော်လည်းကောင်း၊ သို့မဟုတ် စိမ်းနေလျှင်သော်လည်း ခင်တွယ်စရာ မြတ်နိုးစရာမရှိသဖြင့် စွန့်ပစ်ကြ၏။ ဤကား ဓမ္မတာပင်တည်း။

လူ၏ခန္ဓာကိုယ်ကာယကို ဘောအသွင်ထားကာ သာယာဖွယ်၊ မြတ်နိုးဖွယ်၊ ခင်တွယ်ဖွယ် ရှိ,မရှိ၊ ခင်စရာ၊ မင်စရာ၊ မြတ်နိုးစရာ ဟုတ်, မဟုတ်ကို သိအောင် အတွင်း ဝင်ကြည့်လေသောအခါ ဘာတွေဘာတွေကို တွေ့ရမည်နည်း။ ပရိယာယ် သွယ်ဝိုက်၍ ပြောနေစရာမလို။ သူတွေ့ ငါတွေ့၊ သူမြင် ငါမြင် ကိုယ်တွေ့မျက်မြင်ပင် ဖြစ်ပါချေ၏။

ဤကိုယ်၊ ဤခန္ဓာ၊ ဤယာယ ရုပ်ကောင် တောအုပ်ကြီး အတွင်း ဝင်၍ ကြည့်လေသောအခါ တိုးလိုးထောင်လောင် အရိုးများကို တွေ့ရမည်ဖြစ်၏။ ဤကိုယ်ကောင်ကြီး မတ်နေအောင်၊ ရပ်နေအောင်၊ တလှုပ်ရှားရှား သွားလာနိုင်အောင် သုံးရာသော အရိုးတို့ဖြင့် ဆိုင်းထားပုံ၊ ကျားကန်ထားပုံကို တွေ့ရမည်။ အရိုးသုံးရာ မပါလေပဲ (၀၁)အရိုးသုံးရာကို လွှတ်၍၊ ချန်၍၊ မိမိချည်းအလွတ်သပ်သပ် မရပ်တည်နိုင်ကြောင်းကို သိလာ၊ ထင်လာ၊ မြင်လာမည်။ ထိုမှတပါး ထိုအရိုးပေါင်း သုံးရာကို တွယ်လျက်၊ ကပ်မြှောင်လျက်၊ မြေးယှက်နေသောအကြောများကို တွေ့ရမည်။ အပြိုင်းအပြိုင်းထသော အကြောပေါင်း ကိုးရာတို့ကလည်း ဤခန္ဓာကောင်ကို မတ်နေအောင်၊ လှုပ်ရှားသွားလာနိုင်အောင် ဆိုင်းထားသည်ကို သိလာ,ထင်လာ, မြင်လာမည်။

ထိုမှတပါး အရိုးနှင့် အကြောများ ပေါ်ထွက်နေသည်ကို မမြင်ရအောင် စိုစွတ်သော အရေပါးဝတ်လုံဖြင့် ခြုံလွှမ်းထားမည်ကို တွေ့ရမည်။ ဤအရေပါးကို ခွာလိုက်သော် အရိုးနှင့် ခေါက်ခက်၊ အကြောနှင့်ပြိုင်းပြိုင်း၊ ခင်စရာ၊ မင်စရာ၊ မွက်မောစရာမရှိသော ကမ္ဘဌာန်းကောင်ကြီးကိုသာ မြင်ရ၊ တွေ့ရမည်ဖြစ်၏။ ဤအကြော၊ အရိုး၊ အရေပါးတို့ဖြင့် သိုင်းဝိုင်းထားသော ခန္ဓာအိမ်ကြီးကို ဗိမာန်ပြု၍ ၎င်းအတွင်း၌ ပိုးမျိုးရှစ်ဆယ်တို့ မြို့ရွာသဖွယ်တည်၍ နေထိုင်ကြသည်ကို တွေ့ရမည်။ "ငါ့ကိုယ်၊ ငါ့ခန္ဓာကြီးကား စင်စစ် ပိုးအိမ်ကြီး၊ ပိုးအုံကြီး ပါကကား"ဟု သိလာ၊ ထင်လာ၊ မြင်လာမည်။

ထိုမှ တပါးလည်း ဤခန္ဓာကိုယ်ကောင်ကြီးကား အပေါက်အပေါက်ရှိသော ဩဠာရိကမာ မပြတ်အောက်ထက် ဇရပ္ပယိုးစီးအောင်

အပုပ်ရည်ရှိပါကလား ဟူ၍လည်းကောင်း အနာရောဂါဟူသမျှ ဒိုင်ခံ၍ ဖြစ်ပွားရာ(၀၁) ရောဂါမျိုးစုံတို့ ဖြစ်ပွားရာ အသိုက်အမြုံကြီးပါကလား။ ဆင်းရဲဟူသမျှတို့ တန့်နားရာ၊ အပန်းဖြေရာ ဆင်းရဲရိပ်သာကြီးပါကလား။ ပြည်မှည့်နေသော အနာကြီးအလား၊ ဒွါရကိုးပေါက်တို့မှ နေ့ညတစိုစို၊ အရိအရွဲအချွဲတွေ၊ အပုပ်ရည်တွေ၊ ယိုစီးနေပါကလား။ မျက်စိနှစ်ဘက်မှ မျက်ချေး၊ မျက်ချေး၊ နားနှစ်ဘက်မှ နားဖာချေး၊ နှာခေါင်းနှစ်ပေါက်မှ နှပ်ချေး၊ တခါတရံ သည်းခြေသလိပ်၊ အစာ သွေးများ၊ ခံတွင်းပါးစပ်ပေါက်မှ တတောက်တောက် အန်ထွက်နေပါကလား။ ကိုးသောင်း၊ ကိုးထောင်သော မွေးညင်းတွင်း၊ ကျင်းချိုင့်များမှ ဆားရေအလား၊ ချွေး တစိုစို ယိုထွက်နေပါကလား ဟူ၍လည်းကောင်း အရှိကို အရှိအတိုင်း ကိုယ်တွေ့မျက်မြင် အထင်အရှား တွေ့လာမြင်လာမည်။

ထိုမှတပါး ဤခန္ဓာ၊ ဤကာယ၊ ဤကိုယ်ကောင်ကြီးကို မပြုမပြင်၊ ပေါက်လွှတ်ပဲစား ပစ်၍ထားခဲ့သော် မင်း၊ သဌေး၊ သူကြွယ်၊ ပုဏ္ဏား၊ ဆင်းရဲသား၊ ကျား,မ မခွဲ၊ ကွဲပြားခြားနားခြင်း မရှိလေတော့ပဲ၊ တသွေးတည်း၊ တရောင်တည်း စက်ဆုပ်ဖွယ်၊ ရွံဖွယ်၊ မသဒ္ဒါဖွယ်၊ အကောင်ကြီးပါကလား။ လှပတင့်တယ် ရှုချင်စဖွယ်ဖြစ်အောင် အပေါ်ယံက ရွှေကြဲပြီး အထဲက နောက်ချေးခံသော ယွန်းကွမ်းအစ်ကြီး သဏ္ဌာန်မျိုးပါကလား ဟူ၍ သူတကာ မပြောရပဲနှင့် သဘောပေါက်လာမည်။ အချုပ်အားဖြင့် ငါ,ငါဟု သမုတ်နေကြသော တကြော်ကြော် ခေါ်ဝေါ်နေကြသော ဤခန္ဓာ၊ ဤရုပ်ကြီးကား အကောင်ပုပ်ကြီး သက်သက်ပါတကား.... ဟူ၍ ယထာဘူတဉာဏ်ဖြင့် အမှန်ကို အမှန်အတိုင်း၊ အရှိကိုအရှိအတိုင်း မြင်လာ, ထင်လာ, သိလာမည်။ ဤသို့ ဉာဏ်၌ ထင်းကနဲ ဝင်းကနဲ လင်းလာသော် "တောရှင်,ပြီ"ဟု ဆိုနိုင်၏။ ထိုအခါ အန္တရာယ်ကို စိုးရိမ်ကြောင့်ကြဖွယ် မရှိတော့ပဲ သွားလိုရာလမ်းကို ဖြောင့်ဖြောင့်တန်းတန်း စိတ်ချလက်ချ အေးအေးဆေးဆေး သွားနိုင်ပြီ ဖြစ်သတည်း။

## အရှိကို တွေ့သော် အသိဖြင့် မိအောင်ဖမ်း

ဆိုခဲ့ပြီးသောအတိုင်း ဤကိုယ်၊ ဤကာယ၊ ဤခန္ဓာကောင်၏ ပကတိ အနေအထား၊ ပကတိ အသွင်အပြင် အရှိကို၊ အရှိအတိုင်း တွေ့ရသောအခါ ယင်းတွေ့ရှိချက်ကို ပျောက်မသွားစေပဲ ဉာဏ်ဖြင့် အမိဖမ်း၍ အဖန်ဖန် ကြိုးပြန်းရာ၏၊ ရှုရာ၏ ပွားများရာ၏။

ပွားများပုံကား။ ။ဆံပင်တို့မည်သည် ဤကိုယ်၌ တသီးတခြား အစုတစုပါကလား။ သူ့မှာ စိတ်မရှိ။ ကြောင့်ကြမှုလည်း မရှိ။ ပုဂ္ဂိုလ် သတ္တဝါမှ ဆိတ်၏။ အသက်ဝိညာဉ် အရှင်မဟုတ်။ ခက်မာကြမ်းတမ်းခြင်း သဘောရှိ၏။ မြေဓာတ် သဘောသာတည်းဟု ဆံပင်ကို ဤသို့ ပွားရာ၊ ရှုရာ၊ စီးဖြန်းရာ၏။

ထို့နောက် မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်တို့မည်သည် ဤကိုယ်၌တသီးတခြား အစုတစုပါကလား။ သူ့မှာ စိတ်မရှိ၊ ကြောင့်ကြမရှိ၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်၊ အသက် ဝိညာဉ် အရှင် မဟုတ်။ ခက်မာကြမ်းတမ်းခြင်း သဘောရှိ၏။ မြေဓာတ် သဘောသာ တည်းဟု ဆံပင်မှအစ ဦးနှောက် အဆုံး ရှိသော ပထဝီဓာတ် ၂၀-ကို တခုစီ တခုစီ သန့်ကာသန့်ကာ ဤသို့ ပွားများရာ၊ ရှုရာ၊ စီးဖြန်းရာ၏။ ထို့နောက် အာပေါဓာတ် ၁၂-ပါးကို ဆက်၍ ပွားများရာ၏။

ပွားများပုံကား။ ။သည်းခြေမည်သည် ဤကိုယ်၌ တသီးတခြား အစုတစုပါကလား။ သလိပ်မည်သည်၊ ပြည်မည်သည်၊ သွေးမည်သည်၊ ချွေးမည်သည်၊ အဆီခဲမည်သည်၊ မျက်ရည်မည်သည်၊ ဆီကြည် မည်သည်၊ တံတွေးမည်သည်၊ နှပ်မည်သည်၊ အစေးမည်သည်၊ ကျင်ငယ်မည်သည်၊ ဤ ကိုယ်၌ တသီးတခြား၊ ကောဋ္ဌာသ အစုတစုပါကလား။ သူ့မှာ စိတ်မရှိ။ ကြောင့်ကြမရှိ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်၊ အသက်ဝိညာဉ် အရှင် မဟုတ်။ အရည်ဖြစ်၍ တည်သော ဖွဲ့စည်းခြင်း သဘောသာတည်း။ အာပေါဓာတ် သဘောပါကလားဟူ၍ တခုစီ တခုစီ ခွဲခြားလျက် သန့်ကာ သန့်ကာ အဖန်ဖန် ရှုရာ၊ ပွားများရာ၊ စီးဖြန်းရာ၏။

ပွားများခြင်းအကျိုးကား။ ။ဤသို့ အဖန်ဖန်ရှုပွားစီးဖြန်းသော ပုဂ္ဂိုလ်တို့အား ဆံပင်၊ မွေးညင်းစသော ကောဋ္ဌာသတို့သည် သူ့ အစုနှင့်သူ တသန့်စီ တန်းစီဖြစ်ပုံ ထင်ရှားလတ်သည်ရှိသော် ဆံပင်စသော အမည် ပညတ်ကို မသုံးသပ်၊ မမှတ်သားလေပဲ "ဤကား စက်ဆုပ်ဖွယ်၊ ဤကား စက်ဆုပ်ဖွယ်"ဟု ပွားများထပ်ထပ်၊ ရှုဆင်ခြင်အပ်၏။ ဤသို့ ရှုဆင်ခြင်ဖန် များလျှင် ကောဋ္ဌာသ အစုသည် ကွက်ကြားကွက်ကြား၊ အထူးအားဖြင့် ခြားနား၍ ထင်လာ၏။ ထိုအခါ ထင်လာသော ကောဋ္ဌာသကို ဖို၍ အခါခါ အဖန်ဖန် ပွားများပြန်သည်ရှိသော် တခုတည်းသော အာရုံကို စူးစူး စိုက်စိုက် ယူရသော သမာဓိနှင့် ယှဉ်သည့်အတွက် ကမ္မဋ္ဌာန်းစီးဖြန်းသူ၏ စိတ်အစဉ်

သည် လွန်စွာဖြူစင်၊ လွန်စွာ ကြည်လင်တောက်ပသည် ဖြစ်၍ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန် အင်္ဂါငါးပါးနှင့် ပြည့်စုံသော အပ္ပနာ ဈာန်ကို ရလေ၏။ ထိုကောဋ္ဌာသ တခု၌ ပဌမဈာန်ကိုရလျှင် ကြွင်းသော ကောဋ္ဌာသ ၃၁–ပါးတို့၌လည်း မခဲယဉ်းလေတော့ပဲအပ္ပနာဈာန်ကို ဝင်စားနိုင်တော့သည်သာတည်း။ (မှတ်ချက်။ ။ဗိုလ်ကုန်း ဆရာတော်၏ အဘိဓမ္မတ္ထ ဒီပကကျမ်း-ဒု)

## စရိုက်နှင့် ပုဂ္ဂိုလ် ခြောက်မျိုး

လူသည် တဦးနှင့်တဦး စရိုက်ချင်းမတူ။ လူအမျိုးမျိုး ရှိသကဲ့သို့ စရိုက်လည်း အမျိုးမျိုးရှိ၏။ စရိုက်ကို အနက်ဖွင့်သော် အပြု၊ အမူ၊ အလေ့ အကျင့်၊ အထုံဝါသနာ၊ ဝသီဟု ဆိုနိုင်၏၊ စရိုက်ခြောက်မျိုး။ ပုဂ္ဂိုလ် ခြောက်မျိုး ရှိကြောင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ကမ္မဋ္ဌာန နိဒ္ဒေသ၌ ဆို၏။ ယင်းပုဂ္ဂိုလ် ခြောက်မျိုးကား-

၁။ ရာဂစရိုက် အားကြီးသူတယောက်။
၂။ ဒေါသစရိုက် အားကြီးသူ တယောက်။
၃။ မောဟစရိုက် အားကြီးသူ တယောက်။
၄။ သဒ္ဓါစရိုက် အားကြီးသူ တယောက်။
၅။ ဗုဒ္ဓိစရိုက် အားကြီးသူ တယောက်။
၆။ ဝိတက်စရိုက် အားကြီးသူ တယောက်။

ဤသို့အားဖြင့် ခြောက်ယောက်၊ ခြောက်မျိုးဖြစ်၏။

၁။ ရာဂစရိုက် အားကြီးသူ။ ။ယင်းပုဂ္ဂိုလ် ခြောက်ယောက်တို့ အနက် ရာဂများသူ၊ ရာဂ၌ မွေ့လျော်အားကြီးသူ၊ ရာဂဝါသနာ ပြင်း ထန်သူ၊ ရာဂမပြတ်ဖြစ်သူကို ရာဂစရိုက် အားကြီးသူဟု ဆိုသည်။ ထိုသူသည် သွားလာမှုနှင့် ပတ်သက်၍ မြန်မြန်ထက်ထက် သွားလေ့မရှိ။ နွေးနွေး ကွေးကွေး ဖြည်းဖြည်းသာ သွားတတ်၏။ အသွားနှေးသည်နှင့်အမျှ လှမ်း သောခြေကို အောက်သို့ချရာ၊ လှမ်းပြီးခြေကို အပေါ်သို့ ကြွတင်ရာ၌လည်း နှေး၏၊ ဖြည်းဖြည်းချ၍ ဖြည်းဖြည်းသာကြွ၏။ သူ၏ ခြေရာသည် ဆောင့် ကြွားကြွားအသွင် ထင်၏၊

ထိုသူသည် လုပ်ကိုင်မှုနှင့် ပတ်သက်၍ တခုခုကို လုပ်ရာတွင် သွက်သွက် လက်လက် လုပ်လေ့မရှိ။ ချက်ချက်ချာချာ ပြုမူလေ့မရှိ၊ နှေးနှေးကန်ကန်၊ လျှော့လျည်းလျှော့လျဲ ပျော့နဲ့နဲ့ လုပ်တတ်၏။ စားသောက်မှုနှင့် ပတ်သက်၍

စားကောင်းသောက်ဖွယ်ကို ကြိုက်တတ်၏။ ကောင်းကောင်းကိုမှ စားချင်၏။ စားသောအခါ ဖြည်းဖြည်းနှင့် မှန်မှန် အရသာခံ၍ စားတတ်၏။ စားကောင်းသောက်ဖွယ် တခုခုကိုရလျှင် အလွန်ဝမ်းသာ၏။

ထိုသူသည် ရှုကြည့်မှုနှင့်ပတ်သက်၍ သာမန်မျှသော ပန်းကိုမြင်လျှင်ပင် အလွန်အံ့သြသည့် အမူအရာဖြင့် တရှုပ်ရှုပ် နမ်းတတ်၏။ လောဘရမ္မက် ပြင်း၏။ မဖြစ်စလောက်ကလေးကိုပင် လောဘဇော ကပ်တတ်၏။ ရခွင့် မထိုက်၍ လက်လွှတ်လိုက်ရသော်လည်း တပ်မက်စိတ်ကို သူဖျောက်၍မရချေ။ သဘောထားနှင့် ပတ်သက်၍ လှည့်စားခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်း၊ ယုဘ်မာခြင်း၊ အလိုကြီးခြင်း အလွန်များ၏။

၂။ ဒေါသစရိုက်အားကြီးသူ။ ။ ထိုသူသည် သွားလာမှုနှင့် ပတ်သက်၍ သွားသောအခါ ခြေဖဝါးဦးကို နှိပ်၍နှိပ်၍ နင်းကာသွားတတ်၏။ ခြေသွက် လက်သွက်၊ ခြေမြန် လက်မြန် ရှိလှ၏။ ဖဝါးကို နှိပ်ကာ နှိပ်ကာ နင်းသဖြင့် သူ့ခြေရာခွက်သည် အခြား ခြေရာများထက် စောက်နက်၏။

ထိုသူသည် လုပ်ကိုင်မှုနှင့်ပတ်သက်၍ အလုပ်တခုခု လုပ်ရာတွင် ဇိုးဇိုးဇတ်ဇတ် သွက်လက်စွာလုပ်တတ်၏။ ချက်ချက်ချာချာ ဆောင်ရွက်တတ်၏။ စားမှုနှင့်ပတ်သက်၍ အချဉ် ကြိုက်၏။ ချဉ်သော အရသာကို မက်မော၏။ စားသော် ဇိမ်ခံ၍ စားမနေပဲ ဝမ်းပြည့်လျှင် ပြီးရော သဘောမျိုးဖြင့် ပလုပ်ပလောင်း လွေးတတ်၏။ အရသာ ကင်းမဲ့သော စားဖွယ်ကိုရလျှင် စိတ်မချမ်းမသာ ဖြစ်နေတတ်၏။

ထိုသူသည် ရှုကြည့်မှုနှင့်ပတ်သက်၍ ရှုမြင်မကောင်းသောအနိဋ္ဌာရုံမျိုး မြင်သော် ရတ်ခြည်း မျက်နှာ လွှဲပစ်တတ်၏။ ရှုလိုစိတ် အလျှင်းမရှိ။ စိတ်ဘိုး၏။ အမျက်သွက်လှယ်၏။ မဖြစ်စလောက် ကိစ္စနှင့်လည်း ထရိုက်ချင်ရိုက်တဘ်၏။ သူ့ကျေးဇူးကို မသိတတ်။ သံယောဇဉ်လည်း မထားတတ်။ သဘောထားနှင့် ပတ်သက်၍ အမျက်ကြီး၏။ ရန်ငြိုးထားတတ်၏။ သူ့ကျေးဇူးကို ချေဖျက်တတ်၏။ ငြူစူတတ်၏။ ဝန်တို၏။

၃။ မောဟစရိုက်ကြီးသူ။ ။ထိုသူသည်သွားလာမှုနှင့်ပတ်သက်၍ သွားသောအခါ ဒယီးဒယိုင်နှင့် ခရီးသွားများအား နှောင့်ယှက်သော သွားခြင်းမျိုးဖြင့်သွားတတ်၏။ခြေလှမ်း အနုတ်အသိမ်း တုန်တုန်ယင်ယင်ရှိ၏။ နှိပ်၍ နင်းသောကြောင့် သူ့ခြေရာသည် စောက်နက်၏။ လုပ်ကိုင်မှုနှင့်ပတ်သက်၍ အလုပ်လုပ်ရာ၌ နှေး၏။ အရှုပ်ရှုပ် အထွေးထွေး မသန့်မပျှင်း လုပ်တတ်၏။

ထိုသူသည် အစားနှင့်ပတ်သက်၍ ဘာရယ်လို့ မည်မည်ရရကြိုက်လှသည်မရှိ။ ကြုံရာစား၏။ စားသော် ကသော ကမျော အလောသုံးဆယ် စားတတ်၏။ ထမင်းဟင်း အဖိတ်ဖိတ် အစဉ်စဉ် မသန့်မပြန့် စားတတ်၏။ ရှုကြည့်မှုနှင့်ပတ်သက်၍ တခုခုကို မြင်သည်ရှိသော် ပတ်ဝန်းကျင်နောက်သို့ သံယောင်လိုက်တတ်၏။ ပတ်ဝန်းကျင်က ချီးမွမ်းလျှင်ရော၍ ချီးမွမ်းပြီးမှ၊ ပတ်ဝန်းကျင်က ကဲ့ရဲ့လျှင်လည်း ရော၍ ကဲ့ရဲ့တတ်၏။ အာရုံတခုခုကို မိမိဖာသာတယောက်တည်းတွေ့မြင်ဘိမူကား ကောင်း၊ဆိုး နှစ်တန် မဝေဖန်တတ်သဖြင့် လျစ်လျူရှုနေ၏။ သဘောထားနှင့်ပတ်သက်၍ ထိန–မိဒ္ဓ-အားကြီး၏။ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ လွန်ကဲ၏။ ဝိစိကိစ္ဆာ ပူပြော၏။

၄။ သဒ္ဓါစရိုက်အားကြီးသူ။ ။ထိုသူသည် သွားလာမှု၊ လုပ်ကိုင်မှု၊ စားမှု၊ ရှုကြည့်မှုနှင့်ပတ်သက်၍ရာဂစရိုက်အားကြီးသူနှင့် အလုံးစုံတူ၏။ သဘောထားနှင့်ပတ်သက်၍ ကား ရက်ရက်ရောရော စွန့်ကြဲပေးကမ်းတတ်၏။ ရဟန်းသံဃာ သူတော်ကောင်း ပုဂ္ဂိုလ်များကို ဖူးမြော် ဆည်းကပ်လေ့ရှိ၏။ သူတော်ကောင်း စကားကို ကြားနာလို၏။ ကြည်လင်စွာ ရွှင်ပြုံးသော အမူအရာဖြင့် နေလေ့ရှိ၏။

၅။ ဗုဒ္ဓိ စရိုက်အားကြီးသူ။ ။ထိုသူ၏ သွားလာမှု၊ လုပ်ကိုင်မှု၊ စားသောက်မှု၊ ရှုကြည့်မှုများသည် ဒေါသစရိုက် ကြီးသူနှင့် အလားတူ၏။ သဘောထားနှင့်ပတ်သက်၍ ကား ထိုသူသည် ဆိုပြောစကားကို နာလွယ်၏။ အဆွေခင်ပွန်းပီသ၏။ အစားအစာ၌ အတိုင်းအရှည် သိတတ်၏။ အရာရာ၌ နိုင်းနိုင်းချိန်ချိန် ပြုလေ့ရှိ၏။

၆။ ဝိတက်စရိုက်အားကြီးသူ။ ။ထိုသူ၏ သွားလာမှု၊ လုပ်ကိုင်မှု၊ ရှုကြည့်မှု၊ စားသောက်မှုများသည် မောဟစရိုက်အားကြီးသူနှင့်အလားတူ၏။

သဘောထားနှင့်ပတ်သက်၍ကား— ပရိဘောဂ အသုံးအဆောင်များစွာ ရှိ၏။ အပေါင်းအဖော်၌ မွေ့လျော်တတ်၏။ ကုသိုလ်ရေးတွင် ဝါသနာမပါ။ ညအခါတွင် အတွေးထွေရာရောက် ကြံလေ့ရှိ၏။ အကြံလျှင် ဟောဟော ဒိုင်းဒိုင်း ဖုတ်ပူမီးတိုက် ထလုပ်တတ်၏။ စိတ်တည်ငြိမ်မှု မရှိဘတ်။

## သည်စရိုက်နှင့် သည်ကမ္မဋ္ဌာန်း

အနာနှင့်ဆေး၊ သင့်အောင်ပေး, ဆိုသကဲ့သို့ ကမ္မဋ္ဌာန်းနှင့် စရိုက် အံ့ကိုက်ဖို့လည်း လွန်စွာ အရေးကြီး၏။ ယောဂီပုဂ္ဂိုလ်များသည် ဆရာ့ထံ

ကမ္မဋ္ဌာန်းဘောင်းလေ့ရှိရာ ထိုအခါ ဆရာသည် တပည့် ယောဂီ၏ စရိုက်ကို အတတ်နိုင်ဆုံး အကဲခတ်၍ စရိုက်နှင့် သင့်လျော်သော ကမ္မဋ္ဌာန်းကိုသာ ပေးလေသည်။ အဘယ် စရိုက်မျိုးရှိသူသည် အဘယ် ကမ္မဋ္ဌာန်းနှင့် သင့်လျော်လေမည်နည်း။

ကမ္မဋ္ဌာန်း လေးဆယ်တို့တွင်....

(က) အသုဘ ဆယ်ပါး၊
(ခ) ကာယဂတာသတိ, တပါး၊

ဤတဆယ့်တပါးသော ကမ္မဋ္ဌာန်းသည် ရာဂစရိုက် အားကြီးသူနှင့် လျော်၏။

(က) နီလ ကသိုဏ်း၊
(ခ) ပီတ ကသိုဏ်း၊
(ဂ) လောဟိတ ကသိုဏ်း၊
(ဃ) ဩဒါတ ကသိုဏ်း၊
(င) အပ္ပမညာ လေးပါး။

ဤရှစ်ပါးသော ကမ္မဋ္ဌာန်းသည် ဒေါသစရိုက် အားကြီးသူနှင့် လျော်၏။

## (က) အာနာပါဏဿတိ

ဤကမ္မဋ္ဌာန်းတခုသည် မောဟစရိုက်၊ ဝိတက်စရိုက် အားကြီးသူနှင့် လျော်၏။

(က) ဗုဒ္ဓါနုဿတိ၊
(ခ) ဓမ္မာနုဿတိ၊
(ဂ) သံဃာနုဿတိ၊
(ဃ) သီလာနုဿတိ၊
(င) စာဂါနုဿတိ၊
(စ) ဒေဝတာနုဿတိ။

ဤ အနုဿတိ ခြောက်ပါးသည် သဒ္ဓါစရိုက် အားကြီးသူနှင့် လျော်၏။

(က) မရဏာနုဿတိ၊
(ခ) ဥပသမာနုဿတိ၊

(ဂ) အာဟာရေပဋိကူလသညာ၊
(ဃ) စတုဓာတုဝ ဝတ္ထာန်။

ဤ လေးပါးသော ကမ္မဋ္ဌာန်းသည် ဗုဒ္ဓိစရိုက် အားကြီးသူနှင့် လျော်၏။ ဤမှ ကြွင်းသော ပထဝီကသိုဏ်း၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသ၊ အာလောက ကသိုဏ်းဟု ဆိုအပ်သော ကသိုဏ်း ခြောက်ပါး၊ အာရုပ္ပလေးပါး၊ ဤ ဆယ်ပါးသော ကမ္မဋ္ဌာန်းတို့သည် အလုံးစုံသော ပုဂ္ဂိုလ်တို့နှင့် လျော်ကုန်၏။

အထက်၌ "အရှိတွေ့သော် အသိဖြင့်မိအောင်ဖမ်း" ဟူသော ခေါင်း စဉ်ဖြင့် ဖော်ပြခဲ့သော ကမ္မဋ္ဌာန်းကား ရာဂစရိုက် အားကြီးသူနှင့် လျော် သော "ကာယဂတာသတိ ကမ္မဋ္ဌာန်း" ဖြစ်၏။ ရာဂ အားကြီး သူသည် အကောင်းကြိုက်၏။ ကောင်းသော ဣဋ္ဌာရုံများကို ခုံမင်မက်မောတတ်၏။ ရာဂ၏ ဆန္ဒ ပြင်းပြမှုဖြင့် တင့်တယ်သော၊ လှပသော သုဘအာရုံများကိုသာ ခုံမင် မက်မောနေသူအား ထိုမက်မောစိတ်ကို ပျောက်အောင် မပျောက်နိုင် သမျှ ကမ္မဋ္ဌာန်းခွင်၌ ဝင်မည်မဟုတ်။ အား ထုတ် ငြား ပါ သော်လည်း "ကျွဲပါး စောင်းတီး၊ နွားနီး ပလွေမှုတ်" ဆိုသကဲ့သို့ ဖြစ်နေပေမည်။ အချိန်ကုန် လူပန်းရုံသာအဖတ်တင်မည်။ ကမ္မဋ္ဌာန်းနှင့်ကား ပြဒါးတလမ်း ဖြစ်နေမည်သာတည်း။

ထို့ကြောင့်....

"ကေသာနာမ၊ ဆံပင်တို့မည်သည်။ ဣမသ္မိံကာယေ၊ ဤခန္ဓာကိုယ်၌။ ပါဋိယေက္ကော၊ တသီးတခြားဖြစ်သော။ ကောဋ္ဌာသော၊ အစုတစုသာတည်း။ အ စေတနော၊ စိတ်မရှိ။ အဗျာကတော၊ ကြောင့်ကြမရှိ။ အဗျာကတ၊ တရားသာတည်း။ သုညော၊ လူကောင် နတ်ကောင် ပြဟ္မာကောင် ဟူသော ကိုယ်မှ ဆိတ်၏။ နသတ္တော၊ သတ္တဝါ မဟုတ်။ နိဇ္ဇီဝေါ၊ အသက် ဝိညာဉ် အရှင် မဟုတ်။ ထဒ္ဓေါ၊ ခိုင်မာကြမ်းတမ်းခြင်း သဘောသာ တည်း။ ပထဝီဓာတု၊ မြေဓာတ် သဘောသာတည်း။

ဤသို့ ဆံပင်ဘခြား၊ မွေးညှင်းတခြား၊ ခြေသည်း လက်သည်း တခြား တခုစီ ကန့်၍ကန့်၍ ၃၂-ကောဋ္ဌာသ (ဝါ) အစုအပုံ ၃၂-ပုံစလုံး ကုန်အောင် ရှုပွားရာ၏။ စိတ်ထဲ၊ အသိဉာဏ်ထဲ၌ လှိုက်လှိုက်လှဲလှဲ ဆံပင် သတ်သတ်၊ မွေးညှင်းသတ်သတ် မွဲမွဲခြားခြား သိလာ၊ ယင်လာ၊ မြင်လာ

သောအခါ ယင်း ၃၂-ကောဋ္ဌာသ ထဲ၌ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါကစ ယောကျ်ား-မိန်းမ ဟူ၍ ခတွေ့ရတော့မည် မဟုတ်။ ထိုအခါ ယင်းခန္ဓာကိုယ်ကောင်ကြီးအပေါ်၌ ခင်မင်စိတ်၊ တွယ်တာစိတ်၊ မြတ်နိုးစိတ်များ ဖြစ်လာတော့မည် မဟုတ်။ ရွံရှာဖွယ်၊ စက်ဆုပ်ဖွယ် ဟူ၍သာ အမှန်ကို အမှန်အတိုင်း သိလာမည်ဖြစ်၏။

ဤသို့ သိလာသည်နှင့် တပြိုင်နက် စိတ်ကို တရားဘက်သို့ လိုသလို ဆွဲယူနိုင်ပြီ ဖြစ်၏။ မိန်းမ၊ ယောကျ်ား ထိုထို သတ္တဝါများကို "ချစ်စရာကောင်းလိုက်တာ၊ မြတ်နိုးစရာ ကောင်းလိုက်တာ" ဟူ၍ ချော့မော့ သိမ်းသွင်းသော်လည်း အလျှင်းပင် လက်ခံတော့မည် မဟုတ်။ အသုဘနိမိတ် မတင့်တယ်သော အရိပ်များသာ စိတ်ထဲတွင် တရိပ်ရိပ် စွဲထင်နေတော့မည် ဖြစ်၏။ ဤကမ္မဋ္ဌာန်းကို "ကာယဂတာသတိ ကမ္မဋ္ဌာန်းဟု ခေါ်၏။ အချော အလှကိုကြိုက်သော၊ အကောင်းကိုမှ ကြိုက်သော" "ရာဂစရိုက် အားကြီးသူ" အတွက် ဤ ကမ္မဋ္ဌာန်းကား ဆေးစွမ်းကောင်း တလက် ဖြစ်သည်။ ထို့ကြောင့် ကမ္မဋ္ဌာန်းဆရာတို့သည် ရာဂစရိုက်အားကြီးသူအား သူနှင့် သင့်လျော်သော ဤ "ကာယဂတာသတိ ကမ္မဋ္ဌာန်း"ကို ပေးကြခြင်း ဖြစ်သတည်း။

## စာဂါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းလိုသော်

ဥပမာ အင်ဂျင်နီယာ အဘတ်ကို တတ်မြောက်ထားသူအား ဆေးဝါး ထုတ်လုပ်ရေးသို့ ပို့ထားသော် အသို့နေမည်နည်း။ တတ်ကျွမ်း နားလည်ထားသည့် ပညာစရိုက်နှင့် စီးဖြန်းရမည့် လုပ်ငန်းမှာ ပြဒါးတလမ်း သံဘတလမ်း ဖြစ်နေသဖြင့် ထိုသူနှင့် ထိုအလုပ်သည် ဟုတ္တိပတ္တိ ဖြစ်နိုင်ပါတော့မည်လော။

ထိုနည်းတူစွာ စရိုက်နှင့် ကမ္မဋ္ဌာန်းမှာ လမ်းဖြောင့်ဖို့ လွန်စွာမှ အရေးကြီးလှ၏။ ဘုရားအစရှိသော သူတော်ကောင်း ပုဂ္ဂိုလ်များစွာတို့က သဒ္ဓါစရိုက် အားကြီးသူအား စာဂါနုဿတိ ကမ္မဋ္ဌာန်းကို ပေးကြခြင်းမှာ ကမ္မဋ္ဌာန်းနှင့် စရိုက် အံကိုက်လှ၏။ မူလက သဒ္ဓါတရားရှိထားသူ၏ အဖို့တွင် လှူရေး တန်းရေးအတွက် အဘယ်မှာလျှင် ဝန်လေး,ဖင့်နွှေးပါတော့မည်နည်း။ တက်ဘက်ကြွကြွနှင့် ချက်ချင်းပင် ထလုပ်မည်သာ ဖြစ်၏။

သဒ္ဓါစရိုက် အားကြီးသူအဖို့ စာဂါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းရန် အလွန်လွယ်၏။ စာဂါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလိုသောသူ

သည် မိမိ၏ ပကတိ လှူလို တန်းလို၊ ပေးကမ်းစွန့်ကြဲလိုသော စေတနာအရ သော် လည်းကောင်း၊ သို့မဟုတ ကမ္မဋ္ဌာန်း စီးဖြန်းမည့်နေ့တွင် ''ငါ သည်နေ့ အလှူခံပုဂ္ဂိုလ်များအား ယုတ်စွအဆုံး ထမင်းတလုတ်၊ ရေတမှုတ်၊ ပန်းတပွင့်ကအစ စေတနာရက်ရောစွာဖြင့် ငါလှူအံ့''ဟု အဓိဋ္ဌာန်ချက်အရ သော် လည်းကောင်း ပေးကမ်းစွန့်ကြဲ လှူဒါန်းခြင်း ဒါနကုသိုလ်တခုခုကို ပြုပြီးလျှင် ဆိတ်ငြိမ်ရာ အရပ်သို့ကပ်၍ မိမိ၏ ဒါနအပေါ်၌ ပီတိဖြစ်ကာ ဤသို့ စီးဖြန်းရာ၏။

စီးဖြန်းပုံ။ ။ လာဘာ ဝတမေ၊ သု လဒ္ဓံ ဝတမေ၊ ပ၊ ဒါနသံဝိ ဘာဂ ရတော။ ယော အဟံ၊အကြင် ငါသည်။ မစ္ဆေရ မလပရိယုဋ္ဌိတာယ၊ မပေးလှူလို၊ ဝန်တိုမစွေး၊ ညစ် ကြေးရပ်ခွင်၊ ဝန်းကျင်နှိပ်ကွပ်၊ ထိုးကျင့်အပ်သော။ ပဇာယ၊သတ္တဝါ အပေါင်းတွင် (ဝါ)သတ္တဝါ အပေါင်းထဲမှာ။ ဝိဂတမလ မစ္ဆေရေန၊ ကင်းသော ဝန်တို၊ မလှူလိုမစွေး၊ ရာဂအစရှိသော အညစ်အကြေး ရှိသော။ စေတသာ၊စိတ်ဖြင့်။ ဝိဟရာမိ၊နေရပါပေ၏။ မုတ္တ စာဂေါ၊ လွတ်လွတ်ရဲရဲ၊ စွန့်ကြဲခြင်း ရှိသည်ဖြစ်၍။ ပယတပါဏိ၊ ရိုသေလက်ကိုင်၊ ကိုယ်တိုင် သဒ္ဒါလှူငှါအံ့ ဟု၊ အာ ါမပြတ်၊ ဆေးကြောအပ်ကျက်၊ စင်ကြယ်သော လက်ရှိသည်ဖြစ်၍။ ဝေါသဂ္ဂရတော၊စွန့်ကြဲပေးကမ်း၊ လှူဒါန်းခြင်း၌ မပြတ် အားထုတ်သဖြင့် မွေ့လျော်သည် ဖြစ်၍။ ယာစယောဂေါ၊ တောင်းတိုင်းပေးစွန့်၊ မတို တွန့်သဖြင့်၊မရှုံ့ရဲတင်း၊ တောင်းခြင်းငှာဝံ့သည် ဖြစ်၍။ ဒါနသံဝိဘာဂရတော၊ စွမ်းနိုင်သမျှ၊ လှူချစွန့်ကြဲ၊ စားဖို့ထဲက ပုံခွဲဝေခြမ်း၊ ပေးကမ်းခြင်း၌ မွေ့လျော် သည်ဖြစ်၍၊ ဝိဟရာမိ၊ နေရပါပေ၏။ တသ္မာ၊ ထို့ ကြောင့်။ တဿမေ၊ထိုငါသည်။ လာဘာဝတ၊အာယု ဝဏ္ဏ၊ သုခဗလံ၊ ပဋိဘာန်နှင့်၊ ပိယံအစ၊ ဂုဏ်လာဘာ တို့ကို ရထိုက်ပေစွတကား၊၊ တဿမေ၊ ထိုငါသည်။ သုလဒ္ဓံဝတ-သာသနာနှစ်၊ လူအဖြစ်နှင့်၊ ထင်လစ် ကုသိုလ်။ သဲထွေကမ္ဘာကတာ၊ ပညာစသည်ကို ရအပ် ပေစွတကား။

ဆိုလိုသည်မှာ— မပေးလို၊ မကမ်းလို၊ မလှူလို၊ မတန်းလို၊ မပေး ရက်၊ မကမ်းရက်၊ မလှူရက်၊ မတန်းရက်၊ မစွန့်ကြဲရက်ခြင်းသည် လူ့အတွက်

အမည်းစက်ကြီးဖြစ်၏။ အစွန်းအထင်း အညစ်အကြေးဖြစ်၏။ များစွာ ကုန်သော လူတို့သည် ထိုမပေးရက်၊ မကမ်းရက်၊ မလှူရက်၊ မတန်းရက်၊ မစွန့်ကြဲရက်သော ဝန်တိုမစ္ဆေရ အမည်းစက်ကြီးဖြင့် စွန်းထင်းပေကျံလျက် ရှိနေကြကုန်၏။ ထိုဝန်တို မစ္ဆေရ အမည်းစက် အညစ်အကြေး စွန်းထင်း လူးလဲ ပေကျံနေသော လူအုပ်ထဲမှာ ငါမပါ။ ထိုမစ္ဆေရကင်းပြီး သန့်ရှင်း ဖြူစင်သောစိတ်ဖြင့် ငါနေရ၏။ ဩော်....ချမ်းသာစွ–ချမ်းသာစွ။

ငါလှူချင်တိုင်း လှူခဲ့ရပြီ။ ပေးချင်တိုင်းပေး၊ ကမ်းချင်တိုင်းကမ်း တန်းချင်တိုင်းတန်း၊ စွန့်ချင်တိုင်း ရက်ရက်ရောရော စွန့်ကြဲခဲ့ရပြီ။ မလှူလို၊ မတန်းလိုသော ဝန်တိုမစ္ဆေရ အညစ်အကြေးကို စင်ကြယ်အောင် ဆေး ကြောပြီးသောလက်၊ ငါ့မှာရှိ၏။ ထိုသဒ္ဓါလက်ဖြင့် ကိုင်လျက် တတ်နိုင် သလောက် ငါလှူဒါန်းခဲ့ရပြီး ဖြစ်၍ အလှူ၌ ငါမွေ့လျော်ရပြီ၊ တောင်းတိုင်း တောင်းတိုင်းကို ငါပေးနိုင်၊ လှူနိုင်ခဲ့ပြီ။ အလှူရေစက် လက်နှင့်မကွာ၊ သဒ္ဓါလွှ့လွှ့၊ ပေးကမ်းလေ့ဖြင့် ငါ နေရ၏။ ဩော်... ချမ်းသာဘိစွ၊ ချမ်းသာဘိစွ။ မဒကောင်းကျိုးချမ်းသာ မင်္ဂလာကို၊ အရတော်စွာ၊ ငါရ အပ်ပြီကော။ သာသနာခေတ်၊ လူ့အဖြစ်ဖြင့် ငါ လူဖြစ်ရကျိုး နပ်လေပြီ ကော–'' ဤသို့ ပွားများရာ၏ဟု ဆိုလိုသည်။

ဤသို့ ဝန်တိုမစ္ဆေရ တည်းဟူသော အမည်းစက်၊ အစွန်းအထင်း၊ အညစ်အကြေး ကင်းစင်သော ဂုဏ်အားဖြင့် မိမိ၏ စေတနာကို အဖန်ဖန် တလဲလဲ ဆင်ခြင်ပွားများအပ်သည်ရှိသော် ထိုယောဂီပုဂ္ဂိုလ်ကား ဉပစာရ ဈာန် သည် ဖြစ်လာ၏။

## ဈာန်ဆိုသည်မှာ

စာဂါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီပုဂ္ဂိုလ်အား ဉပစာရဈာန်ဖြစ်လာ၏ ဆိုရာ၌ ဈာန်ဟူသည် အဘယ်နည်း။ ဈာန်၏ ထူး ခြားသော သတ္တိဝိသေသလက္ခဏာကား အသို့နည်း ဟု မေးဖွယ်ရှိ၏။ မေး ထိုက်၏။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး သည် ဈာန် နှင့် ပတ်သက်၍ သိစရာ၊ မှတ်စရာ အချက်အလက်များကို 'ပဋ္ဌာနုဒ္ဒေသဒီပနီ'၌ တိုတိုနှင့် လိုရင်းကို ရှင်းပြထား၏။ ယင်းဈာန်၏ အဓိပ္ပာယ်ကို ကွက်ကွက် ကွင်းကွင်း ထင်းကနဲ လင်းကနဲမြင်အောင် ဉပမာမီးရှူးကိုင် ကိုင်၍ ပြတော် မူသွား၏။

မေး။ [၁]ဈာန်ဆိုသည်မှာ အဘယ်နည်း။ အဘယ် အနက်သဘော ကြောင့် ဈာန် ခေါ်သနည်း။

ဖြေ။ အာရုံသို့ကပ်၍ ရှုခြင်းဟူသော **အနက်ကြောင့်** 'ဈာန်' ဟု ခေါ်သည်။ ကပ်၍ ရှုခြင်း ဆိုသည်ကား စိတ်ဖြင့် အာရုံ တခုခုသို့ ကပ်၍ ရှုခြင်းကို ဆိုသည်။

[၂]**ဈာန်၏** အဓိပ္ပာယ်ကို သိလွယ်အောင် ဥပမာဆောင်၍ ရှင်းပြဦးအံ့။ လေးသမားတယောက်သည်ရှိလေ၏။ မှတ်တိုင်ပစ်ကွင်းတခုလည်းရှိလေ၏။ လေးသမားသည် ပစ်ကွင်းကို လေးနှင့် ခွင်းရန်အတွက် ခပ်ဝေးဝေးတွင် မားမားမတ်မတ်ရပ်လျက် ပစ်ကွင်းကို လေးဖြင့် ချိန်၏။ မြားကို ဖြောင့် ဖြောင့်လည်း သွားအောင်၊ ခါလည်း မခါအောင် သေချာစွာ ချိန်သည်။ ပစ်ကွင်းကိုလည်း ပြတ်ပြတ်သားသား မြင်ရအောင် စူးစူးစိုက်စိုက် ကြည့် သည်။ သေချာလောက်မြှ ထင်ရသောအခါ မြားကို လွှတ်လေ၏။

ဤအတူသာလျှင် စိတ်ကို ဖြောင့်အောင် တည်ငြိမ်အောင် ပြုလျက် အာရုံကို ပြတ်သား ထင်ရှားအောင် ပြုလျက်ရှုသော ပုဂ္ဂိုလ်ကို ကပ်၍ ရှုသူ (ဈာန်ဝင်စားသူ)ဟုဆိုအပ်၏။ ကပ်၍ရှု (ဈာန်ဝင်စား)ပြီးလျှင် ကာယကံ မှုကို ပြုသည်ဖြစ်စေ၊ ဝစီကံမှုကို ပြုသည်ဖြစ်စေ၊ မနောကံမှုကို ပြုသည်ဖြစ် စေ၊ မည်သည့်အမှုကိုပင်ပြုပြု၊ ချွတ်ချော် တိမ်းပါးခြင်း မရှိလေပဲပြု၏ ဟု ဆိုလေပြီ။

ဈာန်၏ သဘောကို ဤသို့လည်းမှတ်နိုင်သေး၏။ ဥပမာဆိုပါတော့ ဝက်သားရှိ၏။ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ မဆလာ စသော ချက်စရာ အမည်မည်လည်း အသင့်ပင်ရှိ၏။ ဝက်သားကို ယင်းတို့နှင့် အစပ်တည့် အောင် ချက်လိုက်သောအခါ ဝက်သားဟင်းလျာဖြစ်လာ၏။ ဝက်သား သည် ဟင်းလျာအဖြစ်သို့ ရောက်သွားသောအခါ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် စသည်တို့သည် အကျုံးဝင်ပါရှိပြီး ဖြစ်ကုန်၏။ ထူးခြားသော အရသာရှိသည့် ဟင်းလျာတမျိုး ဖြစ်လာသတည်း။

ထို့အတူပင် ဈာန်ဟူ၍ ဖြစ်လာသောအခါ အထီးကျန်၊ လုံးချင်း သမားမျိုးမဟုတ်တော့ချေ။ ဈာန်အဖြစ်သို့ ရောက်ရှိအောင် ထောက်ကူ ကျွားကန်ပေးသော အသိုက်အဝန်းများ ပါရှိပြီးဖြစ်လာ၏။ ယင်းအသိုက် အဝန်းများ မပါလျှင် ဈာန်ဟူ၍ မခေါ်နိုင်။ ဈာန် မဟုတ်။

---

၁။ ကေနဋ္ဌေန ဈာနန္တိ။ ဥပနိဇ္ဈာယနဋ္ဌေန ဈာနံ။
၂။ ယထာဟိ ကူဋသော ဒူရေဋ္ဌတွာစသည့် ပဋ္ဌာနုဒ္ဒေသဒီပနီပါဠ် (လယ်တီ)

# ဈာန်ဖြစ်အောင် ကူထောက် ကျားကန်ပေးသော ဒေါက်တိုင်ကြီး ငါးခု

ဈာန်ဟူ၍ ဖြစ်လာအောင် (ဝါ) ဈာန်အဖြစ်သို့ ရောက်ရှိလာအောင် ထောက်ကူကျားကန်ပေးသော အသိုက်အဝန်း ဒေါက်တိုင်ကြီး ငါးခုရှိ၏။ ယင်းတို့ကား—

၁။ ဝိတက်။ ။ယင်းဝိတက်ကားတရွာတည်းနေ၊ တလှေတည်းစီး တခရီးတည်းသွား ဘိုသကဲ့သို့အတူတကွဖြစ်နေကျ စိတ်ဟ်ဒေါ်သော နာမ်တရားတို့ကို အာရုံသို့မရောက် ရောက်အောင် ပို့ဆောင်တတ်သော သဘောရှိ၏။ နာမ်တရားတို့ကို တခုချင်းဖြစ်စေ၊ အတွေးလိုက် အပုံလိုက်ဖြစ်စေ၊ အာရုံဆီသို့ ရောက်သည်အထိ ပို့ဆောင်ပေးသည်၊ စုပေးသည်ဟု ဆိုလိုသည်။

၂။ ဝိစာရ။ ။ဝိစာရကား-အာရုံ၌ စိတ်ကို မြဲအောင် တုပ်နှောင် ဖွဲ့ထားတတ်သော သဘောရှိ၏။ စိတ်ကိုအာရုံနှင့် မကွာအောင် တရစ်ဝဲဝဲ ဖြစ်နေစေသည်ဟု ဆိုလိုသည်။

၃။ ပီတိ။ ။ပီတိကား-အာရုံသို့ရစ်ဝဲရောက်ရှိလာသော စိတ်ကို နှစ်ခြိုက်အောင်၊ မြတ်နိုးအောင် ပြုတတ်၏။ စိတ်ကို ရွှင်တမြူးမြူးနှင့် ကြည်နူးနေအောင် အာရုံ၏ အပါးမှ တဖဝါးမှ ခွာမသွားချင်အောင် ယုယု ယယပိုက်ထွေး ပြုစုထားသည်ဟု ဆိုလိုသည်။

၄။ သုခ။ ။သုခကား စိတ်ကို အာရုံ၌ ချမ်းသာအောင် ထားတတ်သော သဘောရှိ၏။

၅။ ဧကဂ္ဂတာ။ ။ဧကဂ္ဂတာကား ဟိုလိုသွား၊ သည်လိုသွားဟူ၍ဗဟု မရှိ။ အာရုံ၌စိတ်ကို တည်ငြိမ်စွာ လွတ်လွတ် လပ်လပ် ထားတတ်သော သဘောရှိ၏။

ယင်းအသိုက်အဝန်း ငါးမျိုးတို့ကို ဈာန်အင်္ဂါငါးပါးဟု ခေါ်၏။ ယင်းအသိုက်အဝန်း ဈာန်အင်္ဂါငါးပါးတို့ အချင်းချင်းစည်းလုံးညီညွတ်၍ ကျေးဇူးပြုလာသောအခါ (ဝါ) ယင်းအင်္ဂါ ငါးရပ်ဖြင့် တသမတ်တည်း ထောက်ကူကျားကန် လိုက်သောအခါ သတ္တိထူးတခု ပေါ်ထွက်လာ၏။

ထိုသတ္တိကား အခြားမဟုတ်။ လေးဆယ် အရေအတွက်ရှိသော ကမ္မဋ္ဌာန်းများအနက်မှ အလိုရှိရာ အာရုံတပါးပါး၌ တနေ့မဟုတ်၊ တည မဟုတ်၊ တရက်မဟုတ်၊ တလမဟုတ်၊ တနှစ်မဟုတ်။ အချိန်ကြာမြင့်စွာ အလိုရှိသလောက် ထိုအာရုံ၌စိတ်ကိုတသမတ်တည်း စူးစူးစိုက်စိုက် ထားနိုင်သော ပွားနိုင်၊ ရှုနိုင် စီးဖြန်းနိုင်သော သတ္တိပင် ဖြစ်သတည်း။ ထိုအာရုံ၌ စိတ်ကို မတုန်မလှုပ် ခိုင်ခိုင်ခံ့ခံ့ တည်တံ့စွာထား၍ ကြည်ကြည်လင်လင်၊ ရွှင်ရွှင်အေးမြ စိတ်ချလက်ချ၊ ချမ်းချမ်းမြေ့မြေ့ ရှုပွားဆင်ခြင်၍ နေနိုင်သောသတ္တိဟု ဆိုလိုသည်။ ယင်းသတ္တိထူး ပေါ်ထွက်သော အသိုက်အဝန်း၊ ကျောထောက်နောက်ခံ ဈာန်အင်္ဂါ အပေါင်းကိုပင် ဈာန်ဟု ဆိုရသတည်း။

ဈာန်ဆိုကတည်းက ထိုဈာန်ထဲ၌ "ရှိန်းပြီးသော" အမြုတေဓာတ် ပါပြီးဖြစ်၏။ မည်သည့်အာရုံကိုပင် ဝင်စားသည်ဖြစ်စေ စိတ်ထွေပြားခြင်း၊ လွင့်ပါးခြင်း၊ ပျံ့လွင့်ခြင်းမရှိတော့ပဲ ရိုက်လိုက်မတ်တတ် တသမတ်တည်း စူးစူးစိုက်စိုက်၊ သာယာချမ်းမြေ့စွာ ဆင်ခြင်နိုင်၊ ဝင်စားနိုင်၊ ရှုပွားနိုင်၊ စီးဖြန်းနိုင်ပြီ ဖြစ်သတည်း။ ထို့ကြောင့်လည်း ဈာန်ချမ်းသာကို ရရှိအောင် ဈာန်၏ သုခကို ခံစားရအောင် တကူးတက လုံ့လကြိုးကုတ်၍ အားထုတ် ကြကုန်သတည်း။

## နိဂုံး

၁။ တထောင်အပေါ်၊ သုံးရာကျော်၊ စွန်းသော် သတ်တိသ။
၂။ ထိုသည့်ခုနှစ်၊ သက္ကရာဇ်၊ ချုန်းထစ် မိုးကာလ။
၃။ လ, တော်သလင်း၊ ပန်းရွှေယင်း၊ ကြိုင်သင်း ပွင့်ကုန်ကြ။
၄။ ပြည့်ကျော်စွန်းလျက်၊ ခုနစ်ရက်၊ ညဘက်သန်းခေါင်မှ။
၅။ ကျော် နှစ်ချက်တီး၊ အချိန်နီး၊ ပြီး၏ နိဋ္ဌိတ။
၆။ ငါ၏အသက်၊ ခြောက်ဆယ်ထက်၊ ညွန့်ခက်ရှည်သွယ်ဆ။
၇။ ယထာဘူတ၊ ကျမ်းဂန္တ၊ နေ့ညရွေးမရ။
၈။ ပြေးယင်း လွှားယင်း၊ နှစ်လတွင်း၊ ရေးခြင်းပြုခဲ့ရ။
၉။ အမှားကိုမြင်၊ အမှန်ပြင်၊ ယူငင်ပါကုန်ကြ။

ဒဂုန် ဦးစန်းငွေ

၁၃၃၇-ခု၊ တော်သလင်းလပြည့်ကျော် (၇) ရက်။
သောကြာနေ့ည၊ တနာရီ၊ ၄၅-မိနစ်
ရန်ကုန်မြို့။

## စပယ်ဦးစာပေဖြန့်ချိရေး
## မှာယူရရှိနိုင်သေးသောစာအုပ်များ


| စဉ် | စာရေးဆရာ | စာအုပ်အမည် | တန်ဖိုး |
|---|---|---|---|
| ၁။ | ဒဂုန် ဦးစန်းငွေ | ဘလ္လာတိယပျို့အဖွင့် | ၂၅ |
| ၂။ | သိန်းဖေမြင့် | အရှေ့ကနေဝန်းထွက်သည့်ပမာ | ၅၀ |
| ၃။ | ချစ်စံဝင်း | အမေနှင့် အဖေ့အကြောင်း | ၃၅ |
| ၄။ | ကျော်လှိုင်ဦး | တထောင့်တညပုံပြင်များ (၁) | ၃၅ |
| ၅။ | ။ | ။ (၂) | ၃၅ |
| ၆။ | ။ | ။ (၃) | ၃၅ |
| ၇။ | မင်းယုဝေ-ငွေတာရီ | ဂရင်းညီနောင်ပုံပြင် ၁၀၀ | ၃၅ |
| ၈။ | စိုးမြိုင် | အနှစ်ချုပ်အင်္ဂလိပ်သဒ္ဒါ | ၁၅ |
| ၉။ | စိုးမြိုင် | ရှားလော့ဟုမ်း (ပေါင်းချုပ်) | ၄၀ |
| ၁၀။ | စိုးမြိုင် | အင်ဒီရာဂန္ဒီ—အတ္ထုပ္ပတ္တိ | ၂၅ |
| ၁၁။ | ဝဏ္ဏသိရိ | ညီတော်အာနန္ဒာ၏ဘသက်တာမှတ်တမ်း (ပထမတွဲ) (ဒုတိယတွဲ) တတွဲ | ၄၅ |
| ၁၂။ | ချောင်းဆုံအုန်းသွင် | မဟာမောဂ္ဂလာန်အမြတ်ဆုံးချာန်အဘိညာဉ်တန်ခိုးရှင် | ၁၆ |
| ၁၃။ | ချောင်းဦးမောင်စန္ဒာ | ဇွယ်စုံနီတိကထာ | ၁၆ |
| ၁၄။ | တက္ကသိုလ်နေဝင်း | ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်း | ၁၅ |
| ၁၅။ | ဦးတင်မောင်ရင် | စစ်တောင်းမှာ နောက်ဆုံးတိုက်ပွဲ | ၂၀ |
| ၁၆။ | မောင်စင်ကြယ် | အမေရိကန် အိမ်ဖြူတော်မှ သမ္မတကြီးများ (အတ္ထုပ္ပတ္တိ) | ၄၀ |
| ၁၇။ | မောင်စင်ကြယ် | အမေရိကန်သမ္မတကတော်များ | ၃၀ |
| ၁၈။ | နွယ်နီ | အလှပန်းတပွင့်နှင့်အခြားပုံပြင်များ | ၆ |
| ၁၉။ | ဇော်ဂျီ | လက်ရွေးစင်မြန်မာဝတ္ထုတိုများ | ၅ |
| ၂၀။ | ဇော်ဂျီ | နှင်လားဟဲ့ချစ်ဒုက္ခနှင့်အခြားဝတ္ထုတိုများ | ၁၀ |
| ၂၁။ | ဆရာစန္ဒြ | ဘဝခရီးနှင့် အတွေ့အကြုံများ | ၃၅ |
| ၂၂။ | ဆရာစန္ဒြ | ကမ္ဘာ့ထိပ်သီးပုဂ္ဂိုလ်ကြီးများနှင့် ကိုင်မိုကိုယ်တွေ့ | ၃၀ |
| ၂၃။ | မောင်ယဉ်နွယ် | အသုံးဝင်နွယ်မြက်သစ်ပင်နှင့်မြန်မာ့ လျှို့ဝှက်ဆေးဝါးများ | ၅၀ |

| စဉ် | စာရေးဆရာ | စာအုပ်အမည် | တန်ဖိုး |
|---|---|---|---|
| ၂၄။ | မောင်တင်အုံး | ဥပဒေသိပ္ပံပညာ | ၂၈ |
| ၂၅။ | ဗမိုး | နိုင်ငံတကာအမေ-အဖေ | ၂၅ |
| ၂၆။ | မောင်ထင် | ယောမင်းကြီးဦးဘိုးလှိုင် (အတ္ထုပ္ပတ္တိ) နှင့် ရာဇဓမ္မသင်္ဂဟကျမ်း | ၁၆ |
| ၂၇။ | ဒေါက်တာနေဝင်း<br>ဒေါက်တာအုန်းမောင် | အခြေခံစိတ်ရောဂါပညာ | ၁၈ |
| ၂၈။ | ဒေါက်တာအုန်းမောင် | အိပ်မွေ့ချပညာ | ၈ |
| ၂၉။ | သန်းလှိုင် စိစဉ်သည့် | ခေတ်ဟောင်းတေးပေါင်းချုပ် | ၂၅ |
| ၃၀။ | မဟာစရိယ ဦးမောင်မောင်လေး | ဗုဒ္ဓ၏ကိုယ်တွေ့ဝတ္ထုများ | ၄၅ |
| ၃၁။ | မင်းသုဝဏ် | လီယာမင်းကြီး | ၁၆ |
| ၃၂။ | မန်းတင် | ဇင်းဒါးအကျဉ်းသား | ၂၅ |
| ၃၃။ | တက်တိုး | အင်္ဂလိပ်စာသင်ကြားမှုနည်းပြစာစဉ်များ | ၂၅ |
| ၃၄။ | တက်တိုး | အင်္ဂလိပ်သဒ္ဒါနှင့် အင်္ဂလိပ်စာအရေးအသား | ၆၈ |
| ၃၅။ | တက်တိုး | ဥရောပဒဏ္ဍာရီသုံးပုဒ် | ၆ |
| ၃၆။ | တက္ကသိုလ်ထင်ကြီး၊ | ခေတ်သုံးအင်္ဂလိပ်ဝေါဟာရပေါင်းချုပ် | ၁၈ |
| ၃၇။ | တက္ကသိုလ်စန်း | နှစ်ဆယ်ရာစုနှစ် မြန်မာစာစီစာကုံးများ | ၁၈ |
| ၃၈။ | ရဲဘော်အောင် | တာဝန်သိသိ သိက္ခာရှိရှိ | ၁၆ |
| ၃၉။ | မင်းသုဝဏ် | ဟိုက္ကူကဗျာမြည်းစရာ | ၅ |
| ၄၀။ | ဒေါက်တာမြင့်ဆွေ | ဂျပန်ခေတ်ဆေးရုံကြီးပေါ်ဝယ် | ၂၅ |
| ၄၁။ | မောင်မောင်ဘုန်းကြွယ် | ဂျပန်တပ်မတော်၏ မြန်မာပြည်သိမ်းစစ်ဆင်ရေး | ၁၈ |
| ၄၂။ | ကျော်ဆင် | ရုပ်ရှင်ပညာသည်များ၏လိပ်စာများ | ၁၅ |
| ၄၃။ | ဖျာပုံလှမိုးနွယ် | ကေသာရစ်ခွေပန်ပါလေ | ၄၆ |
| ၄၄။ | သုသုက | အရဟံဂုဏ်တော်တန်ခိုးနှင့်သိဒ္ဓိအမျိုးမျိုး | ၁၈ |
| ၄၅။ | ဦးထူးမောင် | မြန်မာ့ဘဏ်လုပ်ငန်းသမိုင်း | ၁၈ |
| ၄၆။ | ဘူတဝိဇ္ဇာသုခဘေသီအောင်သက်ထူးဆန်းထွေလာ ဝေဒနာ | ပယောဂလေလား သွေးလေလား | ၂၈ |

တဦးချင်းအလိုရှိသူများ တိုက်ရိုက်မှာကြားနိုင်ပါသည်။

**စပယ်ဦးစာပေဖြန့်ချိရေး**

အမှတ် ၂၃၅/၂၃၇၊ ဘားလမ်း၊ ရန်ကုန်မြို့။ (ဖုန်း-၇၆၃၇၀)

စာမူကြိုတင်ခွင့်ပြုချက် အမှတ် (၁၆၃၇)

ကမ္ဘာပေါ်တွင် "သမ္မာကျမ်းစာ"သည် ပထမ အများဆုံး ရောင်းရသော စာအုပ်ဖြစ်ပြီး၊ ဤ"ဂရင်းညီနောင်ပုံပြင်များ" စာအုပ်သည် ဒုတိယ အများဆုံး ရောင်းရသော စာအုပ်ဖြစ်၏။

အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှ၊ တရုတ်၊ ဂျပန် စသည့် နိုင်ငံများ အပါအဝင်

ကမ္ဘာ့နိုင်ငံများမှ ဘာသာပေါင်း(၇၀)ကျော်ဖြင့်

ပြန်ဆိုရေးသားခဲ့ကြသည့်

# ကမ္ဘာကျော်
# ဂရင်းညီနောင်ပုံပြင်(၁၀၀)
## မင်းယုဝေ•ငွေတာရီ

ဂန္ထဝင်မြောက် ကမ္ဘာကျော်စာအုပ်ကို
မြန်မာ စာဖတ်ပရိသတ်များ ကြိုက်နှစ်သက်စေရန်
ဆီလျော်အောင် ပြန်ဆိုထားသည်

ပုံပြင်တိုင်း၊ ပုံပြင်တိုင်းတွင် သရုပ်ဖော်ပုံများဖြင့်
လှလှပပ သေသေသပ်သပ် ခန့်ခန့်ညားညား ဝေဝေဆာဆာနှင့်

ထွက်နေပါပြီ။

အရွယ်ကြီး၊ ဆိုက်ကြီး၊ စာမျက်နှာ(၆၀၀)ခန့် တအုပ်-သုံးဆယ့်ငါးကျပ်

တဦးချင်း အလိုရှိသူများ တိုက်ရိုက်မှာကြားနိုင်ပါသည်။

စပယ်ဦး စာပေဖြန့်ချီရေး

အမှတ် ၂၃၅/၂၃၇ ဘားလမ်း၊ ရန်ကုန်မြို့ (ဖုန်း-၇၆၃၇၈)